www.b                    assic.com

# ချစ်ဦးညို

## ရတနာဂိရိအကျဉ်းသား




www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် ( ၁၇၀)

Quality House

အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၂၆၀၄။

www.burmeseclassic.com

www.burmeseclassic.com

# ရတနာဂိရိအကျဉ်းသား

## ချစ်ဦးညို

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၀၅၄ / ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၃၉၀ / ၂၀၀၃ (၁၂)

✳
**ပုံနှိပ်ခြင်း**
တတိယ – (၂၀၀၄၊ ဖေဖော်ဝါရီလ)
အုပ်ရေ – (၅၀၀)

✳
မျက်နှာဖုံး – မောင်မောင်သိုက်
ကွန်ပျူတာစာစီ – *Quality*
အတွင်းဖလင် – *Quality*

✳
**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈)လမ်း၊ ရန်ကုန်မြို့။

✳
**ထုတ်ဝေသူ**
ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

✳
တန်ဖိုး ⇨ ၁၅၀၀ – ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူမှ

(၁၉၈၀)ခုနှစ်က ‘ဧယျာ’မဂ္ဂဇင်းအမည်ဖြင့် မဂ္ဂဇင်းတစ်စောင် ထွက်ပေါ်ခဲ့ပါသည်။ သို့သော် အထိမ်းအမှတ် မဂ္ဂဇင်းဖြစ်သောကြောင့် ဧယျာမဂ္ဂဇင်းသည် (၃)အုပ်အထိသာ ထွက်ခဲ့ပြီးနောက် ထပ်မထွက်တော့ပေ။

ထိုဧယျာမဂ္ဂဇင်းအမှတ်(၁)တွင် ကျွန်တော်သည် ဝတ္ထုရှည်စ–ဆုံး တစ်ပုဒ်ရေးခဲ့ပါသည်။ အမည်မှာ ‘ရတနာဂီရိအကျဉ်းသား’ပင်ဖြစ်သည်။ ထိုဝတ္ထုကိုရေးဖို့ စိတ်ကူးရသော်လည်း ကျွန်တော့်မှာ ကိုးကားစရာ စာအုပ်တစ်အုပ်လိုနေသဖြင့် အခက်အခဲတွေ့နေကြောင်း ဧယျာမဂ္ဂဇင်းကို ဦးစီးထုတ်ဝေ သည့် ဗိုလ်မှူးကြီးဟောင်းစောမြင့် (ယခု မဟေသီမဂ္ဂဇင်း အယ်ဒီတာချုပ်) စာရေးဆရာ ဗိုလ်မှူးသမိန်ထံ တင်ပြခဲ့ပါသည်။

ဗိုလ်မှူးကြီးဟောင်းစောမြင့်က ကျွန်တော့်အခက်အခဲကို ဖြေရှင်းကူညီပေးခဲ့သည်။ ကျွန်တော် လိုအပ်နေသောစာအုပ် (W.S Dasai ရေးသော Deposed King Thibaw of Burma in India) ကို သူ၏ ကိုယ်ပိုင် စာ ကြည့်တိုက်မှ ထုတ်ငှားခဲ့သည်။ ထိုစာအုပ်အပါအဝင် အခြားလက်လှမ်းမီသမျှ တို့ကို ဖတ်ရှုကိုးကားကာ ကျွန်တော်သည် ‘ရတနာဂီရိအကျဉ်းသား’ကို ရေးခဲ့ပါ သည်။

▶

ဧယျာမဂ္ဂဇင်း အမှတ်(၁) ထွက်လာသောအခါ ထိုစဉ်က တာဝန်ခံတစ်ဦးဖြစ်ခဲ့သူ ဦးအောင် (ယခုရတနာမွန်စာတည်း၊ ဉာဏ်လင်းစာပေ၊ ရွှေသမင်စာပေ တာဝန်ခံ) က စာအုပ်လက်ဆောင်လာပေးရင်း ကျွန်တော့်ကို စကားတစ်ခွန်းပြောသည်။

“ဗိုလ်မှူးကြီးက မှာလိုက်တယ်၊ ခင်ဗျားရဲ့ ဝတ္ထုရှည်ကို အသေးစိတ် အချက်အလက်တွေထည့်ပြီး လုံးချင်းစာအုပ်ဖြစ်အောင် ရေးပါ–တဲ့၊ ခင်ဗျားရေးမယ်ဆိုရင် ကျွန်တော်ထုတ်မယ်”

ကျွန်တော် မရေးဖြစ်ခဲ့ပါ။ သို့သော် တစ်နေ့သောအခါ လုံးချင်းအဖြစ် ရေးမည်ဟု တေးမှတ်လိုက်ပါသည်။

▶ ▶ ▶

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်မဂ္ဂဇင်းတွင် ဗုဒ္ဓယဉ်ကျေးမှုနောက်ခံ ဝတ္ထုတိုများကို လစဉ် ပင် တိုင်တာဝန်ယူ၍ ရေးနေရာမှ တာဝန်ခံအယ်ဒီတာ မြတ်သစ်က ထိုလက်ရေးအစီအစဉ်ကို ရပ်ပြီးအခန်းဆက် ဝတ္ထုရှည်ရေးပါဟု ဆွေးနွေးလာသည်။

'ရတနာဂီရိအကျဉ်းသား'သည် (၈)နှစ်ကျော် (၉)နှစ်ခန့် ငြိမ်သက်စွာ ခို အောင်းနေရာမှ အားအင်ပြည့်ဖြိုးစွာ နိုးထလာသည်။ မြတ်သစ်ကို ကတိပေး လိုက်ပြီးနောက် 'ရတနာဂီရိအကျဉ်းသား'ကို ပိုမိုအသေးစိတ်သော၊ ပိုမိုကျယ်ပြန့် သော၊ ပိုမိုလေးနက်သော အခန်းဆက်ဝတ္ထုရှည်အသွင်ဖြင့်ရေးရန် ကျွန်တော် အားထုတ်ခဲ့ပါသည်။

သို့သော် . . .

အခန်းဆက် ဝတ္ထုရှည်ပထမပိုင်းအဖြစ် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လထုတ် ဒဂုန်မဂ္ဂဇင်းတွင် စတင်ဖော်ပြခဲ့ပြီးနောက် ဒဂုန်ကလည်း ခေတ္တနားထား၊ ကျွန် တော်ကလည်း (၃)လစာလောက်ရေးပြီး ဆက်မရေးဖြစ်သဖြင့် တစ်လတည်းဖြင့် ပင် ထိုစခန်းမှာ ရပ်တန့်သွားခဲ့ပြန်လေသည်။

ဒဂုန်မဂ္ဂဇင်း ခေတ္တအနားယူရာမှ ပြန်ထုတ်သည်။ အရင်ကအတိုင်း လစဉ်ပုံမှန်ထုတ်တော့မည်။ ထိုအခါကျမှ ကျွန်တော်ကလည်း စိတ်ပြောင်းသွား ပြန်လေသည်။ ထုံ့ပိုင်းထုံ့ပိုင်းရေးရခြင်းကို အားမရချင်း၊ ပြီးတော့ လဆက် ဖော်ပြသွားလျှင်တောင်မှ နှစ်ဆယ့်လေးလ (၂-နှစ်)လောက်ကြာမည်။ ဤဝတ္ထု သည် အနားမနေ တရစပ်တစူးစိုက်စိုက်ရေးရမည့် ဝတ္ထုဖြစ်သည်ကို ကျွန်တော့် ဘာသာကျွန်တော် သိနေသည်။

ဒဂုန်ထံမှာ အခန်းဆက်ဝတ္ထုရှည်အတွက် နောက်ထပ်ပေးထားသော နှစ်လစာကို ပြန်ပေးပါ။ လုံးချင်းပဲ ရေးပါရစေဟု တောင်းပန်ခဲ့သည်။ ဒဂုန်သည် နားလည်မှုအပြည့်ဖြင့် ကျွန်တော့်လက်ထဲသို့ စာမူများပြန်အပ်ခဲ့ပါသည်။

► ► ►

၁၉၈၉ ခု၊ ဇွန်လ(၁၅)ရက်နေ့တွင် 'ရတနာဂီရိအကျဉ်းသား'ကို ကျွန်တော် 'စကိုင်'လိုက်ပါသည်။ စကိုင်လိုက်ကတည်းက ဤဝတ္ထုနှင့် စာရေးသူတို့မှာ အပြန်အလှန်စီးမျောပျော်ဝင်သွားကြတော့သည်။

ကာလအလျား၊ ဒေသအပြား၊ လူအများနှင့် စာရေးသူတို့သည် စာမျက် နှာများပေါ်တွင် ထွေးလုံးရစ်ပတ်ကျင်လည်သွားကြရာ ဇူလိုင်လ (၂၅)ရက်နေ့၊ နံနက် (၈း၃၀)တွင် နောက်ဆုံးစာပိုဒ်ဝါကျကို ကျွန်တော်ရေးသားပြီးစီးသွားခဲ့လေ သည်။ ဤကား၊ ဤဝတ္ထုစာအုပ်တစ်အုပ်အဖြစ်ရောက်ရှိလာခြင်း၏ တစ်ကြောင်း ဆွဲမျဉ်းဖြစ်ပါသည်။ အခြားအထွေအထူးဆိုရန် မရှိပါ။

► ► ►



www.burmeseclassic.com

www.burmeseclassic.com

'ရတနာဂီရိအကျဉ်းသား'ကို လုံးချင်းတစ်အုပ်တစ်ဖွဲ့အဖြစ် ရေးသားရန် စတင်အကြံပေးတိုက်တွန်းခဲ့သည့် ဗိုလ်မှူးသမိန် (မဟောသီမဂ္ဂဇင်းအယ်ဒီတာ ချုပ်)၊ အခန်းဆက် ဝတ္ထုရှည်အဖြစ် ဖော်ပြပေးရန် စီစဉ်ပေးခဲ့ပြီးမှ စာရေးသူ၏ ဆန္ဒကိုလိုက်လျောခွင့်ပြုသော ဒဂုန်မဂ္ဂဇင်း၊ လက်ရေးစာမူများကို ငှားရမ်းအသုံးပြုခွင့်ပေးသော စာရေးဆရာမောင်ပေါ်ထွန်းနှင့် အခြားဆက်နွယ်ပတ်သက်သမျှသော ပုဂ္ဂိုလ်အားလုံး၏ ကျေးဇူးတရားကို ဤနေရာမှနေ၍ မမေ့မပျောက်မှတ် တမ်းပြုအပ်ပါသည်။

လေးစားလျက်

**ချစ်ဦးညို**

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ပစ္စုပ္ပန်

www.burmeseclassic.com

ပင်လယ်ပြင်ဆီမှလာသော ဆားငန်ရေအနံ့ကို ခံစားလိုက်ရပေပြီ။

ကျွန်ုပ်၏ ခြေလှမ်းများ အလိုလိုသွက်လာသည်။ မြေနီကျောက်စရစ်လမ်းအတိုင်း ကုန်းမြင့်ပေါ်မှ ကျွန်ုပ်ဆင်းလျှောက်ခဲ့သည်။ ဆင်ခြေလျှောအတိုင်း တဖြည်းဖြည်းနိမ့်သွားလေလေ၊ လမ်းက ကျဉ်းမြောင်းလေလေဖြစ် သည်။

ကျောက်စရစ်ခဲလေးများနှင့် ကျွန်ုပ်၏ရှူးဖိနပ်ခွာတို့ပွတ်တိုက်ရာမှ ထွက်ပေါ်လာသော ကျွီကျွီမြည်သံကို အတိုင်းသား ကြားနေရသည်။

မြေနီလမ်းကလေး ဆုံးသောအခါ တံတိုင်းနံရံသဖွယ်ဖြစ်နေသည့် ကျောက်တုံးကြီးများက ဘွားခနဲ ရှေ့မှာပေါ်လာသည်။ ပင်လယ်ပြင်ကိုတော့ မမြင်ရသေး။ သို့သော် အဝေးဆီမှ သဲ့သဲ့လွင့်လာသောလှိုင်းရိုက်သံတဝုန်းဝုန်းက ကျွန်ုပ်ကို သူ့ထံသို့ အမြန်လာရန် ဖိတ်ခေါ်နေသည်။

ချောမွတ်သော ကျောက်တုံးကြီးတစ်တုံး၏ အောက်ခြေဘက်တွင် ကျွန်ုပ်ရပ်မှီလိုက်သည်။ အေးစက်သော ကျောက်သား၏ အတွေ့ကို နှစ်လိုစွာပွတ်သပ်မိသည်။ အို. . .ကျောက်တုံးကို ပွတ်သပ်နေရသည်ဟု မထင်မိ။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရာမှ ပြန်လည်ဆုံတွေ့ရသော မိတ်ဆွေရင်းချာတစ်ယောက်အား ပွေ့ဖက်နှုတ်ဆက်လိုက်ရသလို ခံစားနေရသည်။

သက်ပြင်းတစ်ချက် ရှိုက်မိရင်းကပင် အနီးဆုံးရှိကျောက်တုံးတစ်ခုအပေါ်သို့ ကျွန်ုပ်ထိုင်ချလိုက်သည်။ ဒီရေမြင့်တက်လာတတ်သော အခါများတွင် ပင်လယ်ရေသည် ဤကျောက်တုံးများအထိ ရိုက်ပုတ်လာတတ်ကြောင်း သတိရမိသည်။

ဤကျောက်တုံးများ၏ ဝိညာဉ်များထဲတွင်လည်း ဟိုတုန်းကအဖြစ်သနစ်တို့သည် မပျောက်မပျက် ကိန်းအောင်းနေကြဦးမည်သာ။

အလို. . .ကြည့်စမ်းပါဦး၊ 'ကျောက်တုံးများ၏ ဝိညာဉ်များ'တဲ့။ မင်းစိတ်ကူးယဉ်တတ်နေပြီလား စိတ်ကူးအတွေးတွေနဲ့အတူရင်ခုန်တတ်နေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မိမိ ရှက်စနိုးဖြင့် ထိုင်ရာမှ ထ,ဖြစ်သည်။

ထို့နောက် ကျောက်ခဲများ ပြွမ်းသော လမ်းအတိုင်း နိမ့်ရာဘက်သို့ ဆက်ဆင်းလာခဲ့သည်။လှိုင်းရိုက်သံများ ပို၍ကျယ်လောင်လာသည်။ခြေလှမ်းများကလည်း ပို၍သွက်လက်လာကြသည်။ မြေပြင်သည်လည်းတစ်စတစ်စ ကျောက်ခဲများ ကျဲပါးလာကာ စွတ်စိုထိုင်းမှိုင်းလာသည်။သဲနုန်းအစပ်များကို တွေ့လာရသည်။ ရှုံးဖိနပ်ခွာရာသည်ပင် သဲနုန်းပြင်၌ မသိမသာထင်လာပြီ။ ကျွန်ုပ်ကိုင်ဆောင်လာခဲ့သော လမ်းလျှောက်တုတ်ကောက်၏ ထိပ်ဖျားသည်လည်း သဲပြင်၌ နစ်ကျွံကာ အရာထင်ချင်လာပြီ။

အို. . .ခြေတစ်လှမ်းချင်း တစ်လှမ်းချင်းနှင့်အမျှ ကျွန်ုပ်၏အသက်သည် တစ်နှစ်ချင်း တစ်နှစ်ချင်း ပို၍ ငယ်လာနေပါကလား။ဟုတ်ချေသည်။ သည်ခြေလှမ်းများသည် ပင်လယ်ကမ်းစပ်ဆီသို့ သွားနေကြသည့် ခြေလှမ်းများမဟုတ်၊ အတိတ်ကာလထဲသို့ တိုးဝင်သွားကြသည့် ခြေလှမ်းများဖြစ်လေသည်။

အတိတ်ကာလ. . .၊ အတိတ်ကာလ။

လွမ်းမောတသဖွယ်၊ ဆွတ်ပျံ့ကြည်နူးစဖွယ်၊ တိမ်းမူးလှိုက်ခုန်ဖွယ် အတိတ်ကာလ ဟုတ်သည်၊ ကျွန်ုပ်သည်နေရာဒေသတစ်ခုသို့ပြန်လာနေခြင်း မဟုတ်၊ ကာလတစ်ရပ်ဆီသို့ ပြန်သွားနေခြင်းဖြစ်သည်။ဤအချိန်ဝယ် ကျွန်ုပ်အဖို့ အနာဂတ်ဟူသောကာလတစ်ရပ် ပျောက်ဆုံးနေသည်။ ပစ္စုပ္ပန်တစ်ခဏတိုင်းသည်လည်း သောင်ပြင်ပေါ်ကျသောမိုးစက်များနှယ်ခဏချင်းအတွင်း ပျောက်ပျက်သွားနေကြသည်။ ဤအချိန်ဝယ် ကျွန်ုပ်အတွက် ကာလသုံးပါးအနက်မှ နှစ်ပါးပျောက်ဆုံးကာ အတိတ်ကာလတစ်ခုတည်းသာ ရှိသည်။

ကျောက်စရစ်ခဲများ ပျောက်ကွယ်သွားပြီ။ သဲသောင်ပြင်သို့ ရောက်ပြီ။ ခြေအစုံသည် နုန်းမြေရောသော သောင်စပ်တွင် ချမိပြီ။

မိမိကိုယ်တိုင်က သတိတရ အရောက်လာခဲ့ပြီးပါမှ မြင်တွေ့ရမည့် မြင်ကွင်းကို မကြည့်ရဲ မကြည့်ရက်သည့်အလား ကျွန်ုပ်သည်မျက်လုံးအစုံကို မှိတ်လိုက်မိလေသည်။

မျက်လုံးအစုံကို မှိတ်ထားသော်လည်းအရာရာတိုင်းသည်ကျွန်ုပ်ထံသို့ တိုးဝင်လာနေကြသည်။ ပင်လယ်ဘက်မှ တိုက်ခတ်သောလေကြောင့် ကျွန်ုပ်၏ဆံစများ လွင့်နေသည်။ မျက်နှာ၊ ပါးပြင်နှင့်နားရွက်ဖျားများဆီတွင် တဟူးဟူး တိုးဝှေ့ပွတ်သပ်နေကြသော အတွေ့ကို ရရှိနေသည်။ ဝေ့စ်ကုတ်အပေါ်မှ ထပ်ဝတ်ထားသော နံ့သာရောင် ရှပ်စကင်အပါးစား ကုတ်အကျႌသည် တဖျပ်ဖျပ် လှုပ်ခါနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေ့များကို နှစ်သက်တိမ်းမူးစွာ ခံစားနေရင်းဖြင့်ပင်ကျွန်ုပ်သည် မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်လိုက်သည်။

ပင်လယ်ပြင်ကြီး ပေါ်လာသည်။

► ► ►

သောင်ပြင်နှင့်ထိစပ်လျက်ရှိသော အနီးဆုံးနေရာမှသည်တရွေ့ရွေ့ တစစ ဟိုးအဝေးဆီအထိ အကြည့်ကို ဖြန့်ကြက်လိုက်သည်။ မျက်စိနှင့်မဆုံ့၊ တစ်ပြန့်တပြော မြင်ကွင်းကြီးသည် ကျွန်ုပ်ထံသို့ အလုံးအရင်းနှင့် တိုးဝင်လာလေသည်။

ပင်လယ်. . .ပြီးတော့ ကောင်းကင်. . .

သည်အချိန်ဝယ်၊ ကျွန်ုပ်က ပင်လယ်ကြီးကို ကြည့်နေသလို ပင်လယ်ကြီးကလည်း ကျွန်ုပ်ကိုကြည့်နေပေလိမ့်မည်။မိုးကုပ်စက်ဝိုင်းဆီမှနေ၍ ပင်လယ်ကြီးသည် ကျွန်ုပ်ကို နှုတ်ဆက်စကားပြောနေပေမည်။ ထိုလှမ်းလင့်နှုတ်ဆက်စကားကို လှိုင်းလုံးများက သယ်ဆောင်လာကြမည်။ လှိုင်းတို့ထံမှ တစ်ဆင့်ရရှိသော ပင်လယ်၏နှုတ်ဆက်စကားကို ကျွန်ုပ်ကောင်းစွာ ကြားနေရပေသည်။

"ဟေး. . .ဂူးလက်ချန်း၊ ခြသေ့်ကလေး ဂူးလက်ချန်းပါလား၊ မင်း ဒီနေရာကို အရောက် တစ်ခေါက်ပြန်လာသေးသကိုး"

ဒီနေရာဟာ ကျုပ်ပြန်လာရမယ့်နေရာပဲဗျာဟု ကျွန်ုပ်ပြန်ပြောလိုက်သည်။

ပင်လယ်က ပြန်ပြောသည်။ BURMESE CLASSIC .com

"အေးလေ. . .ဒီနေရာဟာ မင်းတို့လူသားတွေအတွက် ဘယ်လိုမှ မမေ့ကောင်း မပျောက်ကောင်းနေရာဖြစ်နေတာပဲ၊ ဟုတ်ပေတာပေါ့၊ မင်း ပြန် လာရမှာပေါ့၊ ဂူးလက်ချန်း. . ."

"ဒါပေမဲ့ ဂူးလက်ချန်း၊ ခြသေ့်ကလေး ဂူးလက်ချန်းရေ့ ..ဒီနေရာကို အနည်းနည်းအဖုံဖုံနဲ့ ရောက်ရှိလာကြပြီးနောက်မှာ အနည်းနည်းအဖုံဖုံနဲ့ ပြန် လည်ထွက်ခွာသွားကြတာချည်းပါပဲ၊ ဒီလူသားတွေထဲမှာ ဒီနေရာကို ပြန်လာတဲ့သူဆိုလို့မင်းတစ်ယောက်ပဲရှိတယ်၊ဘယ်သူမှပြန်မလာကြတော့ဘူး"

"ဟေး. . .နေပါဦး၊ ဘယ်သူမှ ပြန်မလာကြ၊ ပြန်မလာချင်ကြတဲ့ ဒီနေရာ ဒီဒေသကို မင်းက ဘာဖြစ်လို့ ပြန်လာတာလဲ ဂူးလက်ချန်း"

ကျွန်တော် ဘာ့ကြောင့် ပြန်လာရသလဲ ဟုတ်လား၊ ဒါကို ခင်ဗျား သိပါတယ်၊ ခင်ဗျား အသိဆုံးပါ ပင်လယ်ကြီးရယ်။ ကျွန်ုပ်ပြန်ပြောမိသည်။ ထိုအခါ ပင်လယ်ပြင်ဆီမှ ဘာစကားမှ ပြန်မလာတော့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဝေးဆီက ကျောက်ဆောင်ကြီးတစ်ခုဆီသို့လှိုင်းလုံးကြီး တစ်လုံးက ဝင်ဆောင့်လိုက်သောကြောင့် တဝုန်းဝုန်းအသံများပေါ်လာသည်။

ထိုအသံသည်ပင်လျှင်ပင်လယ်ကြီး၏တုံ့ပြန်မှတ်ချက်ဖြစ်ပေမည်။ ပင်လယ်ကြီးက ကျွန်ုပ်ကို ရယ်သွမ်းသွေးလိုက်ခြင်းလား၊ သို့တည်းမဟုတ်၊ ကောင်းချီးပေးလိုက်ခြင်းလား။ သို့တည်းမဟုတ်. . .

ကျောက်ဆောင်ကြီးဆီသို့ မိုက်မဲစွာ တိုးဝင်တိုက်ခိုက်ရင်းဖြင့်အမွှာမွှာ လွင့်စဉ်သွားကြသော ရေစက်ရေပေါက်များကို သာဓကဆောင်ကြရင်း ကျွန်ုပ်အား ဆုံးမလိုက်ခြင်းပေလား။

မိုးကုပ်စက်ဝိုင်းအနားရေးဆီသို့ ကျွန်ုပ်မှန်းမျှော်ကြည့်လိုက်သည်။ ထိုနေရာဆီမှ ကျော်လွန်လျက် ဟိုမှာဘက်ဆီသို့ မမြင်နိုင်တော့သည့်အတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ် အားမလို အားမရ ဖြစ်မိသည်။

အမှန်တော့ အဝေးဆုံး၏ အဝေးဆုံးနေရာများအထိ ကျွန်ုပ်မြင်ချင်သည်။ ဥပမာဆိုရပါလျှင် ဤပင်လယ်ပြင်၊ဤမိုးကုပ်စက်ဝိုင်း၏ဟိုမှာဘက် မိုင်ပေါင်းများစွာကို ကျော်ဖြတ်လျက်၊ ပျံသန်းလျက် ဟိုးဝေးလံလှစွာသော တိုင်းပြည်တစ်ပြည်အထိ အရောက် မြင်တွေ့ချင်စမ်းသည်။

သည်အချိန်တွင် ကျွန်ုပ်သည် မစ္စတာဂူးလက်ချန်းဆိုသောလူသား တစ်ယောက်မဟုတ်မူဘဲ ငှက်ကလေးတစ်ကောင်၊တိမ်ကလေးတစ်အုပ်၊လှိုင်းကလေးတစ်လုံး ဖြစ်လိုက်ချင်စမ်းသည်။ ဒါဆိုလျှင် ကောင်းကင်ကို ဖြတ်၍ ပျံသန်းသွားနိုင်မည်။ လေအဟုန်တွင် လွင့်မျောသွားနိုင်သည်။ရေမျက်နှာပြင်ထက်မှာ စီးခိုကာ ဟိုမှာဘက် တိုင်းပြည်၏ကမ်းစပ်သို့ရောက်သွားနိုင်သည်။

ဖလပ်ဖလပ်မြည်သော ကုတ်အင်္ကျီစလေတိုးသံကိုကြားမှကျွန်ုပ်၏ လွင့်မျောသွားသော စိတ်အတွေးများကိုပြန်၍ သိမ်းဆည်းဖြစ်တော့သည်။

မတင်းတိမ် မရောင့်ရဲနိုင်သောအကြည့်များဖြင့်ပင်လယ်ပြင်ကြီးဆီသို့ ကျွန်ုပ်ကြည့်မိပြန်သည်။ ရေမျက်နှာပြင်ထဲမှ ထိုးထွက်နေကြသော ဟိုးအဝေးက ကျောက်ဆောင်အစုများအနီးတွင် စင်ရော်အုပ်တို့ ပျံဝဲနေကြသည်။ အထက်မိုးကောင်းကင်တွင်တိမ်သလ္လာကင်းစင်နေသည်။စူးရဲတောက်ပသော နေခြည်တို့ ဖြာစပြုနေပြီး လှိုင်းလေငြိမ်သက်နေစဉ်မှာပင်လျှင်ပင်လယ်သည် သူ၏ ပကတိအသံဖြင့် လှုပ်ရှားသက်ဝင်နေသည်။ တပြန့်တပြောမြင်ကွင်းသည် လွင့်ချင်တိုင်းလွင့်နေသော ကျွန်ုပ်၏အတွေးများကို တိုး၍သာ လွှင့်ပေးနေတော့သည်။

မျက်စိတစ်ဆုံး ဤရေပြင်ကျယ်ကြီးပေါ်တွင်လှေသင်္ဘောတို့ကင်းမဲ့နေသည်။ တံငါလှေတစ်စင်းတလေသော်မှပင် မရှိ။ ကမ္ဘာပေါ်ရှိ ပင်လယ်များ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဤနေရာဒေသလောက် အထီးကျန်နိုင်သော ပင်လယ်ပြင်မရှိနိုင်ဟု တွေးမိပြန်သည်။

အထီးကျန်ပင်လယ်. . .။

စကားလုံးတစ်ခုကို ကျွန်ုပ်ရလိုက်ပေပြီ။ အထီးကျန်ပင်လယ်တဲ့။ ဟုတ်ပေသည်။ ဤပင်လယ်ပြင်ကြီးတွင် မိုးဥတုအခါ၌ကျရောက်တတ်သော မုန်တိုင်းသာလျှင် လှုပ်ရှားသက်ဝင်စရာ အဖော်ရှိသည်။

ယခုလို ပူပြင်းခြောက်သွေ့သော မေလမျိုးမှာဆိုလျှင် မုန်တိုင်းအဖော်ပင် သူ့မှာမရှိတတ်။ တကယ့် အထီးကျန်ပင်လယ်။

ဝန်းဖွဲ့ယှက်နွယ်လာသော အတွေးတစ်ခုကြောင့် ကျွန်ုပ်ပြုံးမိပြန်သည်။ ပင်လယ်ပြင်ကြီးကို ကျွန်ုပ်က အထီးကျန်ဟူသော ဝိသေသနတပ်ပေးနေမိချေသည်။ ကျွန်ုပ်ကိုယ်တိုင်ကကော. . .။ ဂူးလက်ချန်းရယ်...မင်းလည်း အထီးကျန်လူသားပဲ မဟုတ်လား။ ဒီလို အနေအထားမှာအထီးကျန်ဘဝချင်း တူလှတဲ့ ပင်လယ်နဲ့ မင်းတို့တွေ့ဆုံနေကြတာဟာ လိုက်ဖက်ညီပေတာပေါ့ကွာ။

အို. . .ကြည့်စမ်း။ အထီးကျန်ဆိုတာ အစွန့်ပစ်ခံရဲ့အမည်နာမတစ်မျိုးပေပဲပေါ့။ အစွန့်ပစ်ခံဆိုတော့ တစ်ချိန်တုန်းဆီက တစ်ကိုယ်တည်းမဟုတ်ဘူးပေါ့။ ခြွေရံသင်းပင်းတွေ၊ အကြောင်းသနစ်တွေ၊ ဇာတ်လမ်းဇာတ်ကွက် အဖြစ်အပျက်တွေ၊ ဇာတ်ဆောင်တွေနဲ့ ဝေဝေဆာဆာရှိခဲ့ဖူးပေတာပေါ့။

ဟုတ်ပေသည်။ ဤပင်လယ်ပြင်ထက်ဝယ် ဟိုတစ်ချိန်က လှုပ်ရှားသက်ဝင်နေသော ဖြစ်ရပ်တွေဖြင့် စုံလင်ကြွယ်ဝခဲ့ပေသည်။

ကပ္ပတိန်ပေါဝဲလ် (Captain Palwell) အုပ်ချုပ်သော အက်စ်အက်စ် ကလိုက်ဗ် (S.S.Clive) သင်္ဘောသည် ဤပင်လယ်ပြင်ထက်ဝယ် ဟိုတစ်ချိန်က အကြိမ်ကြိမ် ထက်အောက်စုန်ဆန် ခုတ်မောင်းခဲ့ပေသည်။ အက်စ်အက်စ်ကလိုက်ဗ်သင်္ဘောသာမကသေး၊ဆားနယ်ဝက်ပေါင်ခြောက်များ၊ ဟင်းသီးဟင်းရွက်များနှင့် ပရိဘောဂပစ္စည်းများကို တင်ဆောင်လာသည့် မီးသင်္ဘောများသည်လည်း အကြိမ်ကြိမ် ဖြတ်သန်းခုတ်မောင်းခဲ့ဖူးပေသည်။

သည်မျှမကသေး။ ဤကျောက်ဆောင် ဤကမ်းစပ်တို့အပေါ်မှာလည်း ကုန်းဘောင်ပျဉ်ချပ်များ တင်ချည်ချချည်ရှိခဲ့ဖူးပေသည်။ ထိုပျဉ်ချပ်များပေါ်မှ ဖြတ်နင်းလျက် ခြေအစုံပေါင်းများစွာတို့သည်လည်းဆင်းကြတက်ကြရှိခဲ့ဖူးပေသည်။

ထိုခြေအစုံများတွင် ပနားမားရှူးဖိနပ်များ၊စစ်ပုလိပ်သံခွာဖိနပ်များ၊ မည်းနက်တောက်ပြောင်သော လည်ရှည်ဖိနပ်များကို စီးနင်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမကသေး။ လှပသော ကတ္တီပါပိန်းတန်းဖိနပ်များ၊ လှပဆန်းကြယ်စွာ ရက်လုပ်ထားသော ရွှေခြည်ထိုးဟသာ်ခြေနင်းများကို စီးထားသည့် ခြေအစုံတို့လည်း ပါဝင်ခဲ့ကြလေသည်။

ဤပင်လယ်၊ ဤကမ်းစပ်၊ ဤကျောက်ဆောင်တို့တွင် ပျော်ရွှင်ရယ်မောသံ၊ ဝမ်းနည်းငိုကြွေးသံ၊ ငေါက်ငမ်းဆူညံသံများဖြင့်လည်း သက်ဝင်လှုပ်ရှားခဲ့ပေသည်။

ဤနေရာတွင် လူများစွာတို့သည် ဖြတ်သန်းခဲ့ဖူးကြပေပြီ။

ထိုနည်းတူစွာပင် ဂူးလက်ချန်းဆိုသည့်ကျွန်ုပ်၏ရင်တွင်းမှာလည်း ခြေရာမထင်သည့် ခြေလှမ်းများစွာကို ဖြတ်သန်းခဲ့ကြပေသည်။ အလို'ခြေရာမထင်သည့် ခြေလှမ်းများ'တဲ့ စကားတစ်လုံးကို ကျွန်ုပ်သုံးမိပြန်ပြီ။ အဓိပ္ပာယ်ငုပ်လျှိုး၍ ဝေဝါးထွေပြားသော အသုံးအနှုန်းများ ဘာကြောင့် ကျွန်ုပ်ထံမှ တစိမ့်စိမ့်ထွက်ပေါ်နေပါလိမ့်။

လက်ထဲမှ လမ်းလျှောက်တုတ်ဖျားဖြင့် သဲပြင်ပေါ်သို့ရေးခြစ်လိုက်သည်။

စာတစ်လုံးလား၊ မျဉ်းကြောင်းတစ်ခုလား၊ သို့တည်းမဟုတ် အသည်းနှလုံးပုံလား၊ အမှတ်တမဲ့ ရေးခြစ်လိုက်သည့်အတွက် သဲပြင်ပေါ်တွင် ဘာမှန်းမသိနိုင်သော အရေးအကြောင်း ဖြစ်ပေါ်လာသည်။ မိမိကိုယ်တိုင်ရေးခြစ်နေပါလျက် မိမိဘာသာပင် ဘာမှန်းမသိသော ထိုအရေးအကြောင်းသည် ပင်လျှင် ကြာရှည်မခံလိုက်။ ပင်လယ်မှလိမ့်တက်လာသောလှိုင်းအိလေးတစ်လုံးက ကမ်းစပ်ဆီသို့ အပြေးအလွှား ရောက်လာကာ သဲပြင်ပေါ်မှ ထိုအရေးအကြောင်းကို အပြီးတိုင် ဆေးကြောဖျက်သိမ်းသွားလေသည်။

ခြေရာလက်ရာဆိုလို့ ဘာတစ်ခုမှ မကျန်ရစ်ခဲ့စေချင်တဲ့ သဘောလား ပင်လယ်ကြီးရယ်. . .ဟု ကျွန်ုပ်စိတ်ထဲမှ ရေရွတ်မိသည်။ ဒါပေမဲ့ သဲပြင်ပေါ်က အရေးအကြောင်းတွေကိုသာ လှိုင်းတွေကဆေးကြောတိုက်ဖျက်လို့ရနိုင်မှာပါ။ ရင်ထဲမှာ စွဲထင်ကျန်ရစ်ဆဲရှိတဲ့ အရေးအကြောင်းတွေကိုတော့ ဘယ်အရာကမှ ဆေးကြောတိုက်ဖျက်လို့ရမှာ မဟုတ်ပါဘူးလေ။

ပင့်သက်တစ်ချက် ရှိုက်မိပြန်ရင်း ပင်လယ်ပြင်ကို ကျွန်ုပ်ကျောခိုင်းလိုက်သည်။

ကုန်းပိုင်းအတွင်းဘက်သို့ မျက်နှာမူလိုက်သည်။

သဲသောင်ပြင်၊ ထိုနောက် မြေနီကျောက်စရစ်လမ်း၊ ထိုနောက် ကျောက်တုံးကျောက်ဆောင်များ၊ ထိုမှသည် အဝေးဆီသို့ တဖြည်းဖြည်းမြင့်တက်သွားသော မြင်ကွင်း၏ အဆုံးတစ်နေရာတွင်ကား. . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကျော့ခိုင်းထားသော ပင်လယ်ပြင်ကြီးကို ကုန်းပိုင်းအလယ်ဘက်၏ တောင်ကမူမြင့်တစ်နေရာဆီမှနေ၍မျက်နှာပြုနေသောအဆောက်အအုံကြီးတစ်ခု ရှိနေလေသည်။

အဆောက်အအုံကြီးကား ဂဝံကျောက်မြေပြင် ကုန်းမြင့်ထက်ဝယ် တည်ဆောက်ထားသော ဩလ်ထရန်ဟော (Altron Hall) တိုက်ခံအိမ်ကြီး ပင်ဖြစ်ချေသည်။ဩလ်ထရန်ဟောသို့မဟုတ်အကျဉ်းထောင်ကြီးနှင့်တူသည့် စံနန်းတော်ကြီး။ ပြီးတော့ ဩလ်ထရန်ဟောနှင့် ကိုက်လေးရာအကွာတွင် ရှိ သည့် ဘေကာ (Baker) ဘန်ဂလို။

► ► ►

ထိုအဆောက်အအုံကြီးနှစ်ခုသည်အနောက်ဘက်နှင့်အနောက်မြောက်ဘက်သို့ မျက်နှာမူကာ ပင်လယ်ပြင်ကြီးဆီသို့ ငေးမျှော်ကြည့်နေကြပေမည်။

ဩလ်ထရန်ဟောနှင့် ဘေကာဘန်ဂလိုနှစ်ခုစလုံးမှာလည်း ယခုအခါ နေထိုင်သူ ကင်းမဲ့ကာ ပကတိ ခြောက်သွေ့တိတ်ဆိတ်နေကြပေလိမ့်မည်။ ကြမ်းပြင်၊ မျက်နှာကြက်၊ နံရံ၊ လှေကားများတွင်ဂဝံကျောက်မှုန့်များ၊မြေနီမှုန့် များ အလိမ်းလိမ်းတက်နေကြပေရော့မည်။ အဆောင်ဆောင်အခန်းခန်းများရှိ တံခါးရွက်ကြီးများ၊ မှန်ကူကွက်ပြတင်းပေါက်များမှာလည်း ပင့်ကူမျှင်ကြပ်ခိုးတို့ အထပ်ထပ်စွဲနေကြပေမည်။ မြေတိုက်ခန်းများမှာလည်းစွတ်စိုထိုင်းမှိုင်းကာ မှောင်မည်းငြိမ်သက်နေကြပေမည်။

ဩလ်ထရန်ဟော၏ အပေါ်ထပ်၊ ပင်လယ်ပြင်ဘက်သို့မျှော်ကြည့်ရာ လေသာဆောင်ပေါ်တီကိုမှာလည်း ရေညှိအလိမ်းလိမ်းကပ်ငြိနေရော့မည်။ ထိုလေသာဆောင်အထက်တွင် ဟိုးတစ်ချိန်က တစ်ယောက်သောသူသည် ညနေတိုင်း ညနေတိုင်း ထွက်ရပ်ကာ ဝရန်တာအုတ်ရိုးတွင်မှီလျက် ပင်လယ်ပြင်ကြီးဆီသို့ ငေးမောခဲ့ချေသည်။ ယခုအခါထိုသူငေးမောခဲ့သည့်ဝရန်တာသည်လည်း ကျိုးပဲ့ပျက်စီးနေလောက်ပေပြီ။

မြေနီကျောက်စရစ်လမ်းအတိုင်း ကျွန်ုပ်ဆက်လျှောက်လာခဲ့သည်။ အနီးရှိ ကျောက်တုံးတစ်ခုပေါ်သို့ ထိုင်ချလိုက်သည်။ မဆိုစလောက်သောၤ လှုပ်ရှားမှုလေးများဖြင့် ကျွန်ုပ်မှာ မောဟိုက်ပင်ပန်းသလို ခံစားနေရသည်။

ကျွန်ုပ်သည် ကျန်းမာသန်စွမ်း၍ အရွယ်ကောင်းသေးသော ယောကျာ်းတစ်ယောက်ဖြစ်သည်။အဘိုးကြီးတစ်ယောက်လည်းမဟုတ်။မည်သည့် ရောဂါဝေဒနာမှလည်းမရှိ။ ထို့ပြင် ပင်လယ်ကို ဖြတ်သန်းလာသည့် ဆားငန်ရေနံ့သင်းသော လေကို လတ်ဆတ်စွာ ရှူရှိုက်ရခြင်းကြောင့် ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းနေဖို့ ကောင်းသည်။ သို့ပါလျက် ဘာကြောင့်ကျွန်ုပ်မောဟိုက်ပင်ပန်းနေရသနည်း။

သည်ပင်လယ်ကမ်းစပ်၊သည်ကျောက်ဆောင်၊သည်မြေနီလမ်းကုန်းကမူတစ်ဝိုက်ဒေသတို့တွင် ကျွန်ုပ်သည် ဟိုတစ်ချိန်ကမြင်းတစ်စီးဖြင့်ဒုန်းစိုင်းစီးခဲ့ဖူးသည်။ ကျွန်ုပ်၏ မြင်းခွာရာတို့ အထပ်ထပ်ထင်ကျန်ခဲ့သော နေရာများဖြစ်သည်။ ထို့ကြောင့်နေရာဒေသအားဖြင့်လည်း ကျွန်ုပ်ကျွမ်းသော ဒေသဖြစ်သည်။

ထို့ပြင် ဟော်ကီကစားခဲ့သော၊ ပိုလိုရိုက်ခဲ့သောအားကစားလေ့ကျင့်မှုများဖြင့် ကျွန်ုပ်သည် သန်စွမ်းတောင့်တင်းသော ကျန်းမာရေးရှိသူလည်းဖြစ်သည်။ သို့ပါလျက် ဘာကြောင့် ကျွန်ုပ်မောပန်းနွမ်းနယ်နေရသနည်း။

အဖြေကို ရှာဖွေရရှိလိုက်သည်။

မောပန်းနွမ်းနယ်ခြင်းသည် ကျွန်ုပ်၏ ကိုယ်ခန္ဓာတွင်းမှာ မဟုတ်ချေ။ ကျွန်ုပ်၏ စိတ်နှလုံးအတွင်း၌ ဖြစ်ပေါ်နေခြင်းပင်။

အတိတ်ကာလ ခရီးရှည်ကြီးကို လျင်မြန်သော စိတ်၏အဟုန်ဖြင့်မနေမနား ခေါက်တုံ့လူးလာ ဖြတ်သန်းခဲ့သဖြင့် နွမ်းနယ်သွားခြင်းဖြစ်သည်။

ချောမွတ်သော ကျောက်တုံးကြီးတစ်တုံးကို ရွေးချယ်ထိုင်ချလိုက်သည်။

အတိတ်ခရီးစဉ်ကြီးကို ဤသို့ မနားမနေ ခေါက်တုံ့ကူးသန်းနေလို့မဖြစ်။ သည်ခရီးရှည်ကြီးကို ကျွန်ုပ်စနစ်တကျ ခရီးသွားမှ ဖြစ်မည်။ ကာလမှတ်တိုင်များ တစ်ခုချင်းကို အစီအစဉ်တကျ ဖြတ်သန်းရမည်။

အတိတ်ကာလသို့ခရီးထွက်ရန်အတွက်သည်နေရာကားအကောင်းဆုံး စတင်ထွက်ခွာရန် စခန်းဖြစ်လိမ့်မည်။ ဤမှာဘက် ကုန်းမြင့်ပေါ်တွင် ညြလ်ထရန်ဟော နန်းတော် တိုက်စံအိမ်ကြီးရှိသည်။ ဟိုမှာဘက်တွင်အဆုံးမဲ့အပြောကျယ်ပင်လယ်ပြင်ကြီးရှိသည်။ ဤနှစ်ခုတို့အကြား သည်နေရာမှပင်ကျွန်ုပ်သည် ခရီးစတင်ထွက်ခွာရပေမည်။ အခြားခရီးသည်များမရှိ၊လွတ်လပ်စွာပင် ကျွန်ုပ်တစ်ဦးတည်း ခရီးထွက်ရမည်။

သို့သော် ခရီးအစတွင် ကျွန်ုပ်တစ်ဦးတည်း ဖြစ်စေကာမူ ခုလတ်အကြားစခန်းများ၌မူသက်ဆိုင်ရာခရီးသည်များသည်အလှည့်ကျပါဝင်တက်ရောက်လာကြပေမည်။ ခရီးဆုံး ခရီးကြုံများတွင် ကျွန်ုပ်သည်သူတို့နှင့်ဆက်ဆံထိတွေ့ရပေမည်။ ထိုခရီးသည်များသည် သူတို့လိုရာစခန်း သို့မဟုတ်ရောက်ရမည့် စခန်းများတွင် အသီးသီးအသက ဆင်းသွားကြလိမ့်မည်။ခရီးသည် အဟောင်းတို့နေရာတွင် ခရီးသည်အသစ်များက ရောက်ရှိလာကြဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ရောက်ရှိလာပုံ အမျိုးမျိုးရှိသလို ဆင်းသက်ကျန်ရစ်ခဲ့ပုံများလည်း အမျိုးမျိုးရှိကြမည်။

တက်သူဆင်းသူ၊ ရောက်ရှိလာသူ၊ ပြန်ထွက်သွားသူများဖြင့် စည်ကား ရှုပ်ထွေးလေသော ခရီးစဉ်ကြီးတွင် အစမှ အဆုံးတိုင် တသမတ်တည်း လိုက်ပါသူကား ကျွန်ုပ် ဂူးလက်ချန်းပင်ဖြစ်သည်။ တက်သူဆင်းသူများကုန်ဆုံး၍ ကျွန်ုပ်တစ်ဦးတည်း ကျန်ရစ်ခဲ့ပြီးနောက်ကျွန်ုပ်သည်လည်းလိုရာစခန်းသို့ ဆိုက်ရောက်ရပေဦးမည်။

ထူးဆန်းသော ခရီးရှည်ကြီးဟုပင် ဆိုရပေတော့မည်။

တက်သူဆင်းသူများ ကုန်ဆုံး၍ နောက်ဆုံးတစ်ဦးတည်းကျန်ရစ်ခဲ့သည့် ကျွန်ုပ်သည် နောက်ဆုံးစခန်းတွင် ဆင်းလိုက်သည်။ကျွန်ုပ်ဆင်းလိုက်သော စခန်းကား စတင်ထွက်ခွာရာ အရပ်ဖြစ်နေလေသည်။

ခရီးအစနှင့်အဆုံး တစ်ခုတည်း ဖြစ်နေသော ထိုခရီးရှည်ကြီးကို မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်ယခုစတင် ခရီးထွက်တော့မည်။ ပထမဆုံးသော စိတ်ခြေလှမ်းများ စတင်ရွေ့လျားသည်။

ဟောင်းနွမ်းခဲ့ပြီ။ သို့သော် သစ်လွင် လတ်ဆတ်မြဲ။

ဝေးကွာခဲ့ပြီ။ သို့သော် နီးကပ်နွေးထွေးဆဲ။

'ရတနာဂီရိ'. . .သို့ တရွေ့ရွေ့။

◆



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

“မစ္စတာဂူးလက်ချန်း၊ အစစအရာရာပြည့်စုံကုံလုံတဲ့ ခင်ဗျားရဲ့ဘဝကို ဂုဏ်ပြုပြီး ကျွန်ုပ်တို့ တစ်ခွက်သောက်ကြရအောင်လား”

ဝီစကီဖန်ခွက်ကို ကိုင်မြှောက်၍ အိုင်စီအက်စ်အရာရှိက ကျွန်ုပ်ကို လှမ်းပြောသည်။ ယဉ်ကျေးမှုအရ ကျွန်ုပ်၏ လက်ထဲတွင်ရှိသော ရှန်ပိန်ခွက်ဖြင့် သူ့ဖန်ခွက်ကို ထိတို့လိုက်ရလေသည်။

စကော့တလန်နယ်သား၊ ထိုအိုင်စီအက်စ်အရာရှိကား အနည်းငယ်မူးယစ်ဟန်ရှိသည်။ ဝီစကီခွက်ကို တစ်ချက်တည်း မော့ချလိုက်ပြီး နှုတ်ခမ်းမွေးစတွင် ပေကျံရစ်ခဲ့သော အရက်များကို လက်သုတ်ပဝါဖြင့် ဖိတို့ကာ လှမ်းပြောပြန်သည်။

“မစ္စတာဂူးလက်ချန်းကို ကြည့်လိုက်ကြစမ်းပါ မိတ်ဆွေများ၊ငွေကြေး ဓနဥစ္စာဆိုလည်း ပြောစရာမရှိ၊ ပညာဆိုရင်လည်း အသက်သုံးဆယ်မပြည့်ခင်မှာ ထိပ်တန်းဝတ်လုံဘွဲ့တစ်ခုကိုရခဲ့ပြီ၊ ထောက်ထားတွယ်တာရမယ့် အနှောင်အဖွဲ့လည်းမရှိဘူး၊သူ့ရဲ့ဘဝမှာတိုးတက်မှုတွေဟာအပြီးမသတ်သေးဘူး၊ သူ့အနာဂတ်ဟာ တောက်ပြောင်မှုတွေနဲ့ ဆီးကြိုနေတယ်၊ အမှန်တော့ ဂူးလက်ချန်းဟာ ကောင်းကင်ပေါ်ကို ပစ်လွှတ်လိုက်ပြီးနောက် ဘယ်တော့မှ အောက်မကျနိုင်တဲ့ မီးကျည်တစ်ခုလိုပဲ”

အရာရှိသည် သူ့စကားသူ သဘောကျစွာ တဟားဟားရယ်ရင်းအနီးသို့ရောက်လာသော ဘွိုင်တစ်ယောက်၏ လင်ပန်းထဲမှ အရက်နောက်တစ်ခွက်ကို လှမ်းယူပြန်သည်။

အရက်ရှိန်ဖြင့် နီရဲနေသော သူ၏မျက်နှာဆီမှ ကျွန်ုပ်စိတ်ပျက်စွာ အကြည့်လွှဲလိုက်ရသည်။ မူးမူးရူးရူးနှင့်ပြောနေသော သူ၏ဂုဏ်ပြုချီးကျူးစကားမှာ ကျွန်ုပ်ကြားနေကျ ကျွန်ုပ်နှင့်ပတ်သက်သော အခြားစကားလုံးများလိုပင် ပေါ့တန်လှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဤသို့သော အထက်တန်းလွှာဧည့်ခံပွဲ ပါတီများကို ကျွန်ုပ်ငြီးငွေ့မုန်းတီးလှပေပြီ။ သို့သော် ကာလကတ္တားမြို့၏လူကုံထံအသိုက် အဝန်းတွင် ကျွန်ုပ်၏နာမည်မှာ ထိပ်ဆုံးမှ စာရင်းပေါက်နေသောကြောင့်ပါ တီတစ်ခုခုရှိတိုင်း'ဂုဏ်ပြုခံအထူးဧည့်သည်တော်အဖြစ်တက်ရောက်ပါရန်'ဟူ သော မှတ်ချက်ဖြင့် ဖိတ်စာများက ရောက်ရောက်လာတတ်သည်။

ထို့ပြင် ကာလကတ္တားမြို့ရှိ အထက်တန်းအကျဆုံးအိုရီယင့်ကလပ် တွင် ကျွန်ုပ်သည် 'ကလပ်မင်ဘာ'တစ်ယောက်ဖြစ်နေပြန်ရာ ကလပ်တွင် ကျင်းပသော ပါတီများကို ရှောင်လွှဲ၍မရတော့ပေ။

ကျွန်ုပ်၏အသက် ၂၇ နှစ်ပြည့်သည့် ၁၈၈၄ ခုနှစ်တွင် ကျွန်ုပ်သည် မျှော်မှန်းသည့်အတိုင်း ဝတ်လုံဘွဲ့ရ ပညာတတ်တစ်ဦးဖြစ်လာခဲ့သည်။ ရည် ရွယ်မျှော်မှန်းချက်အတိုင်း အောင်မြင်မှုကို ရရှိခဲ့ခြင်းနှင့်အတူ အောင်မြင်မှု နောက်မှ ကပ်လျက် လိုက်ပါလာသော အဆောင်အယောင်အခမ်းအနားများ ကိုလည်း ကျွန်ုပ်မငြင်းမပယ်သာ လက်ခံရတော့သည်။

"မစ္စတာဂူးလက်ချန်း၊ ဒီလောက် ထင်ရှားတဲ့ခင်ဗျားဟာဘာကြောင့် ကျုပ်တို့လောကထဲ ဝင်ရောက်မလာသလဲဆိုတာတော့ ကျုပ်အံ့ဩနေမိတယ် ဗျာ"

အရာရှိက ကျွန်ုပ်၏ ပခုံးကို လှမ်းပုတ်ကာ ပြောပြန်သည်။

"ကျုပ်တို့ အသိုက်အဝန်းထဲကို လာခဲ့စမ်းပါ...မစ္စတာဂူးလက်ချန်း၊ ဗြိတိသျှနေမဝင်အင်ပါယာကြီးရဲ့ အုပ်ချုပ်ရေးဌာနကြီးထဲကို ခင်ဗျားဝင်သင့် တယ်၊ ငွေကြေးတို့၊ စည်းစိမ်ဥစ္စာတို့၊ ပညာတို့ဆိုတာ အာဏာမှာ အချုပ်ပဲဗျ၊ သူဌေးသူကြွယ်တွေ၊ ပညာရှင်သုခမိန်တွေ ဘာပဲဖြစ်ဖြစ် အာဏာရှိသူထံမှာ ဝပ်စင်းခစားရတာပဲ မဟုတ်လား"

ရာထူးဂုဏ်ဖြင့် မောက်မာနေသော ထိုအိုင်စီအက်အရာရှိ၏ မျက် ခွက်ဆီသို့ ရှန်ပိန်ခွက်ဖြင့် ပစ်ပေါက်လိုက်ရန် စိတ်ကူးမိပြီးမှ ကျွန်ုပ်၏ဒေါသ ကို ပြန်လည်ချိုးနှိမ်လိုက်ရသည်။

ဝိတိုရိယမဟာခေတ်၏ သူရဲကောင်းများဟူသော ဘွဲ့ကိုခံယူကာသူ တို့ကိုယ်သူတို့ နေမဝင်အင်ပါယာ၏ အဓိကယန္တရားများအဖြစ် အဓိပ္ပာယ်မဲ့ မောက်မာရိုင်းစိုင်းနေကြသော ထိုအရာရှိတချို့ကို ကျွန်ုပ်မည်သို့မျှ သဘော မတွေ့နိုင်ချေ။

'ဝိတိုရိယခရော့စ်'များကို ရင်ဘတ်တွင် ချိတ်ဆွဲလျက်၊ ပန်းပွားများ တအိအိလွင့်နေသော ဦးထုပ်ရှည်ကို ဆောင်းလျက်၊ ရွှေရောင်ဝင်းသော ပခုံး ထောက်များကို တပ်ဆင်လျက်၊ နီရဲသော ခါးပတ်တွင် ပြိုးပြက်သော ဓား



www.burmeseclassic.com

www.burmeseclassic.com



ကင်း စားရှည်နှင့် ပစ္စတိုကို ဆင်မြန်းလျက် သော့သွမ်းဟော့ရမ်းသော ဤ အရာရှိမျိုးကို ကျွန်ုပ်မုန်းတီးလှချေသည်။

သို့သော် ကာလကတ္တားမြို့ခံ လူကြီးလူကောင်းတစ်ယောက်၊ အိုရီ ယင့်ကလပ်၏ မင်ဘာတစ်ယောက်အနေဖြင့် ဤမြို့သို့ အသစ်ရောက်လာ သော ဤအရာရှိအား ဧည့်ခံပွဲ၌ ကျွန်ုပ်သည် အတတ်နိုင်ဆုံး သည်းခံရပေ မည်။

"ပြောစမ်းပါဦး မစ္စတာဂူးလက်ချန်၊ ခင်ဗျားအနေနဲ့ အခုရထားတဲ့ ဝတ်လုံဘွဲ့နဲ့တင် ကျေနပ်မနေသင့်ဘဲ အိုင်စီအက်၊ ဘီစီအက်စ်တစ်ခုခုဝင်ဖြေ ပြီး အုပ်ချုပ်ရေးပိုင်းထဲ ဝင်မလာသင့်ဘူးလား၊ ပြီးတော့ ထိပ်တန်းနိုင်ငံရေး ခေါင်းဆောင်အဖြစ် လှုပ်ရှားပြီး ခင်ဗျားအသက်အရွယ်၊ ခင်ဗျားချမ်းသာ ကြွယ်ဝမှုတွေနဲ့ဆိုရင် ဂါဗနာအဆင့်ထိတောင် မျှော်မှန်းနိုင်သေးတာပဲ မဟုတ်လား"

"ဒီလိုဖြစ်လာဖို့အတွက် ကျုပ်ကို ဘုရားသခင်ကိုယ်တော်တိုင်က အ လိုမရှိလို့ပါပဲလို့သာ ဖြေပါရစေ လူကြီးမင်းခင်ဗျား. . ."

သူ့မျက်နှာကို စေ့စေ့ကြည့်လျက် ကျွန်ုပ်ပြောလိုက်သည်။ အရာရှိ သည် အိုး. . .ဒီလိုလားဟု အာမေဍိတ်သံဖြင့် ရေရွတ်ကာ တဟားဟား အော် ရယ်ပြန်လေသည်။

ထိုနောက် အိုင်စီအက်သည် သူ့ဘေးမှ အရာရှိတစ်ယောက်အား ကျွန်ုပ်အကြောင်းကို လှမ်းမေးနေပြန်သည်။

"နေစမ်းပါဦး၊ မစ္စတာဂူးလက်ချန်းက ရာထူးအာဏာရှင်ဘဝကို စိတ် မဝင်စားဘူးဆိုတော့ သူက ဘာတွေများ စိတ်ဝင်စားစရာရှိနေသလဲ၊ မိန်းမ လှလှလေးတွေလား၊ ပိုလိုရိုက်တာလား၊ အမဲပစ်တာလား"

ကျွန်ုပ်၏ မိတ်ဆွေက ဂျင်အရက်ကို မော့ချလိုက်ပြီး ဖြေသည်။

"အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး၊ မစ္စတာဂူးလက်ချန်း စိတ်ဝင် စားတာက စာအုပ်တွေပဲ"

"ဘယ်လို၊ စာအုပ်တွေ. . .ဟုတ်လား"

"ကာလကတ္တားရဲ့ ဆိတ်ငြိမ်သော လူကုံထံရပ်ကွက်မှာ မစ္စတာဂူး လက်ချန်းဟာ ခြံအကျယ်ကြီးတစ်ခြံကို ပိုင်ဆိုင်တယ်၊ ဒီခြံကြီးထဲမှာ တိုက် ကြီးတစ်လုံးလည်း ပါတယ်။ ဒီတိုက်ကြီးကို သူက ဝစ္စဒမ်ဗီလာလို့ အမည် ပေးထားတယ်"

ကျွန်ုပ်ကို ရှေ့မှောက်မှာထားလျက်ကျွန်ုပ်အကြောင်းကိုမြိန်ရေယှက် ရေ ပြောဆိုခံနေရခြင်းကား စိတ်မသက်သာစရာပင်ဖြစ်သည်။ သို့သော်စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



မှ ထသွားရန်လည်း မသင့်တော်သောကြောင့် ဆက်ထိုင်နေရလေသည်။

"မစ္စတာဂူးလက်ချန်းရဲ့ ဝစ္စဒမ်ဗီလာအိမ်ကြီးမှာ အဓိကအခန်းက တော့ စာကြည့်ခန်းပဲ၊ စာကြည့်ခန်းထဲမှာ စာအုပ်အမျိုးမျိုး သောင်းချီပြီး ရှိ တယ်လေ"

"အိုး. . .ဟုတ်လား"

အိုင်စီအက်က စုတ်သပ်သံပြု၍ ရေရွတ်သည်။ ကျွန်ုပ်ဆက်လက် သည်းခံမနေနိုင်တော့ချေ။ ယဉ်ကျေးမှုမရှိဟု ဆိုချင်လည်း ဆိုကြစေတော့။ စားပွဲဝိုင်းရှိသူများကို ဝတ်ကျေဝတ်ကုန်နှုတ်ဆက်ကာ ထလာခဲ့တော့သည်။ ရှန်ပိန်ခွက်ကိုပင် ကုန်အောင် မသောက်ခဲ့တော့။

► ► ►

အမှန်တော့ ကာလကတ္တားမြို့ရှိ မျက်နှာဖြူအထက်တန်းလွှာတို့၏ လောကဝတ်ထုံးစံအရကြောင့်သာ အိုရီယင့်ကလပ်တွင် မင်ဘာလူကြီးအဖြစ် ကျွန်ုပ်အသင်းဝင်ခဲ့သော်လည်း ဤအသိုက်အဝန်းကိုခံတွင်းမတွေ့သည်ကား အမှန်ပင်ဖြစ်သည်။

ကလပ်တွင် ညနေပိုင်းဆုံကြကာ ဘိလိယက်ထိုးရင်း၊ အရက် သောက်ရင်း၊ ပိုကာကစားရင်း၊ ရာထူးဌာနန္တရတွေအကြောင်း၊ မိန်းမချောများ အကြောင်း၊ ကတော်စိုးများအကြောင်း၊ အမဲလိုက်ပွဲများအကြောင်းကိုသာ ထပ်တလဲလဲ ပြောဆိုငြင်းခုန်နေကြသည့် ထိုအထက်တန်းလွှာ လူတန်းစား များကို ကျွန်ုပ်ငြီးငွေ့လှသည်။ ထို့ကြောင့်လည်း အိုရီယင့်ကလပ်သို့ ကျွန်ုပ် အလာနည်းလှသည်။

အိုရီယင့်ကလပ်သာမဟုတ်၊ ကာလကတ္တားမြို့အတွင်းရှိ အထက် တန်းစား ဟိုတယ်များ၊ ညည့်ခံပွဲများ၊ ပါတီများ၊ မြင်းပွဲများ၊ ဘော့စ်ဘောပွဲ များသို့လည်း ကျွန်ုပ်အရောက်အပေါက် မရှိလှချေ။ ထိုအခမ်းအနားသို့သွား ရောက်သည့် အချိန်များအားလုံးကို ကျွန်ုပ်၏ ဝစ္စဒမ်ဗီလာအတွင်းရှိ စာကြည့်ခန်းထဲတွင်သာ ကုန်ဆုံးစေခဲ့လေသည်။

တစ်ခါတစ်ရံတွင်သာ စိတ်သဘောချင်းတူသော မိတ်ဆွေသုံးလေး ယောက်လောက်ကို လက်ဖက်ရည်သောက်ဖိတ်ကာ စကားစမြည်ပြောဆိုကြ သည်။ သို့ရာတွင် ထိုအရေအတွက် နည်းပါးလှသော မိတ်ဆွေများမှာလည်း ကျွန်ုပ်၏ စာကြည့်ခန်းအတွင်းမှ စာအုပ်များထက် စာကြည့်ခန်း၏ ခမ်းနား သိုက်မြိုက်ခြင်း၊ ဗီရိုကြီးများ၊ စာအုပ်စင်ကြီးများ ပြောင်လက်နေခြင်း၊ ကျွန်ုပ် ဧည့်သည် လက်ဖက်ရည်၏ လက်ဖက်ခြောက် ကောင်းခြင်းစသည်များကို



www.burmeseclassic.com

www.burmeseclassic.com



သာ ချီးကျူးပြောဆိုနေကြလေရာ နှစ်ခါသုံးခါလောက် ဧည့်ခံခဲ့ပြီး နောက် ထပ် မဖိတ်ကြားဖြစ်တော့ပေ။

သို့ဖြင့်ပင် ကာလကတ္တားၓ ကျွန်ုပ်၏ အမည်သတင်းသည် 'လေး စားစရာကောင်းသော နောက်ပြောင်မှု'တစ်ခုအဖြစ် သတင်းမွှေးလျက် ရှိလေသည်။

"ဂူးလက်ချန်းဆိုတဲ့ ငတိက ဆွေမရှိ၊ မျိုးမရှိ၊ တစ်ကောင်ကြွက်၊ အမွေတွေ နင့်နေအောင်ရထားပြီး ချမ်းသာလိုက်တာ လွန်ပါရော၊ ဒါပေမဲ့ ချမ်းသာသလောက် ဘာစည်းစိမ်မှလည်း ခံစားစံစားတာ မတွေ့ရဘူး၊ အချိန်ရှိ သရွေ့ စာကြည့်ခန်းထဲကကို မထွက်ဘူး၊ ဒီငတိဟာ ပေါင်မုန့်အစား စာရွက် တွေကိုများ ဝါးစားနေသလားမှ မသိဘဲ"

"ဂူးလက်ချန်းလား၊ ခပ်ကြောင်ကြောင် ငနဲပါ၊ ဝတ်လုံဘွဲ့ယူထားပြီး ဘာအမှုမှလည်း မလိုက်ဘူး၊ လူ့လောကကြီးထဲမှာ ပိုလျှံနေတဲ့ လူသား တစ်ယောက်ပဲ"

"ဒီလူဟာ သူ့ရဲ့ဝစ္စဒမ်ဗီလာကြီးထဲမှာ သားမယားလည်းမရှိ၊ ဆွေမျိုးလည်းမရှိ၊ တစ်ကောင်ကြွက်နေတာပဲ၊ ဒါပေမဲ့ သူ့အပြောကတော့ သူဟာ ကမ္ဘာကြီးတစ်ခုလုံးနဲ့ အတူနေတာတဲ့လေ"

"အဲဒါက ဘာအဓိပ္ပာယ်. . ."

"စာအုပ်တွေလေ စာအုပ်တွေ၊ စာအုပ်တွေနဲ့ အတူနေတာကိုပဲ သူက ကမ္ဘာကြီးတစ်ခုလုံးနဲ့ အတူနေတယ်လို့ ပြောတာပဲ"

"သြော်. . .သြော်. . .လက်စသတ်တော့ မစ္စတာဂူးလက်ချန်းဟာ ပညာတွေတတ်၊ ဘွဲ့တွေရ၊ ပိုက်ဆံကလည်းချမ်းသာ၊ သားမယား ဆွေမျိုး မရှိဘဲ တစ်ကောင်ကြွက်ဘဝမှာ စာအုပ်တွေဖတ်ပြီး ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ လူပါလား"

ကာလကတ္တားတစ်မြို့လုံး၏ မှတ်ချက်မှာ ဤသို့ပင် အဆုံးသတ် သွားတတ်သည်။ မည်သို့ပင်ရှိစေ ကျွန်ုပ်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာကြသော အတင်းအဖျင်းများကို ကျွန်ုပ်က ဆိတ်ဆိတ်နေခြင်းဖြင့် တုံ့ပြန်ဖြေရှင်း လိုက်သည်။

နောက်ဆုံးတွင်ကား အတင်းအဖျင်းပြောကြသူတို့၏ ထုံးစံအတိုင်း အသံတိတ်သွားကြသည်။ ကျွန်ုပ်၏အကြောင်းမှာလည်း ပါတီပွဲများ၊ ဧည့်ခံ ပွဲများၓ အရက်မူးလာလျှင် 'အမြည်း'တစ်ခုအဖြစ် ရယ်ပွဲဖွဲ့ပြောကြသည်မှအပ တစ်စတစ်စ ရိုးအီသွားခဲ့လေသည်။

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကတော့ ကာလကတ္တားတစ်မြို့လုံးသားက



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယတစ်ပြည်လုံးကပဲပြောပြော ကုန်ကုန်ပြောရလျှင် ကမ္ဘာကြီး တစ်ခုလုံးက ပင် ပြောနေကြသည်ထားဦး၊ ကျွန်ုပ်အဖို့ ဂရုစိုက်ရာမလိုဟုသာ နှလုံးသွင်းထားလိုက်သည်။

နားရွက်များကို အသုံးမပြုလေလေ၊ ကောင်းလေလေဟု ကျွန်ုပ်သဘောထားသည်။ အတင်းအဖျင်းစကားတွေကို ကြားနာလက်ခံနေရအောင် ကျွန်ုပ်အချိန်မပေးနိုင်ပေ။ ချမ်းသာကြွယ်ဝသူ ပညာတတ်လူကုံထံစာရင်းဝင်တစ်ယောက်ဖြစ်သော်လည်း အထက်တန်းလွှာ အသိုက်အဝန်းသည် ကျွန်ုပ်နှင့် မသက်ဆိုင်ပေ။

စင်စစ် လျှို့ဝှက်သိသိပ်စွာ တစ်ကိုယ်တော်ဘဝဖြင့် နေထိုင်ရှင်သန်ရလောက်အောင် မဟုတ်စေကာမူ ကျွန်ုပ်အဖို့ လူစုလူဝေးဖြင့် တတ်နိုင်သလောက် ကင်းကင်းရှင်းရှင်းနေရမည့်အကြောင်းအချက်များက လုံလောက်စွာရှိနေသည်ဟု ဆိုရပေမည်။

ကျွန်ုပ်၏ ဘဝမှာ ထူးခြားဆန်းကြယ်လှသည်ဟု မပြောလိုသော်လည်း သာမန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည်ကတော့ သေချာလှပေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ကျွန်ုပ်၏ ဇာတိချက်ကြွေမွေးရပ်မြေမှာ အင်္ဂလန်ပြည်၊ လန်ဒန်မြို့ အရှေ့ပိုင်း ရပ်ကွက်တစ်ခုဖြစ်သည်။

လန်ဒန်အရှေ့ပိုင်းဟူသည်ကား ထင်ရှားကျော်ကြားသော လောက ငရဲတိုင်းပြည်တစ်ခုပင် ဖြစ်လေသည်။ မကောင်းမှု ဒုစရိုက်မျိုးစုံနှင့် ဆင်းရဲ နွမ်းပါးမှုမျိုးစုံတို့ ထွန်းကားသော နာမည်ကျော်ဒေသဖြစ်သည်။ ငတ်ပြတ် မွဲတေမှုနှင့် ဒုစရိုက်မှုတို့သည်ဘုရားသခင်ကအမြွှာအဖြစ်ဖန်ဆင်းလိုက်သော အရာနှစ်ခုဖြစ်သည်ဟုပင် ဆိုရပေမည်။

လန်ဒန်အရှေ့ပိုင်းသည် လူသားတို့နေထိုင်ရာဒေသနှင့်ပင် မတူ တော့ဘဲ ကြီးနိုင်ငယ်ညှဉ်း သားရဲမင်းတို့ ကြီးစိုးရာ တောတွင်းဒေသတစ်ခု အလားပင် ဖြစ်လေသည်။

ထိုဒေသမှာပင် ကျွန်ုပ်ကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ မွေးဖွားခဲ့သည် ဆိုသော်ငြား ကျွန်ုပ်၏ မိခင်ဖခင်မှာ မည်သူမည်ဝါဟူ၍ မသိခဲ့ချေ။ အခြား သော လန်ဒန်အရှေ့ပိုင်းသား မိဘမဲ့ကလေးများ၏ ကိုယ်ရေးရာဇဝင် မှတ် တမ်းများလိုပင် ကျွန်ုပ်၏ဖခင်သည် ထောင်ပြေး သို့မဟုတ် လူသတ်သမား သို့မဟုတ် သူခိုးဓားပြအကြီးစားတစ်ခုခု ဖြစ်ချင်ဖြစ်ခဲ့ပေမည်။ မိခင်မှာ လည်း ကပွဲလီကပြား အစေခံ၊ သို့မဟုတ် အခြားတိုင်းပြည်တစ်ခုခုမှ ထွက် ပြေးလာသည့် ငွေဝယ်ကျွန်၊ သို့မဟုတ်(ကျွန်ုပ်မသိလိုက်သည့်မိခင်၏ဝိညာဉ် သည် ဤစကားကိုခွင့်လွှတ်နိုင်ပါစေ) ပြည့်တန်ဆာတစ်ဦးလည်းဖြစ်နိုင် ပေ သည်။

အဖေ အမေဘယ်သူမှန်းမသိသော ကျွန်ုပ်သည် ထိုဆင်းရဲသား အောက်တန်းစားနင်းပြားရပ်ကွက်ရှိ မိဘမဲ့ ကလေကချေများကို ထိန်းသိမ်း စောင့်ရှောက်ထားသည့် တစ်ခုသော 'ဘုံရိပ်သာ' ၌ ကြီးပြင်းခဲ့ရလေသည်။ ထို ဘုံရိပ်သာဂေဟာကြီးမှာပင် ကျွန်ုပ်သည် အလားတူ မိဘမဲ့၊ ဆွေမဲ့မျိုးမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေကချေ ကလေးသူငယ်များအကြား၌ အောက်တန်းစားနင်းပြားလေး တစ်ယောက်အဖြစ် လူလားမြောက်ခဲ့ရသည်။

မိဘမဲ့ကလေးများအား စောင့်ရှောက်ထားသည့် ဘုံရိပ်သာဂေဟာ ဟူ၍ အမည်လှလှလေး ပေးထားသော်လည်း စင်စစ် မြို့အုပ်ချုပ်ရေးအဖွဲ့၏ လက်အောက်ခံ ထိုဂေဟာမှာ အလှူခံ၍ ကောင်းရုံဘန်းပြထားသော ငရဲခန်း တစ်ခုသာ ဖြစ်ပေသည်။ မသေရုံတစ်မယ် စားရသော အစားနှစ်နပ်အတွက် ဘုရား သခင်၏ ကျေးဇူးတော်ကို ဂေဟာလူကြီးများက အသံကောင်းဟစ်ကာ ကြွေးကြော်ပေးရာ ဌာနလည်း ဖြစ်ပေသည်။

ထိုဂေဟာတွင် ကျွန်ုပ်သည် ဆင်းရဲငတ်ပြတ်ခြင်း၊ နိမ့်ကျညံ့ဖျင်း ခြင်းပေါင်းစုံတို့ကို ခါးသည်းစွာ တွေ့ကြုံဖြတ်သန်းရင်း မသေဘဲ လူဖြစ်လာ သည့် မောင်သက်ပြင်းတစ်ယောက်ပင်ဖြစ်သည်။

ဂေဟာတွင်နေရသည့် ကလေးချင်းအတူတူ ကျွန်ုပ်မှာ အခြားသော ကလေးများထက် ပို၍ အနိုင်ကျင့်ခံရလေသည်။ ဤသို့ဖြစ်ခြင်းမှာ ကျွန်ုပ်၏ 'အသားရောင်'ကြောင့်ပင် ဖြစ်သည်။ မိခင်ဘက်ကလား၊ ဖခင်ဘက်ကလား ကျွန်ုပ်မသိလိုက်မိသော ဆွေမျိုးအစဉ်တစ်ဆက်ဆက်တွင် 'အမည်းသွေး'ပါခဲ့ သဖြင့် ကျွန်ုပ်၏အသားရောင်မှာ အင်္ဂလိပ်ကလေးငယ်တစ်ဦး ရှိသင့်ရှိထိုက် သည့် အရောင်အဆင်းမျိုး မရှိဘဲ 'အညိုရောင်' သမ်းနေသည်။ ဤသို့အသား ညိုနေခြင်းကပင်လျှင် ကျွန်ုပ်အတွက် ပြစ်ချက်ကြီးတစ်ခုဖြစ်လာကာ ဘုံရိပ်သာ ဂေဟာတွင် အနိုင်ကျင့်မှု၊ ညှဉ်းပန်းမှုတကာတို့ကို ခါးစည်း ခံခဲ့ရလေသည်။

ဆင်းရဲငတ်ပြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း ဒဏ်ချက်များဖြင့် သေတွင်းနှုတ်ခမ်းဝသို့ မကြာခဏရောက်ခဲ့သော်လည်း ပန်းပဲသမားတစ်ဦး ၏ ဖိုပေါ်မှ သံတုံးတစ်ခုနှယ်ပင် ကျွန်ုပ်သည် ဘုရားသခင်အလိုတော်အရ အသက်မသေဘဲ ပို၍ကျစ်လျစ်မာကြောစွာဖြင့် ရှင်သန်ခဲ့လေသည်။

အကြမ်းတမ်းဆုံး အလုပ်များကို လုပ်ကာ အစုတ်ပြတ်ဆုံး အဝတ် အစားများကို ဝတ်လျက်၊ အညံ့ဖျင်းဆုံး အစားအစာများကို စားရင်း ကျွန်ုပ် သည် အသက်ရှင်နေခဲ့သည်။ ဤသို့မသေဘဲ ရှင်သန်နေသည်ကိုပင်လျှင် ကျွန်ုပ်၏ ညိုသော အသားရောင်အောက်တွင် မကောင်းဆိုးဝါး နတ်မိစ္ဆာတစ် ကောင် ပူးကပ်နေခြင်းကြောင့် ဖြစ်သည်ဟုဆိုကာ ကျွန်ုပ်သည် ဂေဟာတွင် လူကြီးများအချင်းချင်း၊ ကလေးများအကြား၌ 'ရွံ့ကြောက်' ခြင်းကို ခံရ သောသူ ဖြစ်လာခဲ့သည်။

ထိုသို့သော ဘဝဖြင့် လောကငရဲကို ဖြတ်သန်းရင်း ကျွန်ုပ်၏အ သက်ရှစ်နှစ်အရွယ် ရောက်သောအခါ ကံကြမ္မာသည် မယုံကြည်နိုင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလောက်အောင် လှည့်ပြောင်းသွားခဲ့လေသည်။

ထိုအလှည့်အပြောင်းကား အခြားမဟုတ်။ လန်ဒန်မြို့ရှိ လူကုံထံ အသိုက်အဝန်းထဲမှ မြေပိုင်ရှင်ကြီးတစ်ဦးသည် ဘုံရိပ်သာဂေဟာသို့ ရောက်ရှိလာကာ ကျွန်ုပ်အပါအဝင် မိဘမဲ့ ကလေးဆယ်ဦးကို ရွေးနုတ် ခေါ်ဆောင်သွားခဲ့ခြင်းပင်ဖြစ်သည်။

ထိုကျေးဇူးရှင် မြေပိုင်ရှင်ကြီး၏အမည်မှာ မစ္စတာဟောင်းဝပ်ဖြစ်သည်။ မစ္စတာဟောင်းဝပ် ရွေးနုတ်ခေါ်ဆောင်သွားပုံမှာလည်း ထူးထူး ခြားခြားပင်ဖြစ်သည်။သူ့တစ်သက်တာတွင်ချမ်းသာကြွယ်ဝရေးအတွက်သူသည် မတရားသော ပြစ်မှုကြီးများကို ကျူးလွန်ခဲ့သည်ဟုဆိုသည်။အစိုးရကတရားဥပဒေဖြင့် အပြစ်ပေး အရေးမယူနိုင်လောက်အောင်လည်း သူသည် ပိရိသေသပ်စွာ ဥပဒေကို လက်တစ်လုံးကြားလှည့်ဖျားလွတ်မြောက်ခဲ့သည်ဟု ဆိုသည်။ နောက်ဆုံးတွင် သူသည် တရားဥပဒေ၏ ရှည်လျားသော လက်တံများမှ လုံးဝကင်းရှင်းလွတ်မြောက်ခဲ့ကာ ကျိကျိတက်ချမ်းသာသော မြေပိုင်ရှင်ကြီးဘဝသို့ ရောက်ခဲ့လေသည်။

ဤတွင်မှ မစ္စတာဟောင်းဝပ်သည် တရားဥပဒေကအပြစ်ပေးဆေးကြောခြင်းမခံခဲ့ရသော သူ၏ကျူးလွန်ခဲ့မှုများကို သူကိုယ်တိုင်ဆေးကြောပစ်ရန် ဆုံးဖြတ်ခဲ့သည်ဟု ဆိုလေသည်။ သို့ဖြင့်ပင် သူ့ဘဝနေဝင်ချိန်တွင်သူငယ်စဉ်က ကျူးလွန်ခဲ့သော အပြစ်များကို နောင်တရရှိကာ သူမသေခင် အတတ်နိုင်ဆုံး ကောင်းမှုကုသိုလ်များ ပြုလုပ်သွားရန် စီစဉ်ခဲ့လေသည်။

သည်မှာပင် မစ္စတာဟောင်းဝပ်သည် အလှူအတန်းများ ရန်ပုံငွေများကို ရက်ရောစွာ လှူဒါန်းထည့်ဝင်ခြင်း၊ဒုက္ခရောက်နေသောနေရာများတွင် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းစသည်ဖြင့် ဆောင်ရွက်ခဲ့လေသည်။ ဤသို့ဖြင့်ပင် ကျွန်ုပ်ရှိရာဘုံရိပ်သာဂေဟာသည်လည်းသူ၏အပြစ်ဆေးကြောရေးလုပ်ငန်းစဉ်များတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့လေသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်သည် ဘုံရိပ်သာဂေဟာဟုအမည်တပ်ထားသောငရဲခန်းမှလွတ်မြောက်ခွင့်ရလာခဲ့ပေသည်။

သူရွေးနုတ်ကယ်တင်လာခဲ့သော ကလေးကချေလေး ဆယ်ယောက်အနက်တွင် မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်ကိုမျက်စိအကျဆုံးဖြစ်လာသည်။ ဤသည်မှာလည်း ထူးဆန်းသော ကံကြမ္မာအလှည့်အပြောင်းဟုပင် ဆိုရပေတော့မည်။ အကြောင်းမူကား မစ္စတာဟောင်းဝပ်အနေဖြင့် ကလေးဆယ်ယောက်အနက်တွင် ကျွန်ုပ်ကိုမှ မျက်စိအကျဆုံးဖြစ်သွားရသည်မှာမိဘဘယ်သူဘယ်ဝါဟူ၍ မသိခြင်း၊ မျိုးရိုးဇာတိကို စုံစမ်းမရခြင်း. . .စသော (သူ့အ



www.burmeseclassic.com

www.burmeseclassic.com



တွက်)ကရုဏာသက်ဖွယ်အကြောင်းများကြောင့်ချည်းသက်သက်မဟုတ်ပေ။ ဤသို့သော အရည်အချင်းမျိုးကို အခြားကလေးများသည်ပိုင်ဆိုင်ထားကြမည် သာဖြစ်၍ ကျွန်ုပ်ကိုမှ ထူးထူးခြားခြားအသနားပိုစရာအကြောင်းမရှိချေ။

မစ္စတာဟောင်းဝပ်ကျွန်ုပ်ကိုအကြင်နာပိုမျက်စိကျရခြင်းအကြောင်းကား ကျွန်ုပ် 'အသားညို'နေခြင်းကြောင့်ပေတည်း။

အဖေဘက်ကလား၊အမေဘက်ကလားမည်သို့မျှမသိနိုင်တော့သော ကျွန်ုပ်၏ဆွေစဉ်မျိုးဆက်အနွယ်ထဲမှတစ်ခုခုကြောင့်အသားညိုနေသောကိစ္စမှာ အဆိုးဆုံးဘက်မှသည် အကောင်းဆုံးဘက်သို့ ရွေ့လျားသွားခဲ့လေသည်။

အသားညိုနေခြင်းကြောင့်ဘုံရိပ်သာဂေဟာတွင်ကျွန်ုပ်သည်ဘဝတူမိဘမဲ့ အောက်တန်းစား ကလေကချေများ၏ အနိုင်ကျင့်ခြင်းကို တစ်ဝကြီးခံခဲ့ရသည်။ ထိုညိုသော အသားရောင်ကြောင့်ပင်လျှင် မစ္စတာဟောင်းဝပ်လက်ထဲ ရောက်သွားသောအခါ ကျွန်ုပ်သည် အခြားသူငယ်ချင်းများအားလုံးထဲတွင် အရေးပေးအခံရဆုံး ဖြစ်သွားလေသည်။

မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်၏ အသားရောင်ကိုအနီးကပ်ကြည့်လိုက်၊ လက်မောင်းပခုံးများကို ကိုင်ကြည့်လိုက်ဖြင့် ကျေနပ်နေလေသည်။

"ဟုတ်တယ်. . .ဟုတ်တယ်၊ ဒီလိုအသားအရေမျိုးပေါ့၊ ကောင်းကောင်းကြီး နေလောင်ခံထားရတဲ့ အသားရောင်မျိုး၊ နီပြီး ညိုမောင်းနေတယ်၊ ပြီးတော့ ကျစ်လျစ်မာကြောနေတယ်၊ ပြီးတော့ မှဲ့ခြောက်တွေ ဘာတွေမရှိဘဲ ချောမွတ်နေတယ်၊ ဒီလိုအသားအရေမျိုးပါပဲ. . ."

ဟု တတွတ်တွတ်ပြောရင်းက မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်ကို ရီဝေစွာ စိုက်ကြည့်ပြန်ကာ. . .

"လူကလေး ဘရောင်းနီ(အသားညိုခြင်းကိုအစွဲပြု၍သူကကျွန်ုပ်ကို ဘရောင်းနီဟု ခေါ်သည်) ကျုပ်ဒီလောက်ထိ ချမ်းသာကြွယ်ဝလာအောင် အလုပ်လုပ်ပေးခဲ့ကြသူတွေထဲမှာ လူကလေးရဲ့ အသားရောင်လိုညိုတဲ့သူတွေက အဓိက ဖြစ်ကြတယ်၊ သူတို့ဟာ လားတစ်ကောင်လို အလုပ်လုပ်ကြတယ်၊ ကျွဲတစ်ကောင်လို အပင်ပန်းခံနိုင်ကြတယ်၊ ရိုးသားတယ်၊ လောဘမရှိကြဘူး၊ သူတို့အလုပ်လုပ်ပေးတာထက် ဆယ်ဆလောက်နည်းတဲ့ လုပ်ခကိုပဲ သူတို့က ကျေးဇူးတင်စွာနဲ့ လက်ခံရယူတတ်ကြတယ်၊ စိတ်ဓာတ်ရိုးဖြောင့်တယ်၊ ဘာဆို ဘာတစ်ခုမှ ရှုပ်ရှုပ်ထွေးထွေး မတွေးကြဘူး၊ ရောင့်ရဲလွယ်တဲ့စိတ်နဲ့အရာရာကို လက်ခံကြတယ်၊ အဲဒီလူတွေဟာ စူမတြား၊ ဂျဗားကျွန်းဆွယ်တွေမှာ နေကြတယ်၊ အာရှတိုက် အရှေ့တောင်ပိုင်းမှာလည်း နေကြတယ်၊ လူကလေး သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



သူပြောသည့် စကားထဲမှ အမည်နာမများသည် နေရာဒေသများ၏ အမည်များဖြစ်လိမ့်မည်ဟုသာ ကျွန်ုပ်မှန်းဆနိုင်သည်။တကယ်တမ်းကား မသိ၊ သို့သော် မစ္စတာဟောင်းဝပ် ကျေနပ်အောင်ခေါင်းကိုအလေးအနက်ညိတ်ပြလိုက်သည်။

"အဲဒီဒေသကလူတွေ ကျွဲလို နွားလို ပင်ပင်ပန်းပန်းလုပ်ပေးခဲ့ကြလို့ ကျုပ်မှာ ဒီလိုစည်းစိမ်ဥစ္စာတွေ ရရှိပိုင်ဆိုင်လာတာပဲ လူကလေး ဘရောင်းနီ၊ ကျုပ်ဒီလို ချမ်းသာကြွယ်ဝလာတာဟာ လူကလေးလို အသားရောင်ညိုတဲ့သူတွေကြောင့် ဖြစ်တယ်၊ ကျုပ်အပေါ်မှာ အသားညိုသူတွေ ကျေးဇူးတွေ အများကြီးရှိတယ်၊ ဒီကျေးဇူးတွေအတွက် လူကလေးကို အထိမ်းအမှတ်ထားပြီး ကျေး ဇူးတုံ့ပြန်ပေးဆပ်ရလိမ့်မယ်လေ"

သူ့စကားများကို အတိအကျနားမလည်သော်လည်း ပြုံး၍ ခေါင်းညိတ်ရပြန်သည်။မစ္စတာဟောင်းဝပ်၏စိတ်အားထက်သန်မှုကိုကျွန်ုပ်မနှောင့်ယှက်လိုပေ။

"နေစမ်းပါဦး လူကလေး၊ မင်းက ဘာကြောင့် အသားညိုနေရတာလဲ၊ အဖေ ဒါမှမဟုတ် အမေဘက်က အသားညိုတဲ့ အမျိုးအနွယ်ရှိလို့လား"

ကျွန်ုပ်ဘာမှ မသိပါကြောင်း၊ မိဘနှစ်ပါးကိုလည်း မြင်ဖူးဖို့ဝေးစွ၊ မည်သူမည်ဝါမှန်း မသိပါကြောင်း၊ ထို့ကြောင့် မစ္စတာဟောင်းဝပ်၏မေးခွန်းကို မဖြေတတ်ပါကြောင်း ရိုးသားစွာပင် ဝန်ခံလိုက်ရလေသည်။

မစ္စတာဟောင်းဝပ်က ခေါင်းကို အသာအယာခါယမ်းပြီးမှ. . .

"အေးလေ. . .ဘုံရိပ်သာဂေဟာ ရောက်ရပြီဆိုကတည်းက ဘယ်သိတော့မှာလဲ၊ ထားပါလေ၊ ရှိပါစေတော့၊ ဒါဆိုနောက်တစ်ခု မေးကြည့်ဦးမယ်လေ၊ မင်း မိဘဆွေစဉ်မျိုးဆက်ထဲက မဟုတ်တောင်မှ ဘုံရိပ်သာဂေဟာမှာ မင်းကို လာဆက်သွယ်တဲ့လူ တစ်ယောက်ယောက်၊ ဒါမှမဟုတ် မင်းကိုအပ်နှံခဲ့တဲ့ လူတစ်ယောက်ယောက်ကိုကော မင်းမှတ်မိနိုင်မလား လူကလေး"

ထိုမေးခွန်းကိုလည်း ကျွန်ုပ်ရိုးသားစွာ ဖြေရပြန်သည်။

"မစ္စတာဟောင်းဝပ်ခင်ဗျား၊ ဘုံရိပ်သာဂေဟာနဲ့ ပတ်သက်ပြီးကျွန်တော်လူမှန်းသိတဲ့အရွယ်၊ မျက်စိနှစ်လုံးဖွင့်ကြည့်လိုက်တဲ့အခါမှာ ပထမဆုံးမှတ်မိလိုက်တာက အောက်သိုးသိုးအနံ့နဲ့ အေးစက်နေတဲ့ ဂေဟာလုပ်စွပ်ပြုတ်ပန်းကန်ပဲ ဖြစ်ပါတယ်ခင်ဗျား"

"အိုး. . .တယ်ဆိုးပါလား၊ လူကလေး၊ အင်း. . .အင်း ရှိပါစေတော့ကွယ်၊ နောက်ကို မင်းရဲ့ ဇာစ်မြစ်နဲ့ ပတ်သက်ပြီးကျုပ်ဘာမှမမေးတော့ပါဘူး၊ ဆက်မေးနေရင်လည်း မင်းပေးလာမယ့် အဖြေတွေက ဂေဟာလူကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေ လက်ထဲက ကြာပွတ်တို့၊ ပုပ်နေတဲ့ အာလူးပြုတ်တို့၊ သိုးနေတဲ့ အမဲရွတ်တို့ ဆိုတာတွေပဲ ကြားရတော့မှာပေါ့”

သူပြောပုံ အကဲပါလှသဖြင့် ကျွန်ုပ်ရယ်မိလေသည်။ မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်ရယ်နေသည်ကို စိုက်ကြည့်ရင်း . .

“အင်း . .ဒီလိုသွားမျိုးတွေပဲ၊ မျက်လုံးတွေကလည်း ဒီလို အနက်ရောင်တွေပဲ၊ ဒါဟာ အရှေ့တိုင်းဒေသတွေမှာသာ တွေ့နိုင်တဲ့ ရုပ်လက္ခဏာတွေပဲ၊ အေးလေ အရှေ့တိုင်းဒေသက လူတွေရဲ့ ကျေးဇူးကို ဆပ်ဖို့နဲ့ ကျုပ်ရဲ့ အပြစ်များ ဆေးကြောတိုက်ချွတ်ဖို့အရေးမှာတော့ မင်းဟာ အကောင်းဆုံး အထိမ်းအမှတ်ပါပဲ ဘရောင်းနီရယ်”

ဆွေးရိပ်သန်းသော နောင်တမျက်လုံးများဖြင့်ကြည့်ကာ ကျွန်ုပ်နားမလည်နိုင်သော စကားလုံးများဖြင့် တတွတ်တွတ်ရေရွတ်ညည်းတွားတတ်သည်မှအပ အဘိုးမစ္စတာဟောင်းဝပ်သည် ကျွန်ုပ်အတွက် ဧရာမ ကယ်တင်ရှင်ကြီးပင်တည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

ယင်းသို့ဖြင့် မြေပိုင်ရှင်သူဌေးကြီး မစ္စတာဟောင်းဝပ်ဖရန့်၏ ကျေးဇူးကြောင့် ကျွန်ုပ်သည် လူကုံထံကလေးတစ်ဦးအဖြစ် လန်ဒန်မြို့ရှိ အကောင်းဆုံး ကျောင်းတွင် တက်ရောက်ပညာသင်ယူခွင့် ရရှိခဲ့သည်။

အစားအစာ၊ ဝတ်စုံ၊ အိပ်ခန်း၊ အစေခံစသည်ဖြင့် ယခင်ကအိပ်မက်ထဲမှာပင် ထည့်မက်ရကောင်းမှန်း မသိခဲ့သည့် အဆောင်အယောင်များဖြင့် နေထိုင်ကြီးပြင်းခဲ့ရသည်။ ကျွန်ုပ်နှင့်အတူ မစ္စတာဟောင်းဝပ် ကယ်တင်ရွေးချယ်ခဲ့သော အခြားသူငယ်ချင်း ကိုးဦးတို့လည်း သူတို့နည်းသူတို့ဟန်ဖြင့် အသီးသီး အသက လူလားမြောက်ခဲ့ကြလေသည်။

ဤသို့ဖြင့် တစ်နှစ်ပြီးတစ်နှစ်နှင့် အချိန်ကာလများ ကုန်ဆုံးသွားခဲ့ပြီး နောက်တွင် ကျွန်ုပ်တို့ အရွယ်ရောက် အရာဝင်လာကြသလို မစ္စတာဟောင်းဝပ်သည်လည်း အိုမင်းမစွမ်းအရွယ်သို့ ရောက်ရှိလာလေသည်။

တစ်နေ့သောအခါ မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်တို့အားလုံးကို သူ၏ အိပ်ခန်းထဲသို့ ခေါ်ယူစုရုံးစေပြီးနောက် စိတ်နှလုံး ကြေကွဲ တုန်လှုပ်ဖွယ် စကားများကို ဤသို့ပြောဆိုလေသည်။

"လူကလေးတို့၊ ပန်းပွင့်ကလေးတွေ အပြိုင်းအရိုင်း၊ ဖူးပွင့်လာကြချိန်မှာပင် အိုကြီးကတော့ ခြောက်သွေ့လဲကျတော့မယ်၊ ဘာပဲဖြစ်ဖြစ် လူကလေးတို့ရဲ့ ဘဝကိုကြည့်ပြီး ကျုပ်ရဲ့ကောင်းကင်ဘုံခရီးကို ကျုပ်စိတ်ချသွားပြီ၊ ကျုပ်ရဲ့ဘဝမှာ တင်ရှိနေတဲ့ ကြွေးမြီတွေကို ပြန်လည်ပေးဆပ်ရာမှာ ကျုပ်ဖြစ်စေချင်တဲ့အတိုင်း လူကလေးတို့က ပါဝင်ကပြပေးခဲ့ကြတဲ့အတွက် လူကလေးတို့ကိုလည်း ကျုပ်ကပြန်ပြီးကျေးဇူးတင်ရမှာဖြစ်ပေတယ်။ကျုပ်ရဲ့ ဝိညာဉ်ကို ဆေးကြောသန့်စင်ရာမှာ လူကလေးတို့ကလည်းပါဝင်ပွတ်တိုက်ပေးရာ ရောက်ခဲ့တယ်။ ကျုပ်ဟာ အခုဆိုရင် လိပ်ပြာသန့်စွာနဲ့ ထွက်ခွာဖို့ အသင့်ရှိနေပြီ။ ကျုပ်ထွက်ခွာမသွားခင်မှာ လူကလေးတို့ တစ်ဦးစီအတွက် ကျုပ်အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်တွေ ချထားပေးခဲ့တယ်၊ ကျုပ်ရဲ့ သေတမ်းစာထဲမှာအားလုံးရေးထားပြီး ပြီ၊ ကျုပ်အတွက် ဆုတောင်းပေးကြပေတော့၊ ခွဲခွာကြရပြီး နောက်ပိုင်းကာလ တွေမှာလည်း အခုအတိုင်းပဲ ကျုပ်ဖြစ်စေချင်သလို ဆက်လက်ပြီး နေထိုင် ရှင်သန်ပေးကြဖို့ မေတ္တာရပ်ခံချင်တယ်"

မစ္စတာဟောင်းဝပ်သည် ရှေ့နေများ၊ဂုဏ်သရေရှိလူကြီးလူကောင်း များကိုခေါ်ယူကာ သေတမ်းစာများ ရေးသားအမွေခွဲဝေကာ ကျွန်ုပ်တို့ဆယ်ဦး အတွက် ရှေ့အစီအစဉ်များကို ချမှတ်ပေးသည်။ သေတမ်းစာအရ အမွေထိမ်း ပုဂ္ဂိုလ်ထံတွင် ကျွန်ုပ်တို့အတွက် ငွေများအပ်နှံပေးခဲ့ခြင်း၊ လူကောင်းလေးများ အဖြစ် နေထိုင်ရှင်သန်သွားရမည့် စည်းကမ်းချက်များ ရေးဆွဲခြင်းစသည်ဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို စီမံပေးပြီးနောက် မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်တစ်ဦးတည်းကို သီးသန့်ခေါ်ယူခဲ့လေသည်။

"ဘရောင်းနီ၊ လူကလေးဆယ်ဦးထဲမှာတစ်ဦးအပါအဝင်ဖြစ်တဲ့မင်း ကို အမွေပေးအစီအစဉ်တွေ ချပေးခဲ့ပြီး အခုဘာကြောင့် မင်းတစ်ယောက် တည်းကို သီးခြားထပ်ခေါ်ရသလဲဆိုတာ မင်းသိလိမ့်မယ်ထင်တယ်"

အသားညိုခြင်း၊ မျက်လုံးနက်ခြင်း၊ သွားများ အနည်းငယ်ကြီးပြီး ဖြူဖွေးခြင်း၊ ဆံပင်နက်ခြင်း စသည့် ကျွန်ုပ်၏ ရုပ်လက္ခဏာများကြောင့် ဖြစ် သည်ဟု ထင်ကြောင်း၊ ယင်းတို့ကို အကြောင်းပြု၍ ကျွန်ုပ်အား သီးသန့် တာဝန်တစ်ခုခုပေးအပ်ချင်မည်ဟု ယူဆပါကြောင်း ကျွန်ုပ်အနူးအညွတ် ပြော လိုက်သည်။

"ဟုတ်ပေတယ် ဘရောင်းနီ၊ ကျုပ်ရဲ့ထူးခြားတဲ့စွဲလမ်းမှုနဲ့လေးနက် စွာ ညွတ်နူးနေတဲ့ အာရုံတွေကြောင့် မင်းကို ခုလို သီးခြားထပ်ခေါ်ရတာပဲ၊ အခြားလူကလေး ကိုးဦးနဲ့အတူ မင်းရရှိတဲ့ အမွေနဲ့ မင်းလိုက်နာရမယ့်စည်း ကမ်းတွေကို မင်းမှတ်မိပါတယ်နော်"

သင့်တင့်မျှတသော တစ်နှစ်စာဝင်ငွေအဖြစ် သတ်မှတ်ပေးထား သည့် ဝင်ငွေများနှင့် လိုက်နာနေထိုင်ကျင့်သုံးရမည့် စည်းကမ်းချက်များကို ရှေ့နေများထံမှ သိရသည့်အတိုင်း ကျွန်ုပ်ပြောပြလိုက်သည်။ သေတမ်းစာ စည်းကမ်း ချက်များထဲမှာ အချို့သိသင့်သိထိုက်သော အချက်အလက်များကို မစ္စတာဟောင်းဝပ်၏ ခွင့်ပြုချက်ဖြင့် ရှေ့နေများက ကျွန်ုပ်တို့အား ဖတ်ပြပြီး ဖြစ်လေသည်။

မစ္စတာဟောင်းဝပ်သည်ကျွန်ုပ်၏ပြန်ပြောပြချက်များကိုအစမှအဆုံး နားထောင်ပြီးမှ ကျွန်ုပ်အား သူ့အိပ်ရာအနီးသို့ ရွှေ့ထိုင်ရန် ခေါ်ပါသည်။

"ဘရောင်းနီ၊ အဲဒီအချက်အလက်တွေဟာကျန်တဲ့လူကလေးကိုးဦး



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ ပဓာနကျတဲ့အချက်အလက်တွေ ဖြစ်တယ်၊ သူတို့အနေနဲ့အဲဒီ စည်းကမ်းချက်တွေ၊ အဲဒီရပိုင်ခွင့်တွေကို မဖြစ်မနေလိုက်နာကြရလိမ့်မယ်၊ ဒါပေမဲ့ လူကလေး ဘရောင်းနီ. . ."

အဘိုးကြီး၏မျက်လုံးများမှာ စူးရှလွန်းသောကြောင့် ကျွန်ုပ်မှာ သူ့အကြည့်ကိုရင်မဆိုင်ဝံ့ဘဲအိပ်ခန်းပြတင်းပေါက်ဆီသို့မျက်နှာလွှဲထားရလေသည်။

"လူကလေး ဘရောင်းနီ၊ မင်းတစ်ယောက်အနေနဲ့ အဲဒီအချက်တွေကို ချိုးဖောက်ပိုင်ခွင့်ရှိတယ်၊ ဖယ်ရှားနိုင်ခွင့်ရှိတယ်ဆိုရင်ကော. . ."

ကျေးဇူးရှင်ကြီး ချမှတ်ပေးထားသော စည်းကမ်းချက်များကို ချိုးဖောက်ရန်၊ ပယ်ရှားရန် မဝံ့ပါကြောင်း ကျွန်ုပ်ပြန်ဖြေလိုက်သည်။

မစ္စတာဟောင်းဝပ်၏ မျက်နှာပြင်ပေါ်တွင် လေးနက်သော အပြုံးတစ်ခုပေါ်ပေါက်လာကာ. . .

"ပိုမို များပြားသော အမွေ၊ ပိုမိုတင်းကျပ်သော စည်းကမ်းချက်မျိုးအတွက်ဆိုရင်တော့ မင်းချိုးဖောက်ဖယ်ရှားနိုင်မလား လူကလေး"

သူ၏လေးနက်သောအပြုံးထဲ၌အဓိပ္ပာယ်တစ်ခုကိုကျွန်ုပ်တွေ့လိုက်သည်။ ချိုးဖောက်ဖယ်ရှားပစ်ရန်အတွက် သူကိုယ်တိုင်ကပင် လိုလားနေကြောင်းလည်း ကျွန်ုပ်နားလည်လိုက်လေသည်။ ဘာကြောင့်မှန်းမသိ၊သူ့ဆန္ဒတစ်စုံတစ်ခုကို လိုက်လျောရန်အတွက် ကျွန်ုပ်ကိုယ်တိုင်လည်း စိတ်ပါလာသည်။ ထို့ကြောင့် စကားလုံးများကို အသေအချာစဉ်းစား ပြောလိုက်ရလေသည်။

"ပိုမိုများပြားသော အမွေ၊ ပိုမိုတင်းကျပ်သော စည်းကမ်းချက်များ အပြင်မှာအဘိုးရဲ့ဆန္ဒတစ်ခုခုအတွက်ပိုမိုဖြည့်စွမ်းခွင့်လည်းပါလာမယ်ဆိုရင်တော့ စောစောက စည်းကမ်းချက်တွေကို ကျွန်တော်က ချိုးဖောက်ဖယ်ရှားနိုင်ပါလိမ့်မယ်ခင်ဗျား. . ."

မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်၏လက်များကို ဖျော့တော့သေးသွယ်သော သူ့လက်ချောင်းများဖြင့် ဆွဲယူဆုပ်ကိုင်လိုက်လေသည်။ အတန်ကြာ ဖျစ်ညှစ်ထားပြီးမှ ပြန်လွှတ်လျက်။

"ဘရောင်းနီ၊ အိန္ဒိယပြည်ကို မင်းသိသလား"

သူ့ခေါင်းရင်းရှိ နာရီတင်စားပွဲပေါ်မှ စားပွဲတင် ကမ္ဘာလုံးကိုလှည့်ကာ အိန္ဒိယပြည်ရှိရာကို ကျွန်ုပ်ထောက်ပြလိုက်သည်။ မစ္စတာဟောင်းဝပ်၏ ဖျော့တော့ရီဝေမျက်လုံးများတွင် အရည်ကြည်လေးတစ်ချက် လဲ့သွားသည်ဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာလုံးကို ဒီနားယူခဲ့စမ်းပါ ဘရောင်းနီ"

သူ့အိပ်ရာပေါ်သို့ စားပွဲတင်ကမ္ဘာလုံးကို တင်ပေးလိုက်သည်။ကမ္ဘာလုံးပေါ်မှ အိန္ဒိယပြည်ရှိနေရာကို သူသည်လက်ဖြင့်ပွတ်သပ်နေသည်။အဖိုးတန်ကျောက်မျက်ရတနာတစ်လုံးကို မြတ်နိုးစွာ အရသာခံ၍ ကိုင်တွယ်ပွတ်သပ်နေသလို ဖြစ်သည်။ အိန္ဒိယ. . .အိန္ဒိယဟုလည်း တိုးတိတ်စွာ ရေရွတ်နေသည်။ ပြီးမှ ကျွန်ုပ်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ကာ. . .

"ကျုပ် မရှိတဲ့နောက်မှာ မင်းအဲဒီကို သွားရလိမ့်မယ်"

"ခင်ဗျာ. . .အိန္ဒိယတိုင်းပြည်ကိုလား ခင်ဗျာ"

"ဟုတ်တယ်၊ အိန္ဒိယပြည်မှာ ကျုပ်ရဲ့ညီရှိတယ်၊ သူက ကျုပ်ထက်ချမ်းသာတယ်၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းကုမ္ပဏီကြီးတစ်ခုကိုပိုင်ဆိုင်တယ်၊ သူ့ဆီကိုလူကလေးသွားရလိမ့်မယ်"

"အဲဒီကို သွားပြီး ကျွန်တော်ဘာလုပ်ပေးရမလဲ၊ ဘာယူသွားရမလဲ၊ ဘာယူဆောင်ခဲ့ရမလဲ ခင်ဗျာ"

မစ္စတာဟောင်းဝပ်သည် ကျွန်ုပ်၏လက်ကို တင်းကျပ်စွာ ဖျစ်ညှစ်လျက်. . .

"မင်း. . .အဲဒီကို သွားနေရလိမ့်မယ် လူကလေး"

အံ့ဩခြင်းဖြင့် တစ်ခုခုကို ကျွန်ုပ်မရေရွတ်နိုင်မီမှာပင် သူကတသွင် သွင်စီးကျသော ရေတံခွန်နှယ် ပြောလာတော့သည်။

"အိန္ဒိယမှာ နေရမယ်၊ ကျုပ်ညီရဲ့ အမွေခံအမွေစားသားအဖြစ်နေရမယ်၊ ဒီမှာထားရှိတဲ့ သေတမ်းစာပါ အချက်အလက်တွေဟာ အလိုအလျောက်ပယ်ဖျက်ပြီး ဖြစ်တယ်၊အိန္ဒိယမှာနေဖို့နဲ့အခြားကိစ္စအဝဝတွေကိုတော့ကျုပ်ညီက စီစဉ်ပေးလိမ့်မယ်၊ ဘယ့်နှယ်လဲ လူကလေး၊မင်းသွားနေမယ်မဟုတ်လား၊ ကျုပ်အတွက် အိန္ဒိယကို မင်းသွားနေမယ်မဟုတ်လားဟင်. . ."

အိန္ဒိယပြည်။ ကမ္ဘာ့အရှေ့နိုင်ငံတစ်ခု၊ ကမ္ဘာ့မြေပုံပေါ်တွင် အမှတ်မထင်တွေ့မြင်နေသည်မှအပ ဘာတစ်ခုမှ စိတ်ဝင်စားခြင်းမရှိခဲ့သောဒေသတစ်ခု၊ ပြီးတော့ မစ္စတာဟောင်းဝပ်၏ ညီ။ သစ်ထုတ်လုပ်ရေး ကုမ္ပဏီ။ အမွေခံသား။

"မင်း သွားနေမယ်မဟုတ်လား. . .လူကလေး၊ ကျုပ်အတွက် မင်းသွားနေမယ်မဟုတ်လား. . .ဟင်"

အဘိုးကြီး၏ သေးသွယ်ကြုံလှီသော လက်ချောင်းများဆီမှ အင်အားကြီးမားသော တစ်စုံတစ်ခုသည် ကျွန်ုပ်ဆီသို့ လျှပ်စစ်ဓာတ်စီးသလို ကူး ဝင်ပျံ့နှံ့လာမည်ဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတရား၊ မေတ္တာ၊ ကရုဏာ၊ကူညီရိုင်းပင်းမှု၊နောက်ဆုံးအချိန်သို့ရောက်နေသော ကျေးဇူးရှင်ကြီး၏ အလိုဆန္ဒ။ ထူးခြားပြင်းထန်သော စိတ် အားထက်သန်မှုနှင့် ကျေးဇူးစောင့်သိ ပေးဆပ်ခြင်း။

အရာခပ်သိမ်းသည် ကျွန်ုပ်အား ခေါင်းခါခွင့်မပြုတော့။

ပင့်သက်တစ်ချက်ကို သူမသိအောင် ရှိုက်လျက် ကျွန်ုပ်ပြောလိုက်သည်။

"ဖြစ်စေချင်တာအားလုံး ဖြစ်ရပါစေ့မယ် ခင်ဗျ"

"ကျေးဇူးတင်လိုက်တာဘရောင်းနီသားရယ်၊ကျေးဇူးတင်လိုက်တာ"

မစ္စတာဟောင်းဝပ်၏ မျက်လုံးထဲမှ မျက်ရည်များစီးကျလာသည်။ သူ့ရုပ်သွင်သည် ကျွန်ုပ်၏မြင်ကွင်းထဲမှာ မှုန်ဝါးသွားသည်။ကျွန်ုပ်ကိုယ်တိုင်လည်း မျက်ဝန်းအိမ်မှာ မျက်ရည်များ ဝန်းဖွဲ့လာသောကြောင့် ဖြစ်လေသည်။

နောက် ရက်သတ္တပတ်အလွန်တွင် ကျေးဇူးရှင်ကြီး မစ္စတာဟောင်းဝပ်သည် အနိစ္စရောက်သွားခဲ့ရှာသည်။ ဈာပနကိစ္စအဝဝကို ဆောင်ရွက်ပြီး ရက်သတ္တသုံးပတ်မြောက်တွင် ကျွန်ုပ်လည်း ကမ္ဘာ့မြေပုံပေါ်တွင် အမည်နှင့်တည်နေရာလောက်ကိုသာ သိထားပြီး တစ်ခါမှ မရောက်ဖူးသည့်၊ဘယ်တုန်းကမှလည်း သွားရမည်ဟု စိတ်ကူးမထားခဲ့သည့် အိန္ဒိယပြည်သို့ ထွက်ခွာခဲ့ရလေသည်။

'အဲလစ်၏ ထူးဆန်းသောကမ္ဘာ' ပြီးလျှင် ကျွန်ုပ်၏ အိန္ဒိယပြည်ခရီးကို ကမ္ဘည်းထိုးထိုက်ကောင်းသည်ဟု မှတ်ထင်မိတော့သည်။

သို့ဖြင့်ပင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့၊ ဇာတိချက်ကြွေ မွေးရပ်မြေနှင့်တကွသော အနောက်ဒေသသည် ကျွန်ုပ်နှင့် မည်သို့မျှ ဆက်လက်၍ ပတ်သက်ရန် အကြောင်းမရှိတော့ဘဲ အိန္ဒိယပြည်ခရီး၏ ဟိုမှာဘက်တွင် မည်းမှောင်စွာ ကျန်ရစ်ပျောက်ဆုံးသွားလေတော့သည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

ကာလကတ္တားမြို့ဆိပ်ကမ်းသို့ ကျွန်ုပ်စီးနင်းလိုက်ပါလာသော ပင်လယ်ကူး သင်္ဘောကြီး ဆိုက်ကပ်လိုက်သည်တွင် ကျွန်ုပ်၏ရင်ထဲတွင် အမည် မဖော်ပြ နိုင်သော ခံစားမှုများ ဝင်ရောက်လာကြသည်။

စည်ကား၍ သန့်ရှင်းသပ်ရပ်မှု မရှိလှသည့် သင်္ဘောဆိပ်သည်ထူး ခြားသော မြင်ကွင်းများဖြင့် ကျွန်ုပ်ကို ဆွဲဆောင်နေသည်။ အင်္ဂလန်တွင်ရှိစဉ် က အခြားသော အင်္ဂလိပ်များအလယ်တွင် သိသိသာသာကြီး 'ညို'နေသော ကျွန်ုပ်မှာ ကာလကတ္တားဆိပ်ကမ်းမှလူများနှင့်နှိုင်းယှဉ်ကြည့်သောအခါအဖြူ ဘက်သို့လုသွားသည်ကိုလည်း သတိပြုမိလိုက်သည်။ သို့သော် အိန္ဒိယသား တို့မည်းပုံမှာ လန်ဒန်တွင် ကျွန်ုပ်တွေ့ဖူးသော ကပ္ပလီများနက်ပုံနှင့် မတူ ကြောင်းလည်း တွေ့ရသည်။

"မစ္စတာဂူးလက်ချန်း၊ ခင်ဗျားရဲ့ အိမ်သစ်ဆီကို ရောက်ပါပြီ"

သင်္ဘောအပေါ်ထပ်အခန်း၏ ပြတင်းဘောင်တွင် လက်ထောက် ရင်း အဝေးသို့ငေးကြည့်နေမိစဉ် သင်္ဘောကပ္ပတိန်ကအခန်းဝမှနေ၍ နှုတ် ဆက်လာလေသည်။ ကျွန်ုပ်ပြောပြထားသဖြင့် ကပ္ပတိန်သည် ကျွန်ုပ်၏ ထူးခြားသော ဇာတ်ကြောင်းများကို သိထားပြီးဖြစ်သည်။ ထို့ကြောင့် 'ခင်ဗျား ရဲ့အိမ်သစ်' ဟု ကျီစယ်ပြောဆိုခြင်း ဖြစ်လေသည်။

"တကယ့်ကို အသစ်ကျပ်ချွတ်အိမ်သစ်ပေါ့ဗျာ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်သောအခါ ကပ္ပတိန်က ရယ်သည်။

"အစစအရာရာ အဆင်ပြေပါစေလို့ ဆုတောင်းပါတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားကို လာကြိုမယ့် အဆက်အသွယ်ကော. . ."

"ကျွန်တော့်ကျေးဇူးရှင်ကြီး မစ္စတာဟောင်းဝပ်က အားလုံးစီစဉ်ပေး သွားတယ် ကပ္ပတိန်၊ ဒီကာလကတ္တားမှာ သူ့ညီကိုယ်တိုင်. . ."

ကျွန်ုပ်၏ စကားမဆုံးမီမှာပင် အခန်းဝ၌ ကြီးမားထွားကျိုင်းသော



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယတိုင်းသားတစ်ဦးရောက်ရှိလာကာ ကျွန်ုပ်ရှိရာဘက်သို့ ဦးညွတ်လျက်

"ခွင့်လွှတ်ပါ၊ ဒီသခင်လေးဟာ လန်ဒန်ကလာတဲ့ မစ္စတာဂူးလက်ချန်း ဟုတ်ပါသလား ခင်ဗျား"

မည်းနက်စိုပြည်သော အသားအရေ၊ ဆွတ်ဆွတ်ဖြူဖွေးနေသော ဝတ်စုံတို့ဖြင့် တိကျသပ်ယပ်နေသည့် ဆန့်ကျင်ဘက်အရောင်နှစ်ခုကြားမှ ထို လူကြီးကို ချက်ချင်းပင် စိတ်ဝင်စားသွားမိရင်း ကျွန်ုပ်ဖြေလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်တော် ဂူးလက်ချန်းပါ"

အဖြူကြားမှ အမည်းကြီးသည် သိုက်မြိုက်သော အမူအရာဖြင့် ခါးကိုကိုင်း၊ ဦးခေါင်းကိုညွှတ်လျက် နှုတ်ဆက်ပြန်သည်။ နားရွက်ဖျားများအထိ ဖုံးအုပ်ပေါင်းထုပ်စည်းနှောင်ထားသော သူ၏ခေါင်းပတ်အဝတ်ဖြူများအောက်မှ ပြောင်းဖူးမွေးရောင်ဆံပင်များ တစ်ပင်စ နှစ်ပင်စ ထွက်နေသည်။

"ကျွန်တော့်နာမည်ကို ဒီဗားလို့ပဲ သခင်လေးခေါ်နိုင်ပါတယ်၊ လန်ဒန်သူဌေးကြီး မစ္စတာဟောင်းဝပ်ဖရန့်နဲ့ သူ့ရဲ့ညီ မစ္စတာဂျိုနသန်ဖရန့်တို့ရဲ့ စီစဉ်မှုအရ ကျွန်တော်သခင်လေးကို လာကြိုခြင်းဖြစ်ပါတယ်"

'သခင်လေး'ဟု အခေါ်ခံရသည်ကို စိတ်မလုံမလဲဖြစ်မိရင်းမှပင် ဒီဗားကို ကျွန်ုပ်ပြုံးပြလိုက်သည်။

"ဒီဗား၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်အသစ်ကို ဘယ်တော့တွေ့ရမလဲ၊ မစ္စတာဂျိုနသန်ဖရန့်ဟာ သူ့ရဲ့အိမ်ကနေ စောင့်နေသလား၊ ကမ်းပေါ်ကပဲ စောင့်နေသလား"

ဒီဗားသည် လက်နှစ်ဖက်ကို ရင်ညွှန့်ရှေ့တွင် ဆုပ်နယ်လျက်တိုးတိမ်သွားသော အသံဖြင့် တစ်လုံးချင်း ရေရွတ်လိုက်လေသည်။

"ခွင့်လွှတ်ပါ သခင်လေးခင်ဗျား၊ ခရီးရောက်မဆိုက်မှာ ဒီအမင်္ဂလာသတင်းကို ကျွန်တော်ပြောရပါတော့မယ်၊ မစ္စတာဟောင်းဝပ်ဖရန့်ရဲ့ညီ သစ်ကုမ္ပဏီပိုင်ရှင်သခင်ကြီး မစ္စတာဂျိုသန်ဖရန့်ဟာ တစ်နေ့ကပဲ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့ပါပြီ"

"ဘယ်လို. . .သူ. . .ကွယ်လွန်"

"ခွင့်လွှတ်ပါ သခင်လေး၊ သခင်ကြီးဂျိုနသန်ဟာ သူ့အစ်ကိုသူဌေး ကြီးရဲ့မှာကြားချက်အစီအစဉ်အရ သခင်လေးကို ကြိုဆိုဖို့အတွက် ဟိုး. . . မြောက်ဘက်တောင်တန်းမှာရှိတဲ့ သစ်တောကြီးကနေပြီး ပြန်အလာမှာ ချောက်ထဲကို ကားထိုးကျပြီး ကွယ်လွန်သွားခဲ့ပါပြီ"

နေရာမှာပင် ကျွန်ုပ်မလှုပ်မရှားနိုင်ဖြစ်သွားသည်။

တစ်ခါမှ မရောက်ဖူးသော ဒေသ၊ တစ်ခါမှ မတွေ့ဖူးသော မရှိဘာ



www.burmeseclassic.com

www.burmeseclassic.com



ဂျိုနသန်ဖရန့်၊ ကွယ်လွန်သွားသော မစ္စတာဟောင်းဝပ်ဖရန့်၏ စီစဉ်မှုဖြင့် ကျွန်ုပ်ဆက်သွယ်တွေ့ဆုံရမည့်သူ။ ထိုပုဂ္ဂိုလ်မှာ ယခုကွယ်လွန်သွားခဲ့ပြီ။ ကာလကတ္တားမြေပေါ်သို့ ခြေမချရသေးခင်မှာပင် တုန်လှုပ်စရာအဖြစ်သနစ်က ဆီးကြိုနှင့်နေပြီ။

"မစ္စတာ ဂူးလက်ချန်း၊ စီးကရက်သောက်ပါ"

ကပ္ပတိန်ထိုးပေးလာသော စီးကရက်ဘူးထဲမှ တစ်လိပ်ကိုဆွဲ၍သူ့မီးခြစ်နှင့်ပင် မီးညှိလိုက်ရသည်။ ကပ္ပတိန်၏ မီးခြစ်မှ မီးတောက်နှင့် ထိတွေ့မိအောင် တုန်ယင်နေသော ကျွန်ုပ်၏ လက်များကို အတော်ကြီး ဂရုတစိုက်ထိန်းရသည်။ ထို့နောက် ကျွန်ုပ်၏စိတ် ငြိမ်သက်စေရန် ကူညီပေးသော ကပ္ပတိန်အား ကျေးဇူးတင်စွာဖြင့် ခေါင်းညိတ်ပြလိုက်မိသည်။

စင်စစ်မူ ဤအချိန်တွင် ကျွန်ုပ်သည် ဘရန်ဒီပြင်းပြင်းတစ်ခွက်လောက်ကို သောက်ချပစ်လိုက်သင့်လှတော့သည်။

ဒီဗားသည် ကျွန်ုပ်၏ ကယောက်ကယက်ဖြစ်သွားသော အမူအရာများငြိမ်သက်သွားသည်အထိ စောင့်နေပြီးမှ စကားဆက်လေသည်။

"ကျွန်တော်က သူဌေးကြီး မစ္စတာဂျိုနသန်ဖရန့်ရဲ့ ဘဏ္ဍာစိုးကြီးဖြစ်ပါတယ် သခင်လေး၊ အခုအခါမှာတော့ သူဌေးကြီးညီနောင်တို့ရဲ့ သေတမ်းစာတွေအရ ကျွန်တော်က သခင်လေးရဲ့ ဘဏ္ဍာစိုးအထိန်းတော် အဖြစ်ကို အလိုလိုရောက်ရှိသွားပါပြီ၊ သခင်လေးဆီမှာ ဒီဗားအလုပ်ဝင်ပြီဖြစ်တဲ့အကြောင်း အခုအချိန်ကစပြီး ကျွန်တော့်ကိုယ် ကျွန်တော်အပ်နှံကြေညာလိုက်ပါပြီ"

"နေ. . .နေစမ်းပါဦး ဒီဗား၊ ဒီအလုပ်သဘောတွေကို ခဏထားစမ်းပါဦး၊ မစ္စတာဂျိုနသန်ဖရန့်ဟာ ဘယ်လိုဖြစ်ပြီး အခုလိုကြောက်စရာ အဖြစ်ဆိုးကြီးနဲ့ ကြုံတွေ့ခဲ့ရတာလဲ ဟင်"

"ခရီးရောက်မဆိုက်မှာ ဒီသတင်းကို ဒီလောက်ပဲပြောပါရစေသခင်လေး၊ စံအိမ်ရောက်တဲ့အခါမှကျွန်တော်အပြည့်အစုံပြောပြပါမယ်၊ဈာပနကိစ္စတွေလည်း အားလုံးပြီးသွားပါပြီ၊ ခုနေအခါမှာတော့ သခင်လေးဟာ သမုဒ္ဒရာကြီးကိုလည်း ဖြတ်သန်းလာရတယ်၊ မပြောမဖြစ်တဲ့ သတင်းဆိုးကြီးကိုလည်း ခရီးရောက်မဆိုက် ကြားသိလိုက်ရတယ်၊ ဒါကြောင့် သခင်လေး အများကြီး ပင်ပန်းနွမ်းနယ်နေပါပြီ၊ ကျွန်တော်တို့ သင်္ဘောပေါ်ကဆင်း၊ ကားပေါ်တက်ပြီး စံအိမ်ဆီကိုပဲ သွားကြပါစို့ သခင်လေး"

ကျိုးနွံခြင်း၊ တာဝန်ကျေပွန်ခြင်း၊ တိကျပြတ်သားခြင်းတို့ဖြင့် ပြည့်စုံနေသည့် ဘဏ္ဍာစိုးကြီးဒီဗား၏ စကားကို ကျွန်ုပ်မငြင်းသာတော့။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဂူးလက်ချန်း"

ကပ္ပတိန်က သူ့လက်ကို ထိုးပေးလာသည်။ ကျွန်ုပ်ဆွဲယူဆုပ်ကိုင်လှုပ်ယမ်းလိုက်သည်။ ကပ္ပတိန်၏ လက်ချောင်းများက တင်းကျပ်စွာ ဖျစ်ညှစ်ထားသည်။ ထိုတင်းကျပ်သော လက်ချောင်းများ၏ အတွေ့တွင် ကျွန်ုပ်အတွက် အံ့ဩခြင်း၊ တုန်လှုပ်ခြင်း၊ အားပေးနှစ်သိမ့်ခြင်းစသော အဓိပ္ပာယ်များကို ခံစားသိရှိလိုက်ရလေသည်။

"ဂွဒ်ဘိုင် မစ္စတာဂူးလက်ချန်း၊ ဘုရားသခင် စောင်မပါစေ"

"ကျေးဇူးတင်ပါတယ် ကပ္ပတိန်၊ ဂွဒ်ဘိုင်"

ကေဗင်အခန်းထဲက ထွက်လိုက်သည့်ခဏမှာပင် ကာလကတ္တား၏ ပူနွေးစွတ်စိုသော လေငွေ့များက ကျွန်ုပ်၏ မျက်နှာဆီသို့ တိုးဝင်လာကြသည်။ သင်္ဘောအပေါ်ထပ်မှ အောက်ထပ်များဆီသို့ ချိုးကွေ့ဆင်းလာရသည့် လှေကားထစ်တိုင်းတွင် ကျွန်ုပ်၏ နှလုံးခုန်သံသည် ခြေလှမ်းနှင့်အမျှ တဒိန်းဒိန်းလှုပ်ခုန်နေသည်။

သင်္ဘောကုန်းပတ်၊ ထိုနောက် ကုန်းပေါင်တံတား၊ ထိုနောက် ဆိပ်ခံဘောတံတားပေါ်သို့ ရောက်လာသည်။ ဆူညံရှုပ်ထွေးသော ကာလကတ္တားဆိပ်ကမ်းသည် ကျွန်ုပ်နှင့်ရင်ပေါင်တစ်တန်းတွင် ရှိနေပြီ။ဆိပ်ခံဘောတံတားမှသည် ခြေလှမ်းအနည်းငယ် ရှေ့သို့ ရွှေ့လျားလိုက်ရုံမျှဖြင့် အိန္ဒိယမြေကို ကျွန်ုပ်နင်းရတော့မည်။

လန်ဒန်မြို့ ဘုံရိပ်သာမှာ နေခဲ့ရစဉ် ငယ်ဘဝတုန်းက မက်ခဲ့သည့် ထိတ်လန့်ဖွယ်အိပ်မက်ကို ထိုခဏတွင် ကျွန်ုပ်သတိရလိုက်သည်။ အိပ်မက်ထဲမှာ တစ္ဆေသူရဲနှင့်မျက်နှာချင်းဆိုင်တွေ့သည်။တစ္ဆေသူရဲကဝတ်ရုံဖြူကြီးကို ခြုံလျက် ကျွန်ုပ်ကို ရပ်စောင့်နေသည်။ သူ့ဆီလာခဲ့ဟု ခေါ်နေသည်။ကြောက်ရွံ့ခြင်းပြင်းစွာဖြင့် ကျွန်ုပ်က အော်ဟစ်ငြင်းဆန်ကာ သူ့ရှေ့မှ ထွက်ပြေးရန်ပြင်သည်။ သို့သော် ခြေလှမ်းတွေက တရွေ့ရွေ့ တဖြည်းဖြည်း တစ္ဆေသူရဲဆီသို့သာ ရှေးရှုသွားနေကြသည်။ ငြင်းဆန်လို့ မရ၊ ရုန်းကန်လို့လည်းမရ။ အော်ဟစ်ထွက်ပြေးဖို့ ကြိုးစားနေရင်းမှာပင် ခြေလှမ်းတွေက တရွေ့ရွေ့။

ယခုကာလကတ္တားသည် ဝတ်ရုံဖြူဝတ် တစ္ဆေသူရဲမဟုတ်။

ကျွန်ုပ်သည်လည်း ဘုံရိပ်သာမှ ကလေးကချေသူငယ်လေးမဟုတ်။ ပြီးတော့ အိပ်မက်တစ်ခုလည်း မဟုတ်။

သို့သော် ငယ်ဘဝအိပ်မက်နှင့် တူတာတစ်ခုတော့ ရှိသည်။

ငြင်းဆန်နေရခြင်းဖြင့်ပင် ဖွတ်တိုးဝင်သွားသော ခြေလှမ်းများ။

◆



www.burmeseclassic.com

www.burmeseclassic.com

## [ ၅ ]

ဖိတ်ဖိတ်တောက်နေအောင် ဆေးကြောတိုက်ချွတ်ထားသော အနက်ရောင် အော်စတင်ကားအနီးမှ ဒီဗားက စောင့်နေသည်။ကျွန်ုပ်ရောက်သွားသောအခါ ဒီဗားက နောက်ခန်းတံခါးကို အဆင်သင့်ဖွင့်ပေးသည်။ ထို့နောက် ကိုယ်ကို ယို့၊ လက်ကိုလွှဲလျက် ကားထဲဝင်ရန် ဒီဗားက အရိပ်အခြည်ပြသည်။

လန်ဒန်မြို့ လူကုံထံပါတီပွဲကြီးများတွင် သူဌေးကြီးများ၊ မှူးမတ်မြို့စားမျိုးရိုးများ ပါတီကျင်းပရာ ပေါ်တီကိုအောက်ရောက်ချိန် ကားထဲသို့ အဝင်၊ ကားထဲမှအထွက်များတွင် တွေ့မြင်ဖူးခဲ့သည့် မြင်ကွင်းမျိုး။ ထို မြင်ကွင်းသည် ယခုအခါ ကျွန်ုပ်အတွက် ဖြစ်နေပေပြီ။ ကျွန်ုပ်ကိုယ်တိုင် ကာယကံရှင် အလေးပြုခံအဖြစ် ကြုံလာရသောအခါရင်ဖိုသွားသည်။သူဌေး တစ်ဦးနေရာ ရောက် နေသော ကိုယ့်အဖြစ်ကိုယ် မလုံမလဲ ခံစားနေရသည်။

အော်စတင်ကားလေး၏ ထိုင်ခုံကူရှင်များတွင် ဆွတ်ဆွတ်ဖြူသော အခင်းများ၊ နောက်မှီများ စွပ်ထားသည်။ ထို့ပြင်ကားထဲ၌ စူးစူးရှရှမွှေးကြိုင်နေသော အနံ့တစ်မျိုးကိုလည်း ရှူရှိုက်လိုက်ရသည်။ စူးရဲချိုအီသော ထိုအနံ့ စိမ်းကြောင့် မအီမသာ ခံစားလိုက်ရသော်လည်း ဤအနံ့ကို ဤအချိန်မှစ၍ ထာဝရ ရှူရှိုက်သွားရတော့မည်ဟူသော အသိဖြင့် ရင်းနှီးအောင် ကြိုးစားရန်သာ ဆုံးဖြတ်လိုက်ရတော့လေသည်။

ဘဏ္ဍာစိုးကြီး ဒီဗားက ဒရိုင်ဘာဘေး ရှေ့ခန်းမှာစီးသည်။ နောက်မှီပေါ်သို့ လက်ဆန့်တင်ခြင်း၊ ကိုယ်ကိုလှဲမှီခြင်း၊ ရှေ့သို့ ကုန်းငိုက်ထားခြင်း စသည်များမရှိဘဲ တည့်မတ်ဖြောင့်တန်းစွာထိုင်လိုက်လာသောဒီဗားကိုကျွန်ုပ် သတိပြုမိသည်။ ဒီဗားကား တကယ့်ပုံစံကိုက် သစ္စာရှိကျိုးနွံသော စည်းစနစ်သမား ဘဏ္ဍာစိုးကြီးတစ်ဦး ဖြစ်ချေသည်။ သူ၏ခေါက်ရိုးကျိုးသော ဆက်ဆံ ပြုမူမှုများကြောင့် ကျွန်ုပ်အနေအထိုင် ကျဉ်းကျပ်ရပေဦးတော့မည်။

အော်စတင်ကားလေးသည် ရှုပ်ထွေးဆူညံလျက်ရှိသောလမ်းများ၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းသွယ်များအတိုင်း အရှိန်မှန်မှန်ဖြင့် ပြေးနေသည်။ ကမ္ဘာသစ်တစ်ခုသို့ ရောက်နေရသော်လည်း ကားမှန်ပြတင်းမှတစ်ဆင့် ဝဲယာရှေ့နောက်ကို ကြည့်ဖို့ ကျွန်ုပ်စိတ်မဝင်စားနိုင်။

"ဒီဗား၊ နာမည်သာ ကြားဖူးလိုက်ပြီး လုံးဝမြင်ခွင့်တွေ့ခွင့်မရလိုက်တဲ့ ကျွန်တော့်ကျေးဇူးရှင်အသစ်အကြောင်းကို ခင်ဗျားဝန်မလေးဘူးဆိုရင် ထပ် ပြောစေချင်တယ်"

ဒီဗား၏ ပခုံးကြီးနှစ်ဖက် မသိမသာ မြင့်တက်သွားပြီးမှပြန်ကျလာသည်ကို နောက်ကျောမှ တွေ့လိုက်ရသည်။ ပူပူနွေးနွေးကွယ်လွန်ပြီးကာစ သူ့သခင်ကြီးအကြောင်းကို ပြောရန် သူ့မှာကြေကွဲထိခိုက်ခံစားရပေမည်။ သို့ သော် သူ၏ ဝမ်းနည်းပူဆွေးမှုထက် မစ္စတာဂျိုနသန်ဖရန့်၏ ရုတ်တရက် ကွယ်လွန်ခြင်းနှင့် ကွယ်လွန်သူ၏ အစီအစဉ်များကို ကျွန်ုပ်သိဖို့ကပို၍တရားမျှတသည်ဟု ကျွန်ုပ်ထင်သည်။ ဘဏ္ဍာစိုးတစ်ယောက်၏ ခံစားမှုကို ငဲ့ညှာသောအားဖြင့် ကျွန်ုပ်သိသင့်သည်များကို သိခွင့်မရဘဲ နေလိုက်ရန်မှာ သဘာဝ မကျလှပေ။

ဒီဗားထံမှ တော်တော်နှင့် စကားမပြန်ဘဲ ရှိနေသည်။

တောင်းပန်သည့် အဓိပ္ပာယ်လည်းမသက်ရောက်စေရအောင်ထို့ပြင် အမိန့်ပေးသည့်သဘောလည်း မဖြစ်စေရအောင်ကျွန်ုပ်ကြိုးစားရတော့သည်။

"ကျွန်တော်ပြောမယ် ဒီဗား၊ အသက်ရှင်နေသူတစ်ယောက်ရဲ့ ဂုဏ်ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်းထက် သေဆုံးသွားသူရဲ့သိက္ခာသမာဓိကို စောင့်သိရိုသေဖို့က ပိုပြီးလေးနက်တယ်၊ တန်ဖိုးလည်းကြီးတယ်မဟုတ်လား"

သူ့ပခုံးကြီး မသိမသာ တုန်လှုပ်သွားသည်ဟု ကျွန်ုပ်ထင်သည်။ အဘိုးကြီးဒီဗား ကြေကွဲဝမ်းနည်းနေတာတော့ အမှန်ပင်။

"ဒီမယ်ဒီဗား၊ ကျွန်တော်ဟာ လန်ဒန်က ကျေးဇူးရှင်ကြီး မစ္စတာ ဟောင်းဝပ်ရဲ့ ကျေးဇူးတရားကို အောက်မေ့ဆင်ခြင်လိုက်နာပြီး တစ်ခါမှအိပ်မက်တောင် မမက်ဖူးတဲ့ ကာလကတ္တားကို ရောက်လာခဲ့ခြင်းဖြစ်တယ်၊ ဒီ ရောက်ရောက်ချင်းပဲ ကျွန်တော့်ကျေးဇူးရှင်သစ်ရဲ့သတင်းကိုစိတ်နှလုံးထိခိုက်စရာ ကြားလိုက်ရတယ်၊မစ္စတာဂျိုနသန်ဖရန့်ကွယ်လွန်သွားတဲ့အတွက်အနီးကပ်ဆုံးလူဖြစ်တဲ့ ခင်ဗျားအနေနဲ့ ဘယ်လောက်ဝမ်းနည်းကြေကွဲရမလဲဆိုတာကို ကျွန်တော် စာနာမိပါတယ်။ ဒါပေမဲ့ မိုင်ပေါင်းထောင်ချီဝေးကွာတဲ့ဒေသကနေပြီး မျှော်လင့်အားကိုးတကြီးနဲ့လာခဲ့ရတဲ့ ကျွန်တော့်အပိုင်းကိုလည်းခင်ဗျား တစ်ပြန်တစ်လှည့်စာနာကြည့်သင့်တယ်လို့ထင်တယ်၊ဒါကြောင့်မစ္စတာဂျိုနသန်အတွက် ဝမ်းနည်းတုန်လှုပ်ကြတဲ့အထဲမှာ ခင်ဗျားပြီးရင်ကျွန်တော်ပဲ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုနိုင်တယ်"

ဒီဗားငြိမ်သက်စွာ နားထောင်နေသည်။ အော်စတင်ကားလေးသည် မြို့ပြင်သို့ ရောက်လာသည့်အတွက် အရှိန်ပြင်းလာသည်။ စူးရဲချိုအီ အမွှေးနံ့များကလည်း ကားအတွင်း ကြိုင်လှောင်လျက်။

"စောစောက စကားကို ဆက်ရအောင် ဒီဗား၊ ကွယ်လွန်သူရဲ့ဂုဏ်သိက္ခာကို လေးစားစောင့်သိဖို့က ပိုပြီးလေးနက်တယ်ဆိုတာလေ၊ ဒီအချက်ကို ခင်ဗျား သဘောတူရဲ့လား ဒီဗား"

အတန်ကြာငြိမ်သက်နေပြီးမှနောက်လှည့်မကြည့်ဘဲသူပြောသည်။

"ဒီအချက်ကို ကျွန်တော်သဘောတူပါတယ် သခင်လေး. . ."

"ကောင်းပြီ၊ ဒါဆိုရင် ကျွန်တော်တို့ ဆက်ဆွေးနွေးရအောင်၊အခုအချိန်မှာ ကွယ်လွန်သူ မစ္စတာဂျိုနသန်ဖရန့်အကြောင်းကို အသိဆုံးလူဟာ သူ့ ရဲ့ ဘဏ္ဍာစိုးကြီးဖြစ်တဲ့ ခင်ဗျားပဲ၊ ကျွန်တော်ကတော့ သူ့အရိုက်အရာကို ဆက် ခံရမယ့် အနီးဆုံးကာယကံရှင် ဖြစ်နေပေမဲ့ သူ့အကြောင်းကို မသိဆုံးလူဖြစ်နေတယ်၊ ဒါကြောင့်"

စကားလုံးများဖြင့် တိုက်ပွဲဝင်နေရပါပကောဟု ကိုယ့်ကိုယ်ကို နားလည်လိုက်သည်။ အသက်ပြင်းပြင်းတစ်ချက်ရှိုက်ကာ ကျွန်ုပ်ဆက်ပြောလိုက်လေသည်။

"ကွယ်လွန်သွားသူအတွက် မသင့်လျော်တာတွေ မဖြစ်အောင် ဆင်ခြင်ဖို့၊ သူ့ဂုဏ်သိက္ခာကို စောင့်သိဖို့၊ ကွယ်လွန်သူအကြောင်းကို ခင်ဗျားဆီက တစ်ဆင့် ကျွန်တော်သိထားရမှဖြစ်မယ် ဒီဗား"

ဒီဗား၏ ကိုယ်လုံးကြီးအတွင်းဘက်သို့အနည်းငယ်ရွေ့သွားသည်။ ဤတွင် နောက်ကြည့်မှန်၏ သေးငယ်သော ဘောင်အတွင်း၌သူ့မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသည်။

မှန်ထဲက သူ့မျက်လုံးများကလည်း ကျွန်ုပ်ကိုကြည့်နေသည်။ချက်ချင်းလိုပင် ဒီဗားသည် သူ့အကြည့်ကို ဖျတ်ခနဲ ရုတ်သိမ်းသွားသည်။သို့သော် ထိုတစ်ဒင်္ဂမှာပင် သူ့မျက်လုံးများထဲ၌ ကျွန်ုပ်အပေါ် ညှတ်နူးသက်ဝင်သွားသော အဓိပ္ပာယ်များကို တွေ့လိုက်ရပေသည်။

"ခွင့်လွှတ်ပါ သခင်လေး၊ မစ္စတာဂျိုနသန်အကြောင်း သခင်လေးကို ပြောပြဖို့ ကျွန်တော့်မှာ ဝတ္တရားရှိပါတယ်၊ သခင်လေးကို တွေ့လိုက်ရတော့ မစ္စတာဂျိုနသန်ကို ပိုသတိရမိပြီး ကျွန်တော်စိတ်ထိခိုက်သွားလို့ ဖြစ်ပါတယ်၊ ဒါအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"အို. . .အို. . .တောင်းပန်စရာ မလိုပါဘူး ဒီဗားရယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ ကွယ်လွန်သူများအတွက် ဆက်လက်အသက်ရှင်နေကြရသူတွေ မဟုတ်လား၊ လူဆိုတာ ဆင်ခြင်တုံတရားရှိသလို ခံစားမှုဆိုတာလည်း ရှိပေတာပေါ့၊ ခင်ဗျားကို ကျွန်တော်နားလည်ပါတယ် ဒီဗား"

"ကျေးဇူးတင်ပါတယ် သခင်လေးခင်ဗျား"

ဒီဗားထံမှ ထိုစကားကို သာမန်ကျေးဇူးတင်စကားမဟုတ်ဘဲ သူ အသက်ရှင်သမျှ ကာလပတ်လုံး သစ္စာရှိ ဘဏ္ဍာစိုးအဖော်ကောင်းကြီးတစ်ယောက်အဖြစ် ကျွန်ုပ်အပေါ် စောင့်သိဆက်ဆံတော့မည့် သဘောထားကို ဆောင်ကြဉ်းလာသော စကားဖြစ်ကြောင်း ကျွန်ုပ်ကောင်းကောင်းကြီး ရိပ်စားမိလိုက်လေသည်။

အော်စတင်ကားလေးသည်လည်း ယခုအခါ လူနေအိမ်ခြေများကို လွန်လျက် လယ်ကွင်းများကို တရိပ်ရိပ် ဖြတ်သန်းနေလေသည်။ရှင်းပြန့်ကျယ်ပြောသော မြင်ကွင်းကို ယခုမှပင် ကျွန်ုပ်သတိထားမိတော့သည်။ လေကောင်း လေသန့် ရနိုင်သောနေရာ ရောက်ပြီဖြစ်သဖြင့် ကားပြတင်းမှန်ကိုချရန် လက်ကိုင်ဆီသို့ ကျွန်ုပ်လှမ်းလိုက်သည်။

သို့သော် လက်ကိုင်ကို ကျွန်ုပ်မလှည့်လိုက်ရ။ နောက်ကျောပေးထားလျက်ကပင် အရိပ်အခြည်အကင်းပါးလှသော ဘဏ္ဍာစိုးကြီးသည် ထိုင်ခုံနောက်မှီပေါ်မှ သူ့လက်တံရှည်ကြီးများကို ထုတ်ဆန့်ကာ မှန်တံခါး လက်ကိုင်ကို လှည့်ပေးလေသည်။

"ကျေးဇူးပဲ ဒီဗား၊ ဒါပေမဲ့ ကားမှန်ကို ဖွင့်ပေးသလိုပဲ ကျွန်တော့်ရဲ့ ဘာမှ မသိရသေးတဲ့အဖြစ်နဲ့ သိချင်နေတဲ့ ဆန္ဒကိုလည်း ခင်ဗျားဖွင့်ပေးရလိမ့်မယ်"

ကျွန်ုပ်ကို သူပို၍ နားလည်သွားပုံရသည်။ လူငယ်တစ်ယောက်၏ ပြင်းထန်သော ဆန္ဒနှင့်တောင်းဆိုမှု၊ ထိုလူငယ်ကလည်း အခြားသူမဟုတ်၊ သူ့အလုပ်ရှင်ဟောင်း၏ အရိုက်အရာကို ဆက်ခံမည့်သူဖြစ်နေမှု စသည့် အချက်များကို သူသဘောပေါက်သွားပေမည်။

"ကျွန်တော်ပြောပြပါမယ် သခင်လေး၊ ကွယ်လွန်သူ ဂျိုနသန်ဟာ သခင်လေးရဲ့ လန်ဒန်က မစ္စတာဟောင်းဝပ်နဲ့ ညီအစ်ကိုလို့ မပြောရဘူး၊ သူတို့ဟာ အမြွှာဟုတ်ပေမဲ့ အမြွှာတွေထက်တောင်မှ တစ်ယောက်နဲ့တစ်ယောက်နီးကပ်ကြသူတွေ ဖြစ်ပါတယ်၊ ဥပမာဆိုရရင် မစ္စတာဂျိုနသန်ဟာ မစ္စတာဟောင်းဝပ်ကို ကာဘွန်စက္ကူခံပြီး ပုံတူဆွဲလိုက်သလိုပါပဲ"

ဒီဗား၏ ဥပမာပေးပုံကို ကျွန်ုပ်သဘောကျလှသည်။

"ဒါကြောင့် မစ္စတာဂျိုနသန်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာ ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက်က လန်ဒန်က မစ္စတာဟောင်းဝပ်နဲ့ တစ်လျှောက်လုံး အတူနေခဲ့တဲ့ သခင်လေးအတွက် မခဲယဉ်းတော့ဘူးလို့ ကျွန်တော်ထင်ပါတယ်သခင်လေး"

တင်းကျပ်နေသော ကျွန်ုပ်၏ အကြောအခြင်များ ပြည်လျော့သွားကြသည်။

"ဒါဆိုရင် ကျွန်တော်ပြောပါရစေဦး ဒီဗား၊ ကျေးဇူးရှင်ကြီး မစ္စတာဟောင်းဝပ် မကွယ်လွန်မီကပဟောဒီကာလကတ္တားမှာရှိနေတဲ့သူ့ညီအကြောင်း ကျွန်တော်ကြားသိခဲ့ရတာတွေ အားလုံးကို အဲဒီအတိုင်းပဲ ဆက်လက် အတည်ပြုယူလို့ရမလား"

"တစ်သဝေမတိမ်းပါပဲ သခင်လေး"

တစ်ထိုင်တည်းနှင့်ပင် ကျွန်ုပ်သည် အချက်အလက် တော်တော်များများကို သဘောပေါက်သွားသည်။ သည်အတိုင်းဆိုလျှင်ကာလကတ္တားမှ မစ္စတာဂျိုနသန်သည်လည်း လန်ဒန်က မစ္စတာဟောင်းဝပ်ကဲ့သို့ပင် အိမ်ထောင်မရှိခြင်း၊ သားချင်းဆွေမျိုးမရှိခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ စည်းစနစ်ကြီးမားခြင်း၊အစွဲအလမ်းကြီးမားခြင်း၊ရက်ရောခြင်း၊ထက်သန်လေးနက်ခြင်း၊ တစ်စုံတစ်ခုသောကြီးကျယ်သောအကြောင်းကြောင့်လောကကြီးအားအတတ်နိုင်ဆုံးကျေးဇူးတုံ့ပြန်ပေးဆပ်ရမည်ဟုခံယူထားခြင်းစသည့်ဂုဏ်အင်္ဂါများနှင့် ပြည့်စုံနေပေလိမ့်မည်ဟု တသီတတန်းကြီး တွေ့လိုက်ရလေ တော့သည်။

ဤသို့နားလည်သဘောပေါက်ပြီးသည်တွင် မစ္စတာဂျိုနသန်နှင့် ပတ်သက်ပြီး နောက်ထပ် သိစရာအချက်အလက်များ သိပ်မကျန်တော့ဟုလည်း ကျွန်ုပ်စဉ်းစားမိသည်။ ထို့ကြောင့် ဒီဗားအား ထပ်မံဒုက္ခမပေးတော့ဟုလည်း ဆုံးဖြတ်လိုက်လေသည်။

"ကောင်းပြီ ဒီဗား၊ ခင်ဗျားပြောသလို ကျွန်တော့်ရဲ့ မစ္စတာဟောင်းဝပ်ကို ကာဘွန်စက္ကူခံပြီး ပုံတူကောက်ကြောင်း ဆွဲလိုက်တော့မယ်၊ ကျန်တဲ့ အသေးစိတ်အချက်အလက်လေးတွေကိုတော့ နောက်မှပဲ အချိန်ယူပြီး ဖြည့်သွင်းကြတာပေါ့ ဟုတ်လား"

"ကောင်းပါပြီ သခင်လေးခင်ဗျား"

ဒီဗား၏ တုံ့ပြန်ချက်မှာလည်း စိတ်ပါလက်ပါရှိလှသည်။ ထို့ပြင် ဤအချိန်ပိုင်းလေးအတွင်းမှဤစကားပြောခန်းဖြင့်ပင်ဒီဗားနှင့်ကျွန်ုပ်တို့နှစ်ဦး အကြား နီးစပ်နားလည်မှုမှာလည်း 'တာသွား' လှသည်ဟုနားလည်မိလေသည်။

လယ်ကွင်းပြင်တွေကို ဖြတ်သန်းလာခဲ့သော အော်စတင်ကားလေးသည်ဆင်ခြေလျှောတောင်ကုန်းများအတိပြီးသည့်စိမ်းစိုသောဒေသသို့ရောက်လာသည်။ သည်အခါမြင်ကွင်းသည် တစ်မျိုးတစ်ဖုံပြောင်းလဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မွမ်းမံ ပြုပြင်ထားသော မြက်ခင်းပြင်ကျယ်ကြီးများ၊ တစ်ခုနှင့်တစ်ခု အလှမ်းဝေးသော သီးသန့်ခြံဝင်းကြီးများနှင့် မှိုင်းပျပျ မှုန်ညိုညို ခင်တန်းတောအုပ်ကလေးများကို တွေ့ရသည်။ နေရောင်ခြည်ကောင်းစွာ ထွန်းတောက်သော ပတ်ဝန်းကျင်လောကသည် သဘာဝအရောင်များဖြင့် အစွမ်းကုန် ပွင့်လင်းနေသည်။

အသွားအလာရှင်းသော နိမ့်မြင့်ကုန်း ကမူလမ်းများကို ဖြတ်ကျော်ပြီး သည့်နောက်ဝယ် အော်စတင်ကားလေးသည် ပိုမိုမတ်စောက်သော ကုန်းမြင့်တစ်ခုကို စက်သံပြင်းပြင်းဖြင့် တက်လာခဲ့လေသည်။

"ဝစ္စဒမ်ဗီလာရှိရာ တောင်ကုန်းကို ကျွန်တော်တို့ တက်နေကြပါပြီ"

ကားမှန်ပြတင်းမှတစ်ဆင့်လေတဟူးဟူးတိုးဝင်လျက်ရှိသည်။စိမ်းလန်းစိုပြည်လှသော၊ သို့သော် လူ့လောကပတ်ဝန်းကျင်နှင့် အဆက် အသွယ်ကင်းကာ သီးခြားထီးတည်းနေသော မြင်ကွင်းကို ကားမှန်ပြတင်းမှတစ်ဆင့် ကျွန်ုပ်အငမ်းမရ ကြည့်နေမိသည်။

"ဝစ္စဒမ်ဗီလာရဲ့ ခြံတံခါးကို ကျွန်တော်တို့တွေ့နေရပြီသခင်လေး"

အညိုရင့်ရောင် သုတ်ထားသော သံတိုင်ကြီးများကို ဦးစွာတွေ့ရသည်။ ကားတဖြည်းဖြည်း အရှိန်လျော့လာသည်။ သီးသန့်ဖောက်လုပ်ထားသော ကတ္တရာလမ်းပေါ်တွင် ငြိမ်သက်စွာ ရွေ့လျားနေသည်။ သံတိုင်ကြီးများ ပို၍ရှည်လျားထိုးထွက်လာသည်။ တိရိညီညာစွာ ဖြတ်ထားသော ကဗွီးပင်စည်ရိုးက သံတိုင်ကြီးများ၏ အောက်ခံသဖွယ် ရှိသည်။

နောက်ဆုံးတွင် အော်စတင်ကားလေးသည် ဖိတ်ဖိတ်တောက်နေသော ကြေးဝါရောင် ဆိုင်းဘုတ်ရှေ့ သံတံခါးမကြီးအနီးတွင် အရှိန်သတ်သည်။ တံခါးအတွင်း ဝဲဘက်ထောင့်ရှိအဖြူရောင်ကင်းတဲလေးထဲမှအိမ်စောင့်သည် သံတံခါးရွက်ကို အဆင်သင့်ဖွင့်ထားပြီးသား။

ကြေးဝါဆိုင်းဘုတ်ပေါ်မှ ဣန္ဒြေကြီးရင့်သောပန်းခက်စာလုံးများကို တွေ့လိုက်ရသည်။ အိပ်မက်ထဲက တစ္ဆေသူရဲမဟုတ်တော့။ ဖွင့်ဟထားသော သံတံခါးကြီးသည် နွေးထွေးစွာ ကြိုဆိုနေသော လက်အစုံဖြစ်လိမ့်မည်။ နေ ရောင်အောက်တွင် ကြေးဝါဆိုင်းဘုတ်ပေါ်မှ ပန်းခက်စာလုံးများသည် ကျွန်ုပ်ကို စူးစူးရဲရဲလှမ်းကြည့်နေသည်။

"ဒဗယ်လ်ယူ အိုင်အက်စ် ဒီအိုအဲမ် ဗီအိုင်အယ်လ်အယ်လ်အေ"

"ဝစ္စဒမ်ဗီလာ"

◆



www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

ထမင်းချက်၊ မာလီ၊ ဒရဝမ်၊ ဒရိုင်ဘာ၊ စားပွဲထိုးများနှင့် ဒီဗားက မိတ်ဆက်ပေးလေသည်။ စင်စစ်မူ မိတ်ဆက်ပေးသည်ဟု မဆိုနိုင်။ သူတို့အားလုံးကို အောက်ထပ်ဧည့်ခန်းထဲသို့ နဂိုကတည်းက စုရုံးစေခဲ့ကာ တစ်ဦးစီကို ဦးညွှတ်အလေးပြုစေပြီး မိတ်ဆက်ပေးခြင်းဖြစ်လေရာ အသစ်ရောက်ရှိလာသော တပ်မမှူးကြီးတစ်ဦးက သူအုပ်ချုပ်ရမည့်တပ်ကို လှည့်လည်စစ်ဆေး အလေးပြုခံရခြင်းနှင့်သာ တူတော့သည်။

သူတို့အားလုံးသည် အင်္ဂလို အင်ဒီးယန်းများဖြစ်ကြပြီး အင်္ဂလိပ်စကားကို ကောင်းစွာ ပြောဆိုနိုင်ကြသူများလည်း ဖြစ်သည်။မိတ်ဆက်ကြရင်းဖြင့် ကျွန်ုပ်တစ်လျှောက်လုံးလက်တွဲသွားရမည့်ထိုအခြွေအရံများကိုအကဲခတ်ကြည့်သည်။ သူတို့၏ ကျေးဇူးရှင် သခင်ဟောင်းကြီး မစ္စတာဂျိုနသန်ဖရန့် နေရာသို့ မိုးပေါ်က ကျလာသလို ဘွားခနဲ ပေါ်လာသော လူငယ်လေးတစ်ယောက်အား သူတို့မည်သို့ သဘောထားကြမည်နည်း။ သူတို့၏ သခင်ဟောင်း ကွယ်လွန်ခြင်းနှင့် ကျွန်ုပ်ရောက်ရှိလာခြင်းနှစ်ခုကို ကြောင်းကျိုးသဖွယ် ဆက် စပ်တွေးခေါ်လျက် ကျွန်ုပ်အား အတိတ်နိမိတ် မကောင်းသောနတ်ဆိုးတစ်ပါးအဖြစ် သူတို့မြင်နေကြပြီလား။ ကျွန်ုပ်၏ အသက်အရွယ်ငယ်ရွယ်နုပျိုခြင်းသည် အလုပ်ရှင်သူဌေးတစ်ဦးအဖြစ် လေးစားသိမှတ်ဖို့အတွက် ဝန်လေးစရာ ဖြစ်နေမည်လား။

သို့သော် သူတို့သည် နှစ်ပေါင်းများစွာ ကျင့်သားရထားသည့် အ သားကျပုံစံကိုက် အလုပ်သမားများဖြစ်နေကြမည်မှာတော့ သေချာသည်။ အင်္ဂလန်အထက်တန်းလွှာအိမ်ကြီးများတွင် ရှိတတ်သော သစ္စာရှိနိုဂရိုးအလုပ်သမားများလိုပင် မိမိ၏ အလုပ်တာဝန်မှအပ ဘာကိုမျှ စိတ်ဝင်စားတတ်သောသူများ မဟုတ်ကြပါစေနှင့်ဟု ဆုတောင်းမိသည်။

မည်သို့ရှိစေ ဝစ္စဒမ်ဗီလာ၏ ဘဏ္ဍာစိုးကြီး ဒီဗားသည် အားလုံး၏



www.burmeseclassic.com

www.burmeseclassic.com



'အခရာ' ဖြစ်ပေမည်။ ဒီဗားနှင့်သာ ဆက်ဆံရေးပြေလည်နေပါက ဘာကိုမှ ကြောင့်ကြစရာ လိုတော့မည်မဟုတ်ဟု ကျွန်ုပ်တွေးယူလိုက်သည်။

မိတ်ဆက်ကြပြီး အလုပ်သမားများထွက်ခွာသွားကြသည်။ဒီဗားက ဧည့်ခန်းထောင့်ရှိ ဆင်စွယ်ကလပ်တစ်ခုကို ကိုင်လျက် ကျွန်ုပ်ရှေ့သို့ရပ်လာသည်။ ဆင်စွယ်ကလပ်ပေါ်တွင် ဆွတ်ဆွတ်ဖြူသော ပပါတစ်စကိုခင်းထားပြီး ပဝါပေါ်တွင် ပြောင်လက်သော ငွေသေတ္တာလေးတစ်လုံးတင်ထားသည်။

တည့်မတ်စွာ ခြေစုံရပ်လျက် ဒီဗားက ကလပ်ကို ကျွန်ုပ်ဆီသို့ကမ်းသည်။ ငွေသေတ္တာလေး၏ အဖုံးကို ကျွန်ုပ်ဖွင့်လိုက်သည်။

လေးလက်မခန့်ရှိသော ရွှေသားအတိ သော့တစ်ချောင်း။

"ဝစ္စဒမ်ဗီလာစံအိမ်ကြီးရဲ့ သော့ပါ သခင်လေး"

"သြော်. . .သြော်"

စံအိမ်ကြီးအရှင်သခင်အဖြစ် ကျွန်ုပ်ကို တရားဝင်တင်မြှောက်လိုက်သော အသိအမှတ်ပြုပွဲပါလား။

ရွှေသော့ကို ငွေသေတ္တာထဲ ပြန်ထည့်ကာ အဖုံးပိတ်လျက် ကလပ်ပေါ်သို့ ကျွန်ုပ်ပြန်တင်လိုက်သည်။

"သူ့နေရာမှာပဲ ထားလိုက်ပါ ဒီဗား၊ ဒီသော့ကို ကိုင်တွယ်အသုံးပြုဖို့ ကိစ္စတွေမှာလည်း ဒီဗားပဲ ကိုယ်တိုင်ကိုယ်ကျလုပ်ပါ"

အလွန်ထိရောက်သော စကားတစ်ခွန်းကို နှုတ်မှသက်သောင့်သက်သာထွက်သွားစေနိုင်သည့်အတွက် ကျွန်ုပ်ကိုယ်ကျွန်ုပ် အံ့သြသွားမိသည်။ ကျွန်ုပ်ထက် ဒီဗားကပို၍အံ့သြနေဟန်တူသည်။ကလပ်ကိုကိုင်လျက်သားပင် သူသည်နေရာမှ မရွေ့ဘဲ ကျွန်ုပ်ကို စိုက်ကြည့်နေသည်။သူ့အကြည့်ကိုကျွန်ုပ် အပြုံးဖြင့် တုံ့ပြန်ဖြစ်သည်။ ဒီဗား၏ မျက်လုံးများတွင်ညှတ်နူးလေးစားသော အရည်များ ဝဲလှည့်ဖြတ်သန်းသွားကြသည်ဟုလည်း ထင်ရလေသည်။

ခံစားမှုအလျဉ်တွင် အတော်ကြာနစ်မြုပ်နေပြီးမှ ဒီဗားသည် သတိထားကာ သူ့ကိုယ်သူ ပြန်ဆယ်ရင်း ပြောသည်။

"ဒီနေ့အဖို့ အစီအစဉ်တစ်ခု ရှိနေပါတယ် သခင်လေး"

"ပြောပါ ဒီဗား"

"နေ့လယ် တစ်နာရီတိတိမှာ ဝတ်လုံတော်ရကြီးနဲ့တွေ့ဖို့ရှိပါတယ်၊ သူဝစ္စဒမ်ဗီလာရဲ့ လက်ဖက်ရည်ခန်းကို ရောက်လာပါလိမ့်မယ်"

သေတမ်းစာများ အမွေဆက်ခံခွင့်များအတွက် ဝတ်လုံတော်ရနှင့် တွေ့ရမည်ကို ကျွန်ုပ်ကြိုတင်မျှော်လင့်ထားပြီး ဖြစ်လေသည်။

"အင်း. . .လန်ဒန် မစ္စတာဟောင်းဝပ်ကြီးထားခဲ့တဲ့ စာရွက်စာတမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ကျွန်တော့မှာ အသင့်ပဲ ဒီဗား၊ ကောင်းပြီလေ. ..နေ့လယ်တစ်နာရီ တိတိမှာ ကျွန်တော် လက်ဖက်ရည်ခန်းက စောင့်နေပါ့မယ်”

“ဝစ္စဒမ်ဗီလာကို သခင်လေးကြည့်တော့မလား”

“ကျွန်တော်ခဏအနားယူချင်သေးတယ် ဒီဗား”

“ကောင်းပါပြီ သခင်လေး၊ ဒါဆိုရင် အပေါ်ထပ်အိပ်ခန်းကို ကျွန်တော်လိုက်ပို့ပါ့မယ်”

ကော်ဇောခင်းထားသော လှေကားထစ်ကြီးများကိုတက်ခဲ့ပြီးနောက် အရှေ့အရပ်သို့ မျက်နှာပြုသော အခန်းတစ်ခန်း၏ တံခါးကို ဒီဗားက ဖွင့်ပေးသည်။

“သခင်လေး အနားယူပါ၊ ဒီဗားကို ခေါ်ချင်ရင် အခန်းထိပ်လှေကား လက်ရန်းထောင့်က ဆင်စွယ်ငွေမောင်းကိုသာ တစ်ချက်တီးလိုက်ပါ”

“ကျေးဇူးပဲ ဒီဗား၊ ခင်ဗျားလည်း သွားနားပါဦး၊ နေ့လယ်တစ်နာရီ လက်ဖက်ရည်ခန်းကို ကျွန်တော်ဆင်းလာတဲ့အထိ ဆင်စွယ်ငွေမောင်းကို တီး ဖို့ အကြောင်းမရှိနိုင်ပါဘူး”

ဒီဗားသည် တိတ်ဆိတ်စွာပင် ဦးညွှတ်လျက် လှည့်ထွက်သွားလေသည်။ အခန်းတံခါးကို အသံမထွက်စေရအောင်ပိတ်ပေးသွားသည်ကိုလည်း ကျွန်ုပ် သတိပြုမိလိုက်သည်။

ကုတ်၊ ဝေ့စ်ကုတ်နှင့် နက္ကတိုင်ကို ချွတ်လျက် ဖြူဖွေးသန့်ရှင်းသော အိပ်ရာထက်သို့ ကျွန်ုပ်ပစ်လှဲလိုက်သည်။ ကျွန်းကွက်ဖော်ထားသောနံရံသည် ပါလစ်ရောင်ဖြင့် ဖိတ်ဖိတ်တောက်နေသည်။ နံရံကပ်မီးဆွဲအိမ်မှ ငွေကြိုးများသည် ပြတင်းပေါက်မှ ဝင်လာသော လေပြေတွင်အသာအယာလှုပ်ရမ်းလျက် ရှိလေသည်။

မျက်လုံးအစုံကို တင်းကျပ်စွာ ပိတ်လိုက်မိသည်။ သို့သော်အာရုံထဲတွင် ရုပ်ပုံပေါင်းများစွာက ပျောက်ပျက်မသွားသည့်အပြင်ထင်ရှားစွာပေါ်လာကြသည်။ အစီအစဉ်တကျကားမဟုတ်။လန်ဒန်အရှေ့ပိုင်းဘုံရိပ်သာ၊မစ္စတာဟောင်းဝပ်၊ သိုးနေသော စွပ်ပြုတ်ပန်းကန်၊ သမုဒ္ဒရာပြင်ကျယ်၊ အော်စတင်ကားမှန်ပြတင်း၊ ဒီဗား၏ မည်းနက်စိုပြေသော မျက်နှာ၊ ဝစ္စဒမ်ဗီလာကြေးဝါဆိုင်းဘုတ်၊ လည်နေသော ကမ္ဘာလုံးမြေပုံ။

စိတ်လှုပ်ရှားနေသဖြင့် အိပ်ရာပေါ်တွင်လည်း ဆက်လက်မနေနိုင်တော့ပြန်ဘဲ ခေါင်းရင်း ပြတင်းပေါက်ဆီသို့ လျှောက်ခဲ့သည်။ တစ်မျှော်တစ်ခေါ်မြင်ကွင်းကျယ်ကို မျက်စိနှင့်မဆန့် တစ်ပြန့်တကြော တွေ့လိုက်ရသည်။

စိမ်းညို့မြက်ခင်း၊ ဆင်ခြေလျှောကုန်းမြင့်များ၊ အဝေးဆီမှ တော



www.burmeseclassic.com

www.burmeseclassic.com



တန်းများ၊ တောက်ပသော နေရောင်ခြည်နှင့်အတူ အဆုပ်လိုက်အဆုပ်လိုက် လွင့်မျောနေသော တိမ်ဖြူဖြူများ။

ပကတိ လက်တွေ့ အဖြစ်အပျက်များကို နိုးကြားသော အာရုံတို့ဖြင့် ဆက်စပ်ထိတွေ့နေသည်ဖြစ်ပါလျက် အိပ်မက်ရှည်ကြီးတစ်ခုကိုမက်နေရသလို ခံစားရသည်။ လန်ဒန်အရှေ့ပိုင်းမှ မိဘမဲ့တစ်ကောင်ကြွက်၊ ကလေကချေ လေးတစ်ဦး၊ ကမ္ဘာ့အရှေ့နိုင်ငံတစ်ခုသို့ ရောက်ရှိနေရသည့်အဖြစ်။

တစ်ခါမှ မရောက်ဖူးသော ဒေသ၊ ရောက်ဖူးဖို့ မဆိုထားနှင့် ယောင် ယမ်း၍သော်မှပင် စိတ်မကူးဖူးသော ဒေသ၊ မမြင်ဖူးလိုက်သော ကျေးဇူးရှင်၊ ဒေသ၊ ကာလနှင့်မျက်နှာများအားလုံးသည် သူစိမ်းပြင်ပြင်။

ဘုရားသခင်သည် ဤလောကဇာတ်ခုံကြီး၌ ကျွန်ုပ်ကပြရန်မည်သို့ သော ဇာတ်လမ်းဇာတ်ကွက်ကို ဖန်ဆင်းပေးတော်မူလိုက်လေသနည်း။

မစ္စတာဟောင်းဝပ်သည် သူ့ညီရှိရာ ကာလကတ္တားသို့ ဘာကြောင့် ကျွန်ုပ်အားစေလွှတ်လိုက်သနည်း။ အရှေ့တိုင်းသားတို့၏ ကျေးဇူးတရားကို ပေးဆပ်ရန် သူ့ကိုယ်စား ကမ္ဘာလောကအား ကျွန်ုပ်က တုံ့ပြန်ကျေးဇူးပြုရန် ကျွန်တော့်ကျေးဇူးရှင်ကြီးက ပြောဖူးသည်။ သို့သော်မည်သို့သော ကျေးဇူး တရားနည်း။ မည်သည့်အတိုင်းအတာအထိ ကျွန်ုပ်ကထိုသူဌေးကြီးညီအစ်ကို ကိုယ်စား ပေးဆပ်ရမည်နည်း။

ဝတ္ထုများထဲတွင် ဖတ်ဖူးသည့် ရှေးဟောင်းရတနာသိုက်ကြီး တစ်ခု ကို ရှာဖွေတူးဖော်ရမည့် ကိစ္စမျိုးလည်း မဟုတ်။ပျောက်ဆုံးနေသောလူတစ်ဦး သို့မဟုတ် ရှေးဟောင်းကျမ်းစာတစ်ခုခုကို ရှာဖွေရန်လည်း မဟုတ်။ အရှေ့ တိုင်း၏ လျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရပညာရပ်တစ်ခုခုကိုလေ့လာဆည်းပူး ရန်လည်း မဟုတ်။ အဘယ်သို့သော ဇာတ်လမ်းဇာတ်ကွက်မျိုး၌ မည်သည့် ဇာတ်ကောင်နေရာမှ မည်သို့ပါဝင်ကပြရမှန်း မသိသောအဖြစ်။ ဘာကိုမှကြို တင်တွေးဆ၍ မရနိုင်သော အဖြစ်။

အစ်ကိုဖြစ်သူ မစ္စတာဟောင်းဝပ်အား ကာဘွန်စက္ကူခံ၍ ပုံတူရေး ဆွဲလိုက်လျှင် မစ္စတာဂျိုနသန်ဖြစ်လာမည်ဟု ဒီဗားက ကျွန်ုပ်ကိုပြောသည်။ သို့ဆိုလျှင် မစ္စတာဂျိုနသန်လိုလားသော ကျွန်ုပ်၏ တာဝန်ဝတ္တရားသည် မစ္စတာဟောင်းဝပ်နှင့် ထပ်တူထပ်မျှပင် ဖြစ်ပေလိမ့်မည်။

သို့ဆိုလျှင် ကျေးဇူးရှင်ကြီး မစ္စတာဟောင်းဝပ်၏ ရုပ်ပုံလွှာကိုဦးစွာ ပြန်လည်ဖော်ထုတ်ရလိမ့်မည်။ သို့သော် လန်ဒန်မှ အစ်ကိုနှင့်ကာလကတ္တားမှ ညီတို့သည် ဒီဗားပြောသလောက်တော့ ထပ်တူရှိကြလိမ့်မည်မထင်ပေ။ထို့ ကြောင့် ကျွန်ုပ်နှင့်ပတ်သက်သော သူတို့၏ ဆန္ဒများကလည်းထပ်တူထပ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီကြလိမ့်မည် မဟုတ်ပေ။

မည်သို့ဆိုစေ မစ္စတာဟောင်းဝပ်က ကျွန်ုပ်အား ကာလကတ္တားသို့ စေလွှတ်လိုက်ခြင်းမှာ သူ့ညီထံသို့ 'လက်ပြောင်း'ပေးလိုက်ခြင်းသာ ဖြစ်လေသည်။ သည်အထဲမှာ လက်ခံရယူမည့် ဒုတိယပုဂ္ဂိုလ်က ကွယ်လွန်နှင့်နေပြန်သည်။ သူ့ကိုယ်စား သူ့သေတမ်းစာများနှင့်သာ ကျွန်ုပ်ရင်ဆိုင်ရတော့မည် ဖြစ်သည်။

အို. . .ဘုရားသခင်၊ဂူးလက်ချန်းဆိုသောအကောင်ငယ်လေးကျွန်ုပ်သည် သူဋ္ဌေးကြီးနှစ်ဦး စိတ်တိုင်းကျ ကိုင်တွယ်ဖန်တီးဖို့ လူဖြစ်လာရချေသလား။ ကျွန်ုပ်သည် မိမိဘဝကို မိမိဆန္ဒ၊ မိမိသဘောမပါဘဲ တစ်ပါးသူအလို ကျ လှုပ်ရှားကပြရတော့မည်လား။

ဝစ္စဒမ်ဗီလာ၏ အပေါ်ထပ်အိပ်ခန်းပြတင်းမှ မြင်နေရသော ပြန့်ပြူးသာယာသည့် မြင်ကွင်းသည် ကျွန်ုပ်အားလန်းဆန်းစေခြင်းငှာ မစွမ်းဆောင်နိုင်တော့။ အဝေးဆီက ဆင်ခြေလျှောတောင်ကုန်းများထက်တွင် လှပစွာ တရိပ်ရိပ်ပျံသန်းနေကြသော တိမ်လွှာတို့၏ လွတ်လပ်ခြင်းကို အားကျရင်း ကျွန်ုပ်၏ လွတ်လပ်မှုမဲ့ခြင်းကို တနုံ့နုံ့ခံစားနေရတော့သည်။

လျှို့ဝှက်နက်နဲမှုများဖြင့် အတိပြီးတတ်သော အရှေ့တိုင်းနိုင်ငံ အိန္ဒိယပြည်ကြီးသည်လည်း ကျွန်ုပ်အတွက် ပီဘိ သုစိမ်းတစ်ရံဆံ၊ အို. . . ဘာကြောင့်များ ငါဟာ လန်ဒန်အရှေ့ပိုင်းက ညစ်ပတ်နံစော်နေတဲ့ လမ်းကြိုလမ်းကြားတွေထဲမှာ မနေမိခဲ့ပါလိမ့်။ ဘုံရိပ်သာ၏ အေးစက်အောက်သိုးသော စွပ်ပြုတ်ကို သောက်ပြီး ဘဝတူ ကလေကချေတွေနှင့်အတူ ငြင်းခုန်သတ်ပုတ်ရင်း အသက်ရှင်နေသည်ကမှ လွတ်လပ်ဦးမည်။ ဟုတ်သည်။ ရိုင်းစိုင်းကြမ်းတမ်းသော်လည်း လွတ်လပ်တဲ့ဘဝ။

အခုတော့ ဧကပေါင်းများစွာ ကျယ်ဝန်းသည့် တောင်ကုန်းခြံကြီးအတွင်းမှ ကြီးကျယ်ခမ်းနားလှသော ဝစ္စဒမ်ဗီလာစံအိမ်ကြီး၏ တစ်ခုသောအိပ်ခန်းထဲတွင်ဖိတ်ဖိတ်တောက်သောလူကုံထံအဆောင်အယောင်များအကြား၌ ကျွန်ုပ်သည် ချမ်းသာကြွယ်ဝစွာ ထောင်ကျနေရပြီ။

ချမ်းသာကြွယ်ဝသော အကျဉ်းကျခြင်းထက် ဆင်းရဲနွံ့ချာသော လွတ် လပ်ခြင်းကမှ ပို၍တန်ဖိုးရှိဦးမည်။

အိပ်ခန်းအတွင်းရှိ တိုင်ကပ်နာရီမှ 'ဒင်'ခနဲမြည်သံကြောင့် ကျွန်ုပ် လန့်သွားသည်။ အို. . .ကြည့်စမ်းပါဦး၊ တိုင်ကပ်နာရီ၏ ရှစ်မြှောင့်မျက်နှာပြင်ထဲမှ ရွှေရောင်လက်တံနှစ်ချောင်းနှင့် ဒင်ခနဲ မြည်သံအောက်မှာပင်လျှင် ကျွန်ုပ်သည် အတွေး၏ လွတ်လပ်ခြင်းကို ဆုံးရှုံးလိုက်ရပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်နာရီခွဲနေပြီ။

တစ်နာရီတိတိတွင် ဝတ်လုံတော်ရနှင့် တွေ့ရမည်။

အစိမ်းနုကွမ်းရိုးစင်းများပါသည့်မီးခိုးရောင်ဝတ်စုံကိုလဲလိုက်သည်။ နက်ပြာရောင်လည်စည်းကို စည်းရင်း၊ ပန်းကနုတ်ဘောင်များ ဖော်ထားသည့် ဘဲဥပုံမှန်ကြီးရှေ့တွင် ကျွန်ုပ်ရပ်လိုက်၏။ နုနယ်ပျိုမျစ်သော်လည်း နွမ်းလျ ဖျော့တော့နေသည့် မျက်နှာတစ်ခုက မှန်ထဲမှနေ၍ကျွန်ုပ်ကိုပြန်ကြည့်နေလေ သည်။

အားနည်းနေသော ဤမျက်နှာမျိုးဖြင့် ဧည့်သည် ဝတ်လုံတော်ရ သည် ကျွန်ုပ်ကို မြင်တွေ့မသွားစေချင်။ ထို့ကြောင့် လက်ကိုင်ပဝါဖြင့်မျက်နှာ ကို ခပ်ကြမ်းကြမ်းပွတ်တိုက်ပစ်လိုက်သည်။ မျက်နှာပြင်တွင် သွေးရောင်များ တက်လာသည်။ နဖူးပေါ်တွင် ဝဲကျနေသော ဆံစများကို ဝက်မှင်ဘီးဖြင့်သပ် တင်လိုက်သည်။ ထို့နောက်တစ်ချက်နှစ်ချက်အသက်ပြင်းပြင်းရှူထုတ်လိုက် သည်။

ဆယ့်နှစ်နာရီလေးဆယ့်နှစ်မိနစ်တွင် ကျွန်ုပ်အဆင်သင့်ဖြစ်သည်။

အရှေ့တိုင်းနိုင်ငံများတွင် အချိန်ကို မည်မျှအထိ တိကျစွာလိုက်နာ တတ်ကြသလဲမသိ ဧည့်သည်နှင့်ချိန်းထားသော အချိန်မှာ တစ်နာရီတိတိ။ ဆယ့်နှစ်နာရီငါးဆယ့်ခုနစ်မိနစ်ရောက်မှအောက်ထပ်သို့ဆင်းမည်ဟုစိတ်ကူး လိုက်သည်။ မိမိစိတ်ကို တည်ငြိမ်အောင်ထားရင်း မှန်တင်ခုံကြီးရှေ့တွင် ကျွန်ုပ် ဆက်ထိုင်နေလိုက်သည်။

မှန်ထဲမှ ဂူးလက်ချန်း၏ မျက်လုံးများကို စူးစိုက်ကြည့်ရင်း ကျွန်ုပ် မှာ အင်အားရှိလာသလို ခံစားရသည်။

ဆယ့်နှစ်နာရီ ငါးဆယ့်ခုနစ်မိနစ်။

မှန်ရှေ့မှ ထရင်း မှန်ထဲမှဂူးလက်ချန်းကိုကျွန်ုပ်နှုတ်ဆက်လိုက်လေ သည်။

"ဂူးလက်ရေ. . .ဘာပဲဖြစ်ဖြစ်. . .တို့နှစ်ယောက်တော့ရှိနေသေးတာ ပဲ၊ တစ်ယောက်တည်း မဟုတ်ပါဘူးကွာ . . ."

◆



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

အောက်ထပ်လက်ဖက်ရည်ခန်းအလယ်မှာရှိသောပါလစ်ရောင်ဖိတ်ဖိတ်တောက်နေသည့် ကျွန်းစားပွဲကြီး၏နောက်မှီဖြင့် ထိုင်ခုံတွင် ကျွန်ုပ်နေရာယူမိလိုက်ချိန်၌အခန်းထဲမှတိုင်ကပ်နာရီသည်'ဒင်'ခနဲတစ်ချက်တီးလေသည်။

ဧည့်သည်က ရောက်နှင့်နေပြီ။ မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ထိုလူကြီးကား ဒီဗားပြောသည့် ဝတ်လုံတော်ရကြီးပင်ဖြစ်ပေသည်။ စိုပြည်မည်းနက်သော အသားအရေက အထက်တန်းကျသော အိန္ဒိယတိုင်းသားတစ်ဦးဖြစ်ကြောင်း ဖော်ပြနေသည်။အထူးသဖြင့်မှုမည်းနက်သောအသားအရောင်ကြောင့် သူ့ထိပ်ဘေးမှ ဆံပင်များနှင့် နှုတ်ခမ်းမွေးများသည် ပို၍ ဖြူဖွေးနေကြသည်။ အထူးခြားဆုံးမှာ သူ၏နားရွက်အတွင်းမှ အဖြူရောင်နားမွေးများရှည်လျားစွာ ပေါက်နေကြခြင်းဖြစ်သည်။

"သခင်လေးခင်ဗျား၊ ကျွန်တော့်ကို မိတ်ဆက်ပေးခွင့်ပြုပါ၊ ဒါက ဝတ်လုံတော်ရကြီး မစ္စတာပရဲယား ဖြစ်ပါတယ်၊ မစ္စတာပရဲယားခင်ဗျား၊ ဒါ ကလန်ဒန်က ရောက်လာတဲ့ မစ္စတာဂူးလက်ချန်းဖြစ်ပါတယ်"

ကျွန်ုပ်တို့နှစ်ဦး မတ်တတ်ရပ်၍ လက်ဆွဲနှုတ်ဆက်ကြသည်။စားပွဲ၏ တစ်ဖက်စီမှ ကမ်းပေးလိုက်သော မစ္စတာပရဲယား၏ လက်တံကြီးသည် ရှည်လျားစွာ ထိုးထွက်လာသည်ဟု ကျွန်ုပ်ထင်နေမိသည်။ ထို့ပြင်သေးသွယ်ကြုံလှီ၍ အကြောအပြိုင်းပြိုင်းထလျက်ရှိသောမစ္စတာပရဲယား၏လက်ချောင်းများသည် တင်းကျပ်စွာ ဆုပ်ကိုင်နိုင်စွမ်းလည်း ရှိနေကြပေသည်။

အသက်ခြောက်ဆယ်ကျော်မည်လား၊ ခုနစ်ဆယ်ကျော်မည်လား ကျွန်ုပ်ခန့်မှန်းမိနေစဉ် မစ္စတာပရဲယားသည်နီကယ်ရောင်ဘူးလေး၏အဖုံးကို ဖွင့်လျက် အထဲမှ သေးမျှင်သောကိုင်းများရှိသည့် မျက်မှန်ဝိုင်းလေးကို ထုတ်ကာ နားရွက်နောက်သို့ ချိတ်၍ နှာခေါင်းပေါ်သို့ တင်လိုက်လေသည်။

"လန်ဒန်သူဌေးကြီးမစ္စတာ ဟောင်းဝပ်ဖရန့်ရဲ့ ညွှန်ကြားချက်နဲ့

www.burmeseclassic.com



မကြာခင်က ကွယ်လွန်သွားတဲ့ မစ္စတာဂျိုနသန်ဖရန့်တို့ရဲ့ ဆန္ဒအရသေတမ်းစာနှင့် အမွေဆက်ခံမှုဆိုင်ရာ ကိစ္စများကို ကျုပ်တို့ စလိုက်ကြရအောင်"

သူ၏အင်္ဂလိပ်စကားမှာအနည်းငယ်ဝဲသော်လည်းအထက်တန်းကျသော အသုံးအနှုန်းများဖြစ်ကြောင်း ကျွန်ုပ်သတိထားမိသည်။ အဘိုးကြီး မစ္စတာပရဲယားသည် စားပွဲပေါ်တွင် အသင့်ချထားသော အညိုရောင်လက်ဆွဲအိတ်ကြီးထဲမှ ဖိုင်တွဲများကို ထုတ်နေသည်။ ဒီလူကြီးကား သူ၏ ဝတ်လုံအလုပ်မှတစ်ပါး ဘာကိုမှ စိတ်ဝင်စားခြင်းရှိဟန်မတူသည့် လူကြီးဖြစ်ပေမည်။ သူသည် မည်သည့် ပဋိသန္ထာရစကားကိုမျှ မပြောတော့ဘဲ အလုပ်ကိစ္စကိုသာ တစ်ခါတည်း ပြောလာသည်။

ဖိုင်တွဲများကို သူတစ်ခုစီ ဖြန့်ချလိုက်ချိန်တွင် ဒီဗားကလည်းစားပွဲထိုး၏ အကူအညီဖြင့် လက်ဖက်ရည်ပွဲကို ပြင်ဆင်နေသည်။ လက်ဖက်ရည်ခန်းတစ်ခုလုံးတွင် မစ္စတာပရဲယား၏ ဖိုင်တွဲစာရွက်လှန်သံနှင့်ဒီဗားကိုင်တွယ်သော ငွေဇွန်းများမှ တိုးညင်သော 'ချွင် ချွင်' သံများသာ ပေါ်ထွက်နေသည်။ ကျွန်ုပ်မူကား ကျွန်ုပ်၏ အနာဂတ်ဘဝတစ်ခုလုံးကို အဆုံးအဖြတ်ပေးမည့် ဤတစ်ဒင်္ဂကို ရင်ခုန်စွာဖြင့် စောင့်လင့်နေမိလေသည်။

"မစ္စတာဂူးလက်ချန်းကြည့်ဖို့ စာရွက်စာတမ်းတွေပါ"

ဖိုင်တွဲထဲမှ စာရွက်အချို့ကို ဖြုတ်လျက် မစ္စတာပရဲယားက ကျွန်ုပ်ထံ ကမ်းပေးသည်။ ကျွန်ုပ်လှမ်းယူလိုက်ပြီးနောက် တစ်ချက်ကလေးမှ မကြည့်ဘဲ ရှေ့မှာ ချထားလိုက်သည်။

တောင့်ထားစမ်း ဂူးလက်ချန်း၊ မတုန်လှုပ်နဲ့ ဒါဟာကြီးကျယ်တဲ့ တိုက်ပွဲတစ်ပွဲ ဖြစ်တယ်။ မင်းရဲ့ အနာဂတ်ကာလရဲ့ တိုက်ပွဲ။

အသက်မျှင်း၍ ရှူရှိုက်လျက် ကျွန်ုပ်ပြောလိုက်သည်။

"ကျွန်တော့်ဆီမှာထားမယ့် စာရွက်စာတမ်းများကို နောက်မှပဲ အေးအေးဆေးဆေး အချိန်ယူပြီး ကျွန်တော်လေ့လာပါမယ်၊ အခုနေတော့ မစ္စတာပရဲယားအနေနဲ့ ပြောစရာရှိတာတွေကို ပြောစေချင်ပါတယ်"

မျက်ခုံးမွေးအဖြူများအောက် သေးငယ်သော မျက်မှန် မှန်ဝိုင်းကလေးများ၏ နောက်ဖက်ဆီမှ စူးရှသော မျက်လုံးများဖြင့်မစ္စတာပရဲယားသည် ကျွန်ုပ်ကို တစ်ချက်ဝင့်ကြည့်လေသည်။

သူ မျက်မှန်ကို ပြန်ချွတ်လိုက်သည်။

"ကောင်းပါပြီ မစ္စတာဂူးလက်ချန်း၊အချုပ်ပြောရရင်မစ္စတာဟောင်းဝပ်ဖရန့်နဲ့ မစ္စတာဂျိုနသန်တို့ရဲ့ သေတမ်းစာအရ မစ္စတာဂူးလက်ချန်းဟာ အခုအချိန်ကစပြီး ဝစ္စဒမ်ဗီလာနဲ့တကွ ဖရန့်ညီနောင်သစ်လုပ်ငန်းကုမ္ပဏီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သော အရပ်ရပ်ပစ္စည်းများ၊ အဆောက်အဦးများ၊ဘဏ်ငွေစာရင်းများ၊ အခြားသော ရင်းနှီးမြှုပ်နှံမှုများအားလုံးကို တစ်ဦးတည်း အမွေဆက်ခံပိုင်ခွင့် ရရှိလိုက်ပြီဖြစ်ပါတယ်"

ထိုင်ခုံမှ တစ်ကိုယ်လုံး မြောက်ကြွသွားတော့မတတ်။ သို့တည်းမဟုတ်ထိုင်ခုံနှင့်တကွ တစ်ကိုယ်လုံး နစ်ကျွံမြုပ်ဝင်သွားတော့မတတ် ကျွန်ုပ်တုန်လှုပ်သွားသည်။

သည်လောက်အထိ ကျွန်ုပ်မမျှော်လင့်မိ။

ယခုမှ ကျွန်ုပ် မခန့်မှန်းနိုင်လောက်အောင် များပြားသော စည်းစိမ်ဥစ္စာများသည် ကျွန်ုပ်ကိုယ်တိုင်က ဘာမျှ အားမထုတ်လိုက်ရဘဲ ကျွန်ုပ်၏လက်ထဲသို့ စုပြုံရောက်ရှိလာချေပြီ။ မည်သို့သော အဖြစ်သနစ်ပေနည်း။ မည်သို့ကြုံရလေသနည်း။

မစ္စတာဟောင်းဝပ်နှင့် မစ္စတာဂျိုနသန်တို့ပင် ရူးသွပ်နေကြသည်လား။ ကျွန်ုပ်ကိုယ်တိုင်ပင်ရူးသွပ်သွားပြီလား။ဝတ်လုံတော်ရမစ္စတာပရဲယား၊ဘဏ္ဍာစိုးကြီးဒီဗား။ အို. . .အားလုံးရူးသွပ်နေကြပြီလား။

"အမွေဆက်ခံမှုဆိုင်ရာ အရပ်ရပ်ပစ္စည်းစာရင်းနဲ့ သစ်လုပ်ငန်းကုမ္ပဏီရဲ့ ကိစ္စအဝဝတွေကို စာရင်းဇယားကိန်းဂဏန်းတွေနဲ့တကွ စာရွက်စာတမ်းမှာ ဖော်ပြထားပါတယ်၊ ဒါက ပိုင်ဆိုင်မှုအပိုင်းဖြစ်ပါတယ်"

ပိုင်ဆိုင်မှုအပိုင်း။ ဒီစကားလုံးကကော ဘာကိုရည်ညွှန်းသနည်း။ ထိုစကားလုံးများကိုမစ္စတာပရဲယားသည်အလေးအနက်ရေရွတ်လိုက်ကြောင်း ကျွန်ုပ်သတိထားမိသည်။ ပိုင်ဆိုင်မှုအပိုင်းဆိုတော့ နောက်ဘာအပိုင်းရှိဦးမည်နည်း။

"နောက်အပိုင်းက လိုက်နာကျင့်သုံးနေထိုင်ရမည့် စည်းကမ်းချက်ဆိုင်ရာအပိုင်းဖြစ်ပါတယ်"

မစ္စတာပရဲယားသည် အညိုရောင်ဖိုင်တွဲကြီးတစ်ခုကိုဖွင့်ပြန်သည်။

"အချက်သုံးချက်ရှိပါတယ်။ အဲဒါတွေကတော့တစ်ပညာသင်ကြားမှု၊ နှစ်. . ."

"နေ. . .နေပါဦး မစ္စတာပရဲယား၊ကျွန်တော်တို့တစ်ချက်ချင်းသွားရအောင်လား"

မိမိကိုယ်မိမိ ဒေါက်ကပ်မြင်းလှည်းရှေ့မှမြင်းတစ်ကောင်နှယ်လိုရာသို့ အမောင်းခံနေရပြီဟု ထင်မြင်မိလာသောကြောင့် မစ္စတာပရဲယားကိုလှမ်း ၍ ဟန့်တားလိုက်ရလေသည်။

"ကောင်းပါပြီ၊ တစ်အချက် မစ္စတာ ဂူးလက်ချန်းဟာ ထူးချွန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရပညာတတ်တစ်ဦးဖြစ်အောင် ကြိုးစားသင်ယူရမယ်”

“ထူးချွန်တဲ့ ဘွဲ့ရပညာတတ်တစ်ဦး. . .ဟုတ်လား၊ အဲဒါက ဘယ်အတိုင်းအတာအထိလဲ၊ ဘယ်လိုဘွဲ့မျိုးလဲ၊ ဘယ်အဆင့်အထိလဲ၊ ဘယ်တက္ကသိုလ်ကလဲ၊ အမှန်တော့ ကျွန်တော်ကိုယ်တိုင်ကလည်း ပညာတတ်တစ်ယောက်ဖြစ်လိုတဲ့ ဆန္ဒအပြည့်နဲ့ပါ၊ ဒါပေမဲ့. . .”

“မစ္စတာဂူးလက်ချန်းခင်ဗျား . . .တစ်ချက်စီရဲ့အသေးစိတ်တွေဟာ စာရွက်စာတမ်းထဲမှာပါပါတယ်၊ကိုယ်တိုင်ဖတ်ရှုလေ့လာပြီးမရှင်းလင်းတာရှိတော့မှ ကျုပ်ကို မေးမြန်းတာက ပိုပြီးကောင်းပါလိမ့်မယ်”

စိတ်ရောကိုယ်ပါ လှုပ်လှုပ်ရှားရှားဖြစ်သွားသည့်အတွက် ကျွန်ုပ်အနည်းငယ်ရှက်သွားမိလေသည်။ အာရုံကို စုစည်းထိန်းသိမ်းလိုက်ပြီးမှ. . .

“ကောင်းပြီ မစ္စတာပရဲယား၊ နံပါတ်နှစ်ကို ဆက်ပါ”

“နှစ်အချက်၊ ဆင်းရဲနွမ်းပါးသော ပုဂ္ဂိုလ်များ၊ပညာရေးလူမှုဆိုင်ရာအဖွဲ့အစည်းများနဲ့ အခြားအခြေအနေများမှာ ပေါ်ပေါက်တဲ့ ချို့တဲ့မှု၊ ဘေးဒုက္ခရောက်မှုအစရှိသော နေရာတွေကို သင့်တော်တဲ့ငွေကြေး သို့မဟုတ် ပစ္စည်းဥစ္စာများနဲ့ အတတ်နိုင်ဆုံး လှူဒါန်းပေးကမ်းခြင်း၊ ရန်ပုံငွေ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းများ ပြုရပါမယ်”

အသေးစိတ်ကို စာရွက်စာတမ်းများမှာပင် ကြည့်တော့မည်ဟု တေးမှတ်လိုက်ရပြန်သည်။

“သုံးအချက်၊အဲဒီအချက်တစ်နဲ့နှစ်ပါစည်းကမ်းသတ်မှတ်ချက်များကို ထိခိုက်လျော့ပါး နှောင့်ယှက်ခြင်းမရှိရင် မစ္စတာဂူးလက်ချန်းဟာ အသက်သုံးဆယ်တင်းတင်းပြည့်တဲ့အချိန်မှာ လက်ထပ်ထိမ်းမြားနိုင်တယ်၊အကယ်၍ အချက်တစ်နဲ့ နှစ်ကို ထိပါးနှောင့်ယှက်ရာ ရောက်မယ်ဆိုရင်တော့ဘယ်သောအခါမှ လက်ထပ်ခွင့်မရှိဘူး”

“ဒါကဘာလဲ၊ ဘယ်လိုအဓိပ္ပာယ်လဲ”

သတိထားနေသည့်ကြားမှပင် မေးခွန်းသည်နှုတ်မှလွတ်ထွက်သွားသည်။ သို့သော် မစ္စတာပရဲယားက ထပ်မံ၍ ရှင်းပြပေးပေသည်။

“ဒီသုံးအချက်က အမွေဆက်ခံခွင့်နဲ့ ပိုင်ဆိုင်ခွင့်များကို ပိုမိုတိကျအောင် ပြဋ္ဌာန်းသတ်မှတ်တဲ့ အဓိပ္ပာယ်ပါပဲ၊ ရှင်းရှင်းပြောရရင်တော့ မစ္စတာဂူးလက်ချန်းအနေနဲ့ မိန်းမ. . .အဲ. . .ချစ်သူတစ်ယောက်ကို တွေ့ကောင်းတွေ့ပါလိမ့်မယ်၊ သူနဲ့လက်ထပ်ဖို့အထိလည်း ဖြစ်ကောင်းဖြစ်လာပါလိမ့်မယ်၊သို့သော် အဲဒီမိန်းမနဲ့လက်ထပ်မယ့် ကိစ္စဟာ အချက်တစ်နဲ့နှစ်ကိုတားဆီးနှောင့်ယှက်ရာရောက်လာမယ်ဆိုရင်တော့ လက်ထပ်ဖို့ ကိစ္စကို လုံးဝစွန့်လွှတ်ရပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ဆိုလိုတာကတော့ မစ္စတာဂူးလက်ချန်းရဲ့ ဇနီးဟာ အိမ်ရှင်မတစ်ယောက်၊ သားသမီးများနဲ့မိခင်တစ်ယောက်အဖြစ်အခွင့်အရေးအပြည့်အဝရရှိပါမယ်၊ သို့သော်မစ္စတာဂူးလက်ချန်းရဲ့ပညာရေးနဲ့လူ့ဒါန်းပေးကမ်း ထောက်ပံ့ရေးကိစ္စတွေမှာတော့ ဘာတစ်ခုမှ ဝင်ရောက်စွက်ဖက်ခွင့် မရှိစေရပါဘူး"

ထူးဆန်းလှသည်ဟုမဆိုနိုင်သော်လည်းဖြစ်လေ့ဖြစ်ထမဟုတ်သောထိုတတိယစည်းကမ်းချက်မှာကသိကအောက်နိုင်လှမည်ဟုထင်မိလေသည်။ ထို့ကြောင့် ကျွန်တော် အထွန့်တက်မိသည်။

"ကဲ. . .ဆိုကြပါစို့ မစ္စတာပရဲယား၊ ကျွန်တော်ဟာ ချစ်သူတစ်ယောက်တွေ့မယ်၊ သူနဲ့လက်ထပ်ဖို့လဲ စီစဉ်မယ်၊ ဒါပေမဲ့ ကျွန်တော့်ဇနီးလောင်းကို လေ့လာတဲ့အခါမှာ စာစာကစည်းကမ်းချက်တွေနဲ့အကျုံးမဝင်နိုင်ဘူးဆိုတာ တွေ့လာရမယ်၊ ဒါ့ကြောင့် သူ့ကိုစွန့်ပစ်မယ်ဆိုကြပါစို့၊ နောက်တစ်ယောက်တွေ့ဦးမယ်၊ သူကလဲ စည်းကမ်းချက်တွေကိုအနှောင့်အယှက်ဖြစ်နေမယ်၊ သူ့ကိုလည်း စွန့်ပစ်ခဲ့ရမယ်၊ ဒီလိုနဲ့ပဲ ကျွန်တော်ကသိုလ်ကံဆိုးစွာနဲ့ ဒီလို စည်းကမ်းချက်မှာ အကျုံးမဝင်နိုင်တဲ့ မိန်းမတွေနဲ့ချည်းတွေ့၊ စွန့်ပစ်၊ နောက်တစ်ယောက်၊ နောက်တစ်ယောက်၊ ဒီလိုပဲ ဖြစ်နေခဲ့မယ်ဆိုရင် အိမ်ထောင်ပြုဖို့ကိစ္စကို ကျွန်တော်တစ်သက်လုံး စွန့်လွှတ်ရမယ် ဒီလိုလား. .."

လူငယ်စိတ်ဖြင့် ကျွန်ုပ်က ခပ်ရွှင်ရွှင်ပြောလိုက်သော်လည်း မစ္စတာပရဲယားကမူ ပို၍တည်ငြိမ်သွားသော မျက်နှာထားကြီးဖြင့်. . .

"အိမ်ထောင်ပြုပြီးနောက်ပိုင်း စည်းကမ်းနဲ့မညီဖြစ်လာတယ်ဆိုရင်တောင်မှ အဲဒီဇနီးကို မစ္စတာဂူးလက်ချန်း စွန့်ပစ်ကွာရှင်းရပါမယ်"

ခေါင်းကို နောက်လှန်၍သာ အားရပါးရ ရယ်ချလိုက်ချင်ပေတော့သည်။ ကျေးဇူးရှင် သူဌေးကြီးညီနောင်သည် သူတို့ကိုယ်တိုင် ဇနီးမယား၊ သမီးသားမရှိဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားကြသလိုကျွန်ုပ်ကိုလည်းသူတို့ပုံစံအတိုင်းဆင့်ပွားဖန်တီးခဲ့ကြခြင်းပါတကားဟုလည်းသဘောပေါက်လိုက်မိလေတော့သည်။

မည်သို့ဆိုစေ၍တတိယအချက်ကိုရယ်စရာအရေးမထားလောက်စရာနောက်ဆက်တွဲဖြည့်စွက်ချက်ဟု လက်ခံလိုက်တာက အကောင်းဆုံးဖြစ်ပေမည်။

"ကိုင်း. . .အသေးစိတ်တွေကို နောက်မှပဲ စာရွက်စာတမ်းတွေ ဖတ် ကြည့်ပါတော့မယ်၊ ကျွန်တော်တို့လက်ဖက်ရည်ပွဲ စလိုက်ကြစို့လား"

"ခဏလေးဆိုင်းပါဦး မစ္စတာဂူးလက်ချန်း၊စာရွက်စာတမ်းတွေပေါ်မှာ လက်မှတ်ထိုးဖို့ ရှိပါသေးတယ်"

"အိုး. . .ဟုတ်ပေသားပဲ၊ ကဲ. . .လက်မှတ်ထိုးကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဒီဗားက ကလောင်တံနှင့် မင်အိုးကို အသင့်ချပေးသည်။ မစ္စတာပရဲယား ညွှန်ပြသော နေရာများ၌ ကျွန်ုပ်လက်မှတ်ထိုးရသည်။ 'ဂူးလက်ချန်း' ဟူ၍ လက်မှတ်ထိုးရာတွင် ကိုယ့်အမည်ကိုလက်မှတ်ရေးထိုးရသည်ဟုမထင်မိ။ မြင့်လှစွာသော အထက်ဆီသို့ လှေကားတစ်စင်းကိုထောင်၍ တက်လိုက်ရသလို၊ သို့တည်းမဟုတ် ဝေးကွာလှစွာသော ချောက်ကမ်းပါးဟိုမှာဘက်ဆီသို့ တံတားတစ်ခု ခင်းလိုက်ရသလို ခံစားနေရလေသည်။

"လက်ဖက်ရည်ပွဲအားလုံး အဆင်သင့်ဖြစ်ပါပြီ"

ဒီဗားက ကျွန်ုပ်၏ လက်မှတ်ကို မင်နိုပ်စက္ကူတလိမ့်တုံးဖြင့် ဖိနှိပ်ပေးသည်။ တလိမ့်တုံးကို ဟိုဘက်သည်ဘက်လှိမ့်နေစဉ် ဒီဗား၏လက်များ တုန်ယင်နေသည်ကို ကျွန်ုပ်သတိထားမိသည်။

လက်ဖက်ရည်ပွဲကို တိတ်ဆိတ်စွာပင် ပြီးဆုံးသွားသည်။အဘိုးကြီး မစ္စတာပရဲယားသည် သူ၏အလုပ်စကားမှတစ်ပါး အခြားစကားများကိုပြောဆိုရန် စကားမတတ်သကဲ့သို့ပင် လက်ဖက်ရည်နှင့် မုန့်များ၊ သစ်သီးများကိုသာ တွင်တွင်စားသောက်နေသည်။

နောက်ဆုံးလက်ဖက်ရည်တစ်ကျိုက်ကိုမော့ချပြီးနောက်ပဝါဖြူဖြင့် သူ၏နှုတ်ခမ်းမွေးတစ်ဝိုက်ကို ခပ်ဖွဖွတို့ကာ မစ္စတာပရဲယားသည် လက်ဆွဲအိတ်ပြင်လေသည်။ ထို့နောက် ဒီဗားလှမ်းပေးသော တုတ်ကောက်ကို လက်မောင်းမှာချိတ်၊ ဦးထုပ်ကိုဆောင်းပြီး အားနေသော လက်ဖြင့် ကျွန်ုပ်ဆီသို့ ကမ်းပေးသည်။

"ကျေးဇူးတင်ပါတယ် မစ္စတာပရဲယား"

"မေးမြန်းဆွေးနွေးဖို့လိုအပ်ရင် ကျုပ်လာခဲ့ပါမယ်"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်"

အဘိုးကြီးက မသိမသာ ခေါင်းညွှတ်နှုတ်ဆက်သည်။ သို့သော်သူ့လက်ချောင်းများက ပထမအကြိမ်ထက်ပို၍တင်းကျပ်စွာဖျစ်ညှစ်ဆုပ်ကိုင်နေသည်ကို တွေ့ရသည်။ လက်ချင်းခွာပြီးနောက်တွင် စူးခနဲ တစ်ချက်ကြည့်ကာ အဘိုးကြီးလှည့်ထွက်သွားလေသည်။

"ကျွန်တော် လက်ဖက်ရည်ပွဲ သိမ်းလိုက်ရတော့မလား သခင်လေး"

"သိမ်းလိုက်ပါ ဒီဗား၊ စာရွက်စာတမ်းတွေကိုတော့ ကျွန်တော်ပဲစာကြည့်ခန်းထဲကိုယူသွားမယ်၊ညစာစားချိန်အထိကျွန်တော်တစ်ယောက်တည်းနေချင်တယ်. . ."

ဖိုင်တွဲတစ်ခုစာ၊နှစ်ခုစာလောက်သာရှိသောပါးပါးလျားလျားအရွက်များသည် ကျွန်ုပ်လက်ထဲတွင် သံတုံးသံခဲကြီးများနှယ်လေးလံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

ဝစ္စဒမ်ဗီလာဟု အဘယ်ကြောင့်အမည်ပေးထားရသည်ကိုစာကြည့် ခန်းထဲရောက်သောအခါမှ ကျွန်ုပ်ကောင်းစွာသဘောပေါက်မိတော့သည်။

အလင်းရောင်နှင့် လေကောင်းလေသန့်များ ကောင်းစွာရရှိအောင် စနစ်တကျ မှန်ပြတင်းများ၊ ခန်းစီးလိုက်ကာများ ပြုလုပ်ထားသော စာကြည့် ခန်းသည် ဤစံအိမ်၏အမြုတေပင်ဖြစ်ပေသည်။ခမ်းနားတောက်ပြောင်မှုများ ဖြင့် နေရာတိုင်းမှာ ဖိတ်ဖိတ်တောက်နေသော ဤစံအိမ်ကြီးတွင် ဤစာကြည့် ခန်းသည် ဣန္ဒြေကြီးရင့်ခြင်း၊ နက်ရှိုင်းခြင်း၊ဝိညာဉ်ဆန်ခြင်း၊ဂန္ဓဝင်ဆန်ခြင်း များဖြင့် သီးခြားအဓိပ္ပာယ်ကို ဆောင်လျက်ရှိလေသည်။

လူတစ်ရပ်စာမျှ ကြီးမားသောမှန်ပြတင်းပေါက်ကြီးကိုနောက်ကျော ပြုထားသည့် စာကြည့်စားပွဲကြီးသည် လူခြောက်ယောက်လောက် အစည်းအ ဝေးထိုင်နိုင်လောက်အောင် ကြီးမားလှသည်။ စားပွဲကြီးနောက်ရှိ ကုလားထိုင် တွင် အနက်ရောင် သားရေကူရှင်တပ်ကာ ဆုံလည်ပုံစံပြုလုပ်ထားသည်။

စားပွဲပေါ်တွင် နှစ်သွားအစားစားရှိ ကလောင်တံများကို ဖန်အိုးများ ဖြင့် စိုက်ထားပြီး မင်အိုးများကိုလည်း အနီ၊ အနက်၊ အစိမ်း၊ အပြာ၊ စိမ်းပြာ ငါးမျိုးချထားသည်။ စားပွဲတစ်ဖက်ထိပ်တွင်မူ လှပသော ငှက်မွေးတပ်က လောင်တံများကို ကြွေအိုးထဲတွင် အလှထိုးစိုက်ထားသည်။

သားရေကူရှင်တပ်ဆုံလည်ကုလားထိုင်တွင်ထိုင်ရင်းဤထိုင်ခုံထက် တွင် နှစ်ပေါင်းများစွာ ထိုင်ခဲ့မည့် ကွယ်လွန်သူ မစ္စတာဂျိုနသန်ဖရန့်၏ရုပ် ပုံကို ကျွန်ုပ်ခန့်မှန်းမြင်ယောင်ကြည့်မိလေသည်။

ဆုံလည်ကုလားထိုင်တွင် ထိုင်မည့်သူသည် မျက်နှာချင်းဆိုင်နံရံထက် ရှိကြီးမားသော ပုံတူပန်းချီကားကြီးနှစ်ချပ်ကိုတွေ့ရလိမ့်မည်ဖြစ်သည်။ဆီ ဆေးပန်းချီကားချပ်ကြီးထဲမှ မစ္စတာဟောင်းဝပ်ဖရန့်နှင့်မစ္စတာဂျိုနသန်ဖရန့် တို့ကလည်း စာကြည့်ခန်းထဲရောက်လာသူမှန်သမျှကိုငုံ့ကြည့်နေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆီဆေးပုံတူ ပန်းချီကားကြီးနှစ်ချပ်ကို ကြည့်ရင်း ကျွန်ုပ်မှာ စိတ်မသက်မသာဖြစ်လာသည်။ တစ်သက်စားမကုန်သောစည်းစိမ်ဥစ္စာများကိုလွှဲအပ်ခဲ့ကာ ကျွန်ုပ်၏ဘဝကို ကျွန်ုပ်ဆန္ဒသဘောမပါဘဲ ရှင်သန်နေထိုင်စေရန် စီမံသွားကြသည့် သူဌေးကြီးနှစ်ယောက်။ သူတို့အပေါ်တွင် ရှိနေသော ကမ္ဘာလောက၏ အကြွေးများအားကိုယ်စားပေးဆပ်ရန်ကျွန်ုပ်ကိုရွေးချယ်လိုက်ကြသည့် သူဌေးကြီးနှစ်ယောက်။

လူငယ်လူရွယ်တို့၏ လွတ်လပ်ခြင်းကို ဤပုံတူပန်းချီကားကြီးနှစ်ချပ်ရှေ့မှောက်တွင် ကျွန်ုပ်ပစ်ချလိုက်ရတော့မည်။ သူဌေးလေးတစ်ယောက်ဟူသော ဘဝနှင့်အတူ ကြီးမားများမြောင်လှသော (သို့သော် ဘာမှန်းမသိရသော) တာဝန်ဝတ္တရားများကို ကျွန်ုပ်နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ၊ မနိုင့် တနိုင်ဖြစ်စေ သယ်ဆောင်သွားရတော့မည်။

သို့သော်. . .သူတို့သည် ကျွန်ုပ်၏ ကျေးဇူးရှင်များဖြစ်သည်။ ထို ထက်မူ ဘုရားသခင်အလိုတော်အရဤကမ္ဘာလောကကြီးတွင်ကျွန်ုပ်တစ်ယောက်တည်းကိုသာ ယုံမှတ်ပုံအပ်သွားခဲ့သူများဖြစ်သည်။ ပြီးတော့သူတို့၏ စည်းစိမ်ဥစ္စာနှင့်အတူ ကျွန်ုပ်ပခုံးပေါ်သို့ ချပေးလိုက်သောအရာမှာမကောင်းမှုဒုစရိုက်လုပ်ငန်းတစ်ခု မဟုတ်၊လက်စားချေသတ်ဖြတ်ရေးလိုကိစ္စမျိုးမဟုတ်၊ ကောင်းမှုပြုရန် ကိစ္စများသာဖြစ်ချေသည်။

ကျေးဇူးရှင်တွေကို မပယ်ရှားနဲ့လေ ဂူးလက်ချန်း။ ပြီးတော့ စွန့်စားရင်ခုန်လိုတဲ့ လူငယ်စိတ် မင်းမှာရှိတယ်မဟုတ်လား. . .။ မင်းဟာဒေါက်ကပ်ရထားရှေ့က မြင်းတစ်ကောင်နေရာ ရောက်နေစေဦးတော့ ဘာပဲဖြစ်ဖြစ်ကျန်း မာသန်စွမ်းတဲ့ မြင်းတစ်ကောင်တော့ ဖြစ်နေသေးတယ်မဟုတ်လား။

ဝတ်လုံတော်ရကြီး မစ္စတာပရဲယားပေးလိုက်သည့် စာရွက်စာတမ်းဖိုင်များကို စာကြည့်စားပွဲပေါ် ပစ်တင်လိုက်သည်။

အညိုရောင်ဖိုင်တစ်ခုကို ဖွင့်ကြည့်မည်ပြုပြီးမှ ကျွန်ုပ်စိတ်ပြောင်းသွားသည်။ အသေးစိတ်အချက်အလက်များကိုဖတ်ရှုလေ့လာရန်ကျွန်ုပ်ဤမျှစိတ်မစောသင့်ပေ။ နောက်မှ အချိန်ယူ၍ အေးအေးဆေးဆေး လေ့လာသင့်သည်ဟု ဆုံးဖြတ်လိုက်သည်။

သားရေကူရှင်တပ် ဆုံလည်ကုလားထိုင်ကြီးတွင် ထိုင်ကာ စားပွဲ၏ အံဆွဲများကို ဖွင့်ကြည့်မည်ဟု စိတ်ကူးသည်။ အံဆွဲများ၏ သော့ပေါက်တွင် ဒီဗားက သော့များ အဆင်သင့်ဖွင့်ကာ သော့တံများကိုလည်း တပ်ပေးထားသည်။

လက်ယာဖက်အပေါ်ဆုံးအံဆွဲကို ဦးစွာဖွင့်ကြည့်လိုက်သည်။ ထင်သည့်အတိုင်းပင် အရွယ်အစားအမျိုးမျိုးရှိ သားရေဖုံးစာအုပ်များကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နက်ပြာရောင်၊ အညိုရောင်သားရေဖုံး စာအုပ်တစ်အုပ်ကိုဖွင့်လှန်လိုက်သည်။ သစ်ကုမ္ပဏီနှင့်ဆိုင်သော စာရွက်စာတမ်းများ၊ စာချုပ်များ၊ စာရင်းဇယားများကို တွေ့ရသည်။ တစ်ရွက်ချင်း ဆက်လှန်ကြည့်သောအခါတွင်လည်း ကိန်းဂဏန်းများ၊ ဇယားကွက်များကို တွေ့ရပြန်သည်။

စာအုပ်ကို ချက်ချင်းပြန်ပိတ်လိုက်သည်။

ဤအံဆွဲများအတွင်းရှိ စာအုပ်များ၊ စာရွက်များ၊ စာရွက်စာတမ်းများသည်လည်း အေးအေးဆေးဆေးအချိန်ယူလေ့လာရမည့်အရာများပင်ဖြစ်သည်။ ဤကိန်းဂဏန်းစာရင်းဇယားများနှင့်အတူ လိုအပ်လျှင် ကျွန်ုပ်သည် မစ္စတာဂျိုနသန်ပိုင်ဆိုင်သည့် သစ်တောများဆီသို့လှည့်လည်စစ်ဆေးရပေဦးမည်။ သက်ပြင်းတစ်ချက်ကို အားပါးတရ မှုတ်ထုတ်လိုက်သည်။ကျွန်ုပ်ကိုင်တွယ်ရမည့် အလုပ်များကား မနည်းမနောပါတကား။

အံဆွဲကို ပြန်ပိတ်လိုက်ပြီး ကုလားထိုင်မှ ထရပ်လိုက်သည်။ ဝစ္စဒမ်ဗီလာ၏ အသက်ဝိညာဉ်ဖြစ်သော ဤစာကြည့်ခန်းအတွင်းဝယ် အကြမ်းဖျင်းရှေ့ပြေးလေ့လာရေးသည်သာ ဤအချိန်အတွက် အသင့်တော်ဆုံးအလုပ်ဖြစ်သည်ဟု ဆုံးဖြတ်လိုက်လေသည်။

မျက်နှာချင်းဆိုင် နံရံဆီသို့ ကျွန်ုပ်လျှောက်သွားသည်။ နံရံထက် ဖရန့်ညီနောင်တို့၏ ဆီဆေးပုံတူပန်းချီကားကြီး နှစ်ချပ်အောက်တွင် ကြီးမားလှသော မြေပုံကြီးတစ်ချပ် ရှိနေသည်။ ယင်းကား အိန္ဒိယပြည်မြေပုံလည်း မဟုတ်။ ကာလကတ္တားမြို့ မြေပုံလည်းမဟုတ်။ ဝစ္စဒမ်ဗီလာမြေပုံလည်း မဟုတ်။ အရောင်အသွေးစုံလှသော ဤမြေပုံကားချပ်ကြီး၏ အပေါ်ပိုင်းတွင် ပန်းစာလုံးများဖြင့် ရေးထားသည်မှာ 'ဖရန့်ညီနောင် သစ်လုပ်ငန်းကုမ္ပဏီကြီး၏ သစ်တောပိုင်နက်နှင့် လုပ်ငန်းအခြေပြု မြေပုံ. . .'။

စင်တီမီတာ စကေးဖြင့် ဖော်ပြထားသော သစ်တောကြိုးဝိုင်းကြီးထဲတွင် တြိဂံပုံအဖြူရောင်၊ အနီရောင်၊ အစိမ်းရောင် အရောင်စုံအလံငယ်များကို ထိုးစိုက်ထားသည်။ အပြာရောင် ပိုးစကြိုးများကိုလည်း မြေပုံထက်တွင် ဟိုမှ သည်မှ သွယ်တန်းထားသည်။ မြေပုံ၏ ဘေးကွက်လပ်တွင် အညွှန်းဖွင့်အဓိပ္ပာယ်များကို ရေးထားသည်။ ခုတ်လှဲနေဆဲ သစ်တောများ၊ ခွဲစိတ်နေဆဲသစ်တောများ၊ သယ်ယူပို့ဆောင်နေသော သစ်လုံးများ၊ ရေကြောင်းကုန်းကြောင်း သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ၊ အခြေစိုက်စခန်းများ၊ ကုမ္ပဏီ၏ အလုပ်သမား အင်အားပြကိန်းဂဏန်းများ၊ ဘေးအန္တရာယ်ရှိသော စက်ဝိုင်းပြအမှတ်အသားများ၊ လုပ်ငန်းတိုးတက်မှု အခြေပြဇယားကွက်များ။

မြေပုံကားချပ်ကြီးကိုသာ ဆက်ကြည့်နေပါက ဒီဗားကိုအက်စရိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆေးပြားယူခဲ့ရန် အမိန့်ပေးရတော့မည်ဟု တွေးမိကာ မြေပုံရှေ့မှ ခွာခဲ့ရလေသည်။

သို့ဖြင့်ပင် 'နောင်မှ အချိန်ယူ၍ အေးအေးဆေးဆေး လေ့လာရန်'ဟူသောအစီအစဉ်များသည် တဖြည်းဖြည်း များလာကာ ကျွန်ုပ်သည် နံရံကပ်ဗီရိုနှင့် မှန်ဗီရိုကြီးများအတွင်းရှိ စာအုပ်များကိုသာ ကြည့်ရှုလေ့လာရန်ဆုံးဖြတ်လိုက်သည်။ ဤဆုံးဖြတ်ချက်ကို မိမိဘာသာ မိမိသဘောကျသွားသည်။ ကျောင်းသားတစ်ဦးအဖို့ စာအုပ်များကို ကြည့်ရှုလေ့လာခြင်းသည်သာ သဘာဝအကျဆုံးဖြစ်ပေသည်။

သားရေဖုံး အနှောင့် ရွှေစာလုံးစာအုပ်ကြီးများကား ခန့်ညားလွန်းလှလေသည်။ စာကြည့်တိုက်အငယ်စားတစ်ခုကဲ့သို့ စနစ်တကျသိုမှီးထားသောစာအုပ်ဗီရိုကြီးများရှေ့တွင် ရပ်ရင်း အနှောင့်ပေါ်မှ စာလုံးများကိုဖတ်နေသည်ကပင်လျှင် ကြီးစွာသော ပီတိကို ရရှိနေတော့သည်။

ဘောဂဗေဒကျမ်းများ၊ နိုင်ငံရေးကျမ်းများ၊ သမိုင်းကျမ်းများသည် မှန်ချပ်နောက်ကွယ်မှနေ၍ ကျွန်ုပ်ကို ခွန်အားကြီးစွာ ညို့ယူနေကြသည်။ ဤ ဗီရိုကြီးများထဲတွင် ကမ္ဘာလောကကြီးတစ်ခုလုံး တည်ရှိနေပေသည်။

စာအုပ်များကိုကြည့်ရင်း ကျွန်ုပ်ပျော်ရွှင်လာသည်။ သစ်သီးများ၊ အိုက်စကရင်များ၊ ချောကလက်များ၊ ကိတ်မုန့်များဖြင့် ပြုလုပ်ထားသော'မုန့်တော'ကြီးထဲသို့ ရောက်သွားသည့် ဒဏ္ဍာရီထဲမှ ကလေးငယ်တစ်ယောက်၏ ပျော်ရွှင်မှုမျိုးထက် မလျော့သော ပျော်ရွှင်မှုမျိုးပင် ဖြစ်ပေလိမ့်မည်။

ပန်းခြံဥယျာဉ်ဘက် ပြတင်းပေါက်အနီးရှိဗီရိုကြီးများထဲတွင်မူဝတ္ထုစာအုပ်များကိုအတွဲလိုက်တွေ့ရသည်။လန်ဒန်မြို့နှင့်အခြားဥရောပမြို့ကြီးများရှိ စာအုပ်ထုတ်ဝေရေးတိုက်ကြီးများမှ ပထမအကြိမ်ပုံနှိပ်ထုတ်ဝေသော စာအုပ်များကို တိုက်ရိုက်မှာကြားဝယ်ယူထားခြင်း ဖြစ်ပေမည်။

အောက်ကအဆင့်တွင် ပြဇာတ်စာအုပ်များကို တွေ့ရသည်။ ရှိတ်စပီးယား၏ ပြဇာတ်များအတွဲလိုက်ရှိသည်။ ထို့နောက် မက္ကော‌လေး၏ အက်ဆေးစာတမ်းများ၊ ဘားနတ်ရှော၏ စာအုပ်များ၊ မာကိုပိုလို၏ ခရီးသွားမှတ်တမ်းများ၊ ကင်ကာဗာရီပုံပြင်များ။

အောက်ဆုံးထပ်တွင် အိန္ဒိယပြည်နှင့် သက်ဆိုင်သော အထွေထွေဘာသာရပ်စာအုပ်များနှင့် လစဉ်၊ အပတ်စဉ်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်များကို အထပ်လိုက်တွေ့ရပြန်သည်။ အိန္ဒိယပြည်ဆိုင်ရာ စာအုပ်များကိုကြည့်ရင်း ကျွန်ုပ်သည် ဗီရိုအရှေ့နားရှိ ကျွန်းကွက်ဖော် သုံးချောင်းထောက် စားပွဲဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအနီး ရောက်လာခဲ့သည်။ စားပွဲပေါ်တွင် ဘတ်စကက်ဘော ဘောလုံး ထက်ကြီးမည့် ကမ္ဘာလုံးတစ်ခုရှိနေသည်။

လန်ဒန်တွင် နေခဲ့စဉ်က မစ္စတာဟောင်းဝပ်က သူ့အိပ်ခန်းထဲသို့ ကျွန်ုပ်ကို ခေါ်ယူကာ ကမ္ဘာလုံးပုံပေါ်မှ အိန္ဒိယပြည်မြေပုံရှိရာကို ထောက်ခိုင်း သည့်အဖြစ်အား အမှတ်ရမိသည်။

ယခုလည်း ရှေ့တွင်ရောက်နေသော ကမ္ဘာလုံးကြီးကို ကျွန်ုပ်လက် တစ်ဖက်ဖြင့် လှည့်လိုက်သည်။ သမုဒ္ဒရာများ၊ တိုက်ကြီးများသည် လည်ပတ် သွားကြကာ တဖြည်းဖြည်းအရှိန်သေပြီး ရပ်တန့်သွားကြသည်။ ကျွန်ုပ်ရှေ့ တည့်တည့်တွင် ရပ်တန့်ကျရောက်နေသော နေရာကို ကြည့်လိုက်သောအခါ အိန္ဒိယမြေပုံဖြစ်နေသည်ကို တွေ့လိုက်ရတော့သည်။ အတိတ်နိမိတ်များကို စိတ်ဝင်စားခြင်း မရှိသော်လည်း ဤတိုက်ဆိုင်မှုလေးကို ကြည့်ရင်း ကျွန်ုပ်၏ ဘဝသည် အိန္ဒိယပြည်နှင့်မည်သို့မျှ ခွဲခွာ၍ မရနိုင်တော့ပြီဟု အတွေးရောက် မိလေသည်။

ဤသို့စဉ်းစားနေမိစဉ်မှာပင် တံခါးခေါက်သံကို ကြားလိုက်ရ သည်။ ဝင်ခဲ့ပါဟု ကျွန်ုပ်ပြောလိုက်သည်တွင် ဘဏ္ဍာစိုးကြီးဒီဗား ဝင်လာ သည်။ ဒီဗားသည် အတွင်းထိမဝင်ဘဲ တံခါးရွက်အနီးမှာသာခြေစုံရပ်လျက်။

"ခွင့်လွှတ်ပါသခင်လေး၊ကျွန်ုပ်နှောင့်ယှက်ရာရောက်သွားပါတယ်"

"ကိစ္စမရှိပါဘူး၊ ဒီဗား ဘာပြောချင်လို့လဲ"

"ညစာအတွက် ဘာဟင်းလျာမျိုး အထူးစီစဉ်စေချင်ပါသလဲဆိုတာ လာမေးတာပါ သခင်လေး"

ညစာအတွက် အထူးဟင်းလျာ။ ကျွန်ုပ်မပြောတတ်ပေ။ ဤဒေသ ဤတိုင်းပြည်တွင် ဘယ်လိုဟင်းလျာမျိုးရတတ်သည်ကို ကျွန်ုပ်မသိ။ ဝစ္စဒမ် ဗီလာလို နေရာမျိုးအတွက်တော့ဘယ်လိုဟင်းလျာမျိုးမဆိုအချိန်မရွေးအဆင် သင့်ရကောင်းရနိုင်ပေမည်။ သို့သော် ကျွန်ုပ်စိတ်ကူးတစ်ခု ရလာသည်။

"ကျွန်တော့်ရဲ့ ပထမဆုံးညစာမှာ ဘာကိုမှ အထူးတလည်မစီစဉ်စေ ချင်ပါဘူး၊ ဒီဗားကြိုက်သလိုပဲ စီစဉ်ပါ၊ အဲ. . .တစ်ခုတော့ ရှိတယ်"

"ပြောပါ သခင်လေး"

"ညစာစားချိန်မှာ ကျွန်တော်တို့အချိန်ယူပြီးစကားပြောကြရအောင်"

ဒီဗားတွေ၍ စဉ်းစားနေသည်။

"စကားပြောကြမယ် ဒီဗား၊ ကျွန်တော်မသိသေးတာတွေသိသင့်တာ တွေ အများကြီးရှိနေတယ်၊ ဥပမာ အိန္ဒိယပြည်အကြောင်း၊ ကာလကတ္တားအ ကြောင်း၊ ဝစ္စဒမ်ဗီလာအကြောင်း၊ ဖရန့်ညီနောင်ကုမ္ပဏီအကြောင်း၊ မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ဂျိုနသန်အကြောင်း၊ သေတမ်းစာအကြောင်း၊ မစ္စတာပရဲယားအကြောင်း၊ ဒါတွေနဲ့ပတ်သက်လို့ သိသင့်သိထိုက်တာတွေကို ဒီဗား ပြောပြရလိမ့်မယ်ဟုတ်လား"

သူ တလေးတစား ခေါင်းညိတ်သည်။

"ပြီးတော့၊ ဒီဗား သိချင်တာတွေလည်း ကျွန်တော့်ကို မေးနိုင်တယ်၊ ဒါကြောင့် ဒီညတော့ ဟင်းလျာအနေနဲ့ ဘာမှ အထူးအစီအစဉ်လုပ်မနေပါနဲ့၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ စကားဝိုင်းကိုပဲ အထူးဟင်းလျာအဖြစ် သတ်မှတ်ကြတာပေါ့"

"ကောင်းပါပြီ သခင်လေး၊ ည ခုနစ်နာရီတိတိမှာ ကျွန်တော်ညစာအသင့်ပြင်ထားပါမယ်"

တံခါးရွက်ကို ပိတ်ပြီးသူထွက်သွားမည်အပြုတစ်စုံတစ်ခုကိုတွေးမိသဖြင့် သူ့ကိုလှမ်းခေါ်လိုက်သည်။

"ခဏနေဦး ဒီဗား"

တံခါးလက်ကိုင်ဘုကို ကိုင်ထားရင်း သူပြန်လှည့်သည်။

"တစ်ခုပြောချင်တယ်၊ ကျွန်တော်တို့နှစ်ယောက်သဘောတူညီချက်တစ်ခုလုပ်ထားကြရအောင်၊ အဲဒါကတော့ ခင်ဗျားဟာ မစ္စတာဂျိုနသန်ကို သခင်ကြီး၊ ဒါမှမဟုတ် သူဌေးမင်းစသည်ဖြင့်ပေါ့လေ၊ သုံးနှုန်းခေါ်ဝေါ်ခဲ့ပေလိမ့်မယ်၊ ရှိစေတော့၊ ဒါပေမဲ့ ကျွန်တော့်ကိုတော့ သခင်လေးလို့ မခေါ်စေချင်ဘူး၊ လန်ဒန်က မစ္စတာဟောင်းဝပ်ကတော့ ကျွန်တော့်ကို ဘရောင်းနီလို့ချစ် စနိုးခေါ်တယ်၊ လန်ဒန်မှာတုန်းက သူငယ်ချင်းတွေက ဂူးလက်လို့ခေါ်ကြ တယ်၊ ကျွန်တော့်နာမည်ဟာ အင်္ဂလိပ်နာမည် မဆန်ဘူးလို့လည်း တချို့က ပြောကြတယ်၊ ထားပါတော့လေ၊ ကျွန်တော်ပြောချင်တာက. . ."

သူ့မျက်လုံးများထဲသို့ တည့်တည့်ကြီး ကျွန်ုပ်စိုက်ကြည့်နေလိုက်သည်။

"ကျွန်တော်ဟာ ဒီဗားရဲ့သားအရွယ်လောက်ပဲ ရှိသေးတယ်မဟုတ်လား၊ သည်တော့ ဒီဗားအနေနဲ့ ကျွန်တော့်ကို သခင်လေးလို့ခေါ်မဲ့အစား ဂူး လက်လို့ ခေါ်စေချင်တယ်"

မည်းနက်သော ဒီဗား၏ မျက်နှာပြင်ကြီးတွင် သွေးရောင်များလွှမ်းသွားသည်ဟုထင်ရသည်။ ကျွန်ုပ်ကိုယ်တိုင်လည်းဘာကြောင့်သည်မျှတရင်းတနှီးပြောဖြစ်သည်ကို သေသေချာချာမသိ။ ဗီရိုကြီးများထဲမှ စာအုပ်များကိုကြည့်ပြီး စိတ်ပေါ့ပါး ပျော်ရွှင်သွားသောကြောင့် ဖြစ်ပေလိမ့်မည်။

တာဝန်ဝတ္တရား၊ ဘဏ္ဍာစိုးဟူသော အမှုထမ်းဘဝတစ်လျှောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွင် သစ္စာရှိခြင်း၊တိကျကျိုးနွံခြင်းများဖြင့်သာအေးခဲမာတောင့်နေသည့်ဒီဖား ၏ နှလုံးသားထဲသို့ ကျွန်ုပ်၏လှိုက်လှဲသော စကားလုံးများကထိုးဖောက်သွားပြီလား မသိ။

"ဘယ့်နှယ်လဲ ဒီဖား"

အတော်ကြီး တိတ်ဆိတ်နေပြီးမှဒီဖားသည်တံခါးလက်ကိုင်ဘုပေါ်မှ လက်ကို ရုတ်ကာ လက်ချောင်းများချင်း ဖျစ်ညှစ်လျက်. . .

"သခင်လေး၊ အဲ့. . .မစ္စတာဂူးလက်ချန်းကို အခုနေအခါမှာ ကျွန်တော်က ဟို. . .ဂူးလက်လို့ မခေါ်ပါရစေနဲ့၊ ကျေးဇူးပြု၍ မစ္စတာဂူးလက်ချန်းလို့ ခေါ်ခွင့်ပြုပါ၊ ကျွန်တော့်အဖို့ ခုလိုအချိန်လေးအတွင်းမှာ ဒီလောက်နှုတ် မရဲသေးပါဘူး၊ သခင်. . .အဲ. . .မစ္စတာဂူးလက်ချန်း"

အထစ်ထစ် အငေါ့ငေါ့ဖြစ်သွားသော သူ့အမူအရာကြောင့် ကျွန်ုပ်ရယ်မိလေရာ သူလည်း ရှက်စနိုးဖြင့် ရယ်လေသည်။ ဤရယ်ခြင်းနှစ်ခုဝယ် ကျွန်ုပ်တို့နှစ်ဦးသည် ပို၍ ရင်းနှီးသွားပြီဟုလည်း ခံစားရသည်။

"ကောင်းပြီလေ၊ မစ္စတာဂူးလက်ချန်းပဲ ထားလိုက်ကြဦးစို့ ဟုတ်လား၊ ဒါပေမဲ့ ဒါဟာ အခိုက်အတန့်ပဲနော်"

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၉ ]

ဤသို့ဖြင့်ပင် ဝစ္စဒမ်ဗီလာဆိုသော စံအိမ်ကြီးနှင့် လွန်စွာ ကြီးမားကျယ်ပြန့်သော လောကတစ်ခုသည် ကျွန်ုပ်၏ ဘဝထဲသို့ အပြီးအပိုင် ဝင်ရောက်နေရာယူလိုက်လေတော့သည်။ ဤစကားကို ပို၍တိကျသော စကားလုံးများဖြင့်ဆိုရပါက ဝစ္စဒမ်ဗီလာနှင့် ဂူးလက်ချန်းဆိုသော လူငယ်လေးတစ်ယောက်သည် တစ်ဦးကို တစ်ဦး အပြန်အလှန် စုပ်ယူဝါးမျိုလိုက်ကြခြင်း သို့မဟုတ် အပြန်အလှန် စီးဆင်းပျော်ဝင်သွားကြခြင်းဟု ဆိုရပေမည်။

လအနည်းငယ်အတွင်းမှာပင်ဝစ္စဒမ်ဗီလာအကြောင်း၊ကာလကတ္တားအကြောင်း၊ ဖရန့်ညီနောင် သစ်လုပ်ငန်းကုမ္ပဏီအကြောင်းတို့ကို စာရွက်စာတမ်းများမှတစ်ဆင့် လေ့လာခြင်းဖြင့်လည်းကောင်း၊ ဒီဗားထံမှလည်းကောင်း စုံလင်စွာ သိရှိနားလည်လာခဲ့သည်။ ဤသို့စူးစမ်းလေ့လာရာ၌ကျွန်ုပ်လည်း သိသင့်သိထိုက်သည့် ဝတ္တရားအရ မဟုတ်မူဘဲကျွန်ုပ်ကိုယ်တိုင်ကပင် ပြင်းပြစွာ သိလိုသောဆန္ဒရှိသည် ဖြစ်လေရကား အချိန်တိုတိုအတွင်းမှာပင် ကျွန်ုပ်သည် အကြောင်းအရာ အချက်အလက် တော်တော်များများကိုလေ့လာသိရှိပြီးဖြစ်သွားလေသည်။

ထို့ကြောင့် ကျွန်ုပ်သည် လန်ဒန်မှ ထွက်လာစဉ်ကနှင့် လုံးဝမတူတော့ဘဲ များစွာ ခြားနားပြောင်းလဲသွားပေသည်။ အကယ်၍သာလန်ဒန်တွင် ဆက်လက်နေထိုင်ကြီးပြင်းခဲ့ရပါက မစ္စတာဟောင်းဝပ်ဖရန့်၏ အမွေခံလူကုံထံလေးတစ်ယောက်အဖြစ် ပါတီပွဲများတက်လိုက်၊ မြင်းပွဲလောင်းလိုက်၊ ကလပ်မင်ဘာလူကြီးအဖြစ် ဘိလိယက်ထိုးလိုက်၊ မျက်နှာကြီးမိန်းမများအကြားပျော်မြူးလိုက်ဖြင့် ကျွန်ုပ်သည် လန်ဒန်လူကုံထံလောကသားတို့၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်းသာ ကြီးပြင်းရှင်သန်သွားခဲ့ပေမည်။

ယခုမူ ကျွန်ုပ်သည် အသက်အရွယ်နှင့် မမျှသော အတွေ့အကြုံများကို ဘွားခနဲ ရင်ဆိုင်လိုက်ရသည့်အတွက် အချိန်တိုတိုအတွင်းမှာပင် အသက်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်နှင့် မလိုက်အောင် ရင့်ကျက်တည်ငြိမ်မှုအချို့ကို ရရှိလာခဲ့ပေသည်။

ကျွန်ုပ်၏ပြောင်းလဲတိုးတက်မှုများအနက်မှ အသိသာ အထင်ရှားဆုံးဟု ဆိုနိုင်သော အချက်နှစ်ချက်ရှိရာ ယင်းတို့အနက် ပထမအချက်မှာ ကျွန်ုပ်၏ အသားရောင်နှင့် ပတ်သက်နေလေသည်။

အိန္ဒိယသမုဒ္ဒရာနှင့် ကာလကတ္တားမြို့၏ လေထုနှင့် နေရောင်ခြည်အောက်တွင် ကျွန်ုပ်၏နဂိုက ညိုချင်သောအသားရောင်မှာ ပို၍အရောင်ပြောင်လက်လာသည်။ လန်ဒန်တွင် ရှားပါးလှသော ပူနွေးတောက်ပသည့် နေရောင်ခြည်ကို ကာလကတ္တားတွင် ကောင်းစွာ ရရှိနေခြင်းကြောင့်သာမကဘဲ ကျွန်ုပ်ကိုယ်တိုင်ကလည်း ကုမ္ပဏီပိုင်သစ်တောများ၊ သစ်စက်တည်ရာဒေသများသို့ မနားမနေ ခရီးလှည့်လည်ခဲ့သောကြောင့် ကျွန်ုပ်၏အသားရောင်မှာ ပို၍ 'ညို' လာသည်။

နေရောင်ခြည်၏ အစွမ်းသတ္တိကြောင့် ကျွန်ုပ်၏ အသားများမှာ နေလောင်ပြီး စိုပြည်လာရုံမက ခန္ဓာကိုယ်လည်း ပို၍ ကြံ့ခိုင်သန်စွမ်းလာခဲ့ပေသည်။ ပို၍ညိုလာသော အသားရောင်ကို မှန်ထဲတွင် ကြည့်ရင်း မစ္စတာဟောင်းဝပ်ကို ခဏခဏသတိရမိသည်။ ကျေးဇူးရှင်ကြီးသာရှိလျှင် ကျွန်ုပ်ကို 'လူကလေးဘရောင်းနီ' ဟု ခေါ်ရာမှ 'လူကလေး ဘလက်ကီ' ဟု ပြောင်းလဲခေါ်လိမ့်မည် ထင်သည်။

မည်သို့ဆိုစေ ဤသို့ ပို၍ ညိုလာသော အသားရောင်ကြောင့်ကျွန်ုပ်ကျေနပ်မိသည်ကား အမှန်ပင်ဖြစ်သည်။ များသောအားဖြင့်အသားမည်းနက်ကြသော အရှေ့တိုင်းသားများအကြားတွင် မျက်နှာဖြူတို့သည်ထင်ရှားသိသာစွာပင် ထင်းခနဲ 'ဖွေး' နေကြကာ နီစပ်စပ် ဖြူရော်ရော်နှင့် အကြည့်ရ'ကြောင်' သည်ဟု ထင်မိသည်။ ယခုမူ သွေးခြောက်မွဲပြာသွားသော ညိုခြင်းမဟုတ်ဘဲ စိုပြည်လတ်ဆတ်သော ညိုခြင်းဖြစ်သောကြောင့် ကျွန်ုပ်သည် ကာလကတ္တားရှိ မျက်နှာဖြူအများစုကဲ့သို့ ဖျော့တော့ နီကြောင်ခြင်းမရှိတော့ပေ။

ကျွန်ုပ်၏ ပြောင်းလဲတိုးတက်မှုနှစ်ခုအနက်မှဒုတိယအပြောင်းအလဲကိုလည်း ကျွန်ုပ်များစွာ သဘောကျမိသည်။ ယင်းမှာ ဘဏ္ဍာစိုးကြီးဒီဗားနှင့် သက်ဆိုင်သည်။ ဒီဗားသည် သူ့ဘဝသက်တမ်းတစ်လျှောက်လုံးတွင်သစ္စာရှိလူယုံတော်အမှုထမ်းကြီးအဖြစ် တာဝန်နှင့်ဝတ္တရားများအောက်တွင် လုံးလုံးလျားလျားနေထိုင်ခဲ့သူဖြစ်သည်။ သူ့ဘဝ၏ အဓိပ္ပာယ်မှာ သခင်အပေါ်သစ္စာရှိခြင်း၊ အချိန်နှင့်အလုပ်ကို တစ်သဝေမတိမ်း လိုက်နာထမ်းရွက်ခြင်း၊ စည်းကမ်းစနစ်ကို ဦးထိပ်ရွက်ခြင်းများသာဖြစ်ခဲ့သည်။

ယန္တရားဆန်စွာရှင်သန်ခဲ့သောဒီဗားသည်ကျွန်ုပ်နှင့်တွေ့သောအခါ



www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း သူ၏ ယခင့်ယခင် သခင်ကြီးများ၏ လက်ထက်ပွား သခင်လေး တစ်ဦးအဖြစ်သာ ပုံမှန်ဆက်ဆံခဲ့သည်။ ယခုမူကား ဒီဗား၏ အေးစက်တောင့် တင်းနေခဲ့သော အသည်းနှလုံးများသည် အရည်ပျော်ကာ နွေးထွေးသွားကြပြီ ဟုဆိုရပေမည်။

ဒီဗားသည် ကျွန်ုပ်အပေါ် တစ်စထက်တစ်စ သက်ဝင်ယုံကြည်လာရာမှ ချစ်ခင်တွယ်တာလာသည်။ ဝစ္စဒမ်ဗီလာသို့ ကျွန်ုပ်ရောက်ရှိလာသည့် ပထမဆုံးနေ့၏ ညစာစားချိန်မှာပင် ကျွန်ုပ်အား သခင်လေးဟု ခေါ်ရာမှ မစ္စတာဂူးလက်ချန်းဟု ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။ ထိုနောက် တစ်လအတွင်းမှာပင် 'ဂူးလက်' ဟူ၍ ရင်းနှီးစွာပြောင်းလဲခေါ်ဝေါ်လာခဲ့ကာတစ်ခါတစ်ရံ လှိုက်လှိုက်လှဲလှဲ ဖြစ်စရာ အကြောင်းများဆုံလာသောအခါများ၌ 'လူကလေး'ဟု သူ့နှုတ်မှ ထွက်လာတတ်လေသည်။

သို့ဖြင့်ပင် ကျွန်ုပ်သည် ဒီဗား၏ ဘဝဖြစ်စဉ်ကို သူကိုယ်တိုင်၏ ရင်ဖွင့်ချက်များမှတစ်ဆင့် သိခွင့်ရလာသည်။ ကွယ်လွန်သူ မစ္စတာဂျိုနသန်ဖရန့်သည် ဒီဗား၏ တကယ့်ကျေးဇူးရှင်အစစ်ဖြစ်သည်။ ဒီဗား၏ ဘဝကို ကယ်တင်ခဲ့သူလည်းဖြစ်သည်။ ဖရန့်ညီနောင် သစ်ကုမ္ပဏီဖွင့်ကာစ ဒီဗားတို့ မိသားစုသည် အိန္ဒိယပြည် မြောက်ဘက်ဒေသရှိ တောနက်ကြီးတစ်ခုတွင်နေထိုင်ခဲ့ကြသည်။ သူတို့ မိသားစုတစ်ခုလုံး သစ်ကုမ္ပဏီတွင် အလုပ်လုပ်ကြသည်။ ကုမ္ပဏီကို မလိုလားကြသော တောပုန်းတစ်စု၏လက်ချက်ဖြင့် ဒီဗား မိသားစုအားလုံး ရက်ရက်စက်စက် အသတ်ခံလိုက်ကြရသည်။ မစ္စတာဂျိုနသန်ကြောင့်သာ ဒီဗားတစ်ယောက်တည်း အသက်မသေဘဲ ကျန်ရစ်ခဲ့သည်။ ဒီဗား၏ ကိုယ်ခန္ဓာမှ ဒဏ်ရာများကိုသာမကမယားနှင့်သားသမီးများအားလုံး အသတ်ခံလိုက်ရသဖြင့် သွေးပျက်ချောက်ချားခဲ့သော စိတ်ဝေဒနာကိုလည်း မစ္စတာဂျိုနသန်က ကုစားပေးခဲ့သည်။ ဤနည်းဖြင့် ဒီဗား၏ဘဝကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ပေးခဲ့လေသည်။

ထို့ကြောင့် မစ္စတာဂျိုနသန်အပေါ်တွင် မိမိ၏ ဘဝနှင့်အသက်ကို ပုံအပ်ကာ ကျေးဇူးစောင့်သိသော လူယုံတော်ကြီးတစ်ဦးဖြစ်လာခဲ့ခြင်းမှာ ဒီ ဗားအတွက် အံ့ဩစရာမရှိတော့ပေ။

အိန္ဒိယပြည်သို့ ကျွန်ုပ်ရောက်ရှိပြီး လေးလကြာသောအခါတွင်ကား ကျွန်ုပ်သည် ကာလကတ္တားမြို့ ဝစ္စဒမ်ဗီလာတွင် ချက်မြှုပ်ဖွားမြင်ခဲ့သည့် လူ တစ်ယောက်နှင့်မခြား အစစအရာရာ အံဝင်ခွင်ကျရှိနေပြီဖြစ်လေသည်။

သစ်ကုမ္ပဏီအရာရှိများ၊ အမှုထမ်းများ၊ သစ်တောနှင့်သစ်စက်လုံခြုံရေးအင်အားတပ်ဖွဲ့မှ စစ်ဗိုလ်များအပါအဝင် လူပေါင်းများစွာနှင့်လည်း ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံခဲ့သည်။ အချို့ကို ဝစ္စဒမ်ဗီလာသို့ ခေါ်ယူတွေ့ဆုံသကဲ့သို့ အချို့ကိုမူ သစ်တောစခန်းများနှင့် သစ်စက်များသို့ ကျွန်ုပ်ကိုယ်တိုင် သွားရောက်ကာ တွေ့ဆုံခဲ့သည်။

သူတို့အဖို့ ကျွန်ုပ်သည် မိုးပေါ်မှ ကျလာသလို ဘွားခနဲပေါ်လာသူ ဖြစ်ခြင်း၊အသက်သုံးဆယ်မပြည့်သေးသောလူငယ်လေးတစ်ယောက်ဖြစ်ခြင်း တည်းဟူသော အချက်နှစ်ချက်ကြောင့် အစကနဦးတွင်အနည်းငယ်'အင်တင် တင်' ဖြစ်ခဲ့ကြပေသေးသည်။

သို့သော် ကုမ္ပဏီပိုင်ရှင်သစ် သူဌေးဟူသော အရှိန်အဝါ၊ သစ်တောများဆီရောက်စဉ် အမဲလိုက်ရာ၌ အလုပ်သမားမိသားစုများ၏ အန္တရာယ်ကို ကာကွယ်ကာ ကျားဆိုးများကို ပစ်ခတ်ရှင်းလင်းပေးခဲ့သော ဖြစ်ရပ်များနှင့် ဘဏ္ဍာစိုးကြီး ဒီဗား၏ ကျွန်ုပ်အပေါ် ဆက်ဆံပုံများကို သူတို့ ကြုံတွေ့သိရှိသွားကြပြီးနောက်တွင်ကား သူဌေးအသစ် ဂူးလက်ချန်းအပေါ်တွင် သူတို့ယုံ ကြည်မှုအပြည့်ထားရှိသွားကြလေသည်။

ဤသို့ဖြင့် ဝစ္စဒမ်ဗီလာ၊ ဖရန့်ကုမ္ပဏီနှင့်ပတ်သက်ပြီး ကျွန်ုပ်တစ်သားတည်း နေသားတကျဖြစ်လာသည်နှင့်အမျှ အခြားတစ်ဖက်တွင်လည်း လူ့လောက ဘုံဝလေ့ဓမ္မတာဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။

ယင်းကား အခြားမဟုတ်၊ ကာလကတ္တား လူကုံထံ အသိုက်အဝန်းလောကတွင် ကျွန်ုပ်၏အမည်သတင်းသည် တခုတ်တရပြောစရာတစ်ခုဖြစ်လာခြင်းပင်တည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

"ဂူးလက်၊ လူကလေး၊ ဟောဒီမှာ နောက်ထပ်သတင်းတစ်ပုဒ် ပါလာပြန်ပြီ"

နံနက်စာစားပွဲတွင် ဒီဗားက ကျွန်ုပ်ထံသတင်းစာတစ်စောင် ကမ်းပေးသည်။ သစ်ကုမ္ပဏီနှင့်ဆိုင်သော လချုပ်အစီရင်ခံစာများကို ဖတ်ရှုနေရာမှ ဒီဗားလှမ်းပေးသော 'မောနင်းခရော်နီကယ်' သတင်းစာကို ကျွန်ုပ်လှမ်းယူလိုက်သည်။

"နောက်ကျောဖုံးအတွင်းရဲ့ စတုတ္ထကော်လံမှာ"

ဒီဗားပြောသောနေရာသို့ လှန်ကြည့်လိုက်သည်။

'ဖရန့်ညီနောင်သစ်ကုမ္ပဏီ၏ အမွေခံသူဌေး၊ သို့မဟုတ်၊ အိန္ဒိယပြည်၏အသက်အငယ်ဆုံးလုပ်ငန်းရှင်' ဟူသောခေါင်းစီးစားလုံးမည်းကြီးများအောက်တွင် ကျွန်ုပ်၏ ဓာတ်ပုံကို တွေ့ရသည်။ သတင်းဆောင်းပါးကိုဆက်ဖတ်မနေတော့ဘဲ သတင်းစာကို ဘေးသို့ချထားလိုက်သည်။

ဒီဗားက ချာပါတီပန်းကန်ပြားကို ကျွန်ုပ်ရှေ့သို့ ရွှေ့ပေးရင်း . .

"မောနင်းခရော်နီကယ်သတင်းစာတိုက်ကတော့ ဂူးလက်ကို သိပ်ကျေးဇူးတင်နေမှာပဲ၊ တစ်ပတ်ကို တစ်ခါတော့ သူတို့အတွက်သတင်းတစ်ပုဒ်ရရနေတာကိုး"

မောနင်းခရော်နီကယ်မှာ စီးပွားရေးသတင်းများ၊ နိုင်ငံရေးဝေဖန်ချက်ဆောင်းပါးများနှင့် ကာလကတ္တားမြို့ လူ့မလိုင်အထက်တန်းလွှာတို့၏ အတင်းအဖျင်းများဖြင့် နာမည်ရနေသော သတင်းစာတစ်စောင်ဖြစ်သည်။

"မဖတ်တော့ဘူးလား ဂူးလက်"

"ဖတ်မနေတော့ပါဘူး ဒီဗားရယ်၊ ထုံးစံအတိုင်းပဲ လာမှာပေါ့"

မောနင်းခရော်နီကယ်အပါအဝင်ကာလကတ္တားမြို့ထုတ်နံနက်ပိုင်းသတင်းစာ၊ ညနေပိုင်း သတင်းစာများတွင် ကျွန်ုပ်အကြောင်း ပါနေသည်မှာ ဆယ်ကြိမ်ခန့်မျှ ရှိနေပေပြီ။ ရေးသားဖော်ပြထားသမျှမှာလည်း သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လူထုအတွက်ဘာမျှအကျိုးမထူးနိုင်သောအတင်းအဖျင်းသတင်းများသာ ဖြစ်သည်။ အကယ်၍ အကျိုးတစ်စုံတစ်ခု ရရှိသည်ဆိုပါကလည်း ယင်းမှာ ဂါးဒင်းပါတီများ၊ ကလပ်များတွင် လူကုံထံအသိုက်အဝန်းအကြား၌ ‘စကား လုပ်’၍ ပြောစရာသတင်းမျှသာ ဖြစ်ပေမည်။

ကျွန်ုပ်အကြောင်းကို ရေးသားဖော်ပြကြရာတွင်လည်း လန်ဒန်မြို့မှ သူဌေးကြီး မစ္စတာဟောင်းဝပ်ဖရန့်၏ တစ်ဦးတည်းသော အမွေစားအမွေခံ ဖြစ်ပုံ၊ အိန္ဒိယပြည်သို့ ရောက်ရှိလာပုံ၊ ဖရန့်ညီနောင်သစ်ကုမ္ပဏီကြီးကိုဆက် လက်အမွေခံပုံ၊ ဝစ္စဒမ်ဗီလာစံအိမ်ကြီးတွင် နေထိုင်သောလူပျိုသူဌေးလေးဖြစ် ပုံ စသည်များသာဖြစ်သည်။

မောနင်းခရော်နီကယ်သတင်းစာကမူ နံနက်ပိုင်းထုတ်ဝေသော သ တင်းစာဖြစ်သည့်အလျောက် နံနက်လက်ဖက်ရည်ပွဲများတွင် သစ်သီး၊နွားနို့၊ ဒိန်ခဲ၊ ချာပါတီများဖြင့် တွဲဖက်ပြီး ‘မြည်းစရာ’ စားမြိန်စာတစ်ခုအဖြစ်ရောက် အောင် ကျွန်ုပ်အကြောင်းကို သာသာထိုးထိုး ရေးသားဖော်ပြတတ်သည်။

အင်္ဂလန်ပြည်သား လန်ဒန်ဖွားတစ်ဦးက ကာလကတ္တားသို့ လာ ရောက် အခြေချခြင်းမှာ အမွေစားအမွေခံသက်သက် မဟုတ်နိုင်ဟု ယူဆစရာ ရှိကြောင်း၊ နိုင်ငံရေး အရှုပ်အရှင်းများနှင့်ပတ်သက်သည်ဟု မဆိုနိုင်စေကာမူ လျှို့ဝှက်သောအကြောင်းများရှိနေသည်ဟုယူဆရကြောင်း၊ထိုလျှို့ဝှက်မှုမှာ လည်း ထာဝရဘုရားသခင်၊ ကွယ်လွန်သူ သူဌေးကြီးများ၏ ဝိညာဉ်နှင့် မစ္စတာဂူးလက်ချန်းကိုယ်တိုင်သာ သိနိုင်သည်ဖြစ်ကြောင်း၊ လျှို့ဝှက်နက်နဲ ဆန်းကြယ်မှုများဖြင့် အတိပြီးသော အိန္ဒိယပြည်ကြီးတွင် သူဌေးလေးဂူးလက် ချန်း၏ အကြောင်းအရာသည်လည်း တစ်ခုအပါအဝင်ဖြစ်လာလိမ့်မည်ဟု ယူဆရကြောင်း စသည် စသည်ဖြင့် ဆောင်းပါးရှင်နှင့် အယ်ဒီတာများက သူတို့လိုရာသို့ ဉာဏ်ကွန့်၍ ရေးသားဖော်ပြတတ်ကြလေသည်။

“ဒီအတိုင်းသာဆိုရင်. . .”

ဒီဗားက ငွေကရားထဲမှလက်ဖက်ခြောက်အကျရည်များကိုပန်းကန် ထဲသို့ ထည့်ပေးရင်း ပြောသည်။

“လူကလေး မနေ့ကလှူခဲ့တဲ့ ဆေးရုံရန်ပုံငွေနဲ့ ပတ်သက်ပြီးဘာရေး ကြဦးမလဲမသိဘူး၊ တစ်ခုခုတော့ ရေးကြဦးမှာပဲ၊ အလှူငွေ ရူပီးသုံးထောင်ဆို တာ ရေးစရာအကွက်အကွင်းတစ်ခု မဟုတ်လား”

လက်ဖက်ရည်တစ်ကျိုက်မြံ၍ ကျွန်ုပ်က . . .

“အဲဒီ အလှူငွေကိစ္စထက် ပိုပြီး ရေးချင်စရာကောင်းတာတစ်ခု သူတို့ ကြုံရလိမ့်ဦးမယ် ဒီဗား”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပါလိမ့် ဂူးလက်"

ငွေလင်ပန်းထဲမှ ခိုပြာရောင် စာအိတ်တစ်အိတ်ကို ယူ၍ ဒီဗားကို လှမ်းပေးလိုက်သည်။

"ဒီဖိတ်စာရောက်လာတာ ဒီဗားမသိသေးဘူး၊ စောစောလေးကမှ ရောက်လာတာပဲ"

"ဘာဖိတ်စာပါလိမ့်"

"ကာလကတ္တားတက္ကသိုလ်က စာကြည့်တိုက်အသစ်ဖွင့်ပွဲကို တက်ရောက်ဖို့ ဖိတ်တဲ့ဖိတ်စာ"

"ဟုတ်လား . . . လူကလေး အဲဒီစာကြည့်တိုက်အသစ်ဖွင့်ပွဲမှာ ဘယ်လောက်လှူဦးမလို့လဲ"

ပန်းကန်ထဲရှိ လက်ဖက်ရည်ကို ကုန်အောင် သောက်ချပစ်လိုက်ပြီး ဒီဗားကို ကျွန်ုပ်ပြုံး၍ကြည့်ကာ . . .

"လှူမလို့မဟုတ်ပါဘူး ဒီဗား၊ ဒီတစ်ခါတော့ ကျွန်တော်က အလှူခံ မှာ"

ကျွန်ုပ်၏ စကားကို ဒီဗားအံ့အားသင့်သွားပုံမှာ ရယ်စရာပင် ကောင်း သေးတော့သည်။ လက်ဖက်ရည်ပန်းကန်ထဲသို့ သကြားခဲထည့်ကာ မွှေနေ သော သူ့လက်ထဲမှ ငွေဇွန်းသည် ရပ်တန့်သွားသည်။

"အလှူခံမလို့...ဟုတ်လား...ဂူးလက်ကကာလကတ္တားတက္ကသိုလ် ဆီက အလှူခံမလို့"

"ဟုတ်တယ် ဒီဗား"

"အား. . .အဘိုးကြီးဒီဗား အသက်ကြီးလို့ ဉာဏ်တွေ ထုံထိုင်းကုန် ပြီထင်ရဲ့၊ လူကလေးက ဘာအလှူခံမလဲဆိုတာ ကျုပ်စဉ်းစားလို့မရပါလား"

"မစဉ်းစားနဲ့၊ ကျွန်တော်ပြောလိုက်တော့မယ်၊ ပညာအလှူခံမလို့"

"ဘယ်လို. . .ဘယ်လို. . ."

"ကာလကတ္တားတက္ကသိုလ်ဝင်ခွင့် စာမေးပွဲကို ဖြေခွင့်ရအောင် တောင်းမယ်၊ ရရင် စာမေးပွဲဖြေမယ်၊ အောင်ရင် တက္ကသိုလ်တက်မယ်"

"အိုး. . .လူကလေး ဂူးလက်၊ သိပ်ကောင်းတဲ့ အလှူခံနည်းပါလား"

"စာကြည့်တိုက်ရန်ပုံငွေ၊ တက္ကသိုလ် အားကစားအဖွဲ့ရန်ပုံငွေဘာညာ ဆိုပြီး ရူပီးငွေ ငါးထောင်လောက် လှူလိုက်မယ်ဆိုရင်တက္ကသိုလ်အုပ်ချုပ်ရေး မင်းဘာလူကြီးတွေက ကျွန်တော့်ကို ဂုဏ်ထူးဆောင်ကျောင်းတော်သားအဖြစ် ချက်ချင်းလက်ခံမှာပဲ၊ ဒါပေမဲ့ ဒီဗား. . ."

လက်သုတ်ပဝါဖြူဖြင့် နှုတ်ခမ်းထောင့်များကို တို့လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအပေးအယူမျိုး ကျွန်တော်မလုပ်ချင်ဘူး၊ပညာရေးကိုငွေလမ်း ခင်းပြီး ကျွန်တော်မလျှောက်ချင်ဘူး၊ အသိပညာကို ရှုပီးငွေနဲ့ကျွန်တော်မဝယ် ချင်ဘူး၊ တချို့သူဌေးကြီးတွေလို ငွေတွေ ပက်ခနဲလှူပြီး တက္ကသိုလ်ကချီး မြှင့်တဲ့ ဂုဏ်ထူးဆောင်ဘွဲ့ ဒီဂရီမျိုးကို ကျွန်တော်မလိုချင်ဘူး၊သာမန်ကျောင်း သားတစ်ဦးလိုပဲ ဝင်ခွင့်ဖြေ၊ အတန်းတွေတက်၊ ဘွဲ့ယူကျမ်းတွေဘာတွေတင် ပြီးမှ ဒီဂရီကိုထိုက်ထိုက်တန်တန် လိုချင်တယ်၊ဒါကြောင့်တက္ကသိုလ်အုပ်ချုပ် ရေးအဖွဲ့ကို တောင်းပန်ပြီး အလှူခံရမယ်၊ ဝင်ခွင့်စာမေးပွဲ ဖြေပါရစေလို့၊ ကျောင်းသားဖြစ်ပါရစေလို့"

"အင်မတန်စင်ကြယ်ရိုးသားတဲ့ အပြုအမူပေပဲ လူကလေး"

"ဒီလို စင်ကြယ်ရိုးသားမှုမျိုးကိုရအောင် ဟောဒီချမ်းသာကြွယ်ဝမှု တွေကြားက ဟောဒီ ဝစ္စဒမ်ဗီလာရဲ့ စာကြည့်ခန်းကြီးထဲမှာ နာရီပေါင်းများ စွာ ကျွန်တော့်ကိုယ်ကျွန်တော် တည်ဆောက်ခဲ့ရတယ် ဒီဗား"

"အို. . .ကျေးဇူးရှင်ကြီး မစ္စတာဟောင်းဝပ်နဲ့ မစ္စတာဂျိုနသန်တို့ အတွက် သူတို့လိုချင်တဲ့ လူကလေးတစ်ယောက်ကို တကယ်ပဲရလိုက်ကြတာ ပါလား ဂူးလက်"

"ကျေးဇူးတင်ပါတယ် ဒီဗား၊ ဒါအတွက် ကျွန်တော့်ကိုဒီဗားဂုဏ်ပြု ချင်တဲ့ ဆန္ဒများကောမရှိဘူးလား"

"အိုး. . .ဂူးလက် လူကလေး၊ အဘိုးကြီးဒီဗားက ဘယ်လိုဂုဏ်ပြုရ မလဲ"

"ကျွန်တော့်ကို နှစ်ခု အကူအညီပေးပါ"

"ပြောပါ. . .ပြောပါ ဂူးလက်"

"နက်ဖြန် စာကြည့်တိုက်အသစ်ဖွင့်ပွဲတက်ဖို့အသင့်တော်ဆုံးဝတ်စုံ သစ်တစ်စုံ ပြင်ပေးထားပါ"

"အို . . . စီးတီးတေလာကို အခုပဲသွားအပ်ပေးမယ်၊နောက်တစ်ခုက ကော. . ."

"နောက်တစ်ခုက . . .အင်း . . . ကျွန်တော့်ပန်းကန်ထဲမှာ လက် ဖက်ရည်ကုန်နေပြီ၊ နောက်တစ်ခွက် ငှဲ့ပေးပါ"

"အို. . .ဟုတ်ပေသားပဲ၊ ဝမ်းသာလွန်းအားကြီးနေတာနဲ့ပဲ ဒီဗား လည်း တာဝန်ပေါ့လျော့တဲ့ ဘဏ္ဍာစိုးအဘိုးကြီး ဖြစ်နေပါပကော"

"တာဝန်ပေါ့လျော့တဲ့ ဘဏ္ဍာစိုးအဘိုးအိုကြီးဆိုရင်တော့ ကျွန်တော် အပြစ်တစ်ခုပေးရလိမ့်မယ် ဒီဗား"

"ပေးပါ လူကလေး၊ အဘိုးကြီးက ခံယူဖို့အသင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်ကတော့တက္ကသိုလ်စာကြည့်တိုက်အသစ်ဖွင့်ပွဲမှာဒီဗားကိုယ် တိုင် ကားမောင်းပြီး လိုက်ပို့ရမယ်၊ အဲဒါ အပြစ်ပေးတာပဲ"

"အို. . .လူကလေး ဂူးလက်"

ဖွေးဖွေးဖြူသော သွားများပေါ်သည်အထိ ဒီဗားရယ်မောနေလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၁၁ ]

'ကာလကတ္တားတက္ကသိုလ်စာကြည့်တိုက်' ဖွင့်ပွဲသို့ ကျွန်ုပ်တက်ရောက်ခဲ့ခြင်းသည် စင်စစ်ကျွန်ုပ်၏ ဘဝတစ်ချိုး အခန်းကဏ္ဍသစ်တစ်ရပ်ဖွင့်ပွဲကို ကျွန်ုပ်ကိုယ်တိုင် ဖဲကြိုးဖြတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

အကြောင်းမူကား ထိုစာကြည့်တိုက်ဖွင့်ပွဲတွင်'ဆရာအက်ဂျလောင်း' နှင့် တွေ့ဆုံလိုက်ရခြင်းကြောင့်ပင်တည်း။

ကာလကတ္တားတက္ကသိုလ် အုပ်ချုပ်ရေးကောင်စီ၏ ဒုတိယဥက္ကဋ္ဌသည် ကျွန်ုပ်ကို စာကြည့်တိုက်လှေကားရင်းအထိ ထွက်ကြိုခဲ့သည်။ထို့နောက် စာကြည့်တိုက်၊ ဥပစာတွင် ရှိနေကြသော တက္ကသိုလ်ပါမောက္ခများ၊ ဒါရိုက်တာအဖွဲ့ဝင်လူကြီးများ၊ စာကြည့်တိုက်မှူး၊ လက်ထောက်စာကြည့်တိုက်မှူးများနှင့် မိတ်ဆက်ပေးသည်။

"ဝစ္စဒမ်ဗီလာက မစ္စတာဂူးလက်ချန်းပါ"

ဒုတိယဥက္ကဋ္ဌက ကျွန်ုပ်ကို မိတ်ဖွဲ့ပေးသောအခါများတွင် သူတို့က

"အို...မစ္စတာဂူးလက်ချန်းလား၊ သတင်းစာထဲက ဓာတ်ပုံထက်ပိုပြီး ငယ်ရွယ်နုပျိုနေပါလား"

ဟူ၍ အာမေဋိတ်ပြုကြသည်။

တက္ကသိုလ်မှ ပါမောက္ခများ၊ ပညာတတ်ပုဂ္ဂိုလ်များမှာ တည်ငြိမ်လေးနက်ဟန်ရှိကြသော်လည်း ပြင်ပမှ တက်ရောက်လာသော ဧည့်သည်အတော်များများမှာ ပါတီပွဲများ၌ ကျွန်ုပ်တွေ့နေကျမျက်နှာမျိုးများသာဖြစ်သဖြင့်ကျွန်ုပ်စိတ်ပျက်နေမိသည်။ ထိုအထဲတွင် စာကြည့်တိုက်အတွက် ရန်ပုံငွေအတော်များများထည့်ထားသော'အလှူရှင်'ကြီးများမှာ အကဲအပါဆုံးဖြစ်သည်။သူတို့သည် စာကြည့်တိုက်တစ်ခု၏ တန်ဖိုး၊ စာအုပ်များ၏ တန်ဖိုးထက် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်လာကြသော လူကုံထံများ၏ ကိုယ်ပေါ်မှ အဝတ်အစားနှင့် လက်ဝတ်ရတနာ ရွှေငွေ၏ တန်ဖိုးကိုသာ ပို၍ဂရုစိုက်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု ကျွန်ုပ်ယူဆနေမိတော့သည်။

ကျွန်ုပ်နှင့် စကားပြောသူများမှာလည်း ဝစ္စဒမ်ဗီလာအကြောင်းကို စပ်စုခြင်း၊ လန်ဒန်မစ္စတာဟောင်းဝပ်အကြောင်းကို မေးခြင်း၊ သစ်တောများ ဆီသို့ လှည့်လည်စစ်ဆေးရင်းကျွန်ုပ်တွေ့ကြုံခဲ့သောအမဲလိုက်စွန့်စားခန်းများ ကိုချီးကျူးကြခြင်းစသည်ဖြင့်သာထပ်တလဲလဲပြောနေကြသည်ကများသည်။

တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ၏ဒုတိယဥက္ကဋ္ဌကလည်းစာကြည့် တိုက်အသစ်ကြီး၏ ခမ်းနားပုံ၊ ကြီးကျယ်ပုံများကို ချီးမွမ်းခန်းဖွင့်ကာ ကမ္ဘာ့ အဆင့်မီ စာကြည့်တိုက်ကြီးဖြစ်ရေးအတွက် နောက်ထပ်မည်ရွေ့မည်မျှ အ ကုန်အကျခံကာ တိုးချဲ့ရန် အစီအစဉ်ရှိကြောင်း ယင်းအတွက် ရူပီးငွေ ဘယ် လောက်ခန့်မှန်းကြောင်း၊ စသည်ဖြင့် ရွှန်းရွှန်းဝေအောင် ပြောရင်း ကျွန်ုပ်ထံမှ ချက်လက်မှတ်ကို မြှူဆွယ်နေလေသည်။

ရန်ပုံငွေ အများဆုံးထည့်ဝင်နိုင်မည့် အလှူရှင်သူဌေးတစ်ဦးအဖြစ် သာ ကျွန်ုပ်ကို အားလုံးက မြင်နေကြသဖြင့် ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်မှာ မှားပြီဟု ကျွန်ုပ် စိတ်ပျက်လက်ပျက် ဖြစ်ရလေသည်။

ထို့ကြောင့် ဒီဗားအား ပြောခဲ့သော 'ပညာအလှူခံရေး' ကိစ္စကို ကျွန်ုပ် မှာ ပြောခွင့်မသာဖြစ်နေသည်။ ပညာတတ်အသိုင်းအဝိုင်းထဲမှာလည်း ရူပီးငွေ ကသာ လွှမ်းမိုးနေကြောင်းတွေ့နေရလေသည်။

တက္ကသိုလ်အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ကာလကတ္တားစာကြည့် တိုက်များဆိုင်ရာ ဘုတ်အဖွဲ့ဒါရိုက်တာချုပ်၊ မက်ကွိုင်းနှင့်သားများ စာအုပ် ထုတ်ဝေရေး ကုမ္ပဏီပိုင်ရှင် မစ္စတာမက်ကွိုင်း၊ မနုဿဗေဒပါမောက္ခနှင့် တက္ကသိုလ်အဓိပတိတို့ပါဝင်သော စကားဝိုင်းထဲသို့ ရောက်သွားသောအခါမှ ပင် ကျွန်ုပ်မှာ အနည်းငယ်နေသာထိုင်သာရှိသွားသည်။

ထိုအချိန်မှာပင်'ဆရာအက်ဂျလောင်း'နှင့်ကျွန်ုပ်စတင်တွေ့ဆုံလိုက် ရခြင်း ဖြစ်ပေသည်။

စာကြည့်တိုက်စနစ်များအကြောင်း စကားကောင်းနေကြစဉ် ဥပဒေ ပညာ မဟာဌာနပါမောက္ခ မစ္စတာဝုဒ်ရိုက လူတစ်ယောက်ကို တရိုတသေ လက်မောင်းမှ တွဲကိုင်လျက် ခေါ်လာသည်။ထို့နောက်တက္ကသိုလ်အဓိပတိ၏ ဘေးတွင် ဝင်ရပ်ကာ ပြောသည်။

"လူကြီးမင်းခင်ဗျား၊ ဟောဒီမှာ ဘယ်သူရောက်လာသလဲဆိုတာ ကြည့်ကြစမ်းပါဦး"

အားလုံး လှည့်ကြည့်လိုက်ကြသည်လှိုက်လှဲသောနှုတ်ဆက်သံများ လည်း ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . .ဆရာအက်ဂျလောင်း"

"ဟဲလို. . .မစ္စတာအက်ဂျလောင်း"

ကာလကတ္တားတက္ကသိုလ်မှ ထိပ်သီးပုဂ္ဂိုလ်ကြီးများ ဝမ်းသာအဲလဲ ဖြစ်သွားရသည်အထိ နောက်ရောက်လာသူ ဧည့်သည်မှာဘယ်လောက်အရေး ပါနေသနည်းဟု ကျွန်ုပ်စူးစမ်းကြည့်လိုက်သည်။

အင်္ဂလိပ်လူမျိုးတစ်ယောက်ပင်ဖြစ်သည်။ လူပုံမှာ သေးသေးညှက် ညှက်ပင်ဖြစ်သည်။ထိပ်ပြောင်နေသောဦးခေါင်းဘေးတစ်ဘက်တစ်ချက်တွင် ဆံပင်ဖြူများရှိသည်။ ကြက်ဥရောင်ဝတ်စုံ၊ နီညိုရောင်လည်စီးကို ဝတ်ဆင် ထားသည်။ ခါးပိုက်ဆောင်နာရီရွှေကြိုးကကုတ်အင်္ကျီအောက်မှတစ်ဝက်တစ် ပျက်ထွက်ကာ လှုပ်ရမ်းနေသည်။ ခြုံ၍ကြည့်လျှင် ဥပဓိလက္ခဏာအားဖြင့် ဘာမျှ ထူးခြားသည်ဟု မဆိုနိုင်။

သို့သော်. . .

"ဆရာအက်ဂျလောင်း ဒီပွဲကို တက်ရောက်လာတဲ့အတွက် ကျွန် တော်တို့ အများကြီးဂုဏ်ယူပါတယ်"

တက္ကသိုလ်အဓိပတိက ပဋိသန္ဓာရစကားဆိုသည်။

"စာကြည့်တိုက်ဖွင့်ပွဲကို ဆရာအက်ဂျလောင်းရောက်လာတဲ့အတွက် ပိုပြီး ပြည့်စုံသွားပါပြီ၊ ကြိုဆိုပါတယ် ဆရာအက်ဂျလောင်း"

မနုဿဗေဒပါမောက္ခ၏ နှုတ်ဆက်စကား။

"ဆရာ ကာလကတ္တားကို မမေ့သေးဘူးပေါ့နော်. . ."

တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပြောသည်။

ဆရာအက်ဂျလောင်းဆိုသူက ဘာတစ်ခွန်းမှ မပြောဘဲ စူးရှသော အပြုံးဖြင့် ထိုးပေးလာသော လက်များကို ဆွဲယူနှုတ်ဆက်နေသည်။

အားလုံးပြီးသောအခါ ကျွန်ုပ်အလှည့်။

"ဆရာ. . .ဟောဒါ ဝစ္စဒမ်ဗီလာက မစ္စတာဂူးလက်ချန်းပါ၊ မစ္စတာ ဂူးလက်ချန်း၊ ဒါ. . .ဆရာအက်ဂျလောင်း"

နူးညံ့ပူနွေးသလောက် သန်မာသော လက်ချောင်းများကို ကျွန်ုပ်ထိ တွေ့ရလေသည်။ ဆရာအက်ဂျလောင်းသည်ကျွန်ုပ်ကိုစူးစူးရဲရဲစိုက်ကြည့်ကာ

"မင့်အကြောင်းတွေကို ငါသတင်းတွေထဲမှာ ဖတ်ထားပါတယ်၊ ဘယ့်နှယ်လဲ၊ ဝစ္စဒမ်ဗီလာစာကြည့်ခန်းမှာ အဆင်ပြေရဲ့လား ဂူးလက်ချန်း"

ကျွန်ုပ်တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားသည်။

တရင်းတနှီးပင်'ဂူးလက်ချန်း'ဟု ပိုင်စိုးပိုင်နင်းခေါ်သည်။ထိုနောက် ဝစ္စဒမ်ဗီလာ စာကြည့်ခန်းအကြောင်းကို နိဒါန်းမပျိုးဘဲ ပြောချသည်။တည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအား ဆက်ဆံသော ဆရာတစ်ယောက်၏ ဟန်ပန်မျိုး၊ ဩဇာတိက္ကမ ကြီးသော သူတစ်ယောက်၏ ပြောပုံဆိုပုံမျိုး။ ရေတံခွန်တစ်ခုလို အင်အား ကြီးစွာ အရှိန်ပြင်းပြင်းစီးကျလာသည့် လေသံမျိုး။

သူဌေးလေးတစ်ဦးအဖြစ်လောကဝတ်ပျူငှာစွာဆက်ဆံနေကြသည့် ကြားထဲတွင် ယခုလို ပိုင်စိုးပိုင်နင်း အပြောခံလိုက်ရသောအခါ ကျွန်ုပ်မှာရုတ် တရက်မှင်တက်မိသွားသည်။သို့သော်ထူးဆန်းစွာပင်ဆရာအက်ဂျလောင်း၏ အပြုအမူအပြောအဆိုကြောင့် ကျွန်ုပ်မှာ စိုးစဉ်းမျှ မခံချိမခံသာမဖြစ်မိ။

"ဂျိုနသန်ရှိစဉ်က ဝစ္စဒမ်ဗီလာစာကြည့်ခန်းမှာ ငါနဲ့သူနာရီပေါင်း များစွာ စကားပြောခဲ့ကြတယ်၊ ဂျိုနသန်ဟာ အသိပညာကို လိုလားမြတ်နိုးသူ တစ်ယောက်ပဲ၊ ဒါကြောင့်လည်း သူ့စံအိမ်ကြီးကို ဝစ္စဒမ်ဗီလာလို့နာမည်ပေးခဲ့ တာ၊ ဘယ့်နှယ်လဲ ဂူးလက်ချန်း၊ ဝစ္စဒမ်ဗီလာစာကြည့်ခန်းထဲမှာရှိတဲ့ စာအုပ် တွေကို မင်းလေ့လာပြီးပြီလား"

"လေ့လာနေဆဲပါပဲ ဆရာ"

အင်အားကောင်းသော သံလိုက်တုံးကြီးတစ်ခုဆီသို့ သံမှုန်လေး တစ်စပြေးဝင်ကပ်တွယ်လိုက်သကဲ့သို့ပင် ဖြစ်ချိမ့်မည်။ အလိုအလျောက်ပင် ကျွန်ုပ်သည် သူ့အကြောင်း ဘာမှမသိရသေးဘဲ သူ့ကို 'ဆရာ' ဟု ခေါ်လိုက်မိ လေသည်။

မစ္စတာအက်ဂျလောင်းကား ထူးခြားသော ညို့ဓာတ်တစ်မျိုးကို ပိုင် ဆိုင်ထားသူပင်တည်း။

"ကိုင်း. . .လူကြီးမင်းများ၊ စာကြည့်တိုက်သစ်ဖွင့်ပွဲမှာ ဒီလိုပဲမျက် နှာချင်းဆိုင် မတ်တတ်ရပ်ရင်း စကားတွေပြောနေကြရမှာလား၊စာကြည့်တိုက် ပြင်ဆင်ထားသိုပုံနဲ့ ကတ်တလောက်စနစ်တွေကို ကျုပ်မကြည့်ရဘူးလား၊ ပြီးတော့ ဒီစာကြည့်တိုက်အသစ်မှာ ရှေးဟောင်းကျမ်းစာတွေနဲ့ပတ်သက်ပြီး အထူးအစီအစဉ်နဲ့သိမ်းထားတယ်လို့ ကျုပ်သိထားတယ်၊ တစ်ယောက် ယောက်ကများ အဲဒါတွေကို လိုက်ပြမယ်ဆိုရင် ကျုပ်သိပ်ပျော်ရွှင်မိမှာပဲ"

ဆရာအက်ဂျလောင်း၏ ပိုင်စိုးပိုင်နင်းလေသံမှာ ကျွန်ုပ်လိုချာတိတ် တစ်ယောက်အပေါ်မှာသာ မဟုတ်။ ထိပ်တန်းပုဂ္ဂိုလ်ကြီးများကိုလည်း သူဟော ဟောဒိုင်ဒိုင် စကားပြောဆိုဆက်ဆံတတ်ကြောင်း တွေ့ရလေသည်။

"အိုး. . .ဆရာအက်ဂျလောင်း၊ ကျွန်ုပ်ကိုယ်တိုင် လိုက်ပြပါ့မယ်၊ အားလုံးအဆင်သင့်ရှိနေပါတယ်"

ဥပဒေပညာမဟာဌာနပါမောက္ခမှာလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

တက္ကသိုလ်အဓိပတိကလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ လိုက်ခဲ့ပါ့မယ်၊ ရှေးဟောင်းကျမ်းစာတွေ ထိန်းသိမ်းထားပုံကို ဆရာလိုက်ကြည့်မယ်ဆိုလို့ ကျွန်တော်ဝမ်းသာသွားတယ်၊ ကြည့်ရင်းနဲ့ လိုအပ်တာတွေကို ဆရာအကြံဉာဏ်ပေးပါဦး"

စကားဝိုင်းကို ခွင့်တောင်းလျက် ပါမောက္ခနှင့် တက္ကသိုလ်အဓိပတိတို့သည် ဆရာအက်ဂျလောင်းကို တစ်ဖက်တစ်ချက်ဆီမှခြံရံကာခေါ်သွားကြသည်။ ထိုနှစ်ယောက်အကြားတွင်လိုက်ပါသွားသောဆရာအက်ဂျလောင်း၏ သေးသေးညှက်ညှက်ကိုယ်ခန္ဓာကိုကြည့်ရင်း အလိုလိုကြီးမားထွားကျိုင်းလာသည်ဟု ကျွန်ုပ်ထင်နေမိလေသည်။

ရုပ်ရည်သွင်ပြင်အားဖြင့် ဘာမှ ထူးခြားမှုမရှိသော ထိုပုဂ္ဂိုလ်ထံ၌ မည်သို့သော ကြီးကျယ်သည့် ဂုဏ်ဒြပ်အစွမ်းသတ္တိများရှိနေသနည်း။

ကျွန်ုပ်မနေနိုင်တော့ချေ။

"ဆရာအက်ဂျလောင်းအကြောင်းကို တစ်ယောက်ယောက်က ကျွန်တော့်ကို ပြောပြသင့်ပြီ ထင်ပါတယ်"

မနုဿဗေဒပါမောက္ခက နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။

"ဆရာအက်ဂျလောင်းလား၊ အချုပ်ကိုပြောရရင် ဟောဒီမှာရှိနေတဲ့ ကျုပ်တို့အားလုံးဟာ သူ့ရဲ့မိတ်ဆွေလည်း မိတ်ဆွေ၊တပည့်လည်းတပည့်တွေပဲ" တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆက်ပြောသည်။

"ကျွန်တော့်ကိုတော့ သူ့မိတ်ဆွေလို့ မပြောပါနဲ့ဗျာ၊ ကျွန်တော်ဟာ သူ့တပည့်မှ တပည့်ပါ၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတုန်းက သူ့အတန်းမှာ သေ သေချာချာကြီးကို ကျောင်းသားဖြစ်ခဲ့တာပါ"

စာကြည့်တိုက်များဆိုင်ရာ ဘုတ်အဖွဲ့ ဒါရိုက်တာချုပ်က . . .

"ကျွန်တော်ကတော့ သူ့ဆီမှာ စာသင်သားမဖြစ်ခဲ့ဖူးဘူး၊ ဒါပေမဲ့ သူ့အကြံပေးချက်တွေ၊ သူရေးဆွဲပေးတဲ့ စည်းမျဉ်းတွေကို အပြည့်အဝယူထားရတယ်၊ ဒီသဘောနဲ့ကြည့်ပြီး ကျွန်တော်ဟာ ဆရာအက်ဂျလောင်းရဲ့ စာပေးစာယူသင်တန်းသားလို့ ဆိုနိုင်ပါတယ်ခင်ဗျား"

အားလုံးရယ်ကြသည်။ အံ့သြခြင်းများဖြင့် မရယ်နိုင်သူမှာ ကျွန်ုပ်တစ်ဦးတည်းသာ ဖြစ်ပေသည်။

"စောစောက သူ့ကိုခေါ်သွားတဲ့ ဥပဒေမဟာဌာနပါမောက္ခကတော့ သူ့တပည့်အရင်းခေါက်ခေါက်ပါပဲ၊ပါမောက္ခကြီးဟာသူ့ဆရာအက်ဂျလောင်းရဲ့ ရှေ့မှာ တကယ့်ကျောင်းသားလေးဖြစ်သွားတယ်လေ"

မနုဿဗေဒပါမောက္ခက ပြောသည်။

"ဒါဆိုရင်တော့ ကျွန်တော်တို့ရဲ့ တက္ကသိုလ်အဓိပတိကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာအက်ဂျလောင်းရဲ့အဝေးရောက်တပည့်လို့ခေါ်ရလိမ့်မယ်ထင်တယ်၊ဘာကြောင့်လဲဆိုတော့ ဘုရင်ခံချုပ်ဆီကို ပညာရေးအစီရင်ခံစာတင်သွင်းတဲ့အခါတိုင်းမှာ အဓိပတိဟာ ဆရာအက်ဂျလောင်းရဲ့ အကူအညီကို ယူခဲ့ရတာကိုး”

“ဟုတ်တယ်. . .ဟုတ်တယ်၊ အမှန်တော့ ကျုပ်တို့အားလုံးဟာ ဆရာ အက်ဂျလောင်းကျောင်းထွက်တွေချည်းပါပဲ. . .”

ပန်းပုဆရာကျော်များ လက်စွမ်းပြပိုင်းဝန်းထုလုပ်ကြရင်း ပန်းပုရုပ်တစ်ခုကို ပုံဖော်သကဲ့သို့ ဆရာအက်ဂျလောင်း၏ ရုပ်ပုံလွှာမှာ တက္ကသိုလ်မှ ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၏ စကားလုံးများဖြင့် ရုပ်လုံးပေါ်လာလေသည်။

“နေစမ်းပါဦးခင်ဗျာ၊ လူကြီးမင်းတို့ရဲ့ဆရာအက်ဂျလောင်းဟာအခု ဘယ်လိုရာထူးနဲ့ ရှိနေပါသလဲ၊ ကျွန်တော့်မေးခွန်းရိုင်းရာကျရင် ခွင့်လွှတ်ပါ”

ကျွန်ုပ်အဖို့မှု အလွန်အမင်းစိတ်ဝင်စားနေပေပြီ။

မနုဿဗေဒပါမောက္ခက ဟက်ခနဲတစ်ချက်ရယ်သည်။ ထို့နောက်

“ဆရာအက်ဂျလောင်းလား၊ အခုဘုံဘေမှာ နေတယ်၊ အောင်မြင်တဲ့ ဝတ်လုံတော်ရတစ်ယောက်အဖြစ် ရှေ့နေလိုက်နေတယ်လေ”

အံ့အားသင့်ရပြန်သည်။ တကယ့်ထိပ်တန်းပုဂ္ဂိုလ်ကြီးများ၏ အရေးတယူပြုခြင်းကို ခံယူရသော ထိုပုဂ္ဂိုလ်ကြီးသည် ပညာရေးဌာနမဟာမင်းကြီးသော်လည်းကောင်း၊ အရှေ့အိန္ဒိယဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ဝင်တစ်ဦးဦးသော်လည်းကောင်း ဖြစ်လိမ့်မည်ဟူသော ကျွန်ုပ်အထင်မှာ လွဲမှားသွားလေသည်။

“ဆရာအက်ဂျလောင်းဟာ သူ့ကိုယ်သူဆရာကောင်းတစ်ယောက်အဖြစ်ကလွဲပြီးဘာကိုမှ တန်ဖိုးမထားဘူး၊ အစိုးရအနေနဲ့သူ့ကိုရာထူးကြီးကြီး ပေးပြီး ခေါ်ဖို့ ကမ်းလှမ်းခဲ့ပေမဲ့ သူက ငြင်းတယ်၊ ကျုပ်တို့ ကာလကတ္တားတက္ကသိုလ်ကလည်း သူ့ကိုအုပ်ချုပ်ရေးကောင်စီရဲ့ရာသက်ပန်နာယကကြီးအဖြစ် လက်ခံဖို့ကမ်းလှမ်းခဲ့ဖူးသေးတယ်၊ ဒါပေမဲ့ ဆရာဟာ ပညာမာနခေါ်မလား မသိဘူး၊ အဲဒါတွေအားလုံးကိုလက်မခံခဲ့ဘဲဘုံဘေမှာနေရင်းသူ့မိသားစုအတွက် ရှေ့နေလိုက်ပြီး အသက်မွေးဝမ်းကျောင်းတယ်၊ သူဟာ အောင်မြင်ကျော်ကြားတဲ့ ရှေ့နေကြီးတစ်ယောက်ပဲ၊ ဒါပေမဲ့ ဒီနေ့ထိပ်တန်းရောက်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ အတော်များများကိုမွေးထုတ်ခဲ့တဲ့ကျောင်းဆရာဟောင်းတစ်ဦးဘဝကိုပဲ ပိုပြီး မြတ်နိုးဟန်တူတယ်၊ ကျုပ်သိသမျှ ဆရာအက်ဂျလောင်းရဲ့ ရုပ်ပုံကားချပ်က အဲဒါပဲ မစ္စတာဂူးလက်ချန်း”

ဆရာအက်ဂျလောင်းအကြောင်းကိုဤစကားဝိုင်းတွင်ဤမျှလောက်သိရလျှင် လုံလောက်ပေပြီ။ သူ၏ စူးရှသောအကြည့်နှင့် ရဲတင်းသော အမူအ

www.burmeseclassic.com

www.burmeseclassic.com



ရာများကို မြင်ယောင်ရင်း စာကြည့်တိုက်သစ်ဖွင့်ပွဲသို့ ကျွန်ုပ်တက်ရောက်ခဲ့သည်မှာဘုရားသခင်အလိုတော်အရအခွင့်အရေးကောင်းတစ်ခုကိုမျက်မှောက်ပြုနိုင်ခဲ့ပြီဟု တွေးမိလေသည်။

အခွင့်အရေးကိုလည်း ကျွန်ုပ်အချိန်မဆွဲဘဲ အသုံးချလိုက်သည်။

စာကြည့်တိုက်သစ်ဖွင့်ပွဲတွင် တက္ကသိုလ်အဓိပတိကသဘာပတိ၏ နိဂုံးချုပ်မိန့်ခွန်းကို ရှည်လျားစွာ ပြောနေချိန်၌ ကျွန်ုပ်သည် စာတစ်စောင်ရေးကာ ဒီဗားအား ဆရာအက်ဂျလောင်းထံ ပေးခိုင်းလိုက်သည်။

ကျွန်ုပ်၏ စာမှာ. . .

"ဆရာဘုံဘေမပြန်ခင် ဆရာအချိန်ပေးမည်ဆိုလျှင် ယနေ့ညစာ ဖြင့် ဆရာ့အား ဂုဏ်ပြုဧည့်ခံတွေ့ဆုံခွင့်ပြုပါ"

(နေရာ–ဝစ္စဒမ်ဗီလာ)

ဂူးလက်ချန်း
ဝစ္စဒမ်ဗီလာ

စိတ်လှုပ်ရှားစွာ စောင့်နေစဉ် ကျွန်ုပ်ထိုင်နေရာဆီသို့ ဒီဗားပြန်ရောက်လာသည်။ ထို့နောက် နားနားကပ်၍ ဒီဗားက ပြောသည်။

"ငါ လာမယ်လို့ ဂူးလက်ချန်းကို ပြောလိုက်. . .တဲ့"

အဓိပတိ၏ မိန့်ခွန်းကို အစအဆုံး နားမထောင်ဖြစ်ခဲ့သော်လည်း မိန့်ခွန်းအပြီးတွင် ကျွန်ုပ်သည် အားပါးတရ လက်ခုပ်တီးမိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

ဆရာအက်ဂျလောင်းနှင့်ကျွန်ပ်နှစ်ယောက်တည်းပါဝင်သောညစာစားပွဲသည် ကျွန်ုပ်အတွက် အလွန်တန်ဖိုးရှိသော ညစာစားပွဲပင်ဖြစ်လေသည်။

ကျွန်ုပ်၏ 'ပညာအလှူခံရေး' ကိစ္စကိုဆရာ့အားပွင့်ပွင့်လင်းလင်းပင် ဖွင့်ပြောတိုင်ပင်ကာ ဆရာထံမှအကူအညီတောင်းခံခဲ့သည်တစ်ချက်တစ်ချက် စူးရဲသော အကြည့်များနှင့် ကျွန်ုပ်ကို လှမ်းလှမ်းကြည့်သည်မှတစ်ပါး ဆရာသည် ကျွန်ုပ်ရှင်းပြနေသည်များကို တိတ်ဆိတ်စွာ နားထောင်ခဲ့သည်။

"တစ်ခုခက်နေတာကကာလကတ္တား၊အသိုက်အဝန်းဟာကျွန်တော့်ကို ဝစ္စဒမ်ဗီလာက သူဌေးလေးဂူးလက်ချန်းဆိုပြီး ကျွန်တော်နဲ့အတူ စည်းစိမ်ဥစ္စာတွေကို တွဲတွဲပြီး မြင်နေကြတာပဲ ဆရာ၊ တက္ကသိုလ်ဝင်ဖို့ အာသီသပြင်းနေတဲ့ သူငယ်လေးတစ်ယောက်အဖြစ် သူတို့မမြင်နိုင်ကြဘူး၊ ဒီတော့ဒီကိစ္စကို ပြောဖို့ ကျွန်တော့်မှာ အခက်အခဲ တွေ့နေပါတယ်၊ ကျွန်တော်က ဒီအကြောင်းကို ပြောဖို့ စလိုက်တာနဲ့ သူတို့စိတ်ထဲမှာ ရန်ပုံငွေ၊ အလှူထည့်ဝင်ငွေ၊ဂုဏ်ထူးဆောင်ကျောင်းတော်သားဆိုတာတွေက တသီတတန်းကြီးမြင်နေကြတော့မယ်၊ ကျွန်တော်သာ အလိုရှိမယ်ဆိုရင် တက္ကသိုလ်မှာဘာသင်တန်းမှမတက်ရဘဲ ရူပီးငွေ သို့မဟုတ် ပေါင်ငွေအတော်များများနဲ့ ဒီဂရီတစ်ခုကို အပေးအယူလုပ်ဖို့ သူတို့မှာ အသင့်ရှိနေကြတယ်၊ တက္ကသိုလ်အဓိပတိကိုယ်တိုင်က ကျွန်တော့်ကို ဂုဏ်ထူးဆောင် ဘွဲ့ဒီဂရီတစ်ခု ချီးမြှင့်လိမ့်မယ်"

ကျွန်ုပ်၏ စကားများကိုဆရာသည်အလေးအနက်သဘောထားကာ နားထောင်နေခဲ့သည်။ ကျွန်ုပ်က ဒီဗားအား ပြောခဲ့ဖူးသော စကားလုံးများအတိုင်းပြောဖြစ်သည်။အသိပညာရရာရကြောင်းကိုငွေကိုလမ်းခင်း၍မလျှောက်လိုကြောင်း၊ ပညာကို ရူပီးငွေဖြင့် မဝယ်လိုကြောင်း။

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေရင်းမှဆရာသည်ကျွန်ုပ်အား မေးခွန်းတစ်ခု မေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း. . .ဘယ်လို ဒီဂရီမျိုးကို ယူဖို့ စိတ်ကူးသလဲ”

မဆိုင်းမတွပင် ကျွန်ုပ်ပြန်ဖြေခဲ့သည်။

“ဥပဒေဆိုင်ရာ ဘွဲ့တစ်ခုခုပဲ ဆရာ”

ဘာကြောင့်လဲဟု ဆရာကမေးသည်။ ဝစ္စဒမ်ဗီလာစာကြည့်ခန်းထဲတွင် နာရီပေါင်းများစွာ တစ်ယောက်တည်းထိုင်ရင်း ကျွန်ုပ်စဉ်းစားတွေးခေါ်ခဲ့သည်များကို ကျွန်ုပ်က ပြောပြလိုက်သည်။

“ဘွဲ့ဒီဂရီတစ်ခုအနေနဲ့ကော၊ ပညာတစ်ရပ်အနေနဲ့ပါ၊ဥပဒေဆိုင်ရာဘွဲ့ဟာ ကျွန်တော့်အတွက် အလိုအပ်ဆုံးဖြစ်နေတယ်ဆရာ၊ ဖရန့်ညီနောင်သစ်ကုမ္ပဏီကို ကျွန်တော်အမွေဆက်ခံခဲ့ရာမှာ ဥပဒေရေးဆိုင်ရာ ကိစ္စတွေအများကြီးကို ကျွန်တော်သိမှဖြစ်မယ်၊ သစ်လုပ်ငန်းနဲ့ ပတ်သက်တဲ့အတွက် သစ်တောပညာ၊ သို့မဟုတ် ပထဝီဝင်ဘာသာတွေ မလိုအပ်ဘူးလားလို့ မေးစရာရှိတယ်၊ ဒါတွေဟာလည်း လိုအပ်တဲ့ပညာရပ်တွေပါပဲ၊ဒါပေမဲ့ဒါတွေဟာ ကျွန်တော်မသိလည်းသူ့ဘာသာသူလည်ပတ်သွားမယ့်ကိစ္စတွေဖြစ်ပါတယ်။ အိန္ဒိယပြည်ရဲ့အတော်ဆုံး၊ အကျွမ်းကျင်ဆုံး ပညာရှင်တွေဟာ လုပ်ငန်းထဲမှာရှိနေကြတယ်၊ သူတို့ဟာ အတွေ့အကြုံလည်း ရင့်ကျက်ကြပြီးဖြစ်တယ်၊ ဖရန့်ကုမ္ပဏီဟာ သစ်လုပ်ငန်းနဲ့ပတ်သက်ရင် ကျွန်တော့်ထက်အသက်ကြီးတယ်၊ တက္ကသိုလ်ကကျွန်တော်သင်ယူတတ်မြောက်လာမယ့်သစ်တောပညာ၊ ပထဝီဝင်ပညာဟာ ကုမ္ပဏီရဲ့ လက်တွေ့လုပ်ငန်းနဲ့ နှိုင်းယှဉ်ရင် လူမမယ်ကလေးတစ်ယောက်သာ ဖြစ်နေမယ်၊ ဒါကြောင့် အဲဒီပညာရပ်တွေကိုကျွန်တော်မရွေးတော့ဘူး၊ ဥပဒေပညာကတော့ လုပ်ငန်းအတွက်ရော ကျွန်တော့်အတွက်ပါ လိုအပ်တဲ့ ပဓာနကျသောပညာ ဖြစ်ပါတယ်”

“လုပ်ငန်းအတွက် လိုအပ်တယ်ဆိုတာကတော့သံသယဖြစ်စရာမရှိပါဘူး၊ ဥပဒေပညာရဲ့လက်တံတွေဟာ လုပ်ငန်းကြီးတွေတိုင်းမှာရှည်လျားစွာဝင်ရောက်နေကြတာပဲ၊ မင်းအတွက်ပါ လိုအပ်တယ်ဆိုတာက. . .”

ဆရာနှင့်ကျွန်ုပ်တို့နှစ်ဦးသားဆွေးနွေးခန်းသည်ပင်လျှင်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် ‘လူတွေ့စစ်ဆေးခြင်းတစ်ခု’သဖွယ် ဖြစ်ခဲ့လေသည်။

ကျွန်ုပ်က စာကြည့်ခန်းရှိ ဗီရိုကြီးများထဲမှဥပဒေသမိုင်းစာအုပ်များ၊ ရှေးဟောင်း ဟိန္ဒူဓမ္မသတ်များနှင့် အိန္ဒိယပြည် ဥပဒေဆိုင်ရာ ကျင့်ထုံးစာအုပ်များကို ပြလိုက်သည်။

“ဝစ္စဒမ်ဗီလာရဲ့ စာကြည့်ခန်းထဲမှာ ဒီစာအုပ်တွေနဲ့အတူ ကျွန်တော်အချိန်ကုန်ခဲ့တယ် ဆရာ၊ ကျွန်တော် လေ့လာဖတ်ရှုထားတာတွေဟာ ဒါတွေပါပဲ၊ ဒါပေမဲ့ စနစ်တကျမရှိဘူးလို့ ကျွန်တော့်ကိုယ်ကျွန်တော်ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အများကြီးဖတ်ထားတာမှန်ပေမဲ့ပညာရပ်ဆိုင်ရာလေ့လာမှုမဆန် ဘူး၊ ဟိုရောက်ဒီရောက်ဖြစ်နေတယ်၊ ဒါလည်း လိုအပ်ချက်တစ်ရပ်၊နောက် တစ်ချက်ရှိသေးတယ် ဆရာ"

လောလောဆယ် ဖတ်နေသော စာအုပ်တစ်အုပ်ကို ကျွန်ုပ်ပြလိုက် သည်။

ပညာရှင်များ၏ဆောင်းပါးများကိုစုပေါင်းရိုက်နှိပ်ထားသည့် 'ဥပဒေ နှင့် ကိုယ်ကျင့်တရားပညာ(သို့မဟုတ်) ဖန်တီးထားသော စည်းကမ်းများနှင့် လူတို့၏ စရဏတရား' အမည်ရှိ စာအုပ်။

ဆရာအက်ဂျလောင်းက ပြုံး၍ ကြည့်နေသည်။

ကျွန်ုပ်က စာရွက်ညှပ်ထားသော စာမျက်နှာတစ်ခုကို ဖွင့်ပြသည်။ ထိုနေရာတွင်ပါသည့် ဆောင်းပါးမှာ ဆရာ့ဆောင်းပါး။ တစ်နည်းအားဖြင့် ဘုံဘေဥပဒေပညာရှင်များကောင်စီတွင် ဆရာဟောပြောခဲ့သည့် ဟောပြော ချက်။

ခေါင်းစဉ်မှာ 'ဥပဒေသမားကို ပြန်၍ တုပ်နှောင်ဖွဲ့စည်းထားအပ် သည့် ဥပဒေသဘောတရားများ' ။

ဆရာအက်ဂျလောင်းသည် ကျွန်ုပ်ကို ထွင်းဖောက်မတတ်သော မျက် လုံးများဖြင့် စိုက်ကြည့်ကာ မေးလေသည်။

"ဥပဒေပညာကို အသွေးအသားထဲက မင်းဝါသနာပါနေပြီလို့ ငါ ယူဆလိုက်ရတော့မလား"

"အခြေအနေအရပ်ရပ်ဟာဥပဒေပညာကိုကျွန်တော်ဝါသနာမပါပါ အောင် စေ့ဆော်ပေးခဲ့ပါတယ်၊ ဆေးထိုးပိုက်ထဲက ဆေးရည်တွေကိုအပ်ကနေ တစ်ဆင့် ကျွန်တော့်သွေးကြောထဲ ထိုးသွင်းလိုက်သလို ပါပဲဆရာ. . ."

"အသက်မွေးဝမ်းကျောင်းအတွက် ရှေ့နေလုပ်ပြီး အမှုလိုက်ဖို့တော့ မဟုတ်တန်ရာပါဘူးနော် ဂူးလက်ချန်း"

ကျွန်ုပ်တို့နှစ်ယောက်စလုံး လွတ်လပ်ပွင့်လင်းစွာ ရယ်လိုက်ကြလေ သည်။ ထိုခဏမှာပင် ဆရာအက်ဂျလောင်းနှင့် ကျွန်ုပ်သည် ငယ်ဆရာငယ် တပည့်များပမာ ရင်းနှီးသွားခဲ့ကြသည်။

ထိုနောက် ဒီဗားစီမံပေးသော ညစာကို ကျွန်ုပ်တို့စားကြသည်။ အ ကောင်းဆုံး ဟင်းလျာများကို အခမ်းနားဆုံး ပြင်ဆင်ထားသည့် ညစာမှာ ဒီဗား နှင့် စားဖိုမှူးတို့၏ လက်စွမ်းပြဖြစ်လေသည်။

ဆရာသည် ဒီဗားချပေးသမျှ ဟင်းလျာများကို အားပါးတရစားခဲ့ သည်။ သေးသေးညှက်ညှက် ကိုယ်ခန္ဓာရှိသော ဆရာသည် အစားအစာပိုမှု



www.burmeseclassic.com

www.burmeseclassic.com



အတော်များများ စားနိုင်ကြောင်းတွေ့ရသည်။ သို့သော် ဆရာစားသောက်ပုံမှာ အလွန်အဆင့်အတန်းမြင့်လှပေသည်။ ခက်ရင်းနှင့်ဓားကိုင်ပုံ၊ ဇွန်းများကို စနစ်တကျသုံးပုံ၊ လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းထောင့်ကို တို့လိုက်ပုံတို့မှာ အလွန်ဣန္ဒြေရပြီး သိုက်မြိုက်ခမ်းနားသော လှုပ်ရှားမှုများဖြစ်သည်။ ယင်းတို့ကိုလည်း ဆရာသည် တမင်အားထုတ်ရသည်မဟုတ်ဘဲ အလိုအလျောက် လှုပ် ရှားသွားကြသည်များသာ ဖြစ်သည်ကို တွေ့ရသည်။

ညစာစားရင်း ဆရာသည် စကားတွေ အများကြီးပြောသွားသည်။

ဥပဒေပညာနှင့် ပတ်သက်သည့် စူးရှသည့် အမြင်များဖြစ်သည်။ ပုဒ်မများ၊ ပြစ်ဒဏ်စီရင်ချက်များ၊ ကျင့်ထုံးများ နောက်ကွယ်မှ လူ့သဘာဝ လူ့လောကသဘောတရားများကို ဆရာက ထုတ်နှုတ်ပြသည်။

ဆရာ့စကားများထဲတွင် ကွယ်လွန်သူ မစ္စတာဂျိုနသန်ဖရန့်အကြောင်း လည်းပါသည်။ စိတ်လှုပ်ရှားဖွယ် စွန့်စားမှုများနှင့် အတိပြီးသော စီးပွားရေး လုပ်ငန်းကြီးထဲတွင် တစ်လျှောက်လုံး နစ်မြုပ်နေခဲ့ရသဖြင့် မစ္စတာဂျိုနသန် သည် သူ၏အကြီးမားဆုံးသော ဆန္ဒတစ်ခုကို သူအသက်ရှင်စဉ်ကရရှိမသွား ကြောင်း ဆရာက ပြောပြသည်။

မစ္စတာဂျိုနသန်၏ အကြီးမားဆုံးသော ဆန္ဒဟူသည်မှာ အခြား မဟုတ်။ များမြောင်လှစွာသော သူ့ဘဝအတွေ့အကြုံများအကြောင်းကို 'ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ'အဖြစ် ရေးသားလိုခြင်းပင်ဖြစ်လေသည်။

ထိုကိစ္စအတွက် သူဌေးကြီးဂျိုနသန်သည် ဆရာအက်ဂျလောင်းကို ဖိတ်ခေါ်၍ စာကြည့်ခန်းထဲတွင် သူတို့နှစ်ဦးနာရီပေါင်းများစွာ ဆွေးနွေးခဲ့ဖူး သည်။ သို့သော် ထိုအကြံအစည်သည် မစ္စတာဂျိုနသန်နှင့်အတူ ပျောက်ကွယ် သွားခဲ့ပြီ ဖြစ်သည်။

"ကိုယ်တိုင်ဝန်ခံထုတ်ဖော်တဲ့ ဖြောင့်ချက်မျိုးပါတဲ့ အဲဒီစာအုပ်အ ကြောင်း တိုင်ပင်ခဲ့စဉ်ကတည်းက မင်းအကြောင်းကို ငါသိထားခဲ့တယ် ဂူး လက်ချန်း၊ ဂျိုနသန်က လန်ဒန်မှာရှိတဲ့ သူ့အစ်ကို မစ္စတာဟောင်းဝပ်အ ကြောင်းနဲ့အတူ မင်းနဲ့ပတ်သက်တဲ့ အစီအစဉ်တွေ ငါ့ကို ပြောပြခဲ့တယ်လေ"

ဆရာအက်ဂျလောင်းသည် ကျွန်ုပ်၏ဇာတ်ကို အလျင်ကတည်းက သိထားသူပါတကားဟု ယခုမှပင် သဘောပေါက်ရတော့သည်။

"လူ့လောကကြီးကို အကျိုးပြုဖို့အတွက်အသင့်တော်ဆုံးလူကလေး တစ်ယောက်ကို သူတို့မွေးထုတ်ဖန်ဆင်းချင်တဲ့အကြောင်း၊ ညီအစ်ကိုနှစ် ယောက်တိုင်ပင်ပြီး အဲဒီစီမံကိန်းကို အကောင်အထည်ဖော်ဖို့ စိုင်းပြင်းနေကြ ကြောင်း အသေးစိတ်တွေကို ဂျိုနသန်က ပြောပြခဲ့တယ်၊ ငါက ရှုးကြောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင် အစီအစဉ်တွေပါ ဂျိုနသန်ရယ်လို့ ပြောခဲ့ဖူးတယ်၊ ဒါပေမဲ့ သူက အလေးအနက်ထားရုံတင်မက ဒီအစီအစဉ်ထဲမှာ ငါ့ကိုပါ အကူအညီတောင်း လာတယ်၊ ငါအများကြီးစဉ်းစားခဲ့တယ် ဂူးလက်ချန်း၊ နောက်ဆုံးတော့ကမ္ဘာ လောကမှာ ရှူးကြောင်ကြောင် စိတ်ကူးစိတ်သန်းတချို့ဟာ အံ့သြစရာကောင်း လောက်အောင် တန်ဖိုးရှိတတ်တယ်ဆိုတာ ငါသဘောပေါက်လာလို့ သူအ ကူအညီတောင်းတာကို ငါလက်ခံလိုက်တယ်"

ဆရာအက်ဂျလောင်းစကားများကို နားထောင်ရင်း တစ်စုံတစ်ခုကို ကျွန်ုပ်သဘောပေါက်လာသည်။ ဥပဒေအရာ၌ တစ်ဖက်ကမ်းခတ် တတ် မြောက်သော ဆရာအက်ဂျလောင်း၊မစ္စတာဂျိုနသန်၏အကူအညီတောင်းခံမှု၊ သို့ဆိုလျှင် . .

"ဝစ္စဒမ်ဗီလာ၊ ဖရန့်သစ်ကုမ္ပဏီ အမွေဆက်ခံမှုနဲ့ အခြားအချက် အလက်စည်းကမ်းချက်တွေပါဝင်တဲ့သေတမ်းစာကိုရေးဆွဲပေးခဲ့သူဟာဆရာမ မဟုတ်လား"

"ဟုတ်တယ်ဂူးလက်ချန်း၊ ဂျိုနသန်ပြီးတော့ သူ့အစ်ကို မစ္စတာ ဟောင်းဝပ်တို့ရဲ့ ဆန္ဒနဲ့ကိုက်ညီအောင် ငါကိုယ်တိုင် ရေးပေးခဲ့တာပဲ"

"ဒါဖြင့် မစ္စတာပရဲယားဟာ ကျွန်တော်အမွေဆက်ခံမှု စည်းကမ်း ချက်တွေနဲ့ ပတ်သက်တဲ့ ဆရာတို့ရဲ့ ဟန်ပြကိုယ်စားလှယ်ပေါ့၊ ဟုတ်လား ဆရာ"

"ဟန်ပြကိုယ်စားလှယ်၊ အင်း. . .ဒီလိုခေါ်လို့ ရပါတယ်၊ အမှန်တော့ ပရဲယားဆိုတဲ့ အဘိုးကြီးဟာ စာရွက်ပေါ်က ဥပဒေတွေကိုသာနားလည်ထား တဲ့ အသက်ရှိသော စက်ယန္တရားတစ်ခုပါပဲ"

ဘုရားသခင်. . .ဆရာအက်ဂျလောင်းသည် ကျွန်ုပ်ဘဝတွင် ကျွန်ုပ် မသိဘဲ အစမှအဆုံး တောက်လျှောက်ပါဝင်နေခဲ့သူပါကလား။

"ဘဏ္ဍာစိုးဒီဗားဟာ ဒီကိစ္စတွေမှာ ငါပါဝင်ခဲ့တာကို မသိဘူး၊ဒါ ပေမဲ့ မင်းကာလကတ္တားကို ရောက်တဲ့အချိန်ကစပြီး ဒီနေ့အထိ မင်းဘာလုပ် တယ်၊ ဘယ်သွားတယ်ဆိုတာတွေကို ဒီဗားထက် ငါကပိုသိထားတယ်၊ဘယ် လိုနည်းနဲ့ သိသလဲဆိုတာ မမေးနဲ့ ဂူးလက်ချန်း၊ အဲဒီလိုသိဖို့က ငါ့အလုပ်ပဲ"

ဆရာအက်ဂျလောင်းကို ငေးကြည့်နေမိသည်မှတစ်ပါး ကျွန်ုပ်မှာ ဘာစကားမျှ ပြောစရာမရှိတော့ပေ။

"မနက်က စာကြည့်တိုက်ဖွင့်ပွဲမှာ ဒီဗားနဲ့ပေးလိုက်တဲ့ ဖိတ်စာကို ငါလက်ခံလိုက်ကြောင်း အကြောင်းပြန်လိုက်တော့ မင်းအံ့သြမသွားဘူးလား"

"ကျွန်တော် အခု မအံ့သြတော့ပါဘူး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့နေ့မှာ မင်း ငါ့ဆီရောက်လာမှာပဲဆိုတာငါသိထားပြီးသား၊ ဒါကလဲ မဆန်းဘူးလေ၊ အခြေအနေတွေက မင်းနဲ့ငါ ဆုံစည်းအောင် ဖန်တီးထားတာကိုး၊ ဒါပေမဲ့ ဂူးလက်ချန်း၊ အခုလိုတွေ့ရတာကို ငါသဘောကျမိတာ အမှန်ပဲ၊ ဂါဒင်ပါတီပွဲ၊ မြင်းပွဲ၊ ဒါမှမဟုတ် ဟော်ကီတစ်ခုခုမှာ တွေ့ရမယ်ဆိုရင် မင့်အပေါ် ငါဒီလောက် ဘဝင်ကျမှာမဟုတ်ဘူး၊ ပိုပြီးသဘောကျတာက ငါ့အကြောင်းကို မင်းဘာမှ မသိသေးဘဲ ငါ့ကို ဝစ္စဒမ်ဗီလာခေါ်ပြီး ညစာဖိတ်ကျွေးတာပဲ"

"ဘုရားသခင်. . .လက်စသတ်တော့ ကျွန်တော်ဟာ အသေအချာဖြစ်ရမယ့် ကိစ္စတစ်ခုကို မတော်တဆလုပ်လိုက်မိတာပါလား ဆရာ"

ဆရာက ရယ်သည်။ အရာရာကို သိထားသော ရယ်ခြင်းမျိုးဖြစ်သည်။ ထိုနောက် မျက်နှာထားတည်သွားပြန်ကာ. . .

"ဂူးလက်ချန်း. . .မင်းနှုတ်က အကျင့်ပါနေလို့လား၊ ဒါမှမဟုတ် တကယ်ပဲ မင်းကိုယ်၌ကနှစ်နှစ်ကာကာယုံကြည်လို့လားတော့ငါမပြောတတ်ဘူး၊ မင်းဟာ ဘုရားသခင်၊ ဘုရားသခင်ဆိုတဲ့ စကားလုံးကိုခဏခဏရေရွတ်တတ်တယ်၊ အေး. . .ငါတစ်ခုပြောထားမယ်နော်၊ မင်းတစ်ခုသိထားစရာရှိတယ်၊ အဲဒါကတော့ ငါဟာ 'အေးသီယစ်' တစ်ယောက်ဆိုတာပဲ"

(အေးသီယစ်၊ ဘုရားမဲ့ဝါဒီ၊ တစ်နည်းအားဖြင့်ထာဝရဘုရားသခင်နှင့်ဖန်ဆင်းရှင်ကို မယုံကြည်သူ၊ ဘာသာမဲ့၊ အယူဝါဒ မရှိသူ)

ဘာသာတရားအကြောင်းကို ဆွေးနွေးနေဖို့ အချိန်မဟုတ်ဟု ကျွန်ုပ်သဘောပေါက်သည်။ထို့ပြင်ဆရာနှင့်ကျွန်ုပ်အကြားတွင်ဘုရားမဲ့ဝါဒီဖြစ်ခြင်းနှင့် ခရစ်ယာန်ဘာသာကိုးကွယ်သူဖြစ်ခြင်းတို့သည်ပြဿနာမဟုတ်ဟုလည်း ယုံကြည်သည်။

"ကိစ္စမရှိပါဘူး ဆရာ၊ ဆရာနဲ့ ကျွန်တော့်အကြားက စီးဆင်းမှုဟာ အသိပညာတစ်ခုတည်းသာ ဖြစ်မှာပါ"

"မှန်တယ်၊ အသိပညာချင်း ကူးလူးယှက်နွယ်တာလောက်ပြည့်စုံတဲ့ ဆက်ဆံရေး မရှိဘူး"

ထို့နောက် ဆရာ့အား ဘုံဘေမှ ကာလကတ္တားသို့ ပြောင်းရွှေ့ခဲ့ရန် ကျွန်ုပ်က မဝံ့မရဲ အကြံပေးကြည့်သည်။ ဆရာက ခေါင်းရမ်းလျက်. . .

"ကာလကတ္တားဟာရေညှိတက်နေတဲ့ပိဋ္ဋကတ်ကျောင်းတိုက်အိုကြီးနဲ့တူတယ်၊ ဘုံဘေက အချိန်နဲ့အမျှ စိတ်လှုပ်ရှားစရာတွေ ရှိနေတယ်၊ အမြဲခုတ်နေချင်တဲ့ ဓားတစ်စင်းဟာ ခြုံနွယ်ပိတ်ပေါင်း သစ်ပင်ထူထပ်ရာအရပ်မှာပဲ ကျက်စားရမယ်၊ ဘုံဘေမှာပဲ ငါနေမယ်၊ အမှုလိုက်ရင်းနဲ့ ငါစိတ်လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်နေမယ်”

ပညာရေးဌာန မဟာမင်းကြီးရာထူးကို ငြင်းပယ်ခဲ့သည်ဆိုသော ဆရာ့အား ကျွန်ုပ်နောက်ထပ် ဘာမှ မပြောရဲတော့ပေ။

ညစာစားပြီးကြသောအခါ ကျွန်ုပ်က ဆရာ့အား ဝစ္စဒမ်ဗီလာတွင် တည်းခိုရန် ဖိတ်ခေါ်သော်လည်း ဆရာက ငြင်းပယ်ပြန်သည်။

“ငါက ဝစ္စဒမ်ဗီလာရဲ့ ဧည့်သည်မဟုတ်ဘူး၊ ကာလကတ္တားမြို့ရဲ့ ဧည့်သည်လည်း မဟုတ်ဘူး၊ ဒီမြို့မှာငါနေချင်တဲ့နေရာနေမှာပဲဂူးလက်ချန်း၊ ထားပါတော့ ငါ မနက်ဖြန် ဘုံဘေပြန်မယ်၊ မပြန်ခင်မှာ မင်းတက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေဖို့ အဓိပတိနဲ့ အုပ်ချုပ်ရေး ကောင်စီကို ငါပြောထားခဲ့မယ် ဟုတ်လား”

ဆရာ့ကို ပေါ်တီကိုအောက်သို့ လိုက်ပို့သည်။အော်စတင်ကားထွက်သွားပြီး ဝစ္စဒမ်ဗီလာ၏ ဂိတ်မှ ပျောက်ကွယ်သွားသည်အထိ ကျွန်ုပ်ရပ်ကြည့်နေခဲ့သည်။

ထိုညမှာ ကျွန်ုပ်အဖို့ အိပ်မက် မမက်အောင် ကြိုးစားအိပ်ခဲ့ရသော ညတစ်ညဖြစ်လေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကိုကျွန်ုပ်တစ်ဦးတည်းအတွက်အထူးအစီအစဉ်ဖြင့် ကျင်းပပေးခဲ့သည်မှာ ကျွန်ုပ်၏ 'သူဌေး' အဖြစ်ထက်ဆရာအက်ဂျလောင်း၏ စီစဉ်မှုကြောင့်ဖြစ်ကြောင်း ကျွန်ုပ်သံသယမရှိခဲ့ချေ။

ပို၍ထိရောက်သောအဖြစ်မှာ စာမေးပွဲဖြေဆိုအပြီး ရက်သတ္တတစ်ပတ်အတွင်း ကျွန်ုပ်အတွက် အောင်စာရင်း ထုတ်ပြန်ပေးခဲ့ခြင်းပင်ဖြစ်သည်။ စင်စစ်အားဖြင့် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီသည်ဝင်ခွင့်စာမေးပွဲကိုအစဉ်အလာအရသာပြုလုပ်ကျင်းပပေးခဲ့သည်ဖြစ်သော်လည်းကျွန်ုပ်သာအလိုရှိပါက စာမေးပွဲမလုပ်ဘဲတစ်ခါတည်းတက္ကသိုလ်တက်ရောက်ခွင့်ပြုမည်ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ဝင်ခွင့်စာမေးပွဲ မေးခွန်းလွှာများကမူ ကာလကတ္တားတက္ကသိုလ်၏ ဂုဏ်သိက္ခာအစဉ်အလာကြီးမားမှုကို ထိန်းသိမ်းသောအားဖြင့် ခက်ခဲသော မေးခွန်းလွှာများဖြစ်လေသည်။ ထိုနည်းတူ ကျွန်ုပ်၏ အဖြေလွှာများနှင့် ရမှတ်များကိုလည်း တက္ကသိုလ်မော်ကွန်းတိုက်တွင် တရားဝင်စာရင်းသွင်းမှတ်တမ်းပြုခဲ့ရပေသည်။

ကံကောင်းထောက်မစွာပင် ကျွန်ုပ်၏ အောင်စာရင်းထွက်ချိန်မှာ တက္ကသိုလ်စာသင်နှစ် အသစ်တစ်ခုကိုစတင်ချိန်နှင့်တိုက်ဆိုင်လျက်ရှိနေလေရာ (ထိုသို့တိုက်ဆိုင်အောင်လည်း အုပ်ချုပ်ရေးကောင်စီက အချိန်ကိုက်စီစဉ်ပေးခဲ့သည်ဟု ကျွန်ုပ်ယုံကြည်သည်) တက္ကသိုလ်စဖွင့်ရက်တွင် ရာပေါင်းများစွာသော ကျောင်းသားသစ်များထဲ၌ ဂူးလက်ချန်းဆိုသော ကျောင်းသားသစ်လေးတစ်ယောက် ပါဝင်နေခြင်းကို မည်သူမျှ သံသယမဖြစ်နိုင်ကြတော့။

တက္ကသိုလ်တက်သည့် ကာလတစ်လျှောက်လုံး ကျွန်ုပ်သည် အော်စတင်ကားကိုလည်းကောင်း၊ ဒီဗားကိုလည်းကောင်း၊ အဖိုးတန်ဒေါက်ကလည်းကိုလည်းကောင်း၊ ဝစ္စဒမ်ဗီလာနှင့် ပတ်သက်သမျှသော အခြေအနေအ

www.burmeseclassic.com

www.burmeseclassic.com



ယောင်မှန်သမျှကိုသော်လည်းကောင်း ထုတ်ဖော်သုံးစွဲခြင်းမပြုခဲ့ချေ။

ထို့ပြင်ဆရာအက်ဂျလောင်းကိုယ်တိုင် ဘုံဘေမှလာကာ ကာလကတ္တားတက္ကသိုလ်၏ အချိန်ပိုင်းပါမောက္ခအဖြစ် လာရောက်ပို့ချချိန်များတွင်လည်း ဆရာနှင့် ကျွန်ုပ်အကြားမှ ဆက်ဆံရေးကို မည်သူမျှ မသိရှိစေရအောင် လျှို့ဝှက်သိပ်သည်းစွာ နေထိုင်ခဲ့လေသည်။

ကျွန်ုပ်သည် ကာလကတ္တားတက္ကသိုလ်ရှိ အခြားကျောင်းသားများကြားထဲတွင်သာမန်ကျောင်းသားတစ်ဦးအဖြစ်နှင့်သာနေထိုင်ရှင်သန်ခဲ့သည်။ ထိုအတောအတွင်း တက္ကသိုလ်နှင့်ဆိုင်သော မည်သည့်ဧည့်ခံပွဲ၊ ဂုဏ်ပြုပွဲကိုမျှ ကျွန်ုပ်အား မဖိတ်ကြားပါရန်နှင့် သက်ဆိုင်ရာတို့အား ခွင့်ပန်ထားရသည်။ သုတေသနဌာနသစ် တိုးချဲ့ဆောက်လုပ်ရေး၊ ကျောင်းသူများ အဆောင်သစ်ဆောက်လုပ်ရေးနှင့် တက္ကသိုလ်ခရစ်ကတ်ကစားကွင်း ပြုပြင်မွမ်းမံရေးများတွင်လည်း ကျွန်ုပ်သည် 'အမည်မဖော်လိုသူတစ်ဦး' ဟူ၍သာ အလှူငွေများထည့်ဝင်ခဲ့သည်။

တက္ကသိုလ်အသင်းအဖွဲ့များက ပြုလုပ်သော ဂါဒင်ပါတီများ၊ပစ်ကနစ်များ၊ အားကစားပွဲများတွင်လည်း လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိရအောင် ကျွန်ုပ်ကိုယ်ကျွန်ုပ် သတိကြီးစွာ ထား၍ နေထိုင်ခဲ့သည်။

ဤမျှ သိုသိပ်သတိကြီးစွာထား၍ နေထိုင်သည့်ကြားထဲမှပင် လူ့လောကကြီး၏ ကမောက်ကမနိုင်သော ကံကြမ္မာက လှည့်စားခဲ့ပြန်သည်။ ပညာရေးအရဖြစ်စေ၊အားကစားအရာ၌ဖြစ်စေ၊တစ်နည်းအားဖြင့်'ဖေးဘရိတ်' ဖြစ်ရေးအတွက် သူ့ထက်ငါ အပြိုင်အဆိုင်ကြိုးစားနေကြသော တက္ကသိုလ်ကျောင်းသူ ကျောင်းသားလောကတွင် ဘယ်နေရာမှ နာမည်မထွက်အောင် ကျစ်လျစ်စွာ နေထိုင်ခြင်းသည်ပင်လျှင် အများစိတ်ဝင်စားစရာတစ်ခုဖြစ်လာပြန်သည်။ ထူးခြားပြောင်းလဲမှုများ အပြိုင်းအရိုင်းပေါ်ပေါက်နေသည့်ကြားတွင် ဘာမှမပြောင်းလဲဘဲ ရိုးသားစွာတည်နေသော အရာတစ်ခုက အသစ်အဆန်းဖြစ်နေသည်။

သို့ဖြစ်၍ ကျွန်ုပ်၏ 'သာမန်နေထိုင်ကျင့်သုံးခြင်း' သည် လျှို့ဝှက်ချက် တစ်ခုအဖြစ် ပြောင်းလဲသွားကာ ထိုလျှို့ဝှက်ချက်ကို ဖော်ထုတ်ချင်လာကြသည်။ သတင်းစာပညာလုပ်ငန်းတွင် ဝါသနာပါကြသော ကျောင်းသားအချို့က ကျွန်ုပ်၏နောက်ကြောင်း ရာဇဝင်ကို ဖော်ထုတ်ရန် စိုင်းပြင်းလာကြသည်။

ကျောင်းသူအချို့ကလည်း 'ပါတီမတက်သော ဂူးလက်ချန်း' အား လှောင်ပြောင်ကျီစယ်ကြရင်းမှ စိတ်ဝင်စားလာကြသည်။အသားညိုညို၊အရပ်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်ကျောင်းသား ဂူးလက်ချန်း၌ ဘာကြောင့် မိန်းကလေးမိတ်ဆွေမရှိရ သနည်းဟူသော ကိစ္စ၏ အရင်းအမြစ်ကို ဖော်ထုတ်ရန် စီစဉ်ကြသည်။

ဝစ္စဒမ်ဗီလာပိုင်ရှင် သူဌေးလေးဟူသော ဘဝမှန်ကို ကွယ်ဖျောက် ဖုံးဖိထားလိုသည့် ကျွန်ုပ်၏ဆန္ဒမှာ ထိုသို့ပင် အန္တရာယ်များနှင့်ရင်ဆိုင်လာ ရသည်။ ထို့ကြောင့် ဥပစာ(ခ)တန်း နောက်ဆုံးပတ်စာမေးပွဲကို ဖြေအပြီး၌ ကျွန်ုပ်သည် ဘုံဘေရှိ ဆရာအက်ဂျလောင်းထံသို့ ကြေးနန်းရိုက်လိုက်လေ သည်။

'ရှေ့ကျောင်းပြန်အဖွင့် ဝိဇ္ဇာတန်းမှစ၍ အဝေးရောက်ကျောင်းသား အဖြစ် စာပေးစာယူသင်တန်း တက်လိုပါသည်။ ဆရာကန့်ကွက်ရန် ရှိပါသ လား'

အသွားအပြန်ရိုက်လိုက်သော ထိုကြေးနန်း၏ ပြန်စာတွင် ဆရာ အက်ဂျလောင်းက. . .

"မင်းဆုံးဖြတ်ချက် မှန်တယ်"

ဟု တုံ့ပြန်ခဲ့သည်။

သို့ဖြင့်ပင် နောက်စာသင်နှစ်အသစ်အတွက် တက္ကသိုလ်ပြန်ဖွင့် သောအခါတွင် ကာလကတ္တားတက္ကသိုလ်ပရိဝုဏ်၌ 'အသားညိုညို အရပ် ရှည်ရှည်နှင့် မိန်းကလေးမိတ်ဆွေမရှိသော ဂူးလက်ချန်း'ဆိုသောကျောင်းသား တစ် ယောက် ပျောက်ဆုံးသွားကြောင်း သူတို့တွေ့ရှိသွားကြသည်။

ဂူးလက်ချန်းဆိုသော ထုံအအကျောင်းသားသည် ဘုရင့်တပ်မတော် ထဲဝင်သွားပြီ၊ သို့မဟုတ် အင်္ဂလန်သို့ အမွေဆက်ခံရန် ပြန်သွားပြီ။သို့မဟုတ် သိမ်ငယ်လွန်းသော စိတ်ဖြင့် ဝေဒနာစွဲကပ်ကာ ရူးသွပ်ဖောက်ပြန်ပြီးသူ့ကိုယ် သူ သတ်သေသွားပြီစသည်ဖြင့် အမျိုးမျိုးဝေဖန်ပြောဆိုနေကြမည့် ကောလာ ဟလများကို ကြားယောင်ရင်း ကျွန်ုပ်သည် ဝိဇ္ဇာ(က)တန်းမှ အစပြု၍ ကျွန်ုပ် ၏တက္ကသိုလ်ကိုနေရာသစ်သို့ ပြောင်းရွှေ့ခဲ့လေသည်။

ကျွန်ုပ်၏တက္ကသိုလ်သစ်ကားဝစ္စဒမ်ဗီလာစာကြည့်ခန်းပင်တည်း။ တက္ကသိုလ်သစ်၏ တစ်ဦးတည်းသောဆရာမှာဘုံဘေမှဆရာအက်ဂျလောင်း ၏ စာပေးစာယူ ပို့ချချက်များပင် ဖြစ်သည်။

ဆရာသည် အံ့သြစရာကောင်းလောက်အောင် ပါရမီထူးချွန်သော ဆရာတစ်ဆူဖြစ်ကြောင်း ကျွန်ုပ်တွေ့လာရသည်။ အဝေးမှနေ၍ စာဖြင့်ပို့ချ သော ဆရာ၏ ပို့ချချက်များမှာ စားပွဲ၏တစ်ဖက်၊ ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင် မှာထိုင်လျက် သင်ပုန်းကြီးများပေါ်တွင် မြေဖြူဖြင့် တတောက်တောက်ရေး လျက် သင်ကြားနေသည်နှင့်မခြား အသက်ဝင်လှုပ်ရှားရှင်သန်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်ရိုးညွှန်းတမ်းကို အသေးစိတ်ရှင်းပြသည်။ဖတ်ရှုကိုးကားရမည့် စာအုပ်များကို စာရင်းလုပ်ပေးသည်။ ကျက်မှတ်ပုံ နည်းစနစ်အမျိုးမျိုးကို ခွဲ ခြားပေးသည်။ ခက်ခဲသော ဥပဒေပုဒ်မများ၊ ကျင့်ထုံးများကို လိုရင်းရောက် အောင် ဒိုးဒိုးဒေါက်ဒေါက် စိတ်ဖြာပြသည်။ လေ့လာပုံ လေ့လာနည်းများကို ညွှန်ကြားပေးသည်။ ထို့မျှမက တက္ကသိုလ်မှာကဲ့သို့ပင် အပတ်စဉ် စာမေးပွဲ ငယ်များကို မေးခွန်းလွှာပို့၍ ဖြေကြားစေသည်။

ကျွန်ုပ်ပို့လိုက်သော အဖြေလွှာများကို အမှတ်ပေး၍ပြန်ပို့ရာ၌လည်း ချို့ယွင်းချက်များ၊ လိုအပ်ချက်များကို စေ့စေ့စပ်စပ်ထောက်ပြသည်။ လစဉ် လတိုင်း အရည်အချင်းစစ် စာမေးပွဲ ကျင်းပပေးသည်။ တစ်ခါတစ်ရံ ဆရာ သည် ဘုံဘေတွင် သူလိုက်နေသော အမှုတွဲများကို လှမ်းပို့ကာဥပဒေကြောင်း အရ မည်သို့ကိုင်တွယ်ရမည်ကို ကျွန်ုပ်အား လက်တွေ့စစ်ဆေးသည်။

တစ်ခါတစ်ရံလည်း ခက်ခဲနက်နဲသော အမှုတစ်ခုကို ဆရာကဖန် တီးကာ ကျွန်ုပ်အား တရားခံဘက်မှ အမှုလိုက်လျှောက်လဲစေသည်။ တစ်ခါ တစ်ရံအကျဉ်းအကျပ်ကြုံရသော တရားသူကြီးတစ်ဦးနေရာကို ယူစေပြီး ကြီး ကျယ်လှသော စီရင်ချက်မျိုးကို ကိုင်တွယ်ဆုံးဖြတ်ခိုင်းသည်။

ကျွန်ုပ်မှာ တက္ကသိုလ်စာသင်ခန်းများတွင် အတန်းတက်နေသော ကျောင်းသားတစ်ယောက်ထက်ပို၍ ပင်ပန်းခက်ခဲစွာ လေ့ကျက်ရလေသည်။ အိပ်ချိန်နှင့်စားချိန်မှတစ်ပါး အချိန်ပြည့်လိုလိုပင် စာကြည့်ခန်းထဲမှာ အချိန် ကုန်ရသည်။ တစ်ခါတစ်ရံ နံနက်စာစားပွဲ၌ထိုင်ရင်းမှာပင်စာအုပ်နှင့်မျက်နှာ မခွာတတ်သဖြင့် ဒီဗားက အကြိမ်ကြိမ်သတိပေးရသည်အထိ ရှိဖူးသည်။

ဆရာအက်ဂျလောင်း၏ ပြင်းထန်သော မောင်းနှင်မှုအောက်တွင် ကျွန်ုပ်ကိုယ်တိုင်ကလည်း မဒရပ်စ်မှမြင်းတစ်ကောင်လိုအားကုန်ပြေးခဲ့သည်။

ကျွန်ုပ်၏ ဝိဇ္ဇာ(က)တန်း စာသင်နှစ်အတွင်း ဆရာသည် ကာလ ကတ္တားတက္ကသိုလ်သို့ သုံးကြိမ်မျှ ဧည့်သည်ပါမောက္ခအဖြစ်လာရောက်ပို့ချခဲ့ သည်။ ထိုသုံးကြိမ်စလုံးပင် ဆရာသည် ဝစ္စဒမ်ဗီလာသို့ လာရောက်ကာ စာ ကြည့်ခန်းထဲ၌ ကျွန်ုပ်အား နှုတ်မေးနှုတ်ဖြေစာမေးပွဲကို ကျင်းပခဲ့သည်။

မေးခွန်းတစ်ခုအတွက် စဉ်းစားချိန်ကို 'သဲနာရီ' ဖြင့် သတ်မှတ်ကာ အချိန်စေ့၍ အဖြေမပြောနိုင်လျှင်'သုည'မှတ်ပေးသည်အထိပြင်းပြင်းထန်ထန် စစ်မေးတတ်သည်။

သို့ဖြင့်ပင် ကျွန်ုပ်သည် အပြင်းထန်ဆုံး ကြိုးစားသောကျောင်းသား အဖြစ် မည်သူမျှမသိဘဲ ဝိဇ္ဇ(က)တန်း စာမေးပွဲကို ဝင်ခဲ့ရသည်။အောင်စာရင်း တွင် ဘာသာစုံဂုဏ်ထူးရသော 'ခရက်ဒစ်' အဆင့်ရလာသောအခါ ဆရာ့ရှေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ပါ မအံ့ဩမိတော့ပေ။ အကြောင်းမူကာလကတ္တားတက္ကသိုလ်မှကျင်းပ သော ဥပဒေဝိဇ္ဇာစာမေးပွဲ မေးခွန်းလွှာသည် ဆရာအက်ဂျလောင်းဘုံဘေမှ ပို့လိုက်သော လပတ်စာမေးပွဲမေးခွန်းလောက် မခက်ခဲသောကြောင့်ပင် ဖြစ်လေ သည်။

ဝိဇ္ဇာ(ခ)တန်း စာပေးစာယူကျောင်းသားအဖြစ် ဆရာ့ပို့ချချက်များ ကို ကျွန်ုပ်လေ့လာကျက်မှတ်ရချိန်တွင်မူ ကျွန်ုပ်၏ လေ့လာမှုနယ်ပယ်သည် မဟာဝိဇ္ဇာနှင့် ဂုဏ်ထူးတန်းကျောင်းသားတစ်ယောက်အဆင့်မျိုး ဖြစ်နေလေ သည်။

ဝစ္စဒမ်ဗီလာစာကြည့်ခန်းတွင်လည်း ကျွန်ုပ်ထပ်မံဝယ်ယူသော စာ အုပ်များဖြင့် များပြားတိုးပွားလာသောကြောင့် နံရံကပ်ဗီရိုများ၊ မှန်ဗီရိုများကို အသစ်ထပ်မံ ပြုလုပ်ခဲ့ရသည်။

ကျွန်ုပ်၏ စာကြည့်စားပွဲပေါ်မှာလည်း စားပွဲ၏ပကတိပုံစံ ပျောက် နေကာ ဖွင့်လျက်၊ မှောက်လျက်၊ စားရွက်ပိုင်းညှပ်လျက်၊ မျဉ်းသားလျက်၊ အမျိုးမျိုးသော စာအုပ်များဖြင့် အတိပြီးသည့် စာအုပ်ပုံကြီးဖြစ်လာသည်။

မျက်နှာချင်းဆိုင် နံရံထက်ရှိ မစ္စတာဟောင်းဝပ်နှင့်မစ္စတာဂျိုနသန် တို့၏ ပုံတူပန်းချီကားကြီး နှစ်ချပ်နှင့် ယှဉ်လျက် နံရံကပ်ပြုလုပ်ထားသော သင်ပုန်းကြီး၏ မျက်နှာပြင်မှာလည်း ကျွန်ုပ်၏ မှတ်စုရေးသားချက်များဖြင့် အစဉ်ပြည့်နှက်နေတော့သည်။ ကျွန်ုပ်၏ မှတ်စုများ'ရေးကျက်'အမှတ်အသား များသည် ပန်းချီကားကြီးနှစ်ချပ်အောက်မှ 'ဖရန့်ညီနောင်သစ်လုပ်ငန်း ကုမ္ပဏီလုပ်ငန်းပြ မြေပုံကားချပ်ကြီး' ထက် ပို၍ ရှုပ်ထွေးများမြောင်နေတတ် လေသည်။

ဥပဒေဝိဇ္ဇာတန်း နောက်ဆုံးစာမေးပွဲကို ဖြေဆိုကာနီးတွင်မူ ဆရာ နှင့် ကျွန်ုပ်အကြားတွင် 'အဆင်မပြေမှုလေး' တစ်ခု ဖြစ်ပေါ်ခဲ့လေသည်။ စင် စစ် ထိုအဆင်မပြေမှုမှာ ကျွန်ုပ်က စတင်ဖန်တီးလိုက်ခြင်းဖြစ်သည်။

အခြားမဟုတ် ဆရာ့အတွက် ပညာပူဇော်ကြေးအဖြစ် ဘုံဘေသို့ ရူပီးတစ်သောင်းတန်ချက်လက်မှတ်တစ်ခု ကျွန်ုပ်က ပို့လိုက်ခြင်းဖြစ်သည်။ ထိုကိစ္စကို ကျွန်ုပ်သည် ဒီဗားနှင့်လည်း မတိုင်ပင်ခဲ့ချေ။ ချက်လက်မှတ်နှင့် အတူ ကြေးနန်းတစ်စောင် ပို့လိုက်ရာတွင် ကျွန်ုပ်က . . .

"ကျောင်းလခ သို့မဟုတ် ကျူရှင်လခ သို့မဟုတ် စာရွက်စာတမ်း ကြေးစသည်ဖြင့် ဆရာ မသတ်မှတ်စေလိုပါ။ အဖိုးမဖြတ်နိုင်အောင် ကြီးမား သော ဆရာ့ကျေးဇူး ဆရာ၏ ပညာဉာဏ်တို့နှင့် နှိုင်းစာပါက ရူပီးငွေတစ် သောင်းတန် ချက်လက်မှတ်သည် စာမဖွဲ့လောက်သော ကိန်းဂဏန်းမျှသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်”

ဟု ရေးလိုက်သည်။

နောက်သုံးရက်အကြာတွင် ဆရာ့ထံမှ ကြေးနန်းပြန်လာသည်။

‘နက်ဖြန် ၄ါ ကာလကတ္တားရောက်မည်။ ဝစ္စဒမ်ဗီလာတွင် ညစာစားမည်’

ဟု ရေးထားသော ထိုကြေးနန်းနှင့်အတူ ကျွန်ုပ်ထံ တစ်သောင်းတန် ချက်လက်မှတ်လည်း ပြန်ရောက်လာသည်။

ကျွန်ုပ် ပြင်းစွာတုန်လှုပ် သွားရသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၁၄ ]

"ရိုးသားပြီး ထက်မြက်တဲ့ အတော်ဆုံးတပည့်တစ်ယောက်ကို မွေးထုတ်နိုင်ခဲ့ပြီဆိုပြီး ကြည်နူးကျေနပ်ရတဲ့ ငါ့ရဲ့ပီတိဟာ မင်းပို့လိုက်တဲ့ ချက်လက်မှတ်ကြောင့် နည်းနည်းကသိကအောက် ဖြစ်သွားတယ် ဂူးလက်ချန်း"

ညစာစားအပြီး ဝိုင်သောက်နေစဉ်တွင် ဆရာစကားစလာသည်။

"ဆရာ. . .ကျွန်တော်က"

"စိတ်အေးအေးထား ဂူးလက်ချန်း၊ ဒါဟာမတော်တဆအမှားတစ်ခုပဲ၊ ဝစ္စဒမ်ဗီလာမှာ နေထိုင်ပြီး ဖရန့်ညီနောင် ကုမ္ပဏီကြီးရဲ့ပိုင်ရှင် သူဌေးလေးတစ်ယောက်အနေနဲ့ မင်းဟာ ဘာကိုမှ မင့်အတွက် မသုံးစွဲ မဖြုန်းတီးခဲ့ဘူးဆိုတာ ငါသိထားပါတယ်၊ အခုချက်လက်မှတ် ကိစ္စဟာလည်း နေရာပေါင်းများစွာမှာအလှူငွေထည့်ဝင်လှူဒါန်းနေခဲ့တဲ့မင်းရဲ့သဒ္ဓါတရားကနေအကျင့်ပါပြီး ပေါက်ဖွားလာတဲ့ ကိစ္စတစ်ခုဆိုတာ သဘောပေါက်ပါတယ်"

"ခွင့်လွှတ်ပါ. . .ဆရာ၊ ကျွန်တော်တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး ဂူးလက်ချန်း၊ ငါ နားလည်နိုင်ပါတယ်"

ဆရာ၏ ပညာကျေးဇူးကို မည်သို့တုံ့ပြန်ရမည်နည်းဟုစဉ်းစားနေမိစဉ် ကျွန်ုပ်၏အတွေးကို ဆရာက ရိပ်မိဟန်ဖြင့်. . ."ငါနဲ့ပတ်သက်ပြီး မင်းဘာတွေမှ စိတ်ကူးမနေနဲ့ ဂူးလက်ချန်း၊ ဂျိုနသန်ဟာ မင်းကို ငွေကြေးနဲ့ စည်းစိမ်ဥစ္စာတွေ အမွေဆက်ခံစေသလိုပဲ ငါကလည်း ပညာအမွေကိုအတတ်နိုင်ဆုံးပေးနေတယ်လို့ သဘောထားလိုက်၊ ဘုံဘေမှာ ငါရှေ့နေလိုက်လို့ရတဲ့ အဖိုးအခနဲ့ ငါတင့်တင့်တယ်တယ်နေနိုင်ပါတယ်"

ဝိုင်အရက်ကုန်နေသော ကလပ်ခွက်ကိုသာ ကျွန်ုပ်တိတ်ဆိတ်စွာငေး စိုက်ကြည့်နေမိသည်။

"ငါ့ရဲ့ အသက်မွေးဝမ်းကြောင်းဟာ ဝတ်လုံတစ်ဦးအဖြစ် အမှုလိုက်ခြင်းပဲ ဂူးလက်ချန်း၊ အမှုလိုက်ခကိုတော့ ငါထိုက်ထိုက်တန်တန်ယူတယ်၊ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ကြေးနဲ့ ပတ်သက်ပြီး တစ်ခုတည်းသော မလျှော့စတမ်း သဘောထားဟာ အဲဒါပဲ၊ အဲဒါ မင်းမှတ်ထား"

ဆရာ့လေသံမှာ အင်အားပါလှသည်။ထိုအချိန်အခိုက်အတန့်၌တွေ့ မြင်နေရသော ဆရာ့ဟန်ပန်မှာ ကျောင်းဆရာတစ်ဦးနှင့်မတူဘဲ တရားခွင်၌ လျှောက်လဲနေသော ရှေ့နေတစ်ယောက်၏ ခက်ထန်မောက်မာခြင်းများဖြင့် တရှိန်ရှိန်တောက်နေသည်။

"ကဲပါလေ. . .ဒီကိစ္စကို မေ့ထားလိုက်ကြရအောင်၊ ငါ့ကို မင်းရဲ့ စာကြည့်ခန်းထဲ မဖိတ်ခေါ်တော့ဘူးလား"

ဆရာအမြဲသောက်လေ့ရှိသောဟာဗားနားဆေးပြင်းလိပ်သေတ္တာကို ဒီဗားအား စာကြည့်ခန်းထဲသို့ ရွှေ့ပြောင်းခိုင်းလိုက်ရသည်။

စာကြည့်ခန်းထဲသို့ ရောက်သောအခါ ဆရာထိုင်ရန်စားပွဲနောက်က သားရေကုရှင်တပ် ဆုံလည်ကုလားထိုင်ကို ကျွန်ုပ်က နေရာပေးသည်။ သို့သော် ဆရာက ဝင်မထိုင်သေးဘဲ နံရံလေးဘက်ရှိ စာအုပ်ဗီရိုများကို လျှောက်ကြည့်သည်။

"အင်း. . .စာအုပ်တွေ အများကြီးတိုးလာတယ်၊ ဒီစာအုပ်တွေ အတွက် မင်း ရူပီးငွေတွေ အများကြီးသုံးခဲ့ရမယ်ဆိုတာ ငါသံသယမဖြစ်ဘူး၊ ကောင်းတယ်၊ ဂူးလက်ချန်း"

စားပွဲကြီးပေါ်တွင် ရှိသော စာအုပ်ပုံကြီးကို ဆရာကြည့်ပြန်သည်။ လူခြောက်ယောက်လောက် အစည်းအဝေးထိုင်နိုင်သော စားပွဲကြီးတစ်ခုလုံး၌ ကျွန်ုပ်၏ စာအုပ်များမှာ မှောက်လျက်၊ လှန်လျက်၊ ဖွင့်လျက်၊ ပိတ်လျက်ဖြင့် ထောင်းထောင်းထ ရှုပ်ပွနေလေသည်။

ဆရာ့မျက်လုံးများ အရောင်တောက်လာသည်။

"ဂူးလက်ချန်း . . ."

ကျွန်ုပ်ကို မကြည့်ဘဲ လှမ်းခေါ်လိုက်သော ဆရာ့အသံမှာ ကျယ်လောင်လွန်းလှသဖြင့် ကျွန်ုပ်လန့်သွားသည်။

"မင့်စာကြည့်ခန်းဟာ စာကြည့်ခန်းတစ်ခုနဲ့ မတူတော့ဘူး. . ."

မိမိခုံထဲတွင် ရေခဲမုန့်များ ထည့်ထားစဉ် ရေခဲမုန့်တွေ အရည်ပျော်ကျကာ ဆရာ၏လက်ပူးလက်ကျပ် ဖမ်းမိခြင်းကို ခံလိုက်ရသော မူလတန်းကျောင်းသားငယ်လေးတစ်ယောက်နှင့်မခြား ကျွန်ုပ်တုန်လှုပ်သွားသည်။

"ဒီစာကြည့်ခန်းနဲ့ ဒီရှုပ်ပွနေတဲ့ စာအုပ်ပုံကြီးကို တွေ့ရတော့ ငါ့စိတ်ထဲမှာ ဘာပေါ်လာသလဲ သိလား ဂူးလက်ချန်း"

ဆရာ့ရှေ့တွင်ခြေစုံရပ်ကာ ကျွန်ုပ်ခေါင်းညိတ်လိုက်သည်။ဆရာ၏



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က ကျွန်ုပ်၏ ပခုံးပေါ်ကျလာသည်။

"သားရဲတွင်းတစ်တွင်းနဲ့ ခြင်္သေ့တစ်ကောင်ကို ငါမြင်လိုက်တယ်၊ အဲဒီသားရဲတွင်းထဲမှာ အသားတစ်တွေ၊ ကိုက်ဖဲ့ထားတဲ့ အရိုးတွေ၊ကျိုးကြေနေတဲ့ သားကောင်တွေရဲ့ အရိုးစုတွေ၊ ပြီးတော့ အဲဒါတွေ ကြားမှာ လောလော ဆယ်ဖမ်းမိလာတဲ့ သားကောင်ကို တဂျွမ်းဂျွမ်းကိုက်ဝါးစားသောက်နေတဲ့ ခြင်္သေ့တစ်ကောင် သူ့နှုတ်သီးမှာ သွေးသံတရဲရဲနဲ့ သားရဲတွင်းဂူထဲမှာလည်း အစာမာန်ဖီပြီး ဟိန်းဟောက်နေတဲ့ သူ့အသံက ပဲ့တင်ထပ်နေတယ်၊ ဒီအရိုး အသားတွေကို စားသောက်ရင်း အဲဒီခြင်္သေ့ဟာ ခွန်အားတွေကြီးမားလာတယ်၊ တောရဲ့ဘုရင် ဖြစ်လာတယ်၊ ဟော့ . . . ဂူးလက်ချန်း ဒီမှာကြည့်စမ်း. . ."

တဖျတ်ဖျတ်တောက်ပလျက်ရှိသော ဆရာ့မျက်လုံးများကို ရင်ဆိုင်လိုက်ရသည်။

"ဟောဒီ စာကြည့်ခန်းဟာ သားရဲတွင်းပဲ၊ ဟောဒီဗရိုဗရဲစာအုပ်တွေဟာ ကိုက်ဖဲ့စားသောက်ထားတဲ့ သားကောင်တွေရဲ့အသားတစ်တွေ၊သွေးတွေ၊ အရိုးတွေပဲ၊ ဒီလို စားသောက်ပြီး အင်အားတွေ ကြီးထွားလာတဲ့ခြင်္သေ့ကတော့ မင်းပဲ၊ ဂူးလက်ချန်း. . .မင်းဟာ ခြင်္သေ့ကလေးတစ်ကောင် ဖြစ်နေပြီ"

ခြင်္သေ့ကလေးတစ်ကောင်။

ကျွန်ုပ်တစ်ကိုယ်လုံး ဖြန်းခနဲ ဖြစ်သွားသည်။

ဆရာသည် ကျွန်ုပ်၏ ပခုံးအစုံကို အားပါးတရ ဖျစ်ညှစ်ဆုပ်နယ်လေသည်။

"ဂူးလက်ချန်း. . .မင်းဟာ ခြင်္သေ့ကလေး ဂူးလက်ချန်း"

ကြွေးကြော်သံတစ်ခုနှယ် ဆရာသည် ကျယ်လောင်သော အသံဖြင့် ရေရွတ်ကာ ခေါင်းကို နောက်သို့ လှန်လျက် အားရပါးရ ရယ်တော့သည်။

ခြင်္သေ့ကလေး ဂူးလက်ချန်း။

"မင်းသာ ချက်လက်မှတ်မပို့လိုက်ရင် ငါကာလကတ္တားကို ရောက်လာမှာ မဟုတ်ဘူး၊ ဝစ္စဒမ်ဗီလာမှာလည်း ညစာစားဖြစ်မှာ မဟုတ်ဘူး၊ စာကြည့်ခန်းထဲလည်း ရောက်မှာမဟုတ်ဘူး၊ ပြီးတော့ မင်းရဲ့သားရဲတွင်းကိုလည်း တွေ့မှာမဟုတ်ဘူး၊ ခြင်္သေ့လေးတစ်ကောင်ဖြစ်နေတာကို သိရမှာ မဟုတ်ဘူး။ အခုတော့ မင်းရဲ့ ရှူးကြောင်ကြောင် ချက်လက်မှတ်ကြောင့် ဒါတွေ ကြုံလာရတာ ဂူးလက် ချန်းရေ . . . လောကကြီးဟာ ဒါပဲကွ၊ မှတ်ထား . . .၊ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုတွေဆိုတာ ဒီလိုပဲ ဖြစ်ဖြစ်လာတတ်တယ်ကွ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြင်းလိပ်သေတ္တာထဲသို့ ဟားဗားနားဆေးပြင်းလိပ်အသစ်များ ထပ်ထည့်ပေးရန် ရောက်လာသော ဒီဗားမှာ စာကြည့်ခန်းတံခါးဝတွင် ရပ် လျက် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦး၏ တဟားဟားရယ်မောနေပုံကို တအံ့ တဩ ငေးကြည့်နေလေသည်။

"ကိုင်း . . . ပြောစမ်း၊ ခြင်္သေ့ကလေး၊ မင်းရဲ့သားရဲတွင်းထဲမှာ အခု ဘာအကြီးဆုံး သားကောင် ရှိထားသလဲ"

ဆရာ့မေးခွန်းကို ကျွန်ုပ်သဘောပေါက်လိုက်သည်။ ဥပဒေဘွဲ့အ တွက် ဘွဲ့ယူကျမ်းစာကို ကျွန်ုပ်စတင်ပြုစုနေပြီဖြစ်သည်။ ဆရာပြောသည့် 'အကြီးဆုံးသားကောင်' ဆိုသည်မှာ ထိုဘွဲ့ယူကျမ်းကို ဆိုလိုခြင်းဖြစ်သည်။

"သီးဆစ်အတွက် ဆရာပေးတဲ့ ခေါင်းစဉ်သုံးခုထဲက တစ်ခုကို ကျွန် တော်ရွေးထားတယ် ဆရာ"

"မင်း ဘယ်ခေါင်းစဉ်ကို ရွေးထားသလဲ"

"လူ့အဖွဲ့အစည်း၏ ဥပဒေသမိုင်းတစ်လျှောက်တွင် နောက်ကွယ် မှ အစဉ်တစိုက် ပါဝင်ခဲ့သော လူ့သဘာဝလက္ခဏာ၊ ဘာသာတရား၊ ကိုယ် ကျင့်တရားနှင့် ဥပဒေအပေါ် ယင်းတို့၏တုံ့ပြန်ထင်ဟပ်ချက်များ"

"ဟေး . . . ခြင်္သေ့ကလေး၊ အဲဒီခေါင်းစဉ်ဟာ ငါပေးထားတဲ့ သုံးခုထဲမှာ အခက်ဆုံးကွ၊ မင်း ဒါကို ရွေးထားသလား"

"ဆရာကလည်း ဒါကို ရွေးစေချင်ပုံရတယ်လို့ ကျွန်တော်ခံစားရ တယ်လေ"

ကျွန်ုပ်တို့နှစ်ဦးသား နှစ်နှစ်ခြိုက်ခြိုက် ရယ်မိကြပြန်သည်။ ဆရာ သည် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိလျက်။

"ဂူးလက်ချန်း. . .ဒီခေါင်းစဉ်အောက်မှာ မင်းရေးမယ်ဆိုရင် ဥပဒေ စာအုပ်တွေကိုချည်း ဖတ်လို့မရတော့ဘူး၊ ဖီလိုဆိုဖီ၊ သမိုင်း၊ စိတ်ပညာ၊ ပထဝီ၊ မနုဿဗေဒ၊ ဘာသာရေးစာအုပ်တွေပါ မင်းကိုင်ရလိမ့်မယ်နော်"

"ကျွန်တော်သဘောပေါက်ပါတယ်ဆရာ၊စာအုပ်တွေလည်းဝယ်ပြီး ပါပြီ၊ ခေါင်းစဉ်ငယ်တွေနဲ့ အခန်းငယ်တွေလဲခွဲပြီးပါပြီ၊အောက်ပိုင်းမှတ်စုတွေ လည်း ထုတ်ပြီးပါပြီ၊ ဆရာ့ကိုပြမလို့ပါ"

"ကောင်းတယ်၊ ပေးစမ်း"

ကျွန်ုပ်မှတ်စုထုတ်ထားသော ဖိုင်တွဲ ဆရာ့ကို ပေးလိုက်သည်။ ဆေးပြင်းလိပ်ငွေ့များထောင်းထောင်းထနေသည့်ကြားတွင်ဆရာသည်တစ်ရွက် ချင်း၊ တစ်ကြောင်းချင်း စေ့စေ့စပ်စပ်ဖတ်နေသည်။ ထိုနောက်. . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . .ဂူးလက်ချန်း၊ မင်းရဲ့ ဘွဲ့ယူကျမ်းဟာ ကာလကတ္တား တက္ကသိုလ်သမိုင်းမှာ အကောင်းဆုံးကျမ်းဖြစ်ရမယ်လို့ ငါပြောရဲတယ်"

ဟု ပြောလေသည်။

ယုံကြည်မှုအပြည့်ဖြင့် ထက်သန်ခိုင်မာစွာ ပြောခဲ့သော ဆရာ၏ ထိုစကားကို ကျွန်ုပ်အတွက် အင်အားအကြီးဆုံး မောင်းနှင်အားပင်ဖြစ်လေသည်။ စကားဖြင့် အားပေးရုံသာမက ဘွဲ့ယူကျမ်းကို ကျွန်ုပ်ပြုစုနေသည့်တစ်လျှောက်လုံးမှာလည်း ဆရာသည် အရေးအသား၊ စကားလုံး၊ တင်ပြပုံမှအစ အစအဆုံး ဖတ်ရှုစိစစ်ကာ ဦးဆောင်လမ်းညွှန်မှုပေးခဲ့သည်။

သို့ဖြင့်ပင် ဘွဲ့ယူကျမ်းအတွက် သတ်မှတ်ထားသော အချိန်မစေ့မီ ရှစ်လစော၍ ကျွန်ုပ်ရေးသားပြီးစီးခဲ့သည်။ ကျွန်ုပ်တင်သွင်းသော ကျမ်းကို တက္ကသိုလ်ဘုတ်အဖွဲ့က အကောင်းဆုံး'ခရက်ဒစ်'ပေးလိုက်ပြီးကာလကတ္တား တက္ကသိုလ်၏ ဥပဒေဘွဲ့ဆိုင်ရာ ဘွဲ့ယူကျမ်းများအနက်တွင် ဆယ်နှစ်အတွင်း အကောင်းဆုံးအဖြစ်မော်ကွန်းပိုင္မကတ်တိုက်တွင်စာရင်းသွင်းလိုက်ကြသည်။

နောက်ဆုံးတွင်ကား ဝစ္စဒမ်ဗီလာစာကြည့်ခန်းစားပွဲ၏နောက်ဘက် သားရေကုရှင်တပ် ဆုံလည်ကုလားထိုင်အထက်မှန်ရုံတွင်ကျွန်ုပ်၏အမည်နှင့် တွဲလျက် ဥပဒေဝိဇ္ဇာ(ဂုဏ်ထူး)ဟူသောဆိုင်းဘုတ်ကိုချိတ်ဆွဲနိုင်သည့်နေ့တစ်နေ့သို့ ရောက်ရှိလာခဲ့လေသည်။

ကျွန်ုပ်အဖို့မှာကား ကျွန်ုပ်၏အမည်နောက်မှ ကွင်းစကွင်းပိတ်ဖြင့် ထိုဘွဲ့ဒီဂရီကို ရေးထိုးနိုင်ခြင်းထက် ဆရာအက်ဂျလောင်း၏ 'ခြသေ့်ကလေး ဂူးလက်ချန်း'ဟူသောဘွဲ့ကို ပို၍မြတ်နိုးတန်ဖိုးထားမိပေသည်။ဘွဲ့ဒီဂရီသည် ကျွန်ုပ်၏ အတန်းပညာကို ပြသော အမှတ်အသားဆိုပါက 'ခြသေ့်ကလေး' ဟူ သော ဝိသေသနသည် ကျွန်ုပ်ဘဝနှင့် တကယ့်အသိတရားကိုပြသော သင်္ကေတ ဖြစ်ရပေမည်။

ထိုအချိန်ကား ကျွန်ုပ်၏ အသက် ၂၇ နှစ်ပြည့်သော ၁၈၈၄ ခုနှစ်ပင်တည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၁၅ ]

၁၈၈၆ ခုနှစ်အထိသော နောက်ထပ်နှစ်နှစ်ကာလသည် ကျွန်ုပ်အတွက် အလွန်ရိုးစင်း၍ စိတ်လှုပ်ရှားဖွယ်များ မရှိသလောက်ကင်းသောကာလ ဖြစ်ခဲ့လေသည်။ တစ်နည်းအားဖြင့်ဆိုလျှင်လန်ဒန်ဘုံရိပ်သာဂေဟာမှမစ္စတာဟောင်းဝပ်။ မစ္စတာဟောင်းဝပ်ဆီမှ မစ္စတာဂျိုနသန်ဆီသို့ အဆင့်ဆင့်ကူးပြောင်းခဲ့သော နှစ်များအတွင်း မကြုံဖူးသော ပြောင်းလဲမှုကြီးများကြောင့်စိတ်လှုပ်ရှားဖွယ် အတိပြီးခဲ့သလောက် ထိုနှစ်နှစ်ကာလကို ဖြတ်သန်းရချိန်ကား ငြိမ်ငြိမ်ဖွယ်အတိပင် ဖြစ်လေတော့သည်။

ပမာဆိုရလျှင် လှိုင်းလေမုန်တိုင်း ထန်နေရာမှ ရုတ်ခြည်းငြိမ်သက်သွားသည့် ပင်လယ်ပြင်ကဲ့သို့ပင်ဖြစ်သည်။ (သို့သော် ထိုငြိမ်သက်မှုသည် နောက်တစ်ကြိမ်ဖြစ်ပေါ်မည့် အပြင်းထန်ဆုံး မုန်တိုင်းကြီးတစ်ခုအတွက်အား ယူအစပျိုးလိုက်ခြင်းပင်ဖြစ်ကြောင်း ထိုစဉ်က ကျွန်ုပ်မသိခဲ့ပေ။)

ထူးခြားမှုဟူ၍ ပြောစရာတစ်ခုရှိခဲ့သည်။ ယင်းမှာ အခြားမဟုတ်။ ထိုနှစ်နှစ်အတွင်း ဝတ်လုံတော်ရ စာမေးပွဲများကို အခက်အခဲအထစ်အငေါ့မရှိ ဆက်လက်ဖြေဆို အောင်မြင်ခဲ့ခြင်းပင်ဖြစ်သည်။ စင်စစ်မူဝတ်လုံတော်ရတစ်ဦးအဖြစ် 'လိုင်စင်' ရခဲ့ခြင်းမှာလည်းကျွန်ုပ်အတွက်အရေးပါအရာရောက်သော ကိစ္စမဟုတ်ချေ။ အကြောင်းမူ ကျွန်ုပ်သည်ဝတ်လုံတော်ရတစ်ဦးအဖြစ်ရှေ့နေလိုက်ပြီး အသက်မွေးဝမ်းကျောင်းရန် မရည်ရွယ်သောကြောင့် ဖြစ်ပေသည်။

ဤကာလများအတွင်း ကျွန်ုပ်၏ ပုံမှန်အလုပ်များမှာ သစ်ကုမ္ပဏီလုပ်ငန်းများသို့ လှည့်လည်စစ်ဆေးခြင်း၊ ကုမ္ပဏီအမှုထမ်းများနှင့် အလုပ်သမားများ၏ ပြဿနာအရပ်ရပ်ကို ကြားနာဖြေရှင်းပေးခြင်း၊ ကုမ္ပဏီ၏ လည်ပတ်နေသော ငွေကြေးစာရင်းများ၊ စာချုပ်များတွင် လက်မှတ်ထိုးခြင်းစသည်များသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအလုပ်များမှာလည်း ကျွမ်းကျင်သူများကပြင်ဆင်ပေးထားသော နေရာများပေါ်တွင် ပိုင်ရှင်သူဌေးအဖြစ် ကျွန်ုပ်က အဆင်သင့် လက်မှတ်ထိုး လိုက်ရုံသာ ဖြစ်လေသည်။

ထို့ကြောင့် ကျွန်ုပ်အတွက် အချိန်ပိုအတော်များများ ရှိနေရာတွင် ယင်းတို့ကို ဝစ္စဒမ်ဗီလာ စာကြည့်ခန်းထဲမှာပင် ကုန်ဆုံးစေခဲ့ရပြန်သည်။ ကျောင်းသင်ခန်းစာအဖြစ် မဟုတ်ဘဲလွတ်လပ်စွာဖတ်နိုင်ပြီဖြစ်သောကြောင့် ကျွန်ုပ်သည် မစ္စတာဂျိုနသန်စုဆောင်းထားခဲ့သောစာအုပ်ဗီရိုကြီးများအကြား တွင် စိတ်ထင်တိုင်း အချိန်ဖြုန်းခဲ့သည်။ သို့ဖြစ်၍ဤကာလများအတွင်းတွင် ငွေကြေးဖွယ်မဟုတ်သော နာရီများကို စာကြည့်ခန်းထဲတွင် ကျွန်ုပ်ရှာဖွေရရှိခဲ့ သည်ဟုလည်း ဆိုနိုင်သည်။

ရှေ့နေကြီးမစ္စတာပရဲယားဏ် အကြံပေးတိုက်တွန်းချက်အရ အိုးရီး ယင့်ကလပ်တွင် မင်ဘာလူကြီးအဖြစ် ဝင်ခဲ့ရသည့် ကိစ္စမှာလည်း ကျွန်ုပ်အ တွက် အရေးပါသည်ဟု မထင်မိပေ။ ကလပ်အနေဖြင့်မူ ကျွန်ုပ်နောက်တွင် ပါလာသော ဝစ္စဒမ်ဗီလာ၊ ဖရန့်ညီနောင်သစ်ကုမ္ပဏီနှင့် ဥပဒေဝိဇ္ဇာ(ဂုဏ်ထူး) ဘွဲ့ရဝတ်လုံတော်ရတစ်ဦးဟူသောအရာများကြောင့်ကျွန်ုပ်အားကလပ်မင်ဘာ အဖြစ် လိုက်လှဲစွာ ကြိုဆိုလက်ခံခဲ့လေသည်။

အိုးရီးယင့်ကလပ်သို့ ဝင်ရန်အလိုမရှိဟု ကျွန်ုပ်က ခေါင်းမာစွာ ငြင်းဆန်ခဲ့သေးသည်။ သို့သော်အိန္ဒိယအစိုးရပိုင်းဆိုင်ရာထိပ်တန်းအရာရှိကြီး များ (ဗြိတိသျှမျက်နှာဖြူများ) အများဆုံးရှိနေသော ဤကလပ်သို့ မင်ဘာ အဖြစ် ဝင်ခြင်းဖြင့် ကျွန်ုပ်အတွက်မည်သို့မျှအကျိုးမယုတ်စေနိုင်ပါဟုမစ္စတာ ပရဲယားက အကြောင်းပြချက်ပေးလေသည်။ သူ့အဆိုအရမူ ကာလကတ္တား မြို့တော်ဝန်၊ အိန္ဒိယဘုရင်ခံချုပ်၊ ဘုံဘေဘုရင်ခံ လေ့ဒ်ရေး၊ မဟာဝန်ရှင် တော်မင်းကြီး ဒဗလျူအိပ်ချ်ပရောပတ် . . .စသော ပုဂ္ဂိုလ်များပင်လျှင် အိုရီးယင့် ကလပ်နှင့် ပတ်သက်နေကြသည်ဟု ဆိုလေသည်။

နောက်ဆုံး ကျွန်ုပ်မငြင်းသာသော အချက်မှာ ဖရန့်ညီနောင်သစ် ကုမ္ပဏီနှင့် ပတ်သက်သည့် အိုရီးယင့်ကလပ်သည်ကလပ်အသင်းသားများ စု ဝေး၍ အရက်သောက်ရာ၊ ဘိလိယက်ထိုးရာ၊ ညစာစားရာကလပ်သက်သက် မဟုတ်။ အရေးပါသောစီးပွားရေး၊နိုင်ငံရေးကိစ္စများကိုဆွေးနွေးတိုင်ပင်ကြရာ 'အဝန်းအဝိုင်း' ဖြစ်သည်ဟု မစ္စတာပရဲယားက အခိုင်အမာပြောလာသည်။

လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်လှသော ဖရန့်ညီနောင်သစ်ကုမ္ပဏီ အနေဖြင့် ထိုပေါက်ရောက်သော အဝန်းအဝိုင်းနှင့်ထိတွေ့မှုရှိထားအပ်သည်ဟု အဘိုးကြီးက ပြောသောအခါ ကျွန်ုပ်မှာ ငြင်းဆန်နေ၍ မရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကလပ်ကို အရောက်အပေါက်အနည်းဆုံး မင်ဘာလူကြီး အဖြစ် ကျွန်ုပ်သည်နာမည်ရလာပြန်သည်။ထိုအခါကာလကတ္တားတက္ကသိုလ်တွင် ဥပစာတန်းတက်ခဲ့စဉ်က 'မိန်းကလေးမိတ်ဆွေမရှိသော အသားညိုညို၊ အရပ်ရှည်ရှည်ကောင်ကလေး'ဟူ၍နာမည်ထွက်ခဲ့သလိုအိုးရီးယင့်ကလပ်တွင်လည်း အတွေ့ရအနည်းဆုံး သို့သော် ကလပ်ရန်ပုံငွေကို ရက်ရက်ရောရော အထည့်ဝင်ဆုံး အသင်းသားဟူ၍ နာမည်ထွက်ရပြန်သည်။

ထိုငြိးငွေ့ဖွယ်အပေါင်းတို့မှ ထွက်ပြေးလွတ်မြောက်ရာ နေရာတစ်ခုကို ရရှိထားသဖြင့်သာ တော်သေးပေတော့သည်။ ထိုနေရာကား ဆရာအက်ဂျလောင်း နာမည်ပေးထားသည့် ကျွန်ုပ်၏ 'သားရဲတွင်း' ပင်ဖြစ်လေသည်။

ထိုအခါတွင်လည်း ကျွန်ုပ်မှာ အပြောအဆိုမလွတ်ပြန်ချေ။

"စာအုပ်တွေဖတ်ရင်း အသိပညာ၏ ကျေးကျွန်ဖြစ်နေသူ"

"ဝစ္စဒမ်ဗီလာစာကြည့်ခန်းထဲတွင် စာအုပ်များနှင့်အတူ အကျဉ်းကျနေသူ"

"တစ်သက်စားမကုန်သော စည်းစိမ်ချမ်းသာ အပုံလိုက်ပေါ်တွင် ထိုင် လျက် သူဌေးတစ်ယောက်၏ ပျော်ရွှင်မှုသုခကို မရရှိသောသူ"

စသော ဂုဏ်ဒြပ်များဖြင့် ကျွန်ုပ်ကို ကာလကတ္တား လူကုံထံအသိုင်းအဝန်းက လှောင်ပြောင်ကြပြန်လေသည်။

မည်သို့ပင်ဖြစ်စေ ခြသေ့်တစ်ကောင်၏ မွေ့လျော်နားခိုရာမှာသားရဲတွင်းသာလျှင်ဖြစ်သည်။ သူသည် အခြားသတ္တဝါများနှင့်ရောနှောလျက်တောတောင်အတွင်း လှည့်လည်နေသူ မဟုတ်ချေ။ သူ့နေရာသည် သားရဲတွင်းပင်ဖြစ်ပေမည်။ သားရဲတွင်းမှ ထွက်ရပ်လျက် ဟိန်းဟောက်လိုက်သော သူ့အသံသည် တောတောင်အထပ်ထပ်တွင် ပဲ့တင်မြည်ဟည်းနေဖို့ သူသည် သားရဲတွင်းထဲမှာ နေရပေမည်။

ဤနည်းအားဖြင့် ကျွန်ုပ်သည် ကာလကတ္တားမြို့စွန်ရှိ ဝစ္စဒမ်ဗီလာစာကြည့်ခန်းထဲမှာပင် တကုပ်ကုပ်အချိန်ကုန်ခဲ့ကာ လူ့လောကနှင့် ကင်းကွာသူတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်လာခဲ့တော့သည်။

နှစ်နှစ်ဟူသော ကာလကုန်လွန်သွားခဲ့သည်။

၁၈၈၆ ခုနှစ်သို့ရောက်လာသည်။

ငြိမ်သက်ခြင်း၏ အခန်းကဏ္ဍကုန်ဆုံးသွားပြီး ပြင်းထန်သော လှုပ်ရှားခြင်းသည် ၁၈၈၆ ခုနှစ်ကန့်လန့်ကာကိုတွန်းထိုးလျက်ဝင်ရောက်လာလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၆ ]

မေလ၏ ပူပြင်းသော တစ်နေ့ခင်းမှာဖြစ်သည်။

ဒီဖားသည် ကျွန်ုပ်ရှိနေရာ စာကြည့်ခန်းထဲသို့ ဝင်လာသည်။ တံခါး မခေါက်၊ အသံမပေး၊ ခွင့်မတောင်းဘဲ ဒီဖားဝင်လာပုံ ဆန်းသဖြင့် ဖတ်လက်စ စာအုပ်ကို ချလျက် ကျွန်ုပ်လှမ်းကြည့်နေမိသည်။

အဘယ်မျှပင် ခင်မင်ရင်းနှီးနေကြစေကာမူသူ၏ဘဏ္ဍာစိုးဟူသော ရာထူးနှင့်တာဝန်ကို အလုပ်ချိန်အတွင်းတွင်အတိအကျစောင့်ထိန်းလိုက်နာသူ ဖြစ်သည်။ သို့ပါလျက် ယခုဒီဖားဝင်ရောက်လာပုံမှာ. . .

"ဂူးလက်. . .ဧည့်သည်ရောက်နေတယ်"

စာကြည့်ပျက်သွားသဖြင့် ကျွန်ုပ်စိတ်တိုသွားသည်။ ပူပြင်းသော ရာသီဥတုကြောင့်လည်း ဖြစ်ပေမည်။

"အဲဒီဧည့်သည်ကို ဧည့်ခန်းထဲမှာ နောက်ထပ် မိနစ်နှစ်ဆယ်ထိုင် စောင့်နေပါစေ၊ ပြီးတော့ ဒီဖားလည်း. . ."

"ဟေး. . .ခြသေ့်ကလေး. . ."

ကျွန်ုပ်၏ စကားမဆုံးမီမှာပင်ဒီဖား၏နောက်မှအသံပေါ်လာသည်။ မရှေးမနှောင်းမှာပင် ကိုယ်ကို ယို့ပေးလိုက်သော ဒီဖား၏ ဘေးမှနေ၍ ဧည့် သည်ဝင်လာသည်။အလွန်တိကျစေ့စပ်သောဒီဖားလိုလူတစ်ယောက်ကိုသည် မျှရဲတင်းရင်းနှီးစွာ ဆက်ဆံစေခြင်း၏ အကြောင်းအရင်းကိုကျွန်ုပ်တွေ့လိုက်ရ သည်။

ဆရာအက်ဂျလောင်းဖြစ်ပေသည်။

ဆုံလည်ကုလားထိုင်မှထကာဆရာ့ထံသို့ကျွန်ုပ်အပြေးအလွှားသွား လိုက်ချိန်၌ ပူပြင်းသော ရာသီဥတုကိုလည်းကောင်း၊စိတ်ကသိကအောက်ဖြစ် သွားခြင်းကိုလည်းကောင်း ကျွန်ုပ်မေ့သွားပေပြီ။

"ဆရာ. . .ဘာမှလည်း အကြောင်းမကြား ဘာမကြားနဲ့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ကျွန်ုပ်၏ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လှုပ်ရမ်းနေသည်။ ဆရာနှင့်မတွေ့ရသည်မှာ လေးလခန့်ရှိပေပြီ။

"အေး. . .ဟုတ်တယ်၊ တမင်အကြောင်းမကြားတာပဲ၊အံ့သြဝမ်းသာစရာတွေ အများကြီးကိုငါမင်းအတွက် သယ်ဆောင်လာခြင်းရဲ့ ပဏာမအဖြစ် အခုလို မင်းအံ့သြဝမ်းသာဖြစ်အောင် လုပ်လိုက်တာပဲ ဂူးလက်ချန်း"

"အံ့သြဝမ်းသာစရာတွေ. . .ဟုတ်လားဆရာ. . ."

"ကိုင်း ..ငါ့ရဲ့ပဏာမဟာမင်းကိုအကျိုးသက်ရောက်သွားပြီမဟုတ်လား"

ကျွန်ုပ်တို့ သုံးဦးစလုံး ရယ်မိကြသည်။

"ဒီဗား နေ့လယ်ခင်းကို ကျွန်တော်တို့နှစ်ယောက်အတွက် စာကြည့်ခန်းထဲမှာပဲ ပြင်ပေးနိုင်မလား"

"ခုပဲ စီစဉ်လိုက်မယ်လူကလေး"

ဆရာ့လက်ထဲမှ သားရေအိတ်ကို လှမ်းယူကာ စာကြည့်စားပွဲပေါ် တင်ပေးလိုက်သည်။ ဆရာက ဦးထုပ်နှင့်တုတ်ကောက်ကို နံရံတွင် ချိတ်ရင်း စာကြည့်ခန်းကို ဝေ့ဝိုက်ကြည့်လေသည်။

"အား. . .သားရဲတွင်းထဲမှာ နောက်ထပ်အစားအသောက်တွေအများကြီး ဖြစ်လာပါလား၊ ငါ မရောက်တဲ့ လေးလအတွင်းမှာ မင်းသားကောင်တွေ အများကြီး ထပ်ပြီးကိုက်ဝါးထားတယ်ပေါ့လေ ဂူးလက်ချန်း. . ."

ဆရာ့ကို စားပွဲနောက် ဆုံလည်ကုလားထိုင်တွင် နေရာပေးလိုက်ပြီး ကျွန်ုပ်က ဧည့်သည်ကုလားထိုင်တွင် ဝင်ထိုင်သည်။

"သွေးသံရဲရဲနဲ့ ကိုက်ဝါးစားသောက်နေဆဲပါပဲ ဆရာ. . ."

စာကြည့်ခန်းတစ်ခုလုံး ဟိန်းသွားမတတ် ဆရာရယ်လေသည်။ ပြီးမှ ကျွန်ုပ်ကို စေ့စေ့စပ်စပ်ကြည့်ကာ. . .

"ကြည့်စမ်း. . .မင်းဟာ တကယ့်လူကြီးတစ်ယောက်ဖြစ်လာတာပါကလား၊ အသားအရေတွေလည်း ပိုပြီး စိုပြည်လာတယ်၊ မျက်လုံးတွေလည်း ပိုပြီး အရောင်တောက်လာတယ်၊ မင်းအသက် အခုဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် ၂၉ နှစ်ပြည့်တော့မယ် ဆရာ"

ဆရာ့အသွင်ကို ကျွန်ုပ်ပြန်၍ အကဲခတ်မိသည်။ ဆရာသည်ယခင်ကလိုပင် လူကြီးလူကောင်းပီသသော သိက်မြိုက်ခမ်းနားသည့် အမူအရာများ ရှိနေဆဲ ဖြစ်စေကာမူ ပင်ပန်းနွမ်းနယ်နေပုံရသည်။ ခရီးပန်းသော နွမ်းနယ်မှုမျိုးမဟုတ်ဘဲ တစ်စုံတစ်ခုကြောင့် ဖျော့တော့နေပုံမျိုးဖြစ်သည်။

ထို့ပြင် ယခင်တွေ့နေကျဆရာ့ဝေ့စ်ကုတ်ကြားမှခါးပိုက်ဆောင်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြိုးနေရာမှာလည်း ဖြူဖွေးသော စတီးကြိုးလေးသာ လှုပ်ရမ်းလျက်ရှိလေသည်။

"မင်း အခု ဘာတွေ ဖတ်နေသလဲ"

"တစ်နေ့ဆီကပဲ ဟိန္ဒူရှေးဟောင်း ဓမ္မသတ်ကျမ်းကိုပြန်ဖတ်တယ် ဆရာ၊ ပြီးသွားပါပြီ၊ အခုဖတ်နေတာက ဟံမူရာဘီဓမ္မသတ်ပါ"

"ဟံမူရာဘီ ဓမ္မသတ်. . .၊ အင်း ..လက်စားချေခြင်းကိုတရားဥပဒေရဲ့ တရားဝင်လုပ်ပိုင်ခွင့်အဖြစ် ပထမဆုံး ရေးထိုးသတ်မှတ်လိုက်တဲ့ဓမ္မသတ်ပါလား. . .၊ ကောင်းတယ်"

ထိုစဉ်မှာပင် ဒီဗားနှင့်စားပွဲထိုးရောက်လာကာ နေ့လယ်စာကို ပြင်ပေးကြသည်။ ဆရာက ဒီဗားကို နှုတ်ဆက်သည်။

"အဘိုးကြီး ကောင်းကောင်းကျန်းမာတယ် မဟုတ်လား"

"ကောင်းကောင်းကျန်းမာပါတယ် ဆရာကြီး၊ကျေးဇူးတင်ပါတယ်"

"အင်း. . .ပိုပြီး ကျန်းမာကြံ့ခိုင်အောင် လုပ်ထားဒီဗား"

"ဟုတ်ကဲ့ ဆရာကြီး"

နေ့လယ်စာအတွက် စားပွဲထိုးပေးရန် မလိုတော့ကြောင်း ကျွန်ုပ်တို့ကိုယ်တိုင်ပြင်ဆင်စားသောက်ကြမည့်အကြောင်းပြောကာ ဒီဗားနှင့် စားပွဲထိုးတို့ကို စာကြည့်ခန်းထဲမှ ထွက်ခွာစေလိုက်သည်။

"ဂူးလက်ချန်း၊ မင်းဟာ တကယ့်ကို လူလားမြောက်တဲ့ လူကြီးလူကောင်းတစ်ယောက် ဖြစ်နေတာပါလား"

ဆရာက ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်း ပြောပြန်ရာ ကျွန်ုပ်မနေတတ်တော့။

"ဒါပေမဲ့ ဆရာ့ရှေ့မှာတော့ ကျွန်တော်ကချာတိတ်တစ်ယောက်ပါပဲ ဆရာ"

"အေး. . .ဒီလိုဆိုတော့ ငါ အဘိုးကြီး ဖြစ်သွားတာပေါ့"

ဆရာ့စကားကို ပြုံးရင်း ဆရာ့ကိုမသိမသာထပ်မံအကဲခတ်ကြည့်မိနေသည်။ ဆရာ့ဆံပင်များမှာ ပို၍ ဖြူဖွေးနေကြသည်ဟု ထင်သည်။ အလွန်ဝံ့ကြွားသိုက်မြိုက်သော အမူအရာထဲမှာပင် ညှိုးနွမ်းနေသည့် ဆရာ့အသွင်ကို ကျွန်ုပ်ကို ထပ်သတိပြုမိပြန်သည်။

ပြီးတော့ ခါးပိုက်ဆောင်နာရီ ရွှေကြိုးနေရာတွင် ဝင်ရောက်နေသော စတီးကြိုးကလေး။ ဆရာ့မှာ ငွေကြေးအခက်အခဲရှိနေပြီဟု ကျွန်ုပ်ဆုံးဖြတ်လိုက်လေသည်။ သို့သော် ဆရာ၏ မာန်မာနကို အကြောင်းသိထားသည့်အလျောက် ထိုကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တစ်စုံတစ်ရာ စမပြောရဲချေ။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာစားရင်း ကျွန်ုပ်တို့သည် စာအုပ်များအကြောင်းကိုသာ ဆက်လက်ပြောဖြစ်ကြသည်။ ဟားဗားနားဆေးပြင်းလိပ်ကို မီးစတင်ညှိပြီး နောက် ဆရာ့အမှုအရာသည် တစ်ခုခုကို ပြောတော့မည့် အရိပ်အယောင်များ ဖြင့် လေးနက်တည်ငြိမ်သွားလေသည်။

ထိုအချိန်ကိုပင် ကျွန်ုပ်ကလည်း စောင့်နေခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ ခြောက်လလုံးလုံး ငါဘာအမှုမှ မလိုက်ခဲ့ဘူးဂူးလက်ချန်း၊ အတိအကျပြောရရင် ၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့ကတည်းက ငါ့ အလုပ်တွေကို ငါရပ်ပစ်လိုက်တာပဲ"

ခြောက်လ။ ဝတ်လုံတစ်ဦးအဖြစ် အမှုလိုက်ကာ အသက်မွေးဝမ်း ကျောင်းသော ဆရာသည် သူ့အလုပ်သူ ရပ်ပစ်လိုက်သည်ဟုဆိုသည်။ ဆရာ နှင့်မတွေ့ဖြစ်လိုက်သည်မှာ လေးလရှိပြီ။ လေးလမတိုင်မီ နှစ်လကတည်းက ဆရာ ဝင်ငွေရသော အလုပ်ကိုမလုပ်ခဲ့။ ခါးပိုက်ဆောင်နာရီ၏ စတီးကြိုး ပြဿနာအဖြေကို ကျွန်ုပ်ရသွားသည်။

သို့သော် ဘာကြောင့် ဆရာအလုပ်မလုပ်ခဲ့သနည်း။ သူ့အလုပ်ကို ဘာကြောင့် သူရပ်ပစ်လိုက်သနည်း။

"လက်ခံထားတဲ့ အမှုတွေကို ဘုံဘေက တခြားရှေ့နေတွေဆီ ငါလွှဲ ပြောင်းပေးလိုက်တယ်၊ အမှုသည်တွေဆီက ယူထားတဲ့ ငွေတွေကိုလည်း ငါ အကုန်အစင် ပြန်အမ်းလိုက်တယ်၊ နောက်ထပ်ရောက်လာတဲ့ အမွေသုံးမှု၊ လူ သတ်မှုနှစ်မှုနဲ့ ကုမ္ပဏီလုပ်ငန်းအရောင်းအဝယ်လေးမှုတွေကိုလည်း ငါလက် မခံတော့ဘူးဆိုပြီး ငြင်းလွှတ်လိုက်တယ်"

ကြီးကျယ်သော အခြေခံအကြောင်းတစ်ခုတော့ ဆရာ့မှာရှိနေပေပြီ။

"ဂူးလက်ချန်း. . .၁၈၇၂ ခုနှစ်မှာ ဘုံဘေမြို့ ဝက်စကားတိုက်က ထုတ်ဝေတဲ့ စွယ်စုံကျမ်း မင်းမှာရှိတယ်မဟုတ်လား"

"ရှိပါတယ်ဆရာ"

"အဲဒီထဲက ဘီအက္ခရာပါတဲ့အတွဲကို ထုတ်လိုက်စမ်း"

ဝက်စကားစွယ်စုံကျမ်းကို ကျွန်ုပ်မဖတ်ရသေးပေ။ ဘုံဘေတိုက်မှ မှာယူရောက်ရှိသည်မှာ နှစ်ပတ်ခန့်ပင်ရှိသေးသည်။ သို့သော် ဆရာပြောသည့် အတိုင်း မှန်ဗီရိုထဲမှ 'ဘီ' အက္ခရာပါသော အတွဲကိုထုတ်ယူပြီး ဆရာ့ကို လှမ်းပေး လိုက်သည်။ ဆရာကအလွတ်ရထားသော စာမျက်နှာတစ်ခုကို တစ်ခါတည်း ဖွင့်၍ ကျွန်ုပ်ရှေ့သို့ ထိုးပြကာ ခဲတံဖြင့် ညွှန်သည်။

"ဘီယူ. . .အက္ခရာဝလီ"

ဘီယူအာရ်အဲမ်အေ ဘားမား။ မြန်မာပြည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနိုင်ငံနဲ့ ပတ်သက်နေတယ်"

ဆရာ့မျက်လုံးများ အရောင်တောက်လာလေသည်။

"နားထောင်စမ်း ဂူးလက်ချန်း၊မြန်မာပြည်ကအထွတ်အထိပ်ပုဂ္ဂိုလ်တစ်ဦးနဲ့ ငါပတ်သက်နေတယ်"

မြန်မာပြည်ကအထွတ်အထိပ်ပုဂ္ဂိုလ်သည်ဘုရင်သာဖြစ်ရပေမည်။

သို့ဆိုလျှင် အထက်မြန်မာနိုင်ငံ၏ ရတနာပုံနေပြည်တော်ရှိ သီပေါဘုရင်မှတစ်ပါး အခြားမည်သူမျှ မရှိနိုင်။ ဘုံဘေမြို့မှ ကျွန်တော့်ဆရာသည် မြန်မာနိုင်ငံရှိ ဘုရင်တစ်ပါးနှင့်မည်သို့ ပတ်သက်နိုင်သနည်း။

"သီပေါဘုရင်လား. . .ဆရာ"

"ဟုတ်တယ်. . .သီပေါဘုရင်ရဲ့အမှု"

ထိတ်ခနဲ သွေးတစ်ချက် တိုးဆောင့်သည်။

"သီပေါဘုရင်ရဲ့အမှုလို့ ပြောလိုက်သလား ဆရာ"

"ဟုတ်တယ်. . .သီပေါဘုရင်ရဲ့ အမှုနဲ့ ငါပတ်သက်နေတယ်"

တုန်လှုပ်မှုသည် သွေးကြောများဆီသို့ ဖြာဆင်းသွားလေသည်။ ဤ မျှဝေးကွာသော ဒေသ၊ဤသို့သောတိုင်းပြည်တစ်ပြည်၏အထွတ်အထိပ်ပုဂ္ဂိုလ်နှင့်ဆရာသည် မည်သို့ပတ်သက်နေသနည်း။ဆရာ့နှုတ်ထွက်စကားကိုနားဖြင့်ဆတ်ဆတ်ကြားရပါလျက် ကျွန်တော်မယုံနိုင်။

"နားထောင်စမ်း ဂူးလက်ချန်း၊ အဲဒီနိုင်ငံရဲ့ အထက်ပိုင်းဒေသမှာ ကိုယ့်ထီးကိုယ့်နန်းနဲ့ အုပ်ချုပ်နေတဲ့ သီပေါဘုရင်ဟာ လွန်ခဲ့တဲ့ ခြောက်လ ၁၈၈၆ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၅ ရက်နေ့မှာ မဒရပ်ကို ရောက်လာတယ်၊သူ့ရဲ့ တိုင်းပြည်ဟာ အခုလုံးလုံးလျားလျားဗြိတိသျှအင်ပါယာထဲရောက်သွားပြီဖြစ်သလို သူဟာလည်း နန်းကျဘုရင်သုံ့ပန်းအဖြစ် အိန္ဒိယပြည်ကို ရောက်လာတယ်"

မည်သို့မှ မသက်ဆိုင်ပါပဲလျက် ကျွန်ုပ်ရင်ထဲတွင်တင်းကျပ်ဆို့နင့်သယောင်ဖြစ်သွားသည်။မိမိကိုယ်ပိုင်ပစ္စည်းတစ်ခုကိုဆုံးရှုံးရသည်ဆိုခြင်းမှာဘယ်အရာမှ မကောင်း။ သည့်ထက်မူ တိုင်းပြည်တစ်ပြည်၏ အချုပ်အခြာအာဏာဆုံးရှုံးရသည်ဆိုခြင်းသည် လွန်စွာကြီးမားသော ဆုံးရှုံးမှု။

"သီပေါဘုရင်နဲ့ သူ့မိသားစုဟာ ပြီးခဲ့တဲ့နှစ်ဒီဇင်ဘာလကမဒရပ်ကို ရောက်လာတယ်၊ အတိအကျပြောရရင် သူ့ကို နန်းချပြီး ဖမ်းလာကြတာပဲ"

ဗြိတိသျှအင်ပါယာအောက် ရောက်သွားသော နိုင်ငံတစ်ခုမှ နန်းကျဘုရင်၌ မည်သို့သော အမှုကိစ္စများ ရှိနေသနည်း။ ဆရာသည် ထိုအမှုထဲ၌ မည်သို့မည်ပုံပါဝင်ပတ်သက်နေရသနည်း။ကျောင်းဆရာကောင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လုံကောင်းတစ်ယောက်ဖြစ်သော ဆရာသည်နိုင်ငံရေးကိစ္စကိုဘာကြောင့် စိတ်ဝင်စားနေသနည်း။ မေးခွန်းပေါင်းများစွာသည် လေပြည်ဝေ့ဝိုက်ရာသို့ တက်ပျံသွားကြသော သစ်ရွက်စများပမာကျွန်ုပ်ခေါင်းထဲတွင်ပေါ်လာသည်။

"ကာနယ်စလေဒင်ရဲ့ အကူအညီနဲ့ဂျင်နရယ်ပရင်ဒါဂတ်ကိုယ်တိုင် သီပေါဘုရင်ကို ခေါ်ဆောင်လာခဲ့တာပဲ၊ မဒရပ်မှာ ငါးလလောက်ထားပြီးပြီး ခဲ့တဲ့ ဧပြီလဆယ်ရက်နေ့မှာ မဒရပ်ကနေနေရာသစ်တစ်ခုကိုရွှေ့ပြောင်းလိုက် ကြတယ်၊ သီပေါဘုရင်ဟာ အခုငါတို့နဲ့ သိပ်မဝေးလှတဲ့ ဒေသတစ်ခုကို ရောက်နေပြီလို့ ဆိုရမယ်"

"သီပေါဘုရင် ဘယ်မှာလဲဆရာ"

မီးခိုးထောင်းထောင်းထနေသော ဆေးပြင်းလိပ်ငွေ့များကြားမှ ဆရာ့ ဖြေသံထွက်လာသည်။

"ရတနာဂီရိမှာ. . ."

ရတနာဂီရိ။ လှပသော ထိုအမည်သည် ကျွန်ုပ်၏ နားထဲတွင် ပဲ့တင် ထပ်သွားလေသည်။

သစ်ကုမ္ပဏီကိစ္စများဖြင့် ခရီးလှည့်ရင်း ထိုမြို့ကိုကျွန်ုပ်ပင်လယ်ရေ ကြောင်းမှ ဖြတ်သွားဖူးသည်။ အုန်းတောကြီးများ ထူထပ်စွာ ပေါက်ရောက် နေသည့် ပင်လယ်ကမ်းခြေမြို့၊ ရာသီဥတုများစွာ မသင့်မြတ်သောနေရာ။

ရတနာဂီရိသည် ဘုံဘေနှင့် မိုင်တစ်ရာ့နှစ်ဆယ်သာကွာဝေးသည်။

ဘုရားသခင်. . .အရှေ့ဘက်ရှိ နယ်စပ်ချင်းထိကပ်နေသော နိုင်ငံ တစ်ခုမှ သက်ဦးဆံပိုင် ဘုရင်တစ်ပါးသည် နန်းကျဘုရင်၊ နန်းစွန့်ဘုရင်၊ ထိုနောက် အကျဉ်းသားသုံ့ပန်းဘုရင်အဖြစ် ကျွန်ုပ်တို့နှင့် မဝေးကွာလှသော မြို့တစ်မြို့တွင် ရောက်ရှိနေသည်။

"သီပေါဘုရင်နဲ့အတူ ဘယ်သူတွေ ပါလာသေးလဲ ဆရာ"

ဆရာက ဆောက်တည်ခြင်းကင်းသော ကျွန်ုပ်၏ အမူအရာကို သတိထားမိပုံဖြင့် မျက်လွှာပင့်၍ ကြည့်နေသည်။

"သီပေါဘုရင်နှင့်အတူ စုဖုရားလတ်နဲ့ စုဖုရားငယ်ဆိုတဲ့ သူ့မိဖုရား နှစ်ပါး၊ သမီးတော်နှစ်ပါး၊ မောင်းမမိဿံ ဆယ့်ခုနစ်ယောက်၊ အရာရှိနှစ် ယောက်နဲ့ စကားပြန်တစ်ယောက် စုစုပေါင်းနှစ်ဆယ်ကျော်လောက် ပါလာ တယ်"

"ဩော်. . ."

"နေပါဦး ဂူးလက်ချန်း၊ နန်းကျဘုရင် သီပေါရဲ့အမူက ဘာမှုလဲဆို တာ မင်းငါ့ကို မမေးသေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပ်စိတ်လှုပ်ရှားသွားလို့ပါ ဆရာ"

ဆရာက ခန့်ညားစွာ ပြုံးလျက်ပြောလေသည်။

"သီပေါဘုရင်နဲ့ သူ့မိသားစု မဒရပ်မှာနေစဉ်က သက်ဆိုင်ရာအာဏာပိုင်တွေဟာ သူတို့နေထိုင်ဖို့ အိမ်တစ်လုံး စီစဉ်ပေးခဲ့တယ်၊ အဲဒီအိမ်ကြီးရဲ့ ပိုင်ရှင် မြေပိုင်ရှင်သူဌေးကြီး ရာ့ဂျ်ဂဂျပတ္တိရောင်းဟာ ငါ့မိတ်ဆွေပဲ၊ ပြီးတော့ သီပေါဘုရင်ကို တာဝန်ယူ စောင့်ရှောက်ခေါ်ဆောင်လာတဲ့ ဒုဗိုလ်မှူးကြီး ကောက်စ်ဟာလည်း ငါနဲ့ရင်းနှီးသူဖြစ်တယ်၊ ကောက်စ်ဟာ မြန်မာပြည်မှာ ဒုတိယပုလိပ်မင်းကြီးအဖြစ် အမှုထမ်းခဲ့ဖူးတယ်လေ"

အခြေခံကျသောဆရာ့ဆက်သွယ်မှုများကိုစတင်တွေ့ရှိလာရသည်။

"ပုဂ္ဂိုလ်ရေး ဆက်စပ်နေမှုတွေကို တို့ခဏမေ့ထားကြရအောင် ဂူးလက်ချန်း၊ တို့ ဆရာတပည့်နှစ်ယောက်ဥပဒေသမားပီပီတရားဥပဒေဆိုင်ရာ အချက်အလက်တွေကို ပြောကြရအောင်"

ကျွန်ုပ်မှာနားထောင်သူ သက်သက်သာ ဖြစ်နေရလေသည်။

"နန်းကျ သီပေါဘုရင်ကို အကျယ်ချုပ်နဲ့ ဖမ်းဆီးထားဖို့အမိန့်စာကို အိန္ဒိယဘုရင်ခံချုပ်ဟာ ၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက်နေ့စွဲနဲ့ ထုတ်ပြန်ခဲ့တယ်၊ အဲဒီ ဖမ်းဆီးဝရမ်းစာဟာ ၁၈၁၈ ခု တရားဥပဒေ အခန်း ၃ပါ ပြဋ္ဌာန်းချက်တွေကနေ ပေါက်ဖွားလာတာပဲ၊ ဖမ်းဝရမ်းအမိန့်စာကို ကောက်စ်ဆီကနေ တစ်ဆင့် ငါဖတ်ခဲ့ရတယ် ဂူးလက်ချန်း"

လွန်ခဲ့သည့် ခြောက်လလုံးလုံး ဘာအမှုမှ လက်မခံဘဲ လက်ခံထားသည့် အမှုများကိုပါ ငွေပြန်အမ်းပစ်ခဲ့သည့် ဆရာ့အပြုအမူကို ယခုမှပင် ကျွန်ုပ် သဘောပေါက်စပြုလာသည်။

"ဒုဗိုလ်မှူးကြီး ကောက်စ်ဟာ သီပေါဘုရင်နဲ့ ထိတွေ့ဆက်ဆံမှု အများဆုံးပုဂ္ဂိုလ်ပဲ ဂူးလက်ချန်း၊ ဘုံဘေဘုရင်ခံတို့၊ ဝန်ရှင်တော်မင်းကြီးတို့၊ အခွန်တော်အရာရှိတို့လည်း ဘုရင်ဆီမှာအဝင်အထွက်ရှိခဲ့ကြပါတယ်၊ဒါပေမဲ့ ကောက်စ်ဟာ အနီးကပ်ဆုံးပဲ၊ သီပေါဘုရင်ကလည်း ကောက်စ်ကို ရင်းရင်းနှီးနှီးနဲ့ ဆွေးနွေးတိုင်ပင်လေ့ရှိတယ်၊ ကောက်စ်ကလည်း သူနဲ့သီပေါဘုရင်တို့ ဆွေးနွေးခဲ့တာ မှန်သမျှကို ငါ့ဆီလာပြီး ရင်ဖွင့်တတ်တယ်၊အမှန်တော့သီပေါဘုရင်မှာ ဥပဒေသမားကောင်းတစ်ယောက် လိုအပ်နေပြီဆိုတာကောက်စ်ပြောတဲ့ စကားတွေထဲကနေ ငါထုတ်နှုတ်ယူလို့ ရလာတယ်လေ. . ."

တရားခွင်ထဲတွင် အလွန်ကျွမ်းကျင်ပိုင်နိုင်စွာ လျှောက်လဲချက်တင် ပြနေသော ဟန်ပန်မျိုး ဆရာ့ထံတွင် ပေါ်လာသည်။

"မဒရပ်မှာနေတုန်းကသီပေါဘုရင်ဟာရက်သတ္တခုနစ်ပတ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ငွေခုနစ်ထောင်လောက် သုံးခဲ့တယ်၊ မဒရပ်စံအိမ်ကြီးမှာလည်း သူ့ဆီက ကျောက်သံပတ္တမြားတွေကို ဝယ်ချင်တဲ့ကုန်သည်ပွဲစားတွေဟာအဝင်အထွက် ခြေရှုပ်နေခဲ့ကြတယ်။ အားလုံးဟာ သီပေါဘုရင်ဆီက အမြတ်အစွန်းကောင်းကောင်းရသွားကြတယ်၊ အဓိကအချက်ကို ပြောရရင် သီပေါဘုရင်ဟာ သူပိုင်တဲ့ အဖိုးတန်ကျောက်မျက်ရတနာတွေကို ရောင်းရာမှာ အများကြီး ဈေးအနှိမ်ခံခဲ့ရပြီး သူအလိုရှိတဲ့အဝတ်အစားတွေ အသုံးအဆောင်တွေကို ပြန်ဝယ်ရာမှာတော့ ငွေတွေ အများကြီးပေးခဲ့ရတယ်”

တစ်ခုခုကျွန်ုပ်ကမေးရန်ဟန်အပြင်တွင်ဆရာကလက်ကာပြလျက် သူ့စကားကို ဆက်လေသည်။

“ဗိုလ်ချုပ်ပရင်းဒါးဂတ်စ် သီပေါကိုခေါ်လာခဲ့စဉ်ကတည်းကအရှုပ်အထွေးတွေဟာ ထုထည်ကြီးမားစွာ ပါလာခဲ့တယ် ဂူးလက်ချန်း၊ ပရင်းဒါးဂတ်စ်ဟာ တန်ဖိုးဖြတ်ကော်မတီဆိုပြီး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့တယ်၊ ဒီကော်မတီရဲ့ သုံးသပ်ချပ်အရဆိုရင် ဘုရင်နဲ့ သူ့မိသားစုဟာ ကိုယ်နဲ့အတူ ရတနာပစ္စည်းတွေကို ယူဆောင်သွားကြတယ်၊ သူတို့ယူလာကြတဲ့အဲဒီသူတို့ပိုင်ပစ္စည်းတွေရဲ့ တန်ဖိုးဟာ ကာလတန်ဖိုးအားဖြင့် ခုနစ်သိန်းကျော်တယ်လို့ အကဲဖြတ်ထားကြတယ်”

ကြီးမားသော ကိန်းဂဏန်းအရေအတွက်များကို စတင်ကြားသိရပေပြီ။

“တန်ဖိုးဖြတ်ကော်မတီရဲ့ သဘာပတိက မြန်မာနန်းတော်ထဲမှာတွေ့တဲ့ ပစ္စည်းဥစ္စာတွေကို စာရင်းလုပ်ပြီး ထုခွဲရောင်းချခဲ့တယ်၊ အဲဒီ ရောင်းချပွဲမှာ မြန်မာကျပ်ငွေနဲ့ဆိုရင် လေးကုဋေခုနစ်သန်း၊ ခုနစ်သိန်းကျော်ရခဲ့တယ်လို့ ငါအစီရင်ခံစာတွေမှာဖတ်ခဲ့ရတယ်။

“ဒီအထဲမှာ သီပေါဘုရင်ပိုင်တဲ့ မီးသဘော်တွေ၊ လှေတွေ၊ သမ္ဗာန်တွေ၊ စက်ကိရိယာပစ္စည်းတွေ မပါသေးဘူး၊ဒါတွေဟာတန်ဖိုးဖြတ်ကော်မတီလက်ထဲ မရောက်ခဲ့ဘူး၊ ဒါပေမဲ့ ပစ္စည်းစာရင်းတွေကိုငါကြည့်ပြီးကာလတန်ဖိုးနဲ့ တွက်ကြည့်တဲ့အခါမှာ အနည်းဆုံး သုံးသိန်းဖိုးလောက်ရှိနေတယ်။

“အခု ငါပြောတဲ့အထဲမှာရာဖြတ်ကော်မတီကထုခွဲရောင်းချခြင်းမပြုဘဲ လက်ဝယ်သိမ်းဆည်းထားတဲ့ ရတနာပစ္စည်းတွေ မပါသေးဘူး ဂူးလက်ချန်း၊ ကော်မတီအနေနဲ့ ဒီပစ္စည်းတွေရဲ့ တန်ဖိုးကို မခန့်မှန်းနိုင်လို့ အင်္ဂလန်နဲ့ ဘုံဘေအစိုးရဆီ ပြောင်းလွှဲအပ်နှံဖို့ အစီအစဉ်တွေ လုပ်နေကြတယ်”

ကျွန်ုပ်အသက်ရှူကျပ်လာသည်။ ကြီးမားရှုပ်ထွေးလှသော ထိုကိစ္စကြီးထဲသို့ ဆရာအက်ဂျလောင်း နှံ့နှံ့စပ်စပ် တိုးဝင်ခဲ့သည်ကိုလည်း အံ့သြနေ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"နားထောင်စမ်း ခြသေ့်ကလေး ဂူးလက်ချန်း၊နန်းကျဘုရင်တစ်ပါးနဲ့အတူ အင်မတန် လေးနက်တဲ့ ပြဿနာတွေဟာလည်း တစ်ပါတည်းပါလာတယ်၊ သီပေါဘုရင်က သက်ဦးဆံပိုင်ဘုရင်တစ်ပါးအဖြစ် ထီးနန်းစိုးစံခဲ့သူဖြစ်တယ်၊ ဒါကြောင့် သူ့ရဲ့ အာဏာနဲ့ပိုင်ဆိုင်မှုတွေဟာ သူ့နိုင်ငံမှာ အကြွင်းမဲ့ ဖြစ်ကောင်းဖြစ်ခဲ့မယ်။ ဒါပေမဲ့ သူဟာ အခု သုံ့ပန်းဘဝနဲ့ ရတနာဂီရိကို ရောက်နေတယ်၊ သီပေါဘုရင်ပိုင်ပစ္စည်း၊ နိုင်ငံပိုင်ပစ္စည်း၊ တန်ဖိုးဖြတ် ကော်မတီလက်ဝယ်ရှိပစ္စည်း၊ လန်ဒန်ကို လွှဲပြောင်းတဲ့ ပစ္စည်းတွေအပြင်မှာအချုပ်အခြာအာဏာကို ဆုံးရှုံးသွားတဲ့ အဖြစ်နဲ့အတူ ပျောက်ပျက်ပြီး အစအနရှာမရဖြစ်သွားတဲ့ အဖိုးတန်ပစ္စည်းတွေလည်း ရှိတယ်။ ဒါတွေကြားမှာပြဿနာတွေရှုပ်နေတယ်၊ ပြီးတော့ လူမှုရေးအရလည်း နန်းကျဘုရင်ရဲ့ ပြဿနာတွေရှိနေတယ်၊ အဲဒီအရာတွေအားလုံးဟာ အင်္ဂလန်ကျွန်းမှာသွားပြီး ပေါ်ပေါက်နေတယ်ဆိုရင်တော့ ငါ့အတွက် ဘာမှပါဝင် ပတ်သက်စရာမလိုဘူး၊ အခုတော့ ကြီးကျယ်တဲ့ ဒီပြဿနာတွေရဲ့ အခြေခံဖြစ်ပေါ်ရာ သီပေါဘုရင်က ငါတို့နဲ့ မိုင်ပေါင်း သိပ်မကွာလှတဲ့ ရတနာဂီရိမှာ ရှိနေတယ်၊ မင်းဘယ်လိုသဘောရသလဲ ဂူးလက်ချန်း"

နန်းကျဘုရင်၊ အဖိုးမဖြတ်နိုင်သော ရတနာများ၊ပျက်စီးဆုံးရှုံးသွားသည့် သက်ဦးဆံပိုင်အာဏာ၊ များမြောင်လှသော ငွေကြေးများ။ ထို့နောက် လူမှုရေးပြဿနာများ။

ကြားခဲ့ရသော ကိစ္စများသည် ရောင်စုံစက်ဝန်းတစ်ခုလို တရစပ်လည်ပတ်သွားပြီး အမြင့်ဆုံးအရှိန်တွင် အဖြူရောင်ဖြစ်သွားသည်။

ဆရာ့ကို မေးဖို့မေးခွန်းတစ်ခု ကျွန်ုပ်ရလိုက်သည်။

"ဒီအမှု. . .အဲ. . .အမှုလို့ပဲ ကျွန်တော်သုံးပါရစေ ဆရာ"

"ပြော. . .ဂူးလက်ချန်း"

"ဒီအမှုအတွက် သီပေါဘုရင်ဘက်က ဖြစ်စေ၊ အဲ. ..ဘုံဘေဘုရင်ခံချုပ်ပဲဆိုပါစို့၊ အခြားတစ်ဘက်ကဖြစ်စေ ဆရာ့ကို အမှုလိုက်ဖို့ ငှားရမ်းခဲ့ကြသလား ဆရာ"

စားပွဲမျက်နှာပြင်ကို ဆရာသည် ဖြန်းခနဲ ပုတ်လိုက်လေသည်။

"သိပ်ကောင်းတဲ့ မေးခွန်းပဲ ဂူးလက်ချန်း၊ အဓိက အကျဆုံးနဲ့တစ်ခုတည်းသော မေးခွန်းပဲ"

ဆေးပြင်းလိပ်ကို ပြာခွက်ထဲသို့ ဆရာထိုးချေသည်။မီးပွားပြာများ ကြေမွသွားသည်အထိ ဆရာထိုးထည့်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သီပေါဘုရင်ဘက်က သို့မဟုတ် အခြားတစ်ဘက်က၊ဘယ်ဘက်ကမှ ငါ့ကို မငှားဘူး၊ ဒါပေမဲ့ ဒီပြဿနာတွေက မဝေးလှတော့တဲ့ တစ်ရက်မှာ ရှေ့နေတစ်ယောက်ကို လုံးဝလိုအပ်လာလိမ့်မယ်၊ အခြေအနေအရပ်ရပ်ဟာ ရှေ့နေတစ်ယောက်ရှိဖို့ တောင်းဆိုနေကြတယ်၊ အဲဒီရှေ့နေဟာလည်းငါပဲဖြစ်ရမယ်"

"ဆရာ ဆိုလိုတာက. . ."

"သီပေါဘုရင်အတွက် သူ့ပြဿနာအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ရှေ့နေတစ်ယောက် လိုအပ်တယ်လေ"

"သီပေါဘုရင်ဘက်ကနေ ဆရာရှေ့နေလိုက်မယ်. . .ဟုတ်လားဆရာ"

"ရှုပ်ထွေးလှတဲ့ ပြဿနာတွေကို ရင်ဆိုင်ဖို့ ရှေ့နေတစ်ယောက် လိုအပ်တယ်ဆိုတာကို သီပေါဘုရင်ကိုယ်တိုင်တောင် ခုချိန်မှာ မသိသေးဘူး၊ ဒါပေမဲ့ တစ်ခုခုကိုတော့ အကြီးအကျယ်လိုအပ်နေပြီဆိုတာကို သီပေါဘုရင်သဘောပေါက်စပြုနေပြီလို့ ငါယုံကြည်တယ်"

အသက်ရှူမွန်းကျပ်လာသဖြင့် ပြတင်းပေါက်အနီးသို့ကျွန်ုပ်သွား၍ ရပ်လိုက်ရသည်။ ဆရာကမူ ဆုံလည်ကုလားထိုင်ကို အစွဲအမြဲထိုင်လျက်ပင်။

"ဂူးလက်ချန်း. . ."

ဝမ်းခေါင်းသံပါသော ဆရာ့ခေါ်သံကြောင့်ကျွန်ုပ်လှည့်ကြည့်လိုက်သည်။ဆရာသည်ကျွန်ုပ်ရှိရာဘက်သို့ဆုံလည်ကုလားထိုင်ကိုလှည့်ယူလျက်။

"သီပေါဘုရင်ကို ငါ့ရဲ့အမှုသည်အဖြစ် ငါသတ်မှတ်လိုက်ပြီ၊ မင်းဘယ်လိုထင်သလဲ၊ ရှုပ်ထွေးတဲ့ပြဿနာတွေထဲက တချို့ကိစ္စတွေမှာ သီပေါဘုရင်က တရားခံဖြစ်နေတယ်၊ တချို့ကိစ္စတွေမှာ တရားလိုဖြစ်နေတယ်၊ငါဟာ တစ်ချိန်တည်းမှာ တရားလိုရော၊ တရားခံပါ ဖြစ်နေတဲ့ အမှုသည်တစ်ယောက်ရဲ့ ရှေ့နေဖြစ်လာမယ်"

ဆရာ့ကို ပြန်ပြောစရာ စကားများ ကျွန်ုပ်မှာ ပျောက်ဆုံးနေသည်။

"သီပေါဘုရင်ဘက်က လိုက်ပါဆောင်ရွက်နေတဲ့ ရှေ့နေတစ်ယောက်အနေနဲ့ ငါရင်ဆိုင်ရမယ့် အခြားဘက်မှာဝိတိုရိယဘုရင်မကြီးကအစ အိန္ဒိယပြည် ဘုရင်ခံချုပ်၊ ဘုရင်ခံ၊ မဟာဝန်ရှင်တော်မင်းကြီးအလယ်၊သီပေါဘုရင်ရဲ့ အိမ်တော်တံခါးစောင့် ချာပရာစီအဆုံး လူတွေအများကြီးရှိနေတယ်၊ သူတို့တွေအားလုံးနဲ့ ငါရင်ဆိုင်ရမယ် ဂူးလက်ချန်း"

"ပြော. . .ပါ. . .ဆရာ"

ကုလားထိုင်မှထကာ ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်နီးကပ်စွာဆရာရပ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထွင်းဖောက်မတတ် အကြည့်များက ကျွန်ုပ်မျက်လုံးအစုံထဲသို့ ပြေးဝင်လာကြသည်။

"ဒီအမှုမှာ မင်းကို ငါ့ရဲ့လက်ထောက်အဖြစ် ခန့်အပ်မယ်ဆိုရင် မင်း . . .ဘယ်လိုသဘောရသလဲ"

အလွန်အမင်း ပြင်းစွာနာကျင်ကိုက်ခဲခြင်း၏ အဆုံးဝယ် ဝေဒနာအပေါင်းကို သတိမရတော့သော လူတစ်ယောက်၏ မိန်းမောခြင်းမျိုးပင်ဖြစ် လေမည်။ ဘာအကြောင်းကြောင်းနှင့်မျှ ဆရာ့စကားကိုကျွန်ုပ်ငြင်းပယ်၍ မရ နိုင်တော့။

"ကျွန်တော်တို့ ဘာကစပြီး လုပ်ကြမလဲ. . .ဆရာ"

ပြုံးယောင် ပြန့်ကားသွားသော ဆရာ့နှုတ်ခမ်းများမှာ ယမ်းအပြည့်ထိုးထားသည့် အမြောက်ကြီးတစ်လက်၏ ပြောင်းဝနှင့်တူနေသည်။

"ရတနာဂီရိကို သွားကြမယ်၊ အဲဒါပထမဆုံးခြေလှမ်းပဲ ဂူးလက်ချန်း"

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

အက်စ်အက်စ်ကလိုက်ဗ်သင်္ဘော ပင်လယ်ဝကို ဖြတ်သန်းနေသည့် ညနေငါးနာရီအချိန်တွင် ကျွန်ုပ်သည် ကေဗင်အခန်းမှထွက်ကာ သင်္ဘောဦးပိုင်းဆီသို့ လျှောက်လာခဲ့သည်။

ကာလကတ္တားမှ ဘုံဘေသို့ မီးရထားစီးခဲ့သောခရီးတစ်လျှောက်လုံးမှာလည်း ကျွန်ုပ်သည် ခရီးသည်တစ်ယောက်နှင့်မတူဘဲအိပ်ခန်းတွဲထဲမှာသာ အချိန်ကုန်ခဲ့ရသည်။ တစ်ချိန်လုံးလုံး ကျွန်ုပ်သည်သီပေါဘုရင်နှင့်ပတ်သက်၍ ဆရာအက်ဂျလောင်း ပြုစုထားသော စာရွက်စာတမ်းများ၊မှတ်တမ်းများကို လေ့လာခဲ့ရသည်။

ဘုံဘေတွင် တစ်ညနားခဲ့ရာမှာလည်း တပ်ဂျ်မဟာဟိုတယ်၏ သီးသန့်အခန်းထဲတွင် ထိုမှတ်တမ်းများနှင့် တကုပ်ကုပ် လုံးထွေးနေခဲ့ရသည်။ တစ်ဖန် ဘုံဘေဆိပ်ကမ်းရှိအက်စ်အက်စ်ကလိုက်ဗ်သင်္ဘောပေါ်စတက်သည့်အချိန်မှစ၍ ကျွန်ုပ်မှာ ကေဗင်ခန်းထဲ တစ်ခါတည်း ဝင်ခဲ့ရသည်။

ဆရာအက်ဂျလောင်းသည် ကျွန်ုပ်အား ကာလကတ္တားတက္ကသိုလ် ကျောင်းသားဘဝတုန်းကလိုပင် အပြင်းအထန် မောင်းနှင်နေသည်။

ဆရာက ပြောသည်။

"ရန်သူနဲ့ ရင်ဆိုင်ဖို့အတွက် စစ်မြေပြင်၊ စစ်တလင်းရှိရာကို ချီလာတဲ့ စစ်ဗိုလ်ကြီးတွေဟာ သူတို့ချီတက်တဲ့ လမ်းကြောင်းတစ်လျှောက်မှာလမ်းခရီးရဲ့ သာယာလှပပုံတွေ ရှုခင်းတွေကို ငေးမောကြည့်နေကြတာ မဟုတ်ဘူး ဂူးလက်ချန်း၊ တစ်လမ်းလုံးမှာ သူတို့ဟာ သေနင်္ဂဗျူဟာကိုပဲ အပြန်ပြန်အလှန်လှန် တွက်ချက်ရင်း ချီတက်ခဲ့ကြတာပဲ၊ တို့ဟာ အပျော်ခရီး၊ အပန်းဖြေခရီးထွက်လာတဲ့ ခရီးသည်တွေ မဟုတ်ဘူး၊ ဒါကြောင့်ရသမျှ အချိန်အတွင်းမှာ တို့ကိုယ်တို့ စစ်မြေပြင်ဆီ ချီတက်တဲ့ စစ်ဗိုလ်ချုပ်ကြီးတွေလိုသဘောထားရမယ်၊ သေနင်္ဂဗျူဟာကို ချမှတ်နေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုံဘေဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသောအက်စ်အက်စ်ကလိုက်ဗ် သင်္ဘောပေါ်သို့ မေလ ဆယ့်ရှစ်ရက်နေ့ နံနက်ကိုးနာရီခွဲတွင် ကျွန်ုပ်တို့ဆရာ တပည့်နှစ်ဦးတက်ခဲ့ကြသည်။

အက်စ်အက်စ်ကလိုက်ဗ်မှာ ဘုံဘေနှင့် ရတနာဂီရိအကြား ခုတ်မောင်းသည့် တစ်စီးတည်းသော သင်္ဘောပင်ဖြစ်လေသည်။ ဤခရီးမှာအပန်းဖြေခရီးသည်များ၊အပျော်ထွက်ကြသည့်ခရီးဖြစ်ဖို့ဝေးစွ၊သာမန်ခရီးသည်များပင် နည်းပါးလှပေသည်။

အောက်ထပ်တွင် လိုက်ပါကြမည့်ခရီးသည်များမှာလည်းလမ်းခရီးတွင် ဆင်းကြမည့် ကုန်သည်များ၊ ဈေးသည်များသာ ဖြစ်သည်။ ကုန်ပစ္စည်းမပါဘဲ ရတနာဂီရိသို့ တိုက်ရိုက်သွားမည့် ခရီးသည်ဆို၍ ကျွန်ုပ်တို့ဆရာတပည့်နှစ်ဦးသာ ရှိသည်။

အမှန်အားဖြင့် ဘုံဘေမှ နံနက် ဆယ့်တစ်နာရီတွင် ထွက်ခွာရန်ဖြစ်သော်လည်း ကုန်ပစ္စည်းများ တင်နေသဖြင့် မွန်းလွဲနှစ်နာရီမှသာ ထွက်ခွာနိုင်ခဲ့သည်။ ဆရာသည် သင်္ဘောထွက်ချိန် နောက်ကျခြင်းကိုမကျေမနပ်ရေရွတ်ရင်းဖြင့်ပင် ကျွန်ုပ်ကို အပေါ်ထပ် ကေဗင်ခန်းထဲသို့ တစ်ခါတည်း ဆွဲသွင်းလိုက်သည်။

"လာဟေ့. . .ဂူးလက်ချန်း၊ သူတို့ဘာသာသူတို့ ဆင်တွေတင်တာပဲဖြစ်ဖြစ်၊ အဲဒါ တို့နဲ့မဆိုင်ဘူး၊ ရတဲ့အချိန်ကို တို့များအကျိုးရှိရှိအသုံးချလိုက်ကြရအောင်"

သင်္ဘောဇရာနှင့်ကုန်းပတ်ပေါ်သို့ ကုန်ပစ္စည်းများ တင်နေသည့်အရှိန်ဖြင့် သင်္ဘောမှာ တသိမ့်သိမ့်ဖြစ်နေသည်။ အိန္ဒိယအလုပ်သမားများ ပစ္စည်းသယ်ပို့ကြရင်း အော်ကြသောညာသံများဖြင့်လည်းဆူညံနေသည်။ထိုအနှောင့်အယှက်များကြားထဲမှပင် ကျွန်ုပ်တို့နှစ်ဦးသည် ကေဗင်ခန်းထဲ၌ စာရွက်စာတမ်းများဖြင့် အလုပ်ရှုပ်နေကြသည်။

ပူပြင်းလှသော မေလရာသီဖြစ်သောကြောင့်ကေဗင်ခန်းထဲမှာအနေမသက်သာလှ၊ ပြတင်းပေါက်ကိုဖွင့်ထားရသည့်အတွက်မြစ်ပြင်ကိုဖြတ်သန်းလာသောလေပြည်ကိုရသည်ကား မှန်၏။ သို့သော်ဘုံဘေဆိပ်ကမ်း၏ လေပြည်မှာ လတ်ဆတ်ရှင်းသန့်သော လေမဟုတ်ချေ။

စိတ်နှလုံး ရှုပ်ထွေးနောက်ကျိစရာ ထိုပတ်ဝန်းကျင်အခြေအနေတွင် ကျွန်ုပ်မှာ ပို၍ စိတ်နှလုံးရှုပ်ထွေးစရာ မှတ်တမ်းများနှင့် နပန်းလုံးနေရတော့သည်။ ဆရာအက်ဂျလောင်းသည် မြန်မာနိုင်ငံအကြောင်း၊ မန္တလေးနေပြည်တော်အကြောင်း၊ သီပေါဘုရင်နှင့် နန်းတွင်းရေးများအကြောင်းတို့ကို အတော်



www.burmeseclassic.com

www.burmeseclassic.com



တကုတ် ကြိုးစားစုဆောင်းထားလေသည်။

အစိုးရအစီရင်ခံစာတစ်ခုထက်ပင်စနစ်ကျသောဆရာ့မှတ်စုများကို ဖတ်ရှုလေ့လာရင်း ကျွန်ုပ်သည် သီပေါဘုရင်နှင့်ပတ်သက်သည့် ကိစ္စများကို ကျယ်ပြန့်စွာ သိရှိလာရသည်။ ခုနစ်သက္ကရာဇ်များ၊ နေ့စွဲများ၊ အဖြစ်အပျက်များ၊ ကိန်းဂဏန်းများ ပါဝင်သော ထိုမှတ်စုများနှင့်အတူဆရာသည်'ကောက်ချက်သဘောထား' များကိုလည်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် 'တို့'ထားသည်။ ကောက်ချက်များကို ဖတ်ရသောအခါ ဆရာလွန်ခဲ့သည့် ခြောက်လလုံးလုံး သူ့အလုပ်ကို 'ဘေးချိတ်' ထားခဲ့သည်ကို ကျွန်ုပ်မအံ့သြတော့ပေ။

ထွက်ခွာချိန်ထက် သုံးနာရီနောက်ကျပြီး အက်စ်အက်စ်ကလိုက်ဗ် သင်္ဘောသည် ဘုံဘေဆိပ်ကမ်းမှ ခွာခဲ့သည်။ မြစ်ပြင်မှနေ၍ပင်လယ်ဝထဲသို့ သင်္ဘောစတင်ရောက်ရှိချိန်တွင် ကျွန်ုပ်သည်လည်း မှတ်စုမှတ်တမ်းများ အားလုံးကို ပထမအကြိမ်အဖြစ် ဖတ်ရှုလေ့လာပြီးသွားပြီဖြစ်လေသည်။

ထို့ကြောင့် ကေဗင်ခန်းမှထွက်၍ သင်္ဘောဦးဆီသို့ လေညင်းခံရင်း လျှောက်လာချိန်တွင် ပင်လယ်လေ၏ ရှင်းသန့်ခြင်း၊ မှတ်စုများကို လေ့လာပြီးခြင်းများဖြင့် ကျွန်ုပ်သည် လန်းဆန်းလျက် ရှိပေပြီ။

အနောက်မိုးကုပ်စက်ဝိုင်းဆီတွင် နေလုံးကြီးသည် ပင်လယ်ထဲသို့ ငုပ်လျှိုးရန် ပြင်ဆင်နေသည်။ ပတ္တမြားရည်များသည် ရေပြင်ထက်သို့ စတင် ဖိတ်လျှံနေကြသည်။ ဤကမ္ဘာ၏ မိုးကောင်းကင်တွင် တိမ်တိုက်ဟူ၍ ရှိမှရှိပါလေစဟုထင်ရလောက်အောင်ကောင်းကင်တစ်ခွင်လုံးသည်တစ်ခဲနက်သော အပြာရောင်ဖြင့် တောက်ပနေသည်။

သင်္ဘောဦး၏ လက်ရန်းတိုင်ကိုမှီရင်း ကျွန်ုပ်သည်ဆုံးစမဲ့မြင်ကွင်းကျယ်ထဲသို့ မိမိကိုယ်မိမိ လွင့်မျောလိုက်သည်။ ကောင်းစွာ အိပ်ရေးဝထားဘိသကဲ့သို့ တစ်ကိုယ်လုံး ပေါ့ပါးရွှင်လန်းနေသည်။ ဤခရီးသည်ရတနာဂီရိသို့သွားနေသော ခရီးပါလားဟု တွေးလိုက်သောအခါပို၍တက်ကြွလာသည်။ ဖြစ်ပေါ်လာမည့် အနာဂတ်သည် ဘာမှန်းမသိသေးသော်လည်း ထိုအချက်က ပင်လျှင် စိတ်လှုပ်ရှားမှုအရသာကို ကောင်းစွာပေးစွမ်းလေသည်။

ထိုအချိန်တွင် ပွဲစင်ဆီမှ လူတစ်ယောက်သည် ကျွန်ုပ်ရှိရာ သင်္ဘောဦးပိုင်းဆီသို့လျှောက်လာသည်။မည်းနက်သောမှတ်ဆိတ်ပါးမြိုင်းမွေးများဖြင့် တောက်ပသော အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ထိုသူကို သင်္ဘောကပ္ပတိန်ဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်။

"ရတနာဂီရိကို သွားမယ့် မစ္စတာဂူးလက်ချန်းဟုတ်ပါသလား။ ကျွန် တော်က ဒီသင်္ဘောရဲ့ ကပ္ပတိန်ပေါလ်ဝဲပါ"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးပျူငှာသော သူ၏အမူအရာကို ကျွန်ုပ်ချက်ချင်းပင်ခင်မင်သွားမိသည်။ လက်ချင်းဆွဲ နှုတ်ဆက်ကြပြီးနောက် ကပ္ပတိန်ပေါလ်ဝဲက ဆက် ပြောလေသည်။

"အက်စ်အက်စ်ကလိုက်ဗ်မှာ အဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ် မစ္စတာဂူးလက်ချန်း၊ လိုအပ်တာရှိရင် ပြောပါ၊ ကျွန်တော်အစွမ်းကုန်ဆောင်ကြဉ်းပေးပါ့မယ်. . ."

"ကျေးဇူးတင်ပါတယ် ကပ္ပတိန်၊ ကျွန်တော်တို့ အဆင်ပြေပါတယ်"

"ဆရာအက်ဂျလောင်းတစ်ယောက်ကောမစ္စတာဂူးလက်ချန်း. . ."

"ကေဗင်ထဲမှာ သူအနားယူနေပါတယ် ကပ္ပတိန်"

ကပ္ပတိန်ပေါလ်ဝဲက သူ၏ ဦးထုပ်ကို ချွတ်ပြီး ဆံပင်ကို လက်နှင့်သပ်သည်။ ကြီးမားတုတ်ခိုင်သော သူ့လက်မောင်းလက်ဖျံရိုးများကို သတိပြုမိရင်း ကပ္ပတိန်ပေါလ်ဝဲသည် တကယ်ကျွမ်းကျင်စိတ်ချရသော မာလိန်မှူးတစ်ယောက်ဖြစ်မည်ဟု ကျွန်ုပ်တွေးမိသည်။

"မစ္စတာဂူးလက်ချန်းတို့ကို ကျွန်တော်တောင်းပန်စရာတစ်ခုရှိပါတယ်"

"ဘာများပါလိမ့် . . . ကပ္ပတိန်"

"ကျွန်တော့်သင်္ဘောဟာ သုံးနာရီ လေးမိနစ်နောက်ကျပြီးထွက်ဖြစ်တဲ့ ကိစ္စပါပဲ၊ အက်စ်အက်စ်ကလိုက်ဗ်ကို အုပ်ချုပ်ပြီး ဘုံဘေနဲ့ရတနာဂီရိခရီးကို တာဝန်ယူတော့မှပဲ ကျွန်တော့်မှာအချိန်တိကျမှုတွေပျက်ယွင်းကုန်ရတယ်"

ပြုံးရင်း ညည်းညူပြောနေသည့်အတွက် ကျွန်ုပ် ရယ်မိလေသည်။

"အခုလို ရာသီဥတုသာယာနေချိန်မှာတော့သင်္ဘောထွက်ချိန်နောက်ကျတာ၊ စောတာတွေဟာ အရေးမကြီးလှပေမဲ့ နောက်နှစ်လလောက်ဆိုရင်တော့ ဒီလိုအချိန်မတိကျလို့ မဖြစ်တော့ဘူး မစ္စတာဂူးလက်ချန်း၊ ဘာဖြစ်လို့လဲဆိုတော့ ပင်လယ်မှာ မုန်တိုင်းရှိလာမှာမို့ပဲ. . ."

သူ့အလုပ်ကို သူတကယ်လေးလေးနက်နက်ထားသော ကပ္ပတိန်တစ်ယောက်ဖြစ်မည်ဟု ကျွန်ုပ်ခန့်မှန်းမိတော့သည်။

"သင်္ဘောထွက်ချိန်က ဘာကြောင့် နောက်ကျသွားတာလဲကပ္ပတိန်၊ ကျွန်တော် သိခွင့်များရှိပါသလား"

"ဒါလျှို့ဝှက်စရာမဟုတ်ပါဘူးဗျာ၊သင်္ဘောထွက်ချိန်နောက်ကျရတာက ရတနာဂီရိမှာ ရှိနေတဲ့ သီပေါဘုရင်နဲ့ မိသားစုအတွက် ကုန်ပစ္စည်းတွေ အချိန်မီ ရောက်မလာလို့ပါပဲ၊ ဘုံဘေဆိပ်ကမ်းက တာဝန်ရှိ အာဏာပိုင်တွေဟာ ဘယ်နေရာတွေမှာအချိန်တိကျနေကြသလဲတော့မပြောတတ်ဘူး၊ရတနာ



www.burmeseclassic.com

www.burmeseclassic.com



ဂီရိက သီပေါဘုရင်ဆီ ပို့ပေးရမယ့် ကုန်ပစ္စည်းတွေနဲ့ ပတ်သက်လာရင်တော့ အမြဲနှောင့်နှေးနောက်ကျနေကြတာပါပဲ”

ကပ္ပတိန်၏ စကားကို ကြားရသည့်တွင် ကျွန်ုပ်၏ ရှေ့နေစိတ်မှာ နိုးကြားလာသည်။ ကပ္ပတိန်ပေါလ်ဝဲထံမှ အရေးပါသော အချက်အလက် အချို့ကို ကျွန်ုပ်ရနိုင်မည်ဟု မျှော်လင့်မိလေသည်။

“သီပေါဘုရင်အတွက် ကုန်ပစ္စည်းတွေကဘာတွေပါလိမ့်ကပ္ပတိန်”

“ထုံးစံအတိုင်း တစ်ပတ်တစ်ခါ ပို့ပေးနေကျ ကုန်တွေပါ၊ ဆားနယ် ဝက်ပေါင်ခြောက်တွေ၊ သစ်သီးဝလံတွေနဲ့ ရေခဲတွေပါ၊ ဒီကုန်တွေကိုသူတို့က အဆင့်ဆင့်စစ်ဆေးကြတယ်လေ၊ အသားငါးတွေ လတ်ဆတ်ရဲ့လား၊ ပေါင် ချိန်ပြည့်ရဲ့လား၊ သန့်ရှင်းရဲ့လား စသည်ဖြင့် စစ်ဆေးပြီး ခရိုင်ကျန်းမာရေး အရာရှိရဲ့ လက်မှတ်ကို စောင့်ယူကြရတယ်”

လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်သည်ဟု ကျွန်ုပ်တွေးနေဆဲ ကပ္ပတိန်က ဆက်ပြောပြန်သည်။

“အမှန်တော့ မစ္စတာဂူးလက်ချန်း၊ ဒီကိစ္စတွေဟာ ဆိပ်ကမ်းရုံးကို မရောက်ခင်ကတည်းက စစ်ဆေးပြီးစီးထားရမယ့် ကိစ္စတွေပါ၊ အခုသင်္ဘော ပေါ်ချတဲ့အထိ စစ်ဆေးတာကတော့ အခြားပြဿနာရှိလို့ပါပဲ”

သူ့စကားကို ကျွန်ုပ်နားမလည်ပေ။

“ဘာကိုဆိုလိုပါလိမ့် ကပ္ပတိန်၊ အခြားပြဿနာဆိုတာက. . .”

ကပ္ပတိန်ပေါလ်ဝဲက ပခုံးနှစ်ဖက်ကို တွန့်၍ . . .

“ကုန်သေတ္တာတွေထဲမှာ လက်နက်ပါသလားဆိုပြီး သူတို့စစ်ဆေး ကြတာပါဗျာ၊ ကျွန်တော်သိပါတယ်၊ ဒါဟာ သက်ဆိုင်ရာအရာရှိတွေအနေနဲ့ အလကားနေရင်း အစိုးရိမ်ကြီးနေကြတာပါ၊ အင်မတန်သဘောကောင်းပြီး နူး ညံ့အေးဆေးတဲ့ နန်းကျဘုရင်တစ်ပါးဟာ လက်နက်တွေနဲ့ ဘယ်လိုမှ မပတ်သက်နိုင်ပါဘူး၊ ရတနာဂီရိမှာရှိနေတဲ့ သီပေါဘုရင်အနေနဲ့လည်း လက်နက် တွေကို စိတ်မဝင်စားနိုင်တော့ပါဘူး”

အလုပ်တာဝန်ကို လေးစားသောမာလိန်မှူးတစ်ယောက်ဖြစ်မည်ဟူ သော ကျွန်ုပ်၏ ခန့်မှန်းချက်သည် မပြည့်မစုံဖြစ်သွားလေသည်။ ကပ္ပတိန် ပေါလ်ဝဲ၏ လေသံမှာ ခံစားမှုတစ်ခုခုကို ဆောင်သောလေသံမျိုးဖြစ်လေ သည်။

“မစ္စတာဂူးလက်ချန်း၊ ဒီသင်္ဘောရဲ့ ကပ္ပတိန်တစ်ယောက်အနေနဲ့ ကျွန်တော်ကတော့ ဘုံဘေနဲ့ ရတနာဂီရိကို အပြန်အလှန်ခုတ်မောင်းပေးဖို့သာ အဓိကတာဝန်ရှိတာပဲ၊ အကယ်၍ သီပေါဘုရင်အတွက် ပို့လိုက်တဲ့ ဆားနယ်



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပေါင်ခြောက်သေတ္တာထဲမှာအမြောက်တစ်လက်ပါလာတယ်ဆိုရင်လည်း ကျွန်တော်ကတော့ သယ်ပေးသွားရမှာပဲ"

နေလုံးကြီးသည် အနောက်ဘက်ပင်လယ်ထဲသို့ လျှောကျစပြုနေပေပြီ။ ရှည်လျားသော နေခြည်လက်တံ အလင်းရောင်များအောက်တွင် ကပ္ပတိန်ပေါလ်ဝဲနေလောင်ထားသောမျက်နှာသည်ကြေးနီရောင်တောက်နေလေသည်။

သူ့မျက်လုံးများထဲမှ ရိုးသားဖြောင့်မတ်သော အငွေ့များကို တွေ့ရသည်တွင် ကျွန်ုပ်သည် ရှေ့နေစိတ်ဖြင့် အချက်အလက်များကို နှိုက်ယူကြည့်မည်ဟူသော မိမိ၏ စိတ်ကူးအတွက် လိပ်ပြာမသန့် ဖြစ်သွားရသည်။

"ခွင့်လွှတ်ပါ မစ္စတာဂူးလက်ချန်း၊ကျွန်တော်စိတ်လှုပ်ရှားသွားတယ်ထင်ပါရဲ့၊ ခင်ဗျားတို့ရဲ့ အမှုကိစ္စအတွက် အနှောင့်အယှက်များ ဖြစ်သွားသလား"

"အို. . .မဖြစ်ပါဘူး ကပ္ပတိန်၊ ဒီလိုသိရတာ ကျွန်တော်အများကြီးဝမ်းသာမိပါတယ်"

"ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် ရတနာဂီရိကိုသွားမယ်ဆိုတာကို ကျွန်တော်သိလိုက်ရတော့ တော်တော်အံ့အားသင့်သွားတယ်၊ ကျွန်တော်အက်စ်အက်စ်ကလိုက်ဗ်ကို အုပ်ချုပ်ခဲ့တာ၊ အဲ. . .ဒီခရီးကို တာဝန်ယူခဲ့တာဟာ တစ်လကျော်ကျော်ပဲ ရှိပါသေးတယ်၊ အတိအကျပြောရင် ပြီးခဲ့တဲ့ဧပြီလဆယ်ရက်က စတယ်"

ဧပြီလဆယ်ရက်၊ အလွတ်ရနေသော ရက်စွဲသည် မှတ်ဉာဏ်ထဲ၌ အလိုလိုပေါ်လာသည်။

"ဧပြီလဆယ်ရက်ဆိုတာ သီပေါဘုရင်နဲ့ မိသားစုကို ရတနာဂီရိပို့တဲ့နေ့မဟုတ်လား ကပ္ပတိန်"

ကျွန်ုပ်ကို လှမ်းကြည့်လိုက်သောသူ့မျက်လုံးများတွင်နှစ်ခြိုက်သည့် အရိပ်လက္ခဏာများကို တွေ့ရလေသည်။

"ဟုတ်တာပေါ့ မစ္စတာဂူးလက်ချန်း၊ ဘုံဘေ၊ရတနာဂီရိရေကြောင်းခရီးမှာ ကျွန်တော်စတင်တာဝန်ယူခဲ့ရတာ အဲဒီနေ့က စတာပေါ့၊ ဒီအရင်ကတော့အိန္ဒိယလူမျိုးကပ္ပတိန်တစ်ယောက်ကအခြားသင်္ဘောတစ်စင်းနဲ့ဒီခရီးမှာတာဝန်ယူခဲ့တယ်၊ အဲဒီတုန်းကတော့ဘုံဘေရတနာဂီရိခရီးဟာကုန်စိမ်းသည်တွေ၊ အုန်းဆံခွံကုန်သည်တွေသာစီးနင်းခဲ့ကြတဲ့ခရီးဖြစ်ခဲ့တယ်၊သီပေါဘုရင်ကို ရတနာဂီရိပို့မယ်လို့ သူတို့ဆုံးဖြတ်ပြီးကြတဲ့နောက်မှ အက်စ်အက်စ်ကလိုက်ဗ်နဲ့ ကျွန်တော့်ကို သူတို့ခေါ်ယူပြီး တာဝန်ပေးလိုက်ကြတာပဲ၊ ကြည့်ရတာ မြန်မာနန်းကျဘုရင်တစ်ပါးနဲ့ ဆက်သွယ်တဲ့ ခရီးလမ်းအတွက် အရှေ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်းသား အိန္ဒိယလူမျိုး ကပ္ပတိန်တစ်ယောက်ကို သူတို့ စိတ်မချကြဘူးနဲ့ တူပါရဲ့"

သူ့စကားထဲတွင် ပါရှိသော 'သူတို့''သူတို့' ဟူသောစကားလုံးနေရာ၌ ကပ္ပတိန်ပေါလ်ဝဲသည် ခပ်ဖွဖွရေရွတ်ကြောင်း ကျွန်ုပ်သတိထားမိသည်။

"ဘာပဲဖြစ်ဖြစ်အက်စ်အက်စ်ကလိုက်ဗ်သင်္ဘောနဲ့အတူကပ္ပတိန်ဟာ သမိုင်းဝင်ဖြစ်သွားတယ် ဆိုရမှာပေါ့၊ မဟုတ်ဘူးလား . . ."

ကျွန်ုပ်၏ ဖြေသိမ့်စကားကို သူက လျော့ရဲသော အပြုံးဖြင့် တုံ့ပြန်လေသည်။

"သမိုင်းဝင်. . .တဲ့၊ မစ္စတာဂူးလက်ချန်းရဲ့ စကားလုံးဟာအင်မတန်လှပပေတာပဲ၊ ဒါပေမဲ့ သမိုင်းဝင်ဆိုတဲ့ စကားရဲ့နောက်မှာ ကောင်းခြင်း၊ ဆိုး ခြင်းဆိုတဲ့ အဓိပ္ပာယ်နှစ်ခုလည်း ပါရှိနေတယ်မဟုတ်လား"

ကပ္ပတိန်ပေါလ်ဝဲကို ကျွန်ုပ်လုံးဝလေးစားသွားပြီ။

"ကောင်းခြင်း၊ ဆိုးခြင်း . . .အဲ . . . ကောင်းမှုနဲ့ မကောင်းမှုပေါ့လေ၊ ဒီကိစ္စက တန်ဖိုးဖြတ်သမားတွေပေါ်မှာတည်သလား၊သမိုင်းဆရာတွေပေါ်မှာ တည်သလား၊ လူသားရဲ့ နှလုံးသားပေါ်မှာ တည်သလား၊ ဒါမှမဟုတ်ဘုရားသခင်ရဲ့ အလိုတော်အရပဲလား၊ ဒါတော့ ကျွန်တော်မစဉ်းစားတတ်တာ အမှန်ပဲ မစ္စတာဂူးလက်ချန်း"

အက်စ်အက်စ်ကလိုက်ဗ်၏ ကပ္ပတိန်သည် စိတ်နှလုံးကျဉ်းကျပ်နေကြောင်း ကျွန်ုပ်စာနာနားလည်လိုက်လေသည်။ ထို့ကြောင့် သူ့အတွက် နောက် ထပ်ဖြေသိမ့်သော စကားမျိုးရရှိအောင် ကြိုးစားပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် လက်တွေ့မှာတော့ ကပ္ပတိန်ဟာ သီပေါဘုရင်နဲ့ သူ့ မိသားစုကို လိုက်ပို့ပြီးခဲ့ပြီမဟုတ်လား၊ ဒီလို ပို့ဆောင်ပေးရခြင်းအပေါ်မှာ ကပ္ပတိန်ပျော်ရွှင်မှု ရသလား၊ မရဘူးလားဆိုတဲ့ အချက်ကိုပဲ စိစစ်ကြည့်ရမှာပေါ့ဗျာ"

အဝေးဆီသို့ သူငေးမျှော်ကြည့်သည်။ ပင်လယ်ပြင်ကိုသူမျက်နှာပြုလျက် သူ၏မျက်နှာကောက်ကြောင်း အနားရေးကို မြင်နေရသည်။

"ပျော်ရွှင်မှုကိုရသလား မရဘူးလား . . . တဲ့၊ အင်း . . .သင်္ဘောကပ္ပတိန်တစ်ယောက်အနေနဲ့ ကျွန်တော်ဟာကျွန်တော့်အလုပ်ကိုမြတ်နိုးတာအမှန်ပါ၊ မာလိန်မှူးဆိုတာ ခရီးသည်တွေကို ဘေးမသီရန်မခနဲ့ သူတို့သွားလိုတဲ့ ဒေသကို ရောက်အောင် ပို့ဆောင်ပေးရတာ၊ ခရီးသည်တွေရဲ့ဆန္ဒကို ဖြည့်စွမ်းရတာပါ၊ ခရီးသည်တွေဟာ သူတို့အလိုဆန္ဒ၊ သူတို့ရည်ရွယ်ချက်အတိုင်း သင်္ဘောစီးကြတယ်၊ တက်ကြ၊ ဆင်းကြတယ်၊ဒါကြောင့်လူတွေရောက်လိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာကို ပို့ဆောင်ပေးရတဲ့အလုပ်ကို ကျွန်တော်ဂုဏ်ယူခဲ့တယ် . . . ဒါပေမဲ့”

လက်ရန်းပေါ်တွင်လက်ထောက်နေရာမှသူကျွန်ုပ်ဘက်လှည့်သည်။ ကြေးနီရောင်မျက်နှာပေါ်တွင် မှိုင်းညို့အမှောင်ရိပ်များ သန်းနေသည်။

“ခင်ဗျား ဘယ်လိုထင်သလဲ မစ္စတာဂူးလက်ချန်း၊သီပေါဘုရင်ဟာ ရတနာဂီရိကို သွားလိုတဲ့ ဆန္ဒရှိသူခရီးသည်လား၊ ဒီခရီးသည်ကိုပို့ဆောင်ပေး ရတဲ့ ကျွန်တော်ဟာ တစ်လျှောက်လုံး ဂုဏ်ယူခဲ့တဲ့ ကျွန်တော့်အလုပ်ကိုသံ သယဖြစ်စပြုလာပြီလေ”

သူနဲ့ နီးကပ်စွာ ကျွန်ုပ် မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

“ကပ္ပတိန် . . .ကြီးမားတဲ့ဖြစ်စဉ်ကြီးတစ်ခုထဲမှာအစိတ်အပိုင်းလေး တွေဟာ တစ်ခါတစ်ရံ အရေးပါကြတယ်၊ တစ်ခါတစ်ရံအရေးမပါကြဘူး၊ ဘာပဲဖြစ်နေနေကပ္ပတိန်ရဲ့အလုပ်ကိုဆက်လက်ဂုဏ်ယူစိတ်မွေးဖို့ကြိုးစားပါ၊ သံသယကို ဖယ်ရှားပစ်ပါ၊ ဘာကြောင့်လဲဆိုတော့ သီပေါဘုရင်နဲ့သူ့မိသားစု တို့ စီးနင်းလိုက်ပါခဲ့တဲ့ ကပ္ပတိန်ရဲ့ အက်စ်အက်စ်ကလိုက်ဗ်ပေါ်မှာပဲ ကျွန်တော် တို့ ဆရာတပည့်နှစ်ယောက်ဟာ အခု စီးနင်းလိုက်ပါလာကြလို့ပဲ”

“ကျေးဇူးတင်ပါတယ် မစ္စတာဂူးလက်ချန်း”

အလိုလိုပင် ကျွန်ုပ်တို့နှစ်ဦးစလုံး လက်များထုတ်၍ တင်းကျပ်စွာ ဆုပ်နယ်ဖျစ်ညှစ်မိသွားကြသည်။

နေလုံးကြီးကား အနောက်ပင်လယ်ထဲသို့ လုံးဝငုပ်လျှိုးသွားပေပြီ။ အမှောင်သည် ရုတ်ချည်းပင် ရောက်ရှိလာသည်။ သို့သော် ပင်လယ်၏ ညဥ့်ဦး ကောင်းကင်သည် လင်းလက်သော ကြယ်ကလေးများကို စောစီးစွာ ခင်းကျင်း ထုတ်ပြလိုက်လေသည်။

ကပ္ပတိန်ပေါလ်ဝဲနှင့်ကျွန်ုပ်သည်ချက်ချင်းပင်ငယ်ပေါင်းကြီးဘက် မိတ်ဆွေရင်းချာများ ဖြစ်သွားပြီဟု ကျွန်ုပ်ခံစားရသည်။ ကပ္ပတိန်ပေါလ်ဝဲ လည်း ကျွန်ုပ်နှင့်မခြား ခံစားရမည်ဟု ယုံကြည်သည်။

နွေးထွေးတင်းကျပ်သော သူ့လက်ချောင်းဆီက ထိုခံစားမှုကို ကျွန်ုပ် ရရှိနေခြင်းကြောင့် ဖြစ်သည်။

တိုးညင်းသော်လည်း လှိုက်လှဲသော လေသံဖြင့် သူပြောသည်။

“ကျွန်တော်တို့ ညစာ အတူစားကြရအောင် သူငယ်ချင်း”

◆

www.burmeseclassic.com

www.burmeseclassic.com



- **တောင်းခံသူ – မစ္စတာဒဗလျူ၊ အို၊ လော ရှေ့နေကြီး(မန္တလေးမြို့၊ အထက်မြန်မာနိုင်ငံ) (အမှုသည် ၄၁ယောက်ကို ကိုယ်စားပြု)**
- **တောင်းခံသော ငွေပမာဏ – ၈၅၉၅၀ ကျပ် (ကျပ်ရှစ်သိန်း ငါးသောင်း ကိုးထောင် ငါးရာ ငါးဆယ်တိတိ)**
- **ပေးချေရမည့်သူ –သီပေါဘုရင်**
- **ပေးချေရန်ကိစ္စ – မန္တလေးမြို့တွင်ငှင်းနန်းစံစဉ်ကအရပ်ရပ်ငှင်းချေး ယူထားသော ကြွေးမြီများ။**
- **ဆောင်ရွက်မှု – အိန္ဒိယဘုရင်ခံချုပ်ထံ တိုက်ရိုက်စာရေးသည်။**
- **ကိုယ်စားလှယ်ပါဝါ လွှဲအပ်ခြင်းခံရသူ – လော့ဒ်အဘာဒ် (အင်္ဂလန်ပြည်)**
- **အမှု၏ နောက်ဆုံးအခြေအနေ –ဘုရင်ခံချုပ်၏မြန်မာပြည်ရောက် အစိုးရအဖွဲ့ရှေ့နေကြီးလော၏ငွေ တောင်းခံမှု ၄၁မှုအနက် ၁၇ မှုကို (လေ့လာစုံစမ်းပြီး) ပယ်ချလိုက် သည်။ ကျန် ၂၄ မှုကို လေ့လာစုံ စမ်းဆဲ ။**

ဖိုင်တွဲအောက်ထပ်စာရွက်များကို ဆက်မလှန်တော့ဘဲ ထိုဖိုင်ကိုပစ်ချလိုက်သည်။ ထို့နောက် နောက်ဖိုင်တွဲတစ်ခုကို ကျွန်ုပ်လှမ်းယူလိုက်သည်။

- **တောင်းခံသူ – မိုရိုကီ(ကာယကံရှင်)**
- **တောင်းခံသောငွေပမာဏ–၁၉၀၀၀(ကျပ်တစ်သောင်းကိုးထောင်တိတိ)**
- **ပေးချေရမည့်သူ – သီပေါဘုရင်**



www.burmeseclassic.com

www.burmeseclassic.com



**► ပေးချေရန်ကိစ္စ – ၎င်း မန္တလေးမြို့တွင် နန်းစံစဉ်က မှန်ချပ်ကြီး လေးချပ်ကို အကြွေးဝယ်ယူခဲ့ခြင်း။**

**► ဆောင်ရွက်မှု –ဘုံဘေမြို့တူရကီကောင်စစ်ဝန်ချုပ်မှတစ်ဆင့် အစိုးရရှေ့နေချုပ်ကြီးထံတွင် တင်သွင်းသည်။**

**► အမှု၏ နောက်ဆုံးအခြေအနေ–အမှုဆောင်အင်ဂျင်နီယာကဂင်းမှန် များကို လေလံတင်ရောင်းချခဲ့ရာငွေ ၄၉၄ ကျပ်၊ ၁၄ ပဲ ရရှိခဲ့သည်။ အစိုးရက မိုရိုကီအား ငွေ ၄၀၀၀ကျပ် လျော်ကြေးပေးခဲ့သည်။**

**► ဆုံးဖြတ်ချက် –ဗြိတိသျှလက်အောက်ခံအိန္ဒိယပြည်ရှိမည်သည့် တရားရုံးတွင်မျှ မြန်မာဘုရင်ဟောင်းအနေနှင့် သူ့အုပ်ချုပ်ခဲ့စဉ် အချိန်အတွင်း ချုပ်ဆိုခဲ့သည့် ကတိစာချုပ်များနှင့်ပတ်သက်၍ တရားစွဲဆိုခွင့် မရှိ'**

ဤဖိုင်တွဲကိုလည်း ပိတ်၍ စားပွဲပေါ် တင်လိုက်သည်။ ကျန်ရှိနေသေးသော ဖိုင်တွဲအထပ်လိုက်ကြီးကိုကြည့်၍ကျွန်ုပ်မှာစိတ်မောနေလေသည်။ အားလုံးမှာ သီပေါဘုရင်ထံသို့ကြွေးမြီကိစ္စဖြင့်တောင်းခံထားသောငွေတောင်းခံလွှာများနှင့်ဆိုင်သည့် အမှုတွဲကောက်နုတ်ချက်များဖြစ်သည်။ ငွေတောင်းခံလွှာများတွင် ပါရှိသော မြီရှင်များမှာ တစ်ဦးချင်းလည်းပါသည်။ အဖွဲ့လိုက်လည်းပါသည်။ ဖြောင့်မှန်စွာ တောင်းဆိုထားခြင်းရှိသကဲ့သို့ မဟုတ်မတရား လီဆယ်တောင်းခံမှုများလည်းပါသည်။ကြွေးတောင်းသူမြီရှင်များအားလုံး၏ ရည်ရွယ်ချက်မှာ နန်းကျဘုရင် သီပေါမင်းဖြစ်သည်။မြီစားကားသီပေါဘုရင် တစ်ဦးတည်း။

မြန်မာပြည်ဆိုင်ရာမဟာဝန်ရှင်တော်မင်းကြီးသည်ထိုတောင်းခံလွှာများကို အရေးယူလက်ခံစဉ်းစားခဲ့ပြီး အသေအချာစိစစ်၍တောင်းခံလွှာအများအပြားကို ပယ်ချပစ်ခဲ့လေသည်။ သို့တိုင်အောင် အချို့သော အမှုသည်များမှာ မြန်မာပြည်အစိုးရ (ဗြိတိသျှအစိုးရ) ထံတွင် တောင်းခံ၍မရပါကအိန္ဒိယပြည်အစိုးရ (ဗြိတိသျှအစိုးရ) ထံတွင် တောင်းခံကြည့်မည်ဟူသော မလျှော့သော 'ဖွဲလောဘ' ဖြင့် ဘုရင်ခံချုပ်အထိ တက်ကြခြင်းပင်ဖြစ်လေသည်။

ဆရာအက်ဂျလောင်း၏ ရှာဖွေစုဆောင်းမှုမှာ လက်ဖျားခါလောက်ပေသည်။ ဘုံဘေတွင် ဆရာသည် ထိပ်တန်း ဝတ်လုံတော်ရကြီးတစ်ယောက်အဖြစ်လည်းကောင်း၊ တပည့်တပန်း ပေါများလှသော (ရာထူးမယူသည့်)

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခအဖြစ်လည်းကောင်း၊ ဘယ်လောက်အထိ ပေါက်ရောက်နေသလဲ မသိ။

ဆရာပြုစုထားသော အချက်အလက်များမှာ အသေးစိတ်ကျသည့်အပြင် အဓိကလည်းကျသော အချက်အလက်များလည်းဖြစ်ကြောင်း တွေ့ရသည်။သီပေါဘုရင်ကိုဗဟိုအမှတ်ထားကာအရပ်ရပ်ပြဿနာများ၏စက်ဝန်းအနားရေးကို ဆရာသည် စနစ်တကျဖြန့်ဝိုင်းထားသည်။

ငွေကြေးဆိုင်ရာ ပြဿနာများသာမက မဒရပ်တွင်သီပေါဘုရင်နှင့်မိသားစုငါးလကြာနေခဲ့ရစဉ်ကပေါ်ပေါက်ခဲ့သောလူမှုရေးနှင့်အခြားပြဿနာများကိုပါ ဆရာမှတ်တမ်းပြုထားသည်။

ထိုမှတ်တမ်းများထဲတွင်နန်းကျသီပေါဘုရင်နှင့်အတူအိန္ဒိယဘုရင်ခံအရ မည်သို့ဆောင်ရွက်မည်ဟူသော လျာထားချက်မပါဝင်ခြင်းပင် ဖြစ်သည်။ ဆရာသည် သီပေါဘုရင်အားသူ့အမှုသည်အဖြစ်သတ်မှတ်ထားသော်လည်း အမှုများအား မည်ကဲ့သို့ ကိုင်တွယ်မည်ဆိုခြင်းကိုမှုမှတ်တမ်းများတွင်လည်း ရေးမထား၊ ကျွန်ုပ်ကိုလည်း နှုတ်ဖြင့် ဖွင့်ဟတိုင်ပင်ခြင်းမပြုသေးချေ။ သို့သော် ဤမျှလောက် ကျယ်ပြန့်တိကျသောအချက်အလက်များကိုစုဆောင်းထားပြီးချိန်တွင် ဆရာအက်ဂျလောင်း၌ကြီးမားထိရောက်သောနည်းလမ်းများရှိထားလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်မိလေသည်။

ထိုနည်းလမ်းများသည် ရတနာဂီရိသို့ ကျွန်ုပ်တို့ရောက်ရှိကြပြီးနောက်ပိုင်းတွင်ဆရာ၏အစွမ်းထက်သောလက်နက်များဖြစ်လာပေလိမ့်မည်။

သင်္ဘောစက်သံသည် မှန်မှန်ပေါ်ထွက်လျက် ရှိလေသည်။

ဆရာသည် ည ဆယ့်တစ်နာရီကတည်းက အိပ်ရာဝင်သွားသည်။ ကျွန်ုပ်ကား အိပ်၍မပျော်နိုင်ပေ။ ညဥ့်သန်းခေါင်ကျော်အချိန်တွင် အနားယူအိပ်စက်ခြင်းမပြုနိုင်သူဟူ၍ ကျွန်ုပ်နှင့်အက်စ်အက်စ်ကလိုက်ဗ်သင်္ဘောသာ ရှိပေလိမ့်မည်။

စားပွဲပေါ်ရှိ ဆရာ၏ ဖိုင်တွဲများကို တစ်ခုပြီးတစ်ခု ထုတ်ဖတ်ရင်း ကျွန်ုပ်သည် အက်စ်အက်စ်ကလိုက်ဗ်ခေါ်ဆောင်ရာသို့ လိုက်ပါနေသည်။ 'ရတနာဂီရိ' သို့ ရောက်တော့မည်ဟူသော အသိကသင်္ဘောစက်ခုတ်မောင်းသံနှင့်အမျှ ကျွန်ုပ်ရင်ကို လှုပ်ရှားတုန်ခါနေစေတော့သည်။

ကျွန်ုပ် အိပ်မပျော်နိုင်သည့် အကြောင်းများထဲတွင် ညစာစားချိန်ကဖြစ်ရပ်လည်း ပါဝင်နေပေသည်။

ကပ္ပတိန်ပေါလ်ဝဲသည် ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်ကိုသူနှင့်အတူ ညစာစားရန် ဖိတ်ကြားခဲ့သည်။ ရှန်ပိန်ဖြင့် ဧည့်ခံသည်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ကပ္ပတိန်သည် ထိုညစာကို မည်မျှ အလေးအနက်ထားကြောင်း ကျွန်ုပ် ခန့်မှန်းမိလေသည်။

ကပ္ပတိန်က ဆရာ့ကို တလေးတစား ဆက်ဆံသည်။ ဤခရီးစဉ်အတွက် အက်စ်အက်စ်ကလိုက်ဗ်ကို တာဝန်မယူခင်က သူ့အကြောင်းများကို ပြောပြသည်။စကော့တလန်နယ်သားဖြစ်သောကပ္ပတိန်သည်ရိုးသားပွင့်လင်းစွာပင် သူ့အတွေ့အကြုံများကို ပြောပြနေခဲ့သည်။

ထိုစဉ် ဆရာက ကပ္ပတိန်အား မေးခွန်းတစ်ခု မေးလိုက်လေသည်။

"ကပ္ပတိန်၊ ခင်ဗျားရဲ့ အင်မတန်များပြားစုံလင်ခဲ့တဲ့ မာလိန်မှူးအတွေ့အကြုံတွေနဲ့ အခု ဒီသင်္ဘောကို တာဝန်ယူအုပ်ချုပ်ရတဲ့ အတွေ့အကြုံကို နှိုင်းယှဉ်ပြောပြနိုင်ပါသလား"

ကပ္ပတိန်ပေါလ်ဝဲသည် ဆတ်ခနဲ ဖြစ်သွားကာ ကျွန်ုပ်တို့ကို တစ်ချက်လှမ်းကြည့်လေသည်။ ထို့နောက် ဆရာ့ဘက်သို့ လှည့်၍ မေးသည်။

"ဆရာ ဘာကိုဆိုလိုပါသလဲ ခင်ဗျား"

"ရေပြင်ပေါ်မှာ နေရတဲ့ ကပ္ပတိန်တစ်ယောက်ရဲ့ ဘဝဟာ စိတ်လှုပ်ရှားစရာတွေနဲ့ အတိပြီးနေမယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ အဲဒီစိတ်လှုပ်ရှားစရာတွေအားလုံးနဲ့ အခု အက်စ်အက်စ်ကလိုဗ်ကို အုပ်ချုပ်ရတဲ့အခါ စိတ်လှုပ်ရှားမှုကို နှိုင်းယှဉ်ကြည့်ရင် ဘယ်ဟာက ပိုပြီး လေးနက်မလဲလို့ ဆိုလိုတာပါ"

ဆရာ့လေသံနှင့်အမူအရာမှာ ရုံးတော်တွင်လျှောက်လဲရင်းသက်သေအား မေးခွန်းထုတ်နေသည့် ရှေ့နေတစ်ယောက်လို ဖြစ်နေသည်။ ကပ္ပတိန်သည် သူ့ဆေးတံထဲသို့ ဆေးတစ်ဆုံ ထည့်ကာ မီးညှိပြီးမှ ဖြည်းလေးစွာပြောလေသည်။

"ကျွန်တော့်ဘဝမှာ ကျွန်တော့်ရဲ့နာမည်ကို မေ့ကောင်းမေ့သွားမယ်၊ အက်စ်အက်စ်ကလိုက်ဗ်ကိုအုပ်ချုပ်ရတဲ့အတွေ့အကြုံကိုတော့ကျွန်တော်ဘယ်တော့မှ မေ့လိမ့်မယ် မဟုတ်ဘူး"

"အဲဒါဟာ မြန်မာနန်းကျဘုရင်နဲ့မိသားစုကိုရတနာဂီရိလိုက်ပို့ရတဲ့အဖြစ်နဲ့ တိုက်ရိုက်ပတ်သက်နေမလား ကပ္ပတိန်"

ဆရာ့မေးခွန်းသည် ဆင့်ကဲပေါက်ကွဲသော မီးကျည်တစ်ခုပမာဖြစ်လေသည်။ ကပ္ပတိန်ပေါလ်ဝဲမှာလည်း ဆရာ့မေးခွန်းတွင် တုန်လှုပ်သွားပုံရသည်။ ကျွန်ုပ်အနေဖြင့်ကား ကျွန်ုပ်၏ ဆရာသည်ရှေ့နေတစ်ယောက်အဖြစ် မိမိရရကြီး ကျင့်သုံးနေပြီဟု သဘောပေါက်လိုက်တော့သည်။

နေဗီကတ်ဆေးတံဆေး၏ မီးခိုးငွေ့များနှင့် ဟားဗားနားဆေးပြင်းလိပ်၏ မီးခိုးငွေ့များအကြားမှနေ၍တစ်ယောက်ကိုတစ်ယောက်အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေကြသည်။ ကပ္ပတိန်ပေါလ်ဝဲနှင့် ဆရာတို့နှစ်ယောက်ကို သတိထားမိရင်း တစ်ခုခုတော့ အဆင်မပြေဖြစ်လာပြီဟု ကျွန်ုပ်ထင်လာသည်။

သို့သော် ကပ္ပတိန်ကား လူကြီးလူကောင်း ပီသသူပေပင်။

"ကျွန်တော်ဝန်ခံရမှာပါပဲဆရာ၊သီပေါဘုရင်နဲ့တိုက်ရိုက်ပတ်သက်နေပါတယ်"

"ခင်ဗျားသူတို့ကိုလိုက်ပို့တဲ့ဧပြီလဆယ်ရက်နေ့ကခရီးတစ်လျှောက်မှာ သီပေါဘုရင်နဲ့ စကားပြောခဲ့ရသေးလား"

သည်တစ်ခါတော့ ကျွန်ုပ်ကိုယ်တိုင်ပင်ဆတ်ခနဲဖြစ်သွားခဲ့ရသည်။ ညစာစားရင်း ပြောကြသော စကားဝိုင်းသည် စိတ်လွတ်လပ်မှုကို မဆောင်တော့။ ဆရာသည် ကပ္ပတိန်အား အကယ်ပင် သက်သေတစ်ဦးအဖြစ် သတ်မှတ်နေပြီဟူ၍ ကျွန်ုပ်နားလည်မိလေသည်။

"သီပေါဘုရင်ဟာ ဘုံဘေကစထွက်ကတည်းက တစ်ကိုယ်တည်း သပ်သပ်နေတယ်၊ ဘယ်သူ့ကိုမှ စကားမပြောဘူး၊ ကျွန်တော်က သွားစကားပြောရင် သူ့ကို နှောင့်ယှက်ရာရောက်မယ်ဆိုတာ သိလို့ ကျွန်တော်လည်း သူ့ ဘာသာသူပဲ နေစေပါတယ်၊ ဒါပေမဲ့ ဘုံဘေကအထွက် သင်္ဘောပေါ်ကို သူ တက်ချိန်နဲ့ ရတနာဂီရိကို ဆိုက်ရောက်ချိန်၊ အဲဒီနှစ်ချိန်မှာတော့ ကျွန်တော် သူနဲ့ စကားပြောလိုက်ရပါတယ်၊ ဒီနှစ်ခါပါပဲ"

"ခင်ဗျားတို့ ဘာတွေပြောကြသလဲ ကပ္ပတိန်"

ဆရာ့အမေးစကားက ထပ်ကြပ်မကွာ လိုက်ပါလာသည်။

"ပထမတစ်ခွန်းက ကျွန်တော်က ဘုရင်မင်းမြတ် အလိုရှိတာပြောပါ . . . လို့ ပြောတော့ သူက ကျေးဇူးတင်ပါတယ်၊ ဘာမှမလိုပါဘူးလို့ ပြန်ပြောတယ်၊ နောက်ရတနာဂီရိကိုရောက်တော့သင်္ဘောကအဆင်းမှာသူကပဲ စပြောသွားတယ်၊ ဘေးကင်းစွာပို့ဆောင်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ကပ္ပတိန်ကို ကျွန်ုပ်သတိရနေပါမယ် . . . တဲ့"

"နေပါဦး ကပ္ပတိန်၊ အဲဒီတုန်းက သူစကားပြန်နဲ့ ပြောသလား"

"မဟုတ်ပါဘူး ဆရာ၊ သူကိုယ်တိုင်ပြောပါတယ်"

"ခင်ဗျားဆိုလိုတာက သူအင်္ဂလိပ်စကားနဲ့ ပြောတယ်လို့ ဆိုလိုတာလား"

"ဟုတ်ပါတယ်၊ သီပေါဘုရင်ဟာ အင်္ဂလိပ်စကားနဲ့ ကျွန်တော့်ကို ပြောသွားပါတယ်၊ သူ့အင်္ဂလိပ်စကားက မပီလှပေမဲ့ မမှားဘူး"

ဆရာ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

"အင်း . . . သီပေါဘုရင်ဟာ မင်းသားဘဝတုန်းက မန္တလေးမြို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမတ်ရဲ့ အက်စ်ပီဂျီကျောင်းကို တက်ခဲ့တာပဲ၊ မင်းညီမင်းသား ကျောင်းသားတွေထဲမှာ သူဟာ စာအတော်ဆုံးပဲ”

ထိုမှတ်ချက်ကို မှတ်တမ်းများအရ ကျွန်ုပ်လည်း သိပြီး ဖြစ်လေသည်။

“ဒါနဲ့ တစ်ခု မေးစမ်းပါရစေဦး ကပ္ပတိန်၊ ခင်ဗျား သီပေါဘုရင်ကို အဲဒီလိုစကား ပြောခဲ့စဉ်က သူ့ကို ဘုရင်မင်းမြတ်လို့ သုံးနှုန်းခဲ့သလား”

“ဘုရင်မင်းမြတ်လို့ ကျွန်တော် သုံးခဲ့တယ်၊ ဘာဖြစ်လို့လဲ ဆရာ”

“ဘုရင်မင်းမြတ် (ဟစ်စ်မဂျက်စတီး) လို့ ခင်ဗျားတကယ်ပဲ ခေါ်ခဲ့ တယ်နော်”

“ဟုတ်ပါတယ်၊ အဲဒီအတိုင်းခေါ်ခဲ့တာပါ၊ဘာဖြစ်လို့လဲဆရာအက် ဂျလောင်း”

“ဘာမှ မဖြစ်ပါဘူး၊ စိတ်ဝင်စားစရာ ကောင်းလို့ပါ”

ထို့နောက် ရှန်ပိန်ခွက်များ ကိုယ်စီကိုင်လျက် ကျွန်ုပ်တို့တိတ်ဆိတ် သွားပြန်သည်။

စကားဝိုင်းကို မေးခွန်းဖြင့်ပင် ဆရာပြန်စခဲ့လေသည်။

“သီပေါဘုရင်နဲ့ ပါလာတဲ့ အမျိုးသမီးတွေကော ဘယ်လိုနေကြသ လဲ၊ ငိုကြွေးကြ ရှိနေသလား၊ ဥပမာ စုဖုရားလတ်၊ ရံရွှေတော် စသည်ဖြင့်”

သည်တစ်ခါတော့ ကပ္ပိန်ပေါလ်ဝဲက နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။

“ဘယ်သူမှ ငိုကြွေးကြ ရှိမနေဘူး၊ဆူဆူပူပူလည်းမရှိကြဘူး၊တိတ် ဆိတ်နေတဲ့ မျက်လုံးတွေနဲ့ အဝေးကို ငေးကြည့်လာကြတယ်၊ သူတို့မျက်လုံး တွေ ဝေသီနေတာတော့ ကျွန်တော်သတိထားမိတယ်၊ဒါပေမဲ့အဲဒီမျက်လုံးတွေ မှာ မျက်ရည်တွေ ဝဲမနေကြဘူး၊ မျက်ရည်တွေ လုံးဝ ဝဲမနေကြဘူး”

“မိဖုရား စုဖုရားလတ်ကကော . . .”

“မိဖုရားဟာ သေးသေးသွယ်သွယ်ပဲ၊ မိန်းမချောတစ်ယောက်လို့ တော့ မဆိုနိုင်ဘူး၊ ဒါပေမဲ့မဟာဆီမဟာသွေးရဲ့ထက်မြက်တဲ့အရိပ်လက္ခဏာ တွေဟာ မိဖုရားဆီမှာ ထင်ထင်ရှားရှားကြီး ပေါ်လွင်နေကြတယ်. . .”

“သူနဲ့ကော ခင်ဗျား စကားပြောလိုက်ရသေးလား”

“အက်စ်အက်စ်ကလိုက်ဗ်ရဲ့ တာဝန်ရှိ အုပ်ချုပ်သူအနေနဲ့ မိဖုရားကို ကျွန်တော် စကားပြောဖို့ ကြိုးစားသေးတယ်၊ ဒါပေမဲ့ မိဖုရားဟာကျွန်တော့်ကို တွေ့တာနဲ့ စူးစူးရှရှ တစ်ချက်ကြည့်ပြီး တစ်ဖက်ကို လှည့်သွားတယ်၊ သူ ကြည့်လိုက်ပုံဟာ သေနတ်ပြောင်းထိပ်မှာ တပ်ထားတဲ့ လှံစွပ်ဖျားကို ရှေ့ တည့်တည့်က မြင်လိုက်ရသလိုပဲ”

ကပ္ပတိန်ပေါလ်ဝဲကို ကြည့်ရသည်မှာဆရာ့မေးခွန်းများကြောင့်စော



www.burmeseclassic.com

www.burmeseclassic.com



စောကလို စိတ်အနှောင့်အယှက် ဖြစ်ပုံမရတော့။ အမေးကို ဖြေသည့် အနေအထားမျိုးလည်း မရှိတော့ဘဲ သူ့ဘာသာသူ ရေရွတ်နေပုံမျိုး ဖြစ်သွားလေသည်။

"ရတနာဂီရိကို ရောက်တဲ့အထိ လမ်းခရီးမှာ ထူးထူးခြားခြားမတွေ့ခဲ့ရဘူးလား"

"ရတနာဂီရိကို သွားတဲ့ခရီးကိုယ်နှိုက်ကပဲ ထူးခြားနေခဲ့ပြီပဲ ဆရာ၊ ထပ်ပြီး ဘာထူးခြားရဦးမှာလဲ"

တစ်ချိန်လုံး ဖြေကြားနေခဲ့ရာမှ ရုတ်တရက် ကောက်ကာငင်ကာ အမေးစကားဖြင့် တုံ့ပြန်လိုက်သောကြောင့် ဆရာသည် ကြောင်အမ်းအမ်း ဖြစ်သွားခဲ့လေသည်။ တရားရုံးအတွင်း စစ်မေးနေစဉ် ခေါင်းမာသော သို့မဟုတ် အလွန်ပါးနပ်သော သက်သေ၏ မမျှော်လင့်သော တန်ပြန်ထိုးစစ်ကို ခံလိုက်ရသည့် ရှေ့နေတစ်ယောက်ကို ကျွန်ုပ်မြင်ယောင်မိသွားသည်။

ဆရာကသာ အမူအရာပျက်သွားသော်လည်းကပ္ပတိန်ပေါလ်ဝဲမှာမူ ပကတိအရိုးခံဖြင့် ပြောလိုက်ခြင်းဖြစ်ကြောင်း ကျွန်ုပ်သိသည်။

ဆရာသည် ဟားဗားနားဆေးပြင်းလိပ်ကို ပြာခွက်ထဲသို့ထိုးချေကာ

"ဒီမှာ ကပ္ပတိန်၊ ကျုပ်ဆိုလိုတာက. . ."

"ကျွန်တော့်ကို ခွင့်ပြုကြပါ၊ ဆရာနဲ့ ကပ္ပတိန်"

အလိုအလျောက်ပင် ကျွန်ုပ်သည် ဆရာ၏စကားကိုဝင်ရောက်ဟန့်တားလိုက်သလို ဖြစ်သွားသည်။ ဆရာ စားပွဲမှ ထ,ရပ်သော ကျွန်ုပ်ကိုမော်ကြည့်သည်။

"ညစာအတွက် ကျေးဇူးတင်ပါတယ် ကပ္ပတိန်၊ ဂွဒ်နိုက်"

"ဂွဒ်နိုက် မစ္စတာဂူးလက်ချန်း"

ဤသို့ဖြင့်ပင် စကားဝိုင်းသည် လက်စသတ်သွားခဲ့လေသည်။

အခန်းထဲသို့ ကျွန်ုပ်ပြန်ရောက်ပြီး ဖိုင်တွဲများကို စ,ကိုင်လိုက်ချိန်မှာပင် ဆရာ့အခန်းတံခါး ပိတ်သံကို ကြားရသည်။

ညဉ့်သန်းခေါင်ကျော်အထိ ကျွန်ုပ်အိပ်မပျော်နိုင်ခြင်းမှာ ဖိုင်တွဲများကြောင့် မဟုတ်နိုင်။ ထိုစကားဝိုင်း အထူးသဖြင့် ဆရာ၏မေးခွန်းများကြောင့် ဖြစ်လေမည်လားဟု တွေးမိကာ စိတ်ထဲ၌ လေးလံသွားလေသည်။

www.burmeseclassic.com

◆

[ ၁၉ ]

မှန်မှန်ခုတ်မောင်းနေသော စက်သံသည် ပြောင်းသွားသည်။ ပို၍ကျယ်လောင်လာပြီး ခပ်ကျဲကျဲဖြစ်သွားသည်။ ထို့နောက် သံကြိုးပွတ်တိုက်သံများပေါ်လာသည်။ သင်္ဘော တစ်ချက်ငြိမ့်ခနဲ ဖြစ်သွားသည်။မရှေးမနှောင်းမှာပင် ဥသြဆွဲ သံပေါ်လာသည်။

ရတနာဂီရိသို့ ရောက်ပေပြီ။ ကျွန်ုပ်၏ လက်ပတ်နာရီကား နံနက် သုံးနာရီတိတိကို ပြလျက်ရှိသည်။ ကေဗင်ပြတင်းပေါက်ချက်ကို ဖွင့်သော ကျွန်ုပ်၏ လက်များ တုန်ယင်နေလေသည်။

ပြတင်းမှတွေ့လိုက်ရသော မြင်ကွင်းမှာ အမှောင်ထုသာ ဖြစ်သည်။

အမှောင်တိုက်အတွင်း၌ ရတနာဂီရိသည် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင်။ ဆိပ်ကမ်းမှ မီးရောင်တစ်ခုခု မြင်ရလေမည်လားဟုကျွန်ုပ်ရှာကြည့်မိလေသည်။ နန်းကျဘုရင်တစ်ပါးနှင့် သူ့မိသားစုတို့ ရှိနေသော ဒေသကား မည်းမှောင်တိတ်ဆိတ်လှချေသည်။

ကေဗင်ထဲမှ ကျွန်ုပ်ထွက်လာခဲ့သည်။ အမှောင်ထုကြီးထဲကိုပင်စူးစိုက်ကြည့်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နံနက်ဆည်းဆာရောက်ချိန်တွင် အမှောင်သည် ပြိုကွဲရမည်သာ ဖြစ်သည်။ တစ်စတစ်စ လင်းလာမည့် ရတနာဂီရိကို အစအဆုံး ထိုင်ကြည့်မည်။ နေ့သစ်တစ်နေ့၏ နံနက်ခင်းသစ်တွင် အလွန်လှပသော အမည်နာမရှိသည့် ထိုဒေသသည် အဘယ်သို့ ရှိလေမည်နည်း။

"မစ္စတာဂူးလက်ချန်း နိုးနေပြီလား"

ကပ္ပတိန်ပေါလ်ဝဲပင် ဖြစ်သည်။

"ကျွန်တော်မအိပ်ခဲ့ဘူး ကပ္ပတိန်"

"ဟုတ်လား၊ အင်း. . .ကျွန်တော် မအံ့သြတော့ပါဘူးလေ၊ကျွန်တော်တို့မှာ အိပ်ခဲ့တဲ့၊ အိပ်ဦးမယ့် ညတွေအများကြီး မဟုတ်လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော့်အထင်တော့ ကျွန်တော် မအိပ်မယ့် ညတွေလည်း အများကြီးရှိလာနိုင်တယ်"

ကပ္ပတိန်က ရယ်လျက်. . .

"ကျွန်တော့်အခန်းကို လိုက်ခဲ့ပါလား၊ဒီအချိန်မှာကော်ဖီသောက်တာ အကောင်းဆုံးပဲ၊ ကျွန်တော့်မှာ ကပ္ပတိန်အမှုထမ်းသက်နဲ့အမျှ ကိုယ်နဲ့မကွာ အမြဲဆောင်တဲ့ ချိုးကပ်နေတဲ့ ကော်ဖီနှပ်တဲ့ အိုးလေးရှိတယ်"

"ဆိပ်ကမ်းကို မဆင်းရသေးဘူးလား ကပ္ပတိန်"

"ဆင်းလို့မရသေးဘူးလေ၊ ဒီအချိန်မှာ ရတနာဂီရိရဲ့ အမှောင်ထုက ကပ္ပတိန်ပေါလ်ဝဲရဲ့ အမိန့်ထက် ပိုပြီး လက်တွေ့ကျတယ်"

သူ့အခန်းထဲသို့ လိုက်သွားခဲ့သည်။ ကပ္ပတိန်သည်သူကိုယ်တိုင်ပင် ကော်ဖီနှပ်၍ သဘော်သုံး မတ်ခွက်ထဲသို့ ထည့်ပေးလေသည်။ သူပြောသည့် အတိုင်းပင် ချိုးကျနေသော အိုးထဲမှ ကော်ဖီမှာ ကောင်းလှပေသည်။

"ညဘက်မအိပ်တဲ့ လူနှစ်ယောက်ပဲဆိုတာ ကော်ဖီအတူသောက် ကြည့်ရင် သိတယ်တဲ့၊ သူငယ်ချင်းလည်းကျွန်တော့်လိုပဲသကြားလုံးဝမထည့် ဘူးနော်"

အငွေ့ထောင်းထောင်းထနေသော ကော်ဖီနံ့၏ မွှေးမှုကြောင့် လန်း ဆန်းလာသည်။

"ရတနာဂီရိဟာ ဒီလိုပဲ မှောင်မည်းနေတာပဲလား ကပ္ပတိန်"

"အမှောင်ထုကို မြင်ရတယ်ဆိုတာဟာ တစ်ဆင့်တိုးတက်လာတယ် လို့ အောက်မေ့ထားဗျာ၊ အရင်ကဆိုရင် အုန်းတောကြီးတွေ ပိတ်ဆို့နေတဲ့ အတွက် အမှောင်မှန်းမသိရဘူးလို့ ပြောတယ်"

"ဒီလောက်တောင် ဝေးလံသီခေါင်နေရသလား၊ အမှန်တော့ ဘုံဘေ နဲ့ မိုင်တစ်ရာ့နှစ်ဆယ်ပဲ ဝေးတာ မဟုတ်လား . . ."

"မိုင်တစ်ရာ့နှစ်ဆယ်က အဓိက မကျပါဘူးလေ၊ မဝေးပေမဲ့ ခေါင် တဲ့နေရာပေါ့၊ နန်းကျဘုရင်တစ်ပါးကို ထားဖို့ အကောင်းဆုံးနေရာပေါ့"

တစ်စုံတစ်ခုကို ကျွန်ုပ်တွေးမိပြီး ယင်းကို ကပ္ပတိန်အား ထုတ်ပြော ဖြစ်လေသည်။

"သီပေါဘုရင်ကော ဒီအချိန်မျိုးမှာ ကျွန်တော်တို့လိုပဲ မအိပ်စက်ဘဲ အမှောင်ထုကြီးကို ထိုင်ကြည့်နေမလား မသိဘူးနော်"

"အား . . . အဲဒီလောက်အထိတော့ ကျွန်တော်စိတ်ကူးမလှတတ်ဘူး သူငယ်ချင်း၊ သဘော်ကပ္ပတိန်တစ်ယောက်မှာ ဒီလောက်ခံစားတတ်တဲ့ သ ဘာဝမျိုးလည်း မရှိဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကပ္ပတိန်မှာ ကျိုးကြောင်းဆက်စပ်တတ်တဲ့အတွေးအခေါ် ရှိတယ်၊ မျှတစဉ်းစားတတ်တဲ့ ဉာဏ်ရှိတယ်၊ အဲဒီလို အတွေးအခေါ် စဉ်းစား ဉာဏ်ရှိသူတွေဟာ ခံစားမှုနယ်ပယ်နဲ့ နီးစပ်ကြပါတယ်"

"အင်း . . . ဟုတ်ချင်လည်း ဟုတ်မှာပေါ့ သူငယ်ချင်းရယ်၊ဒါပေမဲ့ လှိုင်းလုံးတွေ၊ မုန်းတိုင်းတွေကအဲဒီခံစားမှုနယ်ပယ်ဆိုတာကိုဖျက်ဆီးထားကြ တယ်နဲ့ တူပါရဲ့"

ယမန်နေ့ညက ကျွန်ုပ်ဆရာ၏ အတင့်ရဲသောမေးခွန်းများအတွက် တောင်းပန်ရန် စိတ်ကူးရလိုက်သော်လည်း ဆရာ့အတွက် တပည့်က ဝင် တောင်းပန်ခြင်းမှာ မသင့်လျော်ဟု တွေးမိကာ စိတ်ကူးကို ပယ်လိုက်ရသည်။

"နေပါဦး ကပ္ပတိန်၊ စောစောက ကျောက်ဆူးမချခင်လား၊ ချအပြီး လား၊ ဥသြဆွဲလိုက်တယ် မဟုတ်လား၊ အက်စ်အက်စ်ကလိုက်ဗ်ရောက်ပြီဆို တာကို အချက်ပေးတာပေါ့နော်၊ ဒီဥသြသံကို ရတနာဂီရိရဲ့ တစ်နေရာဆီက သီပေါဘုရင် ကြားနိုင်မလား"

ကပ္ပတိန်သည် ကော်ဖီခွက်ကို သောက်မည်ပြုပြီးမှ ခုလတ်တွင်ရပ် တန့်သွားလေသည်။ ကော်ဖီခွက်ကို မသောက်တော့ဘဲဖြည်းညင်းစွာပြန်ချပြီး မှ သူပြောသည်။

"အခု သင်္ဘောကျောက်ဆူးချထားတဲ့ နေရာဟာ ကမ်းနဲ့ နှစ်ဖာလုံ လောက်ဝေးသေးတယ်၊ ရတနာဂီရိဆိပ်ကမ်းအထိသင်္ဘောမကပ်နိုင်ဘူး၊တစ် ဖာလုံခွဲအတွင်းမှာ ကျောက်ဆောင်တွေ၊ ကျောက်ချွန်တွေရှိတယ်၊ ကျန်တဲ့ ဖာ လုံဝက်ကမ်းနေရာမှာ ရွှံ့နွံတွေရှိတယ်၊ ဥသြသံကို ကမ်းကနေပြီး ကောင်း ကောင်းကြားနိုင်ပါတယ်၊ ဒါပေမဲ့ ကုန်းတွင်းပိုင်းမှာ ရှိနေတဲ့ သူ့နေရာကနေ ပြီးတော့ သီပေါဘုရင်ဟာ ဥသြသံကို ကြားရမှာမဟုတ်ဘူး၊အကယ်၍သူငယ် ချင်းပြောသလို သီပေါဘုရင်ဟာ မအိပ်ဘဲ အမှောင်ထုကြီးကို ထိုင်ကြည့်နေ မယ်ဆိုရင်တော့ တိတ်ဆိတ်နေတဲ့အတွက် ဥသြသံကို သဲ့သဲ့ကြားရလိမ့်မယ်"

"သူအိပ်မောကျနေပါစေ၊ ဥသြသံကို သဲ့သဲ့လည်းမကြားပါစေနဲ့လို့ ကျွန်တော်တော့ ဆုတောင်းနေမိတယ် ကပ္ပတိန်"

အတန်ကြာ ငြိမ်သက်နေပြီးမှ သူပြောလေသည်။

"ဘုရားသခင်အလိုတော်အတိုင်းပေါ့ဗျာ"

ကော်ဖီများကို ကျွန်ုပ်တို့ လက်စသတ်လိုက်ကြသည်။

"ရတနာဂီရိမှာ သင်္ဘောဘယ်နှစ်ရက်နားဦးမလဲ"

"အုန်းဆံခွံတွေ၊ အုန်းသီးတွေ တင်ကြဦးမယ်၊ တစ်ညအိပ်နားမယ်"

"ကျွန်တော်တို့နဲ့အတူ ရတနာဂီရိ ကုန်းအတွင်းပိုင်းကို လိုက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



လား ကပ္ပတိန်၊ သီပေါဘုရင်နဲ့လည်း ထပ်တွေ့ရတာပေါ့"

ကပ္ပတိန်ပေါလ်ဝဲက ခေါင်းယမ်းသည်။

"တခြားဆိပ်ကမ်းမြို့ကြီးတွေထက် ပိုပြီး ဟောဒီရတနာဂီရိကတင်းကျပ်ထားတယ် သူငယ်ချင်း၊ ကျွန်တော်အပေါ်တက်ခွင့်မရှိဘူး၊သင်္ဘောကနေ တစ်လက်မမှ ခွာခွင့်မရှိဘူး"

နန်းကျဘုရင်နှင့်ပတ်သက်သော အဆက်အသွယ်မှန်သမျှကို ဖြတ်တောက်ထားခြင်းဖြစ်ကြောင်း ကျွန်ုပ်နားလည်မိသော်လည်း ကပ္ပတိန်အား ထိုအကြောင်းဘာမှ ထပ်မပြောလိုက်တော့ပေ။

"သီပေါဘုရင်နဲ့ တွေ့တဲ့အခါမှာ ကျွန်တော်ကသတိတရနှုတ်ဆက်ကြောင်း ပြောပြပေးပါ သူငယ်ချင်း၊ အက်စ်အက်စ်ကလိုက်ဗ်ကပ္ပတိန်ကိုအမြဲသတိရနေမယ်လို့ သူပြောသွားတာပဲ၊ သူကျွန်တော့်ကို မှတ်မိပါလိမ့်မယ်"

"ပြောလိုက်ပါမယ်၊ ကပ္ပတိန်ကိုလည်း သူကောင်းကောင်းမှတ်မိမှာပါ၊ သူအားလုံးကို မှတ်မိမှာပါ၊ ဘာကြောင့်လဲဆိုတော့ ခုချိန်မှာ နန်းကျဘုရင်ဟာ အတိတ်ကာလကို ပြန်ပြောင်းအောက်မေ့ရင်းနဲ့ပဲသူ့အချိန်တွေကိုကုန်ဆုံးရတော့မှာ မဟုတ်လား"

"အိုး . . . သူငယ်ချင်းပြောလိုက်တဲ့ စကားက ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်၊ ဘာဖြစ်လို့ သီပေါဘုရင်ဟာ အတိတ်ကိုပဲ တွေးနေမှာတဲ့လား၊ သူ့အနာဂတ်ကို မတွေးတော့ဘူးတဲ့လား"

"ဘုရားသခင် တန်ခိုးတော်ကြောင့် ကျွန်တော်နဲ့တွေ့ပြီးချိန်မှာ သူဟာ အနာဂတ်ကိုပဲ ထက်သန်စွာ တွေးနိုင်တဲ့သူ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်း နေမိပြန်ပြီ ကပ္ပတိန်"

ခံစားထိခိုက်မှုနှင့်ယှဉ်လျက် ကျွန်ုပ်ပြောလိုက်သော စကားသည် အလွန်အန္တရာယ်ကြီးသော စကားဖြစ်နေကြောင်း ချက်ချင်းသိလိုက်သည်။

ထိုအချက်ကို ကပ္ပတိန်လည်း သဘောပေါက်သွားပုံ ရလေသည်။

"သပ်သပ်ရပ်ရပ်ဖြစ်ပါစေ သူငယ်ချင်း၊ သူငယ်ချင်းတို့ရဲ့ အလုပ်ကိစ္စကို ကျွန်တော်နားမလည်ဘူး၊ဒါပေမဲ့နန်းကျဘုရင်အတွက်လည်းကောင်းမွန်အောင်၊ သူငယ်ချင်းတို့ဆရာတပည့်နှစ်ယောက်အတွက်လည်းလုံခြုံအောင် ကြိုးစားကြပါ"

"ကျေးဇူးတင်ပါတယ် ကပ္ပတိန်"

အခန်းထဲမှ မီးရောင်သည် မှိန်ဖျော့လာလေသည်။ အမှန်မှာ မီးရောင်က အားလျော့သွားခြင်း မဟုတ်ဘဲ နံနက်မိုးသောက် အရုဏ်ဦး၏ အလင်းက ဝင်ရောက်လာသောကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်နှင့်အတူ အောက်ထပ်ဆီမှ အသံဗလံများလည်း ပေါ် လာသည်။ နေ့သစ်တစ်နေ့၏ ကန့်လန့်ကာ စတင်ပွင့်ဟလာလေပြီ။

"ကိုင်း . . . ငါးနာရီမှာ လှေနဲ့ကမ်းကိုသွားမယ်၊ ကမ်းက လှေတွေ လည်း သင်္ဘောဆီကို လာကြလိမ့်မယ်၊ အသင့်ပြင်ကြရအောင်"

"လှေနဲ့ ကမ်းကို သွားတဲ့အခါမှာကော ကပ္ပတိန် လိုက်လာခွင့်ရှိသ လား"

သူကရယ်လျက် . . .

"အဲဒီအထိတော့ ကျွန်တော်ခြေချခွင့်ရှိပါသေးတယ်၊ကျွန်တော်အတူ လိုက်မှာပါ"

ချည့်နဲ့ဆုတ်ခွာသွားသော အမှောင်ထုနှင့်ဖြူခွင်းဝင်ရောက်လာသော အလင်းတို့၏ ကူးပြောင်းချိန်တွင် ကျွန်ုပ်သည်ရတနာဂီရိသို့လှမ်းကြည့်လိုက် သည်။

မှိုင်းညို့ထူထပ် အုန်းတောကြီးများမှလွဲ၍ ဘာမှ မတွေ့ရချေ။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

"မစ္စတာဖရက်ဒရစ် အက်ဂျလောင်း၊ ဝတ်လုံတော်ရရှေ့နေမင်း၊ မစ္စတာဂူးလက်ချန်း၊ လက်ထောက်ဝတ်လုံတော်ရရှေ့နေ၊ ဒါက ဘာအဓိပ္ပာယ်လဲ၊ ရတနာဂီရိသို့ လာရောက်သည့် ကိစ္စဆိုတဲ့နေရာမှာ ကွက်လပ်ပဲရှိတယ်၊ဘာမှ ဖြည့်သွင်းမထားဘူး၊ ဘုံဘေက ရှေ့နေတွေဟာ အနန်းဆံခွံ ကုန်ကူးကြမလို့တဲ့လား"

ကြက်ဥနှစ်ရောင်ဝတ်စုံဖြင့်လူက ကျွန်ုပ်တို့၏ စာရွက်များကိုကြည့်ပြီးပြောသည်။

ဆရာအက်ဂျလောင်းသည် ရှေ့သို့ ထိုးတက်သွားကာ ထိုသူနှင့် နှာ ခေါင်းချင်း ထိလုမတတ် နီးကပ်စွာ ရပ်လိုက်သည်။

"ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို ဒီလိုမဖွယ်မရာပြောတဲ့လူဟာ ဘယ်သူလဲလို့ ကျုပ်က ပြန်မေးလိုက်တယ်"

ရတနာဂီရိမြေပေါ်သို့ ခြေချအပြီး သုံးမိနစ်မျှပင် မရှိသေး။ အခြေအနေကား မမျှော်လင့်ဘဲ ပြင်းထန်တင်းမာသွားလေပြီ။

ကြက်ဥနှစ်ဝတ်စုံနှင့်လူက ခက်ထန်စွာ ပြန်ပြောလေသည်။

"ကျုပ်ဟာ နန်းကျသုံ့ပန်းဘုရင်နဲ့မိသားစုကိုတာဝန်ယူအုပ်ချုပ်နေတဲ့ ဘုံဘေဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်ရဲ့ အမိန့်အာဏာအရ ရတနာဂီရိကို ထိန်းသိမ်းစောင့်ရှောက်နေသူ အိမ်တော်ဝန် ဖန်ရှုဝေးပဲ"

ထိုင်သူက ရင်အုံတစ်ခုလုံး မောက်ကြွလာအောင် အသက်ကို ပြင်းပြင်းရှူလျက် သူ၏လက်ဝဲဘက်ရှိ ကာကီယူနီဖောင်းဝတ်တစ်ဦးကို ညွှန်ပြကာ. . .

"သူက ပုလိပ်အရာရှိ အီဗန်"

လက်ယာဘက်မှ အလားတူ ကာကီယူနီဖောင်းဝတ်ကို . . .

"သူက ဆာဂျင်မက်ကွိုင်း"



www.burmeseclassic.com

www.burmeseclassic.com



မောက်မာရိုင်းပျလှသော ထိုသူများ၏ အမူအရာကို ကြည့်၍ကျွန်ုပ်ရင်ထဲတွင် တလိပ်လိပ် တက်လာသည်။လက်မောင်းကြွက်သားများလည်း တဖျဉ်းဖျဉ်းဖြစ်လာကာ ရှေ့သို့ ခုန်ထွက်တော့မည်အပြု ကပ္ပတိန်ပေါလ်ဝဲက နောက်မှနေ၍ လက်မောင်းကို သန်မာစွာ ဆွဲကိုင်ထားသောကြောင့် ကျွန်ုပ်၏ လှုပ်ရှားမှုကို မည်သူမျှ မမြင်လိုက်ကြတော့ပေ။

ဆရာအက်ဂျလောင်းသည်လည်းစနက်တံဖြုတ်ထားသည့်လက်ပစ်ဗုံးတစ်လုံးလို ဖြစ်နေသည်။

"ကျုပ်တို့နှစ်ဦး အစီအစဉ်ထဲမှာ အိမ်တော်ဝန်တွေ၊ ပုလိပ်တွေနဲ့ တွေ့ဖို့မပါဘူး၊ သီပေါဘုရင် . . . ပြီးတော့ သူ့ရဲ့မိသားစုနဲ့သာတွေ့ဆုံဖို့ ရှိတယ်၊ နောင်လိုအပ်ရင် သင့်ကို ကျုပ်တရားရုံးကနေဆင့်ခေါ်မယ်"

အိမ်တော်ဝန်ဆိုသူ၏နဂိုက နီမြန်းသော မျက်နှာကြီးမှာသွေးရောင်များဖြင့် ရဲသွားသည်။ သိမ်းငှက်နူတ်သီးနှင့်တူသော သူ့နှာခေါင်းကောက်ကြီးကို လက်ခုံဖြင့် ပွတ်သပ်လျက်။

"သီပေါဘုရင်တဲ့လား၊ မိသားစုတဲ့လား၊ သူတို့ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အိမ်တော်ဝန်ရဲ့ အမိန့်ခွင့်ပြုချက်မရဘဲ သင်တို့ ရှေ့ကို ခြေတစ်လှမ်းမှ တိုးလို့မရဘူး"

အီဗန်ဆိုသူက သူ့ယူနီဖောင်းပေါ်မှစလွယ်သိုင်းသားရေပြားအနက်ပေါ်တွင် လက်ချိတ်လျက်၊ ဆာဂျင်မက်ကွိုင်းဆိုသူက နံပါတ်တုတ်ကို ကိုင်ဆလျက်။

ဤအချိန်မှာပင် ကပ္ပတိန်ပေါလ်ဝဲသည် ကျွန်ုပ်ကို လွှတ်၍ဆရာနှင့် အိမ်တော်ဝန်အကြားသို့ ဝင်ရပ်လိုက်လေသည်။

နှစ်ဦးကြားတွင် ဝင်ရပ်လိုက်ခြင်း ဖြစ်သော်လည်း ကပ္ပတိန်သည် ဆရာနှင့်အတူ အိမ်တော်ဝန်ဘက်သို့ မျက်နှာမူ၍ ရပ်ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်အလယ်တွင် ကပ္ပတိန်ပေါလ်ဝဲ၏ ထွားကြိုင်းသော ကိုယ်ခန္ဓာကြီးသည် အားလုံးအပေါ်၌ ကဲမိုး၍ နေလေသည်။

ကပ္ပတိန်က အိမ်တော်ဝန်ကို ငုံ့ကြည့်လျက် . . .

"မစ္စတာဖန်ရှဝေးခင်ဗျား၊ ဘုံဘေကတင်လာခဲ့တဲ့ ကုန်တွေကို စစ်ဆေးပေးပါဦး၊ အားလုံး ကမ်းပေါ်ရောက်နေပါပြီ၊ပြီးတော့စံအိမ်တော်အတွက်ပါလာတဲ့ ကုန်သေတ္တာတွေနဲ့ပတ်သက်တဲ့ ပုံစံတွေအပေါ်မှာလည်းလက်မှတ်ထိုးပေးပါဦး၊ ဘုံဘေဘုရင်ခံလော့ဒ်ရေးက စံအိမ်တော် ကုန်သေတ္တာတွေ ရတနာဂီရိကမ်းပေါ်ရောက်ပြီး ငါးမိနစ်အတွင်းမှာ စစ်ဆေးလက်မှတ်ထိုးမယ်လို့ အမိန့်ပေးထားတာကို မစ္စတာဖန်ရှဝေးလည်း သိပြီးဖြစ်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်တော်ကုန်သေတ္တာကြောင့်လား၊ ဘုံဘေဘုရင် လော့ဒ်ရေးဟူသော အမည်ကြောင့်လား၊ ကပ္ပတိန်ပေါလ်ဝဲ၏ ကြီးမားသော ကိုယ်ခန္ဓာနှင့် တည်ငြိမ်သော အမူအရာကြောင့်လားမသိ။ အိမ်တော်ဝန်သည်မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်လျက် ဆရာ့ရှေ့မှ လှုပ်ရှားစပြုသည်။

"အီဗန်နဲ့ ဆာဂျင်မက်ကွိုင်း ရုံးခန်းကို သွားကြစို့"

အိမ်တော်ဝန်က ရှေ့ဆုံးမှ၊ သူ့နောက်မှ ပုလိပ်အရာရှိနှစ်ဦးကရှေ့နောက်တန်းလျက် စစ်ရေးပြဟန်ဖြင့် ထွက်ခွာသွားကြသည်မှာ အလွန်ကိုးရိုးကားယားနိုင်သော မြင်ကွင်းပင်ဖြစ်လေသည်။

"ကျေးဇူးတင်ပါတယ် ကပ္ပတိန်"

ကျွန်ုပ်က ကပ္ပတိန်ပေါလ်ဝဲကို ပြောလိုက်ချိန်တွင် ဆရာမူကား အိမ် တော်ဝန်နှင့် သူ့လူများ ထွက်သွားရာဆီသို့ မလှုပ်မရှားငေးကြည့်နေဆဲရှိလေ သည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဆရာ"

ကျွန်ုပ်၏ ပေါက်ကွဲလွင့်စင်လုဆဲဆဲ ဒေါသမှာ ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ အမျက်ဒေါသသည် ကျွန်ုပ်တို့ကို လမ်းမှားသို့ပို့ဆောင်လိမ့်မည်ဖြစ်ကြောင်း အလိုလိုသိနေသည်။

"ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ ဆရာ"

နောက်တစ်ကြိမ်ထပ်မေးသော်လည်းဆရာကြားဟန်မတူ။ခပ်လှမ်းလှမ်းရှိ သွပ်မိုးရုံးခန်းထဲသို့ ဝင်ရောက်သွားသော အိမ်တော်ဝန်နှင့်အဖွဲ့ရှိရာသို့ လှမ်းကြည့်နေသော ဆရာ့မျက်ခွံများမှာ တဆတ်ဆတ် တုန်နေသည်။

ဆရာ့အတွက် ကျွန်ုပ်တကယ်ပင် စိတ်မကောင်း ဖြစ်ရလေသည်။ ကျွန်ုပ်သိသလောက်ဆရာအင်္ကလိပ်လောင်းသည်ဘုံဘေနှင့်ကာလကတ္တားအပါအဝင် အိန္ဒိယပြည်၏ မြို့ကြီးများတွင် ကျင်လည်ခဲ့ရာ၌ ထိပ်တန်းကျသော ပုဂ္ဂိုလ်ကြီးများနှင့် လက်ပွန်းတတီးနေခဲ့သည်။ ထိုအသိုက်အဝန်းထဲမှ အချို့သော အရာရှိများမှာ ဆရာ၏ စာသင်သား တပည့်များဖြစ်ကြသည်။ အချို့အရာရှိများကမူ သူတို့၏ သားသမီးများကို ဆရာ့ထံတပည့်ခံစေဖို့ ပို့လွှတ်ကြသည်။ ထိုအသိုက်အဝန်းတွင် ဆရာသည် သူ၏ပညာဂုဏ်ဖြင့် တင့်တယ်ခဲ့သည်ချည်းပင်။ ယခုလိုရိုင်းပျသော မထီမဲ့မြင်ဆက်ဆံမှုမျိုးမဆိုထားဘိ၊ ဆရာ ကြုံတွေ့ရရှိခဲ့သည်များမှာ ဆရာ့အား နေရာပေးမှု၊ အရေးတယူပြုမှု၊ မြတ်နိုး တန်ဖိုးထားမှု စသော ဆက်ဆံမှုများသာ ဖြစ်ခဲ့လေသည်။

ယခု ရတနာဂီရိ အိမ်တော်ဝန် ဆို သူ နှင့် သူ ၏ နောက် လိုက် ပုလိပ်အရာ ရှိနှစ်ဦးမှာကား . . .



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် အံ့ဩမှုနှစ်ခုပေါင်းလျက် ရိုက်ခတ်လိုက်သဖြင့် ကတုန်ကယင်ဖြစ်နေသော ဆရာ့အား နှစ်သိမ့်ပေးရန် နည်းလမ်းကို ကျွန်ုပ်စဉ်းစားကြည့်သည်။ ကပ္ပတိန်ပေါလ်ဝဲကမူကျွန်ုပ်တို့အခြေအနေကိုအကဲခတ်နေဟန်တူသည်။

အိမ်တော်ဝန်နှင့်အချင်းများခဲ့သည့် ကိစ္စမှာ ချက်ချင်းပင် ဆိပ်ကမ်းတစ်လျှောက် ပျံ့နှံ့သွားဟန်ရှိသည်။ အိန္ဒိယတိုင်းသား ဈေးသည်များသည် ကျွန်ုပ်တို့အနီးတွင် စုဝေးလာကြသည်။ လူအများ ဝိုင်းအုံကြည့်ခြင်း ခံရသောအဖြစ်မှာလည်း စိတ်မသက်သာဖွယ်ပင်ဖြစ်သည်။ အထူးသဖြင့်မူ ချွေးနံ့၊ ဆေး ဈေးနှင့် အုန်းဆီနံ့များကြောင့် ပို၍ အနေရကျပ်လာသည်။

ဆရာအက်ဂျလောင်းအနေဖြင့် မည်သို့ စိတ်ကူးနေသည်တော့မသိ။ ကျွန်ုပ်ကမူ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ရုံးခန်းဟု ခေါ်သော ခပ်လှမ်းလှမ်းရှိ သွပ်မိုးတဲသို့ လိုက်သွားကာ အိမ်တော်ဝန်နှင့် ထပ်ဆွေးနွေးရန်ဖြစ်သည်။

သို့သော် ထိုစိတ်ကူးကို ကျွန်ုပ်ပြောခွင့်မရလိုက်တော့။

ကျွန်ုပ်တို့ကို ဝိုင်းအုံနေသော လူများသည် သင်္ဘောဆိပ်၏ကမ်းပါးထက်ဆီသို့ တညီတညွတ်တည်း လှမ်းကြည့်လိုက်ကြကာ နှုတ်မှလည်း တစ်စုံ တစ်ရာကို ရေရွတ်နေကြသောကြောင့် ဖြစ်သည်။

ကမ်းပါးထက်သို့လှမ်းကြည့်လိုက်သောအခါ မြင်းနှစ်ကောင်တပ် ရထားတစ်စင်းဆိုက်ရောက်လာသည်ကို တွေ့ရလေသည်။ရထားပေါ်မှဆင်းသက်လာသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်သည်။ တောက်ပသော နေရောင်ခြည်အောက်ဝယ် ထိုအမျိုးသမီး ဝတ်ထားသော ဝတ်စုံမှာလည်း အပြာရောင်တောက်နေသည်။သူမသည်အနားကျယ်ဦးထုပ်တစ်လုံးကိုဆောင်းထားရုံသာမက ဖြူဖွေးသော ထီးတစ်ချောင်းကိုပါ ဖွင့်ဆောင်းလာလေသည်။

ကမ်းပါးဆင်ခြေလျှောအတိုင်း သူမဆင်းလာပုံမှာ ကသောကမျောနိုင်လှသည်။ မလှမ်းမကမ်းသို့ ရောက်သောအခါ သူမသည် ကျွန်ုပ်တို့ဆီသို့ လက်ကို ဝှေ့ယမ်း၍ နှုတ်ဆက်လေသည်။ ကပ္ပတိန်ပေါလ်ဝဲကပြန်၍လက်ကိုမြှောက်ကာ နှုတ်ဆက်သည်။ ကျွန်ုပ်တို့အနီးတွင်ဝိုင်းအုံနေသောလူအုပ်သည် သူမအား လမ်းဖယ်ပေးကြခြင်းဖြင့် ကျွန်ုပ်တို့ဆီသို့ ရောက်လာလေသည်။ သူမသည် အသက်လေးဆယ်လောက်ရှိပေမည်။

"ဂွဒ်မောနင်း ကပ္ပတိန်၊ အက်စ်အက်စ်ကလိုက်ဗ်ဟာ မနက်ဖြန်မှ ရောက်မယ်လို့ ကျွန်မထင်နေတာ၊ မနက်အစောကြီးက ဉဩသံကြားလိုက်ရတယ် ပြောကြလို့ မယုံ့တယုံနဲ့ ကျွန်မကမ်းနားကို ဆင်းလာတာပဲ၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာ တွေ့ရလို့ ဝမ်းသာလိုက်တာ၊ အိုး . . . ဒီနားမှာ လူတွေ ဘာဖြစ်လို့ ဝိုင်းအုံနေကြတာပါလိမ့် . . .”

“ဂွဒ်မောနင်း မစ္စစ်ဒရားကတ်”

မစ္စစ်ဒရားကတ်။ ထိုအမည်ကို ကျွန်ုပ်၏ မှတ်ဉာဏ်ထဲ၌ ရှာဖွေကြည့်လိုက်သည်။ ဆရာ့မှတ်တမ်းများထဲတွင် တစ်နေရာ၌ ထိုအမည်ပါဝင်ကြောင်း ကျွန်ုပ်မှတ်မိပေသည်။ သို့သော် ဒေါသဖြစ်စရာနှင့်တွေ့ဆုံ တုန်လှုပ်ခဲ့ရသောကြောင့်လား မသိ။ ‘မစ္စစ်ဒရားကတ်’ ဟူသော အမည်နှင့်ပတ်သက်သည့် အကြောင်းအရာများကို စဉ်းစားမရဖြစ်နေသည်။

“ဘယ့်နှယ်လဲကပ္ပတိန်၊ကျွန်မမှာလိုက်တဲ့ဆေးဝါးတွေပါရဲ့မဟုတ်လား၊ ခြင်ကာကွယ်တဲ့ လိမ်းဆေးရည်ရယ်၊ ကွီနိုင်ဆေးပြားတွေရယ်၊ပြီးတော့ ဝမ်းကိုက်ပျောက်ဆေးရယ်လေ၊ ဒါတွေက ရတနာဂီရိမှာ အလိုအပ်ဆုံး ဆေးတွေပဲရှင့်၊ ရှင်သိတဲ့အတိုင်းစံအိမ်တော်အောက်ချိုင့်ကြီးထဲမှာကအနံ့တောတွေက နက်ကနက်ပါဘိသနဲ့၊ ပြီးတော့လည်း . . . ဒီမှာနေကြတဲ့ဒေသခံတွေဟာ အလွန်ညစ်ပတ်ကြ . . . အိုး . . .”

အမျိုးသမီးသည် သူမပြောချင်ရာများကို မနားတမ်းပြောနေရင်း ကျွန်ုပ်တို့နှစ်ယောက်ကိုသတိထားမိသွားပြီးစကားတစ်ဝက်တစ်ပျက်ရပ်သွားသည်။

မစ္စစ်ဒရားကတ်ကို ကျွန်ုပ်သိလိုက်ပေပြီ။သူမကားရတနာဂီရိစံအိမ်တော်တွင် တာဝန်ကျနေသော ဘုံဘေမှ သူနာပြုဆရာမပင်ဖြစ်သည်။

“ဒီက လူကြီးမင်းများနဲ့ကျွန်တော်မိတ်ဆက်ပေးပါရစေ၊လူကြီးမင်းများခင်ဗျာ . . . သူနာပြုဆရာမ မစ္စစ်ဒရားကတ်ပါမစ္စတာ၊သူတို့ကဘုံဘေက လိုက်ပါလာကြတဲ့ ဝတ်လုံတော်ရမင်း မစ္စတာဖရက်ဒရစ် အက်ဂျလောင်းနဲ့ လက်ထောက်ရှေ့နေမင်း မစ္စတာဂူးလက်ချန်းတို့ဖြစ်ပါတယ်”

ဆရာက ခေါင်းညိတ်ရုံမျှ ညိတ်လျက်နှုတ်ဆက်သော်လည်းကျွန်ုပ်က သူမ၏လက်ကို ခပ်ဖွဖွဆွဲကိုင်ကာ ကိုယ်ကို အတန်ငယ်ညွတ်ပြီး . . .

“ကောင်းသော တွေ့ဆုံခြင်းဖြစ်တယ်လို့ကျွန်တော်မျှော်လင့်ပါတယ် စစ္စတာ”

ဟု နှုတ်ဆက်လိုက်သည်။

မစ္စစ်ဒရားကတ်သည် အင်္ဂလိုအင်ဒီးယန်းကပြား ဖြစ်လေသည်။ ဥရောပသွေး ဘယ်လောက်ပါသည်ကိုတော့ ကျွန်ုပ်မသိ။ သို့သော်ဤသူနာပြုဆရာမကဲ့သို့သော အမျိုးသမီးကြီးများသည်အင်္ဂလိပ်လူမျိုးတို့၏အရေးတယူဆက်ဆံခြင်းကို လွန်စွာမှလိုလားတတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . .ခုလို သိကျွမ်းရတာ သိပ်ကိုဝမ်းသာပါတယ်ရှင်၊ရတနာဂီရိကို ကျွန်မရောက်ပြီးကတည်းကလူကြီးမင်းတို့ဟာပထမဆုံးတွေ့ရတဲ့ဝတ်လုံတော်ရမင်းများပါပဲ၊ ဒါနဲ့ ဘုံဘေမှာ ဗိုလ်မှူးကြီးကောက်စ်တစ်ယောက်ကော ကျန်းကျန်းမာမာရှိရဲ့လား . . ."

ကျွန်ုပ်၏ ယူဆချက်မှာ ခိုင်လုံသွားသည်။ အမျိုးသမီးကြီးသည် သူမကိုယ်သူမ အထက်တန်းလွှာအသိုက်အဝန်းတွင်နှံ့စပ်ပေါက်ရောက်သူဟု ယုံကြည်ထားပြီး အခြားသူကိုလည်း ထိုအတိုင်း ယုံကြည်စေချင်သော အမျိုးသမီးကြီးဖြစ်သည်။

"ဗိုလ်မှူးကြီးကောက်စ်တစ်ယောက် ကျန်းကျန်းမာမာပါပဲခင်ဗျ၊သူကတောင် ပြောလိုက်ပါသေးတယ်၊ ကျွန်တော်တို့ ရတနာဂီရိကို ရောက်ရင် တွေ့ဆုံရမယ့် မိတ်ဆွေများထဲမှာ မစ္စစ်ဒရားကတ်လည်းအပါအဝင်ဖြစ်တယ်လို့ ပြောလိုက်ပါတယ်"

"အိုး . . . ဟုတ်လား၊ ဗိုလ်မှူးကြီးဟာ မြန်မာနိုင်ငံမှာ ဒုတိယပုလိပ်မင်းကြီးအဖြစ် အမှုထမ်းခဲ့လို့လား မသိဘူး၊ အင်မတန်သဘောထားပြည့်ဝတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ၊ ဩော် . . . ဒါထက် ကပ္ပတိန်ကို ကျွန်မမှာလိုက်တဲ့ဆေးဝါးတွေကော . . ."

"အားလုံး အပြည့်အစုံပါပါတယ် စစ္စတာ"

"သိပ်ကောင်းတာပဲရှင်၊ ကျေးဇူးတင်လိုက်တာ၊ ရတနာဂီရိမှာ အဲဒီဆေးဝါးတွေ မရှိလို့ မဖြစ်ဘူးရှင့်၊ ဒီအခြေအနေကို မင်းကြီးမစ္စတာ ပရာပတ်ကိုယ်တိုင် ရတနာဂီရိကို လာရောက်ခဲ့စဉ်က သိသွားပြီး မင်းကြီးကိုယ်တိုင် ညွှန်ကြားသွားခဲ့တာကလား"

"မင်းကြီးဆိုတာ ဘုံဘေတောင်ပိုင်းနယ် မဟာဝန်ရှင်တော်မင်းကြီး မစ္စတာဒဗလျူအိပ်ချ်ပရာပတ်ကို ပြောတာပါလားခင်ဗျာ"

"ဟုတ်တယ်လေ၊ မဟာဝန်ရှင်တော်မင်းကြီးပေါ့"

"ဒီရတနာဂီရိကို မင်းကြီးဟာ ပြီးခဲ့တဲ့ မတ်လကုန်ဧပြီလဆန်းရက်က လာခဲ့တာမဟုတ်လား စစ္စတာ"

မျက်ခုံးကိုပင့်၊ ရဲရဲနီအောင် ဆိုးထားသော နှုတ်ခမ်းကို စုဝိုင်းလျက် မစ္စစ်ဒရားကတ်သည် "အိုး . . . အိုး" ဟု အမူအရာပါပါပြောလေသည်။

"ဟုတ်တယ် . . . သိပ်ဟုတ်တာပေါ့၊ သီပေါဘုရင်ရောက်လာရင်ကြို ဆိုနေရာချထားဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်တွေအတွက် မင်းကြီးဟာ ကြီးကြပ်ဆောင်ရွက်ဖို့ ရတနာဂီရိကို လာခဲ့တယ်လေ"

သည်မျှဆိုလျှင် ကျွန်ုပ်တို့ ဘာဆက်လုပ်ရမည်ဆိုသည့်နည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို ရေရေရာရာမရှိသေးသော်လည်းဖြစ်နိုင်စကောင်းသောအခွင့်အရေးတစ်ရပ်တော့ ပေါ်ပေါက်လာပြီဟု ကျွန်ုပ်တွေးမိလေသည်။ မစ္စစ်ဒရားကတ်သည် လောလောဆယ် ကျွန်ုပ်တို့၏ အခက်အခဲကို တစ်နည်းတစ်လမ်းဖြင့် ဖြေရှင်းပေးနိုင်မည့် အခြေအနေတစ်ရပ် ဖြစ်နိုင်ပေမည်။ အကြောင်းမူ သူမသည် စံအိမ် တော်၏ သူနာပြုဆရာမဖြစ်သောကြောင့်ပင်။

"မစ္စစ်ဒရားကတ်ကို ကျွန်တော်ဆေးဝါးတွေ ပေးရဦးမယ်၊ သေတ္တာတွေအားလုံး၊ ဟိုဆိပ်ကမ်းရုံးခန်းဆီ ရောက်နေကြပါပြီ၊ ကျွန်တော်တို့ အဲဒီကို သွားကြရအောင်လား၊ မစ္စတာဖန်ရှုဝေးတို့လည်း အဲဒီကို ရောက်နေကြပြီလေ၊ ဆရာတို့ကော ဆိပ်ကမ်းရုံးခန်းကို လိုက်ခဲ့ကြပါလား"

ကပ္ပတိန်ပေါလ်ဝဲသည် ထိုစကားကို ပြောပြီးမှ ဆရာ့ကိုတောင်းပန်သော မျက်လုံးများဖြင့် လှမ်းကြည့်သည်။ ဆရာမည့်သို့မျှ မတုံ့ပြန်ခင် ကျွန်ုပ် က ဝင်အဖြေပေးလိုက်သည်။

"ကျွန်တော်တို့ပါ လိုက်ခဲ့မှာပေါ့ ကပ္ပတိန်"

"ဂူးလက်ချန်း . . . မင်းလိုက်ချင် လိုက်သွားနိုင်တယ်၊ ငါကတော့ အလွန်ရိုင်းစိုင်းပြီး အလွန်ကျဉ်းမြောင်းတဲ့ စိတ်သဘောထားရှိတဲ့ အဲဒီလူတွေနဲ့ ထပ်ပြီး မျက်နှာချင်းမဆိုင်ချင်ဘူး"

"အို . . . ဘာဖြစ်လို့ပါလဲရှင်"

မစ္စစ်ဒရားကတ်က ဆရာ၏တင်းမာသော လေသံကိုလန့်သွားဟန်တူသည်။ အခွင့်အရေးတစ်ရပ်ဟု ယူဆကာ ကျွန်ုပ်အသုံးချလိုက်သည်။

"ခရီးရောက်မဆိုက်မှာပဲ ကျွန်တော်နဲ့ ကျွန်တော့်ဆရာတို့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာလေးတစ်ခု ကြုံလိုက်ရလို့ပါ စစ္စတာ၊ စိတ်မကောင်းစရာကတော့၊ အဲဒီကိစ္စက မစ္စတာဖန်ရှုဝေး၊ အီဗန်နဲ့ ဆာဂျင်မက်ကွိုင်းတို့နဲ့ ပတ်သက်နေပါတယ်"

ဂုဏ်သရေရှိ ညစာစားပွဲတစ်ခုတွင် ဘေးစားပွဲမှ ကျယ်လောင်သော စကားပြောသံကို ကြားရသဖြင့် စိတ်ကသိကအောက်ဖြစ်ရသော မင်းကတော်ကြီးတစ်ယောက် အမူအရာမျိုးနှင့် မစ္စစ်ဒရားကတ်သည် အလိုမကျသော မျက် နှာထားကို ဖြစ်စေလျက် . . .

"အိုး . . . ဖန်ရှုဝေးတို့လူစုလား၊ အလကားပါရှင်၊ ဖန်ရှုဝေးဟာအမှန်တော့ အစေခံချုပ်သာသာပါ၊ သီပေါဘုရင်နဲ့ မိသားစုကို တာဝန်ယူကြီးကြပ်ရတယ်ဆိုပြီး သူ့ကိုခန့်အပ်ထားတဲ့ အိမ်တော်ဝန်ရာထူးနဲ့မောက်မာနေတာပါ၊ ဒီမျက်နှာနီနီနဲ့ သိမ်းငှက်နှုတ်သီးကြီးဟာ အလကားလူကြွားကြီးပါ"

ကျွန်ုပ်၏တွေးဆချက်များမှာ ခိုင်လုံလာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စစ်ဒရားကတ်ခင်ဗျား၊ ကျွန်တော်တို့ဆရာတပည့်နှစ်ယောက်က အဲဒီ မျက်နှာနီနီ သိမ်းငှက်နှုတ်သီးကြီးရဲ့ မောက်မာဝင့်ကြွားမှုကို စောစောက အပြင်းအထန် ခံလိုက်ရပါတယ်"

အခြေအတင် ဖြစ်ခဲ့သည့် ကိစ္စကို ကျွန်ုပ်ကအတိုးချုံး၍ရှင်းပြလိုက်ရာ မစ္စစ်ဒရားကတ်သည် အာမေဍိတ်သံအမျိုးမျိုးဖြင့် နားထောင်လေသည်။

ကျွန်ုပ်အဖို့ရာမူကား အလွန် လူရာသူရာဝင်ချင်ပြီး အင်္ဂလိပ်လူမျိုးစင်စစ်တို့၏ အရေးတယူဆက်ဆံမှုကို ခံယူချင်လှကာ ဟန်ပန်အမူအရာများလှသော ဤအမျိုးသမီးကြီးသည် အဆိုပါအသေးအဖွဲကိစ္စလေးများမှတစ်ပါး ခင်မင်နှစ်လိုစရာတစ်နည်းအားဖြင့် အားကိုးအားထား ပြုနိုင်လောက်စရာအ မျိုးသမီးကြီးတစ်ယောက်ဖြစ်သည်ဟု ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ကပ္ပတိန်ပေါလ်ဝဲ၊ မစ္စစ်ဒရားကတ်နှင့် ကျွန်ုပ်သုံးဦးသား ဆိပ်ကမ်းရုံးခန်းထဲသို့ လျှောက်လာခဲ့ကြသည်။ ဆရာကမူ လိုက်မလာခဲ့ဘဲနေရာမှာပင် ကျန်ရစ်ခဲ့သည်။

ရတနာဂီရိဆိပ်ကမ်းမှာ ရွှံ့ပျော့များ၊ ကျောက်စရစ်များ၊ကျောက်တုံးများနှင့် အတိပြီးနေသည့် သဘော်ဆိုက်၍သာ ဆိပ်ကမ်းဟုခေါ်ရသော်လည်း ဆိပ်ကမ်းအင်္ဂါရပ်နှင့် မညီသောနေရာဖြစ်လေသည်။

သွပ်မိုးရုံးခန်းဆီသို့ လျှောက်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် ကျွန်ုပ်သည် မစ္စစ်ဒရားကတ်ကိုခွင့်တောင်းလျက်သူမလက်ထဲမှထီးကိုယူကာ သူမအားထီးတော်မိုးလုပ်ပေးလိုက်သည်။ကျွန်ုပ်၏အပြုအမူမှာလိုသည်ထက်ပိုနေမည်လားဟု ထင်မိသော်လည်း မစ္စစ်ဒရားကတ်၏ လွန်စွာ သဘောကျသွားသော အမူအရာ၊ ထို့နောက် လမ်းတစ်လျှောက်တွင် သူမပြောလာသော စကားများက ကျွန်ုပ်၏ အပြုအမူမှန်ကန်ကြောင်း သက်သေပြနေလေသည်။

"ဒီ ဖန်ရှဝေးဆိုတဲ့ ငနဲကြီးဟာ သီပေါဘုရင်ဆီကနေ အဖိုးတန်ရတနာအချို့ကို လာဘ်စားထားတယ်လို့ကျွန်မလောင်းရဲတယ်၊ဟိုပုလိပ်အရာရှိနှစ်ယောက်လည်းပါတာပေါ့၊ဆာဂျင်မက်ကွိုင်းကတော့သီပေါဘုရင်ကသူ့ကို လက်ဆောင်အဖြစ် ကျောက်မျက်တချို့ပေးတယ်၊ သူက အမှုထမ်းဥပဒေအရ လက်ခံလို့ မဖြစ်ပါဘူးဆိုပြီး ပြန်ပေးတယ်လို့ လျှောက်ပြောနေတယ်"

"ကျွန်မကတော့ နည်းနည်းမှ မယုံပါဘူး၊ ဒီလိုလူတွေဟာ နန်းကျဘုရင်တစ်ပါးဆီက ဘာယူရမလဲဆိုတာကိုပဲ အမြဲတမ်း ချောင်းကြည့်နေကြတာပါပဲ၊ ဒါပေမဲ့မစ္စတာဂူးလက်ချန်းရယ်၊သူတို့ကိစ္စတွေကိုကျွန်မကစိတ်ဝင်စားမနေနိုင်ပါဘူး၊ ကျွန်မက သီပေါဘုရင်နဲ့ မိသားစုရဲ့ ကျန်မာရေးကိုတာဝန် ယူထားရတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရားကြီး စုဖုရားလတ်ဆိုရင် သိပ်ကျန်းမာသေးတာ မဟုတ်ဘူး၊ မဒရပ်မှာ ပြီးခဲ့တဲ့ မတ်လထဲကတင် သူဟာ သမီးလေးတစ်ယောက်ကိုဖွားမြင်ခဲ့တာ မဟုတ်လား၊ အဲဒီတုန်းကလည်း တာဝန်ကျတဲ့ ဒေါက်တာဗရန်ဖုဟာ မိဖုရားကို မွေးဖွားပေးရာမှာ ပေါ့လျော့တယ်နဲ့တူပါရဲ့၊ ဒါပေမဲ့ ရတနာဂီရိမှာတော့ မိဖုရားဟာ ကောင်းကောင်းအနားယူနေပါတယ်"

"ခက်တာက ဘုရင်ရော သူ့မိဖုရားမိသားစုပါဆားနယ်ဝက်သားကို မညည်းတမ်း စားနေကြတာပဲ၊ ဘာကြောင့်သူတို့ဝက်သားကိုဒီလောက်ကြိုက်ကြသလဲ မသိဘူး၊ ကျန်းမာရေးရှုထောင့်ကနေပြီး ကျွန်မက ရံဖန်ရံခါသာ စားသင့်ကြောင်း ပြောပြပေမယ့်လည်းသူတို့ကနားမထောင်ဘူး၊ဒီတော့လည်း ကျွန်မက သူနာပြုဆရာမတစ်ယောက်ပဲ မဟုတ်လား၊ ဘာတတ်နိုင်မှာလဲ၊ သူတို့ဟာ နန်းကျတဲ့ သုံ့ပန်းတွေဖြစ်ပေမဲ့ ဘုရင်နဲ့မိဖုရားဟာကိုး၊ သူတို့မှာ ဘာပဲပြောပြော ရာဇာတို့ရဲ့ မာန်မာနတော့ ရှိမှာပေါ့"

"မိဖုရားကြီးကတောင် ပိုပြီးရှိပုံရတယ်၊ ဒီတော့ ကျွန်မလည်း အလိုက်သင့်ပဲ နေနေရတာပေါ့၊ စံအိမ်တော် အပြင်ကိုလည်း ကျွန်မကသိပ်ထွက်တာ မဟုတ်ဘူးလေ"

"စံအိမ်တော်တစ်ဝိုက်မှာမြွေတို့၊ကင်းမြီးကောက်တို့ကလည်း ပေါပါဘိသနဲ့၊ကျွန်မကလည်းအဲဒီသတ္တဝါကောင်တွေဆိုသိပ်ကြောက်တာ၊ ရွံလည်းရွံတယ်၊ အမှန်တော့ရှင် . . . ရတနာဂီရိရဲ့ ရာသီဥတုဟာ အနန်းတောတွေနဲ့ အသက်မွေးတဲ့ အလုပ်ကြမ်းသမားတွေနဲ့ပဲကိုက်ပါတယ်၊နေထိုင်ဖို့ကောင်းတဲ့ နေရာ မဟုတ်ပါဘူး"

"အခုလို မေလမို့ နည်းနည်းတော်သေးတယ်၊မိုးတွင်းဆိုရင်ဘယ်လို လာမလဲမသိဘူး၊ ဒီမှာနေတဲ့လူတွေ ပြောတာတော့ မိုး အင်မတန်ကြီးတယ်ဆိုပဲ၊ ကျွန်မတို့လို နုနယ်တဲ့ မိန်းမသားတွေအတွက်ဆိုရင် ပိုလို့ မသင့်မြတ်တဲ့ ဒေသပေါ့"

"ဒါပေမဲ့ ဖန်ရှုဝေးတို့လို ငနဲကြီးတွေကတော့ ဒါတွေကို သိပ်မှုမှာ မဟုတ်ပါဘူး၊ သင်းတို့က နန်းကျဘုရင်မှာပါလာတဲ့အဖိုးတန်ရတနာတွေကိုပဲ မြင်နေကြမှာကိုး၊ မစ္စတာဂူးလက်ချန်းတို့လို လူကြီးလူကောင်းတွေဟာ ဒီလိုလူတွေရဲ့ရိုင်းပျတဲ့ဆက်ဆံမှုနဲ့ကြုံရတယ်ဆိုတော့ကျွန်မစိတ်မကောင်းပါဘူးရှင်၊ တကယ်ပါ. . .တကယ်ပါ. . ."

ကျွန်ုပ်ဆောင်းပေးထားသော ထီးရိပ်အောက်တွင် လိုက်ပါလာရင်း မစ္စစ်ဒရားကတ် မနားတမ်းပြောသွားသည်။ စင်စစ်မူ ကျွန်ုပ်ဆောင်းပေးသော ထီးရိပ်ထက်သူမဖွင့်လှစ်ဆောင်မိုးပေးလိုက်သည့်စကားများ၊အချက်အလက်



www.burmeseclassic.com

www.burmeseclassic.com



များတည်းဟူသော 'ထီး' က ပို၍ ကြီးမားကျယ်ပြန့်သွားလေတော့သည်။

စကားတပြောပြောနှင့်ပင် (အမှန်မှာ တစ်လမ်းလုံး မစ္စစ်ဒရားကတ်ကသာ ဒိုင်ခံပြောသွားခြင်း ဖြစ်သည်။) ဆိပ်ကမ်းရုံးခန်းသို့ ရောက်လာကြသည်။

ကျွန်ုပ်ပါလာသည်ကို တွေ့သောအခါအိမ်တော်ဝန်ဖန်ရှဝေး၏မျက်နှာသည် တင်းမာသွားသည်။ ပုလိပ်အရာရှိနှစ်ယောက်ကလည်း သူလျှိုဟုမသင်္ကာစရာ လူတစ်ယောက်အလား ကျွန်ုပ်ကိုစိတ်မချသောမျက်လုံးများဖြင့် မျက်ခြည်မပြတ် ကြည့်ကြသည်။

ဖန်ရှဝေး၏ သိမ်းငှက်နှုတ်သီးကိုလည်းကောင်း၊ အီဗန်၏ လေးထောင့်စပ်စပ်မေးရိုးကိုလည်းကောင်း၊ ဆာဂျင်မက်ကွိုင်း၏ စူထွက်နေသော ဝမ်းဗိုက်ကိုလည်းကောင်း လက်သီးတစ်လုံးစီ ပစ်သွင်းလိုက်ချင်စိတ်ကိုကြိုးစား မြိုသိပ်လျက် ကျွန်ုပ်သည် သူတို့အား လုံးဝဂရုမထားဟန်ဖြင့် နေလိုက်လေသည်။

ကျွန်ုပ်၏အမူအရာကို အကဲခတ်ကာ သူတို့ကလည်း'ချာတိတ်'တစ်ယောက်သို့မဟုတ် ဒေါသကြီးသော ဆရာတစ်ဦး၏ ခပ်နုံနုံရှေ့နေပေါက်စတစ်ယောက်ဟု သဘောထားကြလေသလားမသိ၊ ကျွန်ုပ်အပေါ်မျက်ခြည်မပြတ်စောင့်ကြည့်နေခြင်းမပြုတော့ဘဲ ကျွန်ုပ်၏ရှေ့တွင် သူတို့ကိုယ်သူတို့အလွန်ကြီးကျယ်သော ဩဇာထက်သူများအဖြစ် လိုအပ်သည်ထက် ဟန်ရေးပြနေကြလေသည်။

သဘော်ာဆေးနံ့ မပျောက်ချင်သေးသော သွပ်မိုးရုံးခန်း၏ ဝရံတာလက်တန်းတစ်နေရာတွင် မှီရင်း ကျွန်ုပ်တစ်ယောက်တည်း သီးခြားနေလိုက်သည်။ ကပ္ပတိန်ပေါလ်ဝဲက မစ္စစ်ဒရားကတ်အတွက် ဆေးသေတ္တာများကို အလုပ်သမားများအား နေရာချခိုင်းနေစဉ် သူတို့သုံးယောက်သည်လည်း ကျွန်ုပ်ကို စိတ်မဝင်စားတော့ဘဲ စံအိမ်တော်ကုန်သေတ္တာကြီးများဖြင့်သာ အလုပ်ရှုပ်နေကြသည်။

ဆေးဝါးပစ္စည်းများဖြင့် မစ္စစ်ဒရားကတ်အလုပ်များနေချိန်ဖန်ရှဝေးနှင့် ပုလိပ်နှစ်ယောက်တို့ကလည်း (ကျွန်ုပ်ရှိနေသည်ကို အကြောင်းပြု၍)ငယ်သားများ၊ ကူလီများကို လိုသည်ထက်ပို၍ ဆဲဆိုငေါက်ငမ်းခြင်း၊ စာရွက်စာတမ်းများကို အကြိမ်ကြိမ်လှန်လှောစစ်ဆေးခြင်း . . . စသည်ဖြင့် ဟန်ရေးပြနေကြချိန်တွင် ကျွန်ုပ်သည်လည်း အထိရောက်ဆုံးနှင့် အသိမ်မွေ့ဆုံးနည်းလမ်းကို အပြင်းအထန်စဉ်းစားနေရလေသည်။

ထိုအချိန်မှာပင် စံအိမ်တော်အတွက် သယ်ယူလာသော ရေခဲများ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသည့် သေတ္တာကြီးကို ကူလီလေးယောက်သည် မနိုင့်တနိုင်သယ်မကြရင်းမှ တစ်ယောက်သည် ခြေချော်လဲကျကာ သေတ္တာကြီးသည် ကျယ်လောင်သောအသံဖြင့် အောက်ကျသွားသည်။ ရေခဲတုံးများမှာလည်း ဖိတ်စင်လွင့်ကျကုန်တော့သည်။

ထိုနေရာသို့ ဖန်ရှဝေးနှင့် ပုလိပ်အရာရှိနှစ်ယောက်အပြေးအလွှား ရောက်သွားကြပြီး ကူလီများအား ဆဲဆိုကန်ကျောက်ကြလေသည်။ ထိုသို့ ဆူညံရှုပ်ထွေးနေချိန်မှာပင် ကျွန်ုပ်သည် လုပ်ရမည့်အလုပ်ကိုရွေးချယ်ရရှိသွားသည်။

အခြားမဟုတ်။ အိတ်ကပ်ထဲမှ သားရေအိတ်ကို ထုတ်ကာကျွန်ုပ်၏ အမည်၊ ဘွဲ့ဒီဂရီ၊ နေရပ်လိပ်စာပါသော သီးသန့်ကိုယ်ပိုင်စာရေးစက္ကူနှစ်ရွက်ကို ဆွဲထုတ်လိုက်ခြင်းဖြစ်သည်။ စာရေးစက္ကူနှစ်ရွက်ပေါ်တွင် ခဲတံဖြင့်စာနှစ်စောင်ရေးလိုက်သည်။ စာနှစ်စောင်စလုံးမှာ ခပ်တိုတိုပင်ဖြစ်သည်။ ထို့နောက် ရုံးခန်းစားပွဲဘေးတွင် ရပ်နေသော ကပ္ပတိန်ပေါလ်ဝဲမြင်သာအောင်စာရွက်နှစ်ရွက်ကို ထောင်ပြလိုက်သည်။ ကျွန်ုပ်ကို အရိပ်အကဲကြည့်နေသော ကပ္ပတိန်ပေါလ်ဝဲသည် အကင်းပါးစွာဖြင့် ကျွန်ုပ်ရှိရာသို့ လျှောက်လာသည်။ စာနှစ်စောင်ကို ခေါက်လျက် သူ့လက်ထဲသို့ ထည့်လိုက်လေသည်။

ကပ္ပတိန်သည် ကျွန်ုပ်၏ မျက်လုံးများကို နားလည်စွာဖြင့် ခေါင်းဆတ်ပြသည်။ ရေခဲတုံးသေတ္တာဖြင့် ယောက်ယတ်ခတ်သွားသောလူများအားလုံးပင် ထိုတစ်ဒင်္ဂမျှ ကျွန်ုပ်တို့နှစ်ဦး၏ လှုပ်ရှားမှုကို မသိလိုက်ကြ။

ရေခဲတုံးသေတ္တာကိစ္စကြောင့် ထိတ်လန့်တုန်လှုပ်သွားသော မစ္စစ်ဒရားကတ်သည်လည်း နှာရှူဆေးဗူးကိုထုတ်၍ ရှူရင်း ကုလားထိုင်တွင် ပစ်မှီလျက် မျက်စိအစုံကို မှိတ်ထားလေရာ သူမလည်း မသိလိုက်။

ဤတစ်ဒင်္ဂလှုပ်ရှားမှု၊ သို့မဟုတ် အလွန်သေးငယ်သော မျှော်လင့်ချက်ဖြင့် စွန့်စားမှုကို သိလိုက်သူမှာ ကပ္ပတိန်ပေါလ်ဝဲနှင့် ကျွန်ုပ်တို့နှစ်ဦးနောက် တတိယရှိသေးမည်ဆိုပါက ယင်းသည် ဘုရားသခင်သာဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

◆

[ ၂၁ ]

အက်စ်အက်စ်ကလိုက်ဗ်သင်္ဘော၏ မာလိန်မှူးအခန်းတွင် ဆရာအက်ဂျလောင်း၊ ကပ္ပတိန်ပေါလ်ဝဲနှင့် ကျွန်ုပ်တို့သုံးဦးသားမျက်နှာချင်းဆိုင်ထိုင်ဖြစ်ကြပြန်ပေပြီ။

ဤခရီးကား ရတနာဂီရိမှ အပြန်ခရီးဖြစ်သည်။ တစ်ညအိပ်ရပ်နားပြီး ဘုံဘေသို့ ပြန်လည်ထွက်ခွာသော အက်စ်အက်စ်ကလိုက်ဗ်ဖြင့် ကျွန်ုပ်တို့ ပြန်လည်လိုက်ပါခဲ့သည်။ ရတနာဂီရိမြေပေါ်သို့ ခြေချမိသည်ဆိုရုံမျှသာ ကျွန်ုပ်တို့ရောက်ခဲ့ခြင်းဖြစ်သည်။ ဆိပ်ကမ်းရုံးခန်း၏ဝင်းခြံကို ကျော်လွန်လျက် ခြေတစ်လှမ်းစာမျှပင် ကျွန်ုပ်တို့ ရှေ့ဆက်မတိုးနိုင်ခဲ့ကြ။

ဆရာအက်ဂျလောင်းသည် ကပ္ပတိန်ဧည့်ခံသော ဝီစကီကို ပထမတစ်ခွက်ကို သည်အတိုင်းပင် မော့ချလိုက်လေသည်။ ဆရာ့မျက်လုံးများမှာ ဝီစကီအရှိန်၊ မပြေနိုင်သေးသော အမျက်ဒေါသအရှိန်ကြောင့် ချက်ချင်းပင် နီရဲလာကြသည်။

ကြီးမားသော ငါးရိုးတစ်ချောင်း စူးဝင်ခြင်းထက်အဆပေါင်းများစွာ ပိုမို အခံရခက်လေမည်ဖြစ်သော အာဃာတနှင့် မာန်မာနတို့၏ စူးဝင်တစ်ဆို့ခြင်းကြောင့်ဆရာ့အတွက်ကျွန်ုပ်ပြောမပြနိုင်အောင်စိတ်မကောင်းဖြစ်ရသည်။

ဆရာသည် နောက်ထပ် ဝီစကီတစ်ခွက်ကို ကိုယ်တိုင်ငှဲ့ကာ တစ်ဝက်အထိ မော့ချလိုက်ပြန်သည်။ ထို့နောက် ဖန်ခွက်ကို စားပွဲပေါ်သို့ ခပ်ပြင်းပြင်းပြန်ချကာ ကျွန်ုပ်ကို ရီဝေစွာ လှမ်းကြည့်သည်။

"ဂူးလက်ချန်း . . . ပြန်ပြောစမ်း၊ မင်းရဲ့တွေးခေါ်ပုံနဲ့ မင်းလုပ်ခဲ့တဲ့ အလုပ်ကို အသေအချာပြန်ပြောဖို့လိုပြီ"

အမိန့်သံပါသောဆရာ့စကားကြောင့်ကျွန်ုပ်လည်းဝီစကီတစ်ကျိုက်ကျိုက်ကာ အားယူလိုက်ရလေသည်။

"ခွင့်လွှတ်ပါဆရာ၊ခုမှပဲကျွန်တော်အသေးစိတ်ပြန်ပြောဖို့အခွင့်ရပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရတနာဂီရိမှာတုန်းကတော့ အားလုံးဟာ . . .အဲ. . .ကတိုက်ကရိုက်နဲ့ မို့ ဆရာကျေနပ်လောက်အောင် ကျွန်တော်ရှင်းပြခွင့်မရခဲ့ပါဘူး၊ ဒါအတွက် ကျွန်တော်တောင်းပန်ပါတယ်ဆရာ"

"အဲဒါတွေကို မေ့ထားလိုက်၊ မင်းပြောစရာရှိတာပြော"

လိုအပ်လျှင် စကားဝင်ထောက်ပေးပါဟူသော အဓိပ္ပာယ်ဖြင့် ကပ္ပတိန်ပေါလ်ဝဲကို တစ်ချက်လှမ်းကြည့်ကာ သူကနားလည်ဟန်ဖြင့်ခေါင်း ညိတ်ပြလေသည်။

"ဒီလိုပါ ဆရာ၊ ဖန်ရှဝေးတို့နဲ့ ရင်ဆိုင်ရချိန်မှာ ဆရာနဲ့ထပ်တူ ကျွန်တော်ခံစားရပါတယ်၊ ကျွန်တော်က ငယ်ရွယ်သူဆိုတော့ အဲဒီရှုံ့နှံ့တွေ၊ ကျောက်စရစ်တွေ ထူပြောတဲ့ ဆိပ်ကမ်းမှာပဲ သူတို့သုံးယောက်စလုံးကို စိမ် ခေါ်ပြီး တိုက်ခိုက်ပစ်လိုက်ချင်တဲ့အထိ ကျွန်တော်ပေါက်ကွဲခဲ့ရပါတယ်"

"မစ္စတာဂူးလက်ချန်းရဲ့ လက်မောင်းကို အဲဒီတုန်းကကျွန်တော်ဖမ်း ဆွဲထားခဲ့ရတယ်"

ကပ္ပတိန်က ဝင်၍ထောက်ပေးသည်။

"ဒါပေမဲ့ တစ်မုဟုတ်ချင်းပဲ အခြေအနေတွေအားလုံးကို ကျွန်တော် ဖြန့်ကျက်မြင်လိုက်တယ် ဆရာ၊ ဒီအထဲမှာ ဖန်ရှဝေးတို့လို လူတွေနဲ့ဆရာ တစ်တန်းတည်း ယှဉ်မိသွားမှာစိုးတဲ့ စေတနာလည်း ပါတယ်လို့ ကျွန်တော် ရိုးသားစွာ ပြောပါရစေ"

ဆရာက စကားတုံ့ပြန်မဆိုဘဲ ခေါင်းညိတ်သည်။

"ဒါပေမဲ့ ကျွန်တော်တစ်ဆက်တည်း မြင်လိုက်တာကကျွန်တော်တို့ ဟာ သီပေါဘုရင်နဲ့ ဘယ်လိုမှ တွေ့ဆုံခွင့်ရနိုင်မှာ မဟုတ်ဘူးဆိုတာပဲ၊ကျွန် တော်တို့က ဇွတ်ရှေ့ဆက်တိုးရင် ဖန်ရှဝေးဟာ သူ့ကို အပ်နှံထားတဲ့ လုပ်ပိုင် ခွင့်အာဏာထဲကနေ ကျွန်တော်တို့ကို ဖမ်းဆီးချုပ်နှောင်ဖို့ဝန်မလေးဘူးဆိုတာ သိလိုက်ပါတယ်"

ကပ္ပတိန်ပေါလ်ဝဲက ဤတွင် စကားဝင်ထောက်ပေးပြန်သည်။

"ကျွန်တော့်အယူအဆအရတော့ ဟို အီဗန်နဲ့မက်ကွိုင်းဆိုတဲ့ ငနဲနှစ် ယောက်ဟာ အဲဒီနေရာမှာတင် သူတို့ရဲ့နံပါတ်တုတ်သို့မဟုတ်ခြောက်လုံးပြူး အထိ သုံးလိမ့်မယ်ထင်တယ်"

"ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ကျွန်တော်တို့နှစ်ယောက်ဟာ ပြင်သစ်အစိုးရရဲ့ လူတွေ၊ သီပေါဘုရင်ကို ဥရောပတိုက်ဆီခေါ်ထုတ်သွားကြ မယ့် သူလျှိုတွေအဖြစ်ထိတောင် သူတို့က စွပ်စွဲပြီး ကျွန်တော်တို့ကို သတ်ပစ် နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဝီစကီတစ်ကျိုက် ဆရာသောက်သည်။

"ဒီလောက်အထိ ဖြစ်သွားရတာကတော့ ကျွန်တော်တို့ဟာ ရတနာဂီရိမှာ ဒီလိုလူစားမျိုးတွေ၊ ဒီလိုအခြေအနေမျိုးတွေနဲ့ ကြုံရလိမ့်မယ်လို့ ကြို မတွက်ခဲ့တာကြောင့်ပါပဲ ဆရာ"

"တို့ဘက်က ကြိုတင်ပြင်ဆင်မှုထဲမှာ ချို့ယွင်းချက်ရှိတယ်လို့မင်း ဆိုလိုသလား ဂူးလက်ချန်း"

ချို့ယွင်းချက်ဆိုသော စကားလုံးကို ကျွန်ုပ်မသုံးလို၍ ရှောင်ရှားခဲ့သော်လည်း ဆရာက ထုတ်ဖော်သုံးလိုက်သောအခါ ကျွန်ုပ်လည်း လေးလေးနက်နက်ပင် ခေါင်းညိတ်ပြလိုက်သည်။

"ချို့ယွင်းချက်ပါပဲဆရာ၊ တစ်နည်းအားဖြင့် မညာမတာပြောရရင် ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့ကြတယ်။ ကျွန်တော်တို့ စုဆောင်းလေ့လာထားတဲ့ အချက်အလက်တွေ၊ မှတ်တမ်းတွေနဲ့တင် ပြည့်စုံပြီလို့ထင်ခဲ့ကြတယ်၊ အဲဒီအထဲမှာ သီပေါဘုရင်နဲ့တွေ့ဖို့ဆိုတာပဲ ကျွန်တော်တို့ ဆန္ဒစောပြီးတွက်ခဲ့ကြတယ်၊ ဒီအချက်ရဲ့အကြိုအဆင့်ဖြစ်တဲ့အချက်ကိုထည့် မတွက်ခဲ့ကြဘူး၊ အဲဒါကတော့ သီပေါဘုရင်နဲ့တွေ့ခွင့်ရမရဆိုတဲ့အချက်ပါပဲ"

ဆရာ့ထံမှ သက်ပြင်းရှိုက်သံတစ်ချက် ပေါ်လာသည်။

"အင်မတန် အရေးပါတဲ့ အချက်တစ်ချက်ဟာ ကျွန်တော့်ခေါင်းထဲ ဝင်လာခဲ့တယ်ဆရာ၊ အဲဒါကတော့ သီပေါဘုရင်ကို မန္တလေးမြို့ကနေ ရန်ကုန်မြို့၊ ရန်ကုန်မြို့ကနေ အိန္ဒိယပြည်ကို ခေါ်ဆောင်လာခဲ့ကြပြီး ဘုရင်နဲ့ မိသားစုကို ဘယ်နေရာမှာ ထားမလဲဆိုတဲ့ ကိစ္စကို သက်ဆိုင်ရာ အာဏာပိုင်တွေ ရွေးချယ်စဉ်းစားခဲ့ကြတဲ့ အချက်ပဲဆရာ"

"အင်း . . . ပြောစမ်း"

ဒေါသမာန်မာနနဲ့ အာဃာတများ ဆရာ့ထံတွင် ကင်းစင်စပြုကာ ပြဿနာ၏ လက်တွေ့အခြေအနေကို စိတ်ဝင်စားလာပုံရသည့်အတွက်ကျွန်ုပ် ဝမ်းသာသွားသည်။

"အာဏာပိုင်တွေဟာ ဘုရင်နဲ့မိသားစုကိုပထမဆုံးဘင်္ဂလားပိုင်နက် မိုင်ဆိုပြည်နယ်အတွင်းမှာ ထားဖို့ စဉ်းစားခဲ့ကြသေးတယ်မဟုတ်လားဆရာ"

"အင်း . . . ဟုတ်တယ်လေ၊ ဒါပေမဲ့ နောက်တော့ သူတို့ကအဲဒီလျာထားချက်ကို ပယ်ပစ်လိုက်တယ်။ မိုင်ဆိုပြည်နယ်ဟာ အေးချမ်းတာမှန်ပေမဲ့ အချက်အချာကျတယ်၊ အသွားအလာများတယ်၊ နန်းကျဘုရင်ကို ထားမယ့် ဒေသဟာ လူစည်ကားတဲ့ အရပ်မဖြစ်ရဘူး၊ တတ်နိုင်သလောက် လူတွေနဲ့ ကင်းကွာစေရမယ်လို့ အာဏာပိုင်တွေက ဆုံးဖြတ်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာစိတ်ပါလက်ပါဝင်ရောက်ဆွေးနွေးလာသည့်အတွက်ကပ္ပတိန်ပေါလ်ဝဲလည်း ဝမ်းသာနေပုံရသည်။

"ဟုတ်တယ်ဆရာ၊ နောက်တော့ မဒရပ်ပြည်နယ် ဘုရင်ခံက အာကော့မြို့နားက ရာနီပက်အရပ်မှာထားဖို့ အဆိုပြုရာမှာ ဘုရင်ခံချုပ်က ထောက် ခံခွင့်ပြုလိုက်တယ်"

"ဟုတ်တယ်. . .ဒါပေမဲ့ မဒရပ်မှာထားဖို့ဆိုတာကလည်းစတင်ဆုံးဖြတ်ကတည်းက ယာယီဆုံးဖြတ်ချက်ပဲ၊ အခြားသင့်တော်တဲ့နေရာ မရသေးမီကာလမှာသာ မဒရပ်ကို သူတို့ရွေးခဲ့ကြတာပဲ၊ဘာကြောင့်လဲဆိုတော့မဒရပ်က နေပြီး သီပေါဘုရင်က ပြင်သစ်ပိုင်တဲ့ ပွန်ဒီ ချယ်ရီနယ်ဘက်ကိုထွက်ပြေးဝင်ရောက်သွားမှာကို အာဏာပိုင်တွေဟာ သိပ်စိုးရိမ်ခဲ့ကြတာကလား"

ကျွန်ုပ်တို့၏ အာဏာပိုင်များသည် သီပေါဘုရင်အားဗြိတိသျှလက်တွင်းမှပြင်သစ်တို့ကကယ်ယူထုတ်ဆောင်သွားမည်ကိုအဓိကအချက်တစ်ရပ်အဖြစ်ထည့်သွင်းစဉ်းစားခဲ့ကြပေသည်။ပြင်သစ်တို့ကလည်းနန်းကျဘုရင်ကိုပြင်သစ်ပိုင်နက်ထဲသို့ ခေါ်ယူသွားကာ ထိုမှတစ်ဖန် ထီးနန်းပြန်ရအောင်လုပ် ပေးမည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့လေသည်။

"သီပေါဘုရင်ကို ရတနာဂီရိပို့ပြီးချိန်မှာလည်းအာဏာပိုင်တွေအနေနဲ့ အဲဒီစိုးရိမ်မှုကို လက်မလွှတ်ဘူးဆိုတာ ကျွန်တော်တို့ မေ့သွားကြတယ်ဆရာ"

"အေး . . . ဟုတ်တယ်၊ ငါလည်းဒါကိုမစဉ်းစားမိဘူးဂူးလက်ချန်း၊ အေးလေ. . .ငါတို့က နိုင်ငံရေးကို နားမှမလည်ကြတာကိုး . . ."

"ဟုတ်တာပေါ့ ဆရာ၊ ဒီတော့ နဂိုကမှရာထူးအာဏာအရှိန်ကိုပြပြီး ဟိတ်ဟန်ဝင့်ကြွားချင်တဲ့ ဖန်ရှဝေးတို့ လူသိုက်ဟာ ကျွန်တော်တို့ကို ပြင်သစ်သူလျှိုတွေလို့ မြင်မှာ မုချပဲ၊တတ်နိုင်လို့ကျွန်တော်တို့ကဝိတိုရိယဘုရင်မကြီးရဲ့ ထောက်ခံချက်ကို ထုတ်ပြတောင်မှ အဲဒါဟာ အတုတွေလို့ သူတို့ကစွပ်စွဲကြမှာ သေချာတယ်"

ကပ္ပတိန်ပေါလ်ဝဲကတဟားဟားရယ်လေသည်။နောက်ထပ်ဝီစကီတစ်ကျိုက်သောက်ပြီး ကျွန်ုပ်စကားဆက်သည်။

"နောက်တစ်ချက်က အဲဒီပထမအချက်ကနေ ဆက်လက် ပေါက်ဖွားလာတဲ့ ကိစ္စပဲဆရာ"

"မင်းဟာ လျှောက်လဲချက် တင်သွင်းနေတဲ့ ရှေ့နေတစ်ယောက်ဖြစ်နေပြီ ဂူးလက်ချန်း၊ ဆက်ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယနဲ့ အဓိကအချက်ကတော့ ကျွန်တော်တို့ဟာ ဘယ်သူမှ မငှားတဲ့ရှေ့နေတွေဖြစ်နေကြခြင်းပါပဲ ဆရာ"

"မင်း . . . ဘာကိုဆိုလိုတာလဲ"

"သီပေါဘုရင်မှာ ကြွေးမြီဆိုင်ရာ ပြဿနာတွေနဲ့ အခြားပြဿနာတွေအတွက် သူ့ဘက်က ရှေ့နေလိုက်ဖို့ အစိုးရကလည်း မခေါ်ဘူး၊အမှုသည်ဖြစ်တဲ့ သီပေါဘုရင်ကလည်း မတောင်းဆိုဘူး၊တောင်းဆိုရမှန်းသီပေါဘုရင်ကိုယ်တိုင် သဘောမပေါက်သေးတာလည်း ပါပေမပေါ့ ဆရာရယ်၊ ဒီအခြေအနေမှာ ကျွန်တော်တို့က ကိုယ့်ကိုယ်ကို ခန့်အပ်တဲ့ ရှေ့နေအဖြစ်ရောက်သွားလေတော့ . . ."

ထိုင်နေရာမှ ဆရာဝုန်းခနဲ ထသည်။ စင်စစ်ဤကိစ္စသည်ပြဿနာတစ်ခုလုံး၏အချက်အချာဖြစ်သည်။ဆရာသည်စိတ်ပေါ့ပါးရွှင်လန်းမနေဘူးဆိုလျှင် ထိုချက်ကောင်းကို ကျွန်ုပ်ပြောရဲလိမ့်မည် မဟုတ်ချေ။

မထူးတော့ပြီဖြစ်၍ ကျွန်ုပ်ဆက်တိုက်ပြောချလိုက်လေသည်။

"ကျွန်တော်တို့ ရွေးချယ်စရာ နှစ်လမ်းရှိတယ် ထင်ပါတယ် ဆရာ၊ တစ်လမ်းက ဘုံဘေအစိုးရအနေနဲ့ သီပေါဘုရင်ဘက်က လိုက်ပါဖို့ အစိုးရရှေ့နေ ငှားရမ်းမယ့် အခြေအနေ၊ နောက်တစ်လမ်းက သီပေါဘုရင်ကိုယ်တိုင်က ငှားတဲ့အခြေအနေ"

စားပွဲပေါ် လက်ထောက်လျက် ကိုယ်ကို ကိုင်းညွတ်ကာ ဆရာ ကျွန်ုပ်ကို စူးစူးရဲရဲကြည့်နေသည်။

"ပထမနည်းလမ်းက အစိုးရက ရှေ့နေငှားဖို့ ကိစ္စ၊ ဒါကတော့လုံးဝ မဖြစ်နိုင်ဘူး၊ ဘုံဘေအစိုးရဟာ သီပေါဘုရင်ရဲ့ ပြဿနာတွေကို သူတို့နည်းနဲ့ သူတို့သာ ကိုင်တွယ်ဖြေရှင်းသွားမှာပဲ၊ဆိုလိုတာကတော့တရားဥပဒေကြောင်း နည်းလမ်းနဲ့ မဟုတ်ဘဲ စီမံခန့်ခွဲရေးနည်းလမ်းနဲ့ ကိုင်တွယ်သွားမှာ မုချပဲ"

"အဲဒီတော့ ဒုတိယနည်းလမ်းက ငါတို့ ရွေးချယ်ရမယ်လို့မင်းဆိုလိုသလား"

"ဟုတ်ပါတယ် ဆရာ၊ သီပေါဘုရင်ကိုယ်တိုင်က သူ့ဘက်ကနေ လိုက်ပေးမယ့် ရှေ့နေတစ်ယောက်ကို တောင်းဆိုရမှာပဲ၊ နန်းကျဘုရင်ရဲ့ တောင်းဆိုမှုဟာ နိုင်ငံရေးနဲ့ မပတ်သက်ဘူးဆိုရင် ဒီတောင်းဆိုမှုကို အစိုးရက ခွင့်ပြုနိုင်လိမ့်မယ် ထင်ပါတယ်"

"ဒါပေမဲ့ ဂူးလက်ချန်း၊ သီပေါဘုရင်က ရှေ့နေတစ်ယောက်ကို လိုအပ်နေကြောင်း သူကိုယ်တိုင်သဘောပေါက်နိုင်ပါ့မလား၊ ပြီးတော့ အဲဒီလို တောင်းဆိုဖို့ကော သူစဉ်းစားမိပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ပေါလ်ဝဲအလှည့် ရောက်ပြီဖြစ်လေသည်။ ကျွန်ုပ်က ကပ္ပတိန်ကို အလှည့်ဝင်ပေးရန် လက်ရမ်း၍ ပြလိုက်သည်။

"အဲဒီလိုဖြစ်အောင် ကျွန်တော်နဲ့ မစ္စတာဂူးလက်ချန်း နှစ်ယောက်သား ရတနာဂီရိမှာ အစီအစဉ်တစ်ခု လုပ်ခဲ့ကြတယ် ဆရာအက်ဂျလောင်း"

"ဘယ်လိုအစီအစဉ်တစ်ခုလဲ"

ကပ္ပတိန်ပေါလ်ဝဲရှင်းပြသည်မှာ စေ့စပ်လှသည်။ ကျွန်ုပ်တို့နှစ်ယောက် မစ္စစ်ဒရားကတ်နှင့်အတူ သွပ်မိုးရုံးခန်းသို့ ထွက်ခဲ့ကြသည်မှအစ အားပြု၍ ကပ္ပတိန်က ပြောသည်။

ဆိပ်ကမ်းရုံးခန်းသို့ ကျွန်ုပ်တို့ရောက်သွားကြပုံ၊ အိမ်တော်ဝန် ဖန်ရှုဝေးနှင့် ပုလိပ်အရာရှိနှစ်ယောက် ဟိတ်ဟန်ထုတ်နေကြပုံ၊ ထို့နောက် စံအိမ်တော်သို့ ပို့မည့် ရေခဲတုံးသေတ္တာကြီးလွတ်ကျသွားပုံ၊ ထိုအချိန်တွင် ကျွန်ုပ်က သီးသန့်ကိုယ်ပိုင်သုံး စာရေးစက္ကူနှင့် စာနှစ်စောင် ထုတ်ရေးပုံ။

"အဲဒီ စာနှစ်စောင်မှာ တစ်စောင်က ကျွန်တော့်အတွက် မစ္စတာ ဂူးလက်ချန်း၊ ရေးခဲ့တာပါ၊ စာပါ အကြောင်းအရာက. . ."

ကျွန်ုပ်ကိုယ်တိုင် ဝင်ရှင်းမှ ပို၍ ရေလည်ပေမည်။ အလွန်သေးငယ်သော မျှော်လင့်ချက်ဖြင့် စွန့်စားခြင်း လုပ်ရပ်သည် ရူးမိုက်ခြင်း၊ စိတ်ကူးယဉ်ခြင်းလည်း ဖြစ်နိုင်ပေသည်။

"ဒီလိုပါ ဆရာ၊ ကပ္ပတိန်ဆီကို ရေးတဲ့စာက (ပူးတွဲပါစာကို ဖတ်ကြည့်ပါ၊ ထို့နောက် မစ္စစ်ဒရားကတ်ကို မရရအောင် ဆွဲဆောင်စည်းရုံးပါ၊ ပူးတွဲပါစာကို မစ္စစ်ဒရားကတ်မှတစ်ဆင့် သီပေါဘုရင်လက်ထဲရောက်အောင် ပို့ပေးပို့ ပြောပါ) လို့ ရေးလိုက်တာပါ"

ဆရာ ငြိမ်သက်စွာ နားထောင်နေသည်။ ကျွန်ုပ်က ဆက်၍ ရှင်းပြသည်။ "ဒုတိယစာကတော့ သီပေါဘုရင်ဆီကို ရေးလိုက်တဲ့ စာပါပဲ"

ဆရာ့ပခုံးကြီးနှစ်ဖက်မြင့်တက်သွားသည်။

"အဲဒီစာထဲမှာ ကျွန်တော်ရေးလိုက်တာက (ကျွန်ုပ်သည် ရှေ့နေတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်၏ဆရာနှင့်အတူ ရတနာဂီရိသို့လာခဲ့ကြသည်။ဘုရင်မင်းမြတ်၏ အကျိုးကိုသယ်ပိုးရန် ကျွန်ုပ်တို့လာခဲ့ကြခြင်းဖြစ်ပါသည်။သို့သော် ဖန်ရှုဝေးနှင့် ပုလိပ်များက ဟန့်တားသဖြင့် ဘုရင်မင်းမြတ်ကို တွေ့ခွင့်မရတော့ဘဲပြန်သွားကြပါပြီ။ ဤစာရွက်ထိပ်မှလိပ်စာအတိုင်း ဘုရင်မင်းမြတ် ကျွန်ုပ်တို့ကို ဆက်သွယ်နိုင်ပါသည်။) ဒီလို ရေးလိုက်ပါတယ်"

ဆရာသည် လက်သီးကို ဆုပ်လျက် ရင်ဘတ်ရှေ့တွင် လှုပ်ရမ်းရင်း

"ငါသိပြီ ဂူးလက်ချန်း၊ ကပ္ပတိန်ပေါလ်ဝဲက ဟိုသူနာပြုဆရာမကို



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးပြီး အဲဒီစာကို သီပေါဘုရင်လက်ထဲ မရောက်ရောက်အောင် ပို့ပေးဖို့ တိုက်တွန်းမယ်၊ သူနာပြုဆရာမကလည်း ဖန်ရှုဝေးတို့ကို မုန်းတီးနေတဲ့သူဆိုတော့ သူဟာ တို့ဘက်သားဖြစ်ဖို့ လွယ်ကူမယ်၊ ဒီနည်းနဲ့မင်းရဲ့စာဟာသီပေါဘုရင်လက်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားလိမ့်မယ်၊ ဒီလိုမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"သူနာပြုဆရာမဟာ စာကို သီပေါဘုရင်လက်ထဲ အရောက်ပို့ပေးလိမ့်မယ်လို့ မင်းယုံကြည်သလား"

"ယုံကြည်နိုင်တဲ့ အထောက်အထားတွေ ရှိနေတယ် ဆရာ"

"ဘာတွေလဲ"

"တစ်အချက်ကဆရာပြောသလိုဖန်ရှုဝေးတို့ကိုမစ္စစ်ဒရားကတ်ဟာကြည့်လို့မရဘူး၊ ဒီတော့ ကျွန်တော်တို့ဘက်ကို သူမဟာ အလိုအလျောက်ပါဝင်လာပြီးဖြစ်တယ်၊ နှစ်အချက်က ကပ္ပတိန်ပေါလ်ဝဲဟာ မစ္စစ်ဒရားကတ်အပေါ်မှာ ကျေးဇူးရှိခဲ့ဖူးတယ်၊သုံးအချက်ကမစ္စစ်ဒရားကတ်ရဲ့ပြန်လည်ကမ်းလှမ်းချက်ကို ကပ္ပတိန်ကတစ်ဆင့် ကျွန်တော်လက်ခံခဲ့တယ်၊ အဲဒါကတော့ သီပေါဘုရင်ကိစ္စကို သူက ကျွန်တော်တို့ အလိုရှိတဲ့အတိုင်း ကူညီပေးတဲ့အတွက် သူ့ကိုလည်း ဘုံဘေက ဘုရင့်တပ်မတော်ဆေးရုံကို ပြောင်းရွှေ့နေနိုင်ဖို့၊ ရတနာဂီရိကနေ ထွက်ခွာနိုင်ဖို့ ကျွန်တော်တို့က လုပ်ပေးရလိမ့်မယ်၊ မစ္စစ်ဒရားကတ်ဟာ ရတနာဂီရိမှာ မနေချင်ဘူးဆရာ၊ ဘုံဘေဘုရင့်တပ်မတော်ဆေးရုံကို ပြောင်းချင်လွန်းလို့ သူမမှာ ရူးမတတ်ဖြစ်နေတယ်၊ အပေးအယူသဘောပေါ့ဆရာ၊ ဒီအတိုင်း ဖြစ်စေရမယ်လို့ ကျွန်တော်ကတိပေးခဲ့တယ်"

"မင်းကဘာကြောင့် ရဲရဲဝံ့ဝံ့ကတိပေးခဲ့ရတာလဲ ဂူးလက်ချန်း ..."

"မိဖုရားစုဖုရားလတ် သမီးတော်လေး မွေးဖွားစဉ်က တာဝန်ယူခဲ့တဲ့ ဒေါက်တာ ဘရန်ဖုနဲ့ ဆရာနဲ့ ရင်းနှီးတယ်မဟုတ်လား၊ ပြီးတော့ ဒေါက်တာဘရန်ဖုဟာ ပေါက်ရောက်တဲ့ ဆရာဝန်ကြီးမဟုတ်လား"

"ကြည့်စမ်း၊ မင်းက ငါ့အားကိုးနဲ့ ကတိပေးခဲ့တာပေါ့လေ. . ."

"ဆရာ့အစွမ်းကို အားကိုးတာပါ ဆရာ"

"ဟေး . . . ခြသေ့်ကလေး၊ ကြည့်စမ်း၊ မင်းအတော်ဆိုးတဲ့ကောင်ပါလား"

ဆရာက ကျွန်ုပ်၏ လက်မောင်းကိုလက်သီးဖြင့်ခပ်ဆတ်ဆတ်ထိုးလေသည်။ ကပ္ပတိန်ပေါလ်ဝဲက တဟားဟားရယ်လျက် ဝီစကီပုလင်းကိုရွှေ့တိုးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . . ကျွန်တော်တို့ မစ္စစ်ဒရားကတ်ရဲ့ ကျန်းမာရေးအတွက် ဆုတောင်းပြီး သောက်ကြရအောင်လား"

ယခုမှပင် စိတ်ရှင်းပေါ့စွာ ရယ်နိုင်ကြတော့သည်။

"မစ္စစ်ဒရားကတ်အတွက် ဆုတောင်းရင်း သောက်ကြပြီးနောက် ဆရာက ဆေးပြင်းလိပ်ကို မီးညှိရင်း ပြောသည်။

"မင်းရဲ့စာကို သီပေါဘုရင် သဘောပေါက်ပါစေလို့ ဆုတောင်းရမှာပဲကွ"

"အဲဒါအတွက်လည်း ကျွန်တော်တို့ မစ္စစ်ဒရားကတ်ကိုလုံးလုံးလျားလျား အားကိုးထားပါတယ်၊ ဖန်ရှဝေးနဲ့ သူ့လူတွေရဲ့ မိုက်မဲမှုဟာ ဒီနေရာမှာတော့ ကျွန်တော်တို့အတွက် အလားအလာကောင်း ဖြစ်သွားတယ်၊ မစ္စစ်ဒရားကတ် ပြောပုံအရတော့ သီပေါဘုရင်လည်း ဖန်ရှဝေးတို့ကို မလိုလားဘူး၊ဒီအပေါ်မှာ မစ္စစ်ဒရားကတ်ဟာ သီပေါဘုရင်ကို အချိန်ရတိုင်း တိုက်တွန်းဆွဲဆောင်ပေးပါလိမ့်မယ်"

"ဒီအတိုင်းဆိုရင်တော့အဆင်ပြေသွားနိုင်တယ်ဂူးလက်ချန်း၊သီပေါဘုရင်အနေနဲ့ သူ့ဘက်က ရပ်တည်ပေးမယ့်ရှေ့နေတစ်ယောက်ကိုငှားမယ်ဆိုရင် အစိုးရဟာ မငြင်းသာပါဘူး၊ ငြင်းဖို့ ကြိုးစားတယ်ဆိုရင်လည်း မိမိရဲ့လက်အောက်ခံနိုင်ငံအဖြစ် သိမ်းသွင်းထားပြီးသော နိုင်ငံတစ်ခုက နန်းကျဘုရင်တစ်ပါးအပေါ်မှာ ဗြိတိသျှအင်ပါယာဟာ ဂုဏ်သိက္ခာနဲ့အညီ ဘယ်လိုကျင့်သုံးသင့်တယ်ဆိုတဲ့ အကြောင်းကို ကမ္ဘာသိအောင် ငါက တိုင်လိုက်မှာပေါ့"

ဆရာ့စကားမှာ အင်အားပါလှသောကြောင့် ကျွန်ုပ်မှာ အတိုင်းမသိဝမ်းသာသွားသည်။

"ဒေါက်တာဘရန်ဖုကိစ္စရော ဆရာ၊ ဘုရင့်တပ်မတော် ဆေးရုံကိစ္စ၊ အဲဒါလေးလဲ ဆရာမေ့မထားပါနဲ့ဦး"

"သုံးလအတွင်းမှာ အဲဒီသူနာပြုဆရာမဟာ သူလိုချင်တဲ့နေရာကို ရောက်စေရမယ်ကွာ"

"ဒါဆိုရင် ကပ္ပတိန်နဲ့ ကျွန်တော်နှစ်ယောက်ပေါင်းပြီး ဆရာ့ကို မ တိုင်ပင်ဘဲ လုပ်ခဲ့တဲ့ကိစ္စဟာ ရူးမိုက်တာ မဟုတ်တော့ဘူးပေါ့ဆရာ"

"ရူးမိုက်တဲ့လူတွေနဲ့ ရင်ဆိုင်ရတဲ့အခြေအနေမှာ အဲဒီရူးမိုက်တဲ့တုံ့ ပြန်ချက်တွေဟာ တကယ်အလုပ်ဖြစ်သွားတတ်တယ်ကွ"

စိတ်လက်ပေါ့ပါးစွာဖြင့် ကျွန်ုပ် သဘော်ဦးပိုင်းသို့ လျှောက်လာခဲ့သည်။ 'အောင်မြင်စွာ ဆုတ်ခွာခြင်း'ဟူသောစစ်သုံးဝေါဟာရတစ်ခုကိုသာ ရ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ကျွန်ုပ်တို့သည်ရတနာဂီရိမြေပေါ်တွင်ခြေချဖူးသည်ဆိုရုံမျှသာခြေချခဲ့ရသည်။

သို့သော် ထိုမြေ ထိုဒေသ၌ ခြေရာချင်းထပ်အောင် ကျင်လည်လှုပ်ရှားရလိမ့်မည်ဟူသော ယုံကြည်ချက်က ရင်တွင်းမှာ တလိပ်လိပ်တက်လာသည်။

အက်စ်အက်စ်ကလိုက်ဗ်သည် နီကြန်သောမြစ်ရေပြင်ကိုဖြတ်သန်းခုတ်မောင်းနေသည်။ မကြာမီ ပင်လယ်ကိုဖြတ်တော့မည်။သင်္ဘောခုတ်မောင်းခဲ့ရာ ရေပြင်ဝယ် သင်္ဘောနောက်မြီးမှ ဖွာရရာကြဲသွားသော လှိုင်းတို့သည် ရှုပ်ထွေးစွာ ဝေ့ဝိုက်လည်ပတ်လျက် ကျန်ရစ်ခဲ့ကြပေမည်။ သို့သော် သင်္ဘောဦးကား ရေပြင်ကို ခွဲလျက် တစ်ရှိန်ထိုးရွေ့လျားနေလေသည်။

ရတနာဂီရိနှင့် ယခုအကြိမ် ဝေးကွာခြင်းသည်နောင်အချိန်များတွင် ရတနာဂီရိနှင့် နီးကပ်ဖို့ပင်ဖြစ်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၂၂ ]

ရတနာဂီရိမှ ပြန်ရောက်ပြီးနောက်ပိုင်းတွင် ကျွန်ုပ်သည် အနားယူချိန် မရှိလောက်အောင် အလုပ်များလာတော့သည်။

ဦးစွာ ဘုံဘေမြို့တပ်ဂျ်မဟာလ်ဟိုတယ်၏ အပေါ်ဆုံးထပ် အခန်းကျဉ်းတစ်ခန်းကို ငှားလိုက်သည်။ ဟိုတယ်ကောင်တာစာရေး ပေးသောစာရွက်တွင် ကျွန်ုပ်၏အမည်နှင့် ဂုဏ်ထူးကို ဖြည့်ပြီး နေထိုင်မည့် ကာလနေရာတွင် လေးလဟု ရေးသွင်းလိုက်သောအခါ ဟိုတယ်စာရေးသည် မျက်ခုံးပင့်လျက် ကျွန်ုပ်ကိုကြည့်သည်။ သို့သော် သုံးလစာတည်းခိုခကို တစ်ခါတည်းထုတ်ပေးပြီး သူ့အတွက် ဘောက်ဆူးကို ခပ်နင့်နင့် ပေးလိုက်သောအခါတွင်မှ သူသည် ကျွန်ုပ်အား ဆရာချင်း မိုးမွှန်နေအောင် ခေါ်လေတော့သည်။ ထို့နောက် ကျွန်ုပ်ငှားသောအခန်းကို ဘုရင်ခံချုပ်များနှင့် သူတို့၏မိသားစုက လာရောက်ငှားရမ်းသည့်တိုင်အောင် အခန်းလုံးဝမအားဟု သူက ငြင်းပယ်လွှတ်မည်ဖြစ်ကြောင်း တဖွဖွပြောလေသည်။

ဆရာက သူ့အိမ်တွင်နေရန် ပြောသေးသည်။ သို့သော် ဝင်ချည်ထွက်ချည်ဖြင့် အချိန်အကန့်အသတ်မရှိ အလုပ်လုပ်ရမည်ဖြစ်သည့်အတွက် ဟိုတယ်မှာပင် နေခွင့်ပြုရန် ဆရာ့ကို တောင်းပန်ရလေသည်။

တပ်ဂျ်မဟာလ်ဟိုတယ်တွင် အခန်းငှားပြီးနောက် ပထမဆုံး ကျွန်ုပ်၏ အလုပ်မှာ ကာလကတ္တားသို့ ပြန်ခြင်းပင်ဖြစ်သည်။ အခန်းရှိရာသို့ လုံးဝမတက်ဘဲ အဝတ်သေတ္တာနှင့် လက်ဆွဲအိတ်များကိုသာ သိမ်းဆည်းထားခိုင်းပြီး သော့ကို ပြန်အပ်လိုက်သောအခါ ကောင်တာစာရေးမှာ အံ့အားသင့်လျက် ကျန်ရစ်ခဲ့သည်။

ဝစ္စဒမ်ဗီလာတွင် ဒီဗားသည် ကျွန်ုပ်ထင်သည့်အတိုင်း ကျွန်ုပ်ကို မျှော်လင့်တကြီးစောင့်နေသည်။ ကာလကတ္တားတက္ကသိုလ်မှဖိတ်စာများ၊ အိန္ဒိယင့်ကလပ်မှ ဖိတ်စာများကို ဖယ်ရှားလိုက်ပြီး သစ်လုပ်ငန်း ကုမ္ပဏီငှာရိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



စာရင်းများ၊ လက်မှတ်ထိုးရမည့် ပုံစံများကို ရွေးချယ်ကာ စာကြည့်ခန်း စားပွဲတွင် နေ့တစ်ဝက်လုံးလုံးထိုင်ကာ ထိုအလုပ်များကို ရှင်းပစ်လိုက် သည်။

ထိုနောက် ဒီဗားက ရှေ့နေကြီး မစ္စတာပရဲယားလာသည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ကြောင်း ပြောသည်။ မစ္စတာပရဲယား ဘာကြောင့်လာသည်ကို ကျွန်ုပ်သိပြီးဖြစ်သော်လည်း အဘိုးကြီးအား အကြောင်းကြားခိုင်းလိုက်သည်။

ထင်သည့်အတိုင်းပင် မစ္စတာပရဲယားက အမွေစား အမွေခံစာချုပ် အကြောင်း ပြောပြသည်။ ကျွန်ုပ်အသက်သုံးဆယ်ပြည့်တော့မည့်အချိန်တွင် ထိုသို့ သတိပေးနှိုးဆော်ရမည်မှာ သူ့တာဝန်ပင်ဖြစ်ပေသည်။

“မစ္စတာဂျိုနသန်ဖရန့်ရဲ့ သေတမ်းစာအရ မကြာခင် အသက်သုံးဆယ်ပြည့်တော့မယ့် မစ္စတာဂူးလက်ချန်းဟာ အိမ်ထောင်ရေးကို စတင်စဉ်းစားနိုင်ပြီဖြစ်ပါတယ်၊ တတိယအချက် စည်းကမ်းကို ကျုပ်အနေနဲ့ သတိပေးနှိုးဆော်ပါတယ်”

ကျွန်ုပ်က ဟက်ဟက်ပက်ပက်ရယ်လိုက်သောအခါ အဘိုးကြီးသည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

“ကျွန်တော် အိမ်ထောင်ပြုခဲ့ရင် ယူမယ့်မိန်းမဟာ စာချုပ်ပါ ပထမအချက်နဲ့ ဒုတိယအချက်တွေကို ထိခိုက်ခြင်းမရှိစေရဆိုတဲ့တတိယအချက်ကို ပြောတာမဟုတ်လား မစ္စတာပရဲယား၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာမှ ဆွေးနွေးစရာ မရှိသေးပါဘူး၊ သတိပေးနှိုးဆော်တာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မစ္စတာပရဲယား၊ အဲဒီစည်းကမ်းချက်တွေကိုခဏမေ့ထားကြရအောင်၊ အိမ်ထောင်ရေးဆိုတာကို ကျွန်တော်တို့ရိုးရိုးလေးတွေးကြည့်ကြရအောင်လား”

“ဘယ်လို ရိုးရိုးလေး တွေးတာလဲ မစ္စတာဂူးလက်ချန်း”

“ဒီလိုလေ၊ အိမ်ထောင်ရေးမှာ ပထမလိုအပ်ချက်က ဘာလဲ”

သူမသိကြောင်း မစ္စတာပရဲယားက ဖြေသည်။ ဤတွင် ဘဏ္ဍာစိုးကြီးဒီဗားက သူ့ကို စကားပြောခွင့်ပေးရန် ခွင့်တောင်းပြီး . . .

“ပထမလိုအပ်ချက်ဟာ အချစ်ပဲလို့ ကျွန်တော်ထင်တယ်”

ဟု ပြောသည်။

“သိပ်ဟုတ်တာပေါ့၊ အိမ်ထောင်ပြုဖို့အတွက် ပထမဆုံး ကျွန်တော်ဟာ မိန်းမတစ်ယောက်ကို စိတ်ဝင်စားရမယ်၊ သဘောကျရမယ်၊ ပြီးတော့ ဒီဗားပြောတဲ့ အချစ်ဆိုတာ ပေါ်ပေါက်လာရမယ်”

မစ္စတာပရဲယားက ဘာမှ နားမလည်ဟန်ဖြင့် ကြည့်နေသည်။

“အခု ကျွန်တော်ဟာ ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူး၊ ဒီတော့ သဘောကျတာ မကျတာလည်း မရှိဘူး၊ ဒီတော့ အဲဒီအချစ်ဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ် ရောက်နေမှန်း မသိဘူး၊ ဒါကြောင့် အိမ်ထောင်ရေးကိစ္စဟာလည်း ကျွန်တော်နဲ့ ဘာမှ မသက်ဆိုင်ဘူး"

"နောင်တစ်ချိန်မှာကော မစ္စတာဂူးလက်ချန်း . . ."

"ဘုရားသခင်ပဲ သိနိုင်လိမ့်မယ် မစ္စတာပရဲယား"

အဘိုးကြီးသည် ကျွန်ုပ်ကို အခိုးအငွေ့တစ်ခုပမာ ကြည့်နေသည်။

ဝစ္စဒမ်ဗီလာနှင့်တကွ အရပ်ရပ် ပစ္စည်းဥစ္စာများကို အမွေဆက်ခံဖို့ ဝစ္စဒမ်ဗီလာသို့ စတင်ရောက်ရှိလာချိန်က ဂူးလက်ချန်း မဟုတ်တော့ကြောင်းကို သူမေ့နေဟန်တူသည်။ သူသည် ကျွန်ုပ်ကို လန်ဒန်မှ ရောက်လာကာစ လူငယ်လေးတစ်ယောက်အဖြစ်သာ မြင်နေသလားမသိပေ။

မစ္စတာပရဲယား ပြန်သွားပြီးနောက် ဒီဗားက ကျွန်ုပ်ကို နှစ်ဦးချင်း စကားပြောခွင့် တောင်းလာပြန်သည်။

"ပြောလေ. . .ဒီဗား"

"ဟိုကိစ္စပါပဲ လူကလေးရယ်၊ မစ္စတာပရဲယားနဲ့ ဆွေးနွေးခဲ့တဲ့ကိစ္စ"

"ဘာလဲ. . .အိမ်ထောင်ရေးလား"

"အချစ်. . .အချစ်ဆိုတဲ့ အကြောင်းအရာ. . ."

"အချစ် ဟုတ်လား၊ ဘာဖြစ်လို့လဲ ဒီဗား"

"အချစ်ဆိုတာလည်း ဘယ်ရောက်နေမှန်း မသိဘူးလို့ လူကလေး ပြောခဲ့တယ်၊ အဲဒါတကယ်လား၊ အခုထိ မိန်းကလေးတစ်ယောက်ယောက်နဲ့ ပတ်သက်ပြီး လူကလေးမှာ အဲ . . . ဆိုပါတော့၊ အချစ်စိတ် မပေါ်ပေါက်သေးဘူးလား"

"ဘာဖြစ်လို့ ဒါတွေ မေးနေရတာလဲ ဒီဗား၊ အဲဒီကိစ္စဟာ ကျွန်တော်တို့ ဆွေးနွေးရမယ့် ကိစ္စမဟုတ်ဘူး"

"ဒီလိုပါ လူကလေးရယ်၊ ဒီဗားက စိုးရိမ်လို့ပါ"

"ဘာကို စိုးရိမ်တာလဲ"

"လူကလေး မသိပေမဲ့ လူကလေးအနားမှာ မိန်းမပျိုလေးတွေ အများကြီးရှိနေတယ်၊ သူတို့အားလုံးဟာလှပပျိုရွယ်တဲ့မိန်းကလေးတွေချည်းပါပဲ၊ သူတို့က လူကလေးကို စိတ်ဝင်စားနေကြတယ်၊ အဲဒီထဲကနေပြီး အကြောင်းတစ်ခုခုကြောင့် လူကလေးဟာ တစ်ယောက်ယောက်နဲ့ အဲ. . .ဆက်သွယ်မိသွားနိုင်တယ် ဆိုပါတော့၊ လူကလေးမှာ အချစ်စိတ်ဆိုတာပေါ်ပေါက်လာမယ်၊ လူကလေးရဲ့ ချစ်သူဟာ ရုပ်ရည်လှပမယ်၊မျိုးရိုးဆွေဂုဏ်ကြီးမားမယ်၊ သို့သော် သူက လူကလေးအပေါ်မှာ မေတ္တာစစ်နဲ့မဟုတ်ဘဲ လူကလေး ချမ်းသာကြွယ်ဝမှုတွေ၊ အဆင့်အတန်း မြင့်မားမှုတွေကို မက်မောပြီး ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာတာမျိုး ဖြစ်မယ်ဆိုရင် . . .”

ဒီဗား၏လက်ကို ကျွန်ုပ်ဆွဲကိုင်လိုက်သည်။

“ဒီဗားပြောပုံအတိုင်းဆိုရင် ကျွန်တော်ဟာ အသက်သုံးဆယ်ပြည့်တော့မယ့် ယောကျ်ားတစ်ယောက် မဟုတ်ဘဲ အပျိုဖော်ဝင်ကာစ မိန်းပျိုလေးတစ်ယောက်လို ဖြစ်နေပြီ၊ မစိုးရိမ်ပါနဲ့ ဒီဗားရယ်၊ မိန်းမလှလေးတွေကိုကျွန်တော် စိတ်မဝင်စားပါဘူး၊ ကျွန်တော့်မှာ . . .”

ရတနာဂီရိကိစ္စကို ဒီဗား မသိသင့်သေးဟုသတိရမိသဖြင့်စကားကို ရပ်ပစ်လိုက်ရလေသည်။

“တခြားလုပ်စရာတွေ အများကြီး ကျန်ပါသေးတယ်”

“ဒါဆိုရင် ဘဏ္ဍာစိုး အဘိုးကြီးကို လူကလေးကတိတစ်ခုပေးနိုင်မလား”

“ဘယ်လိုကတိမျိုးလဲ . . . ပြော”

“အခုမဟုတ်ပေမဲ့ တစ်ချိန်ချိန် မိန်းကလေးတစ်ယောက်နဲ့ တွေ့လာလို့ အချစ်ဆိုတာ လူကလေးဆီမှာ ပေါက်ဖွားလာတဲ့အခါ ဒီဗားသိပါရစေ”

“ကောင်းပြီ၊ ကတိပေးတယ်၊ သိရစေမယ်”

ကာလကတ္တားတွင်လေးရက်သာနေခဲ့ပြီးဘုံဘေသို့ကျွန်ုပ်ပြန်လာခဲ့သည်။ တပ်ဂျ်မဟာလ်ဟိုတယ်တွင် ကျွန်ုပ်အတွက် ဖိတ်စာတစ်စောင်နှင့်စာတစ်စောင်က ဆီးကြိုနေသည်။ စာမှာ ဆရာအက်ဂျလောင်း၏ စာဖြစ်သည်။ ဖိတ်စာကို ထုတ်ပေးသော ကောင်တာစာရေး၏လက်များမှာ တုန်နေသည်။ ကျွန်ုပ်သာ ဘုံဘေသို့ အချိန်မီ ပြန်မရောက်က သူကိုယ်တိုင် ကာလကတ္တားသို့ လိုက်လာပြီး ကျွန်ုပ်ကို ကုန်းပိုးချီ၍ ခေါ်တော့မတတ် သူပြောသည်။

အကြောင်းမူ ဖိတ်စာမှာ ဘုံဘေဘုရင်ခံ လော့ဒ်ရေးထံမှ ပို့လိုက်သော ဖိတ်စာ ဖြစ်နေသောကြောင့်ပင်။

► ► ►

ဘုံဘေဘုရင်ခံ၏ ပါတီမှာ သူဘုံဘေသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသော နှစ်ပတ်လည် ဧည့်ခံပွဲဖြစ်သည်။ လော့ဒ်ရေးသည် ၁၈၈၅ ခုနှစ်ကမှ ရောက်ရှိလာသူဖြစ်သည်။ ဤပွဲသို့ ကျွန်ုပ်တက်ရောက်ခွင့်ရအောင် ဆရာက သူ့အဆက်အသွယ်များဖြင့် ဖိတ်စာပို့လိုက်ခြင်းပင်ဖြစ်ပေမည်။

စာအိတ်ပိတ်ထားသော ဆရာ့စာထဲတွင် ‘ဘုရင်ခံ ဧည့်ခံပွဲသို့ ကောက်စ်၊ ပရောပတ်၊ ကင်ဒီတို့ တက်ရောက်ကြလိမ့်မည်။ ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



ထောက်မလျှင် လော့ဒ်ဒပ်ဖရင်ကိုယ်တိုင်ရောက်လာမည်ဟုမျှော်လင့်ရသည်။ အသင့်ပြင်ထား' ဟု ရေးထားသည်။

ပွဲကြီးပွဲကောင်း စပေတော့မည်။

ဘုရင်ခံချုပ် မဟာဝန်ရှင်တော်မင်းကြီး၊ အခွန်တော်ဝန်စသောထိပ်တန်းနိုင်ငံရေး အာဏာပိုင်များ စုံညီကြမည့် ဧည့်ခံပွဲဖြစ်သည်။ သို့သော်ဆရာ့ စာပါ ပုဂ္ဂိုလ်များစာရင်းတွင် ကျွန်ုပ်စိတ်ဝင်စားသူတစ်ယောက်သာ ရှိသည်။ သူကား ဒုဗိုလ်မှူးကြီး ကောက်စ်ဖြစ်လေသည်။

ကျွန်ုပ်ရောက်ရှိကြောင်း ဆရာ့ထံ အကြောင်းကြားပေးရန် ကောင်တာစာရေးအား အမိန့်ပေးခဲ့ပြီး ငှားထားသော အခန်းထဲသို့ ပထမဆုံးအကြိမ်ဝင်ခဲ့သည်။

ဧည့်ခံပွဲမှာ ညနေခြောက်နာရီဖြစ်သည်။ နှစ်နာရီမျှ အချိန်ရသေးသည်။ ကာလကတ္တားမှ ဘုံဘေသို့ မီးရထားစီးခဲ့သော်လည်းအထက်တန်းတွဲဖြင့် လိုက်ခဲ့သောကြောင့် ခရီးပန်းခြင်းမရှိပေ။

ခုတင်ပေါ်မှာပင် မှတ်စုမှတ်တမ်းများကိုထုတ်၍ ဒုဗိုလ်မှူးကြီးကောက်စ်နှင့်ပတ်သက်သော အချက်အလက်များကို ထပ်မံလေ့လာသည်။

'ဒုဗိုလ်မှူးကြီးကောက်စ် မြန်မာပြည်တွင် ဒုတိယပုလိပ်မင်းကြီးအဖြစ် အမှုထမ်းခဲ့၊ မြန်မာစကား ကောင်းစွာတတ်၊ သီပေါဘုရင်သည် ကောက်စ်အပေါ်တွင် အားကိုးယုံကြည်ပုံရ၊ဘုရင်နှင့်အနီးကပ်နေထိုင်ခဲ့၊မဟာဝန်ရှင်တော်မင်းကြီး ဘားနဒ်နှင့် ကောက်စ်တို့ သီပေါဘုရင်နှင့်ပတ်သက်၍ အယူအဆချင်းမတူကြ၊ ကောက်စ်သည် သီပေါဘုရင်မိဖုရားနှင့် မြန်မာနန်းတွင်းအမှုထမ်းတို့၏ သဘာဝကို နားလည်သဘောပေါက်၊ ကောက်စ်၏ဇနီးကိုယ်တိုင် မဒရပ်တွင် သီပေါဘုရင်ထံ လာရောက်လည်ပတ်ခဲ့၊ ရန်ကုန်မှ ရောက်လာသော ပြင်သစ်လူမျိုး ဒီဖားရှင်းဆိုသူက မဒရပ်ရှိ သီပေါဘုရင်ကို တွေ့လိုကြောင်း ခွင့်တောင်းသည်ကို ကောက်စ်က ပယ်ချခဲ့၊ ဘုရင်၏ အဖိုးတန်ရတနာများနှင့် ပတ်သက်၍ ကောက်စ် အတွင်းကျကျသိခဲ့၏"

အရေးပါသော အချက်အလက်များကို ထပ်မံစိစစ်လေ့လာကာမှတ်တမ်းကို ပြန်ပိတ်လိုက်သည်။ ဆရာကိုယ်တိုင်လည်း ဒုဗိုလ်မှူးကြီးကောက်စ်နှင့် ရင်းနှီးသည်ဟု ပြောဖူးသည်။ သည်အတိုင်းဆိုလျှင် ကောက်စ်သည် ကျွန်ုပ် တို့ လှုပ်ရှားမှုလမ်းကြောင်း၏ စတင်ရွေ့လျားမှတ် ဖြစ်ရပေမည်။

တက်ကြွရွှင်လန်းစွာပင် ရေချိုးခန်းသို့ ဝင်ခဲ့သည်။ မုတ်ဆိတ်ရိတ်ပြီးနောက် ရေအေးအေးကို တဝကြီး ဖွင့်ချိုးလိုက်သည်။ ဒီဗားသာ အတူရှိနေလျှင် အနက်ရောင်ဝတ်စုံကို အသင့်ထုတ်ပြီးသား ဖြစ်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဝဖိုင့်ဖိုင့် လည်ပင်းကုပ်ပိုးသားကြီးများ အထပ်ထပ်တက်လျက် နီမြန်းသော မျက်နှာများကို နေရာတိုင်းတွင် တွေ့နေရသည်။ ထိပ်တန်းအရာရှိကြီးများ အားလုံးလိုလိုပင် အဆီရစ်နေသော လက္ခဏာများကို ဆောင်ထားကြသည်။ ကတော်စိုးများမှာလည်း အများအားဖြင့် ဝဖိုင့်သော ကိုယ်လုံးများဖြစ်နေကြသည်။ ခါးစည်းကြိုးကို တင်းကျပ်စွာ ချည်နှောင်လျက် ငှက်မွေးရောင်စုံတပ် အနားကျယ်ဦးထုပ်ကြီးများကို ဆောင်းထားခြင်းဖြင့် အမျိုးသမီးများသည် သူတို့၏ ပုံပျက်ပန်းပျက် ဝဖီးနေသော ကိုယ်ခန္ဓာများကို အချိုးပြေစေရန် လှည့်စားထားကြသည်။ သူတို့ကိုကြည့်လျှက် ဗြိတိသျှအင်ပါယာ လက်အောက်ရှိ ပဋိညာဉ်ခံ အရာရှိကြီးများ၏ ကိုယ်အလေးချိန်ကို ကန့်သတ်သည့် အမိန့်တစ်ရပ်ထုတ်ပြန်သင့်သည်ဟု ကျွန်ုပ်တွေးမိနေလေသည်။

ဘုံဘေမြို့၏ ပူပြင်းသော လတစ်လဖြစ်သည်။

ပါတီပွဲကို ဘုရင်ခံစံအိမ်တော်၏ ကျယ်ပြန့်သော ပန်းခြံကွက်လပ်ထဲတွင် ကျင်းပသည့်တိုင် ပန်းချုံကြီးများဘေးတွင် တိုင်းရင်းသားအစေခံများက ကြီးမားသော ငှက်မွေးယပ်တောင်ကြီးများဖြင့် ယပ်ခတ်ပေးကြရသည်။

ဖြူဖွေးသော ဝတ်စုံဝတ်စားပွဲထိုးများမှာ အရက်နှင့်စားစရာလင်ပန်းများကိုကိုင်ကာ ဥဒဟိုသွားလာနေကြသည်။ စံအိမ်၏ ဆင်ဝင်တစ်ခုအောက်တွင် တီးဝိုင်းတစ်ဖွဲ့က တီးမှုတ်ဖျော်ဖြေနေသည်။

ဆရာက ကျွန်ုပ်လက်ကို ဆွဲလျက် တစ်ဝိုင်းပြီးတစ်ဝိုင်း ခေါ်သွားသည်။ ကာလကတ္တားအိုရီယင့်ကလပ်မှ မိတ်ဆွေဟောင်းများလည်း တက်ရောက်ကြလေရာ ကျွန်ုပ်ကိုတွေ့သောအခါ သူတို့သည်အံ့အားသင့်ဟန်ပြုကြလေသည်။ သို့သော် လပေါင်းများစွာ ပျောက်ကွယ်နေရာမှယခုလိုဘုရင်ခံ၏ ပါတီပွဲတွင် တွေ့ဆုံရသည့်အတွက် ဝမ်းသာကြောင်း၊ ဝစ္စဒမ်ဗီလာတွင်လည်း ပါတီတစ်ခုခု ကျင်းပသင့်ကြောင်း ပြောကြသည်။

ကျွန်ုပ်အနေဖြင့်မူ ပါတီတက်ရောက်လာသော ထိုဂုဏ်သရေရှိ မင်းပရိသတ်များကို စိတ်မဝင်စားမိချေ။ ထုံးစံအတိုင်း ရာသီဥတုအကြောင်း၊ အိန္ဒိယပြည်အကြောင်း၊ ဟော်ကီပွဲများအကြောင်း၊ ရာထူးဌာနန္တရများအကြောင်း ပြောဆိုနေကြသည့် စကားဝိုင်းများအလယ်တွင် ယဉ်ကျေးသော အမူ အရာများကို ပြသရင်း ငြီးငွေ့ကျဉ်းကျပ်လာလေသည်။

ဆရာကား စကားဝိုင်းတစ်ဝိုင်းတွင် အနည်းဆုံး အသိမိတ်ဆွေတစ်ယောက်ကျဖြင့် ရောက်တတ်ရာရာ စကားများကို ပြောနိုင်ပေသည်။ ကျွန်ုပ်ကို မိတ်ဆွေအသစ်များနှင့် မိတ်ဆက်ပေးသောအခါတွင်သူ့တပည့်လက်ထောက်အနေဖြင့် မဟုတ်ဘဲ ဝစ္စဒမ်ဗီလာမှ မစ္စတာဂူးလက်ချန်းဟုမိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'ဝစ္စဒမ်ဗီလာ' ဟု ကြားရချိန်တွင် ထိုသူတို့သည် မျက်ခုံးပင့်လျက် ကျွန်ုပ်ကို တလေးတစား ဆက်ဆံကြကြောင်းလည်း တွေ့ရသည်။

နာရီဝက်လောက်ကြာသွားသည့်တိုင် ကျွန်ုပ်တွေ့လိုသူကို မတွေ့ရသေး။ ဒုဗိုလ်မှူးကြီးကောက်စ်ကို မမြင်သည့်အတွက် ပါတီပွဲသို့ တက်ရောက်ခဲ့ခြင်းသည် အကျိုးမဲ့ ဖြစ်နေလေပြီလားဟု တွေးမိသည်။

ထိုစဉ် ပရိသတ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ အိမ်ရှင် ဘုရင်ခံလော့ဒ်ရေးသည် စကားဝိုင်းတစ်ဝိုင်းတွင် ရပ်စကားပြောနေရာမှ ဆင်ဝင်အောက်သို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။ ပရိသတ်အားလုံး ဦးခေါင်းများမှာလည်း တညီတညွတ်တည်း ဆင်ဝင်ဆီသို့ လှည့်သွားကြသည်။

"အိုး . . . လော့ဒ်ဒပ်ဖရင် ရောက်လာပြီကော"

ကျွန်ုပ်တို့ ဝိုင်းထဲမှ ကတော်ကြီးတစ်ယောက်က ရေရွတ်သည်။

ဖိတ်ဖိတ်တောက် အော်စတင်ကားနက်တစ်စီး ဆင်ဝင်အောက်သို့ ဆိုက်လာသည်။ ကာကီယူနီဖောင်းဝတ် အိမ်တော်စောင့် ဆာဂျင်နှစ်ယောက်က အပြေးအလွှားတံခါးဖွင့်ပေးကြသည်။ ကားထဲမှ ဆင်းလာသူမှာ ဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင် ဖြစ်လေသည်။ ဘုရင်ခံချုပ်ကတော်လည်း နောက်မှလိုက် ပါလာသည်။ တစ်ဖက်ဆင်ဝင်အောက်၌ တီးဝိုင်းက ဂုဏ်ပြုတီးလုံးကို ကျယ် လောင်စွာ တီးမှုတ်လိုက်ကြလေသည်။

ဘုရင်ခံချုပ် ရောက်လာခြင်းကြောင့် ပရိသတ်အားလုံးလှုပ်လှုပ်ရွရွ ဖြစ်သွားသော်လည်း ထိုအထဲတွင် ကျွန်ုပ်မပါချေ။ ထိုစဉ်မှာပင် . . .

"ဂူးလက်ချန်၊ ဟိုမှာ တို့လူ ပါလာပြီဟေ့ . . ."

ဆရာက ကျွန်ုပ်နားသို့ တိုးတိုးကပ်ပြောသည့်အတွက် ဘုရင်ခံချုပ်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

ဗိုက်ပူပူဖြင့် အဆီယစ်နေသော အရာရှိကြီးများကြားတွင် ခပ်ပိန်ပိန် အရပ်ရှည်ရှည်လူကြီးတစ်ယောက်ကို မားမားမားမားဖြင့် တွေ့လိုက်ရလေ သည်။ သူ့အရပ်ကြီးသည် ခြောက်ပေနှစ်လက်မလောက်ရှိမည်ဟု ခန့်မှန်းမိ သည်။

"အဲဒါ ကောက်စ်ပဲ"

ရှည်လျားသော အရပ်အမောင်းအပြင် ထူးခြားသော အခြားလက္ခဏာမှာ အဖျားတွင် ကော့ပျံတက်နေသော ရှည်လျားလှသည့်နှုတ်ခမ်းမွေးကြီးပင် ဖြစ်သည်။ ဒုဗိုလ်မှူးကြီးကောက်စ်ကားလူပုံအလယ်တွင်ထင်းခနဲပေါ်နေသော ဥပဓိရုပ်ရှိသူ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လားဟေ့ ဂူးလက်ချန်း၊ ကောက်စ်ဟာ ဘုရင်ခံချုပ်နဲ့အတူ ပါလာတယ်"

ဆရာ့ကို ကျွန်ုပ်ခေါင်းညိတ်ပြလိုက်သည်။ ကောက်စ်၏အရေးပါပုံကို ဆရာဆိုလိုခြင်းဖြစ်သည်။

"နှုတ်ဆက်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတယ်၊ တို့က ဒီမှာပဲ အသာနေလိုက်ရအောင်၊ လူရှင်းမှ သွားတွေ့ကြမယ်"

ဗြိတိသျှအင်ပါယာအရှင်သခင်များသည်ပြင်သစ်တို့နှင့်မသင့်မြတ်ဟု ဆိုသော်လည်းပါတီကိုမူပြင်သစ်ဆန်ဆန်ဘူဖေးလုပ်ထားပြန်သေးသည်။ မြက်ခင်းပြင်ကို ဝိုင်းရံထားသော အရပ်သုံးမျက်နှာရှိ ပန်းရုံကြီးများရှေ့၌စားပွဲရှည်ကြီးများခင်းထားကာ စားစရာများကို အလျှံပယ် တည်ခင်းထားသည်။ အလိုရှိရာကို မိမိဘာသာထည့်ယူစားသောက်သူများဖြင့်ထိုစားပွဲရှည်ကြီးများ တစ်ဝိုက်မှာလည်း စည်ကားလျက် ရှိလေသည်။

ဘုရင်ခံချုပ်၊ ဘုရင်ခံနှင့် အခြားအရာရှိကြီးများက စကားတစ်ဝိုင်း၊ ဘုရင်ခံချုပ်ကတော်နှင့် အခြားကတော်များက ဝိုင်းတစ်ဝိုင်းစကားကောင်းနေကြချိန်တွင် ဆရာသည် ကျွန်ုပ်ကို "လာဟေ့ ဂူးလက်ချန်း အခွင့်ကောင်းပဲ" ဟု ဆိုကာ ဆွဲခေါ်သွားသည်။

ဒုဗိုလ်မှူးကြီး ကောက်စ်သည် နှင်းဆီပန်းရုံကြီးတစ်ခုနားတွင် အခြားအရာရှိသုံးလေးယောက်နှင့်အတူ ရှိနေသည်။

ကျွန်ုပ်တို့ကို မြင်ရသည်နှင့် သူဆရာ့ကို နှုတ်ဆက်သည်။

"ဟေး . . . ဖရက်ဒ်၊ နေကောင်းရဲ့လား"

"နေကောင်းတယ်၊ မင့် ခါးနာကော သက်သာရဲ့လား"

ဆရာနှင့် ဒုဗိုလ်မှူးကြီးကောက်စ်တို့ ရင်းနှီးသည်ဟု သိထားခဲ့သော်လည်း သည်မျှကျွမ်းဝင်ကြမည်ဟု ကျွန်ုပ်မထင်ခဲ့ပေ။ ဆရာ့အမည် ဖရက်ဒရစ် အက်ဂျလောင်းအား 'ဖရက်' ဟု ခေါ်ခြင်းကို ထောက်ပြီးလျှင် သူတို့ ချင်း ဘယ်လောက်ရင်းနှီးကြကြောင်း နားလည်ရတော့သည်။

"ခါးနာ မသက်သာသေးဘူး၊ ငါက အလုပ်တာဝန်တွေ ပိနေမှနေကောင်းထိုင်သာ ရှိတယ်ထင်ပါရဲ့၊ အခုအိန္ဒိယပြည်ရောက်ပြီးသက်သက်သာသာ ရုံးထိုင်နေရတော့မှ ခါးက ပိုနာလာတယ်"

"မောင်ရင် ဒေါက်တာဘရန်ဖုန့် ပြနေတာ မဟုတ်လား"

"ဘရန်ဖုလား၊ သူကိုယ်တိုင်ကလည်း အစာမကြေတဲ့ရောဂါဖြစ်နေတယ်လေ"

ဝိုင်းထဲရှိ အခြားအရာရှိများမှာ ဆရာနှင့် ဒုဗိုလ်မှူးကြီးကောက်စ်တို့



www.burmeseclassic.com

www.burmeseclassic.com



တရင်းတနှီးပြောနေကြသည်ကို တွေ့ရသည်တွင် အလိုက်သိစွာ ဘေးသို့ ဖယ်သွားကြသည်။

"ကောက်စ်. . .မင်းခါးနာနေပေမဲ့ သတိတော့ ကောင်းသေးတယ်မဟုတ်လား"

"ဘာဖြစ်လို့လဲ . . .ငါဒီလောက်အသက်မကြီးသေးပါဘူးဖရက်ရဲ့"

"ဒါဆိုရင် ဟောဒီက ငါ့တပည့်နဲ့ မင်းကို မိတ်ဆက်ပေးချင်တယ်"

"ဖရက်၊ သူ့နာမည်က ဂူးလက်ချန်း၊ ဟောဒါ ဒုဗိုလ်မှူးကြီးကောက်စ်"

"ဂူးလက်ချန်း"

ကျွန်ုပ်၏အမည်ကို သူရေရွတ်ရင်း စဉ်းစားဟန်ပြုသည်။ ပြီးမှ

"အိုး . . . ငါသတိတွေ ကောင်းပါသေးတယ်၊ ဝစ္စဒမ်ဗီလာနဲ့ဖရန့်ညီနောင် သစ်ကုမ္ပဏီကို အမွေဆက်ခံတဲ့ ကာလကတ္တားက ရှေ့နေကလေးမဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်ကွာ"

"ကျွန်တော်လည်း ဝမ်းသာလှပါတယ် ဗိုလ်မှူးကြီးခင်ဗျား"

ရှည်လျားတင်းကျပ်သော သူ့လက်ချောင်းများဖြင့် ထိတွေ့ရသည်။ ကျွန်ုပ်သည် အဖျားကော့ပျံ၍ ရှည်လျားသည့် နှုတ်ခမ်းမွေးကြီးများရှိသော ဗိုလ်မှူးကြီးအား ခင်မင်သွားမိလေသည်။

"အိုးရီးယင့်ကလပ်မှာ ကိုယ့်မိတ်ဆွေတွေရှိတယ်၊ သူတို့က ပြောတယ်၊ မောင်ရင်ဟာ ကလပ်ရန်ပုံငွေနဲ့ အလှူငွေကို အများဆုံးထည့်ဝင်ပြီး ကလပ်ကို အကြိမ်အနည်းဆုံးတက်တဲ့ မင်ဘာတစ်ယောက်ပဲတဲ့၊ တစ်ခါဖရက်ဒ်ကလည်း သူ့ရဲ့ အားအကိုးရဆုံး တပည့်ရင်းချာလို့ ပြောဖူးတယ်၊ ကိုယ်ကတော့ မောင်ရင်ဟာ လန်ဒန်ကနေ ဝစ္စဒမ်ဗီလာကို ရောက်လာတာကြားရကတည်းက စိတ်ဝင်စားစရာဇာတ်လမ်းတစ်ပုဒ်ပဲလို့ တွေးခဲ့မိတယ်၊ ကိုယ်ကတော့ တောမတ်စ်ဟာဒီရဲ့ ပရိသတ်တစ်ယောက်လေ"

ဗိုလ်မှူးကောက်စ်နှင့် ဆက်ဆံရေးမှာ မျှော်လင့်သည်ထက် များစွာပို၍ အဆင်ပြေချောမွေ့နေသောကြောင့် ကျွန်ုပ်မှာ ဝမ်းသာမဆုံး ရှိရတော့သည်။ သူ့စကားထဲတွင် သူသည် တောမတ်စ်ဟာဒီ၏ပရိသတ်ဟုဆိုသည်။ စာရေးဆရာကြီးတောမတ်စ်ဟာဒီ၏ ဝတ္ထုများမှာ ၁၉ ရာစုအဦးပိုင်းတွင် အလွန်လူကြိုက်များသော ဝတ္ထုများဖြစ်သည်။ တောမတ်စ်ဟာဒီ၏ ဝတ္ထုများတွင် ဘဝအလှည့်အပြောင်းအချိုးအကွေ့များ၏ ကြီးမားသော အရေးပါပုံများကို ဖွဲ့တတ်လေရာ ထိုစာရေးဆရာကြီး၏ ဝတ္ထုများကို ကြိုက်တတ်သော ဗိုလ်မှူးကြီးကောက်စ်သည် ကျွန်ုပ်၏ဘဝကိုလည်းစိတ်ဝင်စားသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဗိုလ်မှူးကြီးခင်ဗျား၊ကျွန်တော်လည်းတောမတ်စ်ဟာဒီကို ဖတ်ပါတယ်၊ အခု မကြာခင်မှာတောင် သူ့ဝတ္ထုစာအုပ်အသစ်တစ်အုပ် ထွက်တော့မယ်လို့ ကြားရပါတယ်"

"ဟုတ်လား၊ ဘာစာအုပ်ပါလိမ့်"

"(ကက်စတာဘရစ်မြို့တော်ဝန်) တဲ့၊၁၈၈၆ခုနှစ်ထုတ်ပါပဲ၊လန်ဒန်က အင်ပါယာစာအုပ်တိုက်ကိုကျွန်တော်မှာထားပါတယ်၊ဘုံဘေစာအုပ်တိုက်တွေဆီတော့ မရောက်သေးဘူး ထင်ပါတယ်"

"အိုး . . . သိပ်ကောင်းတာပေါ့၊ ဘာတဲ့ . . .စာအုပ်နာမည်က. . ."

"ကက်စတာဘရစ်မြို့တော်ဝန်ပါ ခင်ဗျား"

"ကျေးဇူးပဲ ဂူးလက်ချန်းရေ၊ နေပါဦး၊ ဖရက်ဒ်မင့် တပည့်ဟာစာ သမားတစ်ယောက်ဆိုတာကိုတော့ မင်းငါ့ကို ပြောပြမထားပါလား"

"ငါ ပြောဖူးတယ် ကောက်စ်၊ မင်းမေ့နေလို့ပါ၊ ခါးနာရောဂါထဲကိုမင့် သတိတချို့ပါသွားပြီထင်တယ်"

ကော့ပျံနေသော နှုတ်ခမ်းမွေးအဖျားများကို သပ်လျက် ဗိုလ်မှူးကြီးသည် တဟားဟား ရယ်လေသည်။

"ကောက်စ်၊ ငါတို့ ဆယ်မိနစ်လောက် စကားပြောရအောင်"

"ပြောလေ. . .ဘာအကြောင်းလဲ"

မင်းပေါင်းစုံသော ပါတီပွဲများသို့တက်ရောက်ခြင်း၏အဓိကအကျိုးတရားကို ကျွန်ုပ် ယခုမှပင် ကောင်းစွာ သဘောပေါက်ရလေသည်။

"ငါတို့ ဆရာတပည့်နှစ်ယောက် မင့်အကူအညီကို လိုအပ်နေတယ်"

"ဟုတ်လား၊ နေဦး ဖရက်ဒ်၊ ဒီနေရာက တီးဝိုင်းနဲ့ နီးနေတော့ သိပ် ဆူညံလွန်းတယ်၊ ဟိုဘက်သွားကြရအောင်"

အရွက်ဖားဖားကြီးများပေါ်တွင် အဖြူစင်းများ ကျားနေသော ပန်းရုံကြီးဆီသို့ ကျွန်ုပ်တို့ သုံးဦးသား လျှောက်ခဲ့ကြသည်။ ထိုနေရာမှာအနည်းငယ်ချောင်ကျသောနေရာဖြစ်လေသည်။ ပန်းရုံကြီးနားအရောက်တွင် ဖြတ်သွားသော စားပွဲထိုးတစ်ယောက်ကို ခေါ်၍ ဆရာက ကော့ညက်သုံးခွက်တောင်းယူလိုက်သည်။

ကော့ညက်ခွက်ကို ကိုယ်စီကိုင်ကာ သုံးပွင့်ဆိုင် ရပ်ကြသည်။

"ပြီးခဲ့တဲ့ အပတ်ထဲက ငါတို့နှစ်ယောက် ရတနာဂီရိကို ရောက်ခဲ့ကြတယ် ကောက်စ်"

ဆရာက နိဒါန်းမပျိုးဘဲ ပြောချလိုက်သည်။ ဗိုလ်မှူးကြီးကောက်စ်မှာ အံ့အားသင့်သွားပုံရသည်။ ဆရာက ဖန်ရှဝေးတို့နှင့် ပြဿနာဖြစ်ပုံ၊



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောပေါ် ပြန်တက်ခဲ့ပြီး ဘုံဘေသို့ ပြန်လိုက်ခဲ့ရပုံများကို အကျဉ်းချုပ်၍ ပြောပြသည်။ သို့သော် ကျွန်ုပ်၏ စာနှစ်စောင်နှင့် သူနာပြုဆရာမ မစ္စစ်ဒရားကတ်အကြောင်းများကိုကား ချန်ထားခဲ့သည်။

"အဲဒါပဲ ကောက်စ်၊ ငါတို့ဟာ သီပေါဘုရင်ရဲ့ ရှေ့နေများအဖြစ် လိုက်ပါဆောင်ရွက်ခွင့် ရဖို့အရေးမှာ အဟန့်အတား ဖြစ်နေတယ်"

ဗိုလ်မှူးကြီးသည် ကော့ညက်ကို ခပ်ဖြည်းဖြည်းစုပ်ယူရင်း အတန်ကြာ တိတ်ဆိတ်နေသည်။ ခဏကြာမှ . . .

"သီပေါဘုရင်မှာ ငွေကြေးနဲ့အခြားလူမှုရေးအခက်အခဲတွေရှိနေတာတော့ အမှန်ပဲ ဖရက်ဒ်၊ ဒါပေမဲ့ အဲဒါတွေနဲ့အတူ နိုင်ငံရေးပြဿနာတွေက ရှုပ်ထွေးပြီး ပါနေကြတယ်၊ မင်းတို့ဆရာတပည့်နှစ်ယောက်ဟာသီပေါဘုရင်ရဲ့ ရှေ့နေတွေအဖြစ် လိုက်ပါဆောင်ရွက်ဖို့ ဆုံးဖြတ်ပြီးကြပြီလား"

ဆရာက ကျွန်ုပ်ကို လှမ်းကြည့်သည်။

"ဘာတွေပဲ ရှိနေရှိနေ ကျွန်တော်တို့ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ပြီးကြပါပြီ ဗိုလ်မှူးကြီးခင်ဗျား"

"အင်း . . . ဒါဆိုလည်း ရှေ့ဆက်တိုးကြပေါ့ကွယ်၊ တစ်ခုတော့ ကိုယ် အလေးအနက် အကြံပေးချင်တယ် ဂူးလက်ချန်း"

"ဟုတ်ကဲ့. . .ပြောပါ ဗိုလ်မှူးကြီး"

"ပတ်သက်ဆက်နွယ်နေတဲ့ နိုင်ငံရေးပြဿနာတွေကိုတော့မောင်ရင်တို့ လုံးဝ မထိမကိုင်ကြပါနဲ့၊ အတတ်နိုင်ဆုံး ကင်းအောင်နေကြပါ"

"ပြင်သစ်ပြဿနာကို ဆိုလိုပါသလား ဗိုလ်မှူးကြီးခင်ဗျား"

"ပြင်သစ်တွေ အပါအဝင် အခြားရှုပ်ထွေးတဲ့ ပြဿနာတွေ ရှိတယ်၊ အင်မတန် သိမ်မွေ့တယ်၊ မဒရပ်မှာ သီပေါဘုရင်နဲ့ မိသားစုနေထိုင်ခဲ့စဉ်က ကိုယ်တို့ အများကြီး ဦးနှောက်ခြောက်ခဲ့ရတယ်၊ နန်းကျဘုရင်ကို တွေ့လိုသူ၊ စကားပြောလိုသူတွေနဲ့ မဒရပ်စံအိမ်တော်မှာ အများကြီးခြေရှုပ်ခဲ့တယ်၊ ကိုယ့်ဇနီးကိုယ်တိုင် သီပေါဘုရင်ဆီသွားလည်ခဲ့သေးတယ်၊နောက်ဥရောပတိုက်သူငါးယောက်လည်း လာခဲ့ကြတယ်၊ မစ္စစ်ဂရန့်ဆိုတဲ့အမျိုးသမီးကြီးနဲ့လေဒီဂရီဂါဆိုတဲ့ အမျိုးသမီးကြီးတွေဆိုရင် စုဖုရားလတ်နဲ့တောင် အတော်လေးရင်းနှီးသွားခဲ့ကြသေးတယ်၊ အဲဒီ ဧည့်သည်တွေကို အထပ်ထပ်စစ်ဆေးကြတဲ့ကြားထဲက ပြဿနာပေါ်လိုက်သေးတယ်"

"နိုင်ငံရေးပြဿနာလား ကောက်စ်"

"ဟုတ်တယ်၊ ပြင်သစ်စစ်တပ်က ဗိုလ်မှူးတစ်ယောက်ရဲ့ စာတစ်စောင်ရောက်လာတယ်၊ သူ့စာထဲမှာ သီပေါဘုရင်အနေနဲ့ဗြိတိသျှစစ်တပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပြန်လည်တွန်းလှန်တိုက်ခိုက်မယ်ဆိုရင်ပြင်သစ်တပ်အနေနဲ့ကောသူ့အနေ နဲ့ပါ သက်စွန့်ကြိုးပမ်း ပါဝင်အမှုထမ်းပါမယ်လို့ ရေးထားတယ်၊ ဒါပေမဲ့ ဒီစာဟာ ငါ့လက်ထဲ ရောက်လာတယ်၊ ငါက အတွင်းဝန်ချုပ်ကတစ်ဆင့် အစိုးရဆီ တိုက်ရိုက်တင်လိုက်တယ်၊ အဲဒီနောက်မှာတော့ အထက်အမိန့်အရ သီပေါဘုရင်ဆီကို ဝင်တွေ့ချင်တဲ့လူတွေကိုလည်းပိတ်ပင်လိုက်တယ်၊ရောက် လာတဲ့ စာတွေကိုလည်း စေ့စေ့စပ်စပ် စစ်ဆေးရတယ်၊ နောက်ဆုံး သီပေါ ဘုရင်အနေနဲ့ မြန်မာပြည်အောက်ပိုင်း ထားဝယ်မှာရှိတဲ့သူ့ယောက္ခမဆင်ဖြူမ ရှင်မိဖုရားကြီးနဲ့ ဆက်သွယ်တဲ့ သာမန်စာတွေ၊ ကြေးနန်းတွေကိုတောင် ငါ တာဝန်ယူပြီး စစ်ဆေးရတယ်၊ သီပေါဘုရင်ကို ပို့လိုက်တဲ့ကိစ္စမှာ အဲဒီလို ပြင်ပနဲ့ ဆက်သွယ်မှုတွေဟာ အဓိကအကြောင်းတစ်ရပ်ပဲ"

"အခုတော့ အဲဒီပြဿနာတွေအားလုံး ရှင်းသွားပြီလို့ ပြောလို့ရမလား"

"ခုချိန်ထိတော့ ရတနာဂီရိဟာ အေးဆေးငြိမ်သက်နေတယ်လို့ပြော ရမှာပဲဖရက်ဒ်၊ဒါပေမဲ့ခုချိန်ခါမှာမြန်မာပြည်ထဲမှာတော်လှန်ပုန်ကန်မှုတွေ ရှိနေတယ်၊ထက်မြက်ပြီးခေတ်မီတိုးတက်တဲ့မြန်မာမင်းညီမင်းသားအချို့ဟာ ပြည်တွင်းတော်လှန်ပုန်ကန်မှုနဲ့အတူပြည်ပအင်အားတစ်ခုခုနဲ့အဆက်အသွယ် ယူဖြစ်သွားမှာကို အစိုးရက မလိုလားဘူးလေ"

"ဒါပေမဲ့ ဗိုလ်မှူးကြီးခင်ဗျား၊ နန်းကျဘုရင်ဟာ အခုရတနာဂီရိမှာ ဘယ်သူနဲ့မှ ဘယ်ပြင်ပကမ္ဘာနဲ့မှ ထိတွေ့ခွင့်မရဘဲ အထီးကျန်ရှိနေပြီမဟုတ် ပါလား"

ဗိုလ်မှူးကြီးက ကျွန်ုပ်ကို စူးခနဲ တစ်ချက်ကြည့်သည်။သူ့အကြည့် က မနှစ်မြို့ဟန် မရှိသော်လည်း နားအလည်ရခက်လှပေသည်။

"အေး . . . ဟုတ်တယ်၊ သီပေါဘုရင်ဟာ ရတနာဂီရိစံအိမ်တော် အမှုထမ်းတွေ၊ တာဝန်ရှိပုဂ္ဂိုလ်တွေကလွဲပြီး ဘယ်သူနဲ့မှ ထိတွေ့ခွင့်မရှိတော့ ဘူး ဂူးလက်ချန်း၊ ဒါပေမဲ့ မင်းတို့ဆရာတပည့်နှစ်ယောက် ရောက်သွားရင် တော့ တစ်မျိုးပေါ့လေ. . ."

"ဒီမယ် . . . ကောက်စ်၊ ငါတို့ ဆရာတပည့်နှစ်ယောက်ဟာနိုင်ငံ ရေးနဲ့ ဘယ်လိုမှမပတ်သက်စေရဘူးလို့မင်းကိုကတိပေးပါတယ်သူငယ်ချင်း"

ဆရာ့၏အသံမှာ လှိုက်လှိုက်လှဲလှဲရှိလှသည်။

"မင်းတို့ကို ငါယုံပါတယ်လေ၊ ကဲ. . .အခု ငါဘာလုပ်ပေးရမှာလဲ"

ဗိုလ်မှူးကြီးကောက်စ်၏ စကားမှာ ပွင့်လင်းလွန်းလှသည့်အတွက် ကျွန်ုပ်မှာ ဝမ်းသာခြင်းနှင့်အတူ အံ့အားသင့်သွားမိသည်။ ဆရာကကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ကို အနီးရှိ သစ်ခွတန်းပေါ်သို့ လှမ်းတင်လိုက်ကာ. . .

"သီပေါဘုရင်ရဲ့ အရပ်ရပ်အခက်အခဲတွေအတွက် တို့ကို ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခွင့်ရဖို့ မင်းတတ်နိုင်တဲ့ဘက်က ကူညီပေးပါ၊ ရုံးတော်နဲ့ သက်ဆိုင်ရာ တရားရေးဌာနတွေဆီကို ဆက်သွယ်လျှောက်ထားဖို့ကတော့ တို့တာဝန်ထား၊ မင်းက တတ်နိုင်တဲ့ ဘက်ကနေ ကူညီပေးဖို့ပဲ"

"ဘာလဲ၊ ငါက သီပေါဘုရင်အတွက် မင်းတို့နှစ်ယောက်ဟာ အသင့် တော်ဆုံး ရှေ့နေတွေဖြစ်ကြောင်း ထောက်ခံပေးဖို့လား"

"မင့်ရာထူးအနေနဲ့ ဒီလောက်ထိ လုပ်လို့မရဘူးဆိုတာ. . .ငါတို့ သဘောပေါက်ထားပါတယ် ကောက်စ်ရယ်၊ ငါတို့လိုချင်တာက အကယ်၍ သီပေါဘုရင်က ရှေ့နေလိုချင်လို့ ငှားပြီဆိုတဲ့အချိန်၊ တို့ကလည်း လိုက်ပါဆောင်ရွက်ဖို့ အသင့်ဖြစ်နေချိန်မှာ ဘုရင်ခံချုပ်ကမင့်သဘောထားကိုတောင်းခံလာခဲ့ရင် မင့်အနေနဲ့ ကန့်ကွက်ရန်မရှိကြောင်းလောက် ပြောပေးရုံပါ"

"အင်း . . . အစိုးရယန္တရားကြီးထဲမှာ ခွေးသွားစိပ်တစ်ခုအနေနဲ့ ငါ အဲဒီလောက်တော့ လည်ပတ်လို့ ရပါတယ်လေ၊နောက်ကောဘာလုပ်ပေးရဦးမလဲ"

"မင်းဟာ သီပေါဘုရင်ရဲ့ အယုံကြည်အားအထားဆုံးသော တစ်ဦးတည်းသော ဗြိတိသျှအရာရှိဆိုတာ ငါတို့သိတယ်၊ သီပေါဘုရင်နဲ့လည်း ရင်းနှီး နီးကပ်ခဲ့တယ် မဟုတ်လား၊ ဒီတော့ သီပေါဘုရင်အကြောင်းကို မင့်ဆီက ငါတို့ အသေးစိတ် သိချင်တယ်"

"အဲဒါက လိုအပ်လို့လား"

"ကောက်စ်. . .ငါတို့ရဲ့ အမှုသည်ဟာ တိုင်းပြည်တစ်ပြည်ရဲ့ အထွတ်အထိပ် သက်ဦးဆံပိုင်ဖြစ်ခဲ့ဖူးတဲ့ နန်းကျဘုရင်တစ်ပါးလေ. . ."

ဗိုလ်မှူးကြီးက ပခုံးနှစ်ဖက်ကို မြှင့်လျက်. . .

"ကောင်းပြီလေ၊ ငါသိသမျှ ပြောပြပါမယ်၊အချက်အလက်တွေပေးမယ်၊ မင်းတို့လိုအပ်တာတွေကို အချိန်ယူပြီးမေးကြပေါ့၊ နောက်ကော. . ."

"ဗိုလ်မှူးကြီးခင်ဗျား . . ."

ကျွန်ုပ်၏ခေါင်းသံမှာ စိတ်အားထက်သန်လွန်းလှသည်ကို မိမိဘာသာ မိမိသိနေသည်။ စင်စစ်မူ ဆရာ့တောင်းဆိုချက်များသည် အမှုကိစ္စအတွက် ပြည့်စုံလုံလောက်နေပြီဖြစ်သည်။

ယခုဆရာ့ကိုပင် တိုင်ပင်ခြင်းမရှိဘဲ ကျွန်ုပ်ဘာသာ ကျွန်ုပ်စဉ်းစားဆုံးဖြတ်ထားသည့် ကိစ္စတစ်ခုကို ထုတ်ဖော်ပြောရတော့မည်။

"ဗိုလ်မှူးကြီးခင်ဗျား. . .အခုပြောမယ့်ကျွန်တော့်တောင်းဆိုချက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်အခွင့်အရေးယူလွန်းရာ ဖြစ်နေမှာကို ကျွန်တော်စိုးလှပါတယ်၊ ဒါပေမဲ့ ဒါကို ဗိုလ်မှူးကြီးတစ်ဦးသာ တတ်နိုင်ပါတယ်"

"ပြောလေ ဂူးလက်ချန်း၊ ကိုယ်တစ်ဦးတည်းကသာ တတ်နိုင်တဲ့ ကိစ္စ ဆိုတာ ဘာလဲ"

တီးဝိုင်းဆီမှ တီးလုံးရပ်နားထားချိန် ဖြစ်သဖြင့် ကျွန်ုပ်လေသံကို နှိမ့်၍ ပြောလိုက်သည်။

"ဗိုလ်မှူးကြီးဆီမှာ ကျွန်တော် မြန်မာစကားသင်ပါရစေ. . ."

ဗိုလ်မှူးကြီးကောက်စ်နှင့် ဆရာတို့၏ အကြည့်များက ကျွန်ုပ်ကို ထွင်းဖောက်ကြတော့မတတ်ပင်။ သို့သော် ကျွန်ုပ်၏ တုံ့ပြန်အကြည့်မှ ထက်သန်လွန်းမှုကို သူတို့နားလည်သွားကြဟန် တူသည်။

ဗိုလ်မှူးကြီးက ရင်အုံတစ်ခုလုံး မို့မောက်လာသည်အထိ အသက် ပြင်းပြင်းတစ်ချက် ရှိုက်၍ ပြောသည်။

"ကောင်းပြီ. . .ဂူးလက်ချန်း"

ဘုရင်ခံ လော့ဒ်ရေး၏ ပါတီပွဲသို့ တက်ရောက်ရခြင်းသည် ကျွန်ုပ် အတွက် လုံးဝပြည့်စုံသွားပြီ ဖြစ်သည်။

တီးဝိုင်းဆီမှ ဝိတိုရိယဘုရင်မကြီး၏ ဘုန်းတော်ဘွဲ့ကို တစ်ကျော့ တီးပြန်သည်။ ခွက်ထဲတွင် ကျန်နေသော ကော့ညက်အရက်ကို ကျေနပ် အားရစွာဖြင့် အကုန်အစင် ကျွန်ုပ်သောက်ချလိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၃ ]

၁၈၈၇–ခုနှစ် ကုန်ဆုံးကာနီး ဒီဇင်ဘာလ၏ ပထမအပတ်ထဲတွင် ဆရာအက်ဂျလောင်းထံသို့ စာတစ်စောင် ရောက်လာသည်။

စာမှာ ရတနာဂီရိမှ လာသောစာဖြစ်သည်။

စာရေးသူမှာ သီပေါဘုရင် ဖြစ်လေသည်။

**သို့**

**မစ္စတာ ဖရက်ဒရစ် အက်ဂျလောင်း**

**ဝတ်လုံတော်ရရှေ့နေမင်း**

**ဘုံဘေမြို့။**

ကျွန်ုပ်သည် ဘုံဘေမြို့တွင် ကျော်ကြားလျက်ရှိသောသင်၏အမည်ကို သိရှိခွင့်ရခဲ့၍ ဤစာကို ရေးလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ် လက်ရှိတွေ့ကြုံခံစားနေရသော အခြေအနေတို့သည် အပြောင်းအလဲပြုလုပ်ရန် လိုအပ်လျက်ရှိသည်။ ထိုသို့အပြောင်းလဲ ပြုလုပ်ရန်အတွက် ကျွန်ုပ်သည် အစိုးရကို ပြောလိုသော ဆန္ဒရှိသည်။

ဤကိစ္စအတွက် သင့်ထံမှ အကူအညီရယူလိုသည်။

သင်သည် အစိုးရထံကျွန်ုပ်နှင့်တွေ့ဆုံခွင့်ရရန်ကြိုးစားတောင်းခံနေကြောင်းကိုလည်း ကျွန်ုပ်ကြားသိရသည်။

အစိုးရနှင့် ကျွန်ုပ်အကြား ဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် အစိုးရက ခန့်ထားပေးသော အရာရှိ၏ ကျွန်ုပ်အပေါ် ထားရှိသော သဘောထားမှာ မသင့်မြတ်လှပေ။

သင်သည် ကျွန်ုပ်နှင့်တွေ့ဆုံခွင့်ရကာ ကျွန်ုပ်၏ ခံစားရချက်များကို အစိုးရထံ တင်ပြခွင့်ရလိမ့်မည်ဟု ကျွန်ုပ်အသေအချာ မမျှော်လင့်နိုင်။သို့သော် ကျွန်ုပ်ထံအမြန်လာတွေ့ခွင့်ရအောင်သင်ကြိုးစားနေခြင်းများသည်ခရီးရောက်နေမည်ဟု ကျွန်ုပ်ယူဆသည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာဂီရိ၏ နိုင်ငံရေးအရာရှိကမူကျွန်ုပ်ထံသို့ရှေ့နေတစ်ယောက် ယောက် လာတွေ့ရန် လုံးဝမလိုအပ်ဟု ပြောနေပေသည်။

မည်သို့ဖြစ်စေ သင့်အကူအညီကို ကျွန်ုပ်ရယူလိုသည်။

**သီပေါဘုရင်**
**ရတနာဂီရိစံအိမ်တော်**

သီပေါဘုရင်၏စာမှာ ကျွန်ုပ်တို့အတွက် တင်းကျပ်စေ့စပ်စွာ အခိုင်အခံ့ပိတ်ထားသော တံခါးမှ တံခါးရွက်တစ်ချပ် ပွင့်သွားခြင်းပင်ဖြစ်သည်။ ဤတွင် ကျန်သော တံခါးရွက်ကို ဖွင့်ဖို့မှာ မခဲယဉ်းတော့ပေ။

ဤတစ်နှစ်အတွင်း အပြောင်းအလဲတစ်ချို့ဖြစ်ရာ၌ အရေးပါသော အပြောင်းအလဲတစ်ခုမှာ ရတနာဂီရိမှ အိမ်တော်ဝန် (သို့မဟုတ်)နိုင်ငံရေးအရာရှိ မစ္စတာဖန်ရှဝေး ဘုံဘေသို့ ပြန်ရောက်လာပြီး သူ့နေရာတွင် အိမ်တော်ဝန် အသစ်တစ်ယောက်ပြောင်းသွားသည်။ ထိုသူ၏ အမည်ကား မစ္စတာအော်လ်ဘွန်း ဖြစ်သည်။

အရာရှိသစ်မစ္စတာအောလ်ဘွန်းအကြောင်းကိုမေးကြည့်သောအခါ ဗိုလ်မှူးကြီးကောက်စ်က ပြောပြသည်။

"အောလ်ဘွန်းဟာ ဖန်ရှဝေးထက် တော်တယ်၊ အစစအရာရာတော်တယ်၊ ပိုပြီးလိမ္မာပါးနပ်တယ်၊ ဖန်ရှဝေးဟာ ရိုင်ဖယ်သေနတ်ဆိုရင် အောလ်ဘွန်းဟာ စက်သေနတ်ပဲ"

သိက္ခာမဲ့သော ရိုင်းပျမှုထက်စာလျှင် ကျွမ်းကျင်ပါးနပ်သော ရန်သူနှင့် ရင်ဆိုင်ရသည်က ပို၍ ခက်ခဲ၍ သိမ်မွေ့ပေမည်။ သို့သော် ထိုတိုက်ပွဲမျိုးကို ဆရာရော ကျွန်ုပ်ပါ လိုလားကြပေသည်။

"အောလ်ဘွန်းဟာ အစိုးရရဲ့ ဗျူရိုကရေစီယန္တရားကို ကောင်းကောင်း ကျွမ်းကျင်တယ်၊ ကြိုးနီတွေကို ဘယ်လိုချည်ရမယ်၊ ဘယ်လိုပြန်ဖြည်ရမယ် ဆိုတာကို ကောင်းကောင်းသိတယ်၊ ပြီးတော့ . . ."

ဗိုလ်မှူးကြီးကောက်စ်က ကျွန်ုပ်ကို ကြည့်ပြီး မျက်စိမှိတ်ပြကာ...

"အောလ်ဘွန်းရဲ့ သမီးမစ္စမားဂရက်အောလ်ဘွန်းဟာလည်းသိပ်လှတယ်၊ ဘုံဘေမှာရှိတဲ့ အင်္ဂလိပ်လူမျိုး ကျောင်းဆရာမထဲမှာတော့ အလှဆုံးပဲ"

ကျွန်ုပ်က ပခုံးကိုသာ တွန့်ပြလိုက်လေသည်။

သီပေါဘုရင်ထံမှ ရောက်လာသောစာနှင့်အတူ ကျွန်ုပ်တို့သည် ဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်ထံသို့လျှောက်လွှာတစ်စောင်တင်လိုက်ကြသည်။ သီပေါဘုရင်၏ စာသည် တရားရုံးတော်ဆိုင်ရာ အသုံးအနှုန်းများ မပါရှိစေ



www.burmeseclassic.com

www.burmeseclassic.com



ကာမူ ရှေ့နေငှားသည့်စာပင်ဖြစ်ကြောင်း ကျွန်ုပ်တို့က ခိုင်လုံကျယ်ပြန့်စွာ အထောက်အထားများ တင်ပြသည်။

ဘုရင်ခံချုပ်ဆီသို့ ထိုလျှောက်လွှာရောက်ရှိရေးအတွက် ရုံးဌာန ပေါင်းများစွာ၊ အရာရှိပေါင်းများစွာ တွေ့ဆုံခဲ့ရပြီး ဘုံဘေမြို့ရှိ ဘဏ်တိုက်မှ ကျွန်ုပ်၏ငွေများစွာကိုလည်း ထုတ်ယူသုံးစွဲခဲ့ရလေသည်။ ဤအရေးတွင် ကာလကတ္တားတက္ကသိုလ်အာဏာပိုင်အဖွဲ့ကလည်း ကျွန်ုပ်တို့ကို ရာနှုန်းပြည့် ထောက်ခံခဲ့လေသည်။ ထို့ပြင် ဆရာနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသော အရာရှိကြီးများလည်း ကန့်ကွက်ရန်မရှိပါကြောင်း တညီတညွတ်တည်း ဝိုင်းဝန်း ထောက်ခံပေးကြသည်။

နောက်ဆုံးတွင်ဘုရင်ခံချုပ်ထံမှခွင့်ပြုအမိန့်စာသည်ဘုံဘေဘုရင်ခံ ထံမှ တစ်ဆင့်ကျလာသည်။ထိုခွင့်ပြုအမိန့်တွင်'အထူးနောက်ဆက်တွဲအချက် တစ်ချက်ပါရှိခဲ့ရာ ယင်းမှာ သီပေါဘုရင်၏ ရှေ့နေကို နိုင်ငံရေးနှင့်ပတ်သက် ပြီး ကြားဝင်ဆောင်ရွက်ပေးမည့်သူအဖြစ် လုံးဝအသိအမှတ်မပြုနိုင်ကြောင်း' ဟူ၍ ဖြစ်လေသည်။

သူနာပြုဆရာမ မစ္စစ်ဒရားကတ်လည်း သူမအလိုရှိသည့် ဘုံဘေရှိ ဘုရင့်တပ်မတော်ဆေးရုံသို့ ပြောင်းရွှေ့အမှုထမ်းနေပေပြီ။ အမှန်အားဖြင့်မစ္စစ် ဒရားကတ်သည် ရတနာဂီရိကျွန်းတွင် ကျွန်ုပ်ရေးခဲ့သော ပထမဆုံးစာအပြင် နောက်ထပ်စာနှစ်စောင်ကိုပါ တာဝန်ယူခဲ့ရသည်။ ထိုစာများသည် ကပ္ပတိန် ပေါလ်ဝဲမှတစ်ဆင့် သူမထံရောက်ရှိကာ သူမက သီပေါဘုရင်ထံ တိုက်ရိုက် ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဘုရင့်တပ်မတော်ဆေးရုံသို့ ပြောင်းရွှေ့အမှုထမ်းလိုသောမစ္စစ်ဒရား ကတ်၏ ဆန္ဒမှာသူမ၏တောင်းဆိုချက်အတိုင်းပြည့်ဝသွားပြီဖြစ်သော်လည်း ကျွန်ုပ်က အကောင်းစား ငှက်မွေးတပ် ဦးထုပ်တစ်လုံးကိုသီးသန့်လက်ဆောင် အဖြစ် ထပ်မံပေးခဲ့သေးသည်။ စကားအလွန်များသော သူနာပြုဆရာမကြီး သည် ဘူးကို ဖွင့်ကြည့်ပြီး ဦးထုပ်ကို တွေ့လိုက်သောအခါ 'ဘုရားသခင်'ဟူ သော စကားလုံးကို ဆယ်ကြိမ်ထက်မနည်းရေရွတ်ရင်းအထူးဝမ်းမြောက်ဝမ်း သာ ဖြစ်သွားလေသည်။

တိုးတက်မှုများ ဖြစ်ပေါ်လာသည့် ဤကာလအတွင်းဝယ် ကျေနပ် စရာအကောင်းဆုံးမှာ ကျွန်ုပ်မြန်မာစကားကို အတော်အတန် ပြောတတ်လာ ခြင်းပင် ဖြစ်သည်။

ဗျည်းနှင့်သရများကို ထူးခြားစွာ ပေါင်းစပ်ထားသည့် မြန်မာစကား ကို ကျွန်ုပ်သည် ဗိုလ်မှူးကြီးကောက်စ်ထံ၌ ရက်သတ္တတစ်ပတ်လျှင် ခြောက်



www.burmeseclassic.com

www.burmeseclassic.com



နာရီနှုန်းဖြင့် သင်ယူခဲ့ရသည်။ အသံထွက်နိုင်ရန်အလွန်ခက်ခဲသောစကားလုံးများကို လေ့ကျင့်ရာတွင် ဗိုလ်မှူးကြီးသည် အသက်ရှူပုံထုတ်ပုံမှအစ စနစ်တကျပို့ချပေးလေသည်။

အထူးသဖြင့် မြန်မာစကားတွင် 'အပိတ်သံ'မပါသောကြောင့်ရွတ်ဆိုရာ၌ မြန်လိမ့်မည်ဟု ထင်သော်လည်း အလွန်လေးကွေးစွာ တစ်လုံးချင်းရွတ်ဆိုရလေသည်။ ကျွန်ုပ်အထင်အရဆိုလျှင် မြန်မာစကားသည် ဘရိတ်ကောင်းကောင်းနှင့် မော်တော်ကား မောင်းနှင်နေကျ လူတစ်ယောက်အတွက် ဘရိတ်မမိသော မော်တော်ကားကို တက်မောင်းရသလို သတိကြီးစွာထား၍ ပြောဆိုရလေသည်။

ဗိုလ်မှူးကြီး ပထမဆုံး စသင်ပေးသော "ကျေး . . .ဇူး . ..တင်. . .ပါ . . .တယ်"ဆိုသည့် စကားလုံးမှာပင် ကျွန်ုပ်သည် ပီသအောင်ဆိုဖို့ ချွေးဒီးဒီးကျခဲ့ရသည်။ ဤစကားလုံးထဲတွင် ကျွန်ုပ်အဖို့ အခက်ဆုံးမှာ 'တင်' နှင့် 'တယ်' ပင် ဖြစ်သည်။

'ကျေး . . .ဇူး . . .တင်. . . ပါ. . .တယ်' ကို ကျွန်ုပ်စတင်ရွတ်ဆိုကြည့်သည့်အခါ ဗိုလ်မှူးကြီးကအားရပါးရရယ်လျက်သူလည်းမြန်မာစကားစသင်ကာစက ထိုကဲ့သို့ဖြစ်ခဲ့ကြောင်း၊ သို့သော် မကြောက်မရွံ့ပြောချလိုက်ခြင်းဖြင့် အရှိန်ရသွားနိုင်ကြောင်း၊ ပီသဖို့ထက် အလွတ်ရဖို့က ပို၍ အရေးကြီးကြောင်း၊ မြန်မာလူမျိုးတို့၏ နားတွင်ကျွန်ုပ်တို့၏လေသံသည်အလွန့်အလွန် 'ဝဲ'နေသည် ဖြစ်သော်လည်း သူတို့က ရယ်မောခွင့်လွှတ်ကြမည် ဖြစ်ကြောင်း အားပေးရှာလေသည်။

သို့ဖြင့် 'ဘုရင်မင်းမြတ်'၊ 'ကျွန်ုပ်'၊ 'ရှေ့နေ'၊ 'စိတ်'၊ 'ကျန်းမာ''နေကောင်း'၊ 'ခွင့်ပြု'စသော စကားလုံးများကိုခက်ခက်ခဲခဲပင်ရွတ်ဆိုကျက်မှတ်ခဲ့ရပြီး အတော်အတန် တတ်မြောက်လာသောအခါ ဗိုလ်မှူးကြီးကကျွန်ုပ်အားချီးကျူးစကား ပြောလေသည်။

"မန္တလေး ရတနာပုံနေပြည်တော်မှာ ဖွင့်ခဲ့တဲ့ ဒေါက်တာမတ်ရဲ့ အင်္ဂလိပ်ကျောင်းမှာ သီပေါဘုရင်ဟာ ကျောင်းတက်ခဲ့ရတယ်၊ကျောင်းသားတွေထဲမှာ သူဟာ စာအတော်ဆုံးလို့ ဆိုတယ်၊ ကိုယ့်ကျောင်းမှာတော့ ကျောင်းသားဆိုလို့ မောင်ရင်တစ်ယောက်တည်း ရှိတယ်၊ ဒါပေမဲ့မောင်ရင့်ကိုကိုယ်က သက်ညှာစွာနဲ့ ပထမဆင့် အတော်ဆုံးပေးလိုက်ပါတယ်"

ဆရာကမူ. . .

"ကောက်စ်. . .မြန်မာစကားကို သင်ယူတာတစ်ခုတည်းနဲ့ ဂူးလက်ချန်းကို မင်းဂုဏ်ထူးပေးသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေသည်။

သို့ဖြင့်ပင် ၁၈၈၇ ခုနှစ်၏ ခရစ္စမတ်ပွဲတော်ဝယ် ကျွန်ုပ်သည် တည်း ခိုရာ တပ်ဂျ်မဟာလ်ဟိုတယ်မှ အကောင်းဆုံးအခန်းကို ငှားလျက် နှစ်သစ်ကူး ညစာစားပွဲကို ကျင်းပခဲ့သည်။

အကောင်းဆုံးအရက်၊အကောင်းဆုံးဟင်းလျာများဖြင့်စီစဉ်ထားသော ထိုညစာစားပွဲသို့ တက်ရောက်သူများမှာ ဆရာနှင့် ဆရာ့မိသားစု၊ဗိုလ်မှူး ကြီးကောက်စ်နှင့် ဗိုလ်မှူးကြီးကတော်၊ ကပ္ပတိန်ပေါလ်ဝဲ၊ သူနာပြုဆရာမ မစ္စစ်ဒရားကတ်တို့ ဖြစ်လေသည်။

မစ္စစ်ဒရားကတ်သည် ကျွန်ုပ် လက်ဆောင်ပေးခဲ့သောငှက်မွေးတပ် ဦးထုပ်ကို ဆောင်းလေကာ 'ဒီညစာစားပွဲဟာ ဒီဦးထုပ်ဖွင့်ပွဲလည်းဖြစ်တယ်' ဟု ပြောလေသည်။

ကပ္ပတိန်ပေါလ်ဝဲကမူ ကျွန်ုပ်၏ လက်ဆောင်သေတ္တာမှ ဖဲကြိုးများ ကို ဖြုတ်လျက် အဖုံးကို ဖွင့်အကြည့် အထဲမှအကောင်းစားနေဗီကတ်ဆေးတံ၊ ဆေးဘူးများနှင့် ငွေအစစ်ဖြင့် ပြုလုပ်ထားသော ကော်ဖီကျိုသည့်ခွက်တို့ကို တွေ့လိုက်ရသောအခါ "ဘုရားသခင်၊ ငါ. . .တပ်ဂျ်မဟာလ်ဟိုတယ်ကနေပြီး ငါ့သင်္ဘောပေါ်ကို ချက်ချင်းရောက်သွားပါကလား" ဟု ပြောလေသည်။

ဆရာ့အတွက် လက်ဆောင်မှာ သေးငယ်သော စာအိတ်တစ်အိတ် သာ ဖြစ်သော်လည်း ရူပီးငွေတစ်သောင်းတန် ချက်လက်မှတ်ကို အထဲမှာ ထည့်ထားကာ စာအိတ်ပေါ်၌ "ခွင့်လွှတ်ပါရန် တောင်းပန်လျက်" ဟု ကျွန်ုပ် ရေးခဲ့သည်။

ဗိုလ်မှူးကြီးကောက်စ်အတွက်လက်ဆောင်မှာ တောမတ်စ်ဟာဒီ၏ ထွက်ပြီးသမျှ ဝတ္ထုစာအုပ် အခန့်ချုပ်များနှင့် ရွှေမီးခြစ်တစ်လုံး ဖြစ်သည်။ ဗိုလ်မှူးကြီးသည် စာအုပ်များကို ပွေ့ပိုက်ရင်း ရွှေမီးခြစ်ကို မီးရောင်၌ လှည့် ပတ်ကြည့်လျက် ကျွန်ုပ်ကို "ကျေး . . . ဇူး . . . တင် . . . ပါ. . . တယ်"ဟု မြန်မာလို ပြောသည်။

ကျွန်ုပ်က ပြန်ပြောလိုက်သောအခါ ဗိုလ်မှူးကြီးသည် တဟားဟား အော်ရယ်လေတော့သည်။ ကျွန်ုပ်ပြောလိုက်သည်မှာ "ကိ. . .စ္စ. . .မ. . .ရှိ . . .ပါ. . .ဘူး. . ." ဟူသော မြန်မာစကားပင်တည်း။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၂၄ ]

ရတနာဂီရိမြေသို့ ဒုတိယအကြိမ်ခြေချခွင့်ရပြန်ပေပြီ။

လှေငယ်ပေါ်မှ ကမ်းစပ်ကျောက်တုံးပေါ်သို့ ကျွန်ုပ်ခုန်ဆင်းလိုက်ချိန်တွင် လှေငယ်သည် လူးသွားသည်။ မြစ်ပြင်တွင် ရပ်ထားသော အက်စ်အက်စ်ကလိုက်ဗ်သင်္ဘောသည် ကျွန်ုပ်ကို မားမားကြီးလှမ်းကြည့်နေသည်ဟု ထင်ရသည်။

"မစ္စတာဂူးလက်ချန်း၊ ကျွန်မ. . .ဒီမှာ"

သူနာပြုဆရာမ မစ္စစ်ဒရားကတ်သည် ဂါဝန်ကိုမ၍ ဆိပ်ကမ်းဆီသို့ ဆင်းလာသည်။ ကပ္ပတိန်ပေါလ်ဝဲနှင့် ကျွန်ုပ်သည် ရွံ့နွံနုန်းမြေများကို ရှောင် တိမ်းလျက် ကျောက်တုံးလေးများပေါ်မှ နင်းဖြတ်ကာ ဆင်ခြေလျှော ကမ်းပါး သို့ လျှောက်ခဲ့ကြသည်။

"ရတနာဂီရိမှ ကြိုဆိုလျက်ပါ မစ္စတာဂူးလက်ချန်း"

မစ္စစ်ဒရားကတ်က ကျွန်ုပ်ရှေ့တွင် ဟန်ပါပါရပ်ရင်း နှုတ်ဆက်သည်။ မိုးအုံ့နေသော်လည်း ပူလောင်အိုက်စပ်နေသောကြောင့် ကျွန်ုပ်သည် ဦးထုပ်ကို ချွတ်ကာ ယပ်ခတ်နေလေသည်။

ခပ်လှမ်းလှမ်းရှိ ဆိပ်ကမ်းရုံးခန်းလေးကို လှမ်းမျှော်ကြည့်မိသည်။

သည်တစ်ခါတော့ မစ္စတာဖန်ရှဝေး၊ ဆာဂျင်အီဗန်နှင့်ဆာဂျင်မက်ကွိုင်းတို့ကို မတွေ့ရတော့ပေ။ သူတို့သည် မဒရပ်မြို့တစ်နေရာတွင် တာဝန်ထမ်းဆောင်ရင်း ကျွန်ုပ်တို့ကို ကျိန်ဆဲနေကြပေမည်။

မစ္စစ်ဒရားကတ်သည် ဘုံဘေဘုရင့်တပ်မတော် ဆေးရုံသို့ ပြောင်းရွှေ့ပြီးဖြစ်သော်လည်း သူမ၏ ပရိဘောဂ ပစ္စည်းအချို့ကို ပြန်ယူရန် ရတနာဂီရိသို့ ရောက်ရှိနေခဲ့ခြင်းဖြစ်သည်။ နောက်နေ့တွင် ပြန်လည်ထွက်ခွာမည့် အက်စ်အက်စ်ကလိုက်ဗ်နှင့် ပြန်လည်လိုက်ပါသွားမည်ဖြစ်သည်။

ကျွန်ုပ်အနေနှင့်မူ မစ္စစ်ဒရားကတ် ကြိုရောက်နေခြင်းကို သဘော

www.burmeseclassic.com

www.burmeseclassic.com



ကျသည်။ ရတနာဂီရိစံအိမ်တော်သို့အဝင်တွင်ကျွန်ုပ်အတွက်အလွန်အသုံးဝင်သော လမ်းပြဇည့်ကြိုရရှိသောကြောင့်ဖြစ်သည်။

"မစ္စတာအက်ဂျလောင်းကတော့ ခုတစ်ခေါက် မလိုက်နိုင်သေးဘူးနော်၊ သူ့ဘုံဘေမှာ သိပ်အလုပ်များနေပြီ ထင်တယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ . . . သီပေါဘုရင်ရဲ့ ကိုယ်စားလှယ်လွှဲစာတွေအားလုံး တရားဝင်ရရှိအောင် သူစောင့်နေရပါတယ်၊ သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ တွေ့ဖို့က ဆရာရှိနေမှ ဖြစ်မယ်လေ၊ ကျွန်တော်ကတော့ လက်ထောက်ဖြစ်တဲ့အတွက် ဆရာ့ကိုယ်စား ရှေ့ပြေးလာလို့ ရတယ်လေ"

"ဘယ်လိုပဲဖြစ်ဖြစ်ရှင်၊ ရတနာဂီရိကို ကျွန်မ ခဏပြန်လာတုန်း မစ္စတာဂူးလက်ချန်း ရောက်လာတဲ့အတွက် ကျွန်မသိပ်ဝမ်းသာပါတယ်၊တစ်နေ့တာအတွက်တော့ကျွန်မဧည့်ကြိုကောင်းကောင်းလုပ်နိုင်လိမ့်မယ်ထင်ပါရဲ့"

"ဟောဟို ကမ်းပါးထိပ်က သစ်ပင်ရိပ်အောက်မှာကျွန်မမြင်းလှည်းဆိုက်ထားတယ်၊ အလို့ . . .ဟိုမှာက"

ကမ်းပါးထိပ်ဆီသို့ ညွှန်ပြရင်း မစ္စစ်ဒရားကတ်သည် အာမေဋိတ်သံပြုလျက် စကားရပ်သွားသည်။ အကြောင်းမှာ သူမ၏မြင်းလှည်းအနားသို့ အမိုးဖွင့်စတေရှင် ဝက်ဂွန်းကားလေးတစ်စင်းထိုးရပ်လာသောကြောင့်ဖြစ်လေသည်။

"မားဂရက်နဲ့တူတယ်၊ ဟုတ်တာပေါ့၊ သူဆင်းလာပြီ"

အမိုးဖွင့်ကားလေးပေါ်မှ ဆင်းလာသူမှာ မိန်းမပျိုတစ်ယောက်ဖြစ်သည်။ ရွှေရောင်ဆံပင်နှင့် မျက်လုံးပြာများကို အဝေးမှပင် သိသာထင်ရှားစွာမြင်ရသည်။ ရေညှိရောင်ဂါဝန်ကို အနားစသိမ်းလျက် ကမ်းပါးအတိုင်းဆင်းလာပုံမှာ အထက်တန်းလွှာ မိန်းမပျိုတစ်ဦး၏ လှုပ်ရှားမှုအပြည့်ရှိနေသည်။

ကမ်းပါးအလယ်လောက်တွင် တစ်ဖက်သို့ ချိုးသွားသော လမ်းခွဲတစ်ခုရှိသည်။ မိန်းမပျိုသည် ထိုလမ်းခွဲနေရာသို့ ရောက်သောအခါ ကမ်းပါးပေါ်တက်လာသော ကျွန်ုပ်တို့ကို စူးစူးရှရှ လှမ်းကြည့်နေသည်။ မျက်လုံးပြာ၏အကြည့်များမှာ ဆွဲဆောင်အားရှိကြောင်း ကျွန်ုပ်သတိထားမိသည်။ ဖြန့်ကျက်ကြည့်နေရာမှ ကျွန်ုပ်ထံသို့ အရောက်တွင် သူမ၏မျက်နှာပေါ်၌အသိရခက်သော အငွေ့များ ဖုံးလွှမ်းသွားသည်ဟု ထင်သည်။ ထို့နောက် သူမသည် လမ်းခွဲအတိုင်း တစ်ဖက်သို့ ဆက်ဆင်းသွားသည်။ ထိုလမ်းခွဲသည်ဆိပ်ကမ်းရုံးခန်းဆီသွားသော လမ်းကလေးဖြစ်လေသည်။

"နောက်ရောက်လာတဲ့ အိမ်တော်ဝန် မစ္စတာအောလ်ဘွန်းရဲ့သမီး မားဂရက်အောလ်ဘွန်းလေ၊ လှတယ်နော် အရုပ်ကလေးတစ်ရုပ်လိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မားဂရက်အောလ်ဘွန်းသည် ဘုံဘေမြို့ရှိ ဗြိတိသျှကျောင်းမှ ကျောင်းဆရာမတစ်ဦးဖြစ်ကြောင်း ကျွန်ုပ်မှတ်ဉာဏ်ထဲ၌ပေါ်လာသည်။သူ့ဘာကြောင့် ဤမျှဝေးလံသီခေါင်သောရတနာဂီရိသို့သူ့ဖခင်နှင့်အတူလိုက်ပါလာသနည်း။ရတနာဂီရိသည်မိန်းမပျိုလေးများအပျော်ခရီးထွက်ရမည့် ဒေသမျိုးမဟုတ်ချေ။ သို့သော် ထိုကိစ္စသည် ကျွန်ုပ်နှင့်မဆိုင်သောကြောင့်ခေါင်းထဲမှ ထုတ်ပယ်ပစ်လိုက်သည်။

မစ္စစ်ဒရားကတ်၏ မြင်းလှည်းဆီသို့ ရောက်လာကြသည်။

"ရတနာဂီရိမှာ ကျွန်မအလုပ်လုပ်ခဲ့ရစဉ်က ငှားထားတဲ့ မြင်းလှည်းလေ၊ မစ္စတာဂူးလက်ချန်း အသုံးလိုမယ်ဆိုရင် ဆက်ငှားဖို့ ပိုင်ရှင်ကို ကျွန်မပြောပေးပါမယ်"

"ကျေးဇူးပါပဲ မစ္စစ်ဒရားကတ်၊ ကျွန်တော်ဆက်ငှားပါမယ်"

မြင်းလှည်းမောင်းသူမှာ ဒေသခံတိုင်းရင်းသားတစ်ယောက်ဖြစ်သည်။ သူသည် လန်ဒန်မြို့မှ ဒရိုင်ဘာများကဲ့သို့ပင် ရတနာဂီရိတွင် အသုံးဝင်ပေလိမ့်မည်။

အမြီးတယမ်းယမ်းနှင့်ယင်ကောင် ဖြုတ်ကောင်များကို ယပ်ခတ်နေသော မြင်းကြီးအနားတွင် ကပ္ပတိန်ပေါလ်ဝဲနှင့် ကျွန်ုပ်တို့မျက်နှာချင်းဆိုင်ရပ်နေကြသည်။ ကပ္ပတိန်ပေါလ်ဝဲက သူ့လက်ဖဝါးကြီးကို ကမ်းပေးသည်။

"ဘုရားသခင် စောင်မပါစေ သူငယ်ချင်း"

"အစစ အဆင်ပြေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားပါတယ်"

"ကပ္ပတိန်. . .အားလုံးအတွက် ကျေးဇူးတင်ပါတယ်"

မြင်းလှည်းသမား၏ကြာပွတ်ဖွေ့ယမ်းသံနှင့်အတူမြင်းလှည်းသည် သိမ့်ခနဲ စတင်ထွက်ခွာခဲ့သည်။ ဂဝံကျောက်စရစ်များ၊ ချိုင့်ဝှမ်းများဖြင့်အတိ ပြီးသော လမ်းတွင် မြင်းလှည်းသည် ဝဲယာလှုပ်ခါလျက် ရှိလေသည်။

ရတနာဂီရိ၏ အတွင်းပိုင်းသို့ ကျွန်ုပ်စတင်ဝင်ရောက်နေပေပြီ။ တစ် ဖက်တစ်ချက်စီတွင် ပေါက်ရောက်လျက်ရှိသည့် အုန်းတောကြီးများအလယ်မှ မြင်းလှည်းလေးသည် ဖြတ်သန်းလျက်ရှိသည်။ အပင်ချင်းဆက်၊ အရွက်ချင်း ယှက်နေသော အုန်းပင်များအောက်ဝယ် အုံ့ပျညိုမှိုင်းနေသည်။

ဆိပ်ကမ်းတွင် ရှိစဉ်ကပူလောင်အိုက်စပ်နေခဲ့သော်လည်းယခုအခါ ချမ်းစိမ့်စိမ့်ဖြစ်လာပြန်သည်။ တစ်ချက်တစ်ချက် လေတိုးသံနှင့်အတူ အုန်းလက်ဖားဖားကြီးများသည် တရှဲရှဲအော်မြည်ညည်းတွားနေကြသယောင်။

လမ်းကား လူအသွားအလာ မရှိသလောက် ရှင်းလှပေသည်။အချို့နေရာများတွင်သာ အုန်းတောအတွင်းဘက်မှ အုန်းသီးခိုင်များ၊အုန်းလက်များ



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ချသံ၊ တဖြောဖြောကျသံများကို သဲ့သဲ့ကြားရတတ်သည်။လမ်းဘေးတွင် ခြေလျင်လျှောက်သွားကြသော ဒေသခံများကို တစ်ခါတစ်ရံတွေ့ရသည်။ သူတို့ သည် ညစ်ပတ်သော ဒိုတီများ၊ လုံချည်များကို ဝတ်ဆင်ထားကြပြီး အပေါ် ပိုင်းဗလာဖြစ်၍ ခြေထောက်မှာလည်း ဖိနပ်မပါကြချေ။

ဝေးလံသီခေါင်မှု၊ အထီးကျန်မှု၊ အဆက်အသွယ်ကင်းပြတ်မှု၊ နိမ့်ကျဆင်းရဲမှု အငွေ့အသက်များသည် မြင်းလှည်းမောင်းနှင်ရာ တူရူအရပ်မှ တိုးဝင်လာသော လေတဟူးဟူးနှင့်အတူ ကျွန်ုပ်ဆီသို့ ပြေးလာနေကြသည်။

တိမ်ညိုတို့ အုံ့ဆိုင်းလျက်ရှိသော ကောင်းကင်၊ စွတ်စိုမည်းမှောင်သည့် အုန်းတောကြီးများ၊မညီညာသောဂဝံကျောက်ခင်းလမ်းကျဉ်း၊အေးစက်သိပ်သည်းသည့် လေထု၊ အဘယ်သူသည် ဤသို့သော နေရာဒေသကိုမှ 'ရတနာဂီရိ' ဟူသည့် လှပသော အမည်နာမ ပေးခဲ့သနည်း။

"အုန်းတောကို လွန်ရင်တော့ ကျွန်မတို့ အင်ဘာဂတ်လမ်းမကြီးပေါ် ရောက်ပါတော့မယ်၊ အင်ဘာဂတ်လမ်းမဆိုတာကိုလာပူရ်မြို့ကိုသွားတဲ့လမ်းလေ"

မစ္စစ်ဒရားကတ်က လမ်းပြအလုပ်ကို စ,လုပ်လေသည်။

"အဲဒီလမ်းမကြီးအတိုင်း ကျွန်တော်တို့ သွားကြရမှာလား . . ."

"ဟင့်အင်း . . . ဖြတ်ရုံပဲ ဖြတ်သွားမှာ၊ အင်ဘာဂတ်လမ်းမကြီး ဖြတ်ဖောက်ထားတဲ့ တောင်ကုန်းငယ်လေးတွေကို တစ်တောင်တက် တစ်တောင်ဆင်း ကျော်ရမယ်၊ အဲဒီတောင်ကုန်းငယ်လေးတွေရဲ့ အနောက်ဘက်မှာ စံအိမ်တော်ရှိတယ်လေ"

တောင်ကုန်းငယ်များကို တွေ့ရတော့မည်ဟူသော အသိဖြင့် အုံ့ပျနေသောစိတ်မှာ အနည်းငယ်ကြည်လင်သွားသည်။ သို့ဖြင့် အုန်းတောကြီးသည် တဖြည်းဖြည်းပါးလျားလာကာ နောက်ဆုံး ဟင်းလင်းပြင် မြင်ကွင်းသည် ဘွားခနဲ ပေါ်လာသည်။

ဟင်းလင်းပြင်မြင်ကွင်း ဖြစ်သွားသည်ကား အမှန်။ သို့သော် ရှေ့တစ်မျှော်တစ်ခေါ် တောင်ကုန်းငယ်များကို မြင်ရပြီးသည်တွင် ကျွန်ုပ်၏မျှော် လင့်ချက်များမှာ တစ်ခါတည်း ပျက်ပြယ်သွားတော့သည်။

ကျွန်ုပ်ထင်ခဲ့သည်မှာ စိမ်းစိုသော မြက်ခင်းများ၊ သစ်ပင်ချုံပုတ်လေးများ၊ အလေ့ကျ ပန်းရိုင်းအုပ်ကလေးများရှိနေသည့် ဆင်ခြေလျှောတောင်ကုန်းငယ်လေးများကို တွေ့ရတော့မည်။ သန့်ရှင်းလတ်ဆတ်သောလေကို တစ်ဝကြီး ရှူရှိုက်ရတော့မည်ဟူ၍ဖြစ်သည်။

ယခုတွေ့လိုက်ရသည်ကား ဆူးချုံပုတ်ငယ်များ ဟိုတစ်ကွက်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကွက် မြေတွင် ဝပ်နေသည့် တောင်ကတုံး၊ တောင်ပူစာများသာ။ နီကြန်သော မြေရောင်နှင့် ကျောက်စရစ်ခဲများသာ အတိပြီးသည့် မြင်ကွင်း။

ရတနာဂီရိနှင့် ပတ်သက်၍ ဘာကိုမျှ ပို၍ မျှော်လင့်မထားရန် ကိုယ့် ကိုယ်ကို ဆုံးမလိုက်ရလေသည်။

မြင်းလှည်းသည် တောင်ပူစာများကို စတင်တက်လာခဲ့သည်။

ဘီးနှင့် ကျောက်စရစ်ခဲတို့ ပွတ်တိုက်ဖိကြိတ်သံသည် သာယာနာပျော်ဖွယ်အသံ မဟုတ်ချေ။

တောင်ကုန်းငယ်လေးများ၏ အနိမ့်အမြင့် အတက်အဆင်းအတိုင်း ပေါ်လာလိုက်၊ ပျောက်သွားလိုက်ဖြင့် ကွေ့ကွေ့ကောက်ကောက်ရှိနေသော မြေ လမ်းကလေးကို တွေ့ရသည်။ ကလေးငယ်တစ်ဦးက စိတ်ရှိတိုင်း လွှင့်ပစ်ထား သည့် ဖဲကြိုးစတစ်ခုနှင့် တူသည်။

မြေနီအောက်ခံတွင် ဖွေးဖွေးဖြူနေသော လမ်းကြောင်းကလေးသည် အဝေးဆီတွင် တစ်စတစ်စ သေးမျှင်မှုန်ဝါးသွားလေသည်။

လေတဟူးဟူး တိုက်ခတ်နေသဖြင့် မစ္စစ်ဒရားကတ်၏ အင်္ကျီကော်လာဝိုင်းအနားစများမှာ တဖျပ်ဖျပ်လှုပ်နေသည်။

“ဘယ့်နှယ်လဲ မစ္စတာဂူးလက်ချန်း၊ ဒီခရီးကို ဘယ်လိုသဘောရသလဲ”

စိတ်ကြည်နူးသာယာဖွယ် လမ်းခရီးမြင်ကွင်းမဟုတ်သော်လည်း ကျွန်ုပ်၏ စိတ်အခြေအနေဖြစ်ပေါ်မှုကို အနီးကပ်ဆုံး ရှာဖွေကြည့်ပြီး မစ္စစ်ဒရားကတ်အား အဖြေပေးလိုက်သည်။

“လောကသစ်တစ်ခုပါပဲ၊စိတ်လှုပ်ရှားစရာခရီးလမ်းပါပဲ၊မစ္စစ်ဒရားကတ်”

“ဟောဟိုရှေ့က တောင်ပူစာလေးကို ကျော်ပြီးရင် အင်ဘာဂတ်လမ်း မကြီးကို ကျွန်မတို့ ဖြတ်ရတော့မယ်”

မြင်းလှည်းသည် အနည်းငယ်မတ်စောက်သော ဆင်ခြေလျှောကို ဘီး သံဆူညံစွာဖြင့် ဆင်းလာခဲ့သည်။

အဆင်းလမ်းအဆုံးတွင် ရှေ့၌ ကန့်လန့်ဖြတ်သွားသော မြေလမ်းကြီးပေါ်လာသည်။ ပေသုံးဆယ်ခန့်ကျယ်သော လမ်းမဖြစ်သည်။

“ဒီအတိုင်း တောင်ဘက်စူးစူးကိုသွားရင် ကိုလာပူရ်မြို့ကို ရောက်တယ်၊ မိုင်ငါးဆယ်လောက် ဝေးတယ်”

“အဲဒီကိုလာပူရ်မြို့နဲ့ကော ရတနာဂီရိဟာ အဆက်အသွယ်မရှိဘူးလား မစ္စစ်ဒရားကတ်”



www.burmeseclassic.com

www.burmeseclassic.com



သူမကရယ်မောလျက်. . .

"ကိုလာပူရ်မြို့ဟာမြို့သာဆိုရတယ်ရွာကြီးတစ်ရွာသာသာလောက်ပဲ ရှိတာ။ အုန်းတို့၊ ခနိတို့ လုပ်ကိုင်တဲ့ ဒေသခံတွေလောက်ပဲ အသွားအလာရှိကြတယ်။ ပြောလို့သာ ပြောရတာပါ၊ ကျွန်မရတနာဂီရိမှာ နေခဲ့တဲ့တစ်လျှောက်လုံး ကိုလာပူရ်ကို တစ်ခါမှမရောက်ဖူးပါဘူး၊သွားလည်းမသွားခဲ့ဘူး၊ အဲဒီမှာ ငှက်ဖျားရှိတယ်လေ. . ."

သက်ပြင်းတစ်ချက်သာ ရှိုက်မိလိုက်တော့သည်။

မြင်းလှည်းသည် လမ်းမကိုဖြတ်ပြီး နောက်ထပ် တောင်ပူစာငယ်များကို တက်လိုက်ဆင်းလိုက်ဖြင့် မောင်းနှင်နေသည်။ အနိမ့်အမြင့်တို့ဖြင့် ပွမ်းတီးလျက်ရှိသောဘဝတစ်ခုကိုဤလမ်းခရီးကကိုယ်စားပြုနေသလောဟု ကျွန်ုပ်စိတ်ကူးယဉ်စွာ တွေးမိလေသည်။

နောက်ဆုံး တောင်ပူစာကို ဆင်းပြီးသောအခါတွင်မူ ရှေ့ခပ်လှမ်းလှမ်းဆီတွင် ရိုးတံကျိုးကျဲ သစ်ပင်ငယ်လေးများကို တွေ့လိုက်ရသည်။

"အဲဒါ သံပုရာပင်တွေပဲ၊ အဲဒီခင်တန်းလေးရဲ့ဟိုဘက်မှာစံအိမ်တော်ရှိတယ်၊ ကျွန်မတို့ ရောက်တော့မယ်"

မီးလျှံများ၊ ပင်လယ်ကြီးများ၊တောတောင်ချောက်ကမ်းပါးကြီးများကို ကျော်ဖြတ်ကာ မြင့်မားလှစွာသော တောင်ထိပ်ပေါ်ရှိ ရဲတိုက်အတွင်းအကျဉ်းချခံနေရသည့် ရွှေမင်းသမီးလေးကိုကယ်တင်သောသူရဲကောင်းပုံပြင်ကို ကျွန်ုပ်သတိရမိလေသည်။

ကျွန်ုပ်၏ တိတ်ဆိတ်ငြိမ်သက်ခြင်းနှင့် အတွေးထဲတွင် စူးနစ်မြုပ်ဝင်နေခြင်းကို သတိထားမိဟန်တူသည်။ မစ္စစ်ဒရားကတ်သည် စကားမပြောတော့ချေ။

ကုန်ဆုံးခဲ့သောနွေရာသီ၏ဒဏ်ချက်များသည်မပျောက်တတ်သေး။ သံပုရာခင်တန်းအုပ်ကလေးထဲသို့ မြင်းလှည်းမောင်းဝင်စဉ် ရွက်ကြွေများကို နင်းဖြတ်ခဲ့သည်။

မိုးကို ငံ့လင့်နေသော သစ်ပင်တို့တွင် ရွက်သစ်များဝေစပင် ရှိသေးသည်။ ချည့်နဲ့သော အကိုင်းအညွှန့်လေးများက မိုးစက်ကို မွတ်သိပ်စွာ တောင့်တနေကြဟန်ဖြင့် ထိုးထိုးထောင်ထောင်ရှိနေကြသည်။

မြင်းလှည်းကလေးသည် သစ်ပင်များကို ကွေ့ပတ်ခဲ့ပြီးနောက်မြက် ခြောက်ပင်များ ပြားပြားဝပ်နေသော လမ်းထက်သို့ ရောက်ရှိလာသည်။

"ကျွန်မတို့ အခုစံအိမ်တော်ရဲ့ လက်ယာဘက်ဘေးကနေ ပန်းပြီး မောင်းလာခဲ့ကြတာ၊ စံအိမ်တော်ရှေ့ကို ကွေ့ဝင်ရမယ်၊ ထောင့်မှာ ကင်း‌ရုံကို



www.burmeseclassic.com

www.burmeseclassic.com



စတွေ့ရလိမ့်မယ် မစ္စတာဂူးလက်ချန်း”

မြင်းလှည်းသည် လက်ဝဲဘက်သို့ ချိုးကွေ့လိုက်သည်။

နီညိုရောင်အဆင်းရှိသည့် အုတ်အဆောက်အဦးကြီး၏ တစ်စိတ်တစ်ဒေသသည် ဘွားခနဲ ပေါ်လာသည်။ကြီးမားသောမျက်နှာစာလေးထောင့်တိုင်ကြီးများအကြားတွင် လိပ်ခုံးသဏ္ဍာန်ခုံးများရှိသည်။ခုံးများမှာနိမ့်လှသောကြောင့် အောက်ခြေတွင် အလင်းရောင်ကောင်းစွာ မရရှိချေ။

ပုဏ္ဏရိက်စည်းရိုးရှေ့တွင် မြင်းလှည်းတို့ရပ်သွားလေသည်။

အဝင်လမ်း၏ ထိပ်တွင် ကင်းရုံလေးတစ်ရုံက ထီးထီးတည်နေသည်။

“သီပေါဘုရင်စံမြန်းတဲ့ ညြလ်ထရန်ဟော စံအိမ်တော်ကို ရောက်ပြီ မစ္စတာဂူးလက်ချန်း”

ကင်းရုံထဲမှ ကာကီယူနီဖောင်းဝတ် ပန်ချာပီအစောင့်တစ်ယောက်ထွက်လာသည်။

“ဘနားဆင်း၊ ငါတို့ရောက်လာကြပြီ၊ ဧည့်သည်လည်းပါတယ်”

“သူတို့အားလုံး ရေခဲစက်တည်တဲ့ဆီရောက်နေကြပါတယ်ဆရာမ၊ နောက်ထပ် တစ်နာရီလောက်ကြာမှ ပြန်လာကြပါလိမ့်မယ်၊ နန်းကျဘုရင်နဲ့ မိသားစုလည်း အဲဒီကို လိုက်သွားကြပါတယ်”

မိုးတွင်းတွင် ဘုံဘေနှင့် ရတနာဂီရိခရီးကို သင်္ဘောခုတ်မောင်းနိုင်တော့မည် မဟုတ်သည့်အတွက် ရေခဲစက်တစ်လုံးတည်ရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း ကျွန်ုပ်ကြိုသိထားခဲ့သည်။

“ကိစ္စမရှိဘူး၊ ငါတို့ ဧည့်ခန်းဆောင်ထဲက စောင့်မယ်”

“မဟုတ်ဘူးဆရာမ၊ သခင်ကြီး အောလ်ဘွန်းက မှာသွားပါတယ်၊ ဒီကြားထဲမှာ ဘယ်သူပဲ ရောက်လာ ရောက်လာ စံအိမ်တော်ရဲ့ အခြားတစ်နေရာကပဲ စောင့်နေပါစေတဲ့”

“ဟဲ့. . .ဘနားဆင်း၊ ငါက တခြားလူလား၊ ပြီးတော့ ဟောဒီဧည့်သည်ကလည်း ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ပဲ၊မင့်သခင်ကြီးမှာသွားတာက ပန်းလာပို့မယ့်လူတို့၊ မြင်းစာလာပို့မယ့်သူတို့ကို ပြောတာပါ”

“ဘယ်သူမှ မဝင်ရလို့ အမိန့်ပေးသွားပါတယ် ဆရာမ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ”

မစ္စစ်ဒရားကတ်က ကျွန်ုပ်ကို စိတ်မကောင်းသော မျက်နှာဖြင့်လှည့် ကြည့်သည်။ ကျွန်ုပ်က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

“အေးလေ. . .နောက်တစ်နာရီကြာရင် ငါတို့လာခဲ့မယ်၊ မင်းသခင်း

www.burmeseclassic.com



ပို့ထားနှင့် ကြားလား”

“ကောင်းပါပြီဆရာမ”

မြင်းလှည်း ပြန်ကွေ့သည်။ စံအိမ်တော်ကိုရှေ့တွင်မြင်နေရပါလျက် မြင်းလှည်းပေါ်မှပင် မဆင်းရသေးဘဲ ရှေ့ဆက်မဝင်သာသော အခြေအနေ။ ရတနာဂီရိကား အဟန့်အတား များပြားဘိခြင်း။

“ကျွန်မ စိတ်မကောင်းပါဘူး မစ္စတာဂူးလက်ချန်း၊ ဒါပေမဲ့ ဒါတွေဟာ အသေးအဖွဲ့. . .”

မစ္စစ်ဒရားကတ်စကားမဆုံးမီမှာပင် မြင်းလှည်းသည်လမ်းဘေးသို့ဖဲ့ဆင်းကာ ရပ်သွားသည်။ ဤသို့ရပ်သွားခြင်းမှာ လမ်းကျဉ်း၏ရှေ့တူရူဆီမှ မော်တော်ကားတစ်စင်း မောင်းလာသောကြောင့်ဖြစ်သည်။

ထိုကားမှာ ဆိပ်ကမ်းတွင် တွေ့ခဲ့သော အမိုးဖွင့် စတေရှင်ဝက်ဂွန်းပင်ဖြစ်သည်။ ကားသည် ကျွန်ုပ်တို့ မြင်းလှည်းနှင့် ဘေးချင်းအယှဉ်တွင် စက် မသတ်ဘဲ ရပ်နေသည်။

“မစ္စစ်ဒရားကတ်. . .ဘာဖြစ်လို့လဲဟင်. . .”

ရွှေရောင်ဆံပင်နှင့် မျက်လုံးပြာကို တွေ့ရပြန်ပေပြီ။

“အိုး . . . မားဂရက်ရေ၊ စံအိမ်တော်မှာ ဘယ်သူမှ မရှိကြဘူးတဲ့လေ၊ ရေခဲစက်ဆီရောက်နေကြလို့၊ မားဂရက်ဖခင်ရဲ့ အမိန့်အရ ဘနားဆင်းက ဝင် ခွင့်မပြုတာကြောင့် ကျွန်မတို့ ပြန်လှည့်ခဲ့ရတယ်”

“အို. . .”

“တည်းခိုမယ့် သာသနာပြုရိပ်သာ အဆောက်အဦးကိုပဲ သွားနေနှင့်မယ်လေ၊ ပြီးမှပဲ လာခဲ့ကြမလို့ မားဂရက်ရဲ့”

“အို. . .ဘယ်ဟုတ်မလဲ ကျွန်မဝမ်းနည်းပါတယ်ရှင်”

မားဂရက်အောလ်ဘွန်း၏ မျက်လုံးပြာများ ကျွန်ုပ်ဆီ ရောက်လာသည်။ မစ္စစ်ဒရားကတ်သည် အကင်းပါးသောအမျိုးသမီးကြီးဖြစ်လေသည်။

“မားဂရက်. . .သူက ဘုံဘေကလာတဲ့ မစ္စတာဂူးလက်ချန်းပါ၊ မစ္စတာ ဂူးလက်ချန်း . . . ဒါ မားဂရက်အောလ်ဘွန်းလေ၊ သီပေါဘုရင်ရဲ့ သမီး တော်လေးကို စာသင်ဖို့ ဆရာမအဖြစ် လိုက်လာတာ၊ အိမ်တော်ဝန် မစ္စတာ အောလ်ဘွန်းရဲ့သမီး”

“ဝမ်းသာပါတယ် မစ္စမားဂရက်အောလ်ဘွန်းခင်ဗျား”

“ဟုတ်ကဲ့. . .ဟုတ်ကဲ့၊ ကျွန်မလည်း ဝမ်းသာပါတယ်၊ကျွန်မစိတ်မကောင်းပါဘူး၊ အဝေးကြီးကလာတဲ့ဧည့်သည်တစ်ယောက်ဟာဒီလိုမဖြစ်သင့်ဘူးလို့ ထင်ပါတယ်၊ အနည်းဆုံးတော့ စံအိမ်တော်ရဲ့အပြင် ဧည့်ခန်းလောင်



www.burmeseclassic.com

www.burmeseclassic.com



ကနေ သက်သောင့်သက်သာ ထိုင်စောင့်ရမှာပေါ့၊ ဘနားဆင်းဟာ အမိန့်ကို နားထောင်ဖို့သာ နားလည်တဲ့ လူကြီးပါ၊ ကဲ. . .ဒီလိုလုပ်လေ၊ ကျွန်မကား နောက်က ပြန်လိုက်ခဲ့ကြပါ”

စံအိမ်တော်ထဲ ရောက်ရှိရေးသာ ကျွန်ုပ်အတွက် အဓိကဖြစ်သည်။

ဝင်းဝရောက်ပြီးမှ ပြန်လှည့်လာရသော အဖြစ်ကို ကျွန်ုပ်အလိုမရှိ။

“ကျေးဇူးတင်ပါတယ် မစ္စမားဂရက်အောလ်ဘွန်းခင်ဗျား . . .”

သို့ဖြင့် အခြေအနေမှာ တစ်မျိုးပြောင်းသွားပြန်သည်။ ခပ်ဖြည်းဖြည်း မောင်းသွားသော စတေရှင်ဝက်ဂွန်းနောက်မှ ကျွန်ုပ်တို့မြင်းလှည်း မောင်းနှင်လိုက်ပါလာခဲ့သည်။

ဝင်းဝသို့ တစ်ကြိမ် ရောက်ရပြန်ပြီ။

ကင်းရုံထဲမှ ဘနားဆင်းသည် စတေရှင်ဝက်ဂွန်းကားအနီးတွင်ခြေစုံရပ်ကာ တောင့်တောင့်ကြီးဖြစ်နေသည်။ ကားစက်သံကြောင့် မစ္စမားဂရက်အောလ်ဘွန်းဘာတွေ ပြောနေသည်ကို သဲသဲကွဲကွဲ မကြားရသော်လည်း ဘနား ဆင်း၏ ညိုပုပ်သွားသော မျက်နှာကြီးက သက်သေခံနေသည်။

ကားနောက်မှ ကျွန်ုပ်တို့မြင်းလှည်း မောင်းဝင်ခဲ့ချိန်တွင် ပန်ချာပီကြီး ဘနားဆင်းသည် ကင်းရုံထဲတွင် ခေါင်းငိုက်စိုက်ချကာ ကျန်ရစ်ခဲ့လေသည်။

ရတနာဂီရိတွင် နှစ်ကြိမ်နှစ်ခါ ခေါက်ပြီးမှ တံခါးပွင့်တတ်သော ဓလေ့ထုံးစံရှိလေသလောဟု ကျွန်ုပ်စဉ်းစားမိတော့သည်။

◆

www.burmeseclassic.com



ဘယ်တုန်းကနှင့်မျှ မတူအောင် စိတ်လှုပ်ရှားနေသည်။

အသက်သုံးဆယ်ဆိုသော အရွယ်နှင့်မမျှအောင်ပင် ကျွန်ုပ်သည် စိတ် နှလုံး ထိခိုက်စရာများကို ကြုံခဲ့ရဖူးသူ တစ်ယောက်။

လန်ဒန်ဘုံရိပ်သာမှ မစ္စတာဟောင်းဝပ်ဖရန့်လက်သို့ ရောက်ရှိပုံ၊ မစ္စတာဟောင်းဝပ်ဖရန့်က ကျွန်ုပ်အား 'ဘရောင်းနီ' ဟု ခေါ်၍ အခြားမွေးစား ကလေးများထက် ပို၍ အရေးပေးခဲ့ပုံ၊ ထို့နောက် ကျေးရူးရှင်ကြီး မစ္စတာ ဟောင်းဝပ်က သူ့ညီရှိရာ အိန္ဒိယပြည်သို့ ကျွန်ုပ်ကို စေလွှတ်လိုက်ပုံ၊ စိတ် နှလုံးထိခိုက်ခဲ့ရသော အတွေ့အကြုံများ။

ထို့နောက် တသိမ့်သိမ့်လှုပ်ရှားရင်ခုန်ခဲ့ရသော အဖြစ်များကလည်း ကျွန်ုပ်နှလုံးသားပေါ်တွင် ဆက်တိုက်လိုလို နင်းဖြတ်သွားခဲ့ကြသည်သာ။

ကာလကတ္တားသို့ ရောက်စခိုက်မှာပင် မစ္စတာဂျိုနသန်ဖရန့် ကွယ် လွန်သွားကြောင်း ကြားသိရခြင်း၊ ဝစ္စဒမ်ဗီလာနှင့်တကွသော ဖရန့်ညီနောင် သစ်လုပ်ငန်းကြီးတစ်ခုလုံးကို အမွေဆက်ခံပြီး စက္ကန့်ပိုင်းအတွင်း ချမ်းသာ ကြွယ်ဝသော သူတစ်ယောက်ဖြစ်လာခဲ့ခြင်း၊မစ္စတာဂျိုနသန်ဖရန့်၏ထူးဆန်း သော သေတမ်းစာကိုဖတ်ရှုရခြင်း၊ ဆရာအက်ဂျလောင်းနှင့် တွေ့ဆုံရခြင်း၊ ဗိုလ်မှူးကြီးကောက်စ်နှင့်တွေ့ဆုံရခြင်း၊ ကပ္ပတိန်ပေါလ်ဝဲနှင့်ဆုံရခြင်း။

သည်မျှ အတွေ့အကြုံရှိခဲ့ပါလျက် ယခုအချိန်တွင် ကျွန်ုပ်သည် ဘယ် တုန်းကမျှနှင့်မတူအောင် ထူးထူးခြားခြားစိတ်လှုပ်ရှားနေသည်။

မီးခိုးရင့်ရောင်ဝတ်စုံကို ဝတ်ပြီးမှ အသစ်ပြန်လဲသည်။ မီးခိုးရင့် ရောင် သည် မြင်ရသူအတွက် အံ့ပျညို့မှိုင်းနေစေမည်လားဟု အတွေးပေါက် ကာ အသင့်တော်ဆုံးဖြစ်မည့် အရောင်ကို စဉ်းစားကြည့်သည်။

အနက်ရောင်သည် ဂုဏ်ပြုလေးစားမှုကို ပြခြင်း၊ အခမ်းအနားသုံး ဖြစ်ခြင်း၊ လေးနက်မှုကို ထင်ဟပ်ခြင်းစသည့် အဓိပ္ပာယ်များကို ဆောင်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မည်းမှောင်ခြင်းတည်းဟူသော အနက်အဓိပ္ပာယ်ရှိနေသေးသည်။

မိုးပြာရောင်ဝတ်စုံကော။ မိုးပြာရောင်ဝတ်စုံနှင့် အနက်ရောင်လည်စီးဆိုလျှင် အဆင်ပြေမည်လား။ စဉ်းစားပြီးမှ ထိုစိတ်ကူးကို ချက်ချင်းပင်ပြန်ဖျက်ပစ်လိုက်သည်။ မိုးပြာရောင်သည် စိတ်ပျံ့လွင့်ခြင်းကို အားပေးသော အရောင်ဟု ဆိုကြသည်။

နောက်ဆုံးတွင်ကား အဖြူရောင်ဝတ်စုံကိုပင် ဆုံးဖြတ်ချက်ချလိုက်သည်။ အဖြူရောင်သည် အရိုးခံဖြစ်ခြင်း၊ သန့်ရှင်းကြည်လင်ခြင်း၊ ပကတိသဘောဖြစ်ခြင်းစသော အဓိပ္ပာယ်များကို ဆောင်ပေမည်။

တွေ့ရမည့်အချိန်မှာ ညနေ ခုနစ်နာရီ ဖြစ်သည်။ အမှောင်ချဉ်းနင်းစ အချိန်ဖြစ်နေသော်လည်း ထိုအခွင့်အရေးကို ကျွန်ုပ်မငြင်းပယ်သာ။ စင်စစ်မူ နံနက်စောစောစာစားချိန်၊ သို့မဟုတ် နေ့လယ် လက်ဖက်ရည်သောက်ချိန်များတွင် တွေ့ဆုံကြဖို့ ကောင်းသည်။

မစ္စမားဂရက်အောလ်ဘွန်း၏အကူအညီကြောင့်နေ့လယ်ပိုင်းကကျွန်ုပ်သည် စံအိမ်တော်အပြင် ဧည့်ခန်းဆောင်အထိဝင်ခွင့်ရခဲ့ပေသည်။ ကြိမ်ထိုးသစ်သားပရိဘောဂများ ခင်းကျင်းထားသည်။ ထိုဧည့်ခန်းဆောင်တွင် ကျွန်ုပ်သည် မိနစ်လေးဆယ်လုံးလုံး 'သူတို့ ပြန်အလာ' ကို စောင့်နေခဲ့သည်။

သို့သော် ထိုအချိန်မှာပင် တစ်ခဲနက် ထစ်ချုန်းလာသော မိုးခြိမ်းသံများနှင့်အတူမိုးသည်းထန်စွာ ရွာချလိုက်လေသည်။မစ္စစ်ဒရားကတ်အဆိုအရ ဤမိုးသည် ရတနာဂီရိတွင် ယခုနှစ်မိုးဦးရာသီအတွက် ပထမဆုံး ရွာသွန်းသော မိုးဖြစ်သည်ဟု ဆိုသည်။

မစ္စမားဂရက်အောလ်ဘွန်းက ကျွန်ုပ်တို့အတွက် ဘရန်ဒီဖြင့် ဧည့်ခံမည်ဟု ပြင်သော်လည်း ကျွန်ုပ်က ယဉ်ကျေးစွာဖြင့် ငြင်းဆန်လိုက်ရသည်။

သည်းထန်စွာ ရွာချလိုက်သောမိုးရေထဲတွင်ရေခဲစက်တည်ဆောက်ရာသို့ သွားကြည့်ကြသည့် သီပေါဘုရင်နှင့်မိသားစုတို့ မည်သို့ပြန်လာကြမည်နည်း။ ရေခဲစက်မှာ ဩလ်ထရန်ဟောစံအိမ်တော်နှင့် ကိုက်လေးရာဝေးသော 'ဘေကာဘန်ဂလို' ဝင်းထဲတွင် တည်ဆောက်နေသည်ဟု သိရသည်။

သည်မိုးအတိုင်းသာဆိုလျှင် ရေခဲစက်တည်ရာသို့ ရောက်နေကြသူများသည် တော်တော်နှင့် ပြန်လာနိုင်ကြမည်မဟုတ်။ အကယ်၍ပြန်လာလျှင်လည်း မိုးရေထဲမှာ စိုစိုရွှဲရွှဲဖြင့် အလွန်ပင်ပန်းကြလိမ့်မည်။

ထို့ပြင် ကျွန်ုပ်သည် မစ္စမားဂရက်အောလ်ဘွန်းကို တောင်းပန်ကာ တည်းခိုရမည့် 'သာသနာပြုရိပ်သာ အဆောက်အဦး' သို့ ပြန်နားခွင့်ပြုရန်နှင့် အကယ်၍ သီပေါဘုရင် ခွင့်ပြုနိုင်မည်ဆိုပါက ခုနစ်နာရီတွင် လာရောက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံခွင့်ပြုရန် မှာကြားခဲ့ပြီး မစ္စစ်ဒရားကတ်နှင့်အတူ သာသနာပြုရိပ်သာသို့ ပြန်ခဲ့ရသည်။

သည်းထန်သောမိုးသည်အိုးကြီးကိုမှောက်သွန်လိုက်သကဲ့သို့အကုန်အစင်ရွာချပြီးနောက် တိတ်သွားသည်။ ညနေ ခြောက်နာရီ၌ ဝင်ရောက် တွေ့ဆုံခွင့်ပြုကြောင်း တံခါးစောင့် ဘနားဆင်းက သတင်းလာပေးသည်။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ပြီးနောက် သာသနာပြုရိပ်သာ အဆောက်အဦး၏ ပေါ်တီကိုအောက်သို့ ထွက်ခဲ့သည်။ မစ္စစ်ဒရားကတ်ကို နောက်ထပ်ငါးမိနစ်စောင့်ရသည်။

"ဘာဖြစ်လို့လဲ မစ္စတာဂူးလက်ချန်း၊ နေမကောင်းဘူးလား၊ခရီးပန်းလို့လား၊ မျက်နှာတွေ နီနေတယ်"

မစ္စစ်ဒရားကတ်က မေးသည်။

ဘုရားသခင်၊ ကျွန်ုပ် စိတ်လှုပ်ရှားနေခြင်းသည် သည်မျှအထိပင် သိသာလွန်းနေပြီလား။

"မိုးရေတွေ စိုခဲ့တာကို အဝတ်ကြမ်းနဲ့ ခပ်ပြင်းပြင်းလေးဖိပြီး ပွတ်တိုက်ပစ်ခဲ့လို့နဲ့တူပါတယ် မစ္စစ်ဒရားကတ်ရယ် . . ."

ပုဏ္ဏရိက်စည်းရိုးကို လွန်သည်။ မိုးရေစိုနေသော မြက်ခင်းပြင်ကို ကွေ့ပတ်ထားသည့် ကျောက်စရစ်လမ်းကလေးအတိုင်း မြင်းလှည်းမောင်းဝင်သည်။ လေးထောင့်တိုင်ကြီးများ၏ တစ်ခုသော လိပ်ခုံးမျက်နှာစာခုံးအောက်တွင် မြင်းလှည်းရပ်သည်။

နှလုံးသွေးတိုးသံဖြင့် ရင်သည် တထိတ်ထိတ်ခုန်နေသည်။

ဖျော့တော့သော မီးရောင်များအောက် အေးစက်မာကျောနေသော အုတ်သမံတလင်းကိုနင်းလျှောက်လျက်ဩလ်ထရန်ဟောစံအိမ်တော်အတွင်းထဲသို့ ဝင်ခဲ့သည်။

ကျွန်ုပ်၏ ဖိနပ်ခွာသံက သမံတလင်းမှ တစ်ဆင့် ထုထည်ကြီးလှသော စံအိမ်တော် နံရံကြီးများဆီသို့ ရိုက်ခတ်ကာ ခပ်အုပ်အုပ် ပဲ့တင်သံများအဖြစ် ပြန်လည်ပျံ့လွင့်လာသည်။

စင်္ကြံလမ်းအဆုံးသို့ ရောက်ပြီ။

စံအိမ်တော်ထဲရှိ နေရာများစွာမှတိုင်ကပ်နာရီထိုးသံများကတစ်ပြိုင်တည်းပေါ်လာကြသည်။ ခုနစ်နာရီတိတိ။ အတွင်းဧည့်ခန်းဆောင်တံခါးကို တံခါးစောင့်က ဖွင့်ပေးသည်။ ကျွန်ုပ်အသက်ပြင်းပြင်းတစ်ချက် ရှိုက်လိုက်သည်။

သီပေါဘုရင်နှင့်တွေ့ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၂၆ ]

"ထိုင်ပါ မစ္စတာဂူးလက်ချန်း"

အလွန်ပီသစွာ ပြောလိုက်သောအင်္ဂလိပ်စကားဖြင့်နှုတ်ဆက်သံဖြစ်သည်။ နှစ်ယောက်ထိုင်ဆက်တီခုံကြီး၏ဘေးမတ်တတ်ကုလားထိုင်ပေါ်တွင် ထိုင်နေသူက ပြောခြင်းဖြစ်လေသည်။

သူသည် သီပေါဘုရင်မဟုတ်ချေ။ ဗိုလ်မှူးကြီးကောက်စ်ထံမှာရှိသော သီပေါဘုရင်၏ ဓာတ်ပုံကို ကျွန်ုပ်ကြည့်ခဲ့သည်။ မဒရပ်မှာနေခဲ့စဉ်က ရိုက်ကူးထားသော ဓာတ်ပုံကို ဗိုလ်မှူးကြီးက ပြခြင်းဖြစ်သည်။

ယခုခုံပေါ်တွင် ထိုင်နေသူမှာ အသားအတော်ညိုသည်။ အနည်းငယ်ဝသည်။ မျက်နှာမှာ ခပ်ဝိုင်းဝိုင်း မြန်မာနန်းတွင်းအဝတ်အစားများကို ဝတ်ထားသော်လည်း တောက်ပဝင့်ကြွားခြင်းမရှိ။

သူကား စကားပြန် မစ္စတာမောင်ကြီးပင် ဖြစ်ရပေမည်။

"ကျွန်တော်မောင်ကြီးပါ၊ ခင်ဗျားနဲ့ ဘုရင်မင်းမြတ်ကြားမှာ စကားပြန်လုပ်ပေးမှာ ဖြစ်ပါတယ်၊ ဘုရင်မင်းမြတ်မကြာခင်ရောက်လာပါလိမ့်မယ်"

'ဘုရင်မင်းမြတ်' (ဟစ်စ်မဂျက်စတီး) ဟူသော စကားလုံးကို သူအလေးအနက်ထား၍ သုံးကြောင်းကို သတိထားမိသည်။

နှစ်ယောက်ထိုင် ဆိုဖာကြီးနှင့်မျက်နှာချင်းဆိုင်စားပွဲ၏ ဤမှာဘက် ဆိုဖာပေါ်တွင် ကျွန်ုပ်ထိုင်လိုက်သည်။

အရှေ့တိုင်းအနုပညာလက်ရာများနှင့်အနောက်တိုင်းပရိဘောဂများကို ထူးခြားစွာ ပေါင်းစပ်ခင်းကျင်းထားသည့် ဧည့်ခန်းဆောင်သည်ဆွဲဆောင်မှုကြီးမားလှပေသည်။ မြင့်မားသော မျက်နှာကျက်ဆီတွင်ဆီမီးပန်းဆိုင်းကြီးတစ်ခုက တွဲရရွဲကျလျက်ရှိသည်။ နံရံကပ် မီးဆိုင်းများ ရှိသော်လည်း ထွန်းညှိမထား။ အခန်းထဲရှိ အလင်းရောင်မှာ အနည်းငယ်အားပျော့နေသည်။

ခန်းလုံးပြည့် ခင်းထားသော ကော်ဇောကြီးမှာအမွေးပါးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အရောင်အသွေးစုံလင်လှပေသည်။ ဆိုဖာစားပွဲကုလားထိုင်များခင်းထားသည့် အလယ်ဗဟိုနေရာတွင်မူ ရွှေဝါရောင် မွေးပွကော်ဇောကြီးတစ်ချပ်ကိုထပ်ခင်းထားသည်။

စကားပြန် မစ္စတာမောင်ကြီးအပြင် အခန်းထဲ၌ နောက်ထပ် လူတစ်ယောက်ရှိသေးသည်။ သို့သော် ထိုသူမှာ အခန်းထောင့်ရှိ ကော်ဇောအစွန်းပေါ်တွင်သာ ဒူးတုပ်ထိုင်နေရသည်။ သူ့လက်ထဲမှာ ပန်းပွားတပ်သော ကြိုးစတစ်ချောင်းကို ကိုင်ထားသည်။ ထိုကြိုးစ၏ တစ်ဖက်သည် မျက်နှာကြက်ဆီသို့ ထိုးတက်နေသည်။ ကြိုးအဆုံးတွင်ကား ကြီးမားလှသော လေယပ်ကြီးတစ်ခု ရှိနေသည်။ လေယပ်ကြီးသည် လှုပ်ရှားခြင်းမရှိ။ ထိုသူကလည်း ကြိုးစကို ကိုင်ရုံသာ ကိုင်ထားလေသည်။

ဧည့်ခန်းစားပွဲမှာ အဝိုင်းဖြစ်သည်။ ခြေချောင်းသုံးချောင်းရှိသည်။ စားပွဲခြေထောက်များ၏ အဖျားပိုင်းသည် ခြသေ့ံတစ်ကောင်၏ လက်များနှင့်တူသည်။ ထူးဆန်းသည်မှာ စားပွဲပေါ်တွင် ပန်းအိုးမရှိခြင်းဖြစ်သည်။ပန်းအိုးအစား အလွန်လှပသော ကနုတ်ပန်းများ ဖော်ထားသည့် ပစ္စည်းများကိုသာ ချထားသည်။ ယင်းတို့သည် မြန်မာတို့၏အသုံးအဆောင်ဖြစ်သောကွမ်းအစ်၊ လက်ဖက်အုပ်၊ ဆေးလိပ်သေတ္တာများ စသည့်ပစ္စည်းများပင် ဖြစ်ရပေမည်။ ထိုပစ္စည်းများအားလုံး ရွှေရောင် ဖိတ်ဖိတ်တောက်လျက် ရှိလေသည်။

“ဘုရင်မင်းမြတ်ကလည်း ခင်ဗျားကိုတွေ့ဖို့ ဆန္ဒရှိနေပါတယ် မစ္စတာဂူးလက်ချန်း၊ မွန်းလွဲပိုင်းက ကျွန်တော်တို့ ဘေကာဘန်ဂလိုကို ရောက်နေကြလို့ ခင်ဗျားပြန်သွားရတာကို ကျွန်တော် စိတ်မကောင်းပါဘူး”

“ကျွန်တော့်အတွက် အနှောင့်အယှက်မဖြစ်ပါဘူး မစ္စတာမောင်ကြီး၊ ကျေးဇူးတင်ပါတယ်”

ကိ. . .စ္စ. . .မ. . .ရှိ. . .ပါ. . .ဘူး။

ဟူသော မြန်မာစကားကိုပြောလိုက်မည်ဟုစိတ်ကူးပြီးမှဘာကြောင့် မှန်းမသိ၊ကျွန်ုပ်မြန်မာလိုအနည်းအကျဉ်းပြောတတ်သည်ကိုသူမသိသင့်သေးဟု အတွေးဝင်မိသည်။

ထိုစဉ်မှာပင် နွေးထွေးနေရာမှ လေအေးတစ်ချက် ဖြူးလာသည်။ အခန်းထောင့်မှ လူက ကြိုးစကိုဆွဲကာ လေယပ်ကိုခပ်လိုက်သောကြောင့် ဖြစ်သည်။

ထိုသူဘာကြောင့် ယခုမှ ကြိုးစကို ဆွဲသနည်း။ အိပ်ငိုက်ရာမှ လန့်နိုးလာပြီး လေယပ်ကြိုးကို ဆွဲသည်လား။

ချက်ချင်းပင် အဖြေပေါ်လာသည်။ စကားပြန် မစ္စတာမောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ကုလားထိုင်မှဆင်းကာ ကော်ဇောပေါ်သို့ ထိုင်ချရင်း လေသံဖြင့် လှမ်းပြောသည်။

“ဘုရင်မင်းမြတ် ကြွလာတော်မူပြီ”

သီပေါဘုရင်ကို တွေ့မြင်လိုက်ရလေပြီ။ ဧည့်ခန်းဆောင်ထဲသို့ သူ ဝင်လာပုံမှာဖြည်းဖြည်းသက်သာပင်ဖြစ်သည်။နှေးကွေးလေးလံခြင်းမဟုတ်။ ကြီးရင့်သော ဣန္ဒြေလှုပ်ရှားမှုဖြစ်လေသည်။

မစ္စတာမောင်ကြီးက ကော်ဇောပေါ်ဆင်းထိုင်ချိန်တွင် ကျွန်ုပ်လည်း ဦးထုပ်ကို လက်မှကိုင်ကာ မတ်တတ်ရပ်လိုက်မိသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် မည်သို့ နေရထိုင်ရမည်ကို သတိမထားမိဖြစ်နေသည်။

“ထိုင်ပါ. . .ထိုင်ပါ. . .၊ သက်သောင့်သက်သာ နေပါ”

နှစ်ယောက်ထိုင် ဆိုဖာတွင် ဝင်ထိုင်ရင်း အလွန်ပီသရှင်းလင်းသော အင်္ဂလိပ်စကားဖြင့် သီပေါဘုရင်က ပြောသည်။ ကုလားထိုင်ပေါ်သို့ ကျွန်ုပ် ပြန်ထိုင်လိုက်သည်။

မြန်မာနန်းကျဘုရင်တစ်ပါးရှေ့တွင်ကျွန်ုပ်ရောက်နေရပြီ။သူသည် ထီးနန်းကို စွန့်ခဲ့ရသူ၊ နန်းချခြင်းခံခဲ့ရသူ၊ စစ်ရှုံးသူ၊ မိမိ၏တိုင်းပြည်ကို လက်လွှတ်ခဲ့ရသူ၊ ရှုံးနိမ့်သူဖြစ်သည်။ သို့သော် သူသည် သက်ဦးဆံပိုင် အထွတ်အထိပ်ဘုရင်တစ်ပါး။

“ဒေါက်တာမတ်ရဲ့ အက်စ်ပီဂျီကျောင်းမှာ ကျွန်ုပ်ငယ်စဉ်က ပညာသင်ခဲ့ဖူးတယ်၊ အဲဒီတုန်းကတော့ အင်္ဂလိပ်စကားလည်း ကောင်းကောင်းပြော နိုင်ခဲ့တယ်၊ အင်္ဂလိပ်စာလည်း ကောင်းကောင်းဖတ်နိုင်ခဲ့တယ်၊ သို့သော် နှစ်တွေကကြာခဲ့ပြီ၊ ကျွန်ုပ်ဟာ အလေ့အကျင့်တွေအားလုံးနဲ့ ဝေးသွားတယ်၊ သင်ပြောတာကို ကျွန်ုပ်နားလည်ပေမဲ့ ကျွန်ုပ်က ပြန်ပြောဖို့အတွက် အခက်အခဲရှိတယ်၊ ဒါအတွက် မောင်ကြီးကို ခေါ်ထားရတယ်”

အချို့နေရာများတွင် ဝဲ၍ အချို့နေရာများတွင်စကားလုံးကိုစဉ်းစားပြောနေဟန်ဖြင့် ဆုတ်ဆိုင်းဆိုင်းရှိသော်လည်း လုံးဝအမှားအယွင်းမရှိသည့် အင်္ဂလိပ်စကားပင် ဖြစ်လေသည်။

“မစ္စတာဂူးလက်ချန်းဆိုတာ သင်ပဲ မဟုတ်လား”

“ဟုတ်ပါတယ် ဘုရင်မင်းမြတ်”

‘ဘုရင်မင်းမြတ်’ ဟူသောအသုံးအနှုန်းကိုသတိကြီးစွာထား၍ကျွန်ုပ် သုံးလိုက်သည်။ ထို အသုံးအနှုန်းကို ကြားရသောအခါတွင် သီပေါဘုရင်၏ မျက်လုံးများ၌ နှစ်သက်ကျေနပ်သောသဏ္ဌာန်ကို တွေ့ရလေသည်။

“အခုထိ ကျွန်ုပ်ပြောခဲ့တဲ့ အင်္ဂလိပ်စကားကို သင်နားထောင်လို့ရရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား၊ နားလည်ရဲ့လား မစ္စတာဂူးလက်ချန်း”

“အလွန်အဆင်ပြေပါတယ် ဘုရင်မင်းမြတ်”

ပြုံးယောင်ပြုံးလျက် ခေါင်းတစ်ချက် ညိတ်လေသည်။

“သင် လက်ဖက်ရည်သောက်မလား၊ ကော်ဖီသောက်မလား”

“ကော်ဖီကောင်းပါတယ် ဘုရင်မင်းမြတ်”

အတွင်းခန်း၊ ခန်းဆီးဆီသို့ တစ်ချက်ဝေ့ကြည့်ကာ လက်ကို လှုပ်ယမ်းပြသည်။ မမြင်သာသော နေရာဆီမှ သူ၏ကျေးကျွန်များက အမှုတော်ထမ်းရန် အသင့်စောင့်နေကြပေမည်။

ကော်ဖီလာပို့မည့် အမှုထမ်းကို စောင့်ကြစဉ် ကျွန်ုပ်သည် သူ့ကို အကဲခတ်ရင်း စူးစိုက်ကြည့်နေမိသည်။

ဓာတ်ပုံထဲကထက်စာလျှင် အနည်းငယ်ပြည့်ဖြိုးနေသည်ဟု ထင်မိသည်။ သို့သော် မျက်ခွံများ အနည်းငယ်အစ်နေပြီး မျက်နှာမှာလည်း သွေးရောင်သိပ်မရှိလှ။ မျက်လုံးကြည့်ပုံမှာ အလွန်အေးဆေးတည်ငြိမ်နေသော ပုဂ္ဂိုလ်ဖြစ်ကြောင်း သံသယဖြစ်စရာမလိုပေ။ အောက်ဘက်သို့ မဆိုစလောက်ကုပ်ကျနေသော နှုတ်ခမ်းမွေးများကြောင့် မျက်နှာမှာ ရင့်သည်ဟု ထင်ရသော်လည်း မျက်လုံးများက သူ၏အသက်မကြီးသေးသော အရွယ်ကို ထင်ရှားစွာ ဖော်ပြနေကြသည်။ ပခုံးနှင့်လည်ပင်းမှာလည်း ပြည့်ပြည့်ဖြိုးဖြိုးပင် ရှိနေကြသည်။ ဆိုဖာတွင် ထိုင်နေပုံမှာစန့်စန့်မတ်မတ်နှင့်တိကျသပ်ရပ်သောဟန်ပန်ရှိလေရာ သူ့မှာရှိနေသော ရာဇက္ကန္ဓေဆိုသည့် အရာသည် ပင်ကိုသဘာဝအားဖြင့် ထင်ရှားနေပေသည်။

ဆိုဖာလက်တန်းပေါ်တွင် တင်ထားသော လက်၏အနေအထားမှာ စည်းစိမ်ခံတတ်ခြင်း၏ သင်္ကေတဖြစ်ပေမည်။ ကျန်တစ်ဖက်ကို ဒူးပေါ်တင်ထားရာ လက်နှစ်ဖက်စလုံး၏ လက်ချောင်းအချို့တွင် အဖိုးတန်ရတနာလက်စွပ်များကို ဆင်မြန်းထားလေသည်။

သူဝတ်ဆင်ထားသော ပန်းနုရောင်ပုဆိုးမှာ ကျွန်ုပ်ကြားဖူးသလို ရွှေ ခြည်ငွေခြည်များ ယက်ဖောက်ထားခြင်းမရှိသော်လည်း အလွန်စိုသော အဆင်း ရှိပြီး နူးညံ့ကျစ်လျစ်သော ပိတ်စတစ်မျိုးဖြစ်လေသည်။

မကြာမီပင် အမှုထမ်းတစ်ဦးသည်ကော်ဖီလင်ပန်းကိုယူဆောင်လာသည်။ သည်မှာပင် မှတ်တမ်းများ၌ ဖတ်ထားခဲ့သော အခြင်းအရာတစ်ခုကို မျက်မြင်ထင်ရှားတွေ့ရတော့သည်။အမှုထမ်းသည်နောက်ထပ်ကိုင်းညွှတ်စရာမရှိတော့လောက်အောင် ခါးကိုကုန်းလျက် မျက်နှာကို အောက်ချလျက်ကော်ဖီလင်ပန်းကို ယူလာကာ စားပွဲပေါ်သို့ အသံလုံးဝမထွက်စေရအောင် ချထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ဒူးထောက်ရင်းဖြင့်ပင် နောက်ဆုတ်နောက်ဆုတ်ရွေ့လျား သွားလိုက်သည်မှာ အခန်းပေါက်ဝ၏ ခန်းစီးစဟိုမှာဘက် ပျောက်ကွယ်သွားသည်အထိပင် ဖြစ်လေသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့တွင် သူစိုးစံခဲ့စဉ်က မည်မျှတန်ခိုးအာဏာကြီးမားခဲ့ပေမည်နည်း။ သက်ဦးဆံပိုင် ဘုရင်မင်းမြတ်တစ်ပါး ဖြစ်ခဲ့သည်ဟု တွေးလိုက်သောအခါတွင် ထိုကျေးကျွန်၏အပြုအမူသည် အံ့ဩ စရာမဟုတ်တော့ပေ။

"ကော်ဖီသောက်ပါ မစ္စတာဂူးလက်ချန်း၊ သင်နှစ်သက်သလိုသာ စီမံပြီးသောက်ပါ၊ သင်တို့ဟာ အများအားဖြင့် သကြားမထည့်ကြဘူး မဟုတ်လား၊ ကျွန်ုပ်ကိုယ်တိုင်လည်း ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ အချိုလျှော့စားနေရတယ်"

ယခုအထိ စကားပြန်မောင်ကြီးကို သူအသုံးမချသေး။ အင်္ဂလိပ်စကားကို သူအလေ့အကျင့်ပြုတ်ခဲ့သည်ဆိုသော်ငြား မဒရပ်တွင် နေခဲ့စဉ်က သူသည် ပြန်၍ အပြောကျင့်ရှိအောင် အားထုတ်ခဲ့ခြင်း ဖြစ်မည်။

"မိဖုရားကြီး စုဖုရားလတ် ကျန်းမာပါရဲ့လား ဘုရင်မင်းမြတ်"

သီပေါဘုရင်က ကျွန်ုပ်ကို စူးခနဲ လှမ်းကြည့်သည်။ သူ့အကြည့်မှာ ကျွန်ုပ်၏မေးခွန်းကို သဘောကျသော အဓိပ္ပာယ်ဆောင်နေသည်။

"သွေးအားနည်းနေသေးတာကလွဲပြီး စုစုနေကောင်းပါတယ်၊ ဒါပေမဲ့ သူအခုတော့ လာနိုင်မှာမဟုတ်ဘူး၊ သင်ကော. . .အိမ်ထောင်နဲ့လား၊ သားသမီး ဘယ်နှစ်ယောက်ရှိသလဲ"

သီပေါဘုရင်သည် သူနှင့်ပတ်သက်သမျှသော လူတို့၏အကြောင်းကို အလွန်သိချင်တတ်ကြောင်း၊ လေ့လာစူးစမ်းချင်သော ဝါသနာရှိကြောင်း ဖိုလ်မှူးကြီးကောက်စ်က ကျွန်ုပ်ကို ပြောပြဖူးပေသည်။

"ကျွန်တော်တစ်ကိုယ်ရည်သမားပါ ဘုရင်မင်းမြတ်"

"ဩော်. . .ဩော်. . .ဟုတ်လား။ သင့်အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် သုံးဆယ်စွန်းခဲ့ပါပြီ ဘုရင်မင်းမြတ်"

"ဩော်. . .ငယ်ငယ်ပဲ ရှိသေးတာကိုး"

သီပေါဘုရင်၏မှတ်ချက်ကို ကျွန်ုပ်စိတ်ထဲကပြုံးမိသည်။ကျွန်ုပ်ကို သူက ငယ်ငယ်ပဲရှိသေးတာကိုးဟု ဆိုသည်။ စင်စစ်မူ သူသည်လည်း ကျွန်ုပ်နှင့်ရွယ်တူလောက်သာရှိပေသေးသည်။ထီးနန်းအရိုက်အရာကိုသူဆက်ခံစိုးစံခဲ့စဉ်က သူသည် အသက်နှစ်ဆယ်ပင် မပြည့်သေး။ ထီးနန်းကို လက်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရသည့် အချိန်မှာလည်း သူသည် အသက် (၃၀)ပြည့်ရန် သုံးနှစ်ခန့်လို သေးသော အရွယ်ဖြစ်သည်။

ဘုရင်တစ်ပါးဖြစ်ခြင်း၊ ထီးနန်းကို စွန့်လွှတ်ခဲ့ရခြင်းနှင့် မင်းတို့၏ အဆောင်အယောင်စည်းစိမ်များကြားတွင် ကြီးပြင်းရှင်သန်ရခြင်းတို့ကြောင့် သူသည် ရှိရင်းစွဲအသက်ထက် ပိုမိုကြီးရင့်နေခြင်းသာ ဖြစ်လေသည်။

"ဗိုလ်မှူးကြီးကောက်စ်တစ်ယောက်ကောကျန်းကျန်းမာမာရှိရဲ့လား၊ သူဘုံဘေမှာလား"

"ကျန်းမာပါတယ် ဘုရင်မင်းမြတ်၊ ဘုရင်မင်းမြတ်နဲ့ မိသားစုအတွက် ဆုမွန်ကောင်းများတောင်းလိုက်ကြောင်း၊ ကျွန်တော့်ကို အမှာစကား ပါးလိုက်ပါတယ်"

"အင်း . . . ကောက်စ်ဟာ လူကောင်းတစ်ယောက်ပဲ၊ ကာနယ်စလေဒင် တစ်ယောက်ကော. . .၊ သူ့ကို ကျွန်ုပ်အမြဲလိုလို သတိရနေတယ်"

"ကာနယ်စလေဒင်ဟာ အခုအင်္ဂလန်ပြန်ရောက်သွားပြီလို့ သိရပါတယ်၊ ကျွန်တော်သူနဲ့ လုံးလုံးမတွေ့ဆုံခဲ့ရပါဘူး ဘုရင်မင်းမြတ်"

ကာနယ်စလေဒင်ကို သူဘာကြောင့် အမြဲလိုလို သတိရနေတတ်ကြောင်း ကျွန်ုပ်ရိပ်စားမိသည်။ နာမည်ကျော် 'ငမောက်' အမည်ရှိ နန်းစဉ်ပတ္တမြားကြီးအပါအဝင် တန်ဖိုးမဖြတ်နိုင်လောက်အောင်များပြားသည့် အဖိုးတန်ကျောက်မျက်ရတနာများသည် ကာနယ်စလေဒင်နှင့် ပတ်သက်နေသည်ပင်။

"သင် အခု ရတနာဂီရိကို လိုက်လာခဲ့တာ ကလိုက်ဗ်သင်္ဘောနဲ့ပဲလား၊ ကပ္ပတိန်ပေါလ်ဝဲကော အဲဒီသင်္ဘောမှာပဲလား . . ."

"ဟုတ်ပါတယ် ဘုရင်မင်းမြတ်"

"ကပ္ပတိန်ပေါလ်ဝဲဟာ လူကောင်းတစ်ယောက်ပဲ"

အကြောင်းမသိသူများအဖို့ နန်းကျဘုရင်သည် အလွန်စပ်စုတတ်သည်ဟု ထင်စရာရှိပေမည်။ ကျွန်ုပ်အနေဖြင့်မူ တစ်ခုပြီးတစ်ခုမေးနေသော သူ့မေးခွန်းများကိုဖြေရင်း သူ့ကို ပို၍ နားလည်လာသည်ဟုခံစားရလေသည်။

အပြင်မှပုဂ္ဂိုလ်တစ်ယောက်ယောက်၊ဧည့်သည်တစ်ယောက်ယောက်နှင့်တွေ့ရသောအခါ ထိုသူသည်လည်း သူ့အပေါ်၌ ကောင်းမွန်သောသဘော ထားရှိသည်ဟု သူလက်ခံသောအခါများတွင် သီပေါဘုရင်သည် ဤသို့ပင် မေးခွန်းများစွာ မေးပေမည်။ သူ့အဖို့ ပြင်ပကမ္ဘာကြီးနှင့် ဆက်ဆံခွင့်ရနိုင်မည့် တစ်ခုတည်းသော လမ်းကြောင်းမှာ ထိုသို့မေးခွန်းများမေးခြင်း ဖြေကြားခြင်းသာလျှင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သီပေါဘုရင်သည် စပ်စုတတ်သူ မဟုတ်ဟု ကျွန်ုပ် အခိုင်အမာယုံကြည်သည်။ ထို့ကြောင့် သူမေးသမျှ မေးခွန်းများကို တတ်နိုင်သမျှ ဖြေကြားပေးရန်လည်း ဆုံးဖြတ်ထားလေသည်။

တစ်ခုပဲရှိသည်။ ကျွန်ုပ်မဖြေနိုင်သည့် မေးခွန်းများကိုမမေးပါစေနှင့်ဟုဆုတောင်းရသည်။ ဥပမာ မဒရပ်တွင်ရှိစဉ်ဗိုလ်မှူးကြီးကောက်စ်ကို မေးခဲ့သော မေးခွန်းမျိုးဖြစ်သည်။ ဘုရင်ခံချုပ် မဒရပ်သို့ လာရောက်၍ လည်ပတ်စဉ်က သူနှင့်ပတ်သက်၍ ဘုရင်ခံချုပ်က မည်သို့စီစဉ်ထားသည်ကို သိလိုလှ၍ ကောက်စ်အား သူသည် မေးခွန်းပေါင်းများစွာ မေးခဲ့သည်ဟု ကျွန်ုပ် ကို ဗိုလ်မှူးကြီးကောက်စ်က ပြောဖူးသည်။

မြန်မာပြည်၏ အနာဂတ်ကို မည်သို့စီရင်ဆုံးဖြတ်မလဲ။ သူ့ကို မန္တလေးသို့ ပြန်ခွင့်ပြုနိုင်မလား။ အိန္ဒိယအစိုးရက သူ့ကို ဘာလုပ်ဖို့ စီစဉ်ထားသလဲ။ ဘုရင်ခံချုပ်နဲ့ တိုက်ရိုက်တွေ့ဆုံအောင် စီစဉ်ပေးနိုင်မလား၊ စသည်ဖြင့် နိုင်ငံရေးဆိုင်ရာ မေးခွန်းများကို သူသည် ဗိုလ်မှူးကြီး ကောက်စ်အား မေးခဲ့လေသည်။

ယခုထိုသို့သော မေးခွန်းမျိုးတွေ မေးလာလျှင်တော့ ကျွန်ုပ်ဖြေနိုင်လိမ့်မည် မဟုတ်ချေ။ ကံအားလျော်စွာပင် သီပေါဘုရင်ကလည်း ကျွန်ုပ် မဖြေနိုင်သော မေးခွန်းများကို မမေးပေ။

"ကော်ဖီသောက်ပါ မစ္စတာ ဂူးလက်ချန်း"

ထိုသို့ပြောပြီးနောက် သီပေါဘုရင်သည် ကျွန်ုပ်ထံမှ အကြည့်လွှဲလျက် အပြင်ဘက်ဆီသို့ ငေးမောနေလေသည်။ ရတနာဂီရိသည် အမှောင်အောက်သို့ တဖြည်းဖြည်းနစ်မြုပ်လျက်ရှိသည်။ ညဥ့်အမှောင်ကြောင့် စံအိမ်တော်အတွင်းရှိ မီးများပို၍ လင်းလာသည်ဟု ထင်ရသည်။

စကားပြန် မောင်ကြီးလည်း ကော်ဇောပေါ်တွင် မလှုပ်မရှားထိုင်လျက်။ ယပ်ဆွဲအမှုထမ်းကလည်း ကြိုးစကို ဖြည်းညင်းစွာဆွဲလျက်။

ကော်ဖီပန်းကန်ကို စားပွဲပေါ်သို့ အသာအယာချလိုက်ပြီးနောက် စကားအလှည့်ကို ကျွန်ုပ်ကစယူရန် ဟန်ပြင်လိုက်သည်။

"ဘုရင်မင်းမြတ်ကို ကျွန်တော်တို့ ကူညီနိုင်လိမ့်မယ် ထင်ပါတယ်။ ကျွန်တော် အခုလာရောက်ခြင်းဟာ မစ္စတာဖရက်ဒရစ်အက်ဂျလောင်းရဲ့ ရှေ့ပြေးအဖြစ် လာရောက်ခြင်းဖြစ်ပါတယ်"

လက်တန်းပေါ်မှ လက်ကို ရုတ်သိမ်းလျက် သူလက်ပိုက်သည်။ ပြည့်ဖြိုးသော ပခုံးသားများ ပို၍ ကြွတက်လာလေသည်။

"အင်း . . . ပြောပါ မစ္စတာဂူးလက်ချန်း"



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ မစ္စတာဖရက်ဒရစ်အက်ဂျလောင်းဟာ ဘုံဘေမှာလို အပ်တဲ့ တရားဥပဒေဆိုင်ရာ နည်းလမ်းတွေနဲ့ ကြိုးစားနေပါပြီ၊ ဘုရင်မင်းမြတ်အနေနဲ့ ဘုံဘေဘုရင်ခံဆီကတစ်ဆင့် အစိုးရထံမှာ ဘာတွေ တောင်းဆိုချင် သလဲဆိုတာကို ကျွန်တော်နဲ့ တိုင်ပင်ပြီး အချက်အလက်တွေ ထုတ်ဖို့က ပထမဆုံးလုပ်ရမယ့်အဆင့်ဖြစ်ပါတယ်"

အတတ်နိုင်ဆုံး ဖြည်းဖြည်းရှင်းရှင်းဖြစ်အောင် ကျွန်တော်ပြောသည်။ သီပေါဘုရင်သည် အတန်ကြာ နားစိုက်ထောင်နေပြီးမှ. . .

"ကျွန်ုပ်တောင်းဆိုချင်တာတွေက အများကြီးဖြစ်နေတယ်"

ဟုပြောကာ ခပ်လျော့လျော့ ပြုံးသည်။ ပြုံးလိုက်သောအခါ သူ၏ ခပ်အစ်အစ်မျက်ခွံများက ပို၍ ထူထဲလာကြပြီး နပျိုသော အရွယ်၏ အငွေ့အသက်များကလည်း ပို၍ ပေါ်လွင်လာကြလေသည်။

"တောင်းဆိုချင်တာတွေက အများကြီးဖြစ်နေလိမ့်မယ်လို့ ကျွန်တော်လည်း မျှော်လင့်ထားပါတယ် ဘုရင်မင်းမြတ်၊ ဒါပေမဲ့ အချက်အလက်တွေ ချခင်းပြီး အဲဒါတွေကို စနစ်တကျ စုစည်းလိုက်ရင် အဓိကအချက်တွေ ပေါ်လာ ပါလိမ့်မယ်"

"သင် ဘာကို ပြောတာလဲ၊ ကျွန်ုပ်နားမလည်လိုက်ဘူး၊ ထပ်ပြောစမ်းပါ"

ကျွန်ုပ်က ထပ်ရှင်းပြရသည်။ သူကြိုးစားနားထောင်သည်။ ကျွန်ုပ်က တတ်နိုင်သမျှ ဥပဒေကြောင်းဆိုင်ရာ ဝေါဟာရများမပါရှိအောင် ကြိုးစား၍ ရှင်းပြသည်။ သို့သော် တရားဥပဒေနည်းလမ်းဖြင့် ရင်ဆိုင်ရမည် ဖြစ်သောကြောင့် ဥပဒေကိစ္စကို ဥပဒေအသုံးအနှုန်းမပါဘဲ ရှင်းပြရသည်မှာ အလွန် လက်ဝင်သော အရာဖြစ်သည်။

ကျွန်ုပ်ကြိုးစားပြောသလို သီပေါဘုရင်ကလည်း ကြိုးစား၍ နားထောင်သည်။ လိုအပ်သောနေရာများတွင် စကားပြန်မောင်ကြီး၏ အကူအညီကို ယူရသည်။ ဤသို့ဖြင့် နာရီဝက်ခန့် ဆွေးနွေးကြပြီးသောအခါ သီပေါဘုရင်၏ အခက်အခဲအကျပ်အတည်းများအနက် 'ငွေကြေးဆိုင်ရာ ပြဿနာ' များကို ပထမအဆင့်အဖြစ် ကျွန်ုပ်တို့ သတ်မှတ်နိုင်ကြလေသည်။

မဒရပ်သို့ ရောက်ကတည်းက သူ့မှာ ကျောက်မျက်ရတနာများကို ထုခွဲရောင်းချခြင်းဖြင့် ငွေကြေးကိန်းဂဏန်းများ ရှုပ်ထွေးနေခဲ့ကြောင်း တွေ့ရသည်။

စကားပြန်မောင်ကြီးမှတစ်ဆင့်ပေးသော စာရွက်ကို ကျွန်ုပ်ယူ၍ ဖတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ. . . ၁၈၈၆ ခုနှစ် တစ်နှစ်တည်းမှာ ဘုရင်မင်းမြတ် ထုခွဲရောင်းချခဲ့တဲ့ ပစ္စည်းနဲ့ တန်ဖိုးစာရင်းပဲ မစ္စတာဂူးလက်ချန်း"

စကားပြန်မောင်ကြီးက ပြောသည်။

မင်အနက်ဖြင့် ရေးထားသော စာရင်းကို တွေ့ရသည်။

"ဖဒိုင်နဲ့ ဆိုးကားတို့အား ရွှေရောင်းရရှိငွေ ၂၇၂၅ ကျပ်၊ ဘုံဘေမြို့ ဂရိတ်ဝက်စတန်းဟော်တယ်ပိုင်ရှင် ဇီဝမ်ဇီသို့ ရွှေရောင်းရငွေ ၅၄၀၀ ကျပ်၊ ဘုံဘေမြို့ ဟယ်မင်လ်တန်ကုမ္ပဏီသို့ စိန် ၅၂ လုံး ရောင်းရငွေ ၄၅၃၁ ကျပ် ၈ ပဲ"

မှတ်စုစာအုပ်တွင် ကျွန်ုပ်ကူးယူနေစဉ် စကားပြန်မောင်ကြီးက ပြော သည်။

"၁၈၈၇ ခုနှစ်မှာပဲ စိန်တွေ တော်တော်ရောင်းချခဲ့တယ်၊ စာရင်းအရ ငွေ ၁၆၉၅၅ ကျပ်နဲ့ ၄ ပဲ ရခဲ့တယ်၊ အဲဒီငွေတွေအားလုံးကိုဘုရင်မင်းမြတ်ဟာ သူ့နာမည်နဲ့ ဘဏ်တိုက်မှာ အပ်ထားခဲ့တယ်၊ ဒါပေမဲ့ . . ."

မစ္စတာမောင်ကြီး၏ လေသံမှာ အားပျော့သွားပြီး . . .

"အဲဒီငွေတွေ အခု တစ်ပဲမှမကျန်တော့ဘူး၊ရတနာတွေဆိုရင်လည်း ဘုရင်မင်းမြတ်မှာ ဆင်မြန်းဖို့ထားတဲ့ ရတနာတွေကလွဲပြီး ပိုင်ဆိုင်သိမ်းဆည်းထားတာ မရှိတော့ဘူး၊ ဒီအတွက်ကြောင့် သူအတော် စိတ်မချမ်းမြေ့ဖြစ်နေတယ်"

သီပေါဘုရင် အသုံးအစွဲကြီးသည်ဟု ဗိုလ်မှူးကြီးကောက်စ်ကပြောဖူးသည်။ ဗိုလ်မှူးကြီး၏ စကားကိုကျွန်ုပ်ကောင်းကောင်းမှတ်မိနေလေသည်။

"သက်ဦးဆံပိုင် ဘုရင်တစ်ပါးအနေနဲ့ သူနန်းစံခဲ့စဉ်က သူဟာ တစ် တိုင်းပြည်လုံးကို ပိုင်ခဲ့တာ မဟုတ်လား၊ အဲဒီအချိန်တွေတုန်းကဆိုရင် သီပေါ ဘုရင်က ဘာသာရေးကိစ္စတွေ၊ ဆုလာဘ်ချီးမြှင့်တဲ့ ကိစ္စတွေ၊ သူနဲ့ သူ့မိသားစုရဲ့ ကိစ္စတွေမှာ အတိုင်းအဆမရှိ သုံးစွဲနိုင်ခဲ့တယ်၊ ဒါပေမဲ့ သူဟာ နေ့ချင်း ညချင်း နန်းကျဘုရင် ဖြစ်သွားတယ်၊ တစ်ပြည်စံ အကျဉ်းသားဖြစ်သွားတယ်၊ ဝရုန်းသုန်းကား ဖြစ်သွားတဲ့ သူ့ဘဝသစ်ကို သူလက်ခံဖို့ အသင့်မဖြစ်ဘူး၊ နန်းကျဘုရင်အဖြစ် သူ့ကိုယ်သူ သဘောပေါက်နေပေမဲ့ ဘုရင်တစ်ပါးရဲ့ သုံး စွဲမှုတွေကို သူ့ဘာသာသူ ပယ်ဖျောက်ပစ်လို့ မရနိုင်ဘူး၊ ဒီတော့ လက်တွေ့ဘဝ မှာ သူဟာ အကျဉ်းအကျပ်ကြုံနေရတယ်"

စာရင်းဇယားများကို ရေးကူးရင်းဖြင့် ကျွန်ုပ်မှာ မသက်မသာရှိလာသည်။ ကျွန်ုပ်တို့အမှုသည်၏ ပြဿနာမှာ ထင်သည်ထက်ပို၍ ရှုပ်ထွေးနက်နဲ နေသည်ကို သဘောပေါက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်မျက်ရတနာများကို ထုခွဲရောင်းချခြင်း၊ကိုယ်ပိုင်ငွေကြေး ဖြင့် သုံးစွဲခြင်း၊ ကြွေးမြီများ တင်ရှိခြင်းစသော ပြဿနာများသည် အခြား ပြဿနာများနှင့် ဆက်စပ်နေသည်။ ယင်းတို့မှာ ရတနာဂီရိတွင် နေထိုင်ရေး ကိစ္စနှင့် သီပေါဘုရင်အား ချုပ်ချယ်ကန့်သတ်ထားသော ကိစ္စများ ဖြစ်လေသည်။

ပြဿနာမှာ တစ်မျိုးတည်း ကိုင်တွယ်ဖြေရှင်း၍ရသောပြဿနာမျိုး မဟုတ်။ သီးခြားတစ်ခုတည်း ဆွဲထုတ်၍ရသော ကိစ္စမျိုးမဟုတ်။ တစ်ခုကို ကိုင်မိလျှင် နောက်တစ်ခုကိုပါ ဆက်ကိုင်ရမည်ဖြစ်သည်။စံအိမ်တော်အတွင်း ပြဿနာ၊ ငွေကြေးသုံးစွဲမှု၊ ရပိုင်ခွင့်ပြဿနာ၊ ကြွေးမြီပြဿနာများသည် 'နိုင်ငံ ရေး' နှင့် သိမ်မွေ့စွာ ဆက်စပ်နေလေသည်။

ထိုကွင်းဆက်များကို မြင်လိုက်သည့်အခါတွင် ကျွန်ုပ်သည် ပြောမပြ နိုင်အောင် စိတ်ထဲမှာ လေးလံသွားလေတော့သည်။

ထိုအခါ ပထမဆုံးအကြိမ်အဖြစ် ကျွန်ုပ်၏ ဘဝကို ကျွန်ုပ်မကျေ မနပ်ဖြစ်သွားသည်။ ထက်သန်လွန်းသော စိတ်ဝင်စားမှုများ၊ စိတ်လှုပ်ရှား ရင်ခုန်မှုများ တစ်ပွေ့တစ်ပိုက်ဖြင့် ရတနာဂီရိသို့ အရောက်လာခဲ့သော ကျွန်ုပ် ဂူးလက်ချန်း ဥပဒေပညာရှင်သည် ကျွန်ုပ်တို့၏ အမှုသည် သီပေါဘုရင်အ တွက် ဘယ်လောက်အထိ လုပ်ပေးနိုင်မည်နည်း။

ဆင်ခြင်တုံတရားကင်းစွာ ခံစားမှုကိုအလေးပေးစွာဖြင့်ကျွန်ုပ်သည် ရှေ့ဆက်တိုးနေပြီလား။

စံအိမ်တော်ရှိ တိုင်ကပ်နာရီမှ ရှစ်နာရီထိုးသံသည် တစ်ပြိုင်တည်း အသံမျိုးစုံဖြင့် ပေါ်လာသည်။ တချို့မှာ နီးကပ်ကျယ်လောင်စွာ၊ တချို့မှာ ဝေးကွာတိုးတိမ်စွာ။

သီပေါဘုရင်၏ မျက်နှာသည် အနည်းငယ်တင်းမာသွားသည်။

ထို့နောက် စကားပြန်မောင်ကြီးအား တင်းမာသောလေသံဖြင့်အမိန့် ပေးသလို ပြောဆိုသည်။ ထိုမြန်မာစကားကို လုံးစေ့ပတ်စေ့ ကျွန်ုပ်နားမလည် သော်လည်း ညအချိန်တွင် တိုင်ကပ်နာရီများ ဤသို့ဆူညံစွာမြည်ကြသည်ကို မနှစ်သက်သည့်အတွက် တစ်ခုခုကိုလုပ်ရန် ငေါက်ငမ်းပြောဆိုခြင်းဖြစ် ကြောင်းကိုမူ သိလိုက်သည်။ စကားပြန်မောင်ကြီးကား ကော်ဇောပေါ်တွင် ခေါင်းမဖော်ဝံ့ဘဲ ရှိနေလေသည်။

ကျွန်ုပ်ရောက်နေသည်မှာ တစ်နာရီကြာမြင့်သွားခဲ့ပြီ။ ပထမဆုံး အကြိမ်တွေ့ဆုံခွင့်ရခြင်းကို သည်မျှနှင့်ပင် ရပ်နားသင့်ပေပြီ။ သီပေါဘုရင် သည်လည်း နွမ်းနယ်လှဟန်ရှိသည်။ ပြန်ခွင့်ပြုပါရန်ကျွန်ုပ်ခွင့်တောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူက ကျွန်ုပ်ကို နှစ်လိုသော မျက်လုံးများဖြင့် ကြည့်သည်။

"သင် ဘယ်တော့ပြန်မလဲ မစ္စတာဂူးလက်ချန်း"

ဟု မေးသည်။

"နောက်တစ်ပတ် သင်္ဘောနဲ့မှ ပြန်ဖြစ်ပါမယ် အရှင်မင်းမြတ်"

"အင်း . . . ဒီကြားရက်မှာ သင်နဲ့နောက်တစ်ကြိမ် တွေ့ဆုံချင်သေးတယ်"

"ဘုရင်မင်းမြတ် ခွင့်ပြုမယ်ဆိုရင် . . ကျွန်တော်ဝမ်းမြောက်ဝမ်းသာစွာနဲ့ အဆင်သင့်ရှိနေပါ့မယ်"

"ကောင်းပြီ၊ မောင်ကြီးနဲ့ ကျွန်ုပ်အကြောင်းကြားလိုက်ပါ့မယ်၊ သင်ဟာ ငယ်ရွယ်သူဖြစ်ပေမဲ့ လူကြီးလူကောင်းပီသပါတယ်"

"ကျေးဇူးတင်လှပါတယ် ဘုရင်မင်းမြတ်"

သူမတ်တတ်ရပ်သဖြင့် ကျွန်ုပ်လည်း ထိုင်ရာမှ ထလိုက်ရသည်။ ဦးထုပ်ကိုတော့ ကိုင်မြဲကိုင်ထားရသည်။

"မောင်ကြီး၊ မစ္စတာဂူးလက်ချန်းကို လိုက်ပို့လိုက်ပါ"

ဦးညွတ်ကိုယ်ရို့လျက် နှုတ်ဆက်ကာ ခြေလှမ်းအပြင်လိုက်တွင် သူက ပြုံးရယ်၍ . .

"မစ္စတာဂူးလက်ချန်း၊ သင်ရောက်လာတဲ့အချိန်မှာ မိုးရွာတယ်မ ဟုတ်လား၊ ဒီမိုးဟာ ရတနာဂီရိမှာ ဒီနှစ်မိုးရာသီအတွက် ပထမဆုံးရွာတဲ့ မိုးပဲလို့ ပြောတယ်၊ ကျွန်ုပ်တို့ မြန်မာတွေမှာ အယူတစ်ခုရှိတယ် . . မိုးဟာ အေးချမ်းတဲ့ လက္ခဏာကို ဆောင်တယ်၊ သင့်ရဲ့ လာခြင်းဟာ အေးချမ်းမှုကို ဆောင်လာတယ်လို့ ဆိုနိုင်တယ်"

"အဲဒီအတိုင်း ဖြစ်အောင် ကျွန်တော်အစွမ်းကုန်ကြိုးစားပါ့မယ် ဘုရင် မင်းမြတ်"

စောစောကလေးလံတင်းကျပ်နေခဲ့ခြင်းများသည်ပြန်လည်ပေါ့ပါး လွတ်လပ်သွားပြန်သည်။

စကားပြန် မစ္စတာမောင်ကြီးအားစံအိမ်တော်ဝင်းဝအထိသာလိုက်ပို့ရန် တောင်းပန်ခဲ့ပြီး တည်းခိုရာ သာသနာပြုရိပ်သာသို့ ကျွန်ုပ်လမ်းလျှောက်ခဲ့ပြန်သည်။

ကပ္ပတိန်ပေါလ်ဝဲကို သတိရမိသည်။ သည်ညအဖို့ ကျွန်ုပ်သည် ကော်ဖီပြင်းပြင်းတစ်ခွက် ကျိုရပေလိမ့်ဦးမည်။

◆



www.burmeseclassic.com

www.burmeseclassic.com

[ ၂၇ ]

နံနက်လင်းကာနီးမှ မေးခနဲ အိပ်ပျော်သွားသော်လည်းဆိပ်ကမ်းဆီမှ သင်္ဘောဥသြဆွဲသံကြောင့် ကျွန်ုပ်နိုးလာခဲ့သည်။ အိပ်မှုန်စုံမွှားနိုးစတွင် ကျွန်ုပ်သည် အက်စ်အက်စ်ကလိုက်ဗ်သင်္ဘောပေါ်တွင်ရောက်နေသည်ဟုထင်သော်လည်း နောက်တစ်ချက် ဥသြဆွဲသံ ကြားလိုက်တော့မှ သတိဝင်လာကာ အိပ်ရာထက်မှ ကမန်းကတန်း ထဖြစ်သည်။

မှူးနောက်ရီဝေနေသည်များ ပြေပျောက်သွားအောင် ရေတဝကြီးချိုးကာ အဝတ်အစားလဲလိုက်သည်။ ညက ရွာလိုက်သောမိုးကြောင့် ဆိပ်ကမ်းတွင် ရွှံ့နွံများ ထူထပ်နေမည်ဟု တွေးပြီး လည်ရှည်ဖိနပ်ကို စီးလိုက်သည်။

အဝတ်အစားလဲပြီးသောအခါတွင်မစ္စစ်ဒရားကတ်၏တံခါးခေါက်သံကိုကြားရလေသည်။

မစ္စစ်ဒရားကတ် ဘုံဘေသို့ အပြန်တွင် ကျွန်ုပ်က သင်္ဘောသို့လိုက်ပါ ပို့ဆောင်ရမည်ဖြစ်သည်။ ထို့ပြင်ကပ္ပတိန်ပေါလ်ဝဲကိုလည်းနှုတ်ဆက်ချင်သည်။ အရေးအကြီးဆုံးမှာ ဘုံဘေရှိ ဆရာ့ထံသို့ပေးရန် တစ်ညလုံး ကျွန်ုပ်ရေးခဲ့ရသော အစီရင်ခံစာပင် ဖြစ်လေသည်။

သီပေါဘုရင်၏ ငွေကြေးပြဿနာ၊ ကျောက်မျက်ရတနာများ ထုခွဲရောင်းချခြင်းကိစ္စများနှင့် ရတနာဂီရိစံအိမ်တော်နှင့် ပတ်သက်သည့် ကျွန်ုပ်၏ လေ့လာတွေ့ရှိချက်များကို ကျွန်ုပ်စုံလင်စွာ ရေးသားထားသည်။

ထိုအစီရင်ခံစာတွင် ကျွန်ုပ်၏ ယူဆချက်များကိုလည်း ထည့်သွင်းထားရာ အဓိကအချက်မှာ 'သီပေါဘုရင်တွင် တကယ်ပင် အကူအညီလိုအပ်နေကြောင်း၊ ရင်ဆိုင်ရမည့် ပြဿနာများမှာ ထင်သည်ထက် ပို၍ ရှုပ်ထွေးနက်နဲနိုင်ကြောင်း' ပင် ဖြစ်လေသည်။

အရဏ်ဦးနေရောင်ခြည်နှင့်အတူ ကျွန်ုပ်နှင့် မစ္စစ်ဒရားကတ်တို့ သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြသည်။ ယမန်နေ့ ညဥ့်ဦးကရွာထားသောမိုးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရတနာဂီရိသည် နီကြန်သော မြေရောင်ဖြင့် တောက်ပလျက်ရှိလေသည်။

သဘော်ဆိပ်သို့ ရောက်သောအခါ မစ္စစ်ဒရားကတ် ကြိုတင်ပို့ထားသော သူမ၏ ပရိဘောဂပစ္စည်းများသည် သဘော်ပေါ်သို့ ရောက်နှင့်နေပြီဖြစ်သည်။ ကပ္ပတိန်ပေါလ်ဝဲသည် ကျွန်ုပ်ကို ကမ်းပါးထိပ်မှ စောင့်နေကာကျွန်ုပ် မြင်းလှည်းပေါ်မှ ဆင်းလျှင်ဆင်းချင်း ပွေ့ဖက်နှုတ်ဆက်ရှာလေသည်။

"ရတနာဂီရိရဲ့ ပထမဦးဆုံးည အတွေ့အကြုံမှာ ချောချောမောမော ရှိရဲ့လား သူငယ်ချင်း"

ယမန်နေ့ညအကြောင်းကို ကျွန်ုပ်က အကျဉ်းချုံး၍ ပြောပြလိုက်သည်။ ကပ္ပတိန်က စိတ်ဝင်တစား နားထောင်ပြီးနောက်. . .

"သီပေါဘုရင်အတွက် လှုပ်ရှားရပ်တည်ပေးနိုင်ဖို့ သူငယ်ချင်းကို ဘုရားသခင်က တကယ့်ကို အလိုရှိတာပါ၊ ကျုပ်ပြောရဲတယ်"

ဟု ဆိုလေသည်။

နံနက်ဆယ်နာရီတွင် အက်စ်အက်စ်ကလိုက်ဗ်သည် မီးခိုးတလူလူဖြင့် ထွက်ခွာသွားလေသည်။ ပင်လယ်ဝထဲသို့ ချိုးဝင်သွားသော သဘော်ကို မျက်စိတစ်ဆုံး ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်ပြီးမှ ကျွန်ုပ်ကမ်းပါးထိပ်သို့ ပြန်တက်ခဲ့သည်။ ကမ်းပါးပေါ်တွင် မစ္စစ်ဒရားကတ်၏ ဖောက်သည်မြင်းလှည်းက အသင့်စောင့်နေသည်။

ဤနေ့အဖို့ တည်းခိုရာ သာသနာပြုရိပ်သာ အဆောက်အဦးတွင် တစ်နေ့ခင်းလုံး ကောင်းကောင်း အိပ်စက်အနားယူရန် ကြံလိုက်ပြီးမှ ကျွန်ုပ်စိတ်ကူးပြောင်းသွားသည်။

မိုးရေဖြင့် ဆေးကြောထားသော ရတနာဂီရိမှာ ဝတ်စုံသစ်ဝတ်ထားသကဲ့သို့ သစ်လွင်တောက်ပနေသည်။ အုန်းတောကြီးများ၏ အစိမ်းရောင်မှာလည်း ပို၍ စိုပြည်ဝင်းလက်နေသည်။ ကောင်းကင်တွင် မိုးသားအနည်းငယ်ရှိသော်လည်း အုံ့ပျမနေဘဲ အနေတော်လောက်ပင် လင်းလင်းရှင်းရှင်းရှိနေသည်။ သာယာသော ရာသီဥတု ဖြစ်လေသည်။

"သာသနာပြုရိပ်သာကိုပဲ တောက်လျှောက်မောင်းရမလား ဆရာလေး"

မြင်းလှည်းသမားက ဖြူဖွေးသော သွားများကို ထုတ်ဖော်ရင်း မေး သည်။

"မဟုတ်ဘူး၊ မင်းအိမ်ကို မောင်းစမ်း"

"ခင်ဗျာ. . ."

"မင့်မှာ မြင်းဇောင်းတော့ ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မြင်းဖောင်း၊ အို. . .ရှိတာပေါ့ ဆရာလေး"

"လှည်းမတပ်ဖူးသေးတဲ့ မြင်းတစ်ကောင်လည်း ရှိမှာပေါ့"

"နှစ်ကောင်ရှိတယ် ဆရာလေး၊ ကိုလာပူရ်မြို့က ကုန်သည်တစ်ယောက်က လိုချင်တယ်ဆိုလို့ ကျွန်တော်လက်သပ်မွေးထားတာ"

"အဲဒီကုန်သည်က မင်းကို ဘယ်လောက်ပေးမှာတဲ့လဲ"

"ဒီဘက်နယ်တစ်ဝိုက်မှာ မြင်းက သိပ်အသုံးမတည့်လှပါဘူးဆရာလေးရယ်၊ မြက်ခင်းလည်း ကောင်းကောင်းမရှိ၊မြင်းစီးစရာနေရာဆိုလို့လည်း ကောင်းကောင်းမရှိလေတော့ မြင်းတွေဈေးမကောင်းပါဘူး၊ ကုန်သည်ကိုကျွန်တော် ရူပီးတစ်ရာ့ငါးဆယ်လောက်နဲ့ ရောင်းမလို့ စိတ်ကူးထားပါတယ်"

"မင်းမြင်းကို ငါသဘောကျရင် ရူပီးနှစ်ရာ ပေးမယ်ကွာ. . ."

"ရူပီးနှစ်ရာ. . .နှစ်ရာလို့ ဆရာပြောလိုက်သလား"

"ကုန်းနှီးတွေ ဘာတွေပါရင် နောက်ထပ်ငါးဆယ်ပေါ့ကွာ"

မြင်းလှည်းသမားသည် ကြာပွတ်ကို လေထဲသို့ အားပါးတရ ဝှေ့ယမ်းလိုက်ရင်း ပါးစပ်ကလည်း သူတို့ဒေသခံတေးဖြစ်မည့် တေးတစ်ပုဒ်ကို ကျယ်လောင်စွာ အော်ဆိုလိုက်လေသည်။

ရတနာဂီရိတွင် မိမိသွားချင်သည့် နေရာသို့ လွတ်လပ်စွာ သွားနိုင်ရေးအတွက် မြင်းလှည်း သို့မဟုတ် မော်တော်ကားတို့ထက် မြင်းတစ်စီးကို ပိုင်ဆိုင်ထားသင့်သည်ဟူသော ကျွန်ုပ်၏ စိတ်ကူးမှာ မိုက်မဲသော စိတ်ကူး မဟုတ်တန်ရာပေ။

► ► ►

အင်ဘာဂတ်လမ်းမဘက်သို့ ထွက်ပြီး လမ်းမအတိုင်းကိုလာပူရ်မြို့ဆီသို့သွားရန် မူလက စိတ်ကူးခဲ့သေးသည်။ သို့သော် ကိုလာပူရ်သည် ကျွန်ုပ်အတွက် ဘာမှ အကြောင်းမထူးနိုင်။ ရတနာဂီရိတစ်ခွင်ကိုသာ လျှောက်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ရူပီးနှစ်ရာ့ငါးဆယ်သည် မြင်းလှည်းသမားအဖို့အလွန်အသုံးတည့်ပေမည်။ ထိုနည်းတူစွာ အနှီးခွံရောင် မြင်းကြီးသည်လည်း ကျွန်ုပ်အဖို့အလွန်အသုံးတည့်လှသည်။ မြင်းလှည်းသမားမှာ မြင်းကိစ္စတွင် အလွန်စေ့စပ်သူဖြစ်သည်။

မြင်းကြီးက မဒရပ်မျိုးစပ်ဖြစ်သဖြင့် ဒေါက်ကောင်းလှပြီး ကုန်းနှီးပါးချပ်ဇက်ကြိုးများမှာလည်း အသစ်စက်စက်များဖြစ်သည်။ ကကြိုးတန်ဆာအစုံအလင်ဖြင့်မြင်းတစ်စီးကိုယခုမှပင်အသေအချာပိုင်ဆိုင်ခွင့်ရသည့်အတွက် ကျွန်ုပ်မှာလည်း ကစားစရာအသစ်ရသောကလေးငယ်တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မခြား ပျော်ရွှင်မိသည်။

အုန်းတောကြီးများအတွင်း နာရီဝက်ခန့်မျှ ကျင့်စီး စီးပြီးသောအခါ ကာလကတ္တားမြို့ အိုရီယင့်ကလပ်တွင် ခေတ္တမျှ မြင်းစီးကျင့်ဖူးသော အတွေ့အကြုံဖြင့် ကျွန်ုပ်ကျင်လည်သွားသည်။ ထို့ပြင် အလွန်သန္တေကောင်းသော မဒရပ်မြင်းညိုကြီးနှင့်လည်း ကျွမ်းဝင်သွားသည်။

မြင်းကြီးကို 'ဒိုင်းမွန်း' ဟု ကျွန်ုပ်အမည်ပေးလိုက်သည်။အကြောင်းမူ အမည်ပေးရန် စဉ်းစားနေစဉ် သီပေါဘုရင်ထုခွဲရောင်းချခဲ့သော စိန်များအကြောင်းက ခေါင်းထဲရောက်လာသောကြောင့် ဖြစ်လေသည်။

အုန်းတောကြီးများအတွင်း လမ်းမတစ်လျှောက်ကို ဒုန်းစိုင်းစီးခဲ့ရာ အုန်းလက်လေတိုးသံ တရှဲရှဲက ကျွန်ုပ်နောက်ဘက်တွင် လွင့်ဝဲ၍ ကျန်ရစ်ခဲ့သည်။ မိုးရေချိုးထားသော အုန်းလက်စိုစိုများက ကျွန်ုပ်၏ခေါင်းထဲတွင် ချာလ ပတ်လည်သွားကြသည်။

အုန်းတောလမ်းမကို လွန်ခဲ့ပြီးနောက်တွင် မြင်းဇက်ကိုသြလ်ထရန်ဟောစံအိမ်တော်၏ မြောက်ဘက်အရပ်သို့ မှန်း၍ ဦးတည်ပေးသည်။

'ဒိုင်းမွန်း'သည်လည်းမြင်းဇောင်းထဲတွင်သာအနေများခဲ့ရရှာလေရာ ယခုလို မိုးရွာပြီး နောက်တစ်နေ့ လေကောင်းလေသန့်ရရှိသော ဟင်းလင်းပြင်တစ်လျှောက် စိတ်ရှိတိုင်း ပြေးလွှားရသည်ကို အလွန်သဘောကျဟန် တူလေသည်။

သြလ်ထရန်ဟောစံအိမ်တော် မြောက်ဘက်တွင်အမြဲတမ်းရေထွက်နေသည့် စမ်းပေါက်များနှင့် ချောက်များရှိသည်ဟု မစ္စစ်ဒရားကတ်ကပြောဖူးသည်။ သို့ဆိုလျှင် ထိုအရပ်သည်တောင်ကတုံးတောင်ပူစာဒေသလိုမဟုတ်ဘဲ စိမ်းစိုသော ပန်းပင်များ၊ ချုံနွယ်လေးများ ပေါက်ရောက်နိုင်ရာဒေသ ဖြစ်ပေလိမ့်မည်။ ထို့ပြင် လူသူကင်းဝေးတိတ်ဆိတ်သော နေရာလည်း ဖြစ်ပေမည်။

ကျောက်တောင်ထူထပ်သည့် အစပ်သို့ ရောက်လာသည်။

ပို၍ အေးမြလတ်ဆတ်သောလေကို ရှုရှိုက်ရသည်။ ဒိုင်းမွန်းသည် ကျွန်ုပ်ထက်ပို၍ အာရုံခံစားမှု ထက်မြက်နေသည်။ ဇက်ကို အထူးကိုင်ပေးနေစရာမလိုတော့ဘဲ ကျောက်ချပ်ကျောက်လွှာများကို ကျွမ်းကျင်စွာ နင်းတက်သည်။

စိမ်းစိုသောသစ်ပင်ချုံပုတ်ကလေးများတဖြည်းဖြည်းစိပ်လာသည်။ နောက်ဆုံးတွင်ကား စမ်းပေါက်မှ ရေသံသဲ့သဲ့ကြားလာရသည်အထိ ကျွန်ုပ်တို့သည် တောတောင်လျှိုမြောင်နေရာသို့ ချဉ်းကပ်လာမိကြလေသည်။

ကျောက်သားအတိပြီးသော ချောက်ကြီးတွင်အသွေးစုံပန်းနွယ်များ



www.burmeseclassic.com

www.burmeseclassic.com



များက ရစ်ပတ်လျက် တွယ်တက်နေကြသည်။ စမ်းပေါက်ကလေးများသည် တစ်နေရာတည်းမဟုတ်ဘဲအထက်ဘက်အောက်ဘက်နေရာများစွာမှဖြစ်ပေါ် နေကြသည်။ ကြည်လင်သော စမ်းရေများက ကျောက်ချပ်များကို ပွတ်သပ်လျက် တသွင်သွင်စီးသွန်နေကြသည်။ တိုးလျှိုပေါက်မြင်နေရသော စမ်းရေအိုင်တစ်ဝိုက်တွင် စိမ်းစိုသော ချုံနွယ်များ၊ ချုံပုတ်လေးများ ဝန်းရံနေသည်။

လူသူအရောက်အပေါက်နည်းသည့် ဤတောတောင်လျှိုမြောင်တွင် ပန်းကလေးများကလည်း အစွမ်းကုန် ပွင့်နေကြသည်။ ထိုအခါ ဝတ်ရည်ကို စားသုံးကြမည့် လိပ်ပြာ၊ ပိတုန်းနှင့် ပျားကောင်လေးများ၏ တဒီးဒီးမြည်သံများက စမ်းရေစီးသံနှင့်အပြိုင်ဖြစ်နေသည်။

နီရဲသော ကိုယ်လုံးရှိသည့် ပုစဉ်းများသည်လည်း ချုံပုတ်တစ်ခုမှ တစ်ခုသို့ မနားတမ်း ပျံသန်းနေကြသည်။

ဒိုင်းမွန်းကို မြက်ခင်းစိမ်းစိုသော နေရာတစ်ခုတွင် ဇက်လှန်ထား လိုက်ပြီး ကျွန်ုပ်ကမူ အရိပ်ကောင်းသော သစ်ပင်တစ်ပင်၏အောက်၊ကျောက် ဖျာကြီးတစ်ခုပေါ်တွင် နေရာယူလိုက်သည်။

လပေါင်းများစွာ ပင်ပန်းခဲ့ရသော ကိုယ်စိတ်နွမ်းလျမှုများအတွက် ဤနေရာလေး၌ တစ်နေ့တာ နားနေရခြင်းဖြင့် ခွန်အားသစ်များ ဖြစ်ပေါ်လာ နိုင်ပေသည်။

သဘာဝအလျောက်ဖြစ်နေသောကျောက်ဖျာကြီးသည်အိပ်ရာတစ်ခု သဖွယ်၊ ခေါင်းအုံးစရာ နေရာအဆင်သင့်ရှိနေသည်။ ခြေပစ်လက်ပစ်လှဲချ လိုက်ကာ ဦးထုပ်ကို မျက်နှာပေါ်သို့ ငိုက်ဆောင်းထားလိုက်သည်။

ပုစဉ်းလေးများ၏ တောက်ပသော အတောင်ပံများကို တမေ့တမော ငေးကြည့်ရင်း ကျွန်ုပ်၏ မျက်ခွံများ လေးလံလာသည်။

"တီချာ. . .မြင်းကြီး အကြီးကြီး၊ မြင်းကြီး အကြီးကြီး"

ကလေးငယ်တစ်ဦး၏ စူးစူးဝါးဝါး အော်သံဖြစ်သည်။ ဆတ်ခနဲ ကျွန်ုပ်နိုးသွားသည်။ ဒိုင်းမွန်းကို ဇက်လှန်ထားရာ တောစပ်၏တစ်ဖက်ဆီမှ ထွက်ပေါ်လာသည့်အသံဖြစ်သည်။

"တီချာ. . .မြင်းကြီး အကြီးကြီးပဲ၊ တီချာ. . .ဒီမှာ လာကြည့်ပါဦး"

ဒိုင်းမွန်းသည် ကျွန်ုပ်နှင့်ကျွမ်းဝင်စပြုပြီ ဆိုစေကာမူ သူစိမ်းလူအ တွက် မည်သို့တုံ့ပြန်မည် မသိနိုင်။ ထို့ပြင်ကလေးငယ်တစ်ဦး၏ အသံ။

ကျောက်ဖျာများကို လွှားခုန်နင်းဖြတ်လျက် အသံကြားရာနေရာသို့ ကျွန်ုပ် ပြေးသွားလိုက်သည်။

ဒိုင်းမွန်းကား အမြီးတရမ်းရမ်းခါလျက် မြက်စားမပျက်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းတွင် တွေ့လိုက်ရသည်ကား ထူးခြားသော ဝတ်စုံတစ်မျိုးကို ဝတ်ဆင်ထားသည့် ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်နှင့် ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက်။

"ဟော. . .တီချာ၊ ဒီမှာ လူကြီးတစ်ယောက်"

ခုနစ်နှစ်အရွယ် အကြီးမလေးက ကျွန်ုပ်ကိုကြည့်ပြီးအော်ပြန်သည်။ သူ့အော်ပုံမှာ ကြောက်ရွံ့တုန်လှုပ်၍ မဟုတ်ဘဲ လူအရောက်အပေါက် နည်းလှသော ဤလိုနေရာမျိုးတွင် လူစိမ်းတစ်ယောက်ကို တွေ့ရ၍ အထူးအဆန်းဖြစ်ကာ အံ့ဩသွားသည့် ပုံမျိုးဖြစ်သည်။

ထိုစဉ်မှာပင် နောက်ဘက် ချုံနွယ်များဆီမှ ချိုးချိုးချွတ်ချွတ် အသံများကို ကြားလိုက်ရပြီး မိန်းမပျိုတစ်ယောက် ထွက်လာသည်။

ရွှေရောင်ဆံပင်၊ မျက်လုံးပြာများနှင့် မစ္စမားဂရက်အော်လ်ဘွန်း။

"အို. . .မစ္စတာဂူးလက်ချန်းပါလား၊ ဘေဘီ လာ. . .လာ၊ ဒါတီချာရဲ့ မိတ်ဆွေပါ"

ကလေးနှစ်ယောက်ပြေးထွက်သွားကြသည်။သူတို့၏အဝတ်အစားမှာ မြန်မာနန်းတွင်းသူများ ဝတ်လေ့ရှိသော အင်္ကျီနှင့် ထဘီကို အသေးစားလေးတွေ ပုံစံထုတ်၍ ချုပ်ထားသည်ဖြစ်သောကြောင့် ကြည့်ရသည်မှာ တစ်မျိုး တစ်ဖုံ ထူးဆန်းပြီး ချစ်စရာကောင်းပေသည်။

"ကျွန်မ သူတို့ကို စာသင်ပေးရတယ်လေ၊ ဒါပေမဲ့ စာသင်ဆရာမ သက်သက်မဟုတ်တော့ဘူး၊ သူတို့အပေါ် ကျွန်မသံယောဇဉ်ဖြစ်နေပြီ၊ သူတို့ အင်္ဂလိပ်စကားပြောတာ ဘယ့်နှယ်နေသလဲ မစ္စတာဂူးလက်ချန်း"

"ကလေးငယ်တွေဟာ ဘယ်ဘာသာစကားကိုပဲ ပြောပြော သူတို့ စကားသံဟာ ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံး နားထောင်အကောင်းဆုံးလို့ ကျွန်တော်ထင်ပါတယ် မစ္စအောလ်ဘွန်း"

"ကျွန်မကို မားဂရက်လို့ပဲ ခေါ်နိုင်ပါတယ် မစ္စတာဂူးလက်ချန်း"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် မားဂရက်"

"စံအိမ်တော်အတွက် ရထားနှစ်စီး ပေးထားတယ်လေ၊ တစ်စီးကို ကျွန်မကိုယ်တိုင် မောင်းလာတာပဲ၊ သီပေါဘုရင်နဲ့ မိသားစုကတော့ စံအိမ်တော်မှာပဲ ကျန်ရစ်ခဲ့ကြတယ်၊ သူတို့ အပြင်ထွက်လည်ဖို့ ကျွန်မဆွဲဆောင်လို့ မရဘူးလေ၊ ဒါနဲ့ . . . ရှင်ကကော မစ္စတာဂူးလက်ချန်း . . ."

သဘော်ာဆိပ်သို့ ဆင်းပြီးနောက် မြင်းတစ်ကောင်ဝယ်ကာ သည်နေရာသို့ လာခဲ့သည့်အကြောင်းကို ကျွန်ုပ်ရှင်းပြလိုက်သည်။

"မနေ့ညက သီပေါဘုရင်နဲ့ ဆွေးနွေးခဲ့ကြတာ တိုးတက်မှုရှိရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဂူးလက်ချန်း . . .”

“ဟုတ်ကဲ့၊ ကျွန်တော်တို့ ကြိုးစားမှုအပေါ်မှာ မူတည်နေပါတယ်”

“ရှင့်ဆရာမစ္စတာဖရက်ဒရစ်အက်ဂျလောင်းတော့မရောက်လာသေးဘူးနော်”

“သူ ဘုံဘေမှာရှိနေဖို့ လိုအပ်နေပါသေးတယ် မားဂရက်”

စကားပြောနေရင်းဖြင့် ဤရွှေရောင်ဆံပင်နှင့် မျက်လုံးပြာပိုင်ရှင်မိန်းကလေး၏ အလှကို ကျွန်ုပ်မခံစားနိုင်ဘဲ စိတ်ထဲတွင် ‘စိမ်း’ သလိုလိုဖြစ်လာမိလေသည်။ သူမသည် ရတနာဂီရိစံအိမ်တော် အရာရှိ အိမ်တော်ဝန်မစ္စတာအောလ်ဘွန်း၏ သမီးဖြစ်နေသောကြောင့်လားဟု တွေးမိသည်။

သီပေါဘုရင်သည် သူ၏အိမ်တော်ဝန်အသစ်နှင့် အဆင်ပြေမှု ရှိမရှိကျွန်ုပ်သိရသေး။ ကျွန်ုပ်တို့နှင့်တွေ့ဆုံခဲ့သော အိမ်တော်ဝန်ဟောင်း မစ္စတာဖန်ရှဝေးကိုတော့ သီပေါဘုရင် သဘောမကျသည်မှာ သေချာသည်။

ယခု မစ္စတာအောလ်ဘွန်းသည် စက်သေနတ်တစ်လက်လို ထက်မြက်သည်ဟု ဗိုလ်မှူးကြီးကောက်စ်က ပြောဖူးသော စကားကို အမှတ်ရမိသည်။ ထို့နောက် အောလ်ဘွန်းသည် အစိုးရ ဗျူရိုကရေစီယန္တရားကို ချောမွေ့စွာ လည်ပတ်အောင် ကောင်းကောင်းကိုင်တွယ်တတ်သူဟုလည်းဗိုလ်မှူးကြီးကောက်စ်က ပြောဖူးပေသည်။

“တီချာ၊ စုလေးက ကိတ်မုန့်စားမယ်တဲ့”

ပန်းရုံလေးတစ်ခုကို တိုးဝှေ့ဝင်လာရင်း သမီးတော် အကြီးလေးကလှမ်းပြောသည်။

“နေ့လယ်စာစားဖို့ အချိန်မရောက်သေးဘူး၊ ခဏနေတော့ တီချာလာကျွေးမယ်၊ ကစားနေကြဦးနော်”

“ဟုတ်ကဲ့. . .တီချာ”

ကလေးသည် ခုန်ပေါက်၍ ပြန်ထွက်သွားသည်။ တစ်နိုင်ငံမြို့ငယ်ခြား၏ တောတောင်ဒေသထဲတွင် လိပ်ပြာများ၊ ပုစဉ်းများနှင့် ကစားနေကြရသော မဟာဆီမဟာသွေး ကလေးငယ်များကို ကြည့်ပြီး ကျွန်ုပ်ရင်ထဲတွင်စစ်ခနဲ ဖြစ်သွားသည်။

သူတို့နိုင်ငံ၊ သူတို့ဒေသ၊ သူတို့နန်းတော်ထဲမှာဆိုလျှင် ဤဘုရင့်သမီးတော်လေးများသည် အထိန်းတော်များအလယ်တွင် ဂရုတစိုက်ပြုစုယုယ မှုကို ကောင်းစွာရရှိကြရာပေမည်။

“ကလေးတွေဟာ ဘာပဲဖြစ်ဖြစ် အပြစ်ကင်းစင်ပြီးချစ်စရာကောင်းကြတယ်နော်”

www.burmeseclassic.com

www.burmeseclassic.com



မားဂရက်၏အသံမှာ ရင်ထဲမှာလာသောအသံဖြစ်သည်။မိန်းမသား တို့၏ ပင်ကိုနူးညံ့သော သဘာဝကို ဖော်ပြနေသောအသံဖြစ်သည်။

"မိဖုရားကြီး စုဖုရားလတ်ဟာ မဒရပ်မှာနေစဉ်က တတိယသမီး တော်လေးကို ဖွားမြင်ခဲ့တယ်။ အခု သူ့ကလေးဟာ သုံးနှစ်သမီးရှိနေပြီ၊ ဒီ ကလေးနှစ်ယောက်က ကျွန်မကို တွယ်တာကြပေမဲ့ အဲဒီ တတိယသမီးတော် လေးကတော့ ကျွန်မကို ကြောက်နေတယ်၊ ကျွန်မခေါ်လို့ မရဘူး၊ ကလေး ဟာ တစ်ချိန်လုံး သူ့မယ်တော်ကိုပဲ ဖက်တွယ်နေတယ်၊ သိပ်သနားစရာ ကောင်းတာပဲ"

သာယာငြိမ်းချမ်းသော ပတ်ဝန်းကျင်ကြောင့် မားဂရက်၏ စကား လုံးများမှာ ပို၍ နူးညံ့နေလေသည်။

"ကျွန်မထင်တယ်လေ၊ တတိယသမီးတော်လေးကို သူ့မယ်တော် ကိုယ်ဝန်ဆောင်စဉ်က စစ်ပွဲကာလဖြစ်ခဲ့တယ်၊ ပြီးတော့ ထီးနန်းကျခဲ့ပြီး အချုပ်အချယ်တွေ၊ စည်းကမ်းတွေနဲ့ နေခဲ့ရလေတော့ အဲဒီကြမ်းတမ်းတဲ့ အတွေ့အကြုံဟာသမီးတော်လေးအပေါ်မှာထင်ဟပ်ခဲ့တယ်နဲ့တူတယ်၊ကလေး ဟာ ကြောက်တတ်တဲ့ကလေးဖြစ်နေရှာတယ်၊ တကယ်တော့ ကလေးတွေ ဟာ နူးညံ့လွန်းတဲ့ ပန်းပွင့်လေးတွေပါပဲ မစ္စတာဂူးလက်ချန်း"

ဆွတ်ပျံ့တိမ်းမူးခြင်းဝေဒနာတစ်ခုက ကျွန်ုပ်ရင်ထဲတွင် ဖြန့်ကျက် သွားသည်။ မားဂရက်၏ မျက်လုံးပြာများကို ကျွန်ုပ်ငေးကြည့်နေမိသည်။

"ကျွန်မလေ တက္ကသိုလ်မှာတုန်းက သမိုင်းဘာသာရပ်ကို ယူခဲ့ဖူး တယ်၊ ဒီဘာသာကို ကျွန်မစိတ်ဝင်စားတယ်၊ လူသားတွေရဲ့ အပြုအမူတွေ၊ အဖြစ်အပျက်တွေကို လေ့လာရတာဟာ သိပ်စိတ်ဝင်စားစရာကောင်းတာပဲ၊ ပြီးတော့ ကြီးမားတဲ့ အပြောင်းအလဲတွေဟာလည်း သိပ်ကိုအံ့သြစရာကောင်း တယ်၊ ဒီကလေးလေးတွေရဲ့ ဘဝကိုကြည့်လေ ဘယ်လောက်ကြီးမားကြမ်း တမ်းတဲ့ အတွေ့အကြုံတွေကို ဖြတ်သန်းနေရတယ်ဆိုတာကို မသိကြဘူး၊ ဒါ ကြောင့် ရတနာဂီရိရဲ့ နိုင်ငံရေးအရာရှိနဲ့ အိမ်တော်ဝန်ရာထူးကို ဖေဖေထမ်း ဆောင်ဖို့ အမိန့်ကျလာတဲ့အခါမှာ ကျွန်မလည်း ကလေးတွေရဲ့ စာသင် ဆရာမတာဝန်ကိုပါ ယူဖြစ်ခဲ့တာပဲ"

ကျောက်နံရံများမှ ယိုစီးထွက်ကျနေသော စမ်းပေါက်များဆီသို့ ကျွန်ုပ်ငေးကြည့်မိသည်။ မားဂရက်၏ စကားများသည် ထိုစမ်းရေစီးသံ များပင် လော။

ငယ်ရွယ်လှပသော မိန်းကလေးများနှင့် ကျွန်ုပ်စကားလက်ဆုံမကျ ခဲ့ဖူးချေ။ မိန်းကလေးမိတ်ဆွေဟူ၍လည်း ကျွန်ုပ်မှာ မရှိခဲ့ဖူးချေ။ကလေ



www.burmeseclassic.com

www.burmeseclassic.com



ကတ္တား တက္ကသိုလ်၏ ဥပစာနှစ်များအတွင်းက ကျွန်ုပ်ရရှိခဲ့သော အသား ညိုညို၊ အရပ်ရှည်ရှည်နှင့် မိန်းကလေးမိတ်ဆွေမရှိသည့် လူကလေး တစ်ယောက်ဆိုသည့် ဘွဲ့ကို သတိရမိသည်။

အလုပ်သဘောအားဖြင့်ဆိုလျှင် မားဂရက်၏ဖခင် မစ္စတာအောလ် ဘွန်းသည် ဆရာအက်ဂျလောင်းနှင့် ထိပ်တိုက်တွေ့ရဖွယ်ရှိသည့် အစိုးရ အရာရှိဖြစ်သည်။ ယခုအိမ်တော်ဝန်၏ သမီးဖြစ်သူနှင့် ဆရာအက်ဂျလောင်း ၏ တပည့်လက်ထောက်တို့ တွေ့ဆုံသိကျွမ်းခန်းမှာကား လောကကြီး၏ လှည့်စားမှုတစ်ရပ်ဖြစ်နေလေသည်။

"သီပေါဘုရင်နဲ့ သူ့မိသားစုအတွက် ပျော်ရွှင်ငြိမ်းချမ်းမှုရအောင် ရှင်တို့လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်လားဟင်၊ မစ္စတာဂူးလက်ချန်း"

"အဲဒါအတွက် ကျွန်တော် လာရောက်ရခြင်းပဲ မားဂရက်"

လက်ထောက်ရှေ့ပြေး ရှေ့နေတစ်ယောက်အနေနှင့်မပြောသင့်သော စကားဖြစ်ပေမည်။ သို့သော် ထိုစကားမှာလည်း ကျွန်ုပ်ရင်ထဲမှ ထွက်ကျလာ သော စကားဖြစ်နေသည်။

"ရှင်တို့ ရင်ဆိုင်ရမှာတွေကတော့ အများကြီးပဲနော်၊ မကြာခင်မှာပဲ နောက်ထပ် အခြေအနေသစ်တွေ တွေ့ရဦးမှာ မဟုတ်လား"

"ဘယ်လိုအခြေအနေသစ်တွေလဲ မားဂရက်"

"ဟင်. . .ရှင်မသိဘူးလား၊ သီပေါဘုရင်က ရှင့်ကို မပြောလိုက်ဖူး လား"

"ဘာကိုလဲ"

"မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးတို့ ရတနာဂီရိကို ရောက်လာ ကြတော့မယ့်အကြောင်းလေ"

'မယ်တော်ဆင်ဖြူမရှင်' ထိုအမည်သည် ကျွန်ုပ်ကိုလှုပ်ခတ်သွားစေ သည်။ မိဖုရားကြီးစုဖုရားလတ်၏မယ်တော်၊သီပေါဘုရင်၏ ယောက္ခမတော်၊ မြန်မာနန်းတော်တွင် အလွန်တန်ခိုးထက်မြက်ခဲ့ပြီး သီပေါဘုရင်နန်းတက်စ ကာလ၌ ပေါ်ပေါက်ခဲ့သည့်ကြောက်စရာကောင်းသောနန်းတွင်းလုပ်ကြံသတ် ဖြတ်မှုကြီးတွင် ပါဝင်ပတ်သက်နေသည်ဟု သတင်းထွက်ခဲ့သူ မိဖုရားကြီး။

သီပေါဘုရင်သည် သူ၏ယောက္ခမနှင့် ပတ်သက်၍ ကျွန်ုပ်ကို ဘာမျှ မပြောခဲ့ပေ။

"ကျွန်တော်အဲဒီအကြောင်း လုံးလုံးမသိဘူး မားဂရက်၊ ကျွန်တော့် ကို ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



မားဂရက်၏ ရွှေရောင်ဆံပင်များသည် လေပြည်ထဲတွင် လှုပ်ရမ်းလျက် နေလေသည်။

"မနှစ်က မြန်မာပြည်တောင်ပိုင်း ထားဝယ်နယ်မှာတော်လှန်ပုန်ကန်မှု ဖြစ်ခဲ့တယ်လေ၊ ဒီပုန်ကန်မှုကို ကျွန်မတို့ အစိုးရက နှိမ်နင်းပစ်ခဲ့ရတယ်။ ဒီအရေးမှာဆင်ဖြူမရှင်မိဖုရားကြီးဟာတစ်နည်းနည်းနဲ့အားပေးကူညီခဲ့တယ်လို့လည်း အစိုးရက သံသယဖြစ်ခဲ့တယ်။ ဒါကြောင့် သူတို့ကို အိန္ဒိယကိုပြည်နှင်ဒဏ်ပေးခဲ့တယ်"

"သူတို့ဆိုတာက. . ."

"ဆင်ဖြူမရှင်ရယ်၊ သူ့သမီးတော်အကြီးဆုံး စုဖုရားကြီးရယ်၊ ပြီးတော့ ကောလင်းမင်းသားဆိုတဲ့ မင်းသားတစ်ပါးရယ်လေ၊ အခု သူတို့ကို ရတနာဂီရိမှာပဲ ထားဖို့ ဘုရင်ခံချုပ်က အမိန့်ချလိုက်ပြီးပြီ၊အခုကာလကတ္တားရောက်နေကြတယ်၊ မကြာခင် သူတို့ ရတနာဂီရိကို ရောက်လာကြတော့မယ်၊ ကျွန်မတို့ဆီကို စိတ်ဝင်စားစရာကောင်းတဲ့ ဧည့်သည်သစ်တွေ ရောက်လာကြတော့မယ်လေ. . ."

ရတနာဂီရိသည် ထူးဆန်းသော ဧည့်သည်သစ်များ တဖွဲဖွဲရောက်လာတတ်သည့် ဒေသတစ်ခုဖြစ်နေပြီဟု တွေးမိလေသည်။

"ကျွန်မမမှားဘူးဆိုရင်တော့ ရှေ့အပတ် အက်စ်အက်စ်ကလိုက်ဗ်နဲ့ သူတို့ ပါလာကြဖို့ များတယ်၊ ဖေဖေလည်း သူတို့ကို တာဝန်ယူစောင့်ရှောက်ရင်းနဲ့ လိုက်လာမှာပဲ၊ ဒါနဲ့ ရှင့်ဆရာ မစ္စတာဖရက်ဒရစ်အက်ဂျလောင်းကောလာမယ့် သင်္ဘောပတ်နဲ့ ပါလာနိုင်သလား"

"ကျွန်တော်က အသေအချာ မသိဘူး မားဂရက်၊ ဘုံဘေနဲ့ ရတနာဂီရိဟာ တစ်ပတ်တစ်ခါ သင်္ဘောကလွဲပြီး ဆက်သွယ်မှုမရှိတဲ့အပြင်မှာကျွန်တော်တို့ချင်းလည်း သီးခြားအဆက်အသွယ် မလုပ်နိုင်သေးဘူး"

အမှန်တော့ ဆရာနှင့်ဆက်သွယ်မှုသာမကကျွန်ုပ်တို့၏အခြားလုပ်ငန်းများကိုပါ တိုးတက်မှုသည် နှေးကွေးနေသေးကြောင်း ဝန်ခံရမည်ဖြစ်ပေသည်။ ဘုံဘေတွင် ဆရာအက်ဂျလောင်း လှုပ်ရှားနေသောရလဒ် ကြိုးစနှစ်ခုတို့ဆုံကြမှ မည်မျှတိုးတက်မှု ရှိမရှိဆိုခြင်းမှာ အဖြေပေါ်လာလိမ့်မည်ဖြစ်သည်။ ယခုအချိန်တွင်မူ ဘာကိုမျှ ကျွန်ုပ်တို့ အဖြေမထုတ်နိုင်သေးပေ။

"ကျွန်မ ကလေးတွေကို နေ့လယ်စာ သွားကျွေးလိုက်ဦးမယ်၊ ရှင်ကော ဒီမှာ နေဦးမှာလား"

"ကျွန်တော် ဩလ်ထရန်ဟောမြောက်ဘက်ကချောက်ကမ်းပါးတွေဘက် သွားလိုက်ဦးမယ်၊ ရတနာဂီရိမှာ ကျွန်တော် မရောက်ဖူးသေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာတွေ အများကြီး ကျန်သေးတယ်”

“အို. . .အဲဒီဘက်မှာ ကျောက်ဆောင်တွေက သိပ်မြင့်တယ်၊ ချောက်ကြီးတွေကလည်း သိပ်နက်တယ်၊ သတိထားနော် မစ္စတာဂူးလက်ချန်း”

စိုးရိမ်သံအပြည့်ပါသော ထိုစကားကို ပြောနေစဉ် ဝေ့ကြည့်လိုက်သည့် မားဂရက်၏ မျက်လုံးပြာအကြည့်သည် ရတနာဂီရိသင်္ဘောဆိပ်ရှိကမ်းပါးဘက်သို့ ကျွန်ုပ်တို့တက်ခဲ့စဉ်က လမ်းခွဲဆုံမှ လှမ်းကြည့်လိုက်သော အကြည့်မျိုး ဖြစ်နေလေသည်။

“ကျေးဇူးတင်ပါတယ် မားဂရက်”

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၈ ]

လေးဆယ့်ရှစ်နာရီလုံးလုံး မစဲတမ်း သည်းခဲ့သောမိုးသည် ယနေ့မှပင် အရှိန်လျော့သွားသည်။ သို့သော် မိုးသားမိုးတိမ်များကမူကုန်မသွားတတ်သေး။ မြင့်မားလှသော ကောင်းကင်အထက်ဆီတွင်ထုထည်ကြီးမားလှသည့် မိုးထုတိမ်တိုက်ကြီးများသည် လွင့်မျောနေကြသည်။

နေရောင်ခြည်ကို မြင်ရဖို့ကား မမျှော်လင့်စကောင်းသော အရာဖြစ်လေသည်။ အိန္ဒိယသမုဒ္ဒရာဘက်တွင် မုန်တိုင်းတို့ ဆင့်ကဲဆင့်ကဲ ဝင်နေကြဟန်တူသည်။ ရတနာဂီရိသည် မိုးရာသီ၏ ညို့မှိုင်းသော မြင်ကွင်းအောက် ဝယ် ပြားပြားဝပ်စင်း ရောက်ရှိနေလေသည်။

ခပ်ဖွဲဖွဲ ရွာနေသော်လည်း အချိန်မရွေး မိုးသည်းထန်လာနိုင်သည်။ ထို့ကြောင့် မိုးကာဝတ်ရုံအပြင် ထီးနှင့်ဦးထုပ်ပါ ဆောင်လာခဲ့ရသည်။ ဒိုင်းမွန်း၏ အစွမ်းကို ယုံကြည်သော်လည်း မိုးရေစိုရွှဲကာ ရေညှိတက်နေသောလမ်းတွင် မြင်းစီးသည်အထိ အရဲမကိုးသင့်ပေ။ ထို့ကြောင့် မြင်းလှည်းကို ထုတ်ကာ 'သာသနာပြုရိပ်သာ အဆောက်အဦး' မှ ထွက်ခဲ့သည်။

ယနေ့ ဩဂုတ်လ ၂၂ ရက်နေ့။

လေးပတ်လုံးလုံး လှိုင်းလေထန်သောကြောင့် ရပ်နားထားရသည့် အက်စ်အက်စ်ကလိုက်ဗ်သင်္ဘောသည် ယနေ့ရတနာဂီရိဆိပ်ကမ်းသို့ ဆိုက်ရောက်လာမည် ဖြစ်သည်။

မည်မျှပင် ရာသီဥတု ဆိုးရွားနေသည်ဖြစ်စေသင်္ဘောကတော့ယနေ့ မလာမဖြစ် လာလိမ့်မည်။ ဘုရင်ခံချုပ်၏ အမိန့်ထဲတွင် လှိုင်းလေထန်သော ရေကြောင်းခရီးနှင့် သည်းထန်သောမိုးကို ခြွင်းချက်ပေးမထားချေ။အကြောင်းမူကား ဆင်ဖြူရှင်မိဖုရားကြီးနှင့်အဖွဲ့ကို ယနေ့ရတနာဂီရိသို့ မရောက်ရောက်အောင် ပို့ဆောင်ရမည်ဖြစ်သောကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမရှင်မိဖုရားကြီး၏ အဖွဲ့နှင့်အတူ အိမ်တော်ဝန် နိုင်ငံရေး အရာရှိ မစ္စတာအောလ်ဘွန်းလည်း ဘုံဘေမှ လိုက်ပါလာမည် ဖြစ်သည်။ မားဂရက်နှင့် အစေခံအချို့ကား မစ္စတာအောလ်ဘွန်းကို ကြိုဆိုရန် သင်္ဘောဆိပ်သို့ ဆင်းသွားကြပေပြီ။

မြင်းလှည်းမောင်းသူ မခေါ်တော့ဘဲ ကိုယ်တိုင်ပင်လှည်းခုံထက်သို့ တက်သည်။ မိုးပေါက်များ တဖွဲဖွဲ ကျဆင်းနေသောလေထုထဲသို့ကြာပွတ်ကို ရွှမ်းခနဲ တစ်ချက်ဝင့်လိုက်ရာ အလိုက်သိသော မြင်းကြီးသည် လှည်းကိုဆွဲ ခနဲပါအောင် ရုန်းထွက်လေသည်။

မိုးသားတို့ဖြင့် ညိုနေသော ပတ်ဝန်းကျင်လောကသည် ကျွန်ုပ်၏ စိတ်အစဉ်ကို လေးလံထိုင်းမှိုင်းသွားအောင် မစွမ်းနိုင်ချေ။ ဘာကြောင့် တက်ကြွပေါ့ပါးနေသနည်းဟု ကိုယ့်ကိုယ်ကို ဆင်ခြင်ကြည့်သည်။ မိတ်ဆွေကြီး ကပ္ပတိန်ပေါလ်ဝဲနှင့် တွေ့ဆုံရမည့် အကြောင်းလည်း ပါဝင်သည်။ မိတ်ဆွေကြီးနှင့် မတွေ့ရသည်မှာ တစ်လကြာသွားပြီ။ လှိုင်းလေထန်ပြီးအက်စ်အက်စ် ကလိုက်ဗ်သင်္ဘော ရတနာဂီရိသို့ မဆိုက်နိုင်သည့် အချိန်ကစ၍ သူနှင့်မတွေ့ ရတော့။

ကပ္ပတိန်ပေါလ်ဝဲနှင့် တွေ့ရမည်ထက် ပို၍ တက်ကြွနေစေသော အခြားအကြောင်းတစ်ခုလည်း ရှိသည်။

ယင်းမှာ ဆင်ဖြူမရှင် မိဖုရားကြီးဖြစ်သည်။သီပေါဘုရင်နန်းတက်စက ရက်စက်သော နန်းတွင်းလုပ်ကြံမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဆိုသော ဆင်ဖြူမရှင်၊ ၁၈၈၈ ခု ထားဝယ်ပုန်ကန်မှုတွင် တစ်နည်းတစ်လမ်းအားပေးလိုက်သော ဆင်ဖြူမရှင်၊ စုဖုရားလတ်၏မယ်တော်သီပေါဘုရင်၏ယောက္ခမတော်၊ ထိုမြန်မာ မိဖုရားကြီးနှင့်အဖွဲ့ကို ကျွန်ုပ်တွေ့လို မြင်လိုလှသည်။

အသစ်အသစ်သော စိတ်လှုပ်ရှားစရာများကို ဆက်တိုက်လိုလိုတွေ့နေခဲ့သော်လည်း ကျွန်ုပ်သည် နောက်ထပ် စိတ်လှုပ်ရှားစရာ အသစ်များကို တွေ့ကြုံချင်နေသည်။ရင်ခုန်ထိခိုက်ခြင်းဝေဒနာကိုကျွန်ုပ်ကောင်းကောင်းကြီး အရသာတွေ့နေပြီ ထင်သည်။

အထူးသဖြင့်နန်းကျဘုရင်၏မိသားစုနှင့်ပတ်သက်လာလျှင်ကျွန်ုပ်၏နှလုံးသည် ကူးစက်ခံစားကြည့်ရန် အမြဲလိုလိုအဆင်သင့်ဖြစ်နေတတ်လေသည်။

ရတနာဂီရိကောင်းကင်၏မိုးပေါက်ကလေးများကကျွန်ုပ်၏မျက်နှာပေါ်သို့ အရှိန်ပြင်းပြင်းနှင့် ခုန်ဆင်းထိမှန်လာကြလေသည်။

► ► ►



www.burmeseclassic.com

www.burmeseclassic.com



သဘော်ာဆိပ်သို့ ရောက်ချိန်တွင် မိုးက ဖွဲဖွဲစွေစွေ ရွာနေရာမှအနည်းငယ်သည်းလာသည်။ ကမ်းပါးထိပ်မှ ဆိပ်ကမ်းသို့သတိထား၍ ဆင်းရသည်။ ကျွန်ုပ်ရောက်သွားချိန်မှာ အချိန်တော်ပင် ဖြစ်သည်။

လှိုင်းထန်သော မြစ်ပြင်လယ်တွင် အက်စ်အက်စ်ကလိုက်ဗ်သည် ကျောက်ချရပ်နားပေပြီ။ မိုးကာဝတ်ရုံကို တစ်ကိုယ်လုံး လုံအောင်ခြုံလိုက်ပြီး ထီးဖွင့်ဆောင်းကာ လှိုင်းတို့ တဝုန်းဝုန်းရိုက်နေသည့် ကမ်းစပ်ဆီသို့ဆင်းလာခဲ့သည်။

မားဂရက်တို့ကား ခပ်လှမ်းလှမ်းမှ ဆိပ်ကမ်းရုံးခန်းထဲတွင် ရှိနေကြပေမည်။ သည်လို ရာသီဥတုမျိုးတွင် ရတနာဂီရိဆိပ်ကမ်းသည် ပို၍အသွားအလာ ခက်ခဲနေပေသည်။

ကောင်းကင်တစ်ပြင်လုံး ခဲပုပ်ရောင်ထနေသည်။ တစ်လောကလုံး မိုးသားများနှင့် ပိတ်ဖုံးနေပြီလား ထင်ရလောက်အောင် မိုးတိမ်တိုက်ကြီးများဖြင့် တပြန့်တပြော မည်းညိုနေသည်။

အဝေးဆီမှ အက်စ်အက်စ်ကလိုက်ဗ်မှာလည်း အရပ်လေးမျက်နှာမှ ပုတ်ခတ်သော လှိုင်းတို့ကြားတွင် မငြိမ်မသက် ဖြစ်နေသည်။လှိုင်းလေအခြေအနေမှာ မကောင်းလှ။ မိုးပေါက်တွေကြားမှာ ရပ်ကြည့်ရင်း ကျွန်ုပ်စိုးရိမ်လာသည်။ ကျောက်ချရပ်နားထားသော သဘော်ာအတွက် ပူစရာမရှိသော်လည်း ခရီးသည်များသည်လှေငယ်များဖြင့်ဆိပ်ကမ်းဆီသို့လာရမည်ဖြစ်လေသည်။ မိုးသက်မုန်တိုင်း အငယ်စားအောက်တွင် လှေငယ်များမှာအန္တရာယ်ကြီးမားလှချေသည်။

ကျွန်ုပ်ကြည့်နေစဉ်မှာပင် သဘော်ာဆီမှ လှေသုံးစင်းသည် ရှေ့ဆင့်နောက်ဆင့်ဆိပ်ကမ်းဆီသို့လှော်ခတ်လာကြလေသည်။လှေကလေးများသည် လှိုင်းလုံးများကို ချည့်နဲ့စွာ ကျော်ဖြတ်နေကြရလေသည်။

ရှေ့ဆုံးလှေဦးတွင် မတ်တတ်ရပ်လျက်လိုက်ပါလာသူတစ်ယောက်ကို တွေ့ရသည်။ သူကား မိတ်ဆွေကြီး ကပ္ပတိန်ပေါလ်ဝဲပင်ဖြစ်သည်။ လှေ ဦးတွင် ကြံ့ကြံ့ရပ်ရင်း နိမ့်မြင့်လှုပ်ခါနေသော လှေပေါ်၌ မယိမ်းမယိုင်လိုက်ပါလာသည်မှာအလွန်အားကိုးယုံကြည်ရသောမာလိန်မှူးကြီးတစ်ယောက်၏အသွင်ကို ဆောင်နေသည်။

လှေသုံးစင်းအနက် ပထမလှေနှင့် ဒုတိယလှေနှစ်စင်းမှာ တစ်စင်းနှင့်တစ်စင်း သိပ်အလှမ်းမကွာလှ။ ကပ္ပတိန်ပေါလ်ဝဲသည် သူ၏လှေဦးတွင် ရပ်ရင်း နောက်မှလှေများအား အမိန့်ပေးလာဟန်ရှိသည်။

ပထမနှင့် ဒုတိယလှေမှာ သိပ်မကွာလှသော်လည်း တတိယလှေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကား နောက်ဘက်တွင် အလှမ်းဝေး၍ ကျန်ရစ်ခဲ့သည်။ထို့ပြင်ထိုတတိယလှေကို ကြည့်ရသည်မှာ အခြေအနေသိပ်မဟန်လှဟု ကျွန်ုပ်ထင်သည်။

သို့သော်လည်း မိုးစက်မိုးပေါက်များက ကျွန်ုပ်၏ မြင်ကွင်းကိုပါး လွှာသော ခန်းဆီးတစ်ခုနှင့် ကာထားသလို ဖြစ်နေပြန်သည်။မိုးသက်လေဖြစ်သောကြောင့် မိုးပေါက်များသည် မျက်လုံးကို ထိမှန်ကြလေရာ ကြည့်ရင်းဖြင့်ပင် ကြိမ်ဖန်များစွာ မျက်စိကို ပွတ်သပ်နေရလေသည်။

ပထမလှေသည် ဆိပ်ကမ်းကို ရောက်လာပေပြီ။

ကပ္ပတိန်ပေါလ်ဝဲက လွှားခနဲခုန်ဆင်းကာကျွန်ုပ်ထံသို့ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာသည်။ သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက်။

"သူငယ်ချင်း . . . အဆင်ပြေတယ် မဟုတ်လား"

"အဆင်ပြေပါတယ်ဗျာ၊ အဆင်ပြေပါတယ်"

မိုးရေအရွှဲရွှဲဖြင့်ပင် ကျွန်ုပ်တို့ ပွေ့ဖက်နှုတ်ဆက်ကြလေသည်။

"ကပ္ပတိန်၊ အက်စ်အက်စ်ကလိုက်ဗ်ကို ဒီလောက်ဆိုးတဲ့ ရာသီဥတုထဲမှာ ဘယ်လိုလုပ်မောင်းလာသလဲ၊ တမန်တော်တွေရဲ့ တန်ခိုးနဲ့လား"

"ယုံကြည်မှု၊ ယုံကြည်မှုတန်ခိုးနဲ့ မောင်းလာတာပေါ့ဗျာ. . ."

မိုးသံလေသံ လှိုင်းသံများကြားတွင် ကျွန်ုပ်တို့သည် အသံကို မြှင့်၍ ပြောနေကြရလေသည်။

"ဆင်ဖြူမရှင် မိဖုရားကြီးနဲ့အဖွဲ့ ပါလာတယ်မဟုတ်လားကပ္ပတိန်"

"အဲ ဟိုမှာလေ"

ဒုတိယလှေ ဆိုက်ကပ်လာသည်။ လှေပေါ်မှ လူများသည် မိုးထဲလေထဲတွင် ဖရိုဖရဲဆင်းလာကြသည်။ မှိုင်းမှုန်သော မြင်ကွင်းထဲတွင်တောက်ပသော အဆင်းရှိသည့် မြန်မာနန်းတွင်းအဝတ်အစားများကို တွေ့နေရသည်။

ဆင်ဖြူမရှင် မိဖုရားကြီးကို အထူးရှာနေစရာမလိုပေ။ ပခုံးပေါ်တွင် ရဲရဲနီသော ကတ္တီပါခြုံထည်ကိုလွှမ်းလျက် မိုးသည်းသည်းအောက်တွင် သူ့ကိုယ်သူ မပြိုလဲအောင် သတိထားရင်း ခပ်မှန်မှန်လျှောက်လာသော အဘွားအိုမှာ မြင်ရုံဖြင့်ပင် ဆင်ဖြူမရှင်မှန်း သိသာပေသည်။

မိုးက ပို၍သည်းလာပြန်သည်။ မြစ်ဘက်ဆီမှလာသော လေကလည်း ပို၍ပြင်းလာသည်။ ယခုလို အချိန်တွင် ထီးသည်လည်း အသုံးမဝင်တော့။ ကျွန်ုပ်သည် ရတနာပုံနေပြည်တော်၏ ထိပ်တန်းမိဖုရားကြီးတစ်ပါး မိုးသက်လေပြင်းထဲတွင် အရွှဲရွှဲအစိုစိုဖြင့် ရှိနေပုံကို ကြည့်ရင်း မဖော်ပြတတ်သော ဝေဒနာတစ်မျိုးကို ခံစားနေရလေသည်။

"သူငယ်ချင်း ရုံးခန်းထဲ သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်က ကျွန်ုပ်၏ပခုံးကို ဆုပ်ကိုင်ရင်း တစ်ဘက်သို့ သွားရန် ပြင်သည်။ ကျွန်ုပ်ကလည်း ကပ္ပတိန်နှင့် ဘေးချင်းယှဉ်၍ လျှောက်တော့မည် အပြုတွင် . . .

ထိတ်လန့်ဖွယ် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရလေသည်။

နောက်ဆုံးမှ လိုက်ပါလာသော လှေသည် ပို၍ ကြီးမားလာသော လှိုင်းတံပိုးများကြားတွင် သိမ့်သိမ့်လူးနေသည်။ တစ်ခုခု ဖြစ်တော့မည်ဟု ကျွန်ုပ်သိလိုက်သည့်အချိန်မှာပင် . . .

"လှေမှောက်သွားပြီ . . .လှေမှောက်သွားပြီ"

မိုးသံလေသံများနှင့်အတူ အော်ဟစ်သံများ ဆူညံသွားသည်။

ကျွန်ုပ်တစ်ဟုန်ထိုး ပြေးဆင်းခဲ့သည်။ ကပ္ပတိန်လည်း ကျွန်ုပ်၏ ဘေးမှ ပြေးဆင်းလာသည်ဟု ထင်သည်။ ရေစပ်သို့ရောက်သည်နှင့် မိုးကာ ဝတ်ရုံနှင့် လည်စည်းဖိနပ်ကိုချွတ်ကာလှိုင်းလုံးများထဲသို့ကျွန်ုပ်ခုန်ဆင်းလိုက် တော့သည်။ ကျွန်ုပ်နှင့် မရှေးမနှောင်းမှာပင် ဝုန်းခနဲ အသံတစ်ခု ဘေးက ပေါ်လာသည်။ ကပ္ပတိန်ပေါလ်ဝဲဖြစ်သည်။

လှိုင်းလုံးများအကြားတွင် ခရီးသည်တို့၏ဦးခေါင်းများမှာမြုပ်ချည် ပေါ်ချည်။ အော်ဟစ်သံများကလည်း မုန်တိုင်းသံကို ထိုးဖောက်ထွက်လျက် ဆူညံနေသည်။ ကပ္ပတိန်၏ အသံကို အကျယ်လောင်ဆုံး ကြားရသည်။

"ဒီကိုလာ၊ လှေဆီကို လာကြ"

မှောက်ခုံဖြစ်နေသောလှေကို ကပ္ပတိန်က ဆွဲကိုင်ထိန်းထားရင်း အော်နေသည်။ ကျွန်ုပ်အနီးသို့ ရောက်လာသူများကို လှေရှိရာသို့ ဆွဲပို့ပေးရ သည်။

"လှေကို လာတွယ်ထားကြ၊ လှေရှိရာကို ကူးခဲ့ကြ"

အားလုံး ဝရုန်းသုန်းကား ဖြစ်နေလေပြီ။

မှောက်ခုံဖြစ်နေသောလှေအနီးတစ်ဝိုက်တွင်ရှုပ်ယှက်ခတ်နေသည်။ လှိုင်းလုံးများက တစ်လုံးပြီးတစ်လုံး ဝင်ဆောင့်ကြသောကြောင့် လက်တစ် ကမ်းမှ လှေရှိရာသို့ ရောက်နိုင်ရေးမှာ မလွယ်ကူလှ။ အချို့မှာ လှေနံရုံကို ဖက်တွယ်၍ ရလုနီးမှာမှ လှိုင်းပုတ်သောကြောင့် လွင့်စင်သွားကြပြန်သည်။ အချို့မှာကား အလှမ်းဝေးသောနေရာမှာ ရောက်နေကြစေကာမူ လှိုင်းလုံး၏ ထိုးဆောင့်မှုဖြင့် လှေဆီသို့ စွေ့ခနဲ ရောက်လာကြသည်။

ကပ္ပတိန်သည် လှေကို မြစ်လယ်သို့ ပြန်ပါမသွားအောင်တစ်ဘက် က ထိန်းထားရင်း ကျန်တစ်ဘက်ကလည်း အနီးသို့ ရောက်လာသူများကို ဆွဲယူနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေရာတွင် ကပ္ပတိန်၏ အမိန့်ကိုလုံးလုံးလျားလျားနာခံရမည်ဟု သဘောပေါက်ထားသည့် ကျွန်ုပ်ကလည်း နီးရာလူမှန်သမျှကို ဆွဲလျက် လှေဆီသို့သာ ပို့ပေးနေရသည်။

သို့သော် လူများမှာ ကြောက်လန့်တကြားဖြင့် သွေးရူးသွေးတန်းဖြစ်နေသောကြောင့် ကျွန်ုပ်လက်တွင်းမှာပင် ရုန်းကန်ကူးခတ်၍နေကြသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း လှိုင်းလုံးများကြားတွင် နစ်မြုပ်မသွားအောင် ကြိုးစားကူးခတ်နေရသည်ဖြစ်လေရာ အလွန့်အလွန် ခက်ခဲလှသော ကယ်ဆယ်မှုဖြစ်နေသည်။

ထိုစဉ်မှာပင်. . .

လှေနှင့်အဝေးဆုံး၊ မြစ်လယ်ဘက်အကျဆုံး တစ်နေရာ၌ ကူးခတ်ရုန်းကန်ရင်းဖြင့် ရေအောက်သို့ မြုပ်သွားသော လူတစ်ယောက်ကို ကျွန်ုပ်တွေ့လိုက်ရသည်။

ထိုသူ၏ အန္တရာယ်အကြီးဆုံး အခြေအနေကို သိလိုက်သဖြင့် လှိုင်းများကို ကျော်ဖြတ်ကာ ကျွန်ုပ် ထိုသဏ္ဍာန်ရှိရာသို့ အားကုန်ကူးခတ်ခဲ့သည်။ ကံကောင်းထောက်မစွာပင် ထိုသူ ရေမျက်နှာပြင်ပေါ်မှ လုံးလုံး ပျောက်သွားချိန်၌ ကျွန်ုပ်ထိုနေရာသို့ ရောက်သွားသည်။

အသက် တစ်ဝကြီးရှူ၍ ကျွန်ုပ်ပါ ရေအောက်သို့ ငုပ်လိုက်သည်။ ခြေလက်များကို အစွမ်းကုန်ရမ်းရင်း နစ်မြုပ်သွားသူကို ရှာသည်။ ကျွန်ုပ်၏ လက်တစ်ဖက်က မာကြောသော အရာတစ်ခုကို ဒုတ်ခနဲတိုက်မိသည်။ ထိုအရာ နှင့်တစ်ဆက်တည်းမှာပင် လက်တစ်ဖက်ကို စမ်းမိသည်။ သူကား ရေအောက် သို့ စုံးစုံးနစ်မြုပ်သွားနေသည့် အချိန်ပင်။

စမ်းမိသောလက်ကို မလွှတ်တမ်းဆွဲကာ ခြေအစုံကို အားကုန်ယက်ကန်၍ ရေပေါ်ရောက်အောင် ဆွဲတင်လိုက်သည်။ အလွန်အမင်း မွန်းကျပ်လာချိန်မှာပင် ရေပေါ်သို့ ကျွန်ုပ်ပြန်ရောက်သည်။ နစ်မြုပ်သွားသူလည်း ကျွန်ုပ်၏ လက်ထဲမှာ ပါလာပေပြီ။

သူ့ထံမှ ရှည်လျားသော ဆံပင်များ၊ အဝတ်စများဖြင့် ရှုပ်ထွေးနေသောကြောင့် ခက်ခဲပင်ပန်းစွာ ကူးခတ်ရသည်။

ကျွန်ုပ်၏ နားထဲမှ လေတဟူးဟူးထွက်လျက် ရှိလေသည်။

ခြေထောက်အစုံသည်လည်း နာကျင်ကိုက်ခဲလာပြီ။ မျက်စိများမှာလည်း ဘာကိုမှ မမြင်ရတော့လောက်အောင် ကျိန်းစပ်နေပြီ။ သို့သော် သူ့လက် ကိုကား ကျွန်ုပ်မလွှတ်။ လက်မောင်းရင်းမှ တင်းတင်းကြပ်ကြပ် ကုပ်တွယ် ပွေ့ဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြွက်တက်ချင်လာပြီဟုကျွန်ုပ်သိလိုက်သည်။ သည်အတိုင်းဆို လျှင် ကျွန်ုပ်တို့နှစ်ယောက်စလုံး နောက်တစ်ခါပြန်ပြီး စုံးစုံးနစ်မြုပ်သွားတော့ မည်။ သည်တစ်ခါနစ်မြုပ်လျှင်ကားဘယ်တော့မှပြန်မပေါ်လာနိုင်တော့ဘဲရေ အောက်ကြမ်းပြင်သို့ ဒုတ်ဒုတ်ထိဆိုက်ရောက်မည့်နစ်မြုပ်ခြင်းဖြစ်တော့မည်။

နှာခေါင်းနှင့် ပါးစပ်ထဲသို့ ရေများ ဝင်လာသည်။

ပျောက်ကွယ်လုနီးပါးသတိကိုအားခဲ၍တင်းထားရင်းရီဝေနေသည့် မျက်လုံးများကို အားယူ၍ ကြည့်လိုက်သည်။ လှေနှင့် ငါးကိုက်လောက် သာ ဝေးတော့သည်။

အသက်ကို လောင်းကြေးထပ်သည့် စွန့်စားမှုတစ်ခုကို ကျွန်ုပ်ပြု လုပ်လိုက်သည်။

အခြားမဟုတ်။ မြစ်လယ်မှ ကြောက်မက်ဖွယ်လိမ့်ဆင်းပြေးလာနေ သည့် လှိုင်းလုံးတစ်ခုရှေ့သို့ ရောက်အောင် ခြေအစုံကို ရေအောက်သို့ ဆောင့် ၍ ယက်ကန်လိုက်ခြင်း ဖြစ်သည်။

လှိုင်းလုံးကြီးနှင့် ပြေးဆောင့်သည်။ နားအုံများ ပွင့်ထွက်မတတ် ဖြစ်သွားသည်။ ထိုနောက် လှိုင်းနှင့်အတူ အရှိန်ပြင်းစွာ ပါသွားသည်။ မြင် ကွင်းထဲသို့ တရိပ်ရိပ် တိုးဝင်လာသော လှေကိုပါ မြင်လိုက်ရသည်။

ထိုနောက် ကပ္ပတိန်ပေါလ်ဝဲ၏ မျက်နှာ။

ထိုနောက်. . .

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၂၉ ]

ပါးစပ်ထဲမှ ရေများအန်ထွက်သွားသည်ဟု သိလိုက်သည်။

တစ်ဆို့ပြည့်ကျပ်နေသော ရင်ထဲမှာ ပေါ့ပါးသက်သာသွားသည်။ မှောက်ခုံဖြစ်နေရာမှ ပက်လက်လန်သွားသည်။ တစ်ယောက်ယောက်က ဆွဲလှန်လိုက်ခြင်း ဖြစ်သည်။ စီးမိုးနေသော မျက်နှာကြီးတစ်ခုကို တွေ့လိုက်ရသည်။ မည်းနက်ထူထပ်သော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းများအထက်မှ စိုးရိမ်သောက ဖြစ်နေသည့် မျက်လုံးညိုကြီးများ။

"သတိရပြီနော်၊ သူငယ်ချင်း"

ကပ္ပတိန်ပေါလ်ဝဲကို ပြုံးပြလိုက်သည်။

"သူငယ်ချင်း၊ ဒုတိယတန်းစား ရေနစ်မှုနဲ့ ကြုံခဲ့ရတာပဲ၊ အင်မတန်မိုက်ရူးရဲကျတဲ့ စွန့်စားမှုကြောင့် အသက်ရှင်နေတာ၊ ဟိုလှိုင်းလုံးကြီးဟာ ကမ်း ဘက်ကို တိုးဝင်တာ မဟုတ်ဘဲ မြစ်လယ်ဆီ လိမ့်သွားတာဆိုရင် သူငယ်ချင်း ကို ကျုပ်တို့ ဘယ်လိုမှ ရှာတွေ့တော့မှာ မဟုတ်ဘူး"

"အဲဒီလိုမှ မလုပ်ရင်လည်း ကျွန်တော်ရေနစ်တော့မှာ"

"ဘယ်ကလိမ့်မလဲ . . . တစ်ခါတည်းကို စုံးစုံးမြုပ်သွားတော့မှာ"

ရင်ဘတ်မှာ အောင့်နေဆဲဖြစ်သည်။ မျက်ခွံများလည်း ကျိန်းစပ်ပူလောင်နေသည်။ ကြွက်တက်ခဲ့သော ခြေသလုံးနှင့် ဒူးခေါက်ကွေးနေရာမှာ နာကျင်နေသည်။ မျက်လုံးအစုံကို ပိတ်ထားလိုက်ရသည်။

"မစ္စတာဂူးလက်ချန်း ဘရန်ဒီနည်းနည်းသောက်လိုက်ရအောင်"

ခပ်စင်းစင်းမေးလျက် မျက်လုံးဖွင့်ကြည့်ရာစိုးရိမ်သောကအငွေ့များ ယှက်သမ်းနေသော မျက်လုံးပြာကြီးများကို တွေ့ရလေသည်။

မားဂရက်တိုက်သော ဘရန်ဒီကို စုပ်ယူပြီးကျိုက်ချလိုက်သည်တွင် တစ်ကိုယ်လုံး ပူနွေးသွားလေသည်။ သွေးလှည့်ပတ်မှုများ မြန်ဆန်လာပြီး တရှိန်းရှိန်း ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူး . . . မားဂရက်"

"ဆိပ်ကမ်းကနေ ဒီရုံးခန်းကို ခေါ်လာခဲ့တဲ့ တစ်ချိန်လုံး ရှင်သတိလစ်နေခဲ့တယ်၊ အဆုတ်ကို အအေးမိသွားမှာ စိုးရိမ်ရတယ်၊ ကျွန်မလေ. . . ဟိုလှိုင်းလုံးကြီးအောက်ကို ရှင်တို့ ရောက်သွားပြီထင်ပြီး . . ."

ခေတ်မီသွက်လက်သော မိန်းမပျိုတစ်ယောက်ပင် ဖြစ်သော်လည်း မားဂရက်၏ မျက်နှာပြင်၌ ရှက်သွေးများ ဖြာသွားကာစကားလည်းတန့်သွားသည်။

"ဟိုလေ. . .အားလုံး လှေကို ဖက်တွယ်ထားမိကြချိန်မှာ ရှင်တို့နှစ်ယောက်ဟာ လှိုင်းတွေကြားထဲမှာ မြုပ်ချည်ပေါ်ချည် ဖြစ်နေခဲ့ကြတယ်"

ရှင်တို့ဟု မားဂရက်ပြောမှပင် ဖျတ်ခနဲသတိရလာသည်။ကျွန်ုပ်နှင့် အခြားတစ်ယောက်၊ ကျွန်ုပ်ကယ်ခဲ့သူကော ဘယ်သူနည်း။ သူကော အသက်ချမ်းသာရရဲ့လား၊ သူသည် ကျွန်ုပ်ထက် စော၍ ရေအောက်သို့ တစ်ချီနစ်မြုပ်ခဲ့သူ ဖြစ်သည်။

"အို. . .သက်သက်သာသာ လှဲနေလေ မစ္စတာ ဂူးလက်ချန်း"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် နေကောင်းပါပြီ၊ ဟို. . .ကျွန်တော်ဆယ်ခဲ့ရတဲ့ တစ်ယောက်ကော. . ."

မားဂရက်ထံမှ အဖြေမရ။

"ကပ္ပတိန်. . .ဟို တစ်ယောက်ကော"

ကပ္ပတိန်ပေါလ်ဝဲ၏ မျက်လုံးညိုကြီးများကိုဖြည်းလေးစွာပုတ်ခတ်လျက်. . .

"ဘုရားသခင် ကျေးဇူးတော်ပဲ၊ သူငယ်ချင်း လက်ဦးခဲ့တဲ့အတွက် မိန်းကလေးဟာ အသက်ချမ်းသာရာ ရခဲ့ပါတယ်"

"ဟင် . . . ဘယ်လို မိန်းကလေး ဟုတ်လား"

"ဟုတ်တယ်၊ အင်မတန် နုနယ်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ဆင်ဖြူမရှင် မိဖုရားကြီးရဲ့ ကိုယ်လုပ်တော်လေးတစ်ယောက်ပေါ့၊ သူ့လက်ထဲမှာ လေးလံတဲ့ သေတ္တာတစ်လုံး ပါလာတယ်၊ ဒီသေတ္တာကိုမလွှတ်တမ်းပိုက်ထားခဲ့တယ်၊ ဒါကြောင့် သူကိုယ်တိုင်ပဲ နစ်မြုပ်တော့မယ်ဆဲဆဲဖြစ်နေတာ၊သူငယ်ချင်းမှာလည်း သေတ္တာရဲ့ အလေးချိန်ကြောင့် သူ့ကိုခက်ခက်ခဲခဲဆယ်ခဲ့ရတာပေါ့"

ကပ္ပတိန် ရှင်းပြနေသည်ကို တအံ့တသြနားထောင်ရင်း ရုံးခန်းအတွင်းသို့ ယခုမှပင် လှည့်ပတ်ကြည့်မိတော့သည်။ ထိုစဉ် နူတ်ခမ်းမွေးစစဖြင့် မြန်မာမင်းညီမင်းသားတစ်ယောက်က ကျွန်ုပ်အနီးသို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျစ်လျစ်သွယ်လျပြီး သန့်စွမ်းသော ခန္ဓာကိုယ်ရှိသူ ဖြစ်လေသည်။ သူ့အသက်မှာ နှစ်ဆယ်ကျော်ရုံမျှ ရှိပေလိမ့်မည်။

"မစ္စတာ၊ ကျွန်ုပ် ကောလင်းမင်းသားပါ၊ ကျွန်ုပ်တို့ရဲ့အမှုထမ်းတစ်ဦးကို သင်အသက်ကယ်ဆယ်လိုက်တဲ့အတွက် ကျေးဇူးများစွာ တင်ပါတယ်၊ သင့်ကိုမယ်တော်ဖုရားကြီး ကိုယ်တိုင်က ကျေးဇူးစကားပြောလိမ့်မယ်. . ."

ကောလင်းမင်းသားသည်မင်းတုန်းမင်း၏သားတော်တစ်ပါးဖြစ်ပြီး ဗြိတိသျှပိုင် အောက်မြန်မာပြည် မြိတ်ထားဝယ်တွင် အစောကြီးကတည်းက ထိန်းသိမ်းထားခဲ့ရသူဖြစ်ကြောင်း ကျွန်ုပ် မှတ်မိလိုက်သည်။

မင်းတုန်းမင်းကြီး၏ သားတော်တစ်ပါး ဖြစ်သော်လည်း သူ့မယ်တော်မှာ ဆင်ဖြူမရှင် မဟုတ်ပေ။သူ့မယ်တော်၏အမည်မှာသနပ်စည်မိဖုရားဖြစ်သည်ဟု ထင်သည်။ မည်သို့ဖြစ်စေ သူသည် လူငယ်တို့၏ အားမာန်ဖြင့် မိမိကိုယ်မိမိ ယုံကြည်မှု အပြည့်ရှိဟန် ပေါ်လွင်လှပေသည်။

"ကျွန်ုပ်ရဲ့ ကိုယ်လုပ်တော်တစ်ဦးကို ကယ်တဲ့အတွက် သင့်ကို ကျေးဇူးတင်မိတယ်"

ကောလင်းမင်းသားက ကိုယ်ကို ရို့အပေးတွင်ဝင်လာသောဆင်ဖြူမရှင် မိဖုရားကြီးထံမှ ထွက်ပေါ်လာသော စကားဖြစ်သည်။ကောလင်းမင်းသားကစကားပြန်ပေးသည်။ မိဖုရားကြီး၏မြန်မာစကားကိုကျွန်ုပ်ကောင်းစွာ နားလည်သော်လည်း မင်းသား၏ အင်္ဂလိပ်ဘာသာပြန်ကိုသာ စောင့်နားထောင်လိုက်လေသည်။

ရဲရဲနီသော ကမ္ဗလာခြုံထည်ကို ပခုံးပေါ်၌ လွှားထားဆဲ ဖြစ်သည့် မိဖုရားကြီးကို ကျွန်ုပ်မော့ကြည့်လိုက်သည်။ ဇရာထဲမှ မာန်မာနကို တွေ့ရသည်။ ခပ်သွယ်သွယ် မျက်နှာထက်မှ မျက်လုံးများမှာမွဲသီဟန်ရှိသော်လည်း သေးငယ်စူးရှသော သူ၏ သူငယ်အိမ်များက တောက်ပြောင်နေသည်။

ကျေးဇူးစကားကို ဆိုသော်လည်း သူ့အသွင်မှာ လှိုက်လှိုက်လှဲလှဲ မရှိလှဟု ထင်သည်။ ကျွန်ုပ်အထင် မှားချင်လည်း မှားနိုင်သည်။ဆင်ဖြူမရှင် မိဖုရားကြီး၏ မျက်လုံးများကား အတွင်းစိတ်ထဲမှာရှိသော အမှန်ကို ဖုံးကွယ်ထားတတ်သည့် မျက်လုံးမျိုးဖြစ်သည်ဟု ထင်သည်။

မိဖုရားကြီးက ကမ္ဗလာခြုံထည်၏ အမြိတ်စနှစ်ဖက်ကို ခပ်တင်းတင်း ဆွဲကိုင်၍ ထပ်ပြောသည်။

"ကျွန်ုပ်တို့ မြန်မာလူမျိုးဟာ ကျေးဇူးတရားကို အထူးသိတတ်သူတွေ ဖြစ်တယ်၊ အသက်သခင် ကျေးဇူးရှင်ဆိုတာဟာ အလွန်ကြီးမားတဲ့ ကျေးဇူးရှင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဘာပြန်ပြောရမှန်းမသိ။ မိဖုရားကြီး၏ အမူအရာမှာ တစ်စုံတစ်ရာကို ချေငှားပြီးသည့်နောက် မကြွင်းမကျန်ရအောင် အကုန်အစင်ပေးဆပ်ရမည်ဟု ခံယူထားသည့် အမူအရာမျိုး။

"ကျွန်ုပ်ရဲ့ နန်းဆောင်မှာသာဆိုရင် သင်ကယ်ဆယ်ခဲ့သူက သင့်ကို အဖိုးရတနာတွေနဲ့ ပူဇော်ပြီး ကျေးဇူးဆပ်စေရမှာပဲ၊ ခုနေမှာတော့ သင့်ကို ဘာနဲ့မှ ကျေးဇူးမဆပ်နိုင်တဲ့အတွက် ကျွန်ုပ်စိတ်မကောင်းပါဘူး"

"အို. . .ကျွန်တော်. . .ဒီလိုမျိုး . . ."

မိဖုရားကြီးက ကျွန်ုပ်၏ စကားကို ဖြတ်၍ . . .

"ဟဲ့. . .ပိုးဖြူ၊ နင့်ကျေးဇူးရှင်ကို လက်အုပ်ချီ ကန်တော့လှည့်"

ပိုးဖြူ. . .လှပသော အမည်။ သနားဖွယ်ကောင်းသော အမည်ကို စိတ်ထဲမှလိုက်၍ ရေရွတ်နေမိစဉ်မှာပင် ဦးစွာ သတိထားလိုက်မိသည်မှာဖားလျားကျနေသော နက်မှောင်သည့် ဆံပင်ရှင်ကြီးများ ဖြစ်သည်။

ဖြူနွဲ့သွယ်လျသော မိန်းကလေးတစ်ယောက်သည် ကျွန်ုပ်ရှေ့တွင် ဒူးတုပ်ထိုင်ချသည်။ ထို့နောက် လက်အုပ်ချီ၍ ခေါင်းငုံ့ကာ ကျွန်ုပ်ကို ရှိခိုး ကန်တော့လေတော့သည်။

ထိုအပြုအမူသည်အလွန်ရိုကျိုးနှိမ့်ချသောအပြုအမူမျိုးဖြစ်ပါလျက် ကျွန်ုပ်သည်ယင်း၏ ထူးဆန်းသော ရိုက်ခတ်ချက်ကိုမခံနိုင်။အလွန်ပြင်းထန်သော တုံ့ပြန်ချက်တစ်ခုကို ရင်ဆိုင်လိုက်ရသလို တုန်လှုပ်သွားမိလေသည်။

"အို. . . အို. . .ဒီလို မလုပ်ပါနဲ့၊ ကျွန်တော် တောင်းပန်. . ."

ငုံ့ငိုက်ထားသော မျက်နှာတစ်ခု မော့လာသည်။ နက်မှောင်ထူထဲလှသော ဆံနွယ်များက ဝဲယာပခုံးများမှ တစ်ဆင့် အောက်သို့ ဖားလျားပုံကျနေသည်။ ဖြူနုသွယ်လျသော လက်ချောင်းများက ပူးကပ်လျက်။ရင်ညွှန့်ရှေ့တွင် တင့်တယ်စွာ တည်နေသည်။

ထို့နောက် တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းအစုံ။

ထို့နောက် ပြန့်ပြူးကျော့ရှင်းသည့် နဖူးပြင်။ နက်မှောင်စိမ်းမြမျက်ခုံးများ။ ကော့ညွှတ်ဝဲပျံ မျက်တောင်များ။ ပြီးတော့ ဝိုင်းစက်ရွှန်းလဲ့သည့် မျက် လုံးနက်တစ်စုံ။

ဒီလိုမလုပ်ပါနဲ့။ ထပါ. . .ထစမ်းပါ. . .မိန်းကလေးရယ်. . .။ အ သံမထွက်ဘဲ ကျယ်လောင်စွာ ရေရွတ်ရင်း အမေ့မေ့အလျော့လျော့ဖြင့် သူ့ပခုံးကိုဆွဲကိုင်ထူမတ်ပေးတော့မည်မတတ်ဖြစ်သွားစဉ်သူသည်ဖြည်းညင်းစွာ ထကာ ညင်သာသော လှုပ်ရှားမှုဖြင့် ဆင်ဖြူမရှင် မိဖုရားကြီးနောက်သို့ တိုး ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ မျက်နှာများကို ကျွန်ုပ်လိုက်ကြည့်မိသည်။ဆင်ဖြူမရှင်၊ ကောလင်းမင်းသား၊ ကပ္ပတိန်ပေါလ်ဝဲ၊မားဂရက်နှင့်ဝိုင်းအုံကြည့်နေကြသော အခြား မျက်နှာများ . . .။ သည်အထဲတွင် သူ့ . .မိန်းကလေး မရှိတော့။ ပိုး ဖြူ. . .မပိုးဖြူ ပျောက်ကွယ်သွားပေပြီ။ အို. . .လောကကြီးထဲမှပင် ပျောက် ကွယ်သွားပြီလား။

"ကျွန်ုပ်အနေနှင့် ကျေးဇူးစကားကို ထပ်ဆိုပါတယ် မစ္စတာ၊ ပိုးဖြူ လက်ထဲမှာလည်း မယ်တော်ဘုရားကြီးရဲ့ အဖိုးတန်ရတနာတွေထည့်ထားတဲ့ သေတ္တာ ပါလာတယ်လေ၊ သင်ဟာကြင်နာတတ်တဲ့အင်္ဂလိပ်တစ်ယောက်ဖြစ် မယ်လို့ ကျွန်ုပ်မျှော်လင့်ပါတယ်၊ သွားပါဦးမယ်"

ကောလင်းမင်းသားက စကားအဆုံးတွင် လှည့်ထွက်သွားသည်။ ပါး လွှာသော ကန့်လန့်ကာတစ်ချပ် ခံထားသလို ဖြစ်နေသည့် မြင်ကွင်းကို ကျွန်ုပ် ရီဝေစွာ ငေးကြည့်နေမိသည်။

သူတို့ ရုံးခန်းထဲမှ ထွက်သွားကြပြီ။

ရှေ့ဆုံးမှ အစောင့်တစ်ယောက်၊ နောက်မှ ဆင်ဖြူမရှင်၊ သူ့နောက်မှ ဆင်ဖြူမရှင်နှင့် ရုပ်ချင်းဆင်သော အသက် သုံးဆယ်ခန့်မိဖုရားတစ်ဦး၊သြော် . . .သူကား သမီးအကြီးဆုံး စုဖုရားကြီး ဖြစ်လေမည်။ စုဖုရားကြီးနောက်တွင် ကောလင်းမင်းသား၊ ထို့နောက် ရုံရွေတော်၊ ကိုယ်လုပ်တော်များ ရေရွှဲရွှဲစိုနေ သော အမှုထမ်းများ၊ ထိုလူအုပ်ထဲတွင် မပိုးဖြူသည် ထင်းခနဲ ဖြစ်နေသည်။ နက်မှောင်ရှည်လျားသော ဆံပင်များက ဖားလျားကျလျက်။

မင့်သခင်မကြီးရဲ့ အမိန့်အရ မင်း ကျုပ်ကို လက်အုပ်ချီ ကန်တော့ ပြီးတာနဲ့ အားလုံးဟာ ပြီးသွားပြီလား မိန်းကလေးရယ် . . . မင်း တစ်ချက် ကလေးလောက် ငါ့ကို နှုတ်ဆက်တဲ့အနေနဲ့ လှမ်းကြည့်လိုက်ပါဦးလား။ မင်းရဲ့ မျက်လုံးလုလုတွေကို ငါမြင်ချင်ပါသေးတယ်။ တစ်ချက်လောက် လှည့်ကြည့်ပါဦးကွယ်။

မပိုးဖြူကား သူ့အရှင်သခင်များနောက်မှ ကျုံ့ကျုံ့ကလေး လိုက်ပါသွားပေပြီ။ သူ့လက်ထဲတွင် ဆင်ဖြူမရှင်၏ ရတနာသေတ္တာကို ဆွဲလျက်သား။

သူသည် ကျွန်ုပ်ကို တစ်ချက်ကလေးမှ ပြန်ကြည့်မသွားပေ။

မြန်မာတို့ ထုံးတမ်းစဉ်လာအရ အသက်သခင် ကျေးဇူးရှင်ကို လက်အုပ်ချီ ကန်တော့ပြီးနောက် အရာခပ်သိမ်းသည် ပြီးဆုံးသွားပြီလား၊ ကျုပ်ကို ကျေးဇူးမဆပ်ပါနဲ့ မပိုးဖြူလည်း ဒီလို အကုန်အစင် ပေးဆပ်တုံ့ပြန် သွားတာမျိုး မလုပ်ပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မျက်နှာမှာ သွေးရောင် ဖျော့တော့နေတယ်၊ ဘရန်ဒီထပ်သောက်ဖို့လိုမယ်၊ ပြီးတော့ အိပ်ရာထဲမှာ နွေးနွေးထွေးထွေးနဲ့ အနားယူဖို့လည်းလိုမယ်"

မားဂရက်၏ မျက်လုံးပြာများကို ရင်ဆိုင်ရပြန်သည်။ နှုတ်ခမ်းဝတွင် ရောက်လာသော ဘရန်ဒီကို ကျိုက်ချလိုက်သည်။ ထို့နောက် ပင်ပန်းနွမ်းနယ်စွာ ခေါင်းကို နောက်မှီပစ်လိုက်သည်။

မြင့်မားလှစွာသော အထက်ကောင်းကင်၌ အဟုန်ပြင်းပြင်းနှင့်လွင့်နေသော မိုးသားတိမ်တိုက်တို့ကို တွေ့ရသည်။ ထိုမိုးသားတိမ်တိုက်တို့သည် ကျွန်ုပ်ကိုယ်တိုင်ပင် ဖြစ်ချေမည်။

မိုးတိတ်သွားပေပြီ။ သို့သော် ကျွန်ုပ်ရင်ထဲ၌မူ ယခုမှပင် သည်းထန်သော မိုးကြီးက တဝေါဝေါ ရွာသွန်းလာလေသည်။

◆



www.burmeseclassic.com

www.burmeseclassic.com



[ ၃၀ ]

ဩလ်ထရန်ဟောစံအိမ်ဝင်ပေါက်အထိ 'ဒိုင်းမွန်း' ကို အသော့နှင်ခဲ့သည်။ ဝင်းပေါက်ဝ ရောက်သောအခါ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ ဝင်း စောင့် ပန်ချာပီ ဘနားဆင်းက မြင်းဇက်ကြိုးကို လာယူသည်။

မားဂရက်၏ မျက်နှာကြောင့်လား၊ ဩလ်ထရန်ဟောရှိ ဘုရင့်မိသားစုကြားတွင် မပိုးဖြူအား ကယ်ဆယ်ခဲ့ခြင်းကို အကြောင်းပြု၍ နာမည်သတင်းမွှေးခဲ့သောကြောင့်လားမသိ။ ဘနားဆင်းသည် ကျွန်ုပ်ကို အရေးတယူ ဆက်ဆံလာလေသည်။

"ဆရာ့မြင်းကို ကျွန်တော် ကောင်းကောင်းဂရုစိုက်ထားလိုက်ပါမယ် ဆရာ၊ စိတ်ချပါ"

ဘနားဆင်းကို ဘာမှ မပြောတော့ဘဲ စံအိမ်တော်ဆီသို့ ကျွန်ုပ်လမ်းလျှောက်ဝင်လာခဲ့သည်။ မိုးရေကို ဝလင်စွာ ချိုးသုံးထားရသောကြောင့် ဝင်းအတွင်းရှိ သစ်ပင်များမှာ စိမ်းလန်းတောက်ပနေကြလေသည်။

လေးထောင့်တိုင်ကြီးများအကြားရှိ အမိုးခုံးများအောက်တွင် အိမ်တော် အမှုထမ်းအချို့ကို တွေ့ရသည်။ သူတို့ထဲတွင် မြန်မာလူမျိုး အမှုထမ်းများလည်းပါသည်။ ပန်းအိုးများကို နေရာရွှေ့စိုက်နေကြသော ထိုသူတို့သည် ကျွန်ုပ်ကိုမြင်သောအခါ အချင်းချင်း လက်တို့၍ စကားပြောကြသည်။သူတို့အနီးမှ ကျွန်ုပ်ဖြတ်သွားချိန်တွင်အသံများတိတ်သွားကြပြီးကျွန်ုပ်ကို အထူးအဆန်းပမာ ကြည့်ကြသည်။ စံအိမ်တော်တွင်ကျွန်ုပ်၏အကြောင်းသည်ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ပြောစရာ သတင်းတစ်ခုတော့ ဖြစ်နေပေပြီ။

အလယ်ပေါက်မှနေ၍ စံအိမ်တော်ထဲ ဝင်ခဲ့ကာ စင်္ကြံအတိုင်း တည့်တည့်လျှောက်သွားပြီး လက်ယာဘက်သို့ ချိုးကွေ့ခဲ့သည်။ ကျောက်အုတ်များပေါ်မှ ကျွန်ုပ်၏ ဖိနပ်ခွာသံသည် မဆိုစလောက် အသံကျယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ယာဘက်စင်္ကြံလမ်းအဆုံးမှတစ်ခုသောတံခါးပေါက်ရှေ့တွင် ကာကီယူနီဖောင်းဝတ် အစောင့်ပုလိပ်တစ်ဦး ရပ်နေသည်။ သူ၏ ဦးထုပ်မှ နီရဲသော အဝတ်စသည် ပခုံးပေါ်တွင် တွဲလောင်းကျနေလေသည်။ ပုလိပ်က ကျွန်ုပ်ကို မြင်သောအခါ ခပ်တောင့်တောင့် မတ်တတ်ရပ်သည်။

"ငါ. . .ဂူးလက်ချန်းပဲ၊ မစ္စတာအော်လ်ဘွန်းနဲ့ ချိန်းထားတယ်"

"ခဏစောင့်ပါ၊ သခင်ကြီးကို ကျွန်တော် သတင်းသွားပို့လိုက်ပါမယ်"

အိမ်တော်ဝန်၏ ရုံးခန်းရှေ့တွင် ရပ်စောင့်ရင်း စင်္ကြံလမ်း၏ ဝဲယာဆီသို့ ကျွန်ုပ်လှမ်းကြည့်မိသည်။ တစ်ယောက်ယောက်ကို တွေ့ရလိမ့်မလားဟူသော မျှော်လင့်ချက်သည် စင်စစ်သေးငယ်သော မျှော်လင့်ချက် ဖြစ်လေသည်။ အိမ်တော်ဝန်ရုံးခန်းတစ်ဝိုက် စံအိမ်တော်၏ ဤအပြင်ဘက် စင်္ကြံလမ်းတွင် ဘုရင့်မိသားစုထဲမှ မည်သူမှ ထွက်လာလေ့မရှိပေ။

ခဏကြာသောအခါ အစောင့် ပြန်ထွက်လာသည်။

"သခင်ကြီးကို တွေ့နိုင်ပါပြီ"

ဆင်နားရွက်တံခါးကို တွန်းဖွင့်လိုက်သောအခါ အခန်းထဲကို မမြင်ရအောင် ကာထားသည့် မှန်ကူကွက်လိုက်ကာတစ်ခုကို တွေ့ရသည်။ လိုက်ကာ၏ ဘေးမှ ကျွန်ုပ်အထဲသို့ ဝင်ခဲ့သည်။

"ဂွတ်ဒ်မောနင်း . . . မစ္စတာဂူးလက်ချန်း၊ ထိုင်ပါ"

"ဂွတ်မောနင်း . . ."

ကျယ်ပြော၍ လေကောင်းလေသန့်နှင့်အလင်းရောင်ကောင်းစွာရသော ရုံးခန်းထဲတွင် မျက်နှာကြက်လေယပ်ကြီးသည် တအိအိရမ်းခါနေသည်။ မစ္စတာအော်လ်ဘွန်းသည် စားပွဲကြီးနောက်ရှိ လက်တင်ကုလားထိုင်ပေါ်တွင် ကိုယ်ကိုမှီ၍ ထိုင်နေသည်။

စားပွဲပေါ်ရှိ ဆေးလိပ်သေတ္တာထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်ယူရင်း လေယပ်ကြိုးဆွဲသူကို သူက မောင်းထုတ်လိုက်သည်။

"မင်း . . . အပြင်ထွက်နေစမ်း၊ ငါခေါ်မှ ပြန်လာခဲ့"

အသားမည်းသောယပ်ကြိုးဆွဲအစေခံသည်မစ္စတာအော်လ်ဘွန်းကို အလေးပြုလျက် အပြင်ထွက်သွားသည်။ ကျွန်ုပ်တို့နှစ်ဦးတည်း ကျန်ရစ်ခဲ့လေသည်။

စက်သေနတ်တစ်လက်လို အစွမ်းရှိသူဟုဆိုသော မစ္စတာအော်လ်ဘွန်းကို ကျွန်ုပ် အကဲခတ်ကြည့်လိုက်သည်။ ရွှေရောင်ဆံပင် မျက်လုံးပြာနှင့် မားဂရက်သည် ဘာကြောင့် သူ၏သမီးဖြစ်နေသည် မသိ။ မားဂရက်ထံတွင် တွေ့ရသော နူးညံ့သိမ်မွေ့မှုမျိုးကို မစ္စတာအော်လ်ဘွန်းထံ၌ကျွန်ုပ်မမြင်မိချေ။

www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်စပ်စပ်မျက်နှာနှင့်သပ်ရပ်စွာ ညှပ်ထားသော နှုတ်ခမ်းမွေးများက သူ၏ ပြတ်သားတိကျမှုကို ဖော်ပြနေကြသည်။ အိမ်တော်ဝန်ဟောင်း ဖန်ရှဝေးလို နှာခေါင်းကောက်ကောက် မျက်နှာနီနီဖြင့် ကောက်ကျစ်စဉ်းလဲမည့် အသွင်မျိုး မရှိသော်လည်း အောလ်ဘွန်း၏ မျက်နှာမှာ သွေးအေးအေးနှင့် ရက်စက်သည့် မျက်နှာမျိုး ဖြစ်သည်ဟု ထင်မိသည်။

သေးငယ်သော မျက်မှန်ဝိုင်းနောက်မှ မျက်လုံးအစုံမှာ အစိမ်းရောင်ဖြစ်သည်။ အစွန်းနှစ်ဖက်တွင် အပေါ်သို့ မြင့်တက်သွားသည့် မျက်ခုံးများကြောင့် သူ့မျက်နှာသည် ပို၍ တင်းမာနေသယောင် ရှိသည်။

မစ္စတာအောလ်ဘွန်းကို စတင်တွေ့မြင်အကဲခတ်မိသည့် စက္ကန့်ပိုင်းအတွင်းမှာပင် ဘာပဲဖြစ်ဖြစ် သူ့ကို ကျွန်ုပ်သဘောမကျနိုင်ဟု ခံစားရလေသည်။

"ကျုပ်သမီးက မောင့်အကြောင်းတွေကို ပြောပြတယ်၊မားဂရက်ဟာ မောင့်ကို မိတ်ဆွေရင်းချာတစ်ယောက်လို သဘောထားပါတယ်၊ ရတနာဂီရိလို နေရာမျိုးမှာ ကျုပ်သမီးအတွက် မိတ်ဆွေကောင်းတစ်ယောက်အဖြစ်နေ ထိုင်ပေးတဲ့အတွက် မောင့်ကို ကျေးဇူးတင်ပါတယ်"

အလွန်ဆွဲဆောင်မှုရှိသော သို့မဟုတ် အသံသြဇာနှင့် ပြည့်စုံသောအသံဖြစ်သည်။ ဖန်ရှဝေးနှင့် အကွာကြီး ကွာပေသည်။ သို့သော် တည်ငြိမ်သော ရေသည် နက်တတ်ချေသည်။ မစ္စတာအောလ်ဘွန်းကား သတိကြီးစွာထား၍ ဆက်ဆံရမည့်သူဟု ကျွန်ုပ်သတ်မှတ်လိုက်သည်။

"မောင် အခု ကောင်းကောင်းနေကောင်းသွားပြီ မဟုတ်လား၊ ဆိပ်ကမ်း လှေမှောက်တုန်းက စွန့်စားကယ်ဆယ်ခဲ့တဲ့ မောင့်အပြုအမူအတွက် ကျုပ် တို့ ဂုဏ်ယူနေပါတယ်"

"ငါးရက်လုံးလုံး အနားယူခဲ့တဲ့အတွက် ကျွန်တော်ကောင်းကောင်းကျန်းမာနေပါပြီ မစ္စတာအောလ်ဘွန်း"

"ဆင်ဖြူမရှင်ရဲ့ ကိုယ်လုပ်တော်တစ်ဦးအသက်ကို ကယ်ခဲ့တဲ့အတွက် မောင့်နာမည်ဟာလည်း မြန်မာဘုရင်ဟောင်း မိသားစုထဲမှာ သတင်းမွှေးနေပါတယ်၊ လှေမှောက်တုန်းက အကြောင်းတွေကို သူတို့ ခုထိ ပြောမဆုံးဘူး"

'မြန်မာ ဘုရင်ဟောင်း' ဟူသော သူ၏အသုံးအနှုန်းကို သတိထားမိသည်။ ထိုဝေါဟာရကို ကျွန်ုပ်သဘောမကျ။ သို့သော် ဘုရင်ခံချုပ်က တိုက်ရိုက်ခန့်ထားသော သူလို အရာရှိကြီးတစ်ယောက်အနေနှင့် ထိုသို့ပင် ခေါ်ဝေါ်သုံးစွဲရမည်ဟု ညွှန်ကြားကောင်း ညွှန်ကြားထားပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုတော့ အကြံပေးချင်တယ်၊ နန်းကျဘုရင်ဟောင်းနဲ့သူ့မိသားစုတွေကိုဘယ်လိုအခြေအနေမျိုးမှာမဆို သံသယနဲ့ အမြဲစောင့်ကြည့်နေရမယ်လို့ မောင်သိတဲ့အတိုင်း ၁၈၈၈ ခုနှစ် ထားဝယ်ပုန်ကန်မှုနဲ့ ပတ်သက်ခဲ့တဲ့ ဆင်ဖြူမရှင်အုပ်စုဟာ ရတနာဂီရိကို ရောက်လာကြပြန်ပြီ၊ ဒါကြောင့် သူတို့တစ်တွေနဲ့ လူမှုရေးအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ မောင့်ကို သိပ်မပတ်သက်စေချင်ဘူး"

မစ္စတာအောလ်ဘွန်းသည် အိမ်တော်ဝန် ရတနာဂီရိနိုင်ငံရေးအရာရှိ ဟူသော ရာထူးနှင့် အာဏာကို လိမ္မာပါးနပ်စွာ စတင်၍ ထုတ်ဖော်အသုံးပြုလိုက်ပေပြီ။

"ကျွန်တော်ဟာ သီပေါဘုရင် ၄၁ားထားတဲ့ရှေ့နေတစ်ယောက်အဖြစ်ရှေ့ပြေးလာရောက်ခြင်း ဖြစ်ပါတယ် မစ္စတာအောလ်ဘွန်းခင်ဗျား၊ ရှေ့နေကောင်းတို့မည်သည်မှာ သူ့အမှုသည်ရဲ့ အားကိုးရာမိတ်ဆွေကောင်းကြီး ဖြစ်ရ ပါမယ်၊ အမှုကိစ္စအရလည်း တိုင်ပင် ဆွေးနွေးနေရပါမယ်၊ ဒါကြောင့် သူတို့နဲ့ ထိတွေ့ဆက်ဆံနေဖို့ ကျွန်တော့်မှာ ဝတ္တရားရှိနေပါတယ်"

မစ္စတာအောလ်ဘွန်း၏မျက်လုံးများမသိမသာကျဉ်းသွားကြသည်။ သို့သော် သူသည် ချက်ချင်းပင် ဣန္ဒြေဆယ်လိုက်ပြီးနောက်. . .

"ရှေ့နေကောင်းတို့ရဲ့ ကျင့်ဝတ်ကို ကျုပ်မလေ့လာဖူးဘူး၊ မောင့်မှာ အဲဒီ ခံယူချက်ရှိတယ်ဆိုရင်လည်း ကျုပ်ဘာတတ်နိုင်မလဲ၊ ဒါဟာ မောင့်ရဲ့ ဝတ္တရား၊ မောင့်ရဲ့ ဂုဏ်သိက္ခာဖြစ်ကောင်းဖြစ်ပေမယ်၊ ဒါပေမဲ့ မောင်တို့ရဲ့ အမှုသည်ဟာ တရားမမှု သို့မဟုတ် ရာဇဝတ်မှုနဲ့ အပြစ်ဒဏ်ကျခံနေရတဲ့ ဗြိတိသျှနိုင်ငံသားမဟုတ်ဘူးဆိုတာကို မောင်သဘောပေါက်ထားရမယ်၊ မောင်တို့ရဲ့ အမှုသည်ဟာ နိုင်ငံရေးနဲ့ ပတ်သက်နေတဲ့ အခြားတိုင်းပြည်တစ်ပြည်က နန်းကျဘုရင်တစ်ပါးဆိုတာ မောင်သဘောပေါက်ထားရမယ်၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

"မစ္စတာအောလ်ဘွန်းခင်ဗျား၊ ကျွန်တော်သိထားတာကတော့ သီပေါ ဘုရင်ဟာ ဗြိတိသျှတွေနဲ့ စစ်မက်ရင်ဆိုင်တိုက်ခိုက်ပြီး စစ်ရှုံးသွားတဲ့ စစ်သုံ့ပန်းတစ်ယောက် မဟုတ်ပါဘူး၊ သူဟာ ထီးနန်း စည်းစိမ်နဲ့တိုင်းပြည်ကို ဆုံးရှုံးလိုက်ရတဲ့ နန်းအချခံရတဲ့ ဘုရင်တစ်ပါးသာ ဖြစ်ပါတယ်"

အလွန်အန္တရာယ်ကြီးမားသော စကားပင် ဖြစ်သည်။ သို့သော်ကျွန်ုပ်ပြောထွက်သွားခဲ့ပြီ။ မစ္စတာအောလ်ဘွန်း၏ မျက်ခုံးများ ပို၍ မြင့်သွားသည်။ သို့သော် သူကား အလွန်ပရိယာယ်ကြွယ်ဝသောသူပါပေ။ နှာခေါင်းပေါ်သို့ လျှောကျနေသည့် မျက်မှန်ကို ပင့်တင်လိုက်ရင်း မျက်နှာကို ပွတ်သပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အား . . . ကျွန်ုပ်တို့ဟာ ကိုယ်နဲ့ မဆိုင်တာတွေကိုလျှောက်ပြောနေကြပြီ ထင်တယ်၊ နိုင်ငံရေးဆိုတာ ရှုပ်ထွေးပါတယ်၊ ဒီကိစ္စကို ဆွေးနွေးပွဲထဲကနေ ထုတ်ပယ်ပစ်လိုက်ရအောင်၊ အလုပ်ကိစ္စဆိုင်ရာတွေပဲ ပြောကြရအောင်လား၊ ကိုင်း . . . စကားမပြောခင် တစ်ခုခု သောက်မလား၊ ဝီစကီဆိုရင်ကော"

ဤအခြေအနေတွင် ငြင်းပယ်လိုက်လျှင် ကျွန်ုပ်ရိုင်းရာကျမည်။ သူ လိုလူမျိုးနှင့် ဆက်ဆံရာတွင်ယဉ်ကျေးဖွယ်ရာမရှိခြင်းသည်တစ်ပန်းရှုံးနေမည်ဟု သဘောပေါက်လိုက်သဖြင့် . . .

"ဟုတ်ကဲ့ . . . ဝီစကီနဲ့ ရေသောက်ပါမယ် ခင်ဗျာ"

ကုလားထိုင်မှထကာ အခန်းထောင့်ရှိ သံဗီရိုစင်လေးထဲမှ ဝီစကီနှင့် ဖန်ခွက်များ ထုတ်ယူလာသည်။ ထိုနောက် စားပွဲကို ကွေ့ပတ်လျှောက်လျက် စားပွဲပေါ်သို့ ဖန်ခွက်များကို တင်သည်။

"မောင့်ဆရာ မစ္စတာဖရက်ဒ်ဒရစ်အက်ဂျလောင်းတော့ ဘုံဘေမှာ အတော်ကြီး အလုပ်ကြိုးစားနေတယ်၊ ကျုပ်နဲ့ မဆုံခဲ့ပါဘူး၊ ဒါပေမဲ့ အစိုးရဌာနကြီးတိုင်းမှာလိုလို သူ့နာမည်ကို ကြားခဲ့ရတယ်"

"ဟုတ်ပါတယ် မစ္စတာအောလ်ဘွန်း၊ သူရတနာဂီရိကိုလာဖို့ သီပေါ ဘုရင်နဲ့ တွေ့ခွင့်ရဖို့ အမိန့်စောင့်နေပါတယ်"

"ကျုပ်ယူဆချက် ပြောရရင်တော့ မောင်တစ်ယောက်ဒီကိုရောက်နေတာနဲ့ပဲ လုံလောက်နေပြီထင်တာပဲ၊ ရတနာဂီရိမှာ မောင်အတော်လေးဝင်ဆန့်နေပြီမဟုတ်လား"

လုပသော ထိုးနက်ချက်တစ်ကွက်ဖြစ်သည်။ နောက်ကွယ်၌ အဓိပ္ပာယ်များစွာ ပါဝင်နေသော တိုက်စစ်ဆင်မှုလည်း ဖြစ်လေသည်။ သို့သော် သူ၏ သေနင်္ဂဗျူဟာကို ကျွန်ုပ်မသိချင်ဟန်ဆောင်ရပေမည်။

"ရတနာဂီရိမှာ ကျွန်တော် ဝင်ဆန့်နေတယ်ဆိုတာကတော့ ကျွန်တော့် မြင်းကြီးဒိုင်းမွန်းနဲ့ လွတ်လွတ်လပ်လပ် တစ်ယောက်တည်း သွားချင်ရာ သွားနေလို့ နေရာအနှံ့ရောက်တာမျိုးပဲ ဖြစ်ပါလိမ့်မယ် မစ္စတာအောလ်ဘွန်း၊ အမှုကိစ္စနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တစ်ယောက်တည်း ဘယ်နည်းနဲ့မှ မလုပ်နိုင်ပါဘူး၊ အမှန်တော့ ကျွန်တော်ဟာ အင်မတန် သက်တမ်းနုနယ်တဲ့ လက်ထောက်ရှေ့နေလေးတစ်ယောက်သာ ဖြစ်ပါတယ်၊ ကျွန်တော့်ဆရာ မစ္စတာအက်ဂျလောင်းကိုယ်တိုင် ပါဝင်လာမှ ပြီးမယ့်ကိစ္စပါ"

သူ၏ အစိမ်းရောင်မျက်လုံးများ ကျွန်ုပ်ဆီသို့ စူးစူးရှရှရောက်ရှိနေမည်ဖြစ်ကြောင်း သူ့ကိုကျွန်ုပ်မကြည့်ဘဲသိနေသည်။အကြောင်းအရာနှစ်ခုကို ကျွန်ုပ်တို့ ပြောခဲ့ကြပြီ။ နှစ်ခုစလုံးပင် ကျွန်ုပ်သည်သူနှင့်ဆန့်ကျင်ဘက်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ယူခဲ့သည်။ ဒါကို အလွန်အကင်းပါးသောသူ မုချသိပေမည်။ ကျွန်ုပ်တို့ တွေ့ဆုံပွဲ၏ ပဏာမအပိုင်းကား အားစမ်းပွဲအသွင်ကို ဆောင်နေလေသည်။

နောက်ထပ် အားစမ်းမှုတစ်ခု မပေါ်ပေါက်ပါစေနှင့်တော့ဟု ကျွန်ုပ် ဆုတောင်းမိသည်။

မစ္စတာအောလ်ဘွန်းအနေဖြင့်လည်းသည်မျှဆိုလျှင်ဂူးလက်ချန်းဆို သော ငနဲလေးတစ်ယောက်အကြောင်းကိုသိရပြီဟုနားလည်ကျေနပ်သွားဟန် တူသည်။ ဆန့်ကျင်ဘက်အနေအထားများ ဖြစ်ပေါ်စေမည့် စကားမျိုးကို သူ မစလာတော့။

ဝီစကီကို တစ်ငုံစုပ်ယူပြီး သူပြောသည်။

"တကယ်တော့ ကျုပ်တို့အားလုံးဟာ နန်းကျာဘုရင်ဟောင်းနဲ့ အစိုးရကြားမှာ ဆက်ဆံရေးပြေပြစ်ချောမောအောင် လုပ်ပေးကြရမယ့် သူတွေ ပဲ၊ တစ်နည်းအားဖြင့် ပြောရရင် အိန္ဒိယအစိုးရနဲ့ မဟာဝန်ရှင်တော်မင်းကြီး ဘုရင်ခံချုပ်တို့ရဲ့ အစီအမံတွေ နန်းကျာဘုရင်ဆီ ချောချောမောမော ရောက်ရှိ အောင် ဆက်သွယ်ပေးရမယ့်သူတွေပဲ"

"မောင့်အနေနဲ့ကလည်း နန်းကျာဘုရင်မှာ ရှိခဲ့တဲ့ ပြဿနာတွေကို တရားဥပဒေကြောင်းအရ ဖြေရှင်းပေးဖို့ ဒီကို ရောက်လာတာ မဟုတ်လား၊ ဒါကြောင့် ကျုပ်တို့အားလုံးဟာ ရတနာဂီရိလို နေရာမျိုးမှာ နန်းကျာဘုရင်နဲ့ အတူ ရှိနေကြပြီး သူ့ရဲ့ အဆင်ပြေချောမောမှုတွေကို ဆောင်ကြဉ်းပေးဖို့ တာဝန် ယူထားကြရသူတွေပါပဲ"

သူ့စကားကို တုံ့ပြန်ဖို့ ကျွန်ုပ်မကြိုးစားချင်တော့။ သို့သော် လိမ္မာ ပါးနပ်စွာ ချဉ်းကပ်လာသော သူ့ကိုမူ သတိထား၍ စည်းခြားနေရပေမည်။ သူပြောသလို ကျွန်ုပ်တို့အားလုံးသည် သီပေါဘုရင် အကျိုးအတွက် ဆောင် ရွက်နေသူများမဟုတ်၊ လုံးဝမဟုတ်။ သူသည် အစိုးရအမှုထမ်း ဖြစ်သည်။ သူပင်၌ ညာဉ်ခံရသည်မှာ ဗြိတိသျှအင်ပါယာ ဖြစ်သည်။ အစိုးရအတွက်သာ သူရပ်တည်နေခြင်းဖြစ်သည်။ သူနှင့် ကျွန်ုပ်တို့ရပ်တည်ရာ အနေအထား ချင်း မတူကြ။

"ကျုပ်တို့ အင်္ဂလိပ်လူမျိုးတွေမှာ လူသားရဲ့တန်ဖိုးကိုလေးစားတတ် တဲ့ သဘာဝရှိသလို တရားဥပဒေနဲ့ အမိန့်ကို တိတိကျကျလိုက်နာ တတ်တဲ့ သဘာဝလည်း ရှိတယ်မဟုတ်လား၊ ဒီတော့ အကောင်းဆုံး ဖြစ်အောင် ကျုပ်တို့ လုပ်သွားရမှာပေါ့ ဟုတ်လား"

"ဒါကို ကျွန်တော် ငြင်းစရာမရှိပါဘူး မစ္စတာအောလ်ဘွန်းခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



စတွေ့ချိန်မှစ၍ ကျွန်ုပ်ထံမှ သဘောတူညီသော စကားကို ပထမဆုံး ရရှိလိုက်သည့်အတွက် သူအားတက်သွားဟန် ရှိသည်။

"မောင်. . .ပြန်ကြည့်လေ၊ ရှေ့နေမစ္စတာလောဆိုသူက အမှုသည်လေးဆယ့်တစ်ဦးကို ကိုယ်စားပြုပြီး နန်းကျဘုရင်ကို ကြေးမြီကိစ္စနဲ့ တိုက်ခိုက်ခဲ့တယ်၊ ဒါကို ကျုပ်တို့အစိုးရက လုပစွာ ကိုင်တွယ်ပြီး ဖြေရှင်းခဲ့တယ်။

"သူ့ရဲ့ ကြွေးမြီတောင်းခံလွှာကို စိစစ်ပြီး လေးဆယ့်တစ်မှုအနက် ဆယ့်ခုနစ်မှုကို ပယ်ချခဲ့တယ်၊ ကျန်တဲ့ နှစ်ဆယ့်လေးမှုကိုတိတိကျကျစုံစမ်းစစ်ဆေးခဲ့တယ်၊ငွေရှစ်သိန်းခွဲကျော်သူကတောင်းခံခဲ့ပေမဲ့နောက်ဆုံးကျတော့ ရှေ့နေကြီး လောဟာ ရှုံးနိမ့်သွားတယ် မဟုတ်လား"

"သီပေါဘုရင်ဟာ ဒီကိစ္စမှာကိုယ်တိုင်ကိုယ်ကျတောင်ပါဝင်ခဲ့ရတာ မဟုတ်ဘူး၊ ဘုရင်ခံချုပ်နဲ့အစိုးရအဖွဲ့ကတိုက်ရိုက်ကိုင်တွယ်ဖြေရှင်းပေးခဲ့ကြတာ မဟုတ်လား"

ပြီးခဲ့သော ကိစ္စတစ်ခုကို ပြန်ဖော်၍ 'ရှေ့နေတစ်ဦး ရှုံးသွားခြင်း'ဖြစ်ရပ်ကို သူ ထောက်ပြသည်။ ထိုစကားကိုပြောရန် သူကြိုတင်၍ ပြေပြစ်သောလမ်းကို ခင်းခဲ့သည်။ ပြီးမှ မသိမသာ ခြိမ်းခြောက်စကားကို ဆိုသည်။ အလွန် ပရိယာယ်ကြွယ်သော လူကြီးပါပေ။

ကျွန်ုပ် ဘာမှ ပြန်မပြောတော့ဘဲ ဝီစကီဖန်ခွက်ကို လက်ထဲတွင်ကိုင်ရင်း လှည့်နေလိုက်သည်။

"ဒီစံအိမ်တော်မှာ အရင်က တာဝန်ယူသွားခဲ့တဲ့ မစ္စတာဖန်ရှဝေးတို့အတွက်တော့ ကျုပ်စိတ်မကောင်းဘူး၊ သူဟာ နန်းကျဘုရင်ရဲ့ နေထိုင်စားသောက်ရေးတွေကို ဂရုမစိုက်ဘူးလို့ ပြောကြတယ်၊ ကျုပ်လက်ထက်မှာတော့ ဒီလိုမဖြစ်စေရအောင် သတိထားရလိမ့်မယ်၊ အသေးအဖွဲကိစ္စကအစ ကျုပ်ပါဝင်ကြီးကြပ်ပေးရမယ်လေ"

စေတနာအရိပ်အရောင်သမ်းထားသော ဤစကားလုံးများ၏ အခြား အဓိပ္ပာယ်မှာ စံအိမ်တော် ကိစ္စအဝဝကို သူသာ ကြိုးကိုင်မည်ဟူသော အဓိပ္ပာယ် ဖြစ်သည်။

"ဘေကာဘန်ဂလိုမှာ ကျုပ်ရေခဲစက်တစ်လုံး တည်ပေးထားတယ်၊ ဘုံဘေကနေပြီး ရေခဲသယ်ဖို့က အခက်အခဲရှိတယ်မဟုတ်လား၊ ပြီးတော့နန်းကျဘုရင်နဲ့ သူ့မိသားစုတို့ဟာ ဝက်သားသိပ်ကြိုက်ကြတယ်၊ ဒါ့ကြောင့် ဝက်မွေးဖို့လည်း ကျုပ်စီစဉ်ပေးထားတယ်"

ထိုအစီအစဉ်များ အားလုံးမှာ သီပေါဘုရင်နှင့် ပြင်ပကမ္ဘာအား အဆက်အသွယ်ဖြတ်တောက်ပြီးရတနာဂီရိတွင်သာအစစအရာရာပြီးစီးစေရန်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သည့် အစီအစဉ်များ ဖြစ်သည်ဟု ကျွန်ုပ်က ကြို၍ နားလည်ထားပြီး သား ဖြစ်နေသည်။

"မဒရပ်မှာနေကတည်းကနန်းကျာဘုရင်အတွက်အစောင့်ဆယ့်ခုနစ်ယောက်နဲ့ ပုလိပ်နှစ်ဆယ့်ခုနစ်ယောက်ကို လုံခြုံရေးအဖြစ် ချထားခဲ့တယ်၊ အခုရတနာဂီရိလို နေရာမျိုးမှာ အခုလို ဩလ်ထရန်ဟောနဲ့ ဘေကာဘန်ဂလိုနှစ်နေရာခွဲနေရတော့ အစောင့်အရှောက်အစီအမံဟာပိုပြီးအရေးကြီးလာတယ်၊ ဒါကိုလည်း ကျုပ်တာဝန်ယူနေရတာပဲ"

အင်အားကို ထုတ်ဖော်ပြသလိုက်ခြင်းဟု ကျွန်ုပ်နားလည်လိုက်ပြန်သည်။

"နန်းကျာဘုရင်ရဲ့ အိမ်ထောင်အသုံးစရိတ်အဖြစ် အစိုးရက တစ်နှစ်ကို ရူပီးငွေ လေးသောင်းနှစ်ထောင့်ငါးရာကျော် ခွင့်ပြုထားတယ်၊ ဒီငွေကြေးထဲကနေပြီး အမှုထမ်းတွေရဲ့ လစာ၊ စံအိမ်တော် ထိန်းသိမ်းပြုပြင်ခ၊ နေ့စဉ်အသေးသုံးငွေအပါအဝင် ကုန်ကျစရာရှိတာတွေကို လောက်ငအောင် စနစ်တကျသုံးစွဲဖို့လည်း ကျုပ်မှာ စာရင်းဇယားပြုစုခန့်ခွဲရတယ်၊ မောင်သိမှာပါ၊ နန်းကျာဘုရင်ဟာ အသုံးအစွဲအင်မတန်ကြီးတာကလား၊သူဟာအတိုင်းအဆမဲ့သုံးစွဲနိုင်တဲ့ ပြည့်ရှင်မင်းတစ်ပါးမဟုတ်တော့ဘဲ ရိက္ခာတော်ငွေနဲ့သုံးစွဲနေရတဲ့ နန်းကျာဘုရင်ဖြစ်နေပြီဆိုတာ သူ့ကိုယ်သူ သဘောမပေါက်နိုင်ဘူးလေ"

သည်အချက်ကိုတော့ စိတ်မကောင်းဖြစ်မိလျက်ပင်ကျွန်ုပ်လက်ခံရပေမည်။ သီပေါဘုရင်သည် ကိုယ်တိုင် ပစ္စည်းအသုံးအဆောင် ဝယ်ရာ၌ဖြစ်စေ၊ အမှုထမ်းလက်အောက်ငယ်သားတို့အား ဆုလာဘ်ပေးသနားရာ၌ဖြစ်စေ၊ အလှူအတန်းပြုရာ၌ဖြစ်စေ အလွန်ရက်ရော၍ အလွန်အသုံးကြီးသူဖြစ်ကြောင်း ကျွန်ုပ်သိထားပေသည်။

"နောက်တစ်ခုက အဖိုးတန် ကျောက်မျက်ရတနာတွေ ကိစ္စ. . ."

ပြောရင်း စိတ်အားထက်သန်လာသော သူ၏လေသံကိုကျွန်ုပ်သတိမထားမိသည့်အခိုက်မှာပင် သူက လေသံကို ပုံမှန်ပြန်လျှော့လိုက်သည်။

"မင်းစိုးရာဇာတွေဟာ ကျောက်မျက်ရတနာတွေနဲ့ အမြဲပဲ ဆက်စပ်နေကြတယ်၊ မောင်ဘယ်လိုထင်သလဲ၊ ကျုပ်တော့ ဒီကိစ္စကို အများကြီးစိတ်ရှုပ်မိတယ်၊ သူတို့ဟာ လက်ဆောင်ပေးရာမှာပဲ ဖြစ်ဖြစ်၊ ယူရာမှာပဲ ဖြစ်ဖြစ် ဆုလာဘ်ပေးသနားရာမှာပဲဖြစ်ဖြစ် ရွှေငွေကျောက်သံပတ္တမြားတွေ၊ စိန်တွေကို လွယ်လွယ်လေးသဘောထားတတ်ကြတယ်၊ အခုဆိုရင် နန်းကျာဘုရင်လက်ဝယ်မှာရှိတဲ့အဖိုးတန် ရတနာတွေ နောက်ထပ် အလဟဿမဖြစ်စေရအောင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တိတိကျကျစာရင်းကောက်ပြီး တန်ဖိုးနဲ့တကွ စာရင်းပြုစု အမြဲစစ်ဆေး ရတော့မလိုဖြစ်နေတယ်"

ကျောက်မျက်ရတနာများကိစ္စသည် အလွန့်အလွန် အရေးကြီးသော ကိစ္စဖြစ်ပြီးမစ္စတာအောလ်ဘွန်း၏အစီအစဉ်မှာလည်းအထူးသတိထားရမည့် အစီအစဉ်ဖြစ်သည်ဟု ကျွန်ုပ်ခေါင်းထဲတွင် တေးမှတ်လိုက်သည်။

"ကိုင်း . . . ကျုပ်ဟာ အဲဒီ များမြောင်လှတဲ့ တာဝန်တွေကိုယူရင်း နန်းကျဘုရင်နဲ့ မိသားစုကို အကူအညီပေးမယ့် အရာရှိတစ်ယောက်ဆိုတာကို မောင် လက်ခံနိုင်ရဲ့လား"

လျှပ်တစ်ပြက် တိုက်စစ်ဆင်ခြင်းပင်ဖြစ်သည်။သူနှင့်ဆန့်ကျင် ဘက် မဖြစ်စေရအောင် အဆင်သင့် သတိရှိနေသော ကျွန်ုပ်ကလည်း မဆိုင်း မတွပင် ပြန်ဖြေလိုက်သည်။

"ကျွန်တော် ဘာကြောင့်လက်မခံနိုင်ရမှာလဲ မစ္စတာအောလ်ဘွန်း"

သူပြုံးသည်။ အနည်းငယ်လည်း ပင်ပန်းသွားဟန်တူသည်။ အကျႌ ကော်လာလည်ပင်းကြယ်သီးကိုဖြုတ်လျက်လည်စီးကိုလည်းဖြေလျှော့သည်။ ကျွန်ုပ်ကမူ စိတ်ထဲမှာသာ ပြုံးမိနေလေသည်။

"ဒါဆိုရင် အားလုံး အဆင်ပြေသွားမှာပါ၊ ကျုပ်က တာဝန်ရှိပုဂ္ဂိုလ် အနေနဲ့ ဆောင်ရွက်ကြီးကြပ်ရမယ်၊မောင်တို့ကနန်းကျဘုရင်နဲ့ပုဂ္ဂိုလ်ရေးအရ လိုက်ပါရမယ့် ရှေ့နေတွေဖြစ်တယ်၊ကျုပ်တို့ဟာအနေအထားချင်းမတူကြပေ မယ့် ဦးတည်ရာချင်းကတော့ တူညီနေကြတာပဲ မဟုတ်လား"

"ရတနာဂီရိကို ရောက်ဖို့သွားတဲ့ လမ်းကြောင်းလိုပဲလို့ ကျွန်တော် ထင်ပါတယ် မစ္စတာအောလ်ဘွန်း ခင်ဗျား . . ."

"မောင် ဘာပြောလိုက်တယ်၊ ကျုပ် နားမရှင်းလိုက်ဘူး"

ကျွန်ုပ်က ပြုံးလျက်။

"ကာလကတ္တားကနေပြီး ပင်လယ်ခရီးနဲ့ သွားရင်လည်းရတနာဂီရိ ကို ရောက်တယ်၊ ဘုံဘေကို မီးရထားစီးပြီးမှ သင်္ဘောနဲ့သွားရင်လည်းရတနာ ဂီရိကို ရောက်တယ်၊ လမ်းကြောင်းချင်း မတူကြပေမဲ့ ရောက်တဲ့နေရာချင်း ကတော့ တူကြပါတယ်၊ ဒါကို ဆိုလိုတာပါ မစ္စတာအောလ်ဘွန်းခင်ဗျား"

"အိုး . . . ဟုတ်တယ်၊ ဟုတ်တယ် မစ္စတာ၊ အလွန်လှပတဲ့ ဥပမာပဲ"

သူက စိတ်လက်ပေါ့ပါးစွာ ရယ်သည်။

ကျွန်ုပ်၏ အတွေးထဲမှာမူ ရတနာဂီရိသို့သွားသောထိုလမ်းနှစ်သွယ် တို့၏ မတူပုံကိုသာမက ရောက်ရှိရာချင်း မတူညီပုံကိုလည်းသတိရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ခရီးမှသွားလျှင်ဆယ့်ခုနစ်ရက်ခန့်ကြာမည်ဖြစ်ပြီးရတနာ ဂီရိ၏ အနောက်မြောက်ဘက်သို့ ရောက်မည်။ ကာလကတ္တားမှ ဘုံဘေသို့ မီးရထားစီးပြီး ဘုံဘေမှ သင်္ဘောစီးလျှင် သုံးရက်သာ ကြာမည်။ ရောက်ရှိသည့်နေရာက အရှေ့တောင်ဘက်အရပ်ဖြစ်သည်။ အလွန်ခြားနားသော လမ်း နှစ်သွယ်၊ အလွန်ခြားနားသော ရောက်ရှိရာအရပ် ဖြစ်လေသည်။

အလွန် စေ့စပ်ထက်မြက်ပြီး ပရိယာယ်ကြွယ်လှသော မစ္စတာ အောလ်ဘွန်းသည် သည်တစ်ခါတော့ အလွန်ရိုးစင်းသော ကျွန်ုပ်၏ ဥပမာကို မျက်စိလျှမ်းသွားပြီဖြစ်လေသည်။

"မောင်နဲ့ ဆွေးနွေးရတာ အင်မတန်ကောင်းပါတယ်၊ တို့ထပ်တွေ့ကြဦးစို့"

"ကောင်းပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဆင်နားရွက်တံခါးအပြင်အထိ သူကျွန်ုပ်ကိုလိုက်ပို့သည်။ဂူးလက်ချန်းဆိုသော ချာတိတ် ရှေ့နေပေါက်စလေးတစ်ယောက်ကို ကောင်းစွာ လှည့်စားနိုင်ခဲ့ပြီဟု သူတွေးကောင်းတွေးနေမည့်အချိန်တွင် ကျွန်ုပ်ကလည်း ဒိုင်းမွန်း ကို လေးဘက်အသားကျစီးရင်း သူ့နယ်ပင် တွေးမိနေလေသည်။

ရင်ဆိုင်ရမည့် တိုက်ပွဲကားခက်ခဲသည်နှင့်အမျှသိမ်မွေ့လှပေသည်။ မည်သို့ ကြုံကြိုရလေမည်ကား အသေအချာ မပြောနိုင်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၃၁ ]

တပ်ဂျဲမဟာဟိုတယ်၏အပေါ်ဆုံးထပ်အခန်းကျယ်ပြတင်းပေါက်မှ တစ်ဆင့် ဘုံဘေမြို့ကြီးကို ကျွန်ုပ်အပေါ်စီးမှ မြင်နေရသည်။မျက်စိနှင့်မဆန့် တပြန့်တပြော မြင်ကွင်းကျယ်ကြီးကို မြင်နေရသော်လည်း ကျွန်ုပ်၏ စိတ်အစဉ်မှာ ပိတ်လှောင်မွန်းကျပ်နေလေသည်။

"ဘာပြောလိုက်တယ် ဂူးလက်ချန်း၊ သူဟာ နပိုလီယံမဟုတ်ဘူးလို့ မင်းပြောလိုက်သလား"

အပြင်လောကကြီးကို ကျောခိုင်းလျက် အခန်းတွင်းဘက်သို့ကျွန်ုပ် ပြန်လှည့်လိုက်သည်။ ဆရာအက်ဂျလောင်းသည် ကျွန်ုပ်ကို တစ်ခါမှ မမြင်ဖူးသလို ကြည့်နေသည်။

"ဟုတ်တယ်ဆရာ၊ သီပေါဘုရင်ဟာ နပိုလီယံမဟုတ်ဘူးလို့ ကျွန်တော်ပြောပါတယ်"

စားပွဲကို တွေ့လျက် ဆရာသည် ကျွန်ုပ်ဆီသို့ လျှောက်လာသည်။

"မင်းခေါင်းထဲမှာ ဘာတွေဝင်နေသလဲ၊မင်းဘာတွေပြောနေတာလဲ"

"ပြောပါရစေဆရာ၊ ကျွန်တော့်ခေါင်းထဲမှာ ဝင်နေတဲ့ အတွေးတွေ ဆရာသိအောင် ကျွန်တော် ပြောလိုက်ပါရစေ"

လူချင်းနီးကပ်စွာ ရှိနေကြသော်လည်း ဆရာ့အကြည့်မှာအလွန်ဝေးလံသော နေရာမှ ကျွန်ုပ်ကို လှမ်းကြည့်နေသကဲ့သို့ ရှိလေသည်။

"နပိုလီယံဟာ အင်ပါယာကြီးတစ်ခုကို တည်ထောင်ဖို့ ကြိုးစားခဲ့တယ်၊ ဥရောပတစ်တိုက်လုံးကို တုန်လှုပ်စေခဲ့တယ်၊ ဒါပေမဲ့ စစ်ပွဲတွေကို အနိုင်ရအောင်တိုက်၊ ဥရောပနိုင်ငံတွေကို သိမ်းပိုက်ခဲ့ပေမဲ့ ထိန်းသိမ်းအုပ်ချုပ်ထားဖို့အရေးကိုတော့ သူမတတ်နိုင်ခဲ့ဘူး၊ ဒါကြောင့် နိုင်ငံရေး၊ စီးပွားရေး သာလွန်တဲ့ ဗြိတိသျှတွေနဲ့အချိန်အတော်ကြာပြိုင်ဆိုင်ရုန်းကန်ခဲ့ကြပြီးနောက်မှာ နပိုလီယံဟာ အရေးနိမ့်သွားတယ်။ စစ်ရှုံးဘုရင်အဖြစ်နဲ့ နပိုလီယံဟာ



www.burmeseclassic.com

www.burmeseclassic.com



လူသူကင်းမဲ့တဲ့ စိန့်ဟယ်လင်နာကျွန်းကို အပို့ခံခဲ့ရတယ်။ သူဟာ စစ်သုံ့ပန်းဖြစ်ခဲ့တယ်။ ဒါက စစ်ဘုရင်နပိုလီယံရဲ့စစ်ရှုံးသူဘဝ၊စစ်သုံ့ပန်းဘဝပဲဆရာ၊ သီပေါဘုရင်ဟာနပိုလီယံမဟုတ်ပါဘူး၊သူဟာဗြိတိသျှတပ်တွေနဲ့စစ်မတိုက်ခဲ့ရပါဘူး၊ ကာနယ်စလေဒင်ရဲ့ ကူညီဆောင်ရွက်မှုနဲ့ဂျင်နရယ်ပရင်းဒါးဂတ်စ်ရဲ့ ပါးနပ်မှုတို့အောက်မှာ သူ့ရဲ့နန်းတော်ကို စွန့်ခွာခဲ့ရပြီး သူဟာ သူ့ထီးနန်း၊ သူ့တိုင်းပြည်နဲ့ သူ့လွတ်လပ်ခွင့်မှန်သမျှကို ဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။ ရတနာဂီရိမှာရှိနေတဲ့ သီပေါဘုရင်ကို စိန့်ဟယ်လင်နာကျွန်းပေါ်က နပိုလီယံနဲ့ နှိုင်းယှဉ်ကြည့်လို့မရပါဘူး ဆရာ၊ ဒီဘုရင်နှစ်ပါးဟာ အစစအရာရာ ကွာခြားကြပါ တယ်”

ခရီးရှည်ကြီးတစ်ခုကို မနားတမ်းပြေးလာခဲ့ရသလို ကျွန်ုပ်မောပန်းသွားသည်။ သို့သော် ခြေကုန်လက်ပန်းမကျသေး။

“သီပေါဘုရင်ကော နပိုလီယံပါ ဗြိတိသျှတို့ရဲ့ သုံ့ပန်းဖြစ်ခဲ့ကြတယ်၊ နပိုလီယံဟာ သူ့ရဲ့နောက်ဆုံးနေ့ရက်တွေကို ဗြိတိန်မှာဖြစ်ဖြစ်၊ အမေရိကမှာဖြစ်ဖြစ် နေထိုင်ကုန်ဆုံးလိုခဲ့ပါတယ်။ ဒါပေမဲ့ နပိုလီယံဟာ ဆန္ဒမပြည့်ခဲ့ဘူး၊ သီပေါဘုရင်ဟာ အခုရတနာဂီရိမှာ . . . ”

“တိတ်စမ်း . . . ဂူးလက်ချန်း”

ကျားဟိန်းသံပမာ ထွက်ပေါ်လာသော ဆရာ့အသံကြောင့် ကျွန်ုပ်တုန်လှုပ်သွားသည်။ ဆရာကလည်း သူ့ပေါက်ကွဲမှုကို ချက်ချင်းသတိ ပြန်ဆည်နေဟန်ရှိသည်။ အမျက်ဒေါသကို ကြိုးစား၍ မျိုသိပ်ဖြေဖျောက်ပြီးမှ ဆရာက. . .

“ဂူးလက်ချန်း . . . မင်းနဲ့ စကားပြောနေသူဟာ ငါမဟုတ်ဘဲ အခြား တစ်ယောက်ယောက် ဥပမာ. . .မင်းရဲ့ ဗိုလ်မှူးကြီးကောက်စ်ပဲ ဖြစ်စေဦးတော့။ မင့်စကားတွေကို နေမဝင်အင်ပါယာကြီးရဲ့ ရန်ဘက်စကားလုံးတွေအဖြစ် ယူဆမှာ သေချာတယ်။ မင်းပြောလိုက်တာတွေဟာ မင်းအတွက် သိပ်အန္တရာယ် ကြီးတယ်ဆိုတာကော မင်းသိရဲ့လားဟင်”

“ဒီစကားမျိုးကို ဆရာ့မို့လို့သာ ကျွန်တော်ပြောနေတာပါ ဆရာ၊ ကျွန်တော့်ရင်ထဲမှာ ရှိရှိသမျှကို ဖွင့်အန်ချဖို့ ဒါကို လက်ခံနားထောင်ပေးဖို့က ဆရာတစ်ယောက်တည်း ရှိပါတယ်”

ပခုံးများနိမ့်ဆင်းသွားသည်အထိ သက်ပြင်းမှုတ်ထုတ်ကာ ဆရာခေါင်းကို လေးပင်စွာ ယမ်းနေလေသည်။

“မင်းမှာ ဆင်ခြင်တုံတရားက ရပ်တန့်နေပြီး ခံစားမှုကပဲ အလုပ်လုပ်နေတယ် ဂူးလက်ချန်း”



www.burmeseclassic.com

www.burmeseclassic.com



"ဆင်ခြင်တုံတရားဟာ စာနာမှုဆိုတာနဲ့ မယှဉ်မိဘူးဆိုရင် အင်မတန် သေးသိမ် ကျဉ်းမြောင်းသွားတတ်ပါတယ် ဆရာ"

ဆရာက မှန်ရှိစွာ ကြည့်လျက်. . .

"မင်း . . . သိပ်ကို ပြောင်းလဲသွားပြီ ဂူးလက်ချန်း၊ သိပ်ကို ပြောင်းလဲသွားပြီ၊ ရတနာဂီရိဟာ မင်းကို အများကြီး ပြောင်းလဲပေးလိုက်တာပါလား၊ ရတနာဂီရိကပြန်လာတဲ့ မင်းဟာ အခြားကမ္ဘာတစ်ခုကနေ ပြန်လာသလို ဖြစ်သွားတာပါလား"

"ရတနာဂီရိသည်ပင်လျှင် အခြားကမ္ဘာတစ်ခုပါပဲ ဆရာ"

အနီးရှိ ဆိုဖာပေါ်သို့ ဆရာ ခြေပစ်လက်ပစ် ထိုင်ချသည်။ ထို့နောက် ဆံပင်ထဲသို့လက်ချောင်းများကို ထိုးသွင်းကာ မျက်စိအစုံကို မှိတ်ထားလေသည်။ ဆရာကို ဤသို့အလွန်အမင်း အားပျော့သွားသော အသွင်မျိုးဖြင့် တွေ့လိုက်ရသည့်အတွက် ကျွန်ုပ်စိတ်မကောင်းဖြစ်မိသည်။ အမြဲတစေ ပညာဂုဏ်ဖြင့် သိုက်မြိုက်ခမ်းနားခဲ့လေသော ကျွန်ုပ်၏ ဆရာသည် အရောင်အဆင်းများ မှေးမှိန်လွင့်ပျယ်နေရှာချေသည်။

ဆရာနှင့်မျက်နှာချင်းဆိုင်ဆိုဖာတွင် ကျွန်ုပ်ဝင်ထိုင်လိုက်သည်။

ဆရာ့ထံမှ ညည်းညူသံ ထွက်ပေါ်လာသည်။

"ငါမင်းကို ရတနာဂီရိလွှတ်လိုက်တာဟာ အချက်အလက်တွေ၊ အခြေအနေတွေကို လေ့လာစုဆောင်းဖို့ လွှတ်လိုက်တာဖြစ်တယ်၊ ဒီလို အကြောင်းပြချက်တွေ၊ ဆင်ခြေဆင်လက်တွေကို သယ်ဆောင်လာဖို့ လွှတ်လိုက်တာမဟုတ်ဘူး . . . ဂူးလက်ချန်း"

"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ"

စားပွဲပေါ်မှ ဝီစကီပုလင်းကို ယူ၍ ဖန်ခွက်ထဲသို့ ဆရာ လောင်းငှဲ့သည်။ ထို့နောက် ရေခဲမထည့်တော့ဘဲ မော့ချလေသည်။

ပြန်လည်ငြိမ်သက်အောင် ဆရာတည်ဆောက်နေရမှန်း သိသဖြင့် ကျွန်ုပ်လည်း ဆရာ့ကို အနှောင့်အယှက်မပေးတော့ဘဲ ငြိမ်နေလိုက်သည်။

စင်စစ် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးအကြားတွင် သည်မျှအထိ တင်းမာသွားမည်ဟု ကျွန်ုပ်လုံးဝ မမျှော်လင့်မိခဲ့ချေ။ ရတနာဂီရိတွင် မစ္စတာ အောလ်ဘွန်းနှင့် စကားပြောခဲ့ပြီးနောက် သုံးရက်အကြာ သင်္ဘောပတ်ဖြင့် ကျွန်ုပ်ဘုံဘေသို့ ပြန်ခဲ့သည်။ ဖြစ်ပေါ်တိုးတက်ခဲ့သော အခြေအနေများကို ဆရာ့ထံအစီရင်ခံသင့်ပြီဟု ဆုံးဖြတ်ကာ ပြန်လာခဲ့ခြင်း ဖြစ်သည်။

ဖြစ်ခဲ့သမျှ အခြင်းအရာတို့ကို ဆရာ့အား ကျွန်ုပ်အသေးစိတ်ပြောပြခဲ့သည်။ သီပေါဘုရင်နှင့် တွေ့ဆုံစကားပြောခဲ့ပုံ၊ မားဂရက်နှင့်တွေ့ပုံ၊ ဆော်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



မရှင်မိဖုရားကြီးနှင့် ကောလင်းမင်းသားတို့ ရောက်လာပုံများကို အတိအကျ ကျွန်ုပ်ပြောပြသည်။ မပိုးဖြူအား ကယ်ဆယ်ခဲ့ရပုံကိုလည်း ကျွန်ုပ်ခြွင်းချန်မထား။

ထို့နောက် တွေ့ကြုံခဲ့ရသော ဖြစ်ရပ်များနှင့်ပတ်သက်သည့် ကျွန်ုပ်၏ သဘောထားများကိုပါ ဆရာ့အား တင်ပြသည်။ မစ္စတာအောလ်ဘွန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ သုံးသပ်ချက်များကို ကြားရစဉ်က ဆရာသည် တက်ကြွ စိတ်ဝင်စားစွာ နားစိုက်ထောင်ခဲ့သည်။

သီပေါဘုရင်အကြောင်းကို ပြောပြခဲ့စဉ်ကလည်း ဆရာသည် အစအဆုံး စိတ်ပါဝင်စားစွာ နားစိုက်ထောင်ခဲ့သည်။

ဤအကြောင်းကို ပြောရင်း ကျွန်ုပ်က သီပေါဘုရင်အတွက် ကျွန်ုပ်တို့လိုက်ပါဆောင်ရွက်ရာတွင် ဘုရင်၏ ငွေကြေးကိစ္စ၊ နေထိုင်ရေးကိစ္စ၊အခွင့်အရေးကိစ္စများနှင့်အတူ သိမ်မွေ့သော နိုင်ငံရေးပြဿနာပါ ရှိနေကြောင်း။

သိမ်မွေ့သော နိုင်ငံရေးပြဿနာဟူသည်မှာ မစ္စတာအောလ်ဘွန်းအပါအဝင် အိန္ဒိယအစိုးရပိုင်းမှ အာဏာပိုင်များသည် သီပေါဘုရင်လွတ်မြောက်သွားမည်ကို စိုးရိမ်ကြကြောင်း၊ တစ်နည်းနည်းဖြင့် ပြင်ပလောကနှင့် အဆက်အသွယ်ရသွားမည်ကို မလိုလားကြကြောင်း။

ထို့ကြောင့် ရှိနိုင်သမျှသော အဆက်အသွယ်များကို အတတ်နိုင်ဆုံး ဖြတ်တောက်ကာ ရတနာဂီရိကို အကျယ်ချုပ် အကျဉ်းထောင်တစ်ခုလို ကိုင်တွယ်ချင်ကြသည်ဟု ကျွန်ုပ်ယူဆကြောင်း ရှင်းပြခဲ့သည်။

တစ်ဆက်တည်းမှာပင် အစိုးရ၏ ထိုသဘောထားမှ အခြေခံပေါက်ဖွားလာသော ချုပ်ချယ်ကိုင်တွယ်မှုများသည် သီပေါဘုရင်နှင့်မိသားစုကိုလို သည်ထက်ပို၍ ထိခိုက်နစ်နာစေကြောင်း။

ကျွန်ုပ်တို့အနေဖြင့် တရားဥပဒေဆိုင်ရာကိစ္စများကို ကိုင်တွယ်ရာတွင် အစိုးရ၏ ထိုသဘောထားကို ပျော့ပျောင်းသွားအောင် လုပ်ပေးဖို့ လိုအပ်မည်ထင်ကြောင်း ကျွန်ုပ်က ထင်မြင်ချက်ပေးခဲ့သည်။

သည်မှာပင် ဆရာကမျက်ခုံးပင့်လျက်. . .

"အစိုးရရဲ့ နိုင်ငံရေးသဘောထားနဲ့ ပတ်သက်ပြီး ငါတို့ဘာမှ ဝင်စွက်စရာမလိုဘူး ဂူးလက်ချန်း၊ သီပေါဘုရင်ဟာ ဗြိတိသျှအစိုးရရဲ့ သုံ့ပန်းပဲ၊ သူ့ရဲ့ မြန်မာနိုင်ငံဟာလည်းဝိတိုရိယဘုရင်မကြီးရဲ့ဗြိတိသျှအင်ပါယာကြီးထဲက ပိုင်နက်တစ်ခုပဲ၊ အိန္ဒိယအစိုးရ အုပ်ချုပ်ရေးနဲ့ ဆက်နွယ်နေတဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ နန်းကျဘုရင်ဟာ သုံ့ပန်းပဲ"

ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အယူအဆကို ကြားလိုက်ရသောအခါ ကျွန်ုပ်မှာ မျက်ခုံးနှစ်ခု အကြားသို့ ရိုက်ပုတ်ခံလိုက်ရသလို ဖြစ်သွားပြီး "သီပေါဘုရင်ဟာ နပိုလီယံ မဟုတ်ဘူး" ဟု မဆိုင်းမတွ ပြန်ပြောဖြစ်သွားခဲ့သည်။

သို့ဖြင့်ပင် ဆရာနှင့် ကျွန်ုပ်အကြားတွင် ပေါက်ကွဲမှုတစ်ရပ် ပေါ် ပေါက်သွားခြင်း ဖြစ်လေသည်။

ဝီစကီကုန်သွားသော ဖန်ခွက်ကို ဆရာကစားပွဲပေါ်သို့ခပ်ပြင်းပြင်း ဆောင့်ချလိုက်သည်။

"ရှေ့နေတစ်ယောက်ဟာ သူလိုက်တဲ့အမှုကို ဥပဒေနည်းလမ်းအရ အနိုင်ရဖို့ပဲ အဓိကထားရမယ် ဂူးလက်ချန်း၊ သူဟာ သူ့အမှုသည်အတွက် ဘာမှခံစားနေစရာမလိုဘူး၊ အကယ်၍ နလုံးနူးညံ့တဲ့ရှေ့နေတစ်ဦးဖြစ်တဲ့အ တွက် မင်းပြောတဲ့ စာနာမှုဆိုတာ သူ့ဆီမှာ ပေါ်ပေါက်လာရင်တောင်မှအဲဒီ စာနာမှုကို အမှုအနိုင်ရရှိရေးဆိုတဲ့ ဦးတည်ချက်အောက်ကိုပဲ သွတ်သွင်းပစ်ရ မယ်"

ဆရာနှင့် ကျွန်ုပ်အကြားသို့ သေးမျှင်ပါးလွှာသော သို့သော် မထိုး မဖောက်နိုင်အောင် ခိုင်ခန့်သော ကန့်လန့်ကာတစ်ချပ် ကျလာပြီဟု ကျွန်ုပ် သိလိုက်လေသည်။ သို့တည်းမဟုတ်. . .

တိုးလျှိုပေါက်မြင်နေရသော်လည်း တစ်ဘက်နှင့်တစ်ဘက် ဘာမျှ မကြားနိုင်သည့် ကြည်လင်သော မှန်တစ်ချပ် ရောက်ရှိလာခြင်းမျိုးလည်း ဖြစ် ပေမည်။

"ဥပဒေကြောင်းနဲ့ ဆက်လျှောက်လှမ်းသွားရမယ့် ကိစ္စမှာကျွန်တော် တို့ဟာ အမှုသည်ရဲ့ ဝေဒနာကို အနီးကပ်သိထားမှ ဖြစ်မယ်လို့ ကျွန်တော် ထင်ပါတယ် ဆရာ၊ ဒါဟာအနိမ့်ဆုံးစာနာမှုပါပဲ၊ဒါရှိမှလည်းအချက်အလက် တွေကို မှန်မှန်ကန်ကန် စုဆောင်းရရှိလိမ့်မယ်လို့ ထင်ပါတယ်"

မျက်လွှာပင့်၍ လှမ်းကြည့်လိုက်သော ဆရာ့မျက်ဝန်းများမှ အနီ ရောင် အလင်းတန်းများ ဖြာထွက်လာသည်ဟု ထင်ရလေသည်။

"အနိမ့်ဆုံးစာနာမှု ဟုတ်လား၊ အမှုသည်ရဲ့ ဝေဒနာကိုအနီးကပ်သိ ထားရမယ် ဟုတ်လား ဂူးလက်ချန်း၊ ဘုရင်ဖြစ်ပြီး များမကြာခင်မှာ သူ့ရဲ့ ညီတွေ အစ်ကိုတွေ မင်းညီမင်းသားတွေကို သူ့ထီးနန်းမှာ ဆူးညှောင့်ခလုတ် ဖြစ်လိမ့်မယ်ဆိုပြီး သတ်ပစ်ခဲ့တဲ့ သီပေါဘုရင်ကို မင်းက ဘယ်လိုစာနာမိသ လဲ၊ ဘယ်လို အနီးကပ်သိနေသလဲ"

ဆရာ့စကားသာ ဓားတစ်စင်းဆိုပါက ကျွန်ုပ်ကိုယ်ကို ထုတ်ချင်း ပေါက် ဖောက်ဝင်သွားချေမည်။ သို့သော် သွေးအလူးလူးဖြင့် ကျွန်ုပ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုဓားကို ကျွန်ုပ်၏ ကိုယ်တွင်းမှ ဆွဲထုတ်ရပေမည်။

ဓားချက်ကား မဆုံးသေး။

"မင်းစာနာနေတဲ့ ဘုရင်ဟာ ညီတော်နောင်တော်တွေရဲ့ သွေးတွေနဲ့ ဆေးပြီးမှ ပလ္လင်ပေါ်ကို တက်လာခဲ့တဲ့ ဘုရင်ဆိုတာကောမင်းမေ့နေသလား"

မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်မှ နန်းတွင်းသတ်ဖြတ်ပွဲကြီးအကြောင်းကို ကျွန်ုပ်သိပြီးဖြစ်သည်။ ရတနာဂီရိသို့ ရောက်နေကြသည့် ဆင်ဖြူမရှင်၊ သီပေါဘုရင်နှင့် စုဖုရားလတ်တို့သည် ထိုလုပ်ကြံမှုနှင့် တိုက်ရိုက်ပတ်သက်နေသည်ဟုလည်းမှတ်ချက်ချကြသည်။ ဗိုလ်မှူးကြီးကောက်စ်ကလည်း ထိုဝမ်းနည်းတုန်လှုပ်ဖွယ်အကြောင်းကို ကျွန်ုပ်အား ပြောပြဖူးသည်။

ဗိုလ်မှူးကြီးကောက်စ်၏ စကားများကို ကြားယောင်လာသည်။

"ကိုယ်ဟာ လူတစ်ယောက်ကို သူ့ပြောစကားနဲ့ မဆုံးဖြတ်ဘူး၊သူ့အပြုအမူနဲ့ဆုံးဖြတ်တယ်၊နန်းတွင်းလုပ်ကြံမှုကိစ္စနဲ့ပတ်သက်ပြီးသီပေါဘုရင်ကို ကိုယ်မမေးခဲ့ဘူး၊ မေးခဲ့လို့ သူကပြောရင်လည်း သူ့စကားအားလုံးကို ကိုယ်လက်ခံချင်မှလက်ခံမှာ၊ဒါပေမဲ့ဒီကိစ္စမှာစဉ်းစားစရာယုတ္တိကျန်ရှိတဲ့နည်းလမ်းတစ်ခုရှိနေတယ်၊ လုပ်ကြံမှုကြီးထဲမှာ မသေဘဲ ကျန်ရှိနေတဲ့ မင်းသားလေးငါးပါးကို သီပေါဘုရင်က စာရင်းတောင်း၊ ဘုန်းကြီးကျောင်းမှာထားပြီး ကယ်ခဲ့တာတော့ အမှန်ပဲ၊ညီတော်နောင်တော်တွေကိုသတ်စေလို့သီပေါဘုရင်ရဲ့ နှုတ်က ဒါမှမဟုတ် စုဖုရားလတ်ရဲ့ နှုတ်က အမိန့်ပေးခဲ့မယ်လို့ကိုယ်တော့ လုံးဝ မယုံကြည်ဘူး"

တစ်သီတစ်တန်းကြီးပေါ်လာသော ပြန်ပြောင်းတွေးတောချက်၊ သုံးသပ်ချက်များနှင့်အတူ ကျွန်ုပ်သည် ဆရာထိုးစိုက်လိုက်သော 'ဓား' ကို ကျွန်ုပ် ကိုယ်တွင်းမှ ဆွဲထုတ်လိုက်တော့သည်။

"ညီတော် နောင်တော်တို့ရဲ့ သွေးနဲ့ဆေးပြီးမှ ပလ္လင်ပေါ်ကိုတက်လာတဲ့ သီပေါဘုရင်ဆိုတဲ့အချက်ကို ကျွန်တော် လုံးဝလက်မခံနိုင်ဘူးဆရာ၊ကျွန်တော်တို့ရဲ့ အမူသည်ဟာ ဒီလိုလူမျိုးလုံးဝမဟုတ်ဘူးလို့ကျွန်တော်အခိုင်အမာပြောရဲတယ်၊ သူဟာ နူးညံ့သိမ်မွေ့သူတစ်ယောက်၊ ဘာသာရေးစာပေတွေကို တတ်ကျွမ်းခဲ့သူတစ်ယောက်၊ ပြီးတော့ . . ."

"ဂူးလက်ချန်း . . . သီပေါဘုရင်ဟာ ကုန်းဘောင်လို့ အမည်ရှိတဲ့ မင်းဆက်ကနေ ဆင်းသက်ခဲ့တယ်ဆိုတာကို မင်းသိထားတယ်မဟုတ်လား၊ အဲဒီ မြန်မာမင်းမျိုးဆက်ဟာ သားအဖ၊ ညီအစ်ကို တစ်တွေချင်း သတ်ဖြတ်သုတ်သင်ပြီး ထီးနန်းလုခဲ့ကြတယ်ဆိုတာကော မင်းမေ့နေပြီလား"

တဆတ်ဆတ်တုန်နေသောလက်များကိုဖွဲ့ယမ်းလျက်ကျွန်ုပ်ဆရာ့



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပြောမိတော့သည်။

"ထီးနန်းစည်းစိမ်၊ ဘုန်းတန်ခိုးအာဏာနဲ့ မိုက်မဲရူးသွပ်မှုတွေကိုအကြောင်းပြုပြီး လုပ်ကြံသတ်ဖြတ်ခဲ့ကြတာတွေဟာ ဒီကမ္ဘာကြီးမှာ အပုံအပင်ပါဆရာ၊ ကျွန်တော်တို့ အင်္ဂလန်သမိုင်းကိုပဲ ကြည့်ပါ၊ ဆယ့်ငါးရာစုကနှင်းဆီစစ်ပွဲမှာ အချင်းချင်း သတ်ဖြတ်ကြလို့ သေကြရတဲ့ ဘုရင်တွေ မင်းညီမင်းသားတွေဟာ အများကြီးပါ"

"စတုတ္ထမြောက် အက်ဒွပ်ဘုရင်နတ်ရွာစံပြီးနောက်မှာ သားတော် နှစ်ပါးဖြစ်တဲ့ ပဥ္စမအက်ဒွပ်နဲ့ ရစ်ချဒ်တို့ကို ဦးလေးအရင်းခေါက်ခေါက် ဂ လောက်စတာ မြို့စားကြီးက လန်ဒန်တာဝါပို့ပြီး သတ်ပစ်ခဲ့တယ်။

"ကျူဒါမင်းဆက်၊ စတူးဝပ်မင်းဆက်တွေလက်ထက်မှာသတ်ဖြတ်ပွဲတွေ ဖြစ်ခဲ့တယ်၊ ဆယ့်ခြောက်ရာစုအလယ်ကမေရီဘုရင်မနန်းတက်ချိန်မှာ နန်းလုဖက် တူမတော် လေဒီဂျိန်းဂရေးတို့၊ ဆာတောမတ် ဝိုင်းယက်တို့ကို သတ်ပစ်ခဲ့တယ်၊ 'ဘလဒ်ဒီမေရီ' သွေးစွန်းတဲ့ မေရီလို့တောင် ခေါ်ခဲ့ကြတယ်၊ ဒီဖြစ်ရပ်တွေကိုကော ဘာပြောကြမလဲ ဆရာ၊ ဟန်နိုဗာမင်းဆက်လက်ထက်ရောက်မှ အဲဒီသတ်ဖြတ်သုတ်သင်ပွဲတွေ ရပ်စဲသွားခဲ့တာပါ ဆရာ"

မိုးသီးမိုးပေါက်များထိမှန်ခံရသော သစ်ပင်တစ်ပင်လို ဆရာသည် ယိမ်းယိုင်ပြိုလဲမတတ် ဖြစ်သွားလေသည်။ ချောက်ချားနေသောဆရာ့အသွင်ကို ကြည့်ရင်း ကျွန်ုပ်သည် "ငါသည် ဆရာပလေတိုကို ချစ်မြတ်နိုးပါ၏။ သို့သော် အမှန်တရားကို ပို၍ ချစ်မြတ်နိုးပါ၏. . ."

ဟူသော ဂရိတွေးခေါ်ရှင် 'အာရီစတော်တယ်' ၏ စကားကို သတိရနေလေသည်။

"ဂူးလက်ချန်း . . . မင်း ဒီအသိပညာ ဗဟုသုတတွေကို မင်းရဲ့ ဝစ္စဒမ် ဗီလာစာကြည့်ခန်းထဲကနေ ရလာခဲ့တာပေါ့၊ ဟုတ်လား"

ဆရာသည် လုံးဝပြိုလဲသွားပြီ ဖြစ်လေသည်။ ဆရာ့အသံသည် လေသံမျှသာ ဖြစ်နေသည်။ မျက်နှာမှာ သွေးဆုတ်ဖြူရော်သွားသည်။မျက်ဝန်းအိမ်များ နီရဲလာကာ ရင်အုံတစ်ခုလုံးလှိုင်းကဲ့သို့ မို့မောက် လှုပ်ရှားနေတော့သည်။

ကျွန်ုပ်၏ ပေါက်ကွဲလွင့်စင်မှုသည်လည်း အဆုံးစွန်၏ဟိုမှာဘက်သို့ ရောက်သွားပြီထင်သည်။ ရုတ်ခြည်းပင် ဗဟာဟင်းလင်းအဖြစ်ကို ခံစားလိုက်ရပြီးနောက် . . .

ဆရာ့ရှေ့တွင် ကျွန်ုပ်ဒူးထောက်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ"

စိတ်ရှိတိုင်းဆွဲကိုင် ဖော့ယမ်းခြင်ကို ခံရပြီး အရိုးများ ဖျစ်ဖျစ်ကြေမွသွားသော မြွေတစ်ကောင်နှယ် ဆရာသည် ဆိုဖာပေါ်သို့ပုံကျသွားလေသည်။

"ဘုရားသခင်. . .ကျွန်တော် ဘာဖြစ်သွားပါလိမ့်၊ ကျွန်တော်တို့ ဘာဖြစ်သွားကြတာပါလိမ့် ဆရာ. . ."

ဘုရားမဲ့ဝါဒီဟု သူ့ကိုယ်သူပြောခဲ့သော ဆရာကမူ အသံမထွက်ဘဲ နှုတ်ခမ်းများလှုပ်ပြီး ညည်းတွားနေသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ. . ."

"ငါတစ်ယောက်တည်း နေချင်တယ် ဂူးလက်ချန်း၊ ငါ့ကို တစ်ယောက်တည်းထားခဲ့"

အကောင်းဆုံး နည်းလမ်းပင် ဖြစ်ပေသည်။

ဟိုတယ်မြေညီထပ် ဧည့်ခန်းမသို့ ကျွန်ုပ်ဆင်းလာခဲ့သည်။ ထောင့်အကျဆုံးနှင့် အမှောင်ရိပ်ရှိသော စားပွဲတွင် ဝင်ထိုင်သည်။ စားပွဲထိုးချုပ်က အနားလာရပ်သည်။ စားပွဲပေါ် လက်ထောက်ကာ လက်နှစ်ဘက်ကြားသို့ မျက် နှာထိုးသွင်းရင်း သူ့ကို မကြည့်ဘဲ ပြောလိုက်သည်။

"စကော့ချ်ဝီစကီ၊ ပြီးတော့ . . .ဘယ်သူမှ ကျုပ်စားပွဲနား မလာပါစေနဲ့"

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၃၂ ]

ဘုံဘေတွင် နောက်ထပ်သုံးရက်နေပြီး ဆရာနှင့်အတူ ကျွန်ုပ်သည် သက်ဆိုင်ရာ ဌာနများသို့ လှည့်ခဲ့ရသည်။ ဘုရင်ခံချုပ် လော့ဒ်လင်းစဒေါင်းမှာ မဒရပ်သို့ ခရီးထွက်နေသဖြင့် မတွေ့ခဲ့ရ။ သို့သော် ဘုရင်ခံ လော့ဒ်ရေးနှင့် မဟာဝန်ရှင်တော်မင်းကြီး ပရောပတ်တို့၏ ရုံးခန်းများသို့ ရောက်ခဲ့သည်။

ပရောပတ်နှင့် ဝန်ရှင်တော်မင်းကြီးအသစ် မက်ကင်ဇီတို့ အပြောင်းအလဲနှင့်ကြုံနေသောကြောင့် ထိုရုံးတွင် အနည်းငယ် နှောင့်နှေးခဲ့ရသေးသည်။ သို့သော် အခွန်တော်အရာရှိ အာရ်အီးကင်ဒီနှင့်ကား အဆင်ပြေခဲ့သည်ဟု ဆိုရပေမည်။

ဆရာသည် အာဏာပိုင်အကြီးအကဲများထံ ဝင်ထွက်သွားလာရာ၌လည်းကောင်း၊ လိုအပ်သော ပုံစံများ၊ တံဆိပ်ခေါင်းများ၊ ဆိုင်ရာဌာနများ၌လည်းကောင်း၊ အလွန်ကျွမ်းဝင်ပိုင်နိုင်လှကြောင်း တွေ့ရသည်။

အစိုးရရုံးများတစ်ခွင်သို့ ခြေရာချင်းထပ် လှည့်ခဲ့ရာတွင် မစ္စတာ အောလ်ဘွန်း၏ ပေါက်ရောက်မှုကိုလည်း ကြုံခဲ့ရသည်။

အောလ်ဘွန်းသည် ရတနာဂီရိသို့ တာဝန်ထမ်းရန် မပြောင်းရွှေ့မီကတည်းက အရေးကြီးသော 'ပွိုင့်' များကို စေ့စေ့စပ်စပ်လုပ်ခဲ့လေရာ ကျွန်ုပ်တို့မှာ သူ၏အတားအဆီးများကို ထိုးဖောက်ရခြင်းဖြင့် 'စာရွက်စာတမ်း တိုက်ပွဲ' ကို ဆင်နွှဲခဲ့ရလေသည်။

အောလ်ဘွန်း၏ အုပ်ချုပ်ရေးအာဏာဆိုင်ရာအစီအမံများကို ဆရာက တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည် ဖြိုခွင်းခဲ့သည်။ ဆရာ့ကျွမ်းကျင်မှုကား လက်ဖျားခါလောက်ပေသည်။

ဤရက်များအတွင်း၌ အလုပ်ကလည်းများလှပေရာ ဆရာနှင့် ကျွန်ုပ်အကြားတွင် 'ထပ်မံဆွေးနွေးရန်' အချိန်မရှိတော့သည့်အတွက် ကောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ် ဘာတစ်ခုမျှ ခွန်းကြီးခွန်းငယ် မဖြစ်ကြတော့ပေ။

ကျွန်ုပ်ကလည်း ဆရာနှင့်အခြေအတင်ဖြစ်ရခြင်းကိုလုံးဝမလိုလားတော့သောကြောင့် အနည်းငယ်မျှသောအားချိန်လေးအတွင်းမှာပင်စကားပြောခြင်းကိုတမင်ရှောင်နေလိုက်သည်။စကားပြောမည့်အချိန်များကိုဥပဒေစာအုပ်ကြီးများဖတ်ခြင်း၊ အချက်အလက်များ ရှာဖွေခြင်းဖြင့် ကုန်လွန်စေခဲ့သည်။

သို့ဖြင့်ပင် သုံးရက်မျှသော ကာလအတွင်း၌ ကျွန်ုပ်တို့ဆရာတပည့်နှစ်ဦးသည် အလုပ်ဖြင့် နပန်းလုံးခဲ့ကြပြီး နောက်ထပ် 'တိုက်ပွဲ' အတွက်အားလုံး အဆင်သင့်ဖြစ်နေအောင် စီစဉ်လိုက်ကြလေသည်။

နောက်ဆုံးတွင် ကျွန်ုပ်တို့အမှုကိစ္စ၌ အရေးအကြီးဆုံးဖြစ်သောအဆင့်အထိ ရောက်အောင် တက်နိုင်ခဲ့သည်။ ထိုအဆင့်မှာ အခြားမဟုတ်။ သီပေါ ဘုရင်က ရွှေနေငွေးကြောင်းကို ဘုရင်ခံချုပ်ရုံးတော်မှ လက်ခံပေးရေး၊ ငွားရမ်းသော ရွှေနေ မစ္စတာဖရက်ဒရစ် အက်ဂျလောင်းအား သီပေါဘုရင်၏ ရွှေနေအဖြစ် အသိအမှတ်ပြုရေးနှင့် သူ၏အမှုသည် သီပေါဘုရင်နှင့်တွေ့ဆုံခွင့်ရရေးကို ရုံးတော်မှ ခွင့်ပြုပေးရန် ဖြစ်သည်။

ထိုအချက်နှစ်ချက်ကို ကျော်လွှားပြီးမှသာလျှင် ကျွန်ုပ်တို့ရွှေ့ဆက်လျှောက်နိုင်ကြမည်ဖြစ်သည်။ ယင်းလျှောက်လွှာများကို ဘုရင်ခံချုပ်လော့ဒ်လင်းစဒေါင်းက လက်ခံပြီး လက်မှတ်ရေးထိုးထုတ်ပြန်လိုက်လျှင် ထိုအဆင့်ပြီးမြောက်မည် ဖြစ်လေသည်။

ဘုံဘေတွင် လုပ်စရာရှိသည်များကို လုပ်ကာ လိုအပ်သော ပစ္စည်းများ ဝယ်ခြမ်းပြီးနောက် ကျွန်ုပ်ကာလကတ္တားသို့ ခရီးဆက်ခဲ့သည်။ ဝစ္စဒမ်ဗီလာကို ပစ်ထားခဲ့ရသည်မှာ ကြာပေပြီ။ သစ်လုပ်ငန်းကုမ္ပဏီ၏ အလုပ်များကလည်း တစ်ထမ်းတစ်ပိုးကြီး ကျွန်ုပ်ကို စောင့်နေကြပေမည်။

ဒီဗားသည် ကျွန်ုပ်ကို ဘူတာရုံမှ လာကြိုသည်။

ပြည်ပသို့ နှစ်ရှည်လများ ခရီးထွက်သွားရာမှ ပြန်လာသော သားတစ်ယောက်အား ကြိုဆိုသည့် ဖခင်တစ်ယောက်လိုပင် ဘဏ္ဍာစိုး အဘိုးအိုကြီးသည် ဝမ်းနည်းဝမ်းသာ ဖြစ်နေရှာသည်။

မျက်ရည် စမ်းစမ်း စမ်းစမ်းဖြင့် ကျွန်ုပ်ကို ပွေ့ဖက်ကာ မော်တော်ကားဆီသို့ ခေါ်လာရင်း ဒီဗားက စိုးရိမ်တကြီးပြောသည်။

"ဒီဗား စိတ်ပူလိုက်ရတာ လူကလေးရယ်၊ ငါဘာကြောင့် သူနဲ့အတူရတနာဂီရိကို လိုက်မသွားမိပါလိမ့်၊ ဘာကြောင့် ငါ့ကိုခေါ်သွားဖို့ဇွတ်အတင်းမတောင်းဆိုခဲ့မိပါလိမ့်ဆိုပြီး ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်လိုက်ရတာ"

"ဘာဖြစ်လို့ ဒီလောက်စိတ်ပူနေရတာလဲ ဒီဗား၊ ကျွန်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်ကရောက်လာကာစချာတိတ်ကလေးတစ်ယောက်မှမဟုတ်တော့တာပဲ၊ အရွယ်ရောက်နေပြီဖြစ်တဲ့ လူငယ်တစ်ယောက် ဖြစ်နေပြီပဲ. . .”

“ဘယ်ဟုတ်လိမ့်မလဲ ဂူးလက်ရယ်၊ လူကလေးဟာ တကယ့် ယောကျာ်းကြီးတစ်ယောက် ဖြစ်နေပြီဆိုတာတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ရတနာဂီရိဆိုတာ အင်မတန်ဝေးလံသီခေါင်တဲ့ နေရာကြီးမဟုတ်လား၊ လူကလေး အစားအသောက်အနေအထိုင် ဆင်းရဲမှာပေါ့၊ ပြီးတော့ အင်မတန် ရာဉီဥတု ဆိုးတယ်ဆို၊ မိုးရေချိန် လက်မတစ်ရာအထိ မိုးကြီးတယ်ဆို၊ ပြီးတော့ မြွေဆိုးတွေ၊ အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်ကြီးတွေ အလွန်ပေါတယ်ဆို”

ကျွန်ုပ်ကရယ်လျက် ဒီဗားရဲ့ ပခုံးကို ပုတ်ကာ နှစ်သိမ့်ရင်း ...

“မြွေဆိုးတွေ၊ အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်တွေဆိုတာ တောတောင် ထူထပ်တဲ့ဒေသတွေ၊ သိပ်ပူပြင်းတဲ့ ဒေသတွေမှာသာ ရှိတတ်တာပါ၊ ရတနာဂီရိဟာ ဒီဗားကြားထားသလောက်မဆိုးပါဘူး၊တကယ်လို့ရှိရင်လည်း ကျွန်တော်မကြောက်ပါဘူး၊ အမှန်တော့ အဲဒီမြွေဆိုးတို့၊ အဆိပ်ပြင်းတဲ့ ကင်းမြီးကောက်တို့ဆိုတဲ့ သတ္တဝါတွေထက် လူတွေကသာ ပိုပြီး ကြောက်စရာကောင်းတာပါ”

“ဘာပြောလိုက်တယ် လူကလေး . . .”

ကိုယ့်အခိပ္ပာယ်နှင့်ကိုယ် ရယ်မောရင်း ကျွန်ုပ်ပြန်ပြောလိုက်သည်။

“ဘာမှ မဟုတ်ပါဘူး ဒီဗားရယ်၊ ဘာမှစိုးရိမ်စရာမရှိပါဘူး၊ နေပါဦး၊ အဲဒီလို အထိတ်တလန့် သတင်းတွေကို ဘယ်သူက ပြောလို့လဲ”

“ဘယ်သူရှိရမလဲ၊ မစ္စတာပရဲယားပေါ့”

“မစ္စတာပရဲယား၊ဒီရှေ့နေအဘိုးကြီးကဝစ္စဒမ်ဗီလာကိုလာသလား”

“သုံးခေါက်ရှိပြီ လူကလေး၊ သုံးခေါက်ရှိပြီ”

သူဌေးကြီး မစ္စတာဂျိုနသန်ဖရန့်၏ သေတမ်းစာပါ ကျွန်ုပ်၏အသက်အရွယ်နှင့် စည်းကမ်းချက်များကိစ္စဖြင့် မစ္စတာပရဲယား လာခြင်းပင်ဖြစ်ရပေမည်။ အထူးသဖြင့် သေတမ်းစာပါ စည်းကမ်းချက် တတိယအချက်မှ ‘အိမ်ထောင်ဖက် ရွေးချယ်ခြင်းကိစ္စ’။

လုပသော မျက်နှာတစ်ခုကို မြင်ယောင်ရင်း ကျွန်ုပ်ပြန်ပြောလိုက်သည်။

“မစ္စတာပရဲယားကို အကြောင်းကြားလိုက်ပါ၊ ကျွန်တော့်ကိစ္စ ကျွန်တော်သိတယ်လို့၊ နောင် လိုအပ်လာတဲ့တစ်နေ့မှာ ကျွန်တော်ကိုယ်တိုင် ဆက်သွယ်မယ်၊ သူစိတ်ပူစရာ ဆက်သွယ်စရာမလိုဘူးလို့၊ ဟုတ်လား . . .”

“ကောင်းပါပြီ လူကလေးရယ်၊ ပြောလိုက်ပါမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဝစ္စဒမ်ဗီလာသည် ကျွန်ုပ်အတွက် နားခိုစရာ မိခင်ကြီးတစ်ယောက် သဖွယ် နွေးထွေးခိုင်ခံ့စွာ ကြိုဆိုနေသည်။ စာကြည့်ခန်းထဲသို့ ဝင်လိုက်သော အခါ ခွန်အားသစ်များဖြင့် တစ်ကိုယ်လုံး ဖြန့်ကျက်တက်ကြွသွားလေသည်။

"အကောင်းဆုံးညစာ ပြင်ထားလိုက်မယ် လူကလေး၊ ပြီးတော့ ရှန် ပိန်အသစ်လည်း ဖောက်လိုက်မယ်နော်"

ဒီဗားမှာ အထူးပင် ဝမ်းသာအားရဖြစ်နေရှာလေသည်။

"စကော့ချ်ဝီစကီလုပ်ပါ ဒီဗား"

တုံ့ခနဲ ဖြစ်သွားသော သူ့အမူအရာမှာ ရယ်စရာကောင်းနေသည်။

"စကော့ချ်ဟုတ်လား၊ လူကလေးက အရက်သောက်နေပြီလား"

"အဆမတန် ကျွန်တော် ပင်ပန်းခဲ့တယ်ဒီဗား၊ကျွန်တော်လုပ်နိုင်တာ ထက် အလုပ်တွေကို အများကြီး ပိုလုပ်ခဲ့ရတယ်၊ကျွန်တော်လုံးလုံးလျားလျား အနားယူချင်တယ်၊ ဝီစကီကို မူးအောင် သောက်ပစ်လိုက်ချင်တယ်"

"အို. . .ရမယ် လူကလေး၊ စကော့ချ်လည်းရမယ်၊ လုံးလုံးလျားလျား လည်း အနားရစေမယ်၊ မူးအောင်လည်း သောက်ရစေမယ်"

ညစာစားချိန်တွင် ကျွန်ုပ် ဝီစကီအတော်များများ သောက်လိုက် သည်။ တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း တရိပ်ရိပ်မူးယစ်ဝေသီလာသောအ ရက်ရှိန်နှင့်အတူ ရတနာဂီရိအတွေ့အကြုံများကို ဒီဗားအား အသေးစိတ် ပြောပြလိုက်သည်။

ကျွန်ုပ်၏ စကားပြောသရုပ်ဖော်ခန်း ဘယ်လောက်ကောင်းသလဲ တော့မသိ။ ဒီဗားမှာ နားထောင်ရင်းဖြင့် အံ့ဩလိုက်၊ တုန်လှုပ်လိုက်၊ စုတ် သပ်လိုက်၊ အာမေဍိတ်များ ရွတ်ဆိုလိုက်၊ မျက်ရည်တွေ ဝဲသွားလိုက် ဖြစ်နေ တော့သည်။

ကြားဖြတ်၍ မေးခွန်းမမေးနိုင်သည်အထိ သူသည် ကျွန်ုပ်၏ 'နောက် ကြောင်းပြန်' ထဲတွင် တလူးလူးတလိမ့်လိမ့် မျောပါနေသည်။

နောက်ဆုံး မပိုးဖြူကို ကယ်ခဲ့သည့်အကြောင်း ရောက်လာသည်။

ထိုအချိန်တွင် အရက်အတော်လေး မူးနေပြီဟု ကိုယ့်ကိုယ်ကို သတိ ထားမိသည်။ သို့သော် စကားလုံးများက ရင်ထဲမှ အလိုအလျောက် ရုန်းကန် တိုးထွက်နေကြသည်။

ဇာတ်စုံခင်းပြီးနောက် နောက်ဆုံး ကျွန်ုပ်ရေရွတ်မိသော စကားလုံး ကို ကိုယ့်ဘာသာကိုယ် မသဲမကွဲ ပြန်ကြားရသည်။ ထိုအသံသည် နှလုံးအိမ် နံရံမှ ပဲ့တင်ရိုက်ထွက်ပေါ်လာကာ ဝစ္စဒမ်ဗီလာ၏ စာကြည့်ခန်းကိုပါ လိုဏ် သံ ထွက်ပေါ်သွားစေသလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက်ကျမသွားခင် ရေရွတ်ခဲ့သော စကားမှာ. . .

"ကျွန်တော် မပိုးဖြူကို ချစ်တယ်. . .
ကျွန်တော် မပိုးဖြူကို ချစ်တယ်. . .
ကျွန်တော် သူ့ကိုချစ်တယ်၊ သူ့ကိုချစ်တယ်. . ."

◆

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၃ ]

"ကိုင်း. . .သူငယ်ချင်းရေ၊ ဒုတိယအကြိမ် ဒုတိယခြေလှမ်းပြီးတော့ အောင်ပွဲသို့ တစ်ထစ်ပို၍ နီးကပ်လာခြင်းပေါ့ ဟုတ်လား"

သဘော်ကျောက်ဆူးချနေစဉ်တွင် သံကြိုးသံတချွင်ချွင်ထဲတွင် ကပ္ပတိန်ပေါလ်ဝဲက ကျွန်ုပ်၏ လက်မောင်းကို အားပါးတရ ဖျစ်ညှစ်ရင်း ပြောသည်။

ရတနာဂီရိဆိပ်ကမ်းမှာ ထုံးစံအတိုင်း မှိုင်းညို့အုပ်ဆိုင်းလျက်ပင်။ အိန္ဒိယ သမုဒ္ဒရာဘက်တွင် မုန်တိုင်းကင်းသွားပြီ ဖြစ်သော်လည်းတောင်တန်း အထပ်ထပ်ကို ဖြတ်ကျော်ရောက်ရှိလာသော မိုးသားတိမ်တိုက်များကမူ ရတနာဂီရိ၏ မိုးကောင်းကင်တွင် နေရာယူထားကြဆဲ ဖြစ်လေသည်။

အဝေးဆီမှ ဆိပ်ကမ်းကို လှမ်းမြင်လိုက်ရသည်နှင့်ပင် ကျွန်ုပ်၏ ရင်သည် သိမ်မွေ့စွာ လှုပ်ခုန်စ ပြုလာသည်။ သဘော်လက်ရန်းကို ဆုပ်ကိုင်ရင်း ရတနာဂီရိကို တရှိုက်မက်မက် ငေးကြည့်နေမိသည်။

မည်သို့ပင် ဖြစ်နေစေ ကျွန်ုပ်အတွက် ဆွဲဆောင်မှုကြီးမားလှသော၊ အခါခပ်သိမ်းပင် တိမ်းမူးနှစ်သက်ဖွယ်ဖြစ်ပေသော ရတနာဂီရိ။ ချစ်သော ရတနာဂီရိ။

"သူငယ်ချင်းရေ. . .ဒီတစ်ခါတော့ မိုးသက်မုန်တိုင်းလည်း မရှိဘူး၊ လှိုင်းလည်းမထန်ဘူး၊ လေမှောက်စရာလည်း မရှိဘူး၊ တကယ်လို့ မှောက်ရင်လည်း တို့ကို ကယ်မယ့်သူရှိမှာမဟုတ်ဘူး၊ တို့ဖာသာတို့ ကူးသွားရမှာနော်"

ကပ္ပတိန်ပေါလ်ဝဲက နောက်ပြောင်ပြောခြင်းဖြစ်သော်လည်း သူ့ဟာသကို ကျွန်ုပ်မရယ်မိ။ မပိုးဖြူကို မြင်ယောင်ရင်း သူနှင့်တွေ့ဆုံခဲ့ရသည့် အဖြစ်ကိုသာ သတိရနေသည်။ နုနယ်၍ အပြစ်ကင်းစင်သော မျက်နှာ၊ဝိုင်းစက်နက်မှောင်သည့် မျက်လုံးရွဲကြီးများ၊ ပြီးတော့ ရေတံခွန်တစ်ခုသဖွယ် နောက်ကျောထက်မှာ ဖားလျားကျနေသော ဆံပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဗားကို ခေါ်ခဲ့ရရင် ကောင်းမှာဗျာ"

"ဘာပြောလိုက်တယ် သူငယ်ချင်း"

"သြော်. . .ကျွန်တော့် ဘဏ္ဍာစိုးကြီး၊ ကျွန်တော့်ကို စိတ်မချလို့ သူ ရတနာဂီရိကို သိပ်လိုက်လာချင်ရှာတယ်၊ ကျွန်တော်ကသူ့ကိုအမိန့်ပေးပြီး ထားပစ်ခဲ့တယ်၊ အခုမှ သူ့ကို သနားပြီး သတိရနေတယ်၊ ဒါပေမဲ့သူမပါလာတာပဲ ကောင်းပါတယ်လေ၊ ရတနာဂီရိမှာ ကျွန်တော်ကြံစည်စိတ်ကူးတာတွေ ပြုမူလှုပ်ရှားတာတွေမှန်သမျှကို ကျွန်တော်တစ်ဦးတည်းအနေနဲ့ပဲ သွားချင်တယ်၊ အကြံဉာဏ်တို့၊ တိုက်တွန်းချက်တို့၊ တားမြစ်ချက်တို့၊ သတိပေးချက်တို့ကို မလိုချင်ဘူးလေ"

"တစ်ကိုယ်တော်ပေါ့. . .ဟုတ်လား၊ ကောင်းတယ် သူငယ်ချင်း၊ အဲဒါဟာ မာလိန်မှူးတစ်ယောက်နဲ့ အတူတူပဲ၊ကျုပ်လည်း လှိုင်းထန်တဲ့သမုဒ္ဒရာပြင်ထဲမှာ အကြိမ်ပေါင်းများစွာ ကိုယ့်တစ်ဦးတည်းရဲ့ ဆုံးဖြတ်ရွေးချယ်မှုနဲ့ လှုပ်ရှားခဲ့တာပဲ၊ သူငယ်ချင်းဟာ ရှေ့နေတစ်ယောက်မဟုတ်ဘဲ သင်္ဘောတစ်စင်းကို အုပ်ချုပ်ရင်လည်းမာလိန်မှူးကောင်းတစ်ယောက်ဖြစ်မှာပဲ၊သေရေးရှင်ရေးတမျှ အရေးကြီးနေတဲ့ကိစ္စ အတော်များများမှာ ဘယ်သူ့အကြံဉာဏ်မှ မယူတဲ့ တစ်ကိုယ်တည်းရဲ့ ဆုံးဖြတ်ချက်တွေဟာ မှန်ကန်တာ များတယ်၊ ကျုပ်လိုပေါ့၊ သူငယ်ချင်းလိုပေါ့"

သည်တစ်ခါတော့ ကပ္ပတိန်ပေါလ်ဝဲ၏စကားကိုကျွန်ုပ်နှစ်ခြိုက်စွာ ရယ်မောမိလေသည်။

"ကိုင်း. . .လှေချပြီးနေပြီ၊ သွားကြစို့ သူငယ်ချင်း၊ ဘယ်တော့မှ မရိုးနိုင်တဲ့ ရေကြောင်းခရီးတိုလေးကို လှေနဲ့ကူးကြဦးစို့"

ဆိပ်ကမ်းသို့ ရောက်သောအခါ ရုံးခန်းဆီမှ မျှော်လင့်မထားသော လူတစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။

သူကား ကောလင်းမင်းသားပင် ဖြစ်လေသည်။

နောက်ပါ မြန်မာအမှုထမ်းနှစ်ယောက်နှင့်အတူသူသည်လှေဆိပ်သို့ ရောက်လာသည်။ ငယ်ရွယ်နုပျိုသော ကောလင်းမင်းသားသည် ကျွန်ုပ်ကိုမြင်သောအခါ လက်ကို ဝှေ့ယမ်း၍ နှုတ်ဆက်ပြီး အနီးသို့ ခြေလှမ်းကျဲများဖြင့် လျှောက်လာသည်။ သူ့ကို ကြည့်ရသည်မှာ နန်းတော်ထဲမှ မင်းညီမင်းသားတစ်ပါးနှင့်မတူဘဲ အမဲလိုက်မုဆိုးတစ်ယောက်လို ဝံ့ဝံ့စားစားရှိနေသည်။

"မစ္စတာဂူးလက်ချန်း. . .သင့်ကိုကျုပ်ရဲ့နောင်တော်ဘုရင်မင်းမြတ်နဲ့ မရီးတော် စုဖုရားလတ်တို့က မျှော်လင့်နေကြတယ်"

"ကျွန်တော်ကလည်း သိပ်တွေ့ချင်နေပါတယ် မင်းသား"

www.burmeseclassic.com

www.burmeseclassic.com



"ဘုံဘေမှာ ဗိုလ်မှူးကြီးကောက်စ်နဲ့ တွေ့ခဲ့သလား"

"ကျွန်တော်သူနဲ့ မဆုံခဲ့ရဘူး၊ သူဘုံဘေမှာ မရှိဘူး"

"ကာနယ်စလေဒင်တစ်ယောက် အင်္ဂလန်ကိုပြန်သွားပြီဆိုတာကော ဟုတ်သလား"

ထိုမေးခွန်းအတွက် ကျွန်ုပ်အံ့အားသင့်မိသည်။ ကာနယ်စလေဒင် လန်ဒန်သို့ပြန်သွားသည်မှာ ကြာခဲ့ပေပြီ။ သူအငြိမ်းစားယူသွားပြီဟုပင်ကြား ရသည်။

"ကာနယ်စလေဒင် ပြန်သွားတာကြာပြီ မင်းသား"

"အင်း . . . အဲဒါက အတော်ဆိုးတာပဲ"

စလေဒင်၏ အမည်ကိုထုတ်ဖော်မေးခြင်းနှင့်ပတ်သက်၍ကျွန်ုပ်၏ မှတ်ဉာဏ်လမ်းကြောင်းများ ချက်ချင်းပွင့်ကာ တဖျတ်ဖျတ်လှုပ်ရှားသွားကြ သည်။ ၁၈၈၅ ခုနှစ် နန်းချုပ္ပဲ။ စလေဒင်၊ ဂျင်နရယ်ပရင်းဒါးဂတ်စ်၊ တန်ဖိုး ဖြတ်ကော်မတီ။ ထို့နောက် ဘုရင်၏ မင်းမြောက်တန်ဆာ အပါအဝင် အဖိုး တန်နန်းစဉ်သုံး ကျောက်မျက်ရတနာများ။ ထို့နောက် နာမည်ကျော် ငမောက် နန်းစဉ် ပတ္တမြားကြီး . . .။

ရတနာဂီရိစံအိမ်တော်တွင် ကျောက်မျက်ရတနာများနှင့် ပတ်သက် သည့်အရေးကိစ္စတစ်ခုခုတော့ ပေါ်ပေါက်နေပြီဟု တွက်လိုက်သည်။ သို့သော် ထိုအကြောင်းများကို ဆွေးနွေးရလောက်သည်အထိ ကျွန်ုပ်သည် ကောလင်း မင်းသားနှင့် မရင်းနှီးသေးပေ။

ကျွန်ုပ်တို့၏ ပစ္စည်းများကို အမှုထမ်းများကရုံးခန်းသို့သယ်ဆောင် သွားကြစဉ် ရာသီဥတုအကြောင်းနှင့်အခြားထွေရာလေးပါးများကိုပြောဆိုရင်း ကျွန်ုပ်တို့သည် ရုံးခန်းဆီသို့ လျှောက်ခဲ့ကြသည်။ မြိတ်ပုန်ကန်မှုတွင် ပါဝင် ပတ်သက်ခဲ့သည်ဆိုသော ကောလင်းမင်းသားအား ရတနာဂီရိတွင် ဤသို့ လွတ်လပ်စွာ သွားလာခွင့်ပြုထားခြင်းအတွက်ကျွန်ုပ်စဉ်းစားမရဖြစ်နေသည်။

သို့သော် ဆိပ်ကမ်းရုံးခန်းရောက်သည်တွင် ကျွန်ုပ်၏အတွေးမှာ အဖြေပေါ်သွားသည်။ ရိုင်ဖယ်သေနတ်ကိုင် ပုလိပ်နှစ်ဦးသည် ရုံးခန်းဝတွင် အသင့်အနေအထားဖြင့် ရပ်နေကြသည်။ သူတို့၏ ယူနီဖောင်းမှာ စံအိမ်တော် ပုလိပ်ယူနီဖောင်းပင်ဖြစ်သည်။ မစ္စတာအောလ်ဘွန်းသည်အလုပ်လုပ်ရာတွင် စိပ်စိပ်သော်လည်းကောင်း၊ ကျဲကျဲသော်လည်းကောင်း အကွက်ဖော်တတ် သော အရာရှိတစ်ဦးပေပင်။

"ကျုပ်မှာလိုက်တဲ့ ပစ္စည်းသေတ္တာကော. . ."

ကောလင်းမင်းသား၏ အမေးအဆုံးတွင် ရုံးခန်းအမှုထမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ခပ်သေးသေး သံသေတ္တာတစ်လုံးကို ထုတ်ယူလာသည်။ သေတ္တာမှာ ရှည်မျောမျော။ ပုလိပ်နှစ်ယောက်က သေတ္တာနားကပ်လာသည်။

မင်းသားက သေတ္တာကို ဖွင့်သည်။စက္ကူဘူးတစ်ခုထွက်လာသည်။ စက္ကူဘူးကို ဆက်ဖွင့်သောအခါ ဖလန်နယ်စဖြင့် လိပ်ထားသော မှန်ပြောင်းတစ်လက် ထွက်လာလေသည်။

မှန်ပြောင်းပေါ်တွင် ရိုးကုမ္ပဏီတံဆိပ်ကို တွေ့ရသည်။

မင်းသားက မှန်ပြောင်းကို ထုတ်ယူပြီးဆိပ်ကမ်းဘက်မြစ်ပြင်ဘက်သို့ ကြည့်သည်။ ထို့နောက် မျက်နှာမှ မှန်ပြောင်းမခွာဘဲ ပြောသည်။

"အနောက်တောင်မျက်နှာဘက်က ပင်လယ်ကမ်းခြေဆီကို ကျုပ်ရောက်ခဲ့တယ်၊ အဝေးက ကျောက်ဆောင်တွေနဲ့ ပင်လယ်ပြင်ကို ကြည့်ရတာအားမရဘူး၊ ဒါကြောင့် မှန်ပြောင်းမှာလိုက်တာပဲ"

ဟိုမှသည်မှ လှည့်ကြည့်ပြီးနောက် မှန်ပြောင်းကို ခွာလျက် အလိုမကျသော မျက်နှာဖြင့်. . .

"ခက်လိုက်တာ၊ ဒါဟာ ကျုပ်တို့ နန်းတော်မှာနေစဉ်က ပွဲကြည့်ဆောင်မှာသုံးတဲ့ မှန်ပြောင်းသာသာလောက်ပဲ ရှိတယ်၊သိပ်အားမကောင်းဘူး၊ ဘာကြောင့် ကျုပ်မှာလိုက်တဲ့ အရွယ်အစားနဲ့ မှန်ဘီလူးအားမျိုးကို မဝယ်ခဲ့ကြတာလဲ. . ."

ထိုအဖြေကို ကျွန်ုပ်က သိလိုက်ပြီဖြစ်သည်။ အားကောင်းသော မှန်ပြောင်းတစ်လက်ကိုမစ္စတာအောလ်ဘွန်းကကောလင်းမင်းသားအသုံးပြုရန် ခွင့်ပြုလိမ့်မည် မဟုတ်ချေ။

ထိုသို့တွေးရင်း ငယ်ရွယ်တက်ကြွသော ကောလင်းမင်းသားအပေါ် ကျွန်ုပ်ကိုယ်ချင်းစာမိလာသည်။ သူ့အသက်အရွယ်သည် အလွန်စူးစမ်းလေ့လာချင်သောအရွယ် ဖြစ်ပေသည်။

ရတနာဂီရိ၏ မြင်ကွင်းများသည် သူ၏စူးစမ်းလိုသော လူငယ်တို့သဘာဝကို လှုံ့ဆော်နေပေမည်။ ထို့အပြင် အားကောင်းသော မှန်ပြောင်းတစ်လက်ကို ပိုင်ဆိုင်ထားခြင်းဖြင့် သူသည် လွတ်လပ်မှု အရသာကို ခံစားနိုင်ပေမည်။ ထို့ကြောင့် သူ့ကို ကူညီရန် ဆုံးဖြတ်လိုက်သည်။ မစ္စတာအောလ်ဘွန်းကို ကျွန်ုပ်ထည့်မတွက်နိုင်တော့။

"မင်းသား ကျွန်တော် အားကောင်းတဲ့ မှန်ပြောင်းတစ်လက် ဝယ်လာပါတယ်၊ နှစ်သက်မယ်ဆိုရင် ကျွန်တော်လက်ဆောင်ပေးပါ့မယ်"

ကျွန်ုပ်၏ပစ္စည်းများ စုပုံထားရာထဲမှ သေတ္တာကို ဖွင့်၍ မှန်ပြောင်းကို ထုတ်ယူလိုက်သည်။ ဘုံဘေရိုးကုမ္ပဏီတိုက်မှကျွန်ုပ်ဝယ်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စမ်းကြည့်ပါ မင်းသား . . ."

မှန်ပြောင်းမှာ မာလိန်မှူးများသုံးသော သုံးဆစ်ရှိ မှန်ပြောင်းအမျိုးအစားဖြစ်သည်။မင်းသားသည်သုံးဆစ်စလုံးထုတ်ကြည့်လိုက်၊နှစ်ဆစ်ထုတ်ကြည့်လိုက်၊ တစ်ဆစ်တည်းကြည့်လိုက်ဖြင့် အမျိုးမျိုး စမ်းသပ်နေသည်။

"သိပ်ကောင်းတဲ့ မှန်ပြောင်းပါလား၊ သင်. . .ကျုပ်ကို လက်ဆောင်ပေးတာလား မစ္စတာဂူးလက်ချန်း"

"ဟုတ်ပါတယ် မင်းသား"

"ကျေးဇူးအများကြီးတင်ပါတယ်၊ ကျုပ်. . .သိပ်သဘောကျတယ်"

မှန်ပြောင်း၏ တန်ဖိုးမှာ ရူပီးငွေ ၃၀ ကျပ်ဖြစ်သည်။ သာမန်ပုလိပ်တစ်ယောက်၏ တစ်လခစာပင် ဖြစ်လေသည်။

ထိုစဉ်မှာပင် ရိုင်ဖယ်ကိုင် အစောင့်ပုလိပ်နှစ်ယောက်အနက်မှ လူကောင်ကြီးထွားသော တစ်ယောက်သည် ကျွန်ုပ်တို့အနီးသို့ ချဉ်းကပ်လာသည်။

ထို့နောက် သူက ကျွန်ုပ်ကိုတစ်လှည့်မင်းသားကိုတစ်လှည့်ကြည့်၍

"ဘုရင့်မိသားစု သီးသန့်ရန်ပုံငွေ သို့မဟုတ် ကိုယ်ပိုင်ပိုက်ဆံနဲ့ဝယ်ယူတဲ့ ပစ္စည်းကလွဲပြီး လက်ဆောင်ယူတဲ့ ပစ္စည်းမျိုးဆိုရင် သခင်ကြီးကို အသိပေးပြီးမှ လက်ခံသင့်ပါတယ် မင်းသား"

ကောလင်းမင်းသား၏ ဆတ်ခနဲ ဖြစ်သွားသောအမူအရာမှာ အတို့ခံ လိုက်ရသော မြွေပွေးပေါက်စတစ်ကောင်နှယ်ပင်။

"ဘာပြောတယ်၊ မင့်သခင်ကြီးကို မင်းပဲသွားပြီးအသိပေးလိုက်၊ပြီးတော့ မင်းတို့သိထားဖို့ကငါအလိုရှိတယ်ဆိုရင်လက်ဆောင်ပေးမယ့်သူလည်း ရှိတယ်ဆိုရင် မှန်ပြောင်းတစ်လက် မဟုတ်ဘူး၊ စစ်တပ်တစ်တပ်ကိုတောင် လက်ခံမှာပဲ၊ နားလည်လား"

"ကျွန်တော် ပြောတာက. . ."

"ဟေ့ လူမိုက်၊ မင့်ရိုင်ဖယ်ကို ထမ်းပြီး ဟိုအပေါက်ဝကပဲ ငါထွက်မပြေးနိုင်အောင် သွားစောင့်နေ၊ မင့်အလုပ် မင်းလုပ်. . ."

ပုလိပ်၏ မေးကြောကြီးများ ထောင်တက်သွားသည်။ ထို့နောက် လှည့်ထွက်သွားကာ ရုံးခန်းပေါက်ရှိ စောစောကနေရာတွင် တောင့်တောင့်ကြီး ရပ်နေလေသည်။ ကောလင်းမင်းသားကမူ ဘာမျှမဖြစ်သကဲ့သို့မှန်ပြောင်းကိုသာ လှည့်ပတ်ကြည့်နေသည်။

မင်းသား၏ ပက်ခနဲတုံ့ပြန်လိုက်ပုံမှာ ပြင်းထန်လှသည်ဟု ဆိုနိုင်သော်လည်း မဟာဆီမဟာသွေးပီသစွာပြောလိုက်ပုံကိုကားကျွန်ုပ်သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ သူ့တိုင်းပြည် သူ့နန်းဆောင်တွင်းမှာသာဆိုလျှင်အလွန်'ဓားထက်' မည့် လူငယ်ကလေးတစ်ယောက်ဖြစ်မည်ဟုလည်း မှန်းဆမိပေသည်။

"ကျေးဇူးပဲ မစ္စတာဂူးလက်ချန်း၊ ကျုပ်တော့ ဒီမှန်ပြောင်းကို သိပ်သဘောကျနေပြီ၊ ခင်ဗျားကျေးဇူးကို အခုနေတော့ ကျုပ်ဘာမှ မတုံ့ပြန်နိုင်သေးဘူး၊ ဘယ်အချိန်မှာ ဘာနဲ့တုံ့ပြန်မယ်ဆိုတာလည်း မပြောနိုင်ဘူး၊ကျုပ်တို့က ဒီမှာ ချို့ချို့တဲ့တဲ့ နေရတာမဟုတ်လား၊ ဒါပေမဲ့ ခင်ဗျားကို မိတ်ဆွေကောင်းတစ်ယောက်အဖြစ် ကျုပ် လုံးဝအသိအမှတ်ပြုတယ်လို့တော့ ပြောလိုက်ပါတယ်"

သူတို့ အရှေ့တိုင်းသားများသည် 'ကျေးဇူးစကား' ကို နှုတ်မှ ဆိုရုံမျှမက သူတစ်ထူး၏ ပြုဖူးသော ကူညီမှုကို ထိုက်တန်စွာ ပြန်လည်ပေးဆပ်ရမည်ဟု အလေးအနက်ခံယူထားကြသည်လား မသိ။

ကျွန်ုပ်အနေနှင့်ကား မပိုးဖြူကိစ္စတွင် ဆင်ဖြူမရှင်မိဖုရားကြီးက အမိန့်ဖြင့် လက်အုပ်ချီကန်တော့ခိုင်းခဲ့သော အဖြစ်ကို သတိရလိုက်မိသည်။

"ကိုင်း . . .ကျုပ်စံအိမ်တော်ပြန်မလို့မြင်းလှည်းတစ်စီးယူလာတယ်၊ မြင်းလှည်းမောင်းသမားလည်း ခေါ်လာတယ်၊ ခင်ဗျားတစ်ခါတည်း လိုက်မလား မစ္စတာဂူးလက်ချန်း"

မိမိအစီအစဉ်ဖြင့်သွားမည်ဟု စိတ်ကူးထားသော်လည်း အခွင့်သင့်နေသဖြင့် သူ့ဖိတ်ခေါ်ချက်ကို လက်ခံလိုက်သည်။

"ဒါဆိုရင်တော့ ကျွန်တော်ကပြန်ပြီး ကျေးဇူးတင်ရတော့မှာပဲ မင်းသား၊ ကျွန်တော်လိုက်ပါမယ်"

သူက တဟားဟားရယ်သည်။ ထို့နောက် ပစ္စည်းသေတ္တာများကို အစေခံများအား တင်ခိုင်းပြီး ကပ္ပတိန်ပေါလ်ဝဲကိုနှုတ်ဆက်လျက်ဆိပ်ကမ်းမှ ထွက်လာခဲ့ကြလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၃၄ ]

ကောလင်းမင်းသား၏ မြင်းလှည်းနှင့်လိုက်ခဲ့ခြင်းသည် လမ်းခရီး သင့်၍တစ်ကြောင်း၊ ငယ်ရွယ်ထက်မြက်သောသူနှင့်စကားစမြည်ပြောသွားလို၍ တစ်ကြောင်းကြောင့်သာဖြစ်သည်။ သည်ထက်ပိုသောရည်ရွယ်ချက်မရှိကြောင်း ကျွန်ုပ်မိမိကိုယ်မိမိ ပကတိအတိုင်း သိသည်။

သို့သော် မှန်ပြောင်းအကောင်းစားတစ်လက်ကို ရိုးရိုးသားသား သဘောထားဖြင့် လက်ဆောင်ပေးခဲ့ခြင်းသည် အံ့သြစရာကောင်းအောင် တုံ့ပြန်ချက်ကို ရရှိခဲ့လေသည်။ အုန်းတောလမ်းမကို လွန်သည်နှင့် ကျွန်ုပ်တို့ နှစ်ဦးသည် သီပေါဘုရင်အကြောင်း စကားစပ်မိကြသည်။ ဤသည်မှာလည်း ကောလင်းမင်းသားက စ၍ ပြောလာခြင်း ဖြစ်သည်။

"နောင်တော် ဘုရင်ကို ကျုပ်အားမရဘူးဗျာ၊ သူဟာ ခုထိ မယ်မယ် ဖုရားကြီးကို ကြောက်နေတုန်းပဲလို့ ထင်တယ်၊ မယ်မယ်ဖုရားကြီးရဲ့အဆူအငေါက်ခံနေရတာကိုပဲ ပျော်မွေ့နေသလား မသိပါဘူး"

"ဘာဖြစ်လို့လဲ မင်းသား"

"ရေခြားမြေခြားရှိနေခဲ့ကြစဉ်ကတော့ နောင်တော်နဲ့ မယ်မယ်ဘုရားကြီးတို့ဟာ တစ်ယောက်ကို တစ်ယောက် လွမ်းဆွတ် စိတ်ပူနေကြတယ်လေ၊ ထားဝယ်မှာ ကျုပ်တို့ရှိစဉ်က နောင်တော်ဆီက ခဏခဏ စာလာတယ်၊နေကောင်းထိုင်သာရှိရဲ့လား၊ အဆင်ပြေရဲ့လား စသည်ဖြင့်ပေါ့၊ မယ်မယ်ဘုရားကြီးကလည်း ကြေးနန်းပြန်ပို့လိုက်စာပြန်လိုက်နဲ့သိပ်အဆင်ပြေနေကြတယ်၊ ဟော. . . အခုရတနာဂီရိမှာ အတူတူလည်း နေကြရရော တကျက်ကျက်နဲ့ စကားပဲများနေကြတယ်"

မင်းသားသည် မှန်ပြောင်းကို ထုတ်ကြည့်လိုက်၊ စကားပြောလိုက် ဖြင့် စိတ်လွတ်လပ်ပျော်ရွှင်နေပုံရသည်။

"ဘာတွေများဒီလောက်စကားများစရာရှိနေကြသလဲမသိပါဘူးဗျာ၊


www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးနယ်မြေမှာ အကျယ်ချုပ်သဘောမျိုးနဲ့နေရချိန်မှာသမက်ယောက္ခမ တစ်တွေဟာ ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာ ရှိသင့်တာပေါ့မဟုတ်လား၊ကျုပ် အမြင်ကတော့ ဒါတွေ မမြင်ချင်၊မကြားချင်တာနဲ့ပဲအပြင်ချည်းထွက်နေလိုက် တော့တယ်၊ ဟင်း . . . ဟင်း . . . ရယ်စရာတော့ ကောင်းသားဗျ၊ ကျုပ်အပြင် ထွက်တိုင်း အိမ်တော်ဝန်အရာရှိကလည်း အစောင့်ပုလိပ်တွေကို ထည့်ပေး လိုက်တာပဲ၊ ကျုပ်ထွက်ပြေးလွတ်မြောက်သွားမှာကို စိုးရိမ်နေကြတယ်လေ"

မင်းသားပြောသည်မှာသဘာဝကျလှသည်။ရတနာဂီရိလိုနေရာမျိုး မှာနေ၍ ထွက်ပြေးလွတ်မြောက်ရန် သို့မဟုတ် ပြင်ပအဆက်အသွယ်တစ်ခုခု ယူရန်ဆိုသည်မှာ ပင်လယ်အောက်မှာပုပ်လျှိုး၍ သို့မဟုတ် ကောင်းကင်မှ ပျံ သန်း၍ရသော တန်ခိုးရှိမှသာ ဖြစ်နိုင်ပေမည်။

"အမှန်က ပုလိပ်တွေဟာကျုပ်နောက်ကိုတစ်ကောက်ကောက်လိုက် ကြည့်နေမယ့်အစား စံအိမ်တော်အနောက်ဘက်ကွင်းထဲကပဒိုင်းပင်တောကြီး ကို ရှင်းပစ်ကြဖို့ကောင်းတယ်"

"ဘာဖြစ်လို့လဲ မင်းသား . . ."

"ဘာဖြစ်ရမှာလဲ၊ နောင်တော်နဲ့ မယ်မယ်ဘုရားတို့ ဒီလောက်ခွန်း ကြီး ခွန်းငယ်နဲ့ နေ့ရှိသရွေ့ စကားများငြင်းခုန်နေကြတာ၊ကြာရင်ဒေါသတွေ၊ အာဃာတတွေဖြစ်ပြီး ပဒိုင်းပင်က အသီးတွေခူးပြီး တစ်ယောက်ကို တစ် ယောက် အဆိပ်ခတ်ကုန်ကြမှာ စိုးရတယ်လေ၊ ဟား . . . ဟား . . . ဟား"

ပွင့်လင်းရဲတင်းသော သူ၏စကားကို ကျွန်ုပ်လည်း လိုက်ရယ်မိသည်။

"အလကား ရယ်စရာပြောတာပါဗျာ၊ သူတို့ဟာသမက်နဲ့ယောက္ခမ ဖြစ်ပေမဲ့ သားအမိအရင်းတွေလိုပဲ သံယောဇဉ်ကြီးကြတာပါ၊ ကျုပ်သိတာ ပေါ့၊ ဒီလို မဟုတ်တန်းတရား ကိစ္စမျိုးကို မယ်မယ်ဖုရားကြီးကလည်းမလုပ် ဘူး၊ နောင်ဘုရားဆိုရင် ပိုတောင်မလုပ်ဦးမယ်၊ သူက သိပ်စိတ်နှလုံး ပျော့ ပျောင်းတာ၊ ဘုရင်တစ်ပါးနဲ့တောင် မတူဘူး၊ သူတစ်ပါးအသက်ကို သတ်ဖို့ နေနေသာသာ အရက်သေစာတောင် သောက်စားတာမဟုတ်ဘူး၊ ကျုပ်တို့ မြန်မာလူမျိုးရဲ့ ဘာသာတရားအဆုံးအမမှာရှိတယ်၊ မကောင်းမှု ငါးမျိုးကို ရှောင်ကြဉ်တဲ့ ကိုယ်ကျင့်တရားပဲ၊ ဒါကို ငါးပါးသီလလို့ ခေါ်တယ်"

"ငါးပါးသီလ" ဟူသော စကားကို သူက မြန်မာအသံထွက်ဖြင့် ပြော သည်။ ကျွန်ုပ်စိတ်ထဲမှနေ၍ ထိုစကားလုံးကို လိုက်ရွတ်ကြည့်သည်။

တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။ သီပေါဘုရင် နန်းတက်စက ဖြစ်ပွားခဲ့သော နန်းတွင်းလုပ်ကြံမှုကြီး။

ကောလင်းမင်းသား သိကောင်းသိပေမည်။ အချက်အလက်ကိုအစ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုသော ရည်ရွယ်ချက် ကျွန်ုပ်မှာ လုံးဝမရှိကြောင်း ဘုရားသခင်သာ အသိဆုံးဖြစ်မည်။ လိပ်ပြာသန့်စွာဖြင့် ကျွန်ုပ်မေးလိုက်သည်။

"ဒီလိုနူးညံ့ပျော့ပျောင်းတဲ့ သင့်နောင်တော်ဟာ သူ့နန်းတက်စက ဖြစ်ပွားတဲ့ နန်းတွင်းလုပ်ကြံသတ်ဖြတ်မှုကြီးနဲ့ ပတ်သက်ခဲ့တာတော့ စိတ်မကောင်းစရာပဲနော်၊ သူဘာကြောင့်များ ဒီလောက်ကြောက်စရာအဖြစ်ကြီးထဲမှာ ပါဝင်သွားရတာလဲ"

မှန်ပြောင်းကို ပြန်ပိတ်လျက် ကောလင်းမင်းသားသည် ကျွန်ုပ်ဘက်သို့ မျက်နှာလှည့်ထိုင်သည်။

"ပတ်သက်တယ်လို့တော့ ပြောလို့ရတယ်၊ ဒါပေမဲ့ သူလုံးဝမပါဝင်ဘူး၊ ဒီလို နာမည်ဆိုးထွက်နေတာကို သင်ကကော ယုံနေသလား မစ္စတာဂူးလက်ချန်း"

"ကျွန်တော် မယုံချင်ပါဘူး မင်းသား တကယ်ပါ"

"ခင်ဗျား ယုံချင်လို့လည်းမရဘူး မစ္စတာဂူးလက်ချန်း၊ ဒီမှာ အဲဒီတုန်းက ကျုပ်ဟာ ဆယ်နှစ်သားလောက်ပဲရှိသေးတယ်၊လူလားမြောက်နေတဲ့ မင်းညီမင်းသားတွေ အသတ်ခံသွားကြရတဲ့အချိန်မှာ ကျုပ်တို့ကလေးအရွယ်တွေဟာ အသက်ဘေးက လွတ်ခဲ့ကြတယ်၊ အဲဒါ ဘာကြောင့်လဲ သိလား၊ ကျုပ်တို့ကို နောင်တော်ဘုရင်မင်းမြတ်က ကယ်လိုက်လို့ပဲ"

မရှင်းတတ်အောင် ရှုပ်ထွေးနေသည့် ကြိုးထုံးတစ်ခုမှ ကြိုးစ သူ့အလိုလို ပြေကျလာသကဲ့သို့ပင် ဖြစ်သည်။ ဗိုလ်မှူးကြီးကောက်စ်ပြောခဲ့ဖူးသော စကားတစ်ခွန်း၏ အရင်းအမြစ်ကို အမှတ်မထင် ကျွန်ုပ်စမ်းသပ်မိနေလေပြီ။

"မင်းညီမင်းသားတွေကို သုတ်သင်နေကြပြီလို့လည်း ကြားရော၊ ကျုပ်တို့မှာ ပြေးစရာပုန်းစရာမရှိတော့အောင် ကြောက်လန့်ကုန်ကြတာပေါ့၊ ကျုပ် မယ်တော်သနပ်စည်မိဖုရားလည်း ကျုပ်လက်ကိုဆွဲပြီးဘယ်သွားပုန်းရမှန်း မသိ၊ ယောက်ယက်ခတ်နေတုန်းမှာ သီပေါဘုရင်ဆီက အမိန့်လာတယ်၊ မသေဘဲကျန်တဲ့ မင်းသားတွေကို စာရင်းပေးကြဆိုပြီး နောင်တော်ကိုယ်တိုင် အဲဒီစာရင်းကို စစ်တယ်၊ ကျုပ်ရယ်၊ ကျပင်းမင်းသားရယ်၊ပျဉ်းမနားမင်းသားရယ်၊ မြင်စိုင်းမင်းသားရယ်၊ လယ်ကြားမင်းသားရယ် ကလေးတွေပေါ့။

"အားလုံး ငါးယောက်၊ ကျုပ်တို့ကို နောင်တော်ရဲ့အမိန့်နဲ့ဘေးကင်းအောင်ခေါ်ထုတ်ပြီး ဘုန်းတော်ကြီးကျောင်းမှာ သင်္ကန်းဝတ်ခိုင်းခဲ့တယ်၊နောင်တော်ကြောင့်သာ ကျုပ်တို့အသက်ချမ်းသာရာ ရခဲ့တာ၊ ကျုပ်တို့ကိုနောင်တော်ကယ်ခဲ့တာ၊အဲဒီနန်းတွင်းလုပ်ကြံသတ်ဖြတ်မှုကြီးမှာနောင်တော်လုံးဝမပါဘူး၊ သူ့အမိန့်လုံးဝမဟုတ်ဘူး၊ သူတောင်မှ နောက်ကျပြီး သိခဲ့ရလို့ အင်မတန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲ ထိခိုက်သွားတယ်၊ ဒါပေမဲ့ လက်လွန်ပြီးကြပြီမို့ သူလည်း ဘာမှ မတတ်နိုင်တော့ဘူး”

ဝမ်းနည်းတုန်လှုပ်စရာအဖြစ်ဆိုးကြီးထဲမှ စိတ်သက်သာဖွယ်ဖြစ်ရပ် ကလေးတစ်ခုဖြစ်တော့သည်။ မည်းမှောင်သော တိမ်တိုက်မှာပင် ငွေရောင် အနားကွပ်ရှိတတ်ချေသည်။

“နောင်တော်က တကယ်ကို နူးညံ့ပျော့ပျောင်းသူပါ မစ္စတာဂူးလက်ချန်း၊ သူကယ်တင်ခဲ့တာ ကျုပ်တို့ မင်းသားလေးတွေတင်မဟုတ်ဘူး၊ ရနောင်ကိုယ်တော်ကြီးဆိုတာ ရှိတယ်၊ ဒီပုဂ္ဂိုလ်ကို ကျုပ်တော့ သဘောမကျပါဘူး၊ ထားပါတော့၊ အဲဒီမင်းသားကြီးရဲ့ သမီးတော်လေးတစ်ပါးဟာ လုပ်ကြံမှုကြီးပေါ်ပေါက်တုန်းက အခါလည်သမီးလေးပဲ ရှိသေးတယ်။

“ဒီကလေးကိုလည်း နောင်တော်ကယ်ခဲ့တာပဲ၊သမီးတော်ကလေးကို မိန်းမစိုး မောင်မှဲ့ဆိုတဲ့ လူတစ်ယောက်ကို ခေါ်ခိုင်းပြီး တောင်တွင်း စစ်ကဲဦးမြစ်တို့ လင်မယားကို လက်သပ်မွေးအထိန်းခိုင်းခဲ့တယ်၊ ဒီကလေးလည်း အသက်ချမ်းသာရာရခဲ့တယ်၊ဒီအကြောင်းကိုကျုပ်မယ်တော်သနပ်စည်မိဖုရားကိုယ်တိုင်ပြောပြလို့ ကျုပ်သိထားတာပဲ”

သင့်တော်လောက်ပေပြီ။ ပြည့်စုံပြီဖြစ်သည်။ သီပေါဘုရင်၏ ပယောဂမပါဟု သိရလျှင် ကျွန်ုပ်ကျေနပ်ပြီ။ ထိုလုပ်ကြံမှုကြီးဘယ်သူ့ကြောင့် ဘာကြောင့် ဖြစ်ပွားသလဲ ဆိုခြင်းကို ကျွန်ုပ်ဆက်မသိချင်တော့။ ကြေကွဲဖွယ်အဖြစ်ဆိုးကြီးကို ပြီးခဲ့သည့်အတိုင်း ရှိစေတော့။

မြင်းလှည်းသည် သံပုရာပင်တောအုပ်သို့ ရောက်လာသည်။ မကြာမီ စံအိမ်တော်သို့ ဝင်တော့မည်။ စံအိမ်တော်နှင့် ကိုက်လေးရာဝေးသော ဘေကာ ဘန်ဂလိုတွင် ကောလင်းမင်းသား ဆင်းမည်ဖြစ်သည်။ ကျွန်ုပ်ကမူ သာသနာပြု ရိပ်သာတွင် ကြိုဆင်းရမည်။

သာသနာပြုရိပ်သာဝင်းရှေ့တွင် မြင်းလှည်းရပ်သည်။ ပစ္စည်းများချနေစဉ် ကောလင်းမင်းသားက လက်မြှောက်ပြလျက်–

“မစ္စတာဂူးလက်ချန်း၊ ခင်ဗျားအားရင် ဒီည ဘေကာဘန်ဂလိုကို လာခဲ့ပါလား၊ ကျုပ်တို့ လက်ဖက်ရည်သောက်ရင်း စကားပြောကြရအောင်”

“ကျွန်တော်လာခဲ့ပါမယ် မင်းသား”

မြင်းလှည်း ဆက်မောင်းသွားသည်။

ဖြူစင်သော စေတနာ၏ ရောင်ပြန်ရိုက်ခတ်မှုကို ကျွန်ုပ်ယုံကြည်လိုက်ပေပြီ။ မှန်ပြောင်းလေးတစ်လက်အတွက် ပြန်လည်ရရှိလိုက်သော ‘ကျေးဇူးတုံ့’ ကား အဖိုးမဖြတ်နိုင်ပါတကား။

www.burmeseclassic.com

www.burmeseclassic.com

[ ၃၅ ]

ရေအေးအေးဖြင့် တဝကြီးစိမ်ချိုးပစ်လိုက်သည်။

ထို့နောက် ကုတ်၊ လည်စည်းစသည်ဖြင့် ဝတ်စုံမဝတ်တော့ဘဲမီးခိုးရောင် သားမွေးဆွယ်တာ အပါးစားကို ထုတ်ပြီး ဘေကာဘန်ဂလိုဘက်သို့ လမ်းလျှောက်လာခဲ့သည်။ ကောလင်းမင်းသား၏ ဖိတ်ကြားချက်အရ လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောကြမည်။ စံအိမ်တော်သို့ ဝင်ခြင်း မဟုတ်သောကြောင့် ဝတ်စုံပြည့်ဝတ်ရန် မလိုတော့ပေ။

သာသနာပြုရိပ်သာနှင့် ဘေကာဘန်ဂလိုမှာ ကိုက်အနည်းငယ်သာ ဝေးသည်။ လမ်းကလေး၏ တစ်ဖက်တစ်ချက်၌ အဖြူရောင်ပန်းပွင့်ကလေး များ ရှိသော ချုံကလေးများက မြေတွင်ကပ်လျက် ပေါက်နေကြသည်။ ညနေ ခင်းလွန်စ နေ့အလင်းတို့ ချုပ်ကွယ်စအချိန်တွင် ဤလမ်းကလေး၌ လမ်း လျှောက်ရသည်မှာ ကြည်နူးစရာကောင်းလှပေသည်။

ပြားပြားဝပ်နေသည့် ပန်းချုံကလေးများဆီက သင်းပျံ့သော အနံ့ သည် တစ်ချက်တစ်ချက် လွင့်ဝဲလာသည်။ တောစံပယ်နံ့ဖြစ်မည်။ ပန်းအ ကြောင်းကို ကျွန်ုပ် သိပ်မသိလှ။ သို့သော် သင်းပျံ့အေးချမ်းသောဤအနံ့တွင် ရိုးသားဖြူစင်မှုရှိသည်ဟု ထင်မိသည်။

မြေဝပ်ငှက်ကလေးများက ကျွန်ုပ်ရှေ့လမ်းကြောင်းရှိ ချိုင့်ခွက်များ ထက်မှ ထပျံသွားကြသည်။ အချို့ငှက်ကလေးများကလည်းလမ်းဘေးရှိသစ် ပင်များပေါ်မှ တကျစ်ကျစ်အော်မြည်နေကြသည်။ သူတို့ချင်း အိပ်တန်းတက် ကာနီး နှုတ်ဆက်ကြခြင်း ဖြစ်ပေမည်။ သို့သော် 'ဂူးလက်ချန်းရေ မင်းနောက် တစ်ခေါက် ရောက်လာပြန်ပြီလား' ဟူ၍ကျွန်ုပ်ကိုခွန်းဆင့်ကြိုနေကြသည်ဟု ပင် စိတ်ကူးယဉ်ပစ်လိုက်သည်။

တစ်ယောက်တည်းရှိခြင်း၏ ပြည့်စုံမှုကို ကျွန်ုပ်ရရှိနေသည်။

သို့သော် ထိုပြည့်စုံမှုထဲ၌ပင်လျှင် လစ်ဟာနေသော နေရာလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



နေရာတော့ ရှိနေနိုင်သည်။ လစ်ဟာနေသော ထိုနေရာလေးကို စိတ်ကူးဖြင့် မိမိဘာသာ မိမိဖြည့်သွင်းလိုက်သောအခါ ပြည့်စုံမှုကို ပြန်လည်ရရှိလာပြန်သည်။ ကျောက်မျက်ကောင်းတို့တွင် အနာအဆာကလေးတစ်ခုခုတော့ ရှိစမြဲဟု ကြားဖူးသည်။ ကျောက်မျက်ရတနာများကို ကျွန်ုပ်မကျွမ်းကျင်။ သို့သော် နေရာလေးတစ်ခု လစ်လပ်လျက်ရှိခြင်းသည်ပင်လျှင်ကောင်းမြတ်သောပြည့်စုံမှုတစ်ခုဟု ကျွန်ုပ်ထင်သည်။

ထိုကွက်လပ်ကလေးသည် . . .

'မပိုးဖြူ' ပင် ဖြစ်ရပေမည်။

အိပ်တန်းတက်ငှက်မောင်နှံတို့ကိုသစ်ကိုင်းထက်၌တွေ့ရသောအခါ မိမိအတွက် လွမ်းမောရသလို သူတို့အတွက် ဝမ်းသာကြည်နူးမိနေသည်။

ချစ်စဖွယ် သနားစဖွယ် မပိုးဖြူလေးအပေါ်သံယောဇဉ်နှောင်ဖွဲ့မိနေသော ကျွန်ုပ်၏အဖြစ်မှာ အလွန်ရိုးစင်းစွာဖြင့် ထူးဆန်းနေသလားမသိ။ မပိုး ဖြူကို ချစ်ခင်မိခြင်း၌ စိုးရိမ်ပူပန်မှု၊အားငယ်ကြေကွဲမှုများနှင့်ဖွဲ့စည်းထားသော အနာဂတ်ကာလသည် ပျောက်ဆုံးနေသည်။ ချစ်မိနေခြင်းဟူသော ပစ္စုပ္ပန်သာ ရှိသည်။နှလုံးသွေးမှတစ်ပေါက်ပေါက်ကျနေသောအချစ်၏အသံကို ရင်ထဲမှကြားနေရခြင်းသည်ပင်လျှင်မြတ်နိုးဖွယ်ကာလအပိုင်းအခြားလေး ဖြစ်လေသည်။

အနောက်ဘက်ကောင်းကင်၌ နောက်ဆုံးနေခြည်လက်တံများ ချုပ်ငြိမ်းသွားချိန်နှင့် အရှေ့ဘက်ကောင်းကင်၌ ပထမဆုံးလရောင်ခြည်များယက်ဖြာလာချိန်လေးတွင် ဘေကာဘန်ဂလိုကိုလှမ်းမြင်နိုင်သည့်လမ်းကွေ့ကလေးသို့ ကျွန်ုပ်ချိုးကွေ့လိုက်သည်။

ဘေကာဘန်ဂလိုသည် ဩလ်ထရန်ဟောစံအိမ်တော်လောက်မကြီးသော်လည်း ပို၍ ဥရောပဆန်သည်။ဆင်ဝင်ထုတ်ထားပုံမှာအဆောက်အဦး၏ပုံစံကို ပို၍ သွက်လက်စေသည်။မူလပိုင်ရှင်မှာဆာဟက်ဗ်ဘာစကာဆိုသူဖြစ်ပြီး အစိုးရက သူ့ထံမှ ငှားရမ်းထားခြင်း ဖြစ်သည်။

အနောက်ဆန်ပြီး ပုံစံသွက်သော ဗိသုကာလက်ရာရှိသည့် ဤဗန်ဂလိုတိုက်သည် ကောလင်းမင်းသားနှင့် အလွန်လိုက်ဖက်သောအဆောက်အဦး ဖြစ်လေသည်။

ကျောက်စရစ်လမ်းအတိုင်း တက်သွားပြီးနောက်ဆင်ဝင်အောက်သို့ ရောက်သည်။ ကျွန်ုပ်ကို မြင်သောအခါ တိုက်ထဲမှ လူတစ်ယောက်သည်လှေကားထစ်များအတိုင်း ခပ်သုတ်သုတ်ဆင်းလာသည်။ သူကား ကောလင်းမင်းသား၏ အမှုထမ်း မြန်မာတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စကားတတ်ဟန်မတူသော ထိုအမှုထမ်းသည်ကျွန်ုပ်ရှေ့တွင် ခပ်ရို့ရို့ရပ်၍ စာတစ်စောင် ထုတ်ပေးသည်။ စာအိတ်မပါသော စာရွက်ချည်းဖြစ်သည်။

ကမန်းကတန်း ရေးသွားရဟန်တူသော လက်ရေးများဖြင့် . . .

**မိတ်ဆွေကြီးမစ္စတာဂူးလက်ချန်း**

လက်ဖက်ရည်ပွဲပြင်ပြီးမှ နောင်တော်နဲ့ မယ်မယ်ဘုရားကြီးက အခေါ်လွှတ်လိုက်လို့ စံအိမ်တော်ထွက်သွားရသည်။ အရေးကြီး အမြန်လာတဲ့။ ဘာအကြောင်းမှန်း ကျုပ်လည်း မသိပါ။ ခင်ဗျား စံအိမ်တော်ကို လိုက်ခဲ့စေချင်သည်။

**ကောလင်း**

စာရွက်ကို ဆွယ်တာအကျႌကြားထဲထိုးထည့်ကာ စိုးရိမ်ပူပန်စွာဖြင့် ကျွန်ုပ်လှည့်ထွက်ခဲ့သည်။ အသက်အရွယ်ကြီးမြင့်အိုမင်းပြီဖြစ်သော ဆင်ဖြူရှင်မိဖုရားကြီးတစ်ခုခု ဖြစ်လေသလား။ စုဖုရားလတ်မိဖုရားပင်လျှင် နေမကောင်းဖြစ်သည်လား။ သို့မဟုတ် သီပေါဘုရင်ကိုယ်တိုင်ပင်လား။

မပြေးရုံတမယ် ခြေလှမ်းသွက်သွက် ကျဲကျဲလျှောက်ခဲ့သည်။

ဘုရားသခင်တန်ခိုးတော်ဖြင့် ဘယ်သူမှ ဘာမှ မဖြစ်ကြပါစေနှင့်။

စံအိမ်တော် ဝင်းပေါက်ရှိ အစောင့်ရုံထဲမှ ညတာဝန်ကျအစောင့်က ကျွန်ုပ်မှန်းသိသောအခါ လက်ပြ၍ ဝင်ခွင့်ပေးသည်။မီးရောင်များခပ်အုပ်အုပ်လင်းနေသော လေးထောင့်တိုင်ခုံကြီးများဆီသို့ ကျွန်ုပ်အမြန်ဆုံးလျှောက်ခဲ့သည်။

လေးထောင့်တိုင်ကြီးများ၏ အရိပ်မည်းမည်းကြီးများကြောင့် မီးရောင်မှာ ပို၍ ချည့်နဲ့နေသည်။ ထိုမီးရောင်အောက်တွင်လူရိပ်သဏ္ဍာန်များဖြင့် ရှုပ်ယှက်ခတ်နေသည်။ အလွန်တိတ်ဆိတ်နေရမည့် ဤအချိန်မျိုးတွင် ဘာကြောင့် စံအိမ်တော်၌ လူတွေ ဝင်လိုက်ထွက်လိုက် လုပ်နေရသနည်း။

သူတို့အနီးသို့ ကျွန်ုပ်ရောက်သွားသည်။

မြန်မာအမှုထမ်းများကို တွေ့ရသည်။ သူတို့ခေါင်းပေါ်မှာ၊ ပခုံးပေါ်မှာ အထုပ်အပိုးတွေ သေတ္တာကြီးငယ်တွေကို ရွက်လျက်၊ ထမ်းလျက် စံအိမ်တော် အပြင်သို့ သယ်ထုတ်နေကြလေသည်။ အထဲဝင်သွားကြသူများ၊အပြင်ထွက်လာကြသူများ၊ ပစ္စည်းချသူများဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

"ဒီမှာ ဘာတွေဖြစ်နေကြတာလဲ. . ."

ဟု အနီးက လူတစ်ယောက်ကို ကျွန်ုပ်လှမ်းမေးလိုက်သော်လည်း ထိုသူက မကြားချေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ကြားထဲမှ ဖြတ်သန်းလျက် စကြ်ံလမ်းအတိုင်းကျွန်ုပ်ဝင်လာခဲ့သည်။ ကောလင်းမင်းသားနှင့် တွေ့မှဖြစ်မည်။ မစ္စတာအောလ်ဘွန်း၏ ရုံးခန်းရှေ့သို့ ရောက်သည်။ ရုံးခန်းထဲမှ မီးရောင်သည် ဆင်နားရွက်တံခါးမှ တစ်ဆင့် စကြ်ံလမ်းပေါ်သို့ ဖြာကျနေသည်။ တံခါးပေါက်စောင့်ကကျွန်ုပ်ကို မြင်သော်လည်း မည်သို့မှ အနှောင့်အယှက်မပြု။ ထိုစဉ်မှာပင် ဆင်နားရွက်တံခါးပွင့်လာကာ အထဲမှ ကောလင်းမင်းသားထွက်လာလေသည်။

"မင်းသား၊ ဘာတွေဖြစ်နေကြတာလဲ"

"အား . . . မစ္စတာဂူးလက်ချန်း၊ ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ၊ ကျုပ်စာ ရတယ်မဟုတ်လား"

"ရပါတယ်၊ အခုဒီမှာက . . ."

"ကျုပ်ပြောတဲ့အတိုင်းပဲလေ. . .၊ မယ်မယ်ဖုရားကြီးနဲ့ နောင်တော်တို့ အကြီးအကျယ်စကားများကြတယ်၊ တကျက်ကျက်နဲ့ စကားများနေကြတာတော့ ကြာပြီ၊ အခုဟာကတော့ အတော်ကို ပြင်းထန်တယ်၊ အစ်မတော်ဖုရားပါ ဒီရန်ပွဲထဲဝင်လာတော့ ပိုပြီးပြင်းထန်သွားတယ်"

အစ်မတော်ဖုရားဟု ကောလင်းမင်းသားခေါ်သူမှာ စုဖုရားလတ်မိဖုရားကြီးပင် ဖြစ်သည်။

ကောလင်းမင်းသားက ရုံးခန်းထဲသို့ တစ်ချက်လှမ်းကြည့်ကာ လေသံကို နှိမ့်လျက်. . .

"ကျုပ်တို့ ဟိုဘက်ထောင့်ချိုးမှာ သွားစကားပြောကြရအောင်"

အထဲမှာ မစ္စတာအောလ်ဘွန်းရှိနေခြင်းကြောင့် ဖြစ်ပေမည်။

စကြ်ံလမ်းထောင့်ချိုးသို့ ရောက်သောအခါ ကောလင်းမင်းသားက ဝရန်တာအုတ်ခုံပေါ်တွင် လက်ထောက်လိုက်ပြီး . . .

"မယ်မယ်ဖုရားကြီးက တစ်ဘက်၊ နောင်တော်နဲ့ အစ်မတော်မိဖုရားတို့က တစ်ဘက် အကြီးအကျယ်စကားများကြတယ်၊ စကားဝိုင်းမှာ ကျုပ်လည်း ရှိနေတယ်၊ စကားပြန်မောင်ကြီးလည်း ရှိတယ်၊ ဒါပေမဲ့ကျုပ်တို့ဘာမှ ဝင်မပြောရဲဘူး၊ စ,ဖြစ်တာကတော့ ထုံးစံအတိုင်း ဒီမှာနေရတာ အဆင်မပြေကြောင်း၊ ငွေကြေးမလောက်ငကြောင်း ပြောကြရင်းနဲ့ မယ်မယ်ဖုရားကြီးက ငါအခုလို အိုကြီးအိုမရောက်ကာမှ ဒုက္ခဖြစ်ရတာ နင်တို့လင်မယားကြောင့်ဆိုပြီး ပြောချလိုက်တော့တာပဲ၊ အဲဒီမှာ နောင်တော်အံ့အားသင့်ပြီး ထိတ်လန့်သွားပုံရတယ်၊ အစ်မတော်ဖုရားကတော့ ဒီလိုမပြောပါနဲ့ မယ်မယ်၊ ဒါတွေအားလုံး အစကနေ အဆုံးဖြစ်လာအောင် မယ်မယ်လုပ်လိုက်တာပါလို့ပက်ခနဲပြန်ပြောတယ်လေ၊ အဲဒီမှာ ယမ်းပုံမီးကျဖြစ်ကုန်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်သာစွာဖြင့် ကျွန်ုပ်နားထောင်ရလေသည်။

သားအမိနှစ်ယောက် အခြေအတင်ပြောကြရင်းဖြင့် နန်းတွင်းရေး၊ နိုင်ငံရေးပြဿနာများပါလာသည်ဟု ဆိုသည်။ ငြင်းခုန်မှုသည်ပြီးခဲ့သောဖြစ်ရပ်များ၏ ဇာတ်လမ်းအစပိုင်းသို့ ရောက်သွားသည်။

ဗြိတိသျှနှင့် စစ်တိုက်ရေး၊ လက်နက်ချရေးပြဿနာဟောင်းကိုပြန်လည် တူးဖော်ကြသည်။ အင်္ဂလိပ်အောက်ကျရောက်ရသည်မှာ သူ့ကြောင့်၊ ငါ့ကြောင့် အပြန်အလှန်စွပ်စွဲကြသည်။ ထို့အပြင် စကားရန်ပွဲဖြစ်လိုက်ကြသည်မှာ သူပင်မသိလိုက်သော၊ မမီလိုက်သော နန်းတွင်းရေးနှင့် ကိုယ်ရေးကိုယ်တာ ပြဿနာများပါဝင်သည်ဟု ကောလင်းမင်းသားက ပြောပြလေသည်။

"အစ်မတော် မိဖုရားကလည်း တစ်ခွန်းမှ မခံဘူး၊မယ်မယ်ဖုရားကြီးကလည်း စကားလုံးတွေ ပိုပြင်းထန်လာတယ်၊နောက်တော့ဒီရန်ပွဲထဲကိုနောင်တော်လည်း ပါလာတယ်၊ သူ့မိဖုရားဘက်က ရပ်တည်ပြီးပြောတော့မယ်မယ်ဖုရားကြီးကတစ်ဖက် နောင်တော်တို့က တစ်ဖက်ဖြစ်ကုန်ကြတာပေါ့။

"အဲဒီလို ခွန်းကြီးခွန်းငယ် စကားများနေကြတုန်းမှာမစ္စတာအောလ်ဘွန်းလဲ ရောက်လာတယ်၊ မစ္စတာအောလ်ဘွန်းက ဝင်ပြီးဖျန်ဖြေသေးတယ်လေ၊ ဒါပေမဲ့ အစ်မတော်ဖုရားက သူ့ကိုပါ ရှင့်ပါးစပ်ပိတ်ထားစမ်းလို့လှမ်းငေါက်လိုက်တယ်။

"နောက်ဆုံးတော့ဗျာ. . .မယ်မယ်ဖုရားကြီးက သူဒီစံအိမ်တော်မှာ မနေနိုင်ဘူး၊ နောင်တော်တို့နဲ့ ခပ်ကင်းကင်းပဲနေမယ်လို့ တောင်းဆိုတာနဲ့ပဲ မစ္စတာအောလ်ဘွန်းလည်း မယ်မယ်ဖုရားကြီးကို နေရာရွှေ့ပေးဖို့ အစီအစဉ်လုပ်ရတော့တယ်၊ မနက်ကျမှ ပြောင်းကြပါလို့ မစ္စတာအောလ်ဘွန်းက တောင်း ပန်သေးတယ်၊ မရဘူး၊ မယ်မယ်ဖုရားကြီးက အခုချက်ချင်းပြောင်းမယ်ပြောပြီး သူ့ပစ္စည်းတွေကို အသိမ်းခိုင်းတော့တာပဲ"

"ဘယ်ကို ပြောင်းမှာလဲ မင်းသား"

"ခင်ဗျားဆီကို"

"ဘယ်လို"

"ခင်ဗျားနေတဲ့ သာသနာပြုရိပ်သာကိုလေ၊ ကျုပ်က ကျုပ်နေတဲ့ ဘောကာဘန်ဂလိုကို ရွှေ့ခဲ့ဖို့ ပြောသေးတယ်၊ မရဘူး၊ မယ်မယ်ဖုရားကြီးက ညြလ်ထရန်ဟောနဲ့ နီးနီးနားနားမှာကို မနေချင်ဘူးတဲ့၊ ဒါကြောင့် မစ္စတာအောလ်ဘွန်းခမျာလဲ သာသနာပြု ရိပ်သာကို ပြောင်းပေးဖို့ စီစဉ်လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အတူတူ တစ်အိမ်တည်းနေကြပြီး ခုလို တကျက်ကျက် ဖြစ်နေကြတာနဲ့စာရင် ခပ်ကင်းကင်းနေတာ ရှင်းတာပေါ့ဗျာ၊ အင်း . . . မယ်မယ်ဖုရားကြီးကလည်း အဘွားကြီးသာဖြစ်တာ၊ စိတ်က မာန်ကျသေးတာ မဟုတ်ဘူး၊ အစ်မတော်ဖုရားကလည်း အင်မတန်ထက်တာ၊ ခုလို ဖြစ်သွားတာပဲ ကောင်းပါတယ်ဗျာ"

သီပေါဘုရင်၏ မိသားစုအတွင်း ထိုသို့ပဋိပက္ခပေါ်ပေါက်ကြသည်ကို ကျွန်ုပ်စိတ်မကောင်းဖြစ်ရသည်မှာ အမှန်ပင်။ သို့သော်. . .

ဆင်ဖြူမရှင်မိဖုရားကြီး ကျွန်ုပ်နေထိုင်ရာ သာသနာပြုရိပ်သာသို့ ပြောင်းရွှေ့လာခြင်းအတွက်ကားလုံးဝဝမ်းမနည်းမိသည့်အပြင်လုပ်ခနဲရင်ခုန်သွားသည်အထိပင် ဝမ်းသာသွားမိလေသည်။

မပိုးဖြူ၊ ချစ်သော မပိုးဖြူ. . .

သူကလေးသည် ဆင်ဖြူမရှင်မိဖုရား၏ကိုယ်လုပ်တော်ဖြစ်ချေသည်။ ချစ်သူအားနီးနီးကပ်ကပ်မြင်ခွင့်ရတော့မည့်အတွက်ဝမ်းသာမိခြင်းကို တစ်ကိုယ်ကောင်းဆန်သည်ဟုဆိုကြလျှင်လည်း ကျွန်ုပ်ခံရန် အသင့်ပင်ဖြစ်လေသည်။

"ကိုင်း . . . မစ္စတာဂူးလက်ချန်း၊ ခင်ဗျားတော့ မယ်မယ်ဖုရားကြီးနဲ့ တစ်အိမ်တည်း နေရတော့မယ်နော၊ သူဟာ အင်မတန်ထက်မြက်ပြီးမာန်မကျသေးတဲ့ အဘွားအိုတစ်ယောက်ဆိုတာ ကျုပ်ပြောလိုက်ပါပေရဲ့နော်"

"မိဖုရားကြီး စိတ်အနှောင့်အယှက်မဖြစ်အောင် ကျွန်တော် ကြိုးစားနေနိုင်ပါလိမ့်မယ် မင်းသား"

"အင်းလေ. . .တစ်ခုတော့ရှိပါတယ်၊ ခင်ဗျားဟာသူ့ကိုယ်လုပ်တော်တစ်ဦးရဲ့အသက်ကို ကယ်ခဲ့ဖူးတာဆိုတော့၊ ပြီးတော့လည်း အဲဒီတုန်းက ပိုးဖြူ ရဲ့ လက်ထဲမှာ ရတနာသေတ္တာပါခဲ့တာဆိုတော့ ခင်ဗျားအပေါ်မှာ မယ်မယ် မိဖုရားကြီးက သဘောထားကောင်းနိုင်ပါလိမ့်မယ်"

မပိုးဖြူအကြောင်းတွေမိနေသော ကျွန်ုပ်မှာ မင်းသား၏စကားကြောင့် မလုံမလဲဖြစ်သွားရသည်။ ကျွန်ုပ်စိတ်ထဲ၌ ဖြစ်ပေါ်နေသည်များကို သူရိပ်မိသွားပြီလားဟုလည်း စိုးရိမ်မကင်းဖြစ်သွားမိသည်။ သို့သော် ကောလင်းမင်းသား၏ မျက်နှာမှာ တစ်စုံတစ်ရာ ထူးခြားမှုမရှိ။

ထိုသို့ ကျွန်ုပ်မှာ အနေရအထိုင်ရခက်နေစဉ် မစ္စတာအောလ်ဘွန်းသည် ရုံးခန်းဆင်နားရွက်တံခါးကြီးကို တွန်းဖွင့်ကာ ကျွန်ုပ်တို့ရှိရာ စင်္ကြံထောင့်ဆီသို့ လျှောက်လာသည်ကို တွေ့လိုက်ရလေသည်။

အနီးသို့ မရောက်ခင်မှာပင် သူက လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောလင်းမင်းသား သင့်ကို ဆင်ဖြူမရှင် မိဖုရားကြီးက တွေ့ချင်နေတယ်"

"ကောင်းပြီ၊ ကျုပ်သွားလိုက်မယ်၊ ခင်ဗျားဒီမှာပဲ နေရစ်ခဲ့ဦး မစ္စတာ ဂူးလက်ချန်း"

ကောလင်းမင်းသားထွက်သွားသည်။ မစ္စတာအောလ်ဘွန်းက ကျွန်ုပ် နှင့်ဘေးချင်းယှဉ်ရပ်လာသည်။

"မောင်. . .ဒီကို ဘာကိစ္စနဲ့ ရောက်လာသလဲ"

သူထိုသို့ပြောလာမည်ဟု ကျွန်ုပ်မမျှော်လင့်။ သူ့အသံမှာ အရာရှိ တစ်ဦး၏ စစ်ဆေးသံမျိုး။

"ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးမှာ မောင်ဘာကြောင့် ဒီကိုရောက်လာသလဲ"

"မစ္စတာအောလ်ဘွန်း၊ ကျွန်တော်နဲ့ ကောလင်းမင်းသား ဘေကာ ဘန်ဂလိုမှာ လက်ဖက်ရည်သောက်ဖို့ ချိန်းထားကြတယ်၊ ကျွန်တော်ဘေကာ ဘန်ဂလိုကို ရောက်သွားတော့ ဒီကိုလိုက်လာဖို့ သူကစာရေးမှာခဲ့တယ်၊ ဒါကြောင့် ရောက်လာတာပဲ၊ ဒါဟာ အပြစ်ရှိနေသလားလို့ သိချင်တယ်"

ဘေးချင်းယှဉ်ရပ်နေရာမှ ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်သို့ သူရွှေ့ရပ်သည်။ သူ့ထံမှ အရက်နံ့ရသည်။ အသက်ရှူလည်း မြန်နေသည်။

"ဒီမှာ နန်းကျဘုရင်မိသားစုနဲ့ လိုအပ်တာထက်ပိုပြီး ရင်းရင်းနှီးနှီး မနေဖို့ မောင့်ကို ကျုပ်အကြံပေးချင်တယ်၊ ဥပမာ မှန်ပြောင်းတစ်ခု လက်ဆောင်ပေးတာမျိုးတို့ ဘာတို့ပဲ"

ရင်ထဲမှာ မျက်ခနဲ ဖြစ်သွားသည်။

"မစ္စတာအောလ်ဘွန်းခင်ဗျား၊ သီပေါဘုရင်၊ ပြီးတော့ သူ့မိသားစုနဲ့ တစ်နည်းနည်းအားဖြင့် ပတ်သက်နေသူအတော်များများဟာ ဘုရင်နဲ့သူ့ မိသားစုဆီက တစ်ခုခုကို ယူသွားတတ်တာချည်းပါပဲ၊ ကျွန်တော်ဟာ သူတို့ ဆီက ယူတဲ့သူမဟုတ်ပါဘူး၊ သူတို့ကို တစ်ခုခုပေးနိုင်ဖို့ပဲ ကြိုးစားနေသူပါ"

အရှိုက်ကိုထိသော စကားလုံးဖြစ်ပေမည်။ သူ အားယူ၍ အသက်ရှူ သွင်းလိုက်သံမှာ အတိုင်းသား။

"သူတို့ကို တစ်ခုခုပေးဖို့ ကြိုးစားတယ်ဆိုတဲ့ စကားထဲမှာ၊နိုင်ငံရေး ဆိုတဲ့ စကားတစ်လုံးထည့်လိုက်ရင် ဘယ်လောက်အန္တရာယ်ကြီးမားနိုင်တယ် ဆိုတာ မောင်သိရဲ့လား"

"ကျွန်တော့်ဆီက ပေးမယ့် အကူအညီတွေထဲမှာ နိုင်ငံရေးဆိုတဲ့ စကားလုံးကို ထည့်လို့မရဘူးဆိုတာ မစ္စတာအောလ်ဘွန်းသိပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သင့်ဆရာကကော"

"သူဟာ လူကြီးလူကောင်းပီသတဲ့ ရှေ့နေကောင်းတစ်ယောက်ဖြစ်တယ် မစ္စတာအောလ်ဘွန်း"

ကျွန်ုပ်တို့ နှစ်ဦးသား အတော်လေးကြာအောင် မျက်လုံးချင်း အပြန်အလှန်စိုက်ကြည့်နေမိသည်။နောက်ဆုံးတွင်ဝမ်းခေါင်းသံကြီးဖြင့်ရေရွတ်ကာ သူ့အကြည့်ကို ရုတ်သိမ်းပြီး ချာခနဲ လှည့်ထွက်သွားသည်။ သူ့နောက်ကျောကို အစဉ်တစိုက် ကျွန်ုပ်လိုက်ကြည့်သည်။ တွန်းထိုးတိုက်လျက် ရုံးခန်းထဲ ဝင်သွားသောကြောင့် ဆင်နားရွက်တံခါးမှာ အရှိန်ပြင်းစွာ ယမ်းခါလျက် ကျန် ရစ်ခဲ့လေသည်။

ထိုအချိန်မှာပင် ကောလင်းမင်းသားသည် ကျွန်ုပ်ရှိရာသို့ လျှောက်လာပြန်သည်။ အပြင်သို့ လှုပ်ရမ်းနေသော ဆင်နားရွက်တံခါးတစ်ဖက်ကို သူရှောင်လိုက်ရသည်။

"ကိုင်း . . . မစ္စတာဂူးလက်ချန်း၊ ပစ္စည်းတွေအားလုံး တင်ပြီးကြပြီ၊ သာသနာပြုရိပ်သာကို သွားကြစို့၊ ကျုပ်လည်း ခင်ဗျားတို့နဲ့အတူ လိုက်ခဲ့ရဦးမယ်၊ ဒီတစ်ခါတော့ မပိုးဖြူလည်း ရေနစ်စရာအကြောင်းမရှိတော့ပါဘူး ဟား . . . ဟား . . . ဟား"

ကောလင်းမင်းသားက အမှတ်မထင် နောက်ပြောင်လိုက်ခြင်းဖြစ်သော်လည်း ကျွန်ုပ်မျက်နှာပြင်မှာ မသိမသာထူအမ်းသွားသည်ဟု ထင်ရလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၃၆ ]

အသည်းနှလုံးသည် မောပန်းနွမ်းနယ်လျက် ရှိလေသည်။

ဆင်ခြင်တုံတရားနှင့် ခံစားမှုဝေဒနာတို့က နှလုံးကို တစ်ဘက်တစ်ချက်စီမှနေ၍တင်းကျပ်စွာချည်နှောင်ဆွဲငင်နေကြသည်။ဆင်ခြင်တုံတရား၏ကြိုးမှာ ထူထဲတုတ်ခိုင်၍ အင်အားကောင်းလှသည်။ သို့နှယ်ပင်ခံစားမှုဝေဒနာ၏ ကြိုးမှာလည်း သေးမျှင်ပါးလျားသော်ငြား စွမ်းအင်ကြီးမားလှသည်။

အပြန်အလှန်ဆွဲငင်ကြသော အင်အားချင်းက တူမျှကြလေရာယင်းတို့၏ မဏ္ဍိုင်ပြုရာဖြစ်သော နှလုံးသားသည် မောပန်းနွမ်းနယ်လျက်ရှိသည်။

ဆင်ဖြူမရှင်မိဖုရားကြီး၏ ကျွန်ုပ်အပေါ်ဆက်ဆံရေးမှာကောလင်းမင်းသားပြောသလို ဖြစ်မလာခဲ့ပေ။ တစ်ချိန်ကတန်ခိုးအာဏာအလွန်ကြီးမားခဲ့သည့် ဤမိဖုရားကြီးသည် စုဖုရားလတ်၏ မယ်တော်ပီသလှသည်။

ဆံပင်များ ဖွေးဖွေးဖြူနေပြီး ဇရာ၏ အထိမ်းအမှတ်များဖြင့် အိုမင်းနေပြီဖြစ်သော်လည်း ဤအဘွားအိုကြီးသည် ရာဇာတို့၏ မာန်မာနဖြင့် အမြဲတစေထက်မြက်တက်ကြွလျက်ရှိသည်။

တစ်စုံတစ်ခုကို အမြဲမကျေနပ်ဟန်ဖြင့် သူမ၏ မျက်နှာမှာတင်းမာနေတတ်သည်။ ပါးလှပ်သော နှုတ်ခမ်းမှာလည်း အမိန့်တစ်ခုခုကို ပေးရန်အတွက် အမြဲအဆင်သင့်ဖြစ်နေတတ်သည်။ သူမ၏ အမှုတော်ထမ်း လက်အောက်ငယ်သားများကို ခိုင်းစေရာမှာလည်း အမိန့်အာဏာသံကို အသုံးပြုတတ်သည်။

အမှုတော်ထမ်းများမှာ သူမ၏ ရှေ့တွင် ကြမ်းပြင်ဆီသို့သာ ခေါင်းငိုက်စိုက်ချထားရပြီး ဒူးတုပ်လျက်၊ ဒူးထောက်လျက် နေကြရသည်။ ပြုံးရယ်ခြင်းကင်းသော သူမ၏ မျက်နှာထားကို အဝေးမှသာ ကျွန်ုပ် မြင်ခွင့်ရလေသည်။

ဆင်ဖြူမရှင်မိဖုရားကြီးအနေနှင့် သာသနာပြုရိပ်သာအဆောက်အဦးတွင် အင်္ဂလိပ်တစ်ယောက်နှင့်အတူ နေထိုင်ရခြင်းကို နှစ်မြို့ဟန်မရှိဟုကျွန်ုပ်ထင်မိသည်။ သို့သော် ထိုအင်္ဂလိပ် (ကျွန်ုပ်)ကို လုံးဝ အသိအမှတ်ပြု



www.burmeseclassic.com

www.burmeseclassic.com



ဟန်မပြခြင်းဖြင့် သူမသည် သူမကြိုက်သလို လွတ်လပ်စွာ နေထိုင်ပြသည်။ ကျွန်ုပ်ရှိနေသည်ကိုပင် လုံးဝ လျစ်လျူရှုထားသည့် သဘောပင်။

မိဖုရားကြီးနှင့် အခြွေအရံများက သာသနာပြုရိပ်သာ အဆောက်အဦး၏ အောက်ထပ်တွင် နေရာယူကြသည်။ ယင်းမှာလည်း မိဖုရားကြီး၏ အစီအမံပင်ဖြစ်သည်။

အပေါ်ထပ်မှာနေလိုပါက ကျွန်ုပ်အောက်ထပ်သို့ ဆင်းပေးပါမည်ဟု ကောလင်းမင်းသားမှတစ်ဆင့် ကျွန်ုပ်ပြောခဲ့သေးသည်။ ထိုအချိန်ထိ ကျွန်ုပ် သည် မြန်မာစကားကို အသုံးမပြုသေးချေ။

ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ မိဖုရားကြီးမှ တစ်ခုခုမေးမြန်းလာသောအခါမှ မြန်မာလိုပြောလိုက်မည်။ ထိုအခါ မြန်မာစကားပြောတတ်သော အင်္ဂလိပ်တစ်ယောက်အဖြစ် မိဖုရားကြီးက ခင်မင်နှစ်လိုသွားမည်ဟူ၍ဖြစ်သည်။ သို့သော် ထိုရည်ရွယ်ချက်မှာ ပျက်ပြားသွားခဲ့ရလေသည်။

အောက်ထပ်သို့ ပြောင်းနေပေးပါမည်ဟူသော ကျွန်ုပ်၏ကမ်းလှမ်းချက်ကို မိဖုရားကြီးက ပြတ်သားစွာတုံ့ပြန်ခဲ့သည်။

"တက်ရ ဆင်းရနဲ့ အလုပ်ရှုပ်တယ်၊ ပြီးတော့ ငါတို့နေထိုင်ဖို့အတွက်ကို ဘယ်သူ့ဆီကမှ ပြောင်းနေပေးတာတွေ ဘာတွေ အကူအညီမလိုချင်ဘူး"

မိဖုရားကြီးကို စိတ်မဆိုးနိုင်သော်လည်း ထိုသို့သော တင်းမာသည့် ဆက်ဆံမှုကြောင့် ကျွန်ုပ်မှာ စိတ်မကောင်းဖြစ်ရလေသည်။ ကျေးဇူးတုံ့ကို မမျှော်လင့်သော်လည်း ပြေပြစ်သော ဆက်ဆံမှုကို မရသည့်အတွက်ကား ကျွန်ုပ် စိတ်ထိခိုက်မိသည်မှာ အမှန်ပင်။

မပိုးဖြူကို သက်စွန့်ဆံဖျား ကယ်ဆယ်ခဲ့စဉ်က ကျွန်ုပ်သည်မပိုးဖြူမှန်းလည်း မသိခဲ့။ ဆင်ဖြူမရှင် မိဖုရားကြီး၏ ကိုယ်လုပ်တော်မှန်းလည်း မသိခဲ့။ ထို့အပြင် မပိုးဖြူလက်ထဲ၌ မိဖုရားကြီး၏ အဖိုးတန်ရတနာများ ထည့် ထားသော သေတ္တာတစ်လုံးပါသည်ကိုလည်း မသိခဲ့။

သို့သော် ထိုအချက်များကို ထောက်ထားလျက် မိဖုရားကြီးသည် ကျွန်ုပ်အပေါ် မျက်နှာသာပေးနိုင်ကောင်းမည်ဟုကား မျှော်လင့်မိခဲ့သည်။ ထို မျှော်လင့်ချက် ပျက်ပြားသွားခြင်းနှင့်အတူ အလွန်ဝမ်းနည်းဖွယ် အခြင်းအရာ တစ်ရပ်ကိုလည်း ကျွန်ုပ်တွေ့လိုက်ရလေတော့သည်။

ယင်းကား အခြားမဟုတ်။

ရတနာဂီရိဆိပ်ကမ်းတွင် မပိုးဖြူက ကျွန်ုပ်ကို သူတို့မြန်မာဓလေ့အရ အသက်သခင်ကျေးဇူးရှင်အဖြစ် လက်အုပ်ချီကန်တော့ခဲ့သောအဖြစ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့လက်အုပ်ချီကန်တော့ရန်ဆင်ဖြူမရှင်မိဖုရားကြီးကအမိန့်ပေးခဲ့ခြင်းဖြစ်သည်။ ယင်း၏ နောက်ကွယ်မှ မိဖုရားကြီး၏ သဘောထားကို ယခုမှ ပင် ကျွန်ုပ်နားလည်မိတော့သည်။ အသက်ကို ကယ်ဆယ်ခြင်းသည် အလွန် ကြီးမားသော ကျေးဇူးဖြစ်ချေသည်။

ထိုကျေးဇူးတရားကို တုံ့ပြန်ရန်အတွက် မိဖုရားကြီးသည် အမြင့်ဆုံးသော ပေးဆပ်နည်းကို အသုံးပြုခဲ့ပေသည်။ တကယ်တမ်းတွေးကြည့်ပါက လူမျိုးခြားတစ်ယောက်ဖြစ်သော ထိုထက်မူ အင်္ဂလိပ်တစ်ယောက်ဖြစ်သော ကျွန်ုပ်ကို လက်အုပ်ချီကန်တော့လိုက်ခြင်းမှာ အလွန်သဘာဝမကျသော ကိစ္စပင်ဖြစ်သည်။

သို့သော် တစ်ချိန်တည်းမှာပင် ထိုပေးဆပ်နည်းကို အဆုံးစွန်သော ပေးဆပ်နည်း၊ သို့မဟုတ် နောက်ထပ်မည်သို့သောနည်းလမ်း တစ်ခုခုမျှထပ်မံလိုက်ပါစရာမရှိအောင် အကုန်အစင် တုံ့ပြန်လိုက်သော နည်းပင်ဖြစ်တော့သည်။

မိဖုရားကြီး၏ တင်းမာသော မျက်နှာထား၏ အဓိပ္ပာယ်ကို ယခုမှ ပင် ကျွန်ုပ်တွေ့ရှိသဘောပေါက်လိုက်သည်။

"ဒီမယ်မစ္စတာ၊ အင်္ဂလိပ်တစ်ယောက်ဖြစ်တဲ့ မင်းကို တို့မြန်မာယဉ်ကျေးမှုဓလေ့ထုံးစံနဲ့အမြင့်ဆုံး၊ ပြီးတော့ အပေးနိုင်ဆုံး ကျေးဇူးတုံ့ပြန်ခဲ့ပြီးပြီ၊ နောက်ထပ်ဘာမှ ပေးဆပ်စရာ၊ ပတ်သက်စရာ မလိုတော့ဘူး" ဟူ၍. . .

ထိုအခါ. . .

သာသနာပြုရိပ်သာ အဆောက်အဦးတွင် တစ်မိုးအောက်ထဲမှာ အတူတကွ ရှိကြပါလျက်နှင့် ကျွန်ုပ်နှင့် ဆင်ဖြူမရှင်မိဖုရားကြီးအကြားမှာ ဝေးခြင်း မကဝေးလျက်နေပေသည်။

ထို့အတူပင်. . .

အာဏာစက်ပြင်းလှသော ထိုမိဖုရားကြီး၏ ကိုယ်လုပ်တော်တစ်ဦးဖြစ်သည့် မပိုးဖြူနှင့်လည်း ကျွန်ုပ်မှာ ဝေးခြင်းမက ဝေးလျက်ရှိတော့သည်။

သို့ရာတွင် လုပနနယ်၍ ပိုးကောင်လေးတစ်ကောင်လို သနားစရာကောင်းသော ဤမိန်းမချောလေးအား နေ့စဉ် အဝေးမှမြင်တွေ့နေရခြင်းသည် ကျွန်ုပ်၏ နှလုံးသားကို သိမ်မွေ့ပူပြင်းသော မီးတောက်များဖြင့် မစဲတမ်းလောင်မြိုက်စေလေသည်။

ထိုအခါတွင် ဆင်ခြင်တုံတရားနှင့် ခံစားမှုဝေဒနာတည်းဟူသော ခွန်အားကောင်းသည့် ကြိုးနှစ်ချောင်း၏ အပြန်အလှန် တုပ်ချည်ဆွဲငင်မှုအောက်တွင် နှလုံးသားသည် မောပန်းနွမ်းနယ်လျက် နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တုံတရားက ဆိုသည်။

"ဂူးလက်ချန်းရေ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ လက်တွေ့ကျကျ စဉ်းစားစမ်း၊ မင်းက အင်္ဂလိပ်တစ်ယောက်၊ ပြီးတော့ အလွန်ကြီးလေးတဲ့ တာဝန်တွေနဲ့ လှုပ်ရှားနေရသူတစ်ယောက်၊ မပိုးဖြူက မြန်မာမကလေး၊ ပြီးတော့ သူ့အရှင်သခင်တွေရဲ့ အမိန့်အာဏာအောက်မှာ ရှင်သန်နေရတဲ့သူ၊ မင်းနဲ့ မပိုးဖြူဟာ လူမျိုးချင်းလည်း မတူ၊ ဘာသာအယူဝါဒချင်းလည်းမတူ၊ ဘဝချင်းလည်းမတူ၊ အစစအရာရာဘာမှ မတူကြတဲ့သူနှစ်ဦး၊ သာသနာပြု ရိပ်သာ အဆောက်အဦးမှာ အတူတူနေကြရတဲ့အဖြစ်ကိုပဲ မင်းစဉ်းစားကြည့် စမ်း၊ အမိုးတစ်ခုတည်းအောက်မှာပဲ အလွန့်အလွန်ဝေးကွာနေကြတယ် မဟုတ်လား၊ မင်းမမိုက်ချင်စမ်းပါနဲ့ ဂူးလက်ချန်း"

ထိုအခါ ခံစားမှုဝေဒနာက ပြန်ဆိုသည်။

"အဲဒါတွေ အားလုံးမှန်ပါတယ်၊ ဒါပေမဲ့ မပိုးဖြူကို ချစ်တယ်"

◆

www.burmeseclassic.com

www.burmeseclassic.com



[ ၃၇ ]

အိန္ဒိယသမုဒ္ဒရာဆီတွင် မုန်တိုင်းလှိုင်းလေလုံးဝကင်းစင်သွားပြီဖြစ်သလို အိန္ဒိယတစ်ပြည်လုံးမှာလည်း မိုးရာသီချုပ်ငြိမ်းသွားပြီဖြစ်သည်။ ထိုနည်း တူရတနာဂီရိမှာလည်း မိုးသားတိမ်တိုက်များ၊ လေပြင်းများမှ လုံးဝလွတ်မြောက်ကာ သာယာကြည်လင်သော ဆောင်းရာသီကို ရောက်ရှိလာပြီဖြစ်လေသည်။

သို့သော် အပြင်းထန်ဆုံး မိုးသက်မုန်တိုင်းနှင့် ကြီးမားသော လှိုင်းလုံးကြီးများသည် ရတနာဂီရိမှတစ်ခုသောနေရာတွင်ဖြစ်ပေါ်ကျန်ရစ်ခဲ့သည်။

ထိုနေရာကား ကျွန်ုပ်၏ ရင်တွင်းမှာ ဖြစ်လေသည်။

ရှုပ်ထွေးခြင်း၊ မရေရာ မပြတ်သားခြင်း၊အင်အားနည်းပါးခြင်း၊မျှော်လင့်ချက် မှေးမှိန်ခြင်း၊ အထီးကျန်ဆန်ခြင်း စသော မိုးသက်မုန်တိုင်းများက ကျွန်ုပ်၏ ရင်ထဲသို့ တစ်ခုပြီးတစ်ခု ဆင့်ကဲ ဆင့်ကဲ ဝင်ရောက်နေကြသည်။

နေရာတိုင်းတွင် ရှုံးနိမ့်ခြင်း၏ အငွေ့အသက်ကို ခံစားနေရသည်။

ကျွန်ုပ်တို့အမှုကိစ္စမှာ ယခုတိုင် ရေရေရာရာ အဖြေမပေးနိုင်သေးဘဲ ရှိနေသည်။ ကပ္ပတိန်ပေါလ်ဝဲမှတစ်ဆင့် လူကြုံပါးလိုက်သော ဆရာအက်ဂျလောင်း၏ စာအရ ရတနာဂီရိသို့ သူလာခွင့်မရသေးကြောင်း သိရသည်။

မစ္စတာအောလ်ဘွန်းနှင့် အခြားအစိုးရပိုင်းဆိုင်ရာ ထိပ်တန်းပုဂ္ဂိုလ်ကြီးများက မည်မျှအထိ တားဆီးပိတ်ဆို့ထားသည်မသိရ။ ဘုရင်ခံချုပ်နှင့် ဘုံဘေဘုရင်ခံတို့သည် ဆရာ၏ လျှောက်လွှာကို လက်မှတ်မထိုးဘဲ ထားသည်။ သီပေါဘုရင်၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရဖို့ ဝေးစွ၊ ရတနာဂီရိကိုပင် ဆရာလေ့လာခွင့်မရဖြစ်နေသည်။

ကျွန်ုပ်အား လက်ထောက်ရှေ့နေအဖြစ် ရှေ့ပြေးစေလွှတ်ထားခြင်းသည်ပင်လျှင် အလွန်ကံကောင်းထောက်မစွာ ရထားသော အခွင့်အရေးဟု ဆိုရတော့မလို ဖြစ်နေသည်။ ဗိုလ်မှူးကြီးကောက်စ်၊ မဟာဝန်ရှင်တော်မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပရောပတ်စသော ကျောထောက်နောက်ခံများကြောင့်သာ ကျွန်ုပ်သည် ရတနာဂီရိတွင် နေခွင့်ရနေခြင်း ဖြစ်သည်။

ရတနာဂီရိတွင် ထိုသို့ ကျွန်ုပ်အား 'လွတ်' ပေးထားခြင်းမှာ အခြားအကြောင်းများလည်းရှိမည်ဟု ကျွန်ုပ်တွက်မိသည်။ ဤအစီအမံသည် မစ္စတာအောလ်ဘွန်း၏ အကြံဖြစ်ပေမည်။

ဤနေရာတွင် အကြောင်းနှစ်ချက်ရှိသည်။ ပထမအကြောင်းမှာ ကျွန်ုပ်သည် အရေးပါအရာရောက်သော ရှေ့နေကြီးတစ်ယောက်မဟုတ်၊ သီပေါဘုရင်အတွက် လိုက်ပါဆောင်ရွက်ရာတွင် အချက်အလက်များကိုလေ့လာရန် ရှေ့ပြေးလွှတ်ထားသော သာမန်အလုပ်သင်လက်ထောက်ရှေ့နေလေးတစ်ယောက်သာ ဖြစ်သည်ဟု အာဏာပိုင်များကယူဆထားကြဟန်တူသည်။

ငယ်ရွယ်၍ အတွေ့အကြုံလည်းမရှိ၊ အောင်မြင်ကျော်ကြားခြင်းလည်းမရှိသောရှေ့နေပေါက်စတစ်ယောက်သည်အရေးထားစရာမဟုတ်၊ဘာမှထိထိရောက်ရောက်လှုပ်ရှားနိုင်ခြင်းရှိမည်မဟုတ်ဟုသူတို့တွက်ထားကောင်းတွက်ထားကြပေမည်။

ဒုတိယအကြောင်းမှာ ကျွန်ုပ်ကို အတွေ့အကြုံမရှိသည့်မနူးမနပ်ရှေ့နေလေးတစ်ယောက် သို့မဟုတ် ငယ်ရွယ်၍စိတ်လိုက်မာန်ပါလုပ်တတ်သည့်လူတစ်ယောက်ကို 'လွှတ်' ပေးထားခြင်းဖြင့် ဘုံဘေမှဆရာအက်ဂျလောင်း၏ခြေလှမ်းကို သူတို့က သဲလွန်စကောက်ကြပေမည်။

ကျွန်ုပ်လှုပ်ရှားမှုမှန်သမျှကို မစ္စတာအောလ်ဘွန်းသည် အမြဲစုံစမ်းထောက်လှမ်းနေရင်း ကျွန်ုပ်ထံမှ ကျွံထွက်လာမည့် 'အစွန်း' များကို ကြည့်ပြီးတကယ့်ရှေ့နေကြီး ဆရာအက်ဂျလောင်းကို 'ကိုင်' နိုင်ဖို့ အကွက်ကောင်းများရရှိနိုင်ကြပေမည်။

ကျွန်ုပ်ကား ရတနာဂီရိတွင် အထူးအခွင့်အရေးတစ်ရပ်ဖြင့် နေထိုင်လှုပ်ရှားခွင့် ရရှိနေခြင်းမဟုတ်။ 'တည်ကြက်' အဖြစ်စောင့်ကြည့်ခြင်းခံရသောသတ္တဝါတစ်ဦးမျှသာ ဖြစ်လေမည်။

ဤအကြောင်းနှစ်ချက်အားဖြင့် ရတနာဂီရိတွင် ကျွန်ုပ်နေထိုင်ခွင့်ရခြင်းဖြစ်သည်ဟု စဉ်းစားမိသောအခါများတွင် ကျွန်ုပ်၏ စိတ်သည်သိမ်ငယ်လာကာ မိမိကိုယ်မိမိ ယုံကြည်မှုလည်း နည်းပါးလာသည်။

တစ်ဘက်လူ၏ ထိုသေနင်္ဗျူဟာကို သိထားပြီးသားအနေဖြင့် ကျွန်ုပ်သူတို့တွက်ထားသည့်အတိုင်း ခပ်လျှိုလျှိုနေထိုင်ရင်း မိမိလုပ်စရာရှိသည်များကို လုပ်ခွင့်ရမည်ဆိုပါကလည်း မထောင်းသာသေး။ ရန်သူ၏အထင်သေးခြင်းသည်လည်းမိမိအတွက်အခွင့်ကောင်းတစ်ခုဖြစ်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လက်တွေ့အခြေအနေများတွင် ကျွန်ုပ်သည် စိတ်ရှိတိုင်း လှုပ်ရှားခွင့်မရ ဖြစ်နေပြန်သည်။ သီပေါဘုရင်သည် ကျွန်ုပ်ကိုပုဂ္ဂိုလ်ရေးအရ လိုလားနှစ်ခြိုက်ဟန်ရှိစေကာမူ အမှုကိစ္စများ၊ တရားဥပဒေကြောင်းများအရ ယုံကြည်အားကိုးဟန် မရှိချေ။

စံအိမ်တော်သို့ ဝင်ပြီး သူနှင့် စကားပြောခွင့်ရသော အချိန်များတွင် သူသည် ကျွန်ုပ်ကို ကောင်းစွာလက်ခံတွေ့ဆုံသည်ကားမှန်သည်။ သူခံစားနေရသော အလိုမပြည့်မှုများ၊ သူကြုံတွေ့ရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းပြောသည်လည်း မှန်သည်။

သူသိလိုသောအကြောင်းအရာများကို ရင်းရင်းနှီးနှီးမေးလေ့ရှိသည်လည်း မှန်သည်။ သို့သော် သူသည် တရားဥပဒေအကြောင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်ကို အကူအညီတောင်းခံခြင်း၊ အကြံဉာဏ်ရယူခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းကားမပြု။

သူပြောဆိုသမျှတို့မှာ ပုဂ္ဂိုလ်ရေးသာများသည်။ အမှုကိစ္စနှင့် သိပ်မဆိုင်လှ။ မစ္စတာဖရက်ဒရစ်အက်ဂျလောင်း၏လက်ထောက်တစ်ယောက်ဟု သူသိထားသော်လည်းကျွန်ုပ်ကိုအားကိုးထိုက်သည့်ရှေ့နေတစ်ယောက်အဖြစ် သူ လက်ခံပုံမရချေ။

သူ့ဘက်က လိုက်ပါဆောင်ရွက်ပေးမည့်ဥပဒေသမားတစ်ဦးအဖြစ် သူယုံကြည်ပုံမရချေ။

ထိုသို့ဖြစ်ရသည်မှာ ဘာကြောင့်လဲဟုလည်း ကျွန်ုပ်တိတိကျကျ မသိ။ ကျွန်ုပ်၏ ငယ်ရွယ်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သမားဂုဏ်မပြတတ်သော ကျွန်ုပ်၏ အနေအထိုင်အပြုအမူများကြောင့်လည်း ဖြစ်နိုင်သည်။

သီပေါဘုရင်သည် ကျွန်ုပ်ကို အထင်သေးဟန်မရှိသော်လည်း အထင်ကြီးပုံမရသည်ကား အမှန်ဖြစ်သည်။ သို့တည်းမဟုတ် သီပေါဘုရင်၏ စရိုက်သဘာဝကပင်လျှင် သူတစ်ဘက်သားအပေါ်၌ ယုံကြည်ကိုးစားမှု မထား ချင်တော့အောင် ပြောင်းလဲသွားပြီလားမသိ။

ဆရာအက်ဂျလောင်းကိုသာယုံကြည်ကိုးစားပြီးဆရာရောက်အလာကို မျှော်လင့်ကြီးစွာ စောင့်စားနေခြင်းကြောင့် ကျွန်ုပ်ကို အရေးမထားလောက်စရာအဖြစ် မြင်နေတာလည်း ဖြစ်နိုင်သည်။

မည်သို့ဖြစ်စေ အမှုကိစ္စနှင့်ပတ်သက်၍လည်းကျွန်ုပ်၏အခြေအနေမှာ မရေမရာနိုင်လှသည်။

ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော ကောလင်းမင်းသားလို ပုဂ္ဂိုလ်မျိုးက ပင်လျှင် ကျွန်ုပ်သည် ဘုရင့်အမှုကိစ္စများကို ကူညီဆောင်ရွက်ရန် ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ရှေ့နေတစ်ဦးဖြစ်သည်ဆိုသော အချက်ကို မေ့နေဟန်ရှိသည်။

ကောလင်းမင်းသားအနေဖြင့် ကျွန်ုပ်အား ခင်မင်ရင်းနှီးစွာ ဆက်ဆံသည်မှာ သံသယဖြစ်စရာမရှိ။ သို့သော် သူသည်ပင်လျှင် ကျွန်ုပ်ကို လူငယ်တစ်ယောက်၊ သူတစ်ပါးကိုအကူအညီပေးတတ်သူတစ်ယောက်၊စိတ်သဘောရိုးဖြောင့်သူတစ်ယောက်အဖြစ်သာ လက်ခံထားသည်။

ထို့ထက်ပို၍ သူသည် ကျွန်ုပ်ကို သူ့နောင်တော်နှင့် အစ်မတော်မိ သားစုအား အကူအညီပေးနိုင်မည့် ရှေ့နေတစ်ယောက်အဖြစ် မြင်ပုံမရချေ။

"ကျုပ်တွေ့ဖူးတဲ့ နိုင်ငံခြားသားထဲမှာ ခင်ဗျားကတော့ စိတ်သဘောထား ကောင်းသူတစ်ယောက်ပေပဲ မစ္စတာဂူးလက်ချန်း" ဟုသာ သူပြောတတ်သည်။

သည်မျှသာဖြစ်သည်။

သူ့ကို မှန်ပြောင်းလက်ဆောင် ပေးဖြစ်သည့်အခေါက် ဘုံဘေမှ ကျွန်ုပ်ပြန်လာစဉ်က. . .

"မစ္စတာဂူးလက်ချန်း၊ ခင်ဗျားကို နောင်တော်နှင့်အစ်မတော်ဖုရားတို့က သိပ်တွေ့ချင်နေကြတယ်"

ဟု ပြောဖူးသည်။ သူ့စကားအရ ဝမ်းသာအားရဖြင့် ကျွန်ုပ် စံအိမ်တော်သို့ ဝင်ခဲ့သည်။

သီပေါဘုရင်နှင့် မိဖုရားကြီးစုဖုရားလတ်တို့နှစ်ပါးစုံညီ ကျွန်ုပ်တွေ့ခွင့်ရခဲ့သည်။ မိဖုရားကြီးကပင်လျှင် ကျွန်ုပ်ကို ဒိုင်ခံ၍ မေးခွန်းများမေးသည်။

အလွန်နာမည်ကြီးသော စုဖုရားလတ်မိဖုရားကို ပထမဆုံးအကြိမ်တွေ့ခွင့်ရခဲ့သည့်အတွက် ကျွန်ုပ်စိတ်လှုပ်ရှားနေခဲ့သည်။

ချောမောလှပသော မိန်းမတစ်ယောက်ဟု မဆိုနိုင်သော်လည်း စုဖုရားလတ်၏ ရုပ်ရည်အသွင်အပြင်မှာ တစ်ဘက်သားကို အလွန်သြဇာတိက္ကမလွှမ်းမိုးတတ်သော ခွန်အားများဖြင့် ပြည့်စုံနေသည်။သူမ၏မျက်လုံးနက်များမှာ စူးရှပြီးလူတစ်ယောက်ကို ကြည့်လျှင် မရွေ့မလျား စူးစိုက်ကြည့်တတ်သည်။

အမှုကိစ္စနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ လှုပ်ရှားပြင်ဆင်ထားသမျှကို စုံစုံစေ့စေ့အသိပေးလိုက်မည်ဟု ကျွန်ုပ်ရည်ရွယ်ထားခဲ့သည်များမှာ စုဖုရားလတ်မိဖုရားကြီး၏ ပထမဆုံးမေးခွန်းကြောင့် အားလျော့ပျက်ပြယ်သွားခဲ့ရသည်။

မိဖုရား၏ မေးခွန်းမှာ. . .

"သင့်ဆရာရှေ့နေကြီး ဘယ်တော့လာနိုင်မလဲဆိုတာ မောင်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားက သိပ်သိချင်နေတယ်၊ သင့်ဆရာကို မောင်တော်က သိပ်တွေ့ချင်နေတယ်၊ သင့်ဆရာ မလာနိုင်သေးဘူးလား၊ ဘာကြောင့် မလာနိုင်သေးတာလဲ"

ဟူ၍ ဖြစ်လေသည်။

စိတ်အားငယ်စွာဖြင့်ပင်ကျွန်ုပ်ဆရာမလာနိုင်သေးသည့်အခက်အခဲများကို ဖြေကြားလိုက်သည်တွင် မိဖုရားက ဆက်မေးခဲ့သည်။

"ဘုရင်ခံချုပ်နဲ့ ကျုပ်တို့တိုက်ရိုက်တွေ့ချင်တယ်၊ တွေ့လို့ရအောင် သင်တို့လုပ်ပေးနိုင်မလား"

ယခုလောလောဆယ်တွင် မဖြစ်နိုင်သေးကြောင်း၊ အခြေအနေပေးပါက ကြိုးစားမည်ဖြစ်ကြောင်း၊ ကျွန်ုပ်အနေအထားမှာ ဘုရင်ခံချုပ်နှင့်တွေ့ခွင့်ရရေးအထိ လုပ်ပိုင်ခွင့်မရှိကြောင်း၊ အမှန်အတိုင်း ပြန်ဖြေရင်း ကျွန်ုပ်မှာ သိမ်ငယ်စွာဖြင့် မျက်နှာအောက်ချနေမိခဲ့လေသည်။

ဆရာအက်ဂျလောင်းဆိုလျှင် မိဖုရား၏ ထိုမေးခွန်းကို ဝင့်ဝင့်ကြွားကြွားဖြင့် ဖြေကောင်းဖြေလိုက်ပေမည်။ မိမိအမှုသည်၏အထင်ကြီးမှုကိုဆရာမဖြစ်ဖြစ်သည့်နည်းဖြင့် ရယူပေလိမ့်မည်။ ကျွန်ုပ်မှာမူကား အဝါးမဝသေးသော ရှေ့နေပေါက်စတစ်ဦး ဖြစ်နေသောကြောင့်လားမသိ။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့ကဲ့သို့သောအမှုသည်မျိုးအားပကတိအရှိထက်ပို၍ပြောချင်စိတ်လုံးဝမရှိခဲ့။

ထိုအပြင် လိမ်ညာလုည့်ဖြားမှုအတော်များများနှင့် ကြုံတွေ့ခဲ့၊ ကြုံတွေ့ဆဲဖြစ်သော ဘုရင်နှင့်မိသားစုအပေါ် ကျွန်ုပ်သည်လိမ်လည်ကြွားဝါခြင်းကို မပြုရက်နိုင်ခဲ့ပေ။

ထို့ကြောင့်ပင် ကျွန်ုပ်အား အထင်သေးစေချင်လည်း သေးစေတော့ဟူသော သဘောဖြင့် ထိုသို့အမှန်အတိုင်း ပြောခဲ့ခြင်းဖြစ်လေသည်။

မိဖုရားကြီးကား ကျွန်ုပ်၏အဖြေပေါ်တွင် စိတ်ပျက်သွားပုံရလေသည်။ ထိုအချိန်မှစ၍ စံအိမ်တော်သို့ နောက်ထပ် ဝင်ခွင့်ရသောအခါများ၌ ကျွန်ုပ်သည် မိဖုရားကြီးနှင့် မဆုံဖြစ်ခဲ့တော့။ မဆုံဖြစ်ခဲ့တော့ဟု ဆိုခြင်းထက် မိဖုရားကြီးသည် ကျွန်ုပ်ကို ထွက်မတွေ့တော့ဟု ဆိုခြင်းက ပိုမှန်ပေမည်။

သည်သို့ဖြင့်ပင် ကျွန်ုပ်သည် မိမိကိုယ်မိမိ ဂုဏ်မြောက်သော ရှေ့နေတစ်ဦး သို့မဟုတ် ဉပဒေသမားတစ်ဦးဟုတ်မှဟုတ်ရဲ့လားဟုသံသယများ အတောမသတ်အောင် ဝင်လာခဲ့လေသည်။

ဤသို့သော မှုန်ဝါးခြင်း၊ မရေရာမပြတ်သားခြင်း၊ အားနည်းရီဝေခြင်း၊ မျှော်လင့်ချက်မေးမှိန်ခြင်းများ ဖြစ်ပေါ်နေခဲ့ရာတွင် အခြားအခြေအနေများထက် ပို၍ဆိုးသော အခြေအနေတစ်ရပ်ကလည်း ပေါ်ပေါက်ခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကား . . .မပိုးဖြူ၊ ချစ်သော မပိုးဖြူနှင့်ပတ်သက်သော အခြေအနေပင်တည်း။

မိမိကိုယ်မိမိ ယုံကြည်မှုများ လျော့ပါးလာချိန်တွင် မပိုးဖြူအပေါ် တွယ်တာနှောင်ဖွဲ့မိလေသော အချစ်က တစ်စတစ်စ ကြီးမားလာနေသည်။ ထိုအခါ ထွေပြားတိမ်းမူးသောအတွေးတို့ဖြင့် နှလုံးသားသည် နာကျင်ရလေသည်။

မပိုးဖြူအကြောင်းတွေးမိတိုင်း ရတနာဂီရိဆိပ်ကမ်းတွင် ရေများရွှံ့နှစ်နေသည့်ကြားမှ ဆင်ဖြူမရှင်မိဖုရားကြီး အမိန့်ဖြင့် ကျွန်ုပ်ရှေ့တွင် ဒူးတုပ်၍ ကျုံ့ကျုံ့ကလေးထိုင်နေသော သူ့အသွင်ကို မြင်ယောင်လာသည်။

လုပနက်မှောင်သော မျက်လုံးရွဲကြီးများထဲမှ ထိတ်လန့်တုန်လှုပ်နေရှာသောအကြည့်၊ အပြစ်ကင်းစင်သည့် အကြည့်၊ ပန်းကလေးတစ်ပွင့်၊ အဖူးအငုံလေးတစ်ခုပမာနွယ်သော အလှ။

အားငယ်နေသော ထိုအလှသည် ကျွန်ုပ်ရင်ထဲသို့မည်သို့သောတန်ခိုးများဖြင့် ခွန်အားကြီးစွာ တွန်းထိုးဝင်ရောက်ခဲ့လေသနည်း။ အချစ်ဆိုသောအရာကို ဘာမှ နားမလည်ခဲ့သော ကျွန်ုပ်၏ နှလုံးသားသည် အဘယ်ကြောင့် ထိုတစ်နိုင်ငံ မြို့ငယ်ခြား တစ်ပြည်သူ မြန်မာမိန်းကလေးကိုမှ စွဲလမ်းတပ်မက်ရလေသနည်း။

ဆင်ဖြူမရှင် မိဖုရားကြီး သာသနာပြုရိပ်သာအဆောက်အဦးသို့ ပြောင်းရွှေ့လာပြီးသည့်နောက်တွင် ကျွန်ုပ်သည် မပိုးဖြူကို စကားပြောခွင့်ရဖို့ ကြိုးစားခဲ့လေသည်။ အဆောက်အဦးတစ်ခုထဲတွင် အပေါ်ထပ်နှင့်အောက်ထပ်နေရသူများအဖို့ ထိုအခွင့်အရေးရရန်မှာ သိပ်ခက်ခဲလိမ့်မည်မဟုတ်ဟု ကျွန်ုပ်မျှော်လင့်ဝမ်းသာခဲ့သေးပေသည်။

သို့သော် မျှော်လင့်မထားသော အခက်အခဲကြီးနှင့် ကြုံလာရတော့သည်။

မပိုးဖြူသည် အလွန်သစ္စာရှိသော ကိုယ်လုပ်တော်တစ်ယောက်ဖြစ်ကြောင်း၊ ဆင်ဖြူမရှင်မိဖုရားကြီး၏ လက်သပ်မွေးကိုယ်လုပ်တော်မိန်းကလေးများတွင် သစ္စာအရှိဆုံး၊ အကျိုးနွံဆုံးဖြစ်သောကြောင့် ရတနာပုံနေပြည်တော်ရွှေနန်းတော်မှ ထွက်ခွာခဲ့ရသည့်အချိန်မှစ၍ သူမရအရ ခေါ်ဆောင်ခဲ့ကြောင်းနောက်အစဉ်တစိုက်လည်း မိဖုရားကြီးက မိမိနှင့်အတူသွားလေရာခေါ်ဆောင်ခဲ့ကြောင်းများကို ကောလင်းမင်းသားထံမှ ကျွန်ုပ်သိခွင့်ရခဲ့သည်။

ဆင်ဖြူမရှင်မိဖုရားကြီးတွင် ကိုယ်လုပ်တော်မိန်းကလေးများရှိရာ၌ မပိုးဖြူသည် သစ္စာအရှိဆုံးဖြစ်သောကြောင့် အခြားအလုပ်များကိုမလုပ်စေဘဲ



www.burmeseclassic.com

www.burmeseclassic.com



မိဖုရားကြီး၏ ဘဏ္ဍာထိန်းအဖြစ် နေရာပေးထားကြောင်း၊ မိဖုရားကြီးပါလာသော ရွှေငွေကျောက်မျက်ရတနာများကို မပိုးဖြူတစ်ဦးတည်းသာ ထိန်းသိမ်းကိုင်စွဲခွင့်ရကြောင်းများကိုလည်း ကျွန်ုပ်ထပ်သိလာရလေသည်။ ဤအချက်မှာလည်း သံသယဖြစ်စရာမရှိ။ မပိုးဖြူကို ကျွန်ုပ်ကယ်တင်ခဲ့စဉ်က မိန်းကလေးသည် ရတနာသေတ္တာကို လက်မှမလွှတ်သောကြောင့် သေတ္တာအလေးချိန်ဖြင့် ရေနစ်သွားခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် ဆင်ဖြူမရှင်မိဖုရားကြီးသည် မပိုးဖြူကို အချိန်ပြည့်အနားမှာ နေစေခဲ့လေသည်။ ထိုအခါ တင်းမာပြတ်သားလှသော မိဖုရားကြီး၏ အုပ်ချုပ်မှုအောက်မှ မပိုးဖြူကို ကျွန်ုပ် စကားပြောခွင့်ရဖို့ဝေးစွ။ အဝေးမှ ကြည့်မြင်နိုင်ဖို့ပင် အခွင့်အလမ်းက လွန်စွာနည်းပါးခဲ့လေသည်။

ထို့ထက်မူ ဆင်ဖြူမရှင်မိဖုရားကြီးသည် သူမ၏ထီးနန်းရေးနှင့်သူမ၏ ဘဝအပြောင်းအလဲများကြောင့် အင်္ဂလိပ်များအပေါ် အလွန်မုန်းတီးနေသည်လားမသိ။သာသနာပြုရိပ်သာအဆောက်အဦး၏အပေါ်ထပ်တွင်ကျွန်ုပ်နေသည့်အခန်းသို့ ကျွန်ုပ်အဆင်းအတက်ပြုရာတွင်မလွှဲမရှောင်သာသူတို့နေသော အောက်ထပ်၏ အပြင်ဘက်စင်္ကြံလမ်းကို ကျွန်ုပ်အသုံးပြုရလေရာထိုအချိန်များတွင် ကျွန်ုပ်နှင့်မဆုံမိအောင် ရှောင်နေတတ်သည်။ မတော်တဆဆုံမိပါကလည်း မိဖုရားကြီး၏မျက်နှာမှာတင်းမာသွားကာသိသိသာသာကြီးပင် တစ်ဘက်သို့ မျက်နှာလွှဲသွားတတ်သည်။

ထိုအခါအင်္ဂလိပ်လူမျိုးတစ်ယောက်ဖြစ်ရခြင်းကိုကျွန်ုပ်ဝမ်းမနည်းသော်လည်း ကျွန်ုပ်တို့ ဗြိတိသျှများနှင့် မြန်မာတို့အကြား ဖြစ်ပေါ်ရ သောအခြေအနေအတွက်ကား များစွာစိတ်မကောင်းဖြစ်ရပေသည်။

မပိုးဖြူလိုအရေးကြီးသော သစ္စာရှိ ကိုယ်လုပ်တော်တစ်ယောက်၏အသက်နှင့် ရတနာသေတ္တာကို ကယ်ခဲ့ဖူးသော ကျေးဇူးရှင်တစ်ယောက်အနေနှင့် နေရာတစ်ခုခုယူရန်ကိုလည်း ကျွန်ုပ်အလိုမရှိပေ။

အကယ်၍ ထိုသို့အခွင့်အရေးရအောင်ကျွန်ုပ်ကကြိုးစားလျှင်လည်း မိဖုရားကြီးသည် ကျွန်ုပ်ကို ပြင်းထန်စွာ တုံ့ပြန်လိမ့်မည်သာ ဖြစ်ပေသည်။ မပိုးဖြူအား လက်အုပ်ချီကန်တော့ခိုင်းခဲ့ခြင်းဖြင့် မိဖုရားကြီးသည် ကျွန်ုပ်၏ဆက်သွယ်နိုင်စရာလမ်းစမှန်သမျှတို့ကို အပြီးအပိုင် ဖြတ်တောက်ခဲ့ပြီး ဖြစ်လေသည်။

ပိတ်ပင်တားဆီးခြင်းခံရသောအနေအထား၌ကျွန်ုပ်၏စဉ်းစားတွေးခေါ်နိုင်မှုက အလိုက်သင့် ဖြေသိမ့်ယူတတ်သော်လည်း နှလုံးသားကမူကား

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပင်တားဆီးမှုကြီးမားလေလေ ပိုမိုရုန်းကြွ တွန်းကန်လေလေ ဖြစ်လာခဲ့လေသည်။

အခြားအကြောင်းအရာများကို မေ့ဖျောက်လျက် မပိုးဖြူအကြောင်းကိုသာ တွေးမိသောအခါများတွင် ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင်မိုက်မိုက်ကန်းကန်းစွန့်စားပစ်လိုက်ချင်သည့် ဆန္ဒများက ပြည့်လျှံသွားကြသည်။

ထိုဆန္ဒမှာ အခြားမဟုတ်။ သီပေါဘုရင်နှင့် မိသားစုကိုလည်းကောင်း၊ ဆရာအက်ဂျလောင်းနှင့်အမှုကိစ္စများကိုလည်းကောင်း၊ဝစ္စဒမ်ဗီလာနှင့် ဂူးလက်ချန်းဆိုသော ဘဝကိုလည်းကောင်းရှိရှိသမျှ ခပ်သိမ်းကို စွန့်ပယ်လျက် မပိုးဖြူကို မရအရခေါ်ဆောင်ကာ အားလုံးနှင့် ကင်းဝေးလွတ်မြောက်ရာ အရပ်သို့ ထွက်ပြေးသွားချင်သည့် ဆန္ဒပင်ဖြစ်သည်။

သို့သော် ထိုသို့မလုပ်နိုင်အောင် တုပ်ချည်ထားကြသည့်အကြောင်းများက ခိုင်ခန့်လှချေသည်။ ထိုအကြောင်းများတွင် သီပေါဘုရင်နှင့်မိသားစုပြဿနာ၊ ဆရာ့မျက်နှာနှင့် အမှုကိစ္စ၊ ကျွန်ုပ်၏ ဘဝနှင့်ဂုဏ်သိက္ခာတို့ပါဝင်ကြရာ အဓိကအကြောင်းမှာ ချစ်သော မပိုးဖြူကို မထိခိုက်စေလိုသောအချက် ဖြစ်နေကြောင်း အံ့သြစွာ ပြန်လည်တွေ့ရှိလိုက်ရလေသည်။

ဤသို့ဖြင့်ပင် ဝေဒနာတို့၏ ဗဟိုချက်မအဖြစ်အသည်းနှလုံးသည်လေးလံသိပ်သည်းလွန်းသော ဖြစ်ရပ်များ၊ ခံစားမှုများကို မထွေးနိုင်မအန်နိုင်သိမ်းဆည်းရန် တစ်ချိန်တည်းမှာပင် ပို၍ပို၍ ကြီးမားလာသော တွယ်တာနှောင်ဖွဲ့မှုများကို ပေါက်ပွားစေရင်းဖြင့်ကျွန်ုပ်၏ရင်တွင်းဝယ်မိုးသက်မုန်တိုင်းလေရိုင်းများက ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

◆

# [ ၃၈ ]

ရတနာဂီရိ၏ ဆောင်းဝင်စ အခါသည်ဆေးရောင်မှေးမှိန်ပြယ်လွင့်နေသော ရှေးဟောင်းပန်းချီကားကြီးတစ်ချပ်နှင့်တူနေသည်။ မိုးရာသီတုန်းက လန်းဆန်းခဲ့သော သစ်ပင်တောတောင်တို့သည် ဆောင်းဦးအလင်းဓာတ်အောက်တွင် တောက်ပသင့်သလောက် တောက်ပမနေကြချေ။

ဩလ်ထရန်ဟောလ်စံအိမ်တော်၊ ဘေကာဘန်ဂလိုနှင့်သာသနာပြုရိပ်သာအဆောက်အဦး သုံးနေရာတို့မှာလည်း ယခုတလော အဝင်အထွက်ရှုပ်နေသည်။ ပြည်ပသူစိမ်းဧည့်သည်များတော့ မဟုတ်။ ဘုရင့်မိသားစုနှင့် မစ္စတာအောလ်ဘွန်း၏အမှုထမ်းများဖြစ်သည်။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့နှစ်ဦးသာ အပြင်သို့ လုံးဝမထွက်ဘဲ စံအိမ်တော်ထဲမှာပင် နေကြသည်။ သမီးတော်လေးများကမူ ခြေခင်းလက်ခင်းသာလာသည်နှင့် မြင်းလှည်းဖြင့် အပြင်ထွက်လည်ကြသည်။

သို့သော် သူတို့မှာ သွားစရာနေစရာ များများရှိလှသည်ကားမဟုတ်ချေ။ တစ်ခါတစ်ရံ သာသနာပြုအဆောက်အဦးရှိ သူတို့၏ ဘွားတော်ဘုရားကြီးထံ လာလည်တတ်ကြသည်။ သမီးတော်လေးများ သွားလေရာသို့ အတူတကွ လိုက်ပါစောင့်ရှောက်သူမှာ မားဂရက်အောလ်ဘွန်းပင် ဖြစ်လေသည်။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့ပြီးလျှင် အပြင်သို့ မထွက်သလောက် အိမ်တွင်းအောင်းနေသူမှာ စုဖုရားကြီးဖြစ်သည်။ ဆင်ဖြူမရှင်မိဖုရားကြီး၏ သမီးတော်ကြီးဟုပင် ယုံရန်ခက်လောက်အောင်အလွန်အေးဆေးသော စုဖုရားကြီးသည် သာသနာပြုရိပ်သာရှိ သူမ၏အခန်းတွင်းကပင် မထွက်ဟု ကျွန်ုပ်ထင်သည်။

ရိပ်သာအဆောက်အဦး၏ ပန်းခြံသို့မဟုတ် ဆင်ဝင်စသောနေရာများသို့ ထွက်သည်ပင် ကျွန်ုပ်မမြင်ဖူးချေ။ စုဖုရားကြီးသည်ကား ကြီးမားသော အကြောင်းတစ်ခုကြောင့် တစ်လောကလုံးကို ဥပေက္ခာပြုထားသော



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားတစ်ဦးဖြစ်မည်ဟု ကျွန်ုပ်တွေးမိလေသည်။ သို့သော် ထိုအကြောင်း အရင်းကိုကား ကျွန်ုပ်မသိချေ။

မစ္စတာအောလ်ဘွန်းသည် သူ၏လက်ထောက် ပုလိပ်အရာရှိငယ်များ ခြံရံလျက် ဩထရန်ဟောလ်၊ ဘေကာဘန်ဂလိုနှင့် သာသနာပြုရိပ်သာ နေရာသုံးခုသို့ တစ်နေရာဝင် တစ်နေရာထွက် လှည့်လည်စစ်ဆေးနေသည်။

ဘေကာဘန်ဂလိုတွင် တည်လျက်ရှိသော ရေခဲစက်မှာပြီးစီးသွားပြီ ဖြစ်သည်။ ကိုက်လေးရာကွာသော စံအိမ်တော်နှင့် ဘေကာဘန်ဂလိုကြားတွင် ဝင်းခြံတစ်ခြံခတ်လျက် ဝက်များမွေးထားရာ ထိုမွေးမြူရေးမှာလည်း စတင်အကောင်အထည်ပေါ်နေပြီ ဖြစ်လေသည်။

စံအိမ်တော်ကို တာဝန်ယူရသော ဆရာဝန်ကသီပေါဘုရင်သည် ဆားနယ်ဝက်ပေါင်သားကို အလွန်စားတတ်ကြောင်းကျန်းမာရေးထိခိုက်မည် စိုးသဖြင့် အသင့်အတင့်လောက်သာစားရန်အကြံပေးသော်လည်းသီပေါဘုရင်က မလိုက်နာကြောင်း၊ မြန်မာဘုရင်နှင့်မိဿားစုသည် သူနှင့်သူ၏ သမားအတတ်ပညာကို ယုံကြည်ပုံမရဘဲ မြန်မာဆေးဝါးများကိုသာ မှီဝဲနေကြကြောင်း ညည်းညူ၍ ကျွန်ုပ်ကို ပြောပြလေသည်။

ရတနာဂီရိတွင် ရာသီဥတု ခြေခင်းလက်ခင်းသာလာသည်နှင့်အမျှ အင်္ဂလိပ်လူမျိုးနှင့် အခြားဥရောပတိုက်သားအချို့လည်းလာရောက်လည်ပတ်စ ပြုလာကြသည်။

သူတို့တစ်တွေမှာ အများအားဖြင့် အိန္ဒိယပြည်သို့ အပျော်ခရီးထွက်ကြရင်းဖြင့် မြန်မာနိုင်ငံမှ နန်းကျဘုရင်နှင့် မိဿားစုတို့ နေထိုင်လျက်ရှိသော ရတနာဂီရိကို စိတ်ဝင်စားကာ လာရောက်ကြခြင်း ဖြစ်လေသည်။

ဘုံဘေအစိုးရကလည်း ဧည့်သည်များကို စိစစ်၍ ရတနာဂီရိသို့ သွား ခွင့်ပြုခဲ့ရာ ဧည့်သည်အများစုမှာ အစိုးရအာဏာပိုင်အဖွဲ့များမှ ထိပ်တန်းပုဂ္ဂိုလ် များ၏ ဆွေမျိုးသားချင်းများသာ ဖြစ်သည်။

မည်သို့ရှိစေ ရတနာဂီရိတွင် သတ်မှတ်ပေးထားသော 'ဥရောပရပ်ကွက်' ၌ လူစိမ်းများ အဝင်အထွက်များလာခြင်းကို မစ္စတာအောလ်ဘွန်းက သိပ်သဘောမကျကြောင်း ထင်ရှားပေသည်။

ဥရောပရပ်ကွက်သို့ ဧည့်သည်များ ရောက်လာရာတွင်ယဉ်ကျေးမှုထုံးစံအတိုင်း ပါတီပွဲများလည်း အကြောင်းအမျိုးမျိုးကို အခြေခံလျက် ပေါ်ပေါက်လာကြသည်။

ပါတီပေးသူများကလည်း ကျွန်ုပ်အကြောင်းကို ဘုံဘေနှင့် ကာလကတ္တားတွင် ကြားသိခဲ့ကြသောကြောင့် ကျွန်ုပ်မှာလည်း မလွဲမရှောင်သာ



www.burmeseclassic.com

www.burmeseclassic.com



ထိုပါတီပွဲများသို့ တက်ရောက်နေရသည်။

ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် ဖိတ်ကြားခြင်းခံရသည့်အတွက် ပါတီတစ်ခုသို့ တက်ခဲ့ပြီးနောက်တွင် နောက်ထပ်ပါတီများကိုလည်း မတက်မဖြစ် တက်နေရသည်။

သမီးတော်လေးများကို အင်္ဂလိပ်စာ သင်ပေးနေသည့် မားဂရက်အောလ်ဘွန်းသည်လည်း သူသံယောဇဉ်ရှိသော သမီးတော်များကို အတူခေါ်ကာ ပါတီများကို တက်နေသည်။

ထို့ကြောင့် မားဂရက်နှင့် ကျွန်ုပ်မှာ မကြာခဏ ဆုံဖြစ်ကြသည်။ ဆရာမကောင်းတစ်ယောက်ပီသသောမားဂရက်နှင့်ဆုံရလေတိုင်းကျွန်ုပ်သည် နှစ်ယောက်သော သူတို့ကိုသာ သတိရနေမိသည်။

ထိုနှစ်ယောက်ကား မစ္စတာအောလ်ဘွန်းနှင့် မပိုးဖြူတို့ ဖြစ်လေသည်။

မားဂရက်၏ ရွှေရောင်ဆံပင်များ၊ မျက်လုံးပြာများနှင့် သမီးတော်လေးများအပေါ် အဒေါ်တစ်ယောက်လို ဂရုစိုက်တတ်သော အပြုအမူများကို တွေ့ရသောအခါ ယင်းသို့သော အမျိုးသမီးတစ်ဦးက မစ္စတာအောလ်ဘွန်းလို လူကြီးမျိုး၏ သမီးဖြစ်နေသည်မှာ ဘုရားသခင်၏ လှည့်စားချက်တစ်ခုပေလောဟု တွေးမိလေသည်။

မပိုးဖြူကို သတိရမိခြင်းမှာမူ မပိုးဖြူသည် ဆင်ဖြူမရှင်မိဖုရားကြီး၏ ရတနာသေတ္တာစောင့် လူယုံတော်တစ်ယောက်မဟုတ်ဘဲ မားဂရက်လို လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ရပါက မည်မျှကောင်းလေမည်နည်းဟူ၍ ယူကြုံးမရတွေးမိသော အတွေးမျိုး ဖြစ်လေသည်။

ပါတီပွဲ၏မီးရောင်စုံအောက် ဆောင်းဦးမြောက်ပြန်လေနှင့်အတူ လွင့်မျောနေတတ်သောပန်းရနံ့များအလယ်တွင်ရွှေရောင်ဆံပင်လှိုင်းအိမ်များကို ဆတ်ခနဲပင့်တင်ရင်း မျက်လုံးပြာများကိုဝေ့ခနဲကြည့်တတ်သည့်မားဂရက်ကို ကြည့်နေမိစဉ်တွင် မပိုးဖြူကိုသာ သတိရနေမိသည်။

ယခုလိုအချိန်မျိုး၌ ကျွန်ုပ်၏မပိုးဖြူသည် သာသနာပြုရိပ်သာအတွင်း ချည့်နဲ့နဲ့ ပျားဖယောင်းတိုင်မီးအလင်း၏အောက် ဆင်ဖြူမရှင်မိဖုရားကြီး၏ ရှေ့မှောက်တွင် ဒူးတုပ်လျက် ရတနာပစ္စည်းများကို စစ်ဆေးနေရရှာပေလိမ့်မည်။

စောင့်ဆိုင်းနေရသောကာလများသည် အချို့သူများအတွက် ရင်ခုန်စရာကောင်းသည်။ အချို့သူများအတွက် ပျော်စရာကောင်းသည်။

သို့သော် အများအားဖြင့်မူ စောင့်ဆိုင်းကာလများသည် သည်းမခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်စရာ၊ စိတ်မရှည်စရာ၊စိတ်ထွေပြားတိမ်းမူးစရာကာလများပင်ဖြစ်သည်ဟု စာပေပညာရှင်တစ်ဦးက ဆိုဖူးသော စကားကို ကျွန်ုပ်အမှတ်ရနေမိသည်။

ကျွန်ုပ်အတွက်မူကား စောင့်ဆိုင်းနေရခြင်းသည်ပင်လျှင် အလုပ်တာဝန်တစ်ခုဖြစ်နေသည်။ အဓိပ္ပာယ်ပေါင်းများစွာတို့ စုဝေးရှုပ်ထွေးနေကြသော ကာလအပိုင်းအခြားဖြစ်သည်။

သို့သော် စောင့်ဆိုင်းခြင်းကာလကို လွတ်မြောက်လျက် ရောက်ရှိလာမည့် အနာဂတ်၏ တစ်ချိန်သောအခါဝယ်မည်သို့ဖြစ်လာမည်ကို လုံးဝ မမှန်းဆနိုင်သော ဖြစ်ရပ်တစ်ခုလည်း ပါဝင်နေသည်။

ယင်းကား . . . မပိုးဖြူ၊ ချစ်သော မပိုးဖြူ။

အလွန်သေးငယ်မှုန်ဝါးသော မျှော်လင့်ခြင်းရောင်ခြည်မျှင်ကလေး။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၃၉ ]

အင်ဘာဂတ်လမ်းမကြီးအတိုင်း ကျွန်ုပ်သည် 'ဒိုင်းမွန်း' ကို အသား ကျစီးလာခဲ့သည်။ ကျွန်ုပ်၏ မြင်းနှင့် ဘေးချင်းယှဉ်လျက် မားဂရက်သည် သူမ၏ 'ရိုစ့်မာရီ' ကို စီးနင်းလိုက်ပါလာလေသည်။

ကိုလာဘူရှ်မြို့ဘက်သို့ တူရူလျက် ကျွန်ုပ်တို့ မြင်းစီးထွက်လာကြ ခြင်းဖြစ်သည်။ တိမ်ရောင်စုံတို့သည် အနောက်ဘက်ကောင်းကင်တွင် အဆုပ် လိုက် အဆုပ်လိုက် လွင့်နေကြသည်။ ညနေဆည်းရီ၏ နေခြည်အနီတန်းများ နှင့် ခိုပြာရောင်တိမ်ထုတို့အကြားတွင် လှပသော ခရမ်းရောင်အနားကွပ်များ ဖြစ်ပေါ်နေသည်။

ရတနာဂီရိတွင် အလှဆုံးအချိန်များ ရှိတတ်ပေသည်။

ထိုအလှတရားများသည် ကျွန်ုပ်တို့မတိုင်မီရှေးပဝေသဏီကလည်း ရှိခဲ့ကြပေမည်။ ကျွန်ုပ်တို့ သေဆုံးသွားကြပြီးနောက်တွင်လည်း တည်ရှိကျန် ရစ်နေကြပေဦးမည်။

တပြန့်တပြောကောင်းကင်ကျယ်ကြီးကိုကြည့်ရင်းကျွန်ုပ်၏အတွေး များမှာ ဆုံးစမဲ့ လွင့်ပါးနေလေသည်။

မျောချင်ရာမျောနေသော အတွေးစတို့ကို လွှတ်ပေးထားလိုက်သော အခါ နှလုံးသားသည် ကြည်လင်သန့်စင်လှသော ရေအလျဉ်တစ်ခုတွင်နှစ် မြုပ်ထားသည့်ပမာ အတိုင်းမသိ ညွတ်နူးလျောင်းအိနေလေသည်။

ထိုစဉ်မှာပင်သက်တန့်ရောင်တို့ဖြာနေသောရောင်စုံပူဖောင်းကလေး သည် တစ်စုံတစ်ခုနှင့်တိုက်မိကာ ဖောက်ခနဲပျက်စီးပျောက်ကွယ်သွားသည်။

နက်မှောင်ရှည်လျားသော ဆံပင်ဖားလျားဖြင့် လှပသော မျက်နှာ တစ်ခုက အာရုံသို့ ကပ်ငြိခိုတွယ်လာသောကြောင့် ဖြစ်လေသည်။

"ရှင်ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား . . ."

မားဂရက်၏ လည်တိုင်တွင် စည်းနှောင်ထားသော ပန်းနုပိုးပဝါ



www.burmeseclassic.com

www.burmeseclassic.com



သည် လေတွင် တဖျတ်ဖျတ်လှုပ်ခါနေသည်။ အနားကျယ်ဦးထုပ်အောက်မှ ရွှေရောင်ဆံပင်များသည် လေအရှိန်ကြောင့် ပခုံးပေါ်တွင် လွင့်ဝဲနေကြသည်။ သူမ၏မိုးပြာရောင်မြင်းစီးဝတ်စုံမှာ လှပသော ညနေဆည်းဆာအောက်တွင် အိပ်မက်ဆန်စွာ ပြိုးပြက်နေလေသည်။

"ဂူးလက်၊ ရှင့်ကြည့်ရတာ စိတ်မကောင်းစရာတစ်ခုခုကို မေ့ဖျောက်ပစ်ရင်းကနေ အမှတ်တမဲ့ပေါ်လာသလိုပဲ၊ တစ်ချက်တစ်ချက်မှာ ရှင်ဟာ ငေး ငေးငိုင်ငိုင်ဖြစ်သွားတယ်၊ ဘာဖြစ်လို့လဲဟင်. . ."

မားဂရက်သည် ယခုအခါ 'ဂူးလက်' ဟူ၍ ရင်းရင်းနှီးနှီး ခေါ်ဝေါ်သုံးစွဲနေပြီဖြစ်သည်။ ရတနာဂီရိ၏ ပါတီပွဲများနှင့် စံအိမ်တော်သို့ ကျွန်ုပ်ဝင်ထွက်သွားလာခဲ့ခြင်းများက ကျွန်ုပ်နှင့်မားဂရက်အကြား ရင်းနှီးမှုကို ပိုမိုတိုးတက်စေခဲ့လေသည်။

"ဘာမှမဖြစ်ပါဘူး မားဂရက်"

ချောမောလှပ၍ ခေတ်မီသောစာသင်ဆရာမလေးတစ်ဦးရှေ့မှောက်တွင် မိမိ၏အတွင်းစိတ်သဏ္ဍာန်ကို ဖုံးကွယ်ရခြင်းသည်မလွယ်ကူသောအရာဖြစ်သည်။ မားဂရက်၏ မျက်လုံးပြာများကို တစ်ချက်မျှသာ ဝေ့ကြည့်ပြီး ရှေ့ တူရူသို့သာ လှမ်းကြည့်လိုက်ရလေသည်။

ဒိုင်းမွန်းနှင့် ရိုစ့်မာရီတို့ကား ဘေးချင်းယှဉ်ကာ အသားကျပြေးနေကြသည်။ မားဂရက် ကျွန်ုပ်ကို စိုက်ကြည့်နေမှန်း သိသဖြင့် ဒိုင်းမွန်းကိုရှေ့သို့ ကျော်တက်စေရန် မြင်းဇက်ကို ပြင်လိုက်သည်။ သို့သော် မားဂရက်က သူမ၏ မြင်းကိုဇက်ဆွဲကာ တုံ့နှေးစေလိုက်သောကြောင့် ကျွန်ုပ်၏အကြံကို လက်လျှော့လိုက်ရသည်။

"ကျွန်မတို့ စကားပြောကြရအောင် ဂူးလက်"

မားဂရက်သည် မြင်းဇက်ကို ကိုင်ရုံမျှကိုင်ကာ ကြိုးကို လည်ဆံမွေးများပေါ်သို့ ပုံချထားလိုက်ပြီ ဖြစ်သည်။ မတတ်နိုင်တော့၊ ကျွန်ုပ်လည်း သူမ လိုပင် ဇက်ကြိုးကို ခပ်ဖွဖွဆုပ်ထားလိုက်ရသည်။

"ဖေဖေနဲ့ ရှင့်အကြားက ဆက်ဆံရေးဟာ ချောမွေ့မလာဘူးဆိုတာ ကျွန်မသိတယ်၊ ဒါအတွက် ကျွန်မစိတ်မကောင်းပါဘူး ဂူးလက်၊ ဖေဖေက ကျွန်မကို ဒီကိစ္စမှာ အသုံးချချင်တယ်လေ၊ နှစ်ခါ သုံးခါလောက်အထိရှင့်ကို ဖျောင်းဖျဖို့ ကျွန်မကို ပြောဖူးတယ်။

"ဒါပေမဲ့ ကျွန်မ ငြင်းခဲ့တယ်၊ ဖေဖေ့ကို ကျွန်မပြန်ပြောလိုက်တယ်၊ မစ္စတာဂူးလက်ချန်းဟာ သူ့အမှုကိစ္စအတွက် ဖေဖေနဲ့အဆင်ပြေအောင်၊ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကို သွေးဆောင်ရအောင် တစ်ခါမှ သမီးကို အကူအညီမတောင်းခဲ့ဘူးလို့ ကျွန်မ ပြောလိုက်မိတယ်၊ ဖေဖေ ကျွန်မကို စိတ်ဆိုးသွားတယ်"

သည်သို့ ဖြစ်ခဲ့မည်ဟု ကျွန်ုပ်တွေးမိပြီးသား ဖြစ်သည်။ မစ္စတာ အောလ်ဘွန်းသည် သူ၏ရာထူးအာဏာနှင့်အရှိန်အဝါအတွက် သူ့သမီးကို တစ်နည်းမဟုတ်တစ်နည်းဖြင့်အသုံးချမည့်လူကြီးတစ်ယောက်ဖြစ်ပေသည်။

သို့သော် သမီးဖြစ်သူမားဂရက်ကလည်း ထိုသို့အသုံးချခံမည့် မိန်းကလေးတစ်ယောက် မဟုတ်ကြောင်း ကျွန်ုပ်သိပြီးဖြစ်သည်။

ထိုအကြောင်းများကို မားဂရက် ဘာကြောင့် တကူးတကပြောရသနည်းဆိုခြင်းကိုမူ ကျွန်ုပ်နားမလည်ပေ။

"မစ္စတာအောလ်ဘွန်းဟာဗြိတိသျှအစိုးရရဲ့အုပ်ချုပ်ရေးယန္တရားကြီးထဲမှာ အလွန်အသုံးဝင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ် မားဂရက်၊ ပြီးတော့ သူဟာ ပုံစံကျပြီး သူ့အလုပ်သူနားလည်တဲ့အရာရှိတစ်ယောက်ဖြစ်တယ်လို့လည်းကျွန်တော်နားလည်ထားပါတယ်"

"ဟုတ်ပါတယ် ဂူးလက်ရယ်၊ ဖေဖေကလည်း ရှင့်ကို ကိုယ့်အလုပ်ကိုယ် ဆုံးခန်းတိုင် ပေါက်မြောက်အောင် လုပ်မယ့်လူငယ်တစ်ယောက်လို့ နား လည်ထားပါတယ်၊ ရှင်နဲ့ဖေဖေကြားမှာ တစ်ယောက်ကိုတစ်ယောက် အဲဒီလို သဘောပေါက်ထားတာကို ကျွန်မသိပါတယ်"

သိထားကြပြီးသားအကြောင်းများကို ပြန်ဖော်၍ စကားအစပျိုးနေခြင်းသည် ရည်ရွယ်ချက်တစ်ခုခုရှိသောကြောင့် ဖြစ်ပေမည်။ မားဂရက်မှာ အတွင်းကျကျကိစ္စတစ်ခု ပြောစရာရှိနေပြီထင်သည်။

"ဘုရားသခင်အလိုတော်အတိုင်းပေါ့ ဂူးလက်ရယ်၊ ဒါပေမဲ့ ရှင်တို့နှစ်ယောက်စလုံးရဲ့ အခြေအနေဟာ အကျပ်အတည်းတွေ့ပုံချင်းမှာလဲ အတူတူ ဖြစ်နေကြတယ်"

"ဘယ်လို . . . မားဂရက်"

"ရှင့်ဆရာ မရောက်လာနိုင်သေးတဲ့အတွက် ရှင့်မှာအကျပ်အတည်းတွေ့နေရသလို ဖေဖေ့မှာလည်း သီပေါဘုရင်နဲ့ စုဖုရားလတ်မိဖုရားတို့ကြောင့် အကျပ်အတည်းပေါ်ပေါက်နေတယ်"

မစ္စတာအောလ်ဘွန်း၏ အခြေအနေထိုသို့ဖြစ်နေမည်ဟု ကျွန်ုပ်မထင်ခဲ့ပေ။ သူ့လုပ်ပိုင်ခွင့်အာဏာတို့ကို အသုံးချပြီး သူ့ရည်ရွယ်ချက်များအတိုင်း အောင်မြင်လျက်ရှိမည်ဟု ကျွန်ုပ်ထင်ထားခဲ့ပေသည်။

"ဘယ်လိုအကျပ်အတည်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သီပေါဘုရင်နဲ့ စုဖုရားလတ်တို့က ဖေဖေ့ကိုသဘောမကျကြောင်း တဖြည်းဖြည်းပြလာတယ်၊ စံအိမ်တော်ကိစ္စတွေနဲ့ပတ်သက်ပြီး ဖေဖေစီမံခန့်ခွဲနေတာတွေဟာ သူတို့ရဲ့ ဆန္ဒနဲ့ မကိုက်ညီဘူးလို့ ဘုရင်နဲ့မိဖုရားက အတိအလင်း ဝေဖန်လာကြတယ်လေ"

"ကျွန်တော် စိတ်မကောင်းပါဘူး မားဂရက်. . ."

"လခရိက္ခာတော် ကိစ္စ၊ စံအိမ်တော်အမှုထမ်းတွေကို တာဝန်ခွဲဝေပေးတဲ့ကိစ္စ၊ ငွေကြေးသုံးစွဲခွင့်ကိစ္စနဲ့ တခြားလူမှုရေးကိစ္စတွေ အတော်များများမှာ ဖေဖေဟာ ဘုရင်နဲ့မိဖုရား ဆန့်ကျင်မှုကို ခံနေရတယ်"

မားဂရက်အတွက် ဝမ်းနည်းရမည်လား၊ မစ္စတာအောလ်ဘွန်းအတွက် ဝမ်းသာရမည်လား၊ ကျွန်ုပ်မခွဲခြားနိုင်။

လည်စီးပဝါကို ဖြေလျှော့၍ မားဂရက်က ဆက်ပြောလေသည်။

"ဒီပြဿနာတွေရဲ့ အသေးစိတ်ကို ကျွန်မ မသိဘူး ဂူးလက်၊ကျွန်မ ဒါတွေကို စိတ်မဝင်စားချင်ဘူး၊ ဒါပေမဲ့ ကျွန်မဟာ ဖေဖေ့သမီးဖြစ်နေတယ်၊ ပြီးတော့ သမီးတော်လေးတွေရဲ့ ဆရာမဖြစ်နေတယ်၊ ဒီတော့စိတ်မဝင်စားချင်မသိချင်ပေမဲ့ ကျွန်မဟာ မလွှဲမရှောင်သာ ပါဝင်ပတ်သက်နေရတယ်၊ ဒါအတွက် ကျွန်မမှာလည်း စိတ်ရှုပ်ရတယ် ဂူးလက်"

"ကျွန်တော် နားလည်နိုင်ပါတယ် မားဂရက်၊ ကျွန်တော်တို့အားလုံးဟာ ကိုယ့်နယ်နိမိတ်နဲ့ကိုယ်လှုပ်ရှားကျင်လည်နေကြရတာချည်းပါပဲ၊ဒါပေမဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေအရ အဲဒီနယ်နိမိတ်တွေ ထိစပ်ရာနေရာတွေမှာဆန့်ကျင်ဘက်လက္ခဏာတွေ ပေါ်ပေါက်နေကြရတယ်၊ ဒါကြောင့်ပြောရရင် ကျွန်တော်တို့ အားလုံးဟာ မှန်လည်းမှန်တယ်၊ မှားလည်း မှားကြတယ်၊ကျွန်တော်တို့ အားလုံးဟာ အပြစ်လည်း ကင်းစင်တယ်၊ အပြစ်လည်းရှိကြတယ်. .."

"အို. . .သိပ်လှတဲ့အတွေးအခေါ်ပဲ၊ ကျွန်မသဘောကျတယ်"

အင်ဘာဂတ်လမ်းမကြီးသည်ကြီးမားသောမြွေကြီးတစ်ကောင်နှယ် ကွေ့ကွေ့ကောက်ကောက်ဖြစ်လာသည်။ ဤနေရာကား ခရီး၏ သုံးပုံနှစ်ပုံနေရာပင်ဖြစ်လေသည်။ နောက်ထပ် နှစ်ဖာလုံလောက်သွားမိလျှင် ရတနာဂီရိ၏ နယ်နိမိတ်ကုန်ဆုံးကာ ကိုလာပူရ်မြို့နယ်နမိတ်သို့ ရောက်တော့မည်ဖြစ်သည်။

မြင်းဇက်ကြိုးကို ကျွန်ုပ်ဆွဲလိုက်သည်။ ဒိုင်းမွန်းသည် တုံ့ခနဲရပ် တန့်သွားလေသည်။

"မားဂရက်၊ ရှေ့မှာ ရတနာဂီရိနယ်နိမိတ် ဆုံးတော့မယ်၊ ကိုလာပူရ်



www.burmeseclassic.com

www.burmeseclassic.com



နယ်နိမိတ်ထဲ ဝင်တော့မယ်၊ အဲဒီနှစ်ခု ထိစပ်တဲ့အထိ သွားလို့မသင့်ဘူး၊ ကျွန်တော်တို့ကလည်း ဖြည်းဖြည်းပဲ စီးလာကြတာ မဟုတ်လား”

“ဘာဖြစ်လို့လဲ ဂူးလက်၊ နယ်နိမိတ်ထိစပ်တဲ့နေရာတွေမှာဆန့်ကျင်ဘက်လက္ခဏာတွေဟာ ပေါ်ပေါက်တတ်ကြလို့လား”

ကျွန်ုပ်တို့နှစ်ဦးသား ရယ်ပစ်လိုက်ကြသည်။

“ပြန်လှည့်ကြရအောင် မားဂရက်၊ နေအတော်စောင်းနေပြီ”

“အင်း . . . ပြန်လှည့်လေ၊ ခရီးက နောက်ကြောင်းပြန်လှည့်ပေမဲ့ ကျွန်မစကားကိုတော့ ရှေ့ဆက်ရဦးမှာနော်”

“ပြောပါ. . .ကျွန်တော် နားထောင်ပါ့မယ်”

ရတနာဂီရိဘက်သို့ ဦးတည့်လိုက်ကြသည်။ အင်ဘာဂတ်လမ်းမကြီး၏ လက်ဝဲဘက်တွင်ရှိနေသော အနောက်ဘက်တောင်ကုန်းငယ်များတွင် အမှောင်ရိပ်များ ဖုံးစပြုနေသော်လည်း လက်ယာဘက်ရှိ အရှေ့ဘက်တောင်ကုန်းများတွင်မူ ဝင်လုဆဲနေရောင်များက တစ်မျှော်တစ်ခေါ် ပြန့်ကျဲလျက်ရှိသည်။

ထိုအမှောင်နှင့်အလင်း နှစ်ခုအကြားရှိ လမ်းပေါ်တွင်ရှိနေကြသော ကျွန်ုပ်တို့အနေအထားမှာ ဘဝဆန်လှသည်ဟု ဆိုရမည်လားမသိ။

မားဂရက်မှာ ကျွန်ုပ်၏လက်ယာဘက်မှ လိုက်ပါလာလေရာ နေခြည်မျှင်များအောက်မှ သူမ၏ ရွှေရောင်ဆံပင်များမှာ မီးလျှံရောင်လို တောက်ပနေလေသည်။

“ကျွန်မ စကားဆက်တော့မယ်နော် ဂူးလက်”

“ပြောပါ ကျွန်တော်နားထောင်နေပါတယ်”

“ဘုရင်နဲ့ မိဖုရားတို့က ဖေဖေ့ကို သဘောမတူကြောင်း၊ အဲဒီလို အတိအလင်းပြလာကြချိန်မှာပဲ စံအိမ်တော်ကိစ္စတွေလည်းပိုပြီးများလာတယ်၊ ဒီတော့ သဘောမကျပေမဲ့ ဘုရင်နဲ့ မိသားစုဟာ ဖေဖေနဲ့ ပိုပြီး နီးစပ်လာတယ်။

“ဘယ်လို ဖြစ်နေသလဲဆိုတော့ သီပေါဘုရင်ဟာ ဖေဖေ့ကို ကြိုက်လည်း မကြိုက်ဘူး၊ ဒီကြားထဲကပဲ ဖေဖေနဲ့အတူတွဲပြီး လုပ်စရာရှိတာတွေ လုပ်နေရတယ်၊ ဒီတော့ ပဋိပက္ခဟာလည်း ပိုပြီးကြီးမားလာတယ်”

စံအိမ်တော်၏ အသေးစိတ်အခြေအနေများကိုကျွန်ုပ်သိခွင့်မရတော့သည့်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသော ပြဿနာများပင်။

“ဟိုတစ်နေ့ကပဲ ပြဿနာတစ်ခုပေါ်လိုက်သေးတယ်၊ ပြဿနာက ဘုရင့်အမှုတော်ထမ်းတွေကို လစာပေးတဲ့ကိစ္စ”



www.burmeseclassic.com

www.burmeseclassic.com



အစိုးရလစာပေးထားသော အိန္ဒိယလူမျိုးအမှုထမ်းများအပြင် သီပေါဘုရင်ကိုယ်တိုင်က ချီးမြှင့်သည့် မြန်မာအမှုထမ်းများလည်းရှိသည်ကိုတော့ ကျွန်ုပ်သိထားပေသည်။

"သီပေါဘုရင်ဟာနန်းတွင်းအစဉ်အလာအတိုင်းခုထိကျင့်သုံးတယ်၊ ရံရွှေတော်အမျိုးသမီးတွေကို လစာမပေးဘဲ ကျောက်မျက်ရတနာတွေနဲ့ ဆုချတာမျိုးပဲ လုပ်တယ်လေ၊ ရံရွှေတော်တွေကလည်း အဲဒီသူတို့ရတဲ့ ရတနာတွေကို ငွေကြေးဖြစ်အောင် ပြန်လည်ရောင်းဖို့ ဖေဖေ့ကို အကူအညီတောင်းကြတယ်၊ ဖေဖေက ကိုလာပူရ်နဲ့ ရတနာဂီရိမှာရှိတဲ့ ရွှေငွေရတနာကုန်သည်တွေနဲ့ဒါတွေကို ထုခွဲရောင်းချပေးတယ်၊ အဲဒီမှာ ပြဿနာပေါ်တော့တာပဲ ဂူးလက်ရယ်"

"ဘယ်လို ပြဿနာမျိုးလဲ"

"ရတနာကုန်သည်တွေက အခွင့်ကောင်းယူ ဈေးနှိမ်ဝယ်ကြတယ်၊ ဖေဖေက မကျွမ်းကျင်ဘဲ တာဝန်ယူရောင်းချပေးရတယ်၊ ရံရွှေတော်တွေကလည်း ငွေကြေးအမြန်လိုချင်ကြတယ်။

"အဲဒီမှာတင်ရတဲ့အဖိုးအခဟာအဆမတန်နည်းလွန်းလှတယ်ဆိုပြီး ရံရွှေတော်တွေက သီပေါဘုရင်ကို တိုင်ကြတယ်၊ ဒီအခြေအနေမှာရတနာကုန်သည်တွေကလည်း သူတို့ဝယ်တဲ့အထဲကနေပြီး ဖေဖေ့ကိုပွဲခသဘောမျိုး လက်ဆောင်ပေးကြတယ်၊ ဝယ်သူရဲ့ပွဲခပေါ့။

"ရတနာအရောင်းအဝယ်မှာ ဒါမျိုးရှိသလားကျွန်မမသိပါဘူး၊ဝယ်ဈေးက အဆမတန်နှိမ်ထားတော့ ဖေဖေ့ကို ကုန်သည်တွေက ပွဲခအတော်များများပေးနိုင်ကြတယ်၊ သူတို့အပြောအရတော့ အဲဒါဟာ ပွဲခမဟုတ်ဘူး၊ စံအိမ်တော်အရာရှိအတွက် သီးသန့်ကျေးဇူးတုံ့ပြန်ငွေပေါ့"

"ဒါဟာ လာဘ်ပေးတာပဲ၊ တံစိုးလက်ဆောင်ငွေပဲ"

"ဟုတ်တယ် ဂူးလက်၊ ဖေဖေဟာအလိုလိုပဲတံစိုးလက်ဆောင်ယူသူ လာဘ်ယူသူဖြစ်သွားတယ်၊ ဒါတင်မကဘူး သီပေါဘုရင်ရဲ့သဘောထားအရဆိုရင် ဖေဖေကိုယ်တိုင်ကပဲ ဈေးနှိမ်ဖြတ်ပြီး ရံရွှေတော်များရဲ့ကိုယ်ပိုင်ရတနာတွေအပေါ်မှာ မတရားလုပ်တယ်ဆိုတဲ့အထိ ဖြစ်လာတယ်"

ဤကိစ္စတွင်မစ္စတာအောလ်ဘွန်း၏ရိုးသားမှုဘယ်လောက်ရှိမရှိကို ကျွန်ုပ်မပြောနိုင်ပေ။ သို့သော် ပြဿနာများအားလုံးကို ခြုံကြည့်လိုက်သောအခါ အဖြေတစ်ခုသည် ရှင်းရှင်းလင်းလင်းထွက်လာသည်။ ယင်းမှာ မိမိ၏ရာထူးနှင့် အာဏာကို ဝံ့ဝံ့စားစားပြချင်လှသော မစ္စတာအောလ်ဘွန်းအတွက် စံအိမ်တော်အရာရှိဟူသော ဘဝသည် ဆက်လက်တည်မြဲ မနေသင့်တော့ပြီဟူသော အဖြေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ထိုမှတ်ချက်ကို မားဂရက်ကိုတော့ထုတ်ဖော်ပြောရန်ကား ဝန်လေးလှသည်။

"ဒီအခြေအနေမျိုးမှာ ရတနာဂီရိအခွန်တော်အရာရှိကလည်း ဖေဖေ့အပေါ်မှာဆန့်ကျင်ဘက်လုပ်ချင်လာတာတွေ့ရတယ်၊သီပေါဘုရင်ရဲ့သဘောထားဟာ မှန်ကန်တယ်လို့ အခွန်တော်အရာရှိက အာဏာပိုင်အသိုင်းအဝန်းမှာ ပြောနေတယ်တဲ့"

အခွန်တော်အရာရှိသည်လည်း ရိုးသားဖြောင့်မတ်သူတစ်ဦးမဟုတ်ဟု ကျွန်ုပ်မြင်ထားသည်။ သူသည် အိုင်ယာလန်နွယ်ဖွား ဗြိတိသျှနိုင်ငံသားတစ်ဦးဖြစ်ပြီး ရာထူးတိုးတက်ရေးကို လွန်စွာတပ်မက်သူ ဖြစ်လေသည်။

လက်အိတ်အဖြူစွပ်ထားသောလက်ချောင်းများဖြင့်သူမ၏ရွှေရောင်ဆံပင်ကို ပင့်တင်ကာ မားဂရက်က ဆက်ပြောသည်။

"ဒီလိုအခြေအနေတွေကို ကြည့်ပြီး တစ်ခုခုကိုကျွန်မစိုးရိမ်လာတယ် ဂူးလက်ရယ်. . ."

"ဘာကိုလဲ . . . မားဂရက်"

"ဖေဖေ ရတနာဂီရိကနေ ပြောင်းသွားရမှာကိုကျွန်မစိုးရိမ်နေတယ်"

လှိုက်လှဲသောလေသံသို့ ပြောင်းလဲသွားသည်။

"သူတို့ချင်း ကြားမှာ မသင့်မတင့်တွေဖြစ်လာကြပြီး ဘုံဘေအစိုးရဆီက ပြောင်းရွှေ့အမိန့်ကျလာမှာကို တွေးမိပြီး ကျွန်မမှာလေ. . ."

အခြေအနေသည် ရုတ်ခြည်းပြောင်းလဲသွားလေပြီ။

တစ်ခုခုကို ထိတ်လန့်တုန်လှုပ်စွာ ကျွန်ုပ်သိလိုက်သည်။

မျက်လုံးပြာများ၏ အဓိပ္ပာယ်ကို ကျွန်ုပ်အထူးတလည် အားမထုတ်ရဘဲ နားလည်လိုက်သည်။

အဘယ်သို့သော လှည့်စားချက်ပေနည်း။ အလွန့်အလွန် ဝေးလံသော အရပ်ဆီသို့ မျှော်လင့်ချက် ကုန်ဆုံးလုမတတ် နည်းပါးလှစွာ ငေးမျှော်နေသူတစ်ယောက်သည် နီးကပ်စွာ ရှိနေသော အရာကိုပါ မမြင်ခဲ့နိုင်အောင် ကန်းကွယ်နေတတ်သည်လား။

"ဘုရင့်သမီးတော်လေးတွေအပေါ်မှာ မားဂရက် သံယောဇဉ်ဖြစ်နေတယ် မဟုတ်လား"

ကျွန်ုပ်၏ သွေးရူးသွေးတန်းစကားသည် မားဂရက်၏ မျက်လုံးပြာကြီးများကြောင့် ဖြတ်ချလိုက်သော ကြိုးတစ်ချောင်းလို ဖြစ်သွားသည်။

"သမီးတော်လေးတွေ. . .ဟုတ်လား၊ ကျွန်မရဲ့ တပည့်မလေးတွေ ဟုတ်တယ်၊ သူတို့ကို ကျွန်မ သိပ်သံယောဇဉ်ရှိတာပေါ့၊ ဒီမှာ. . .ဂူးလက်"



www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့. . .မပြောပါနဲ့ မိန်းကလေးရယ်. . .ဟုကျွန်ုပ်ရင်ထဲမှ အော်နေမိသည်။

"ဒီမှာ ဂူးလက်၊ဒါကြောင့်ချည်းပဲလို့ရှင်ထင်နေသလားဟင်. . ."

"ကျွန်တော်တို့ အမြန်စီးကြရအောင်လား မားဂရက်၊ မိုးချုပ်တော့မယ်"

ကျနေ၏ နောက်ဆုံးနေခြည်တန်းတစ်ခုတွင်မားဂရက်၏မျက်ဝန်းများ ရွှန်းလဲ့သွားသည်ကို တွေ့လိုက်ရသည်။

နားလည်စာနာနိုင်သောအသည်းနှလုံးသည်တုန်လှုပ်လျက်ရှိသည်။

"ရှင် ဒိုင်းမွန်းကို ကဆုန်စိုင်းချင်ပြီလား . . . ဂူးလက်၊ ကောင်းပြီလေ၊ ကျွန်မလည်း ရိစ့်မာရီကို ဇက်ကုန်လွှတ်ပေးလိုက်မယ်လေ၊ ကျွန်မတို့ အပြိုင်စီးကြရအောင်"

ဒိုင်းမွန်းသည် ဒဏ္ဍာရီထဲမှ မြင်းပျံဖြစ်သွားပါက ဘယ်လောက်ကောင်းလိုက်လေမည်နည်း။ ပရိယာယ်မာယာကြွယ်လှပြီး အလိုဆန္ဒများကို ပြက်ရယ်ပြုတတ်သော ဤကမ္ဘာမြေပြင်ကို စွန့်ခွာလျက် စကြဝဠာထဲသို့သာ မဆုံးတမ်းတက်ပျံသွားလိုက်ချင်တော့သည်။

ရိစ့်မာရီက ရိပ်ခနဲ လှုပ်ရှားသည်။ မြားတစ်စင်းနှယ် တစ်ဟုန်ထိုး ထွက်သွားသည်။ ရွှေရောင်ဆံပင်၊ပန်းနုရောင်ပဝါတို့တဖွားဖွားလွင့်ပျံလျက်။

"မားဂရက်. . .မားဂရက်. . .စောင့်ဦးလေ"

ဒိုင်းမွန်းကို ဒုန်းစိုင်းပစ်လိုက်သည်။

ဘယ်သူသည် ထွက်ပြေးသူနည်း၊ ဘယ်သူသည် လိုက်သူနည်း။ ပြေးခြင်းနှင့် လိုက်ခြင်းတို့သည်ကော တကယ်တမ်းခြားနားကြရဲ့လား။

တောင်ပူစာများအတိုင်းနိမ့်လိုက်မြင့်လိုက်ဖြစ်နေသောမားဂရက်နှင့် ရိစ့်မာရီကိုတွေ့နေရသည်။ ဒိုင်းမွန်းက ယခုမှ ခြေကုန်ပြေးရသည်ကို ပျော်မြူးသွားသည်။ မျက်နှာကို ဖြတ်သန်းတိုးဝင်လာသော လေသံတဟူးဟူးက မသဲ ကွဲသော စကားလုံးများကို ကျယ်လောင်စွာ အော်ဟစ်နေသည်နှင့်မခြား။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၄၀ ]

တစ်ခုသော တောင်ပူစာထိပ်ရှိ ထီးတည်းပေါက်နေသော ကုက္ကိုပင်အောက်တွင် မားဂရက်မြင်းကို ရပ်သည်။ ခြေကုန်ဖွင့်ပြေးနေသောဒိုင်းမွန်းက မကြာခင်မှာပင် မီသွားသည်။

လေတဟူးဟူးတိုက်နေသော တောင်ပူစာထိပ်တွင် မြင်းနှစ်စီးရပ်မိသွားကြသည်။ မိမိကိုယ်တိုင် ပြေးလာရသလို မောပန်းနေသည်။

ကျွန်ုပ်ကို လှမ်းကြည့်လိုက်သောမားဂရက်၏မျက်လုံးပြာများသည် ငှက်ခါးရောင်သို့ ပြောင်းလဲနေသည်ဟု ထင်ရသည်။ ဘာကြောင့် မားဂရက်နောက်သို့လိုက်ခဲ့မိသလဲဆိုသည်ကို ကျွန်ုပ်မသိ။ သူ့ကို မီသည်အထိ လိုက်ခဲ့ပြီးမှ ဘာကြောင့်လိုက်ခဲ့သည်ကို မသိသောအဖြစ်သည် မိုက်မဲရူးသွပ်ခြင်းပင် ဖြစ်ပေမည်။

ပြောရန်စကားတို့ ပျောက်ဆုံးနေသည်။

မိန်းမသားတို့၏ အလှနှင့်မာနတို့ ထူးဆန်းစွာပေါင်းဆုံ ရောယှက်နေသည့်အသွင်ကို ပထမဆုံးအကြိမ်တွေ့နေရသည်။ နူးညံ့၍ ပြင်းထန်သော အင်အားတစ်ခုသည်မျက်လုံးများမှ၊နှုတ်ခမ်းများ၊ရန်းကန်ပေါက်ကွဲတော့မည့် အနေအထား။

ထိုစဉ်မှာပင်. . .

ခပ်လှမ်းလှမ်းရှိ တောင်ပူစာတစ်ခုအတိုင်း ဒုန်းစိုင်းပြေးဆင်းလာသော မြင်းတစ်စီးကို တွေ့လိုက်ရလေသည်။ မြင်း၏နောက်တွင် ဖုန်လုံးများ တထောင်းထောင်းထ၍ ကျန်ရစ်ခဲ့သည်။ နေရောင်ပျောက်ကွယ်ပြီဖြစ်သောကြောင့် မြင်းပေါ်မှ လူကို သဲသဲကွဲကွဲမမြင်ရ။

မြင်းသည် ကျွန်ုပ်တို့ရပ်နေရာ တောင်ပူစာဆီသို့ ဦးတည်၍ အပြေးတက်လာသည်။ တဖြည်းဖြည်းသဲကွဲလာသည်။ မြင်းစီးလာသူ၏ ဦးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထုပ်မှ အနားစက လွင့်ပျံနေသည်။

"အို. . .ဘနားဆင်းပါလား၊ ဘာဖြစ်လို့ပါလိမ့်"

မားဂရက်ရေရွတ်နေစဉ်မှာပင် တံခါးမှူးပန်ချာပီကြီးဘနားဆင်း၏ မြင်းရောက်လာသည်။

သူက မောကြီးပန်းကြီးပြောသည်။

"သခင်ကြီးက လွှတ်လိုက်ပါတယ်၊ သခင်မလေးနဲ့မစ္စတာဂူးလက်ချန်းတို့ ဩလ်ထရန်ဟောကို အမြန်လိုက်လာကြပါတဲ့"

"ဘာတွေ ဖြစ်နေသလဲ. . ."

ကျွန်ုပ် အော်လိုက်မိသည်။

"ကျွန်ုပ် ကောင်းကောင်းမသိပါဘူး ဆရာလေး၊ ဒါပေမဲ့ သခင်ကြီးမှာ အရေးတကြီးလုပ်စရာတွေ ပေါ်နေပါတယ်၊ ဟို. . .သာသနာပြုရိပ်သာမှာနေတဲ့ မိဖုရားအဘွားအိုကြီး မြန်မာနိုင်ငံကို ပြန်ဖို့ စီစဉ်နေတယ်လို့ ပြောပါတယ်"

"ဘာ. . .ဆင်ဖြူမရှင်မိဖုရားကြီး မြန်မာနိုင်ငံပြန်တော့မလို့"

"ဟုတ်. . .ဟုတ်ပါတယ် ဆရာလေး"

ကြွင်းသော အရာခပ်သိမ်း ပျောက်ဆုံးသွားသည်။

ဆင်ဖြူမရှင် မြန်မာပြည်ပြန်တော့မည် . . . တဲ့။

မပိုးဖြူ. . .။

ဒိုင်းမွန်း၏ ဝမ်းဗိုက်ကို ဖနောင့်ဖြင့် ဆောင့်လိုက်သည်။ တစ်ဟုန်ထိုး ကဆုန်စိုင်းပင်။

မားဂရက်၏အသံကို သဲ့သဲ့ကြားလိုက်ရသည်။

"ဂူးလက်. . .ကျွန်မ. . .ကို . . . စောင့်. . ."

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၄၁ ]

ဆင်နားရွက်တံခါးကို ကိုယ်လုံးဖြင့်တိုက်ဖွင့်ကာ ရုံးခန်းထဲသို့ဝင်ခဲ့သည်။ ကျယ်လောင်သောအသံဖြင့် ဆင်နားရွက်တံခါးသည် ပြင်းထန်စွာ လှုပ်ခါ ကျန်ရစ်ခဲ့သည်။

ဝုန်းခနဲရောက်လာသော ကျွန်ုပ်၏ အမူအရာမှာ ဘယ်လောက်တုန်လှုပ်နေသည်မသိ။ စားပွဲနောက်မှ မစ္စတာအောလ်ဘွန်းသည် ထိုင်ရာမှ အလန့် တကြားထသည်။

"မားဂရက်ရော၊ မောင်တို့အတူတူ မြင်းစီးထွက်သွားကြတာမဟုတ်လား"

"သူတို့ တကယ်ပြန်ကြတော့မလို့လား၊ မစ္စတာအောလ်ဘွန်း . . ."

ရုံးခန်းထဲတွင် ကျွန်ုပ်၏အသံ ဟိန်းထွက်သွားသည်။

"ဘာဖြစ်တာလဲ၊ ထိုင်စမ်းပါဦး . . . မောင်"

"သူတို့ တကယ်ပြန်ကြတော့မလို့လား၊ကျွန်တော်ဒါပဲသိချင်တယ်"

သူပြန်ထိုင်သည်။ စားပွဲပေါ်မှာ လက်ထောက်ရင်း သူ့ကို ကျွန်ုပ်စီးမိုး၍ ကြည့်နေမိသည်။ မစ္စတာအောလ်ဘွန်းမဟုတ်ဘဲ အခြားတစ်ယောက်ယောက်ဆိုပါက သူ၏အင်္ကျီကော်လာကို ကိုင်ကာ တစ်ကိုယ်လုံး မြောက်ကြွလာအောင် ဆွဲမမိပေလိမ့်မည်။

"ဒါ. . . ဒါ. . .ခင်ဗျားလုပ်လိုက်တာပေါ့လေ၊ ဟုတ်လား မစ္စတာအောလ်ဘွန်း၊ ဆင်ဖြူမရှင်မိဖုရားကြီးဟာ ကျွန်တော်ရှိရာသာသနာပြုရိပ်သာမှာ နေထိုင်တာကို မလိုလားလို့ပေါ့ ဟုတ်လား၊ တကယ်ဆိုရင် ကျွန်တော့်ကို နှင်ထုတ်ဖို့ အာဏာတွေ ခင်ဗျားမှာ ရှိနေသားပဲ၊ ကျွန်တော့်ကို မောင်းထုတ်လိုက်ပါလား၊ ဘာကြောင့် သူတို့ကို ပြန်ပို့လိုက်ရတာလဲ. . .ဟင်"

သူ့မျက်ခုံးများ မြင့်တက်သွားသည်။ မျက်လုံးများပြူးလျက် ကြည့်သည်။ အံ့ဩထိတ်လန့်ပြီး နားမလည်နိုင်သော အကြည့်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ အခုဘယ်မှာလဲ၊ ဘယ်တော့ ပြန်ကြမှာလဲ ပြောပါ"

"ဘာဖြစ်နေတာလဲ ဂူးလက်ချန်း၊ ဆင်ဖြူမရှင်တို့ သူ့နိုင်ငံသူပြန်ကြမယ့်ကိစ္စမှာ မောင်ဘာဖြစ်နေတာလဲ၊ သူတို့ကို ကျုပ်က မောင်းထုတ်လိုက်တယ်လို့ မောင်ဘာကြောင့်ပြောနေရတာလဲ၊ ထိုင်စမ်းပါ. . .ထိုင်လိုက်စမ်းပါ"

အနားရှိကုလားထိုင်ကိုဆွဲယူကာ ခြေကုန်လက်ပန်းကျစွာမိမိကိုယ်မိမိ ပစ်လှဲချလိုက်မိလေသည်။

"စုဖုရားကြီးပြန်သွားတာ မောင်သိသားပဲ၊ သူပြန်သွားပြီး မကြာခင်မှာပဲ စုဖုရားကြီးဟာ ရန်ကုန်ကနေ စာထည့်လိုက်တယ်၊ သူ့မယ်တော်ကိုအတူလာနေဖို့ မြန်မာပြည်ပြန်လာဖို့ ခေါ်တဲ့စာပဲ၊ ဒီစာရပြီးနောက်မှာ ဆင်ဖြူမရှင်မိဖုရားကြီးဟာ အစိုးရဆီကို ပန်ကြားလွှာတစ်စောင်တင်ခဲ့တယ်လေ၊ မောင် ဒါတွေကို မသိဘဲနဲ့ ဘာကြောင့် ကျားနာတစ်ကောင်လို ဖြစ်နေရတာလဲ"

သည်တစ်ခါ အံ့သြရသူမှာ ကျွန်ုပ်ဖြစ်သွားသည်။ ဆင်ဖြူမရှင်မိဖုရားကြီး၏ လှုပ်ရှားမှုများကို အဆောက်အဦးတစ်ခုတည်းမှာအတူတူနေပါလျက် ကျွန်ုပ်ဘာမှ မသိခဲ့ချေ။

"မိဖုရားကြီးဟာ သူ့ပန်ကြားလွှာကို အကောင်းဆုံးအသနားခံစာအဖြစ် ရေးခဲ့တယ်၊ ထားဝယ်ပုန်ကန်မှုကိစ္စတွေမှာ သူဘာမှ မပတ်သက်ကြောင်း၊ အိန္ဒိယကို အပို့ခံကြရတော့လည်း သူဟာ ဘုံဘေဒါမှမဟုတ် ကာလကတ္တားမှာပဲ နေချင်ကြောင်း။

"ဒါပေမဲ့ အာဏာပိုင်တို့ဆုံးဖြတ်ချက်အတိုင်း ရတနာဂီရိကိုပဲ သူလက်ခံခဲ့ကြောင်း၊ အခုဆိုရင် မြန်မာပြည်ပြန်သွားတဲ့ သမီးတော်ကြီးအတွက် သူဟာ မရှိမဖြစ်ကြောင်းနဲ့ ရတနာဂီရိရဲ့ ရာသီဥတုဟာလည်း သူနဲ့လုံးဝမသင့် တော်ကြောင်းတွေကို မိဖုရားကြီးဟာ အသေးစိတ်ရေးခဲ့တယ်။

"မိဖုရားကြီးရဲ့ ပန်ကြားလွှာကို ဝန်ရှင်တော်မင်းကြီးက မထောက်ခံခဲ့ဘူး၊ ဒါပေမဲ့ အခွန်တော်အရာရှိက ထောက်ခံခဲ့တယ်၊ တခြားအာဏာပိုင်ပုဂ္ဂိုလ်တွေကလည်း ထောက်ခံခဲ့ကြတယ်လေ၊ ဒါကြောင့် ဆင်ဖြူမရှင်မိဖုရားကြီးဟာ မြန်မာပြည်ကို ပြန်ခွင့်ရသွားပြီ၊ အက်စ်အက်စ်ကလိုက်ဗ်ဟာ နက်ဖြန် ရောက်လာမယ်၊ သူတို့ အဲဒါနဲ့ပြန်ကြမယ်၊ ဒီကိစ္စမှာ ကျုပ်ဟာ ဘယ်နေရာကမှ မပါဝင်ခဲ့ဘူး"

"နက်ဖြန် ပြန်ကြတော့မယ် . . . "

အက်ကွဲဆို့နစ်သော အသံတစ်သံကြားရသည်။ကျွန်ုပ်ကိုယ်တိုင်၏ အသံပင်။

"ဂူးလက်ချန်း . . .မောင်ဘာဖြစ်သလဲ၊နေမကောင်းဘူးလား . . ."

www.burmeseclassic.com

www.burmeseclassic.com



"သူ. . .တစ်ခုခုကြောင့် သိပ်စိတ်ထိခိုက်နေပါတယ် ဖေဖေ၊ ဖေဖေဘာမှမပြောပါနဲ့"

မားဂရက်က ဘယ်အချိန်ကရောက်လာမှန်း မသိလိုက်။မားဂရက်၏အသံက ကျွန်ုပ်၏ နောက်ကျောဘက်ဆီမှ ပေါ်လာသည်။ မားဂရက်ဘက်လှည့်၍ ကျွန်ုပ်မော့ကြည့်လိုက်သည်။

"မားဂရက်. . ."

"ပြောပါ. . .ဂူးလက်"

"သူတို့ နက်ဖြန် ပြန်ကြတော့မယ်"

ကုလားထိုင်နောက်မှီကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ ရှိရှိသမျှ အင်အားတို့ ဆုတ်ယုတ်သွားနေရခြင်းကို အတိုင်းသား ခံစားရသည်။

"သူတို့ကို သွားနှုတ်ဆက်ချင်သလားဂူးလက်၊ကျွန်မပါလိုက်ခဲ့မယ်လေ"

"အခုနေ တွေ့လို့မရသေးဘူး သမီး၊ ဘုရင့်မိသားစုအားလုံးဧည့်ခန်းဆောင်ထဲမှာ တံခါးပိတ်အစည်းအဝေးလုပ်နေကြတယ်"

"ကျုပ်. . .အဲဒီကို သွားမယ်"

ကုလားထိုင်မှ ဝုန်းခနဲ ထလိုက်သည်။

ဆင်နားရွက်တံခါးဆီ အရောက်တွင် နောက်လှည့်၍ ပြောလိုက်သည်။

"ကျုပ်နောက်ကို ဘယ်သူမှ မလိုက်ခဲ့ကြပါနဲ့၊ သူတို့ရဲ့ တံခါးပိတ်အစည်းအဝေးကို ကျုပ်ဘာမှ မနှောင့်ယှက်ပါဘူး၊ စိတ်ချပါ၊ နောက်ဆုံးနာရီပိုင်းတွေရဲ့ အခွင့်အရေးလေးတစ်ခုကို ပေးကြပါ၊ ဘယ်သူမှ မလိုက်ခဲ့ပါနဲ့"

◆

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းဆောင်တံခါးမကြီးကိုပိတ်ထားသည်။အစောင့်နှစ်ယောက်ချထားသည်။ နံရံကပ်မီးအိမ်မှ အလင်းရောင်သည်ဧည့်ခန်းဆောင်အပြင်တွင် ဖြာကျနေသည်။ ပိတ်ထားသော တံခါးမကြီး၏ တစ်ဘက်တစ်ချက်ဆီတွင် ခုံတန်းရှည်များရှိသည်။ ထိုခုံတန်းရှည်များတွင် ဆင်ဖြူမရှင်မိဖုရားကြီး၏ မြန်မာအမှုထမ်းများ တိတ်ဆိတ်စွာထိုင်နေကြသည်။

တစ်စုံတစ်ခုကို တိတ်ဆိတ်စွာစောင့်ဆိုင်းနေကြသူများပမာ သူတို့၏ မျက်နှာများသည် မမြင်သောကြည့်ခြင်းများဖြင့်အပြင်ဘက်သို့ငေးနေကြသည်။

သူတို့အထဲမှာ. . .

ကျွန်ုပ်၏ မပိုးဖြူကို မတွေ့ရ။

မင်းဘယ်မှာလဲ၊ ဘယ်ရောက်နေလဲ မပိုးဖြူ. . .။

သည်အချိန်ဟာ နောက်ဆုံးအချိန်လေးတွေပါ မပိုးဖြူ။ မင်းကို… ကျုပ် တဝကြီးကြည့်ပြီး . . .

ခုံတန်းရှည်တွင် ထိုင်နေကြသူများရှေ့မှ ကျွန်ုပ်ဖြတ်လျှောက်လာခဲ့သည်။ ဤအချိန်ဝယ် မိနစ်တိုင်း စက္ကန့်တိုင်းသည်ကျွန်ုပ်အတွက်အဖိုးတန်လှသည်။

အစွန်ဆုံးတွင်ထိုင်နေသော မြန်မာအမှုထမ်းတစ်ယောက်ရှေ့တွင် ရပ် လိုက်သည်။

"မပိုးဖြူ. . .ဘယ်မှာလဲ. . ."

မြန်မာစကားဖြင့် မေးလိုက်သည်။ သူက စကားဖြင့်မဖြေဘဲ လက်ယာဘက်စင်္ကြံဆီသို့ လက်ညှိုးညွှန်ပြသည်။

လက်ယာဘက်သို့ကွေ့ချိုးသွားသောစင်္ကြံလမ်းရှိသည်။ထိုမှာဘက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဧည့်ခန်းဆောင်၏ ဘေးတံခါးမကြီးတစ်ခုရှိသေးပေသည်။ ထိုတံခါးမကြီးမှာ စံအိမ်တော်မှာ နေထိုင်ကြသူများ အလွယ်တကူ ဝင်ထွက်ဖို့ သုံးသောတံခါးဖြစ်လေသည်။

လက်ယာဘက်သို့ ကျွန်ုပ်လျှောက်ခဲ့သည်။မပြေးရုံတမယ်ခြေလှမ်းများပင်ဖြစ်တော့သည်။ အုတ်စီလမ်းပေါ်မှ ကျွန်ုပ်၏ ဖိနပ်သံကို ထိန်းသိမ်းဖို့ မကြိုးစားတော့။

စကြံထောင့်ချိုးသို့ ရောက်သည်။

ပိတ်ထားသော တံခါးဝတွင် ခုံတစ်လုံး ချထားသည်။ လေးထောင့်တိုင်လုံးပေါ်ရှိ နံရံကပ်မီးအိမ်မှ အလင်းရောင်ဖြင့် ခုံပေါ်တွင်ထိုင်နေသောသဏ္ဍာန်ကို ဝိုးတဝါးလှမ်းတွေ့လိုက်ရလေသည်။

မပိုးဖြူ. . .။

တရွေ့ရွေ့ တိုးချဉ်းသွားမိသည်။ နှလုံးသားသည်ပြုတ်ကြွေမတတ်လှုပ်ခါလျက်နေသည်။ အလွန့်အလွန် ချည့်နဲ့သော ခြေလှမ်းများဖြစ်သည်။ ဘယ်တော့မှ နီးကပ်မသွားနိုင်သည့် ခြေလှမ်းများ ဖြစ်ကြချေသည်။

မပိုးဖြူရှေ့တွင် ရပ်သည်။ ယိမ်းယိုင်ပြိုလဲမသွားရအောင် ကြိုးစားအားတင်းထားရလေသည်။ ရတနာဂီရိသို့ မပိုးဖြူရောက်လာသည့်နေ့မှစ၍ နှစ်ယောက်တည်းဆုံကြဖို့ အခွင့်အရေးကို ဘယ်တုန်းကမှ မရခဲ့။ ယခုကား ချစ်သူနှင့် နှစ်ယောက်တည်း ဆုံခွင့်ရပေပြီ။ သို့သော် အချိန်ကာလနှင့် အခွင့် အရေးတို့သည် တိုက်စားပြိုပျက်သွားခဲ့ကြပေပြီ။

အဆမတန်နာကျင်နေသော ရင်ထဲမှ စကားတို့ မထွက်လာကြ။

ကျောက်ဆစ်ရုပ်တစ်ခုနှယ်သော မပိုးဖြူ၏မျက်နှာ မော့လာသည်။ မီးရောင်ဝိုးတဝါးကြားမှ ဖြူစင်သော ထိုမျက်နှာပြင်သည် အိပ်မက်ထဲမှ နတ်မိ မယ်တစ်ပါးလိုပင် ဒြပ်မဲ့ဆန်လွန်းလှချေသည်။

"မ. . .ပိုး. . .ဖြူ"

သူ့ကို စေ့စေ့ကြည့်ကာ သူ့အမည်ကို နှုတ်မှပထမဆုံးခေါ်ဖြစ်သောအသံ။ သို့သော် နောက်ဆုံးခေါ်သည့်အသံ။

အပြစ်ကင်းစင်သော မျက်လုံးများမှာ ဝိုင်းစက်တောက်ပနေကြသည်။ တိကျသပ်ရပ်စွာ ဖြီးထားသော ဆံပင်များအောက်မှ နဖူးပြင်သည် ကျော့ရှင်းတင့်တယ်လှလေသည်။ နောင်. . .ဘယ်သောအခါမှ မြင်ရတော့မည် မဟုတ်သည့် ချစ်သူ၏မျက်နှာ. . .။

တဝကြီး ရှိုက်မက်စွာ ငေးကြည့်နေမိချိန်ဝယ် ပြောစရာ စကားတို့ပျောက်ဆုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အို. . .ပြောစရာစကားတဲ့လား။ သည်အချိန်လေးမှာ ကျွန်ုပ်ဘာကို ပြောရတော့မည်နည်း . . .။ ကျွန်ုပ်မှာ ပြောခွင့်ကော ရှိသေးရဲ့လား။ ချစ်သူ သိသွားစေသင့်သေးသလား။ အရာခပ်သိမ်းတို့သည် နောက်ကျသွားခဲ့ကြပေပြီ။ သည်အချိန်မှာ ဘာကိုမှ နှုတ်မှ မဖွင့်ဟသင့်တော့ပြီ။

အို. . .မဟုတ်ဘူး၊ မဟုတ်ဘူး။ သူ့ကို ချစ်တယ်ဆိုတဲ့စကားပြောလိုက်လေ။ ကျုံ့ကျုံ့ပုံ့ပုံ့လေးထိုင်နေတဲ့ ကိုယ်ဟန်၊ ရေတွေ ရွှဲရွှဲစိုနေတဲ့ပခုံးသားအစုံ၊ နက်မှောင်ရှည်လျားတဲ့ ဆံပင်တွေ၊ ပြီးတော့ ဖူးဖူးငုံငုံ လက်အုပ်ချီထားတဲ့ လက်ချောင်းကလေးတွေ၊ ပြီးတော့ ဝတ်လွှာတွေကိုဖွင့်လှန်ပွင့်လာတဲ့ ပန်းကလေးတစ်ပွင့်လို မျက်လုံးတွေ. . .။ အဲဒီအချိန်ကတည်းက မင်းကို ကျုပ်ချစ်ခဲ့တာပါ မပိုးဖြူလို့ . . .ပြောလေ။

ဂူးလက်ချန်းဆိုတဲ့ လူတစ်ယောက်ဟာ သူ့အချစ်ကို ချစ်သူသိစေအောင်ပြောလိုက်ပါပြီ။ ဒါ. . .ပေ. . .မဲ့ မင်းကတော့ ဘာမှ ပြန်မပြောပါလေနဲ့ မပိုးဖြူ။ ဒါဟာ. . .အချစ်သို့မဟုတ် တုံ့ပြန်မှုတစ်ခုခုကို တောင်းခံတာမဟုတ်ပါဘူး။ ဒါဟာ ဖွင့်ဟခြင်းသက်သက်ပါ။ချစ်မိသူကိုချစ်တဲ့အကြောင်း ပြောပြလိုက်တာပါပဲ မပိုးဖြူရယ်လို့ ပြောလေ . . .။

ဟင့်အင်း. . .မဟုတ်ဘူး။ အစစအရာရာ နောက်ကျသွားပြီလေ။

မင့်အချစ်ကို ထုတ်ဖော်ပြောလိုက်လို့ကော ဘာတွေကဘယ်လိုများ အကြောင်းထူးလာမှာလဲ။ သေဆုံးသွားပြီဖြစ်တဲ့ အနာဂတ်လေ. . .။

ဒီလိုဖွင့်ဟပြောလိုက်လို့ ချစ်သူက တစ်ခုခုတုံ့ပြန်လိုက်ပါပြီတဲ့။ အို . . .မမျှော်လင့်ပါနဲ့မမျှော်လင့်စမ်းပါနဲ့။သူဘာကိုမှတုံ့ပြန်လိမ့်မယ်မဟုတ်ဘူးလေ။ အားငယ်တုန်လှုပ်နေရှာတဲ့ အလှကိုပဲ ထိခိုက်ရာ ရောက်လိမ့်မယ်။ သူ. . .ငိုကြွေးကောင်း ငိုကြွေးလိမ့်မယ်။ ဒါမှမဟုတ် တစ်ခုခုပြောကောင်းပြောလိမ့်မယ်။ အဲဒီစကားတွေကကော မင်းအတွက် ရှုးသွပ်ခမန်း နာကျင်စရာကလွဲလို့ ဘာဖြစ်လာဦးမှာလဲ။ မဖွင့်လိုက်ရတဲ့ တံခါးတစ်ချပ်ကို ဒီအတိုင်း ပိတ် မြဲပိတ်နေပါစေတော့။

အို. . .မဟုတ်ဘူး. . .မဟုတ်ဘူး ဂူးလက်ချန်း။ အားလုံးကိုရင်ဆိုင်ပစ်လိုက်။ တစ်လောကလုံးကို စစ်မျက်နှာဖွင့်လိုက်စမ်း။ မင်းဟာ ငွေကြေးချမ်းသာသူတစ်ယောက် မဟုတ်လား။သူတို့အားလုံးကိုကျောခိုင်းပြီးချစ်သူရဲ့လက်ကိုဆွဲပြီး

"မပိုးဖြူရေ. . .လာ. . .လာ. . .ဘယ်သူမှ မလိုက်လာနိုင်ဖို့ ဟိုး . . .အဝေးကြီးအထိ ထွက်ပြေးကြစို့" လို့ ကြွေးကြော်ပြီး ဒီနေရာက တစ်ဟုန်ထိုး ထွက်ခွာလိုက်စမ်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မင်းချစ်တယ်မဟုတ်လား။ သူတို့တစ်တွေဟာဆုံးဖြတ်တဲ့အတိုင်း လက်ခံပြီး မင်းနှလုံးသားတွေကို တစ်သက်လုံး လောင်ကျွမ်းစေတော့မှာလား။ ဒီအတိုင်း မင်းဒူးထောက်အရှုံးပေးပြီး တစ်သက်လုံး နောင်တရမဆုံးဖြစ်နေတော့မှာလား။ မင်းယောကျ်ားမဟုတ်လား ဂူးလက်ချန်း။

တော်စမ်း . . . မိုက်မဲလှချည်လား။

ချစ်သူကို ရယူပိုင်ဆိုင်လိုခြင်းကြောင့်ပဲ အဲဒီချစ်သူမှာ ထိခိုက်နစ်နာသွားလိမ့်မယ်လို့ မင်းမတွေးမိဘူးလား။ သူဟာ အပြစ်ကင်းစင်တဲ့ ပန်းကလေးတစ်ပွင့်၊ ပြီးတော့ သူ့ဘဝ သူ့ဆန္ဒ ဘာတစ်ခုကိုမှ သူ့ဘာသာသူပိုင်ဆိုင်ခွင့်မရတဲ့ မိန်းကလေးတစ်ယောက်။ အချစ်ရဲ့ အင်အားအစွမ်းဆိုတာ မိမိ လိုရာ ရအောင်ယူခြင်းကို ခေါ်တာမဟုတ်ဘူး လူမိုက်။

ပြောလိုက်လေ၊ ဒါဖြင့်လည်း ပြောလိုက်ပါတော့လား။

အချစ်ကို ဖွင့်ဟထုတ်ဖော်လိုက်ခြင်းနဲ့တော့ ဘာကိုမှ မထိခိုက်စေဘူးလေ။ သူ့ကိုချစ်တယ်ဆိုတာ သူသိသွားပါစေ။ ကမ္ဘာလောကမှာ မိမိချစ်ရသူက မိမိရဲ့အချစ်ကိုသော်မှ သိမသွားတဲ့အဖြစ်ဟာ ကြေကွဲစရာအကောင်းဆုံးအဖြစ်ပါ ဂူးလက်ချန်း၊ မပိုးဖြူရယ် မင်းကို ကျုပ်ချစ်တယ်လို့ တစ်ခွန်းပဲ ပြောလိုက်။ ဒါဆိုရင် ဘာတစ်ခုမှ မသေချာမရေရာတဲ့ လောကကြီးထဲမှာအချစ်ဆိုတာကလေးတစ်ခုကတော့ သေးမျှင်ပါးလျားစွာ အရာထင်ကျန်ရစ်နိုင်မယ်မဟုတ်လား။

မင်းကို ချစ်တဲ့အကြောင်း မင်းသိသွားပါ ချစ်သူရယ်. . .လို့ ပြော . . .ပြောလိုက်လေ ဂူးလက်ချန်း။

နောက်ဆုံး အချိန်လေးပါ ဂူးလက်ချန်းရယ်၊ သူပြန်တော့မှာပါ။ ဘယ်သောအခါမှ မင်းသူ့ကို ပြန်မတွေ့နိုင်တော့ပါဘူး။ ပြောလိုက်တော့ ဂူး လက်ချန်း။

“မပိုးဖြူ. . .”

အံသွားတို့ ကျိုးကြေမတတ်၊ လက်သီးဆုပ် လက်ဖဝါးပြင်ထဲသို့ လက်ချောင်းများ စူးနစ်ဝင်မတတ်။

“မပိုးဖြူ. . .မင်း. . .ပြန်ရတော့မယ်နော်. . .ကျုပ်လေ. . .မင်းကို စကားတစ်ခွန်းပြော. . .”

တံခါးမကြီးပွင့်လာသည်။ ရုံရွှေတော်တစ်ယောက်ထွက်လာသည်။ ကျွန်ုပ်ကို မြင်သောအခါပါးစပ်များဟသွားသည်အထိအံ့အားသင့်သွားသည်။ ထို့နောက် ထိုင်နေသော မပိုးဖြူဘက်လှည့်ကြည့်သည်။ နောက်တစ်ခါအပြင်အလှန်ကျွန်ုပ်ကို တစ်လှည့်၊ မပိုးဖြူကိုတစ်လှည့် ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှုပ်ထွေးသွားသော အမူအရာကို ပယ်ဖျောက်လျက် သူပြော သည်။

"ခေါင်ဘုရားကြီး အခေါ်တော်ရှိတယ်၊ မပိုးဖြူ အခစားဝင်ပါ"

မပိုးဖြူသည် ကျွန်ုပ်၏ မျက်လုံးများထဲသို့ စိုက်ကြည့်ရင်း ထိုင်ခုံမှ ဖြည်းညှင်းစွာ ထသည်။ ထို့နောက်

ပွင့်နေသော တံခါးမှတစ်ဆင့် ဧည့်ခန်းဆောင်ထဲဝင်သွားသည်။ ရံရွေတော်က နောက်မှလိုက်ပါသွားရင်း တံခါးရွက်ကိုကိုင်၍ ကျွန်ုပ်ကို နောက်ပြန်လှည့်ကြည့်သည်။ ထို့နောက် တံခါးပိတ်လိုက်သည်။

"မပိုးဖြူ. . ."

ပိတ်သွားသော တံခါးရွက်ဆီသို့ ကျွန်ုပ်၏ ခေါ်သံ ထိမှန်သွားပြီး နောက် ထိုအသံသည် ဒြပ်ရှိသောအရာတစ်ခုဆိုလျှင် အောက်သို့ လွင့်စင်ကျ သွားလိမ့်မည်။

"မ. . .ပိုး. . .ဖြူ"

တံခါးပိတ်သွားခဲ့ပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၄၃ ]

သာသနာပြုရိပ်သာအဆောက်အဦး၏ ဆင်ဝင်အပေါ်ထပ်တွင် ဆောင်းနေသည်ကောင်းစွာ ထွန်းလင်းတောက်ပလျက်ရှိသည်။

ဖြူဖွေးသော စားပွဲခင်းထက်ရှိ ပန်းအိုးထဲမှ နှင်းဆီနီနီတို့သည် အစွမ်းကုန် ပွင့်အာနေကြသည်။ မြောက်ပြန်လေအသုတ်တွင် နှင်းဆီပန်း ရနံ့သည် သင်းပျံ့စွာ ဝေ့ဝဲလာတတ်လေသည်။

စားပွဲဝိုင်း၏ တစ်ဘက် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် မားဂရက်ထိုင် နေသည်။ ကြီးမားသောကြိမ်ထိုးထိုင်ခုံ၏လက်တန်းများပေါ်သို့လက်နှစ်ဖက် ကိုတင်ထားသည်။ ဂါဝန်အဖြူ၏ အနားစများက အောက်တွင် ပုံကျနေကြ သည်။

မားဂရက်က လက်ပတ်နာရီကို ငုံ့ကြည့်ရင်းပြောသည်။

"ခုချိန်ဆိုရင် အက်စ်အက်စ်ကလိုက်ဗ်ဟာ ပင်လယ်ဝကို ရောက် လောက်ပြီနော် ဂူးလက်"

မားဂရက် ကျွန်ုပ်ကို လှမ်းကြည့်နေသည်။ သူမမျက်လုံးပြာများကို ကျွန်ုပ်ရင်ဆိုင်ရန် ဝန်လေးလှသဖြင့် အပြင်ဘက်မြင်ကွင်းဆီသို့သာ မျက်နှာ လွှဲလိုက်ရသည်။ သို့တိုင် သူမကြည့်နေဆဲပင်ဖြစ်သည်ဟု သိနေသောကြောင့် မလုံမလဲ ခံစားရပြန်သည်။

စားပွဲဝိုင်းအလယ်တွင် တင်ထားသော ပန်းအိုးထဲမှ နှင်းဆီပန်းများ ဆီသို့ အာရုံစိုက်လိုက်ရပြန်သည်။ စိမ်းမြသော ရိုးတံနှင့်အရွက်များကြားမှ ချွန်ထက်သော ဆူးတို့သည် နှင်းဆီပန်းနီကို အကာအကွယ်ပေးထားကြသ ယောင်။

မားဂရက်နှင့်အတူ နှစ်ယောက်တည်းရှိနေသောအဖြစ်ကိုစိတ်ကျဉ်း ကျပ်လာသည်။ အပြစ်မကင်း ခံစားမှုများရှိထားသလို ဖြစ်နေသည်။ ရကား

www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ နေကြခြင်းသည်ပင်လျှင် အနေရခက်သောအနေအထားဖြစ်သည်။ သို့သော် မားဂရက် တစ်ခုခုပြောလာမည်ကို စိုးရွံ့နေသည်။ ကျွန်ုပ်ကလည်း ဘာပြောရမည်မှန်းမသိ။

ယမန်နေ့ညဦးမှစ၍ သန်းခေါင်ကျော်အချိန်အထိ ဆောက်တည်ရာ ကင်းမဲ့ခဲ့သော ကျွန်ုပ်၏အဖြစ်သည် ယခုတိုင် အရှိန်မသေချင်သေး။ သို့သော် ကံကြမ္မာ၏လှည့်စားချက်ကား ပြင်းထန်လွန်းလှသည်။

စံအိမ်တော် ဧည့်ခန်းဆောင်အတွင်းဝယ် သီပေါဘုရင်နှင့် မိသားစုများ မျက်နှာစုံညီ တံခါးပိတ် အစည်းအဝေးကျင်းပခဲ့ကြသည်။ ပိတ်သွားသော တံခါး၏အပြင်ဘက်တွင် ကျန်ရစ်ခဲ့ရင်း ကျွန်ုပ်သည် သူရူးတစ်ယောက်လို ခေတ္တမျှ သတိကင်းလွတ်သွားခဲ့ချေသည်။

စံအိမ်တော် စင်္ကြံလမ်းများတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိခဲ့ခြင်းကို နောက်မှ ပြန်အမှတ်ရသည်။

ထို့နောက် သာသနာပြုရိပ်သာအဆောက်အဦးသို့ ကျွန်ုပ်ပြန်လာခဲ့သည်။ မစ္စတာအောလ်ဘွန်း၏ ရုံးခန်းရှေ့မှ အဖြတ်တွင် သူတို့သားအဖကို နှုတ်ဆက်မိခဲ့သေးသလား၊ စကားပြောခဲ့သေးသလား ကောင်းကောင်းအမှတ်မရတော့။

သာသနာပြုရိပ်သာသို့ ပြန်အရောက်တွင် ကျွန်ုပ်သည် ယခင်က တောက်ပြောင် ပြိုးပြက်သော ဝတ်စားတန်ဆာများကို ဝတ်ဆင်ထားကြသည့် ရုံရွှေတော်များဖြင့် စည်ကားခဲ့သော အောက်ထပ်အခန်းများကိုလျှောက်ကြည့်မိသည်။ အားလုံး ဗလာဟင်းလင်း ဖြစ်နေကြသည်။

ဆင်ဖြူမရှင်မိဖုရားကြီး ထိုင်တတ်သော နေရာကို သွားကြည့်ခဲ့သည်။ သူတို့၏ ခြေရာလက်ရာများကို အငွေ့အသက်အဖြစ် မြင်ရသည်။

သူတို့ထွက်ခွာသွားကြပြီဟူသော အသိဖြင့် အားငယ်ချောက်ချားခဲ့ရသည်။ ဘာမှမရှိတော့သော ဥခွံကြီးတစ်ခုထဲသို့ ရောက်နေသည်ဟု ခံစားရသည်။ ကြေကွဲခြင်းဝေဒနာ၏ ဟိုမှာဘက် လွန်မြောက်သွားသောအခါ အရာရာသည် အသိနှင့် ကင်းလွတ်ခဲ့ရသည်။

အပေါ်ထပ် ကျွန်ုပ်နေသည့်အခန်းထဲသို့ ပြန်ဝင်ခဲ့ခြင်းကို သတိရသည်။

ထို့နောက် အရက်တစ်ခွက်ငှဲ့သောက်မိသလား၊ သောက်လက်စကို ဖန်ခွက်နှင့်တကွ ပေါက်ခွဲလွှင့်ပစ်မိသလား၊ သဲသဲကွဲကွဲ အမှတ်မရတော့။

အောက်ထပ်သို့ ပြန်ဆင်းကာထွက်ခွာသွားကြသူတို့၏ခြေရာလက်ရာများကို လျှောက်ကြည့်မိခဲ့သေးသည် ထင်သည်။ အပေါ်ထပ်တက်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ဆင်းလိုက်၊ ဆင်ဝင်ဘက်ထွက်လိုက်ဖြင့် ဆောက်တည်ရာ မဲ့ခဲ့သည်ကိုတော့ အမှတ်ရသည်။

မှတ်ဉာဏ်သည် ပျောက်ကွယ်သွားလိုက် ပေါ်လာလိုက်ဖြစ်နေသည်။ အပိုင်းပိုင်းအစစများအဖြစ် ပြန်ပေါ်သည်။ အချို့နေရာများတွင် ဘာဖြစ်ခဲ့မှန်း ပြန်စဉ်းစား၍ မရနိုင်လောက်အောင် ပြတ်တောက်နေသည်။ အစီအစဉ်တကျ ပြန်၍ဖော်မရ။

ကျွန်ုပ်သည် အရက်ကို အလွန်အကျွံမသောက်ခဲ့ဖူးချေ။ သို့သော် အလွန်အကျွံသောက်သူများသည် နောက်တစ်နေ့နံနက်တွင် ညက သူတို့ ဘာဖြစ်ခဲ့သည်ကို အပြည့်အစုံမမှတ်မိကြဟု ကြားဖူးသည်။

အဖြစ်အပျက်များ၏ ဆက်စပ်မှုများကို အစီအစဉ်တကျမဟုတ်ဘဲ ပြောက်တိပြောက်ကျားသာ မှတ်မိသည်ဟု ဆိုကြသည်။ ယမန်နေ့ညက အဖြစ်နှင့်ပတ်သက်သော ကျွန်ုပ်၏ မှတ်ဉာဏ်မှာ ထိုအတိုင်း ဖြစ်နေသည်။

စင်စစ်မူ ကျွန်ုပ်ရူးသွပ်သွားခဲ့ခြင်း ဖြစ်ပေမည်။

ညဥ့်သန်းခေါင်လောက်တွင်. . .

မားဂရက်သည် တံခါးစောင့်ဘနားဆင်းနှင့်အတူ ကျွန်ုပ်ထံရောက်လာသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် အောက်ထပ်အခန်းကျယ်ကြီးအလယ်တွင် တစ်ယောက်တည်း ထိုင်နေခဲ့သည်။

မားဂရက်သည် အခန်းထဲသို့ ဝင့်ကြွားစွာ လှမ်းဝင်လာခဲ့သည်။

ထို့နောက် ကျွန်ုပ်ရှေ့တွင် ရပ်ကာ တစ်လုံးချင်း ပြတ်သားစွာပြောခဲ့သည်။

"သူတို့ တံခါးပိတ်အစည်းအဝေးပြီးသွားပြီ ဂူးလက်၊ ဆင်ဖြူမရှင်မိဖုရားကြီးဟာ နက်ဖြန်ပြန်လိမ့်မယ်။

"အမှန်တော့ ဘယ်တော့မှပြန်တွေ့ကြမှာမဟုတ်တဲ့မိသားစုတစ်တွေ နှုတ်ဆက်ကြတာပါပဲ၊ မှာကြားတာတွေ၊ အရိုအသေပြုတာတွေ၊ လက်ဆောင်ပေးကြတာတွေပေါ့။

"ဒီအထဲမှာ ဆင်ဖြူမရှင်မိဖုရားကြီးဟာ အလွန်ထူးဆန်းတဲ့ လက်ဆောင်တစ်ခု သူ့ရဲ့သမီးတော် စုဖုရားလတ်ကို ပေးခဲ့တယ်။

"အဲဒါကတော့ ရုံရွှေတော်တစ်ဦးပဲ၊ သူ့နာမည်က မပိုးဖြူတဲ့၊ စုဖုရားလတ်က တောင်းဆိုလို့ ပေးခဲ့တာလို့ သိရတယ်. . ."

ကျွန်ုပ်ဘာမှ မပြောနိုင်ခင် မားဂရက်က

"ဂူးလက်၊ ရှင်အနားယူလိုက်တော့နော်. . .ဂွတ်ဒ်နိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဝင်လာခဲ့စဉ်က ခြေလှမ်းများအတိုင်း ပြန်ထွက်သွားလေသည်။

ကြေကွဲထိခိုက်ခြင်းတည်းဟူသော သမုဒ္ဒရာရေအထု၏ အောက်သို့ အစဉ်တစိုက်နစ်မြုပ်သွားခဲ့ပြီးနောက် ရေအောက်ကြမ်းပြင်နှင့် ထိတွေ့မိကာ တစ်ဟုန်ထိုးပြန်တက်လာပြီး ရေမျက်နှာပြင်ထက်သို့ ပြန်ပေါ်လာရသော အဖြစ်။

ပြင်းထန်လွန်းသော ဆန့်ကျင်ဘက်ဝေဒနာနှစ်ရပ်ကို တစ်ညဥ့်တာ အတွင်းခံစားလိုက်ရသောကြောင့် ကျွန်ုပ်သည် ခုတ်ပိုင်းခံလိုက်ရသော သစ်ပင် တစ်ပင်လို ဖြစ်သွားခဲ့ပေမည်။

ဆင်ဖြူမရှင် ပြန်သွားခဲ့ပေပြီ။

သို့သော် မပိုးဖြူ လိုက်ပါမသွားခဲ့ချေ. . .။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၄၄ ]

"ဂူးလက်၊ ကျွန်မတို့ စကားပြောကြမလား"

မားဂရက်၏လေသံမှာ အလွန်အားနည်းလှပေသည်။

"ပြောပါ၊ မားဂရက်"

"ဆင်ဖြူမရှင်မိဖုရားကြီး ပြန်သွားတဲ့ကိစ္စဟာဖေဖေ့အတွက်အလွန်အထိနာတဲ့ ကိစ္စပဲ၊ ဒါကို ရှုံးနိမ့်ခြင်းတစ်ခုလို့ဖေဖေကိုယ်တိုင်ကလည်းလက်ခံထားတယ်၊ ကျွန်မရဲ့ ဖခင်ဟာ ဒါအတွက် အတော်မခံချိမခံသာ ဖြစ်နေပုံရတယ်"

"အလုပ်သဘောအရ ဒါဟာ ဖြစ်နိုင်ပါတယ် မားဂရက်"

"ဟုတ်တယ်. . .အလုပ်သဘောအရပါပဲ၊ ဒီကိစ္စဟာ သူ့ရဲ့ရှေ့လုပ်ငန်းတွေမှာ ထောက်ပြစရာချွတ်ယွင်းချက်တစ်ခု ဖြစ်လာနိုင်တယ်လို့ ဖေဖေက ယူဆထားတယ်။

"ဖေဖေဟာ မိဖုရားကြီးကို ရတနာဂီရိမှာ မနေနိုင်အောင် ပြုမူတယ်လို့ ဘုရင်ခံချုပ်က ယူဆသွားမှာကို ဖေဖေအတော်ကြီးစိုးရိမ်နေတယ်။

"ဘုရင်ခံချုပ်နဲ့ တခြားအာဏာပိုင်အဖွဲ့ထဲက ပုဂ္ဂိုလ်တွေပါ ဒီလိုအတွေးဝင်သွားမယ်ဆိုရင်တော့ ဖေဖေဟာ ပြောင်းရွှေ့ရဖို့ နီးစပ်တယ်"

"ကျွန်တော် စိတ်မကောင်းပါဘူး မားဂရက်၊ မိဖုရားကြီး ပြန်သွားတာဟာ မစ္စတာအောလ်ဘွန်း မထိန်းသိမ်းတတ်လို့ မဟုတ်ဘူးဆိုတာ ကျွန်တော်လည်း သိနေတာပဲ၊ အကယ်၍ အထက်က ဒါကို စုံစမ်းစစ်ဆေးလာလို့ လိုအပ်ရင် ကျွန်တော်ဒီအတိုင်း ထွက်ဆိုပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ဂူးလက်ရယ်၊ ဒါပေမဲ့ ရှင်မတတ်နိုင်ပါဘူး၊ ဖေဖေရှုံးနိမ့်လိမ့်မယ်လို့ ကျွန်မခံစားနေရတယ်၊ ဘာကြောင့်လဲဆိုတော့ အခု ကျွန်မရဲ့ အာရုံတွေဟာ အရှုံးရဲ့အငွေ့အသက်တွေကို ရရှိနေလို့ပဲ"

သူ့အသံတစ်ချက်တုန်သွားသည်ကို သတိပြုမိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မားဂရက်သည် ထိန်းသိမ်းဆောက်တည်နိုင်စွမ်းရှိသော အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း တွေ့ရသည်။

အပြန်အလှန် နားလည်သဘောပေါက်နေကြပါလျက် ပွင့်လင်းမှု မရှိကြသောအဖြစ်၊ ပြောရမည့်စကားလုံးတို့ကို ပြောမထွက်ကြသော အဖြစ်ပေါ်တွင် ကျွန်ုပ်စိတ်အိုက်လာသည်။

သည်အထဲတွင် မားဂရက်၏ ထိန်းသိမ်းနိုင်စွမ်းနှင့် တည်ငြိမ်မှုကို တွေ့ရသောအခါ ယမန်နေ့ညဥ့်က ဆောက်တည်ရာကင်းမဲ့ကာ အရူးသဖွယ်ဖြစ်သော ကိုယ့်အဖြစ်ကိုယ် ရှက်နေမိသည်။

မပိုးဖြူ၊ မားဂရက်နှင့် ကျွန်ုပ်။

သီပေါဘုရင်၊ အမှုကိစ္စ၊ မစ္စတာအောလ်ဘွန်း၊ဆရာအက်ဂျလောင်းနှင့် ရတနာဂီရိ။ အဓိကအချက်အချာဟု မဆိုနိုင်သော်လည်း ကျွန်ုပ်သည် ပြဿနာအတော်များများ၏ ဗဟိုအမှတ်ဖြစ်နေကြောင်း သဘောပေါက်လာသည်။

ပြီးခဲ့သော အဖြစ်အပျက်များအတွက် ယခုအချိန်တွင် နောင်တမရသော်လည်း နောင်ဖြစ်ပေါ်လာမည့် ကိစ္စများအတွက်နောင်တစ်ချိန်ကျမှနောင်တရမည့်အဖြစ်သည် မလိုလားအပ်ချေ။ ထိုသို့နောင်တရခြင်း၊ မရခြင်းမှာ ပစ္စက္ခအခြေအနေပေါ်တွင် များစွာမူတည်နေလေသည်။

အရေးကြီးဆုံးသော အကွေ့အချိုးသို့ ရောက်နေပြီဟု ကျွန်ုပ်ပထမဆုံးအကြိမ်နားလည်လိုက်သည်။ လက်ရှိအနေအထားသည်အဆုံးအဖြတ်ပေးမည့်အနေအထားဖြစ်သည်။ အရာအားလုံး နေသားတကျရှိသွားမလား၊ သို့တည်းမဟုတ် ကသောင်းကနင်းဖြစ်သွားမလားဆိုသော လမ်းနှစ်သွယ်၏ ခွဆုံ နေရာတွင် ကျွန်ုပ်ရောက်နေပြီ ဖြစ်သည်။

အသက်ပြင်းစွာရှူရှိုက်လိုက်သည်။

နှင်းဆီပန်းရနံ့က စူးရှစွာ တိုးဝင်လာသည်။

လှပသော နှင်းဆီပွင့်အောက်မှ ဆူးချွန်များကို နောက်တစ်ကြိမ်ကြည့်မိပြန်သည်။

ဆုံးဖြတ်ချက်ကို မပြုလုပ်နိုင်သေးသော်လည်း ထိုသို့ပြုလုပ်ရန်အတွက် တည်ငြိမ်သော အင်အားများကို စတင်မွေးမြူသင့်ပြီဟု တွေးမိသည်။

အစေခံက လက်ဖက်ရည်ပွဲများကို ချလာသည်။

"မားဂရက်၊ ကျွန်တော်တို့ နေ့လယ်စာ စားလိုက်ရအောင်"

သူ့ကို အားပေးနှစ်သိမ့်ခြင်းနှင့်အတူ မိမိကိုယ်တိုင်လည်း အင်အားသစ်များ ပေါက်ဖွားလန်းဆန်းလာသည်ဟု ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ဖြစ်ပေါ်နေခဲ့သော စိတ်မလုံမလဲဖြစ်မှု၊ အပြစ်မကင်းခံစားမှုများလည်း ပျောက်ကွယ်သွားကြသည်။

ရတနာဂီရိ၏ ကောင်းကင်သည် မြူတိမ်ကင်းစင်ကာပကတိပြာလဲ့ကြည်လင်လျက်ရှိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဆရာအက်ဂျလောင်းသည် ရတနာဂီရိသို့ ရောက်ရှိလာပေပြီ။

ဆိပ်ကမ်းရေစပ်အထိ ဆင်းသွားပြီး ဆရာ့ကို ကျွန်ုပ်ဝမ်းသာအားရ ကြိုဆိုလိုက်သည်။ ကပ္ပတိန်ပေါလ်ဝဲနှင့်အတူကူးတို့လှေဦးတွင်မတ်တတ်ရပ်လျက် လိုက်ပါလာသော ဆရာ့ဟန်မှာ ကျွန်းတစ်ကျွန်းကို တက်ရောက်သိမ်းပိုက်မည့် ကမ်းတက်စစ်ဗိုလ်ကြီးတစ်ဦးနှယ်ပင်။

"ဟေး . . . ခြသေ့်ကလေး"

လှေမဆိုက်ခင်ကတည်းက ဆရာ့နှုတ်ဆက်သံသည် လှိုင်းများကိုဖြတ်၍ ကျွန်ုပ်ထံရောက်လာသည်။ ဦးထုပ်ကိုချွတ်လျက်ဝှေ့ယမ်းပြနေမိသော ကျွန်ုပ်၏အမူအရာမှာလည်း ဗိုလ်ချုပ်ကြီးတစ်ယောက်၏ စစ်ကူကို ကြိုဆိုသည့် စစ်သားတစ်ဦးနှင့် တူနေပေမည်။

လှေပေါ်မှဆင်းမည့် ဆရာ့ထံသို့ ကျွန်ုပ်လက်ကမ်းပေးလိုက်သည်။ ဆရာသည် ပေါ့ပါးဖျတ်လတ်စွာပင် ကမ်းထက်သို့ ခုန်ချလိုက်လေသည်။

"ရတနာဂီရိက ကြိုဆိုနေပါတယ် ဆရာ"

"အံမာ. . .မင်းက ရတနာဂီရိသားကြီးပေါ့လေ"

ဆရာတပည့်နှစ်ဦးပွေ့ဖက်နှုတ်ဆက်ရင်း ရယ်မောမိကြသည်။ သို့သော်နဂိုကတည်းကသေးငယ်ကျစ်လစ်သောဆရာသည်တောင့်တင်းသန်မာဆဲပင်။ အထူးသဖြင့် မျက်လုံးများက ပို၍ စူးရှတောက်ပြောင်နေကြသည်။ အင်အားအပြည့်ယူဆောင်လျက် ရတနာဂီရိသို့ ရောက်လာကြောင်း ကျွန်ုပ်သံသယမရှိယုံကြည်သည်။ ဆရာ့ထံမှ အင်အားများက ကျွန်ုပ်ဆီသို့ ကူးစက်လာကြသည်။

"ဆရာနောက်ဆုံးတော့ ရတနာဂီရိကို ရောက်လာတာပဲနော်၊ သူတို့က ဆရာ့ကို အတော်လေး ဟန့်တားခဲ့ကြသေးတယ် မဟုတ်လား ဆရာ"

www.burmeseclassic.com



"နောက်ဆုံးမိနစ်အထိပေါ့ကွာ၊ ဘုရင်ခံချုပ်ရဲ့ အတွင်းရေးအတွင်းဝန်နဲ့ ငါအကြိတ်အနယ်ဆွေးနွေးခဲ့ရတယ်၊အောက်တိုဘာလထဲတုန်းကဘုရင်ခံဆီတင်သွင်းခဲ့တဲ့ သီပေါဘုရင်ရဲ့ ပန်ကြားလွှာကို ခွင့်ပြုမလား၊ ဒါမှမဟုတ် ငါ့ကို ရတနာဂီရိသွားခွင့်ပြုမလားဆိုတဲ့ လမ်းနှစ်သွယ်ဟာ နောက်ဆုံးတိုက်ပွဲပဲ။

"နောက်ဆုံးတော့ သူတို့က သီပေါဘုရင်ရဲ့ ပန်ကြားလွှာထဲက အချက်သုံးချက်ကို ပယ်ချလိုက်ကြတယ်၊ အဲဒီပန်ကြားလွှာရှုံးနိမ့်သွားလို့ ငါဒီကို လာဖို့အရေးဟာ အောင်မြင်သွားတာပဲ၊ ဒါပေမဲ့ ငါရတနာဂီရိကို ရောက်လာဖို့နဲ့ သီပေါဘုရင်နဲ့တွေ့ဖို့ အဓိကပဲ မဟုတ်လား၊ ရှုံးနိမ့်သွားတဲ့ အဲဒီပန်ကြားလွှာထဲက တောင်းဆိုမှုတွေ ပြန်ရအောင် ငါလုပ်ပေးမှာပါ"

ဆိပ်ကမ်းရုံးခန်းဆီသို့ လျှောက်ခဲ့ကြရင်း ဆရာ့အလုပ်စကားကိုသာ တရစပ်ပြောလာသည်။ ရတနာဂီရိကို ဆရာစိတ်ဝင်စားပုံမရ။ ပတ်ဝန်းကျင် မြင်ကွင်းများကိုလည်း ကြည့်ရှုခြင်းမပြု။ ဆရာ့အတွက် ရတနာဂီရိသည် သူအကြိမ်ပေါင်းများစွာ လှုပ်ရှားကျင်လည်ခဲ့ဖူးသော တရားရုံးများထဲမှ တစ်ခုအဖြစ်သာ သဘောထားပေလိမ့်မည်။

"သီပေါဘုရင်ရဲ့ တောင်းဆိုမှုတွေက ဘာတွေလဲ ဆရာ"

"အဓိကသုံးချက်ပဲ၊ တစ်-သူ့အတွက် သတ်မှတ်ခွင့်ပြုငွေကို သူ့လက်ထဲ တိုက်ရိုက်ပေးပြီး အိမ်တော် စီမံအုပ်ချုပ်ခွင့်ကိုလည်း သူ့ကို ပေးအပ်ဖို့၊ နှစ်-ကျောက်မျက်ရတနာတွေနဲ့ ပတ်သက်ပြီး ရောင်းချခွင့်၊ ရွှေ့ပြောင်းသယ် ယူခွင့်တွေကို လွတ်လပ်စွာရဖို့၊ သုံး-အခိုင်းအစေတွေကို တိုက်ရိုက်စီမံအုပ်ချုပ် ခွင့်ပေးဖို့၊ အဲဒီသုံးချက်ပဲ၊ အားလုံးကို ဘုရင်ခံအစိုးရက ပယ်ချလိုက်တယ်၊ ဒါပေမဲ့ အဲဒါတွေအားလုံး ပြန်ရဖို့ ငါတိုက်ပွဲဝင်မယ်"

ဆရာ၏ စစ်ခရာသံပင် ဖြစ်လေသည်။

တစ်ဆက်တည်းမှာပင် မစ္စတာအောလ်ဘွန်း၏ မျက်နှာကိုပြေးမြင်လိုက်သည်။ မစ္စတာအောလ်ဘွန်းနှင့် ဆရာတို့သည် ရင်ဆိုင်တွေ့ကြပေတော့မည်။

သီပေါဘုရင်၏ ရှုံးနိမ့်သွားသော ပန်ကြားလွှာပါ တောင်းဆိုချက်များကား အိမ်တော်ဝန်မစ္စတာအောလ်ဘွန်းနှင့် တိုက်ရိုက်ပတ်သက်နေသော ကိစ္စများပင်ဖြစ်လေသည်။

"ဒီမယ်ကွာ၊ ဘုရင်ခံချုပ် လော့ဒ်လင်းစဒေါင်းဟာ ရှေ့ရေးကိုကြိုမြင်တတ်သူပဲ၊ ငါ့အခြေအနေဟာ လန်ဒန်က အိန္ဒိယပြည်နယ်ဆိုင်ရာအတွင်းဝန်အထိ အဲဒီကတစ်ဆင့် အရှေ့ဖျားဒေသဆိုင်ရာအာဏာပိုင်အထိတက်တော့

www.burmeseclassic.com

www.burmeseclassic.com



မယ့် အခြေအနေဆိုတာကို သူကောင်းကောင်းကြီး သဘောပေါက်တယ်၊ ဒါကြောင့် ငါ့ကို သီပေါဘုရင်နဲ့ တွေ့ခွင့်ပြုလိုက်တာပဲ”

ဆရာ၏ ဝေ့စ်ကုတ်ကြားမှ လှုပ်ရမ်းနေသောခါးပိုက်ဆောင်နာရီငွေကြိုးကလေးကို ကြည့်ရင်း ကျွန်ုပ်ပြုံးမိသည်။

“ခြသေ့်ကလေး . . . မင်းသိရဲ့လား၊ ဆယ့်ကိုးရာစု နှောင်းပိုင်းရဲ့ အကြီးကျယ်ဆုံးအမှု၊အခက်ခဲဆုံးအမှုကိုအနိုင်ရအောင်လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေအဖြစ် ငါ့ကို ကမ္ဘာက အသိအမှတ်ပြုကြရလိမ့်မယ်၊ နားလည်လား”

အားရှိဖွယ် ဂုဏ်ယူစရာစကားဟု နားလည်သော်လည်းဘာကြောင့်မှန်းမသိ။ ထိုစကား ထိုလေသံနှင့်တကွသော ဆရာ၏ ဝင့်ဝါခန့်ညားမှုသည် အရင်ကလို ကျွန်ုပ်၏ရင်ထဲသို့ ချောမွေ့စွာ စီးဆင်းမသွားခဲ့ချေ။

မည်သို့ပင်ရှိစေ၊ ဆရာကား ရတနာဂီရိသို့ ရောက်လာခဲ့ပြီ။

အခက်အခဲပေါင်းများစွာကို ကျွန်ုပ်တို့ ကျော်ဖြတ်ခဲ့ကြပြီ။

“မင့်အခြေအနေတွေကော ဒီမှာတိုးတက်ရဲ့ မဟုတ်လား ဂူးလက်ချန်း”

“ဟုတ်ကဲ့ . . .ကျွန်တော်နောက်တော့ ပြောပြပါ့မယ် ဆရာ”

ကျွန်ုပ်၏အခြေအနေ၊ မည်သည့်အခြေအနေကိုမည်သို့သောစကားဖြင့် ကျွန်ုပ်ပြောပြရမည်နည်း။ ဆရာနှင့်အတူ လက်တွဲရမည့် ကျွန်ုပ်၏ လက် များသည် သန့်ရှင်းစင်ကြယ်ပါ၏လော၊ သန့်ရှင်းစင်ကြယ်မှုမရှိဟု ဆိုပါက မည်သည့်အရာဖြင့် ဆေးကြောသုတ်သင်ရမည်နည်း။

“သူငယ်ချင်း ဂူးလက်ချန်း၊ အသားတွေလည်း နေလောင်လို့၊ လူကောင်ကြီးလဲ တုတ်ခိုင်သန်စွမ်းလာတယ် ထင်ရတယ်၊ ဘယ်နှယ့်လဲ၊ရတနာဂီရိမှာ သိပ်ကျန်းမာပျော်ရွှင်နေသလား”

ကပ္ပတိန်ပေါလ်ဝဲက ရုံးခန်းထဲမှ ထွက်လာပြီး ကျွန်ုပ်ကို နှုတ်ဆက်သည်။ နေဗီကတ်ဆေးတံသောက်ဆေးများထည့်လျက် မီးခိုးထောင်းထောင်းထနေသော ဆေးတံကို ခဲထားသည်။ ဤလူကြီးသည်လည်း ဘာမှ မပြောင်းလဲ၊ ခင်မင်နှစ်လိုဖွယ်အတိုင်ပင်။

“ကျွန်တော်ဟာ မာလိန်မှူးကောင်းတစ်ယောက်လေ ကပ္ပတိန်ရဲ့”

“အား . . . ဟုတ်တယ်၊ သိပ်ဟုတ်တာပေါ့၊ဘာတဲ့၊တစ်ကိုယ်တည်းရဲ့ ဆုံးဖြတ်ချက်တွေနဲ့ အမှန်တွေကို တည်ဆောက်သွားတဲ့ မာလိန်မှူးကောင်း တစ်ယောက်၊ ဟုတ်လား . . . ဟား . . . ဟား . . . ဟား”

မည်းနက်ထူထပ်သော မုတ်ဆိတ်နှုတ်ခမ်းမွေးများကြားမှ ဖြူဖွေးသော သွားများပေါ်သည်အထိ ကပ္ပတိန်ပေါလ်ဝဲသည် အားပါးတရ ရယ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီမှာ သူငယ်ချင်း၊ အဲဒီလို တစ်ခုခုကို ဆုံးဖြတ်ပြီး တစ်ခုခုလုပ်ပြီးတဲ့ နောက်မှာတော့ ကျုပ်အဲဒါကို သိပါရစေနော်၊ မှန်သည် မှားသည် ကျုပ် ဘာမှ မပြောပါဘူး၊ သူငယ်ချင်းအကြောင်းကို ကျုပ်စိတ်ဝင်စားလို့ပါ၊ ဘယ် နှယ့်လဲ"

"ကျွန်တော်ကတိပေးပါတယ်၊ ကပ္ပတိန်အားလုံးကို သိရစေမယ်"

"ဟား . . .ဟား . . . သိပ်ကောင်းတာပဲ၊ မစ္စတာအက်ဂျလောင်းခင်ဗျား၊ ကျွန်တော်လည်း ဆယ့်ကိုးရာစုနှောင်းပိုင်းရဲ့ စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်ရပ်တွေနဲ့ လူပုဂ္ဂိုလ်တွေကို အခေါက်ခေါက်အခါခါ သယ်ယူပို့ဆောင်ပေးတဲ့ သင်္ဘောမာလိန်မှူးတစ်ယောက်အဖြစ် ကမ္ဘာက အသိအမှတ်ပြုကြလိမ့်မယ်"

ဆရာက ပြုံးရုံသာပြုံးနေသည်။ ကပ္ပတိန်ကမူ သူ၏ကြီးမားကျယ်ပြန့်သော လက်ဖဝါးကြီးများဖြင့် ကျွန်ုပ်၏ ပခုံးကို ဆုပ်ကိုင်ကာ တဟားဟား ရယ်မောနေလေသည်။

"ကိုင်း . . . ဂုးလက်ချန်း၊ မင်းရဲ့ သာသနာပြုရိပ်သာဆီသွားကြစို့၊ အဲဒီမှာ လိုအပ်တဲ့ စာရွက်စာတမ်းတွေ ပြင်ဆင်ပြီးရင် သီပေါဘုရင်ဆီ တစ်ခါတည်း ဝင်တွေ့ကြမယ်"

ခါးပိုက်ဆောင်နာရီကို ထုတ်ကြည့်ပြီး ဆရာပြောသည်။

တိုက်ပွဲကားစချေပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၄၆ ]

တိုက်ပွဲတစ်ခုဖြစ်သည်ဟု နားလည်ထားသော်လည်း သည်မျှအထိ ပြင်းထန်လိမ့်မည်ဟု ကျွန်ုပ်မမျှော်လင့်ခဲ့။ ထို့အတူ ကျွန်ုပ်၏ ဆရာသည်လည်း ဤသို့သော သေနင်္ဂဗျူဟာမျိုးအထိ အသုံးပြုလိမ့်မည်ဟု မထင်မိခဲ့။

ရတနာဂီရိသို့ ဆရာရောက်လာသည့်အချိန်မှစ၍ သုံးရက်လုံးလုံး ကျွန်ုပ်တို့သည်သီပေါဘုရင်နှင့်နာရီပေါင်းများစွာတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲသို့ တစ်ခါတစ်ရံ စုဖုရားလတ်မိဖုရားလည်း ပါဝင်ခဲ့သည်။ စုဖုရားလတ်ပါဝင်ဆွေးနွေးချက်များကိုဆရာသည်နှစ်ထောင်းအားရရှိလှသည်ဟု ဆိုလေသည်။

ထိုဆွေးနွေးပွဲမှ စကားပြန်ကား ကျွန်ုပ်ပင်ဖြစ်လေသည်။

အမှုကိစ္စအတွက် အထူးအရေးကြီးသောအချက်များကိုဆွေးနွေးကြမည်ဖြစ်သောကြောင့် သီပေါဘုရင်၏ စကားပြန် မောင်ကြီးကို မသုံးနိုင်ဟု ဆရာကဆိုသည်။ သီပေါဘုရင်ကလည်းမြန်မာစကားကောင်းစွာတတ်သည့် အခြားသူတစ်ဦးဦးကို မသုံးနိုင်ဟု ပြောသည်။

ထိုသို့ စကားပြန်ကိစ္စပြဿနာပေါ်နေစဉ်တွင် စုဖုရားလတ်မိဖုရားကဝင်၍ အဆုံးအဖြတ်ပေးခဲ့သည်။ မိဖုရားက သူမ၏ဘုရင်ကို အကြံပေးလိုက်သည်။ သီပေါဘုရင်က ကျွန်ုပ်ကို လှမ်းကြည့်ကာ . . .

"ရှေ့နေကြီး၊ သင့်ရဲ့ တပည့်ဟာ အတော်ဆုံး စကားပြန်ပေါ့၊ကျွန်ုပ်ရဲ့ နမတော်က ပြောနေတယ်၊ သင့်တပည့် ဂူးလက်ချန်းဟာ မြန်မာစကားကောင်းကောင်းပြောတတ်တယ်လို့ သိရတယ်တဲ့၊ ဒါကို မိဖုရားဟာ သူ့ရဲ့ရှံ ရွှေတော်တစ်ဦးဆီကနေ သိထားတယ်တဲ့၊ သင့်တပည့်ကိုပဲ တာဝန်ပေးကြစို့"

ထို့နောက် သီပေါဘုရင်က ပြုံးကြည့်ကာ . . .

"မစ္စတာ. . .သင်မြန်မာလို ပြောတတ်တာကို ဘာကြောင့်လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထားတာလဲ၊ ကိစ္စမရှိပါဘူးလေ၊ သင်ဟာ ကျုပ်နဲ့ ခင်မင်ရင်းနှီးပြီးသားပဲ”

ဟု မြန်မာလို ပြောလေသည်။

ကျွန်ုပ်၏ မှတ်ဉာဏ်များ အလိုအလျောက်လှုပ်ရှားသွားကြသည်။ ကျွန်ုပ်တတ်ထားသော မြန်မာစကားကို ရတနာဂီရိတွင် စတင်အသုံးချခဲ့သော အချိန်မှာ ဆင်ဖြူမရှင် မပြန်မီတစ်ည တံခါးပိတ်အစည်းအဝေးကျင်းပနေကြစဉ် ဘေးတံခါးမကြီးရှေ့၌ ထိုင်နေခဲ့သော မပိုးဖြူအား ပေါက်ကွဲတုန်လှုပ်စွာ ပြောခဲ့သော တစ်ကြိမ်သာ ရှိသည်။

စုဖုရားလတ်သည် မပိုးဖြူမှတစ်ဆင့် ဤအကြောင်းကို သိခဲ့ခြင်းသာ ဖြစ်ရပေမည်။ မပိုးဖြူသည် သူမ၏ အရှင်သခင်အား အကြောင်းစုံ လျှောက်ထားခဲ့ပေမည်။

သို့ဖြင့်ပင် နောက်ဆုံးတွင် ကျွန်ုပ်သည် ဆွေးနွေးပွဲ၏ အသင့်တော်ဆုံးစကားပြန်ဖြစ်သွားလေသည်။ သီပေါဘုရင်အနေဖြင့် အင်္ဂလိပ်စကားကို အတော်လေး ပြောဆိုနိုင်သည်မှန်သော်လည်း အရေးကြီးသော လေးနက်သော စကားလုံးများကို အင်္ဂလိပ်လို ပြောရန် အခက်အခဲရှိနေပေသည်။ စုဖုရားလတ် မိဖုရားမှူကား ခေါင်းမာသူပီပီ‘ကျွန်ုပ်အင်္ဂလိပ်စကားတတ်စရာမလိုဘူး’ ဟု အစကတည်းက ငြင်းဆန်ထားခဲ့သူ ဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆရာသည် သီပေါဘုရင်၏ တွေ့ကြုံနေရသောအခက်အခဲများကို စေ့စေ့စပ်စပ်မေးသည်။ ကျောက်မျက်ရတနာကိစ္စ၊ ငွေကြေးကိစ္စ၊ အမှုထမ်းများကိစ္စအပြင် လူမှုရေးဆိုင်ရာအသေးအဖွဲ့များပါမကျန် မေးခွန်းထုတ်ခဲ့သည်။ ဆရာ၏ တိကျသေချာမှုကား အံ့မခန်းပေပင်။

ဆရာ့မေးခွန်းများသည် သီပေါဘုရင်က ဖြေကြားရင်း ဆရာကအချက်အလက်များ စုဆောင်းရင်းဖြင့် နောက်ဆုံး ထွက်ပေါ်လာသည့် ရလဒ်ကား မားဂရက်အတွက် စိတ်မကောင်းစရာ ဖြစ်လာလေသည်။ အကြောင်းမူ အချက်အလက်အားလုံး၏ ဦးတည်ချက်သည် မစ္စတာအောလ်ဘွန်းဖြစ်နေသောကြောင့်ပင်တည်း။

ထိုအခါမှပင် စံအိမ်တော်ထဲ၌ သီပေါဘုရင်မိသားစုနှင့် မစ္စတာအောလ်ဘွန်းအကြား ဩထရန်ဟောလ်၊ ဘေကာဘန်ဂလိုနှင့် ရတနာဂီရိအာဏာပိုင်အဖွဲ့အကြားမည်မျှ ရှုပ်ထွေးနေသည်ကို ကျွန်ုပ်ကွက်ကွက်ကွင်းကွင်း မြင်လာရသည်။

တစ်ချိန်တည်းမှာပင် ထိုပြဿနာများကို မမြင်ခဲ့သည့်၊ မြင်အောင်လည်း မကြိုးစားခဲ့သည့်၊ သို့တည်းမဟုတ် မြင်တတ်သော မျက်စိမျိုးမရှိခဲ့သည့် ကျွန်ုပ်ကိုယ်ကျွန်ုပ် ပထမဆုံးအကြိမ် ခွင့်မလွှတ်နိုင်ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ချွတ်ယွင်းချက်များမှတစ်ဆင့် မိမိကိုယ်မိမိလည်း အခိုင်မာဆုံး သော မှတ်ချက်တစ်ခု ချလိုက်သည်။

အခြားမဟုတ်၊ ကျွန်ုပ်သည် ဘယ်တော့မှ ရှေ့နေတစ်ယောက်မဖြစ် နိုင်ဟူသော မှတ်ချက်ပင် ဖြစ်လေသည်။

ဆရာ၏ မေးခွန်းထုတ်ပုံ၊အချက်အလက်စုဆောင်းပုံ၊တစ်ဆင့်တစ် ဆင့်တက်၍ အချက်အလက်ဖွဲ့စည်းပုံတို့မှာ ပညာသားပါလှသည်။ တစ်ဖက် သားများအား ထိုးနှက်မည့်လက်နက်များကိုစုဆောင်းနေသည့်တစ်ချိန်တည်း မှာပင် မိမိကိုယ်မိမိလည်း လုံခြုံအောင် အကာအကွယ်ယူသည့်လုပ်နည်းလုပ် ဟန်များကို တွေ့လာရသည်။

သို့သော်. . .ဆရာ့ပညာကို လေးစားချီးကျူးမိသည်နှင့်အမျှ. . .

မိမိကိုယ်မိမိ ရှေ့နေဘယ်တော့မှ မဖြစ်နိုင်ဟု မြင်လာသည်နှင့်အမျှ ပင် အခြားတစ်ဘက်၌လည်း ထူးခြားသောအသိတစ်ခုကကျွန်ုပ်ဦးနှောက်ထဲ၊ ရင်ထဲ၌ ဖြစ်တည်ဖွဲ့စည်းလာသည်။

ဆရာ့ကို လေးစားချီးကျူးမိသည်။ သို့သော် အားမကျမိ။ ဆရာ့လို ထက်မြက်သော ရှေ့နေကောင်းတစ်ဦးဖြစ်အောင် ကြိုးစားမည်ဟူသော စိတ် မရှိ။ ထို့အတူ ဘယ်တော့မှ ရှေ့နေကောင်းတစ်ဦး ဖြစ်လာမှာမဟုတ်ဟူသော နားလည်မှုအတွက် ဝမ်းမနည်းမိ။ နောက်ဆုံးတွင် တိကျသောအဖြေတစ်ခု ထွက်ပေါ်လာသည်။ ယင်းကား . . .

ကျွန်ုပ်သည် ရှေ့နေတစ်ယောက်အဖြစ် မွေးဖွားလာသူလည်း မ ဟုတ်။ ရှေ့နေတစ်ယောက်အဖြစ် ကြီးပြင်းရမည့်သူလည်း မဟုတ်ဟူသော အဖြေပင်ဖြစ်လေသည်။

သို့သော် ခရီးတစ်ဝက်ကျော်ကျော်အထိ ရောက်ပြီးခဲ့လေသော ဤ အမှုကိစ္စကိုတော့ ကျွန်ုပ်ပြီးဆုံးသည်အထိ ပါဝင်လှုပ်ရှားရပေတော့မည်။ သီ ပေါဘုရင်ဘက်မှ လိုက်ပါဆောင်ရွက်သော ဤအမှုသည် ကျွန်ုပ်အတွက် ပထမနှင့် နောက်ဆုံးအမှုပင် ဖြစ်လိမ့်မည်။

သုံးရက်လုံးလုံး နာရီပေါင်းများစွာ ဆွေးနွေးခဲ့ကြပြီးနောက်တွင် ရရှိ ထားသော အချက်အလက်များနှင့် ဆရာပြုစုထားသော 'မူကြမ်း' ပေါ်၌ ကျွန်ုပ် သည် လျှောက်လွှာတစ်စောင်ကို ရေးရလေသည်။

ယင်းလျှောက်လွှာတွင် အဓိကအချက်ဆယ်ချက် ပါဝင်သည်။

လျှောက်လွှာတွင်ကား သီပေါဘုရင်အနေဖြင့် မစ္စတာအောလ်ဘွန်း အပေါ် စွဲတင်လိုက်သည့် စွပ်စွဲချက်ပင်တည်း။

မစ္စတာအောလ်ဘွန်းသည် ဘုရင်၏ ကျောက်မျက်ရတနာများကို



www.burmeseclassic.com

www.burmeseclassic.com



အလွန်နိမ့်သော ဈေးနှုန်းများဖြင့် ရောင်းချဈေးနိမ်သည်။အိမ်တော်စရိတ်အတွက် သတ်မှတ်ခွင့်ပြုထားသော ရူပီးငွေ (၄၀၀၀) မှ ကိုယ်ကျိုးအတွက်သုံးသည်။ စံအိမ်တော်အမှုထမ်းများ၏ ရာရှင်ရိက္ခာကို မလောက်မင ဝေခြမ်းပေးသည်။ လူမှုရေးအရ လိုအပ်သည်ထက်ပို၍ ချုပ်ချယ်ခြင်းအားဖြင့် ဘုရင်နှင့်မိသားစု၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။ မြန်မာအမှုထမ်းများပေါ်တွင် တင်းကျပ်စွာ ချုပ်ကိုင်လွန်းသည်။ လာဘ်စားသည်။ ငွေညှစ်သည်။ အကျပ်ကိုင်သည်. . .စသည်ဖြင့် ပြင်းထန်သော စွပ်စွဲချက်များ တစ်သီတစ်တန်းကြီးပေါ်ပေါက်လာသည်။

ခွင့်လွှတ်ပါ မားဂရက်ဟု စိတ်ထဲက ရေရွတ်တောင်းပန်ရင်းကျွန်ုပ်သည် ဆရာရွတ်ပြပေးသော စကားလုံးအသုံးအနှုန်းများအတိုင်း လျှောက်လွှာကို လိုက်ရေးရလေသည်။

ထို့နောက် အချက်(၁၀)ချက်ပါ စွပ်စွဲတိုင်တန်းချက်ကို အချောရေးကူးခြင်း၊ အစီအစဉ်ချခြင်း၊ လိုအပ်သောနေရာများတွင် ဥပဒေပါအခွင့်အရေးများဖြင့် ယှဉ်တွဲဖော်ပြခြင်း စသည်ဖြင့် 'ပြုစု' ပြီးသည့်နောက်. . .

လျှောက်လွှာ၏ အဓိကအချက်ကို နောက်ဆုံးအချက်အဖြစ်ရေးသွင်းလိုက်ရလေသည်။

*"နောက်ဆုံးအနေဖြင့် တင်ပြရလျှင် အထက်ပါမလိုလားအပ်သော ပြဿနာများကို ရတနာဂီရိရှိ ဩလ်ထရန်ဟောနှင့် ဘောကာဘန်ဂလိုတို့ကို ကြီးကြပ်ကွပ်ကဲသူ၊ အိမ်တော်ဝန်လည်းဖြစ်၊နိုင်ငံရေးအရာရှိလည်းဖြစ်သော မစ္စတာအိပ်ချ်အောလ်ဘွန်းနှင့် တိုက်ရိုက်ပတ်သက်အကြောင်းပြုနေသည်ဖြစ်သောကြောင့်ယင်းမလိုလားအပ်သော ပြဿနာများကို ဖြေရှင်းရန် အကောင်းဆုံးနှင့်တစ်ခုတည်းသော နည်းလမ်းမှာ မစ္စတာအိပ်ချ်အောလ်ဘွန်းအား သူ၏ရာထူးမှ ရွှေ့ပြောင်းပစ်ရေးပင်ဖြစ်ကြောင်း၊ ကျွန်ုပ်သီပေါဘုရင်သည်. . ."*

ပြင်းထန်သော ထိုလျှောက်လွှာကို ဆရာ့လက်ထဲသို့လှမ်းပေးလိုက်ရင်း ကျွန်ုပ်သည် 'ကျွန်မရဲ့ အာရုံတွေဟာ အရှုံးရဲ့ အငွေ့အသက်တွေကိုရနေတယ် ဂူးလက်ရယ်. . .' ဟူသော မားဂရက်၏ မြည်တမ်းရေရွတ်သံကိုသာ ကြားယောင်နေမိလေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



**'မြန်မာဘုရင် သီပေါမင်းမြတ်တော်'** ဟူ၍သီပေါဘုရင်ကလျှောက်လွှာအောက်ခြေတွင် လက်မှတ်ထိုးလိုက်သည်။

လက်ယာဘက်သို့ အတန်ငယ်စောင်းပြီး ရှည်လျားသွယ်လျောင်းသော 'အသတ်' များရှိသည့် ထိုလက်မှတ်ကိုကြည့်ပြီး ကျွန်ုပ်မှာ စိတ်လှုပ်ရှားနေသည်။ သီပေါဘုရင်က ကလောင်တံကို ကျွန်ုပ်လက်ထဲ ပြန်ပေးသည်။

မင်များခြောက်သွေ့သွားစေရန် မင်နိုပ်တလိမ့်တုံးဖြင့် သူ့လက်မှတ်အပေါ်တွင် ကျွန်ုပ်က လိမ့်ပေးနေစဉ် မစ္စတာဂျိုနသန်ဖရန့်၏သေတမ်းစာနှင့် စာချုပ်များတွင် ကျွန်ုပ်လက်မှတ်ထိုးခဲ့သော အဖြစ်ကို သတိရနေမိသည်။

ထိုစဉ်ကမူ ဘဏ္ဍာစိုးကြီးဒီဗားက ကျွန်ုပ်၏ လက်မှတ်ပေါ်သို့ မင်နိုမ်ဖြင့် လိမ့်ပေးခဲ့ပေသည်။ ဝစ္စဒမ်ဗီလာနှင့်တကွသော အရပ်ရပ် စည်းစိမ်ဥစ္စာများ၊ ပိုင်ဆိုင်ခွင့်စာချုပ်များကို လက်မှတ်ထိုးခဲ့စဉ်က ကျွန်ုပ်သည် စိတ်လှုပ်ရှားစွာဖြင့် ကတုန်ကယင် ဖြစ်ခဲ့ရပေသည်။

ယခု သီပေါဘုရင်ကား မည်သို့နေမည်မသိ။ သို့သော် 'မြန်မာဘုရင် သီပေါမင်းမြတ်တော်' ဟူ၍ ရှည်လျားစွာလက်မှတ်ထိုးနေစဉ်က သူ၏အသွင်မှာ ပကတိတည်ငြိမ်ကြံ့ခိုင်နေလေသည်။

လျှောက်လွှာ သို့မဟုတ် စွပ်စွဲတင်ပြချက်စာရွက်ထပ်ကို သုံးချောင်းထောက်စားပွဲပေါ်သို့ ထားပြီးသည့်နောက်တွင် သီပေါဘုရင်က စုဖုရားလတ် မိဖုရားကိုကြည့်၍ ခေါင်းညိတ်ပြသည်။

ထိုအခါစုဖုရားလတ်ကအတွင်းခန်းတစ်နေရာ ငုဝါရောင်ခန်းဆီးစ၏ နောက်ဖက်ဆီသို့ လှမ်းကြည့်ရင်း လက်ကို ဝှေ့ယမ်းပြလိုက်သည်။

ခန်းဆီးစ လှုပ်လွန့်သွားကာ အတွင်းမှ ညင်သာသော ခြေလှမ်းများဖြင့် မျက်နှာအောက်ချလျက် မိန်းမပျိုတစ်ယောက် ထွက်လာသည်။

ကျွန်ုပ် နှလုံးသွေးများ ရပ်သွားသည် ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသူကား မပိုးဖြူပင်တည်း။

မပိုးဖြူသည် မည်သူ့ကိုမျှ မကြည့်ဘဲ အစဥ်တစိုက်ခေါင်းကိုငုံ့ကာ စုဖုရားလတ်ရှေ့တွင် ဒူးတုပ်ထိုင်လိုက်သည်။ သူ့လက်ထဲတွင် ငွေရောင်သေတ္တာလေးတစ်လုံး ပါလာလေသည်။

စုဖုရားလတ်မိဖုရားက လက်ဆန့်ပေးလိုက်သောအခါ မပိုးဖြူက သေတ္တာကလေးကို လက်နှစ်ဖက်ဖြင့် မြှောက်ချီ၍ မိဖုရားလက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ထို့နောက် ဒူးတုပ်လက်အုပ်ချီရင်း ခေါင်းကို ငုံ့မြဲငုံ့ထားလေသည်။

"မယ်မင်းသွားနိုင်ပြီ. . . ပိုးဖြူ"

မပိုးဖြူသည် လက်အုပ်ချီမပျက် ထိုင်ရာမှ ထလျက် သူထွက်လာခဲ့သော တံခါးပေါက်ခန်းဆီးစအထိ နောက်ဆုတ်သွားသည်။

ထို့နောက်. . .

အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

စက္ကန့်ပိုင်းလောက်သာ ကြာလိုက်သော ဤဖြစ်ရပ်ကလေးနှင့် မပိုးဖြူဝင်ရောက်သွားသော လှုပ်ရမ်းကျန်ရစ်သည့် ခန်းဆီးစကလေးကို ကြည့်ကာ ကျွန်ုပ်သည် အားငယ်သွားမိလေသည်။

ပါးလွှာသော ငုဝါရောင်ခန်းဆီးစကလေးသည် ကျွန်ုပ်အတွက် အလွန်ခိုင်ခံ့ထူထဲသော ကန့်လန့်ကာဖြစ်ချေသည်။

"ရှေ့နေကြီး. . .ရှေ့ကို တိုးပါ"

သီပေါဘုရင်က အင်္ဂလိပ်စကားဖြင့် ပြောသည်။ ဆရာက ကုလားထိုင်ပေါ်မှပင် ရှေ့သို့ငုံ့ငိုက်၍ ကိုယ်ကိုကိုင်းသည်။

မိဖုရား၏လက်ထဲမှ သေတ္တာလေးကို ယူ၍ သီပေါဘုရင်က အဖုံးကိုဖွင့်ကာ ဆရာမြင်သာအောင် ငဲ့စောင်းပြလိုက်လေသည်။

ပြိုးပြိုးပြက်လျက်ရှိသော ကျောက်မျက်ရတနာများ။

"ရူပီးငွေ တစ်သောင်းခုနစ်ထောင်ကျော်လောက် တန်ပါလိမ့်မယ်၊ ပတ္တမြားနဲ့ နီလာကျောက်တွေလည်း ပါတယ်၊ သင်ဆောင်ရွက်ရတဲ့ ကိစ္စဟာ မသေးငယ်လှပါဘူးဆိုတာ ကျွန်ုပ်ရော ကျွန်ုပ်မိဖုရားပါသိကြပါတယ်ရှေ့နေကြီး၊ ပြီးတော့ ရှေ့နေခဆိုတာလည်း မသေးငယ်သင့်ဘူးလို့ ကျွန်ုပ်တို့သိကြတယ်၊ ဒါဟာ ကျွန်ုပ်တို့ ပထမအကြိမ် ဆွေးနွေးခပဲ၊ ဒါတွေကိုယူပါ"

တစ်ခါမှ မဖြစ်ဖူးသော အမူအရာမျိုး ဆရာထံတွင် တွေ့လိုက်ရသည် ပခုံးအစုံသည် မြှောက်ကြွလာကာ ဆရာ့လည်ပင်းတစ်လျှောက်တွင်လည်း လှုပ်ရှားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး မျက်နှာထားတင်းမာတည်ကြည်နေသောစုဖုရားလတ်မိဖုရား၏ တင်းတင်းစေ့စေ့သော နှုတ်ခမ်းဖျားပေါ်တွင် အပြုံးရိပ်တစ်ခုပေါ်နေသည်။ သီပေါဘုရင်မှာ မျက်ရစ်ထောင့်စွန်းတွင်အရေးအကြောင်းလေးများပေါ်လာသည်အထိ ပြုံးနေသည်။

ငွေသေတ္တာလေးကို သီပေါဘုရင်က အဖုံးပြန်ပိတ်လိုက်သည်။

"ရှေ့နေကြီး၊ နောက်တစ်ခု ဆက်ပြောရအောင်၊ အောလ်ဘွန်းအမြန်ဆုံး ပြောင်းရွှေ့သွားအောင်၊ ပြီးတော့ အိမ်တော်ကို ကျွန်ုပ်စိတ်တိုင်းကျစီမံအုပ်ချုပ်ခွင့်ရအောင်၊ သင်ဆောင်ရွက်ပေးနိုင်ပါ့မလား"

"ကျွန်. . .ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ် ဘုရင်မင်းမြတ်"

ထိုအချိန်တွင် စုဖုရားလတ်မိဖုရားက ခပ်ဆတ်ဆတ်အသံဖြင့်လှမ်းပြောလိုက်လေသည်။

"ကြိုးစားဖို့ မဟုတ်ဘူး၊အဲဒါဖြစ်အောင်လုပ်ပေးစမ်းပါ၊အဲဒါအောင်မြင်ရင် ဘယ်လောက်ပေးမယ်ဆိုတာ မောင်တော်က ပြောလိုက်လေ"

အောက်သို့ ကုပ်ကွေးကျနေသော နှုတ်ခမ်းမွေးများကို လက်နှစ်ချောင်းဖြင့် သပ်လျက် သီပေါဘုရင်က ပြောသည်။

"သူဘယ်လောက်လိုချင်သလဲဆိုတာအရင်ပြောပါစေလားစုစုရယ်"

"ဒါဖြင့်လည်း ရှေ့နေကြီးကပြော၊ ဘယ်လောက်လိုချင်သလဲ"

စုဖုရားလတ်မိဖုရား၏ အမူအရာမှာ စောစောက မြင်လိုက်ရသော ကျောက်မျက်ရတနာများထက်ပို၍ ပြိုးပြက်တောက်ပနေသည်။

ဆရာကား တစ်ခုခုနင်သကဲ့သို့ လည်ချောင်းကို ရှင်းနေရသည်။ ဆရာ့လည်စလုပ်ကြီးများ တက်လိုက်ဆင်းလိုက်ဖြစ်နေသည်ကို အရုပ်ဆိုးစွာမြင်ရသည်။ အတန်ကြာအထိ ထိုသို့ဖြစ်နေပြီးမှ ဆရာသည်ချောင်းတစ်ချက်ဟန့်လျက်

"ခရီးစရိတ်၊ တရားရုံးစရိတ်နဲ့ အခြားအရပ်ရပ်သုံးစွဲကုန်ကျငွေတွေအပါအဝင် ကျွန်တော်တို့နှစ်ယောက်အတွက်အမှုလိုက်ခငွေကြေးကိုပြောမယ်ဆိုရင်. . ."

ဆရာ့စကားရပ်နေသောကြောင့် ထိုနေရာအထိပင် ကျွန်ုပ်ကစကားပြန်ပေးလိုက်ရသည်။

"ပြောပါလေ၊ ဘယ်လောက်လဲဆိုတာပဲ ပြောပါ"

မိဖုရားကြီး၏ အသံမှာ လေပြင်းတစ်ချက် ဝင်သုတ်သွားသကဲ့သို့ပင်။

အသက်ပြင်းပြင်းတစ်ချက် ရှိုက်လျက် ဆရာပြောသည်။

"ရူပီးငွေတစ်သိန်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစား၍ ကျွန်တော် ဘာသာပြန်ပေးလိုက်ရသည်။

"ရူပီးငွေတစ်သိန်း . . .ပါ. . .ဘုရင်မင်းမြတ်"

သီပေါဘုရင်က အံ့သြသွားမည်၊ မိဖုရားကြီးက တစ်ခုခုငေါက်ငမ်းလိုက်တော့မည်ဟု ကျွန်ုပ်ထင်လိုက်သည်။ သို့သော် ဘုရင်နှင့်မိဖုရားတို့သည် တစ်ပြိုင်တည်းမှာပင် အပြန်အလှန်ကြည့်ကြကာ တစ်ချိန်တည်းပင်အေးအေးသက်သာစွာ ခေါင်းညိတ်ကြသည်။

"ကောင်းပြီ၊ သင်အောင်မြင်အောင်သာ ဆောင်ရွက်ပါ...ဟုတ်လား၊ ရူပီးတစ်သိန်းပေးမယ်၊ အခုနေတော့ ဒီသေတ္တာပဲ ယူသွားကြဦး"

သာသနာပြုရိပ်သာသို့ အပြန်တစ်လမ်းလုံးတွင် ဆရာသည်စကားတွေ အများကြီးပြောလာသည်။ ဆရာဘာတွေ ပြောနေမှန်းကျွန်ုပ်သဲသဲကွဲကွဲ မကြားမိ။ တစ်လုံးမှလည်း ပြန်မပြောမိချေ။

◆

www.burmeseclassic.com

www.burmeseclassic.com

## [ ၄၈ ]

ရက်သတ္တနှစ်ပတ်အတွင်းမှာပင် ဆရာ့'လျှောက်လွှာ' သည် အစွမ်းပြလေသည်။ ဘုံဘေဘုရင်ခံဆီမှ မစ္စတာအောလ်ဘွန်းအား သီပေါဘုရင်၏ စွပ်စွဲတင်ပြချက်များနှင့်ပတ်သက်၍ 'ထုချေလွှာ'တင်ရန်အမိန့်ချလိုက်သည်။ မစ္စတာအောလ်ဘွန်းက စွပ်စွဲချက်ဆယ်ချက်စလုံးကိုထုချေသည်။အခွန်တော်အရာရှိက သူ့ထုချေလွှာကိုထောက်ခံလျက်သီပေါဘုရင်သည်မစ္စတာအောလ်ဘွန်းကို အကြောင်းပြု ပုံကြီးချဲ့လွန်းသည်ဟုဝင်၍ရပ်တည်ပေးခဲ့သေးသည်။

သို့သော် ထုချေလွှာအတောင်းခံရပြီဆိုကတည်းက မစ္စတာအောလ်ဘွန်း၏ အခြေအနေယိမ်းယိုင်စပြုလာသည်ကား ထင်ရှားလှပေသည်။ထုချေလွှာကို ထပ်မံဖြိုဖျက်ရန်အတွက် ဆရာကလည်း စာရွက်စာတမ်း အထောက်အထားများ၊ မှတ်တမ်းများသာမက အမှုထမ်းများကိုပါ လိုအပ်လျှင် ထုတ်ပြနိုင်အောင် သက်သေအဖြစ် စုရုံးပြင်ဆင်ထားလိုက်သည်။

ဤသို့သော အခြေအနေတွင် ကျွန်ုပ်စိတ်မကောင်းဆုံးသောအရာမှာ မားဂရက်ကို ပေးထားခဲ့သော ကတိအတိုင်းကျွန်ုပ်ဆောင်ရွက်နိုင်စွမ်းမရှိတော့ခြင်းပင် ဖြစ်လေသည်။ သူမ၏ ဖခင်မှာတစ်စုံတစ်ခုဖြစ်လာလျှင်ကျွန်ုပ်အနေဖြင့် ကူညီဖို့လက်လှမ်းမီနိုင်လိမ့်မည်မဟုတ်။ မားဂရက်ပြောသော စကားက မှန်လာလေသည်။

အမှုသဘောအရ ကြည့်လျှင် သီပေါဘုရင်သည် မစ္စတာအောလ်ဘွန်းအပေါ် အနိုင်ရတော့မည့်အလားအလာများ ဖြစ်ပေါ်နေသည်။သီပေါဘုရင်၏ အနိုင်ရမှုကား ဆရာ၏အောင်ပွဲပင် ဖြစ်ချေသည်။ ဆရာ၏အောင်ပွဲသည် ကျွန်ုပ်တို့၏ အောင်ပွဲပင် ဖြစ်ရပေမည်။

သို့သော် ကျွန်ုပ် ရှုံးနိမ့်နေပြီ ဖြစ်လေသည်။

ရှေ့နေခ 'ရူပီးငွေတစ်သိန်း' သည် ဆရာနှင့် ကျွန်ုပ်အကြား တစ်ဖုံ ဟုတ်ချင်း ဝေးကွာသွားစေသော စည်းခြားဟန့်တားချက်ကြီး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုလိုက်ခ စရုံအဖြစ်ရှိသော ရူပီးတစ်သောင်းခုနစ်ထောင်တန် ကျောက်မျက်ရတနာများအားလုံးကို ဆရာ့အား ကျွန်ုပ်ပေးလိုက်သည်။

ထိုအချိန်အထိ ဆရာ၏ပညာကျေးဇူးတို့ကို ပေးဆပ်လှူဒါန်းခြင်း ဖြစ်သည်ဟု ကျွန်ုပ် လိပ်ပြာသန့်စွာ ခံယူနိုင်ခဲ့သေးသည်။

ကျွန်ုပ်၏ ဆရာအဖြစ်လည်းကောင်း၊ ရှေ့နေတစ်ဦးအဖြစ် အစွမ်းကုန် ကြိုးစားခဲ့ခြင်းအတွက်လည်းကောင်း၊ ဆရာသည် ထိုရတနာတို့ကို လက်ခံသိမ်းပိုက်ခွင့် လုံးဝရှိပေသည်။

သို့သော် ရူပီးငွေတစ်သိန်းအကြောင်းကိုဆွေးနွေးကြသောအခါတွင်မူ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးအကြားတွင် ဝမ်းနည်းစရာကောင်းသော ဖြစ် ရပ်များ ပေါ်ပေါက်လာကြတော့သည်။

နန်းကျဘုရင်တစ်ပါး၊ ထို့နောက်ဘုံဘေအစိုးရအာဏာပိုင်အဖွဲ့များ၊ မဟာဝန်ရှင်တော်မင်းကြီးများ၊ ဘုရင်ခံချုပ်နှင့် ဘုရင်ခံများဖြင့် ဖွဲ့စည်းပတ်သက်နေသည့် အမှုတစ်ခုအတွက်၊ ထိုနောက် ဆရာကဲ့သို့သောပေါက်ရောက်ကျော်ကြားသည့် ပုဂ္ဂိုလ်တစ်ဦးအတွက် အမှုလိုက်ခ ရူပီးငွေတစ်သိန်းဟူသော ပမာဏသည် များသည်ဟု မဆိုနိုင်ကြောင်း၊သို့သော်လက်တွေ့အခြေအနေကို ကြည့်၍ ထိုငွေကို ဆရာပြန်စဉ်းစားသင့်ကြောင်း ကျွန်ုပ်က ပြောသောအခါ ဆရာသည် ပါးပြင်းထောင်သော မြွေဟောက်တစ်ကောင်လို ဖြစ်သွားသည်။

"ငါက ဘာကို ပြန်စဉ်းစားရမှာလဲ၊မင့်စကားထဲမှာလည်းအဖြေတွေ ပါသွားပြီပဲ၊ အလွန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပတ်သက်ဖွဲ့စည်းနေတဲ့ အမှု၊ ပြီးတော့ ငါ့အမှုသည်ကိုယ်တိုင်ကလည်း ဒီအမှုလိုက်ခငွေပေးဖို့ သဘောတူပြီသား၊ ဒါကိုမင်းကဘာဖြစ်လို့ ဝေဖန်သုံးသပ်နေရတာလဲ ဂူးလက်ချန်း . . ."

ကျွန်ုပ် အနူးအညွတ်ပင် ပြန်ဆွေးနွေးခဲ့ပေသည်။

"အလွန်သိမ်မွေ့တဲ့ ကိစ္စပါဆရာ၊ ဒါကို ကျွန်တော် ခံစားသိရှိနေပါတယ်၊ သီပေါဘုရင်ဟာဒီငွေကြေးကိုပေးနိုင်ကောင်းပေးနိုင်ပါလိမ့်မယ်၊ဒါကလည်း အဖိုးတန်ကျောက်မျက်ရတနာတွေကို သူ့အားကိုးအားထားပြုပြီး ပြောတာ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့. . .

"ဒီလောက်ရက်ရက်ရောရောပေးဖို့ ကတိပြုတဲ့နေရာမှာ အလွန်သိမ်မွေ့တဲ့ အချက်တစ်ခုပါနေပါတယ်၊အဲဒါကတော့သက်ဦးဆံပိုင်ဘုရင်တစ်ပါးဆိုတဲ့အဖြစ်ဟာ သီပေါဘုရင်ရဲ့ ဝိညာဉ်ထဲမှာ ခိုအောင်းနေတုန်းပဲ ဆရာ။

"ဒါဟာ အရေးကြီးတဲ့အချက်ပါ၊ သူ့မှာ ဘုရင်တို့ရဲ့ ရာဇအာဏာတွေ အတော်များများဆုံးရှုံးနေပြီဆိုတဲ့ လက်တွေ့ပကတိအဖြစ်ကို ကြုံတွေ့ခဲ့တဲ့ကြားက ဒီစိတ်ဓာတ်ကို သူမသိမသာ မွေးမြူထားတုန်းပဲ ရှိသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီစိတ်ဓာတ်နဲ့ သူ့ကိုယ်သူ တည်ဆောက်ထားရတယ်၊ ဒါကိုကျွန်တော်သိတယ်ဆရာ"

"ဒါကြောင့် ရူပီးငွေတစ်သိန်းဆိုတာဟာ လျှော့ပတ်တဲ့ ငွေကြေးဖြစ်ပေမဲ့ ပကတိအနေအထားအရ အလွန်များလွန်းနေပါတယ်၊ ဒီအမှုလိုက်ခငွေကိုယူမယ်ဆိုရင်ကျွန်တော်တို့ဟာသီပေါဘုရင်ကိုကူညီရာမရောက်ပါဘူး"

"မင်းဘာတွေ ပြောနေတာလဲ၊ သီပေါဘုရင်ရဲ့ ဝိညာဉ်တဲ့၊ ခိုအောင်းနေတုန်းပဲတဲ့၊ မသိမသာမွေးမြူထားတုန်းတဲ့၊ ဘာတွေလဲ. . .လက်တွေ့ကျကျပြောစမ်းပါ၊ သူဟာ ငါ့ကို ငွေတစ်သိန်းပေးနိုင်မှာ မဟုတ်ဘူးလို့ မင်းဆိုလိုတာလား"

"ပေးနိုင်အောင် သူကြိုးစားမှာပဲ ဆရာ၊ ဒါပေမဲ့. . ."

"မင့်စကားရပ်လိုက်စမ်းဂူးလက်ချန်း၊မင်းဟာလက်တွေ့သိပ်မဆန်ဘူး၊ ငါဟာ ဘာအကြောင်းကြောင့်နဲ့မှ သီပေါဘုရင်ကို ကူညီစရာမလိုဘူး၊ သူ့အမှုအောင်မြင်အောင်၊ သူ့လိုလားချက်တွေရအောင် ငါက ဆောင်ရွက်ပေးမယ်၊ ဒါအတွက် ထိုက်တန်တဲ့ရွှေ့နေခကို ငါရယူမယ်၊ ဒါ. ..ရှင်းရှင်းလေးပဲ"

ဆရာနှင့် ကျွန်ုပ် ဘဝချင်း လုံးဝခြားနားသွားပေပြီ။

ကျောက်မျက်ရတနာများနှင့် ရူပီးငွေတို့သည် ဆရာ့ကို ဝါးမြိုလောင်ကျွမ်းနေလေပြီ။ ကျွန်ုပ်မအံ့သြတော့။ ကျွန်ုပ် ဥပဒေဝိဇ္ဇာနောက်ဆုံးနှစ်ကာလ ဆရာ့ထံတစ်သောင်းတန်ချက်လက်မှတ် ပို့လိုက်စဉ်က ဝစ္စဒမ်ဗီလာသို့ ဆရာ ရောက်ချလာသည့်အဖြစ်ကို အမှတ်ရလာသည်။ ထိုစဉ်က ဆရာပြောခဲ့ဖူးသော စကားတစ်ခွန်း။

"ငါဟာ ရွှေ့နေတစ်ယောက်ပဲ၊ ဒါဟာ ငါ့အတွက် အသက်မွေးဝမ်းကျောင်းပဲ၊ အမှုသည်ဆီက အမှုလိုက်ခကို ငါထိုက်ထိုက်တန်တန်ရယူရမှာပဲ"

ထိုအပြင် ဘုံဘေတပ်ဂျ်မဟာဟိုတယ်တွင် ဆရာနှင့် ကျွန်ုပ်နှစ်ဦးအကြား၊ အတော်လေးပြင်းထန်သည့် ပဋိပက္ခတစ်ခုပေါ်ပေါက်ခဲ့ဖူးသည်ကိုလည်း ကျွန်ုပ်မမေ့။ ထိုစဉ်က ပြောခဲ့သောဆရာ့စကားလုံးများကိုကျွန်ုပ်မမေ့။

"ရွှေ့နေတစ်ယောက်ဟာ သူလိုက်တဲ့အမှုကို ဥပဒေနည်းလမ်းအရ အနိုင်ရရှိဖို့ပဲအဓိကထားရမယ်ဂူးလက်ချန်း၊သူဟာသူ့အမှုသည်အတွက်ဘာမှ ခံစားနေစရာမလိုဘူး"

ကျွန်ုပ်၏ဆရာသည် ကျောက်မျက်ရတနာနှင့် ရူပီးငွေအပုံကြီးပေါ်တွင် သူ၏ထင်ပေါ်ကျော်ကြားခြင်းနှင့် သူ၏ထက်မြက်သော အရည်အသွေးကို တင်၍ မြင့်မားသည်ထက် မြင့်မားအောင် တည်ဆောက်နေပြီဟု ကျွန်ုပ် သံသယမရှိ နားလည်လာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကျွန်ုပ်၏ ရင်ထဲမှာ အစဉ်အမြဲခမ်းနားစွာ နေရာယူခဲ့သော ကျေးဇူးရှင်ဆရာ၏ မြင့်မြတ်သော ရုပ်ပုံလွှာသည် ပျောက်ကွယ်သွားခဲ့ပြီဖြစ်လေသည်။ ယူကြုံးမရ နမြောတသစွာဖြင့်ပင် ထိုပျောက်ကွယ်သွားသော ရုပ်ပုံလွှာကို ဘာမှမတတ်နိုင်ဘဲ ကျွန်ုပ်ငေးကြည့်နေမိသည်။

ဆရာ့ကို ကျွန်ုပ် ဆုံးရှုံးလိုက်ရပေပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ရမည့်ခရီးကား ကန္တာရခရီးပင် ဖြစ်လေသည်။

ကြမ်းတမ်းခက်ခဲမှုများစွာတို့က အသင့်စောင့်ကြိုနေကြသည်။ ထိုကျန်သောခရီးကို ကျွန်ုပ်မည်သို့ ဆက်၍ လျှောက်ရမည်နည်း။

ထိုကန္တာရကို ဖြတ်ကျော်ရာတွင် ငွေကြေးစည်းစိမ်ဥစ္စာကိုလမ်းခင်းသွားရမည်လော၊ ထက်မြက်သော ပညာဉာဏ်ကို လမ်းခင်းသွားရမည်လော၊ သို့တည်းမဟုတ် ဂုဏ်သိက္ခာဖြင့်လော၊ စွန့်စားမှုဖြင့်လော. . .။

ခရီးတစ်ဝက်မှာပင် ဆရာ့ကို ဆုံးရှုံးခဲ့ရပေပြီ။

သည်အခြေအနေရောက်ပြီးသည့်နောက် ကျွန်ုပ်နောက်ဆုတ်ရန်သို့မဟုတ် ထွက်ပြေးရန်လည်း မဖြစ်နိုင်တော့။ ကျွန်ုပ်ဆက်လက်လျှောက်လှမ်းရလိမ့်မည်။ သို့သော်. . .

ကျွန်ုပ်၏ခြေထောက်များသည် ခွန်အားမရှိကြ။

မိမိကိုယ်တိုင်၏ ညှံ့ဖျင်းချက်၊ ထို့နောက် ပတ်ဝန်းကျင်၏ ပြဌာန်းချက်များဖြင့် ကျွန်ုပ်၏ ခြေအစုံမှာ အတုပ်အနှောင်များက ရှုပ်ထွေးလျက်ရှိ ချေသည်။

ထိုအတုပ်အနှောင်များထဲတွင် အကြီးမားဆုံးဖြစ်သော အရာတစ်ခုကို တွေ့လိုက်ရသည်။

မပိုးဖြူ. . .ချစ်သော မပိုးဖြူ. . .။

ဆင်ဖြူမရှင်မိဖုရားကြီးနှင့်အတူ ပြန်တော့မည်ဟု သိလိုက်သည့်ခဏတွင် ကျွန်ုပ်သည် ဆောက်တည်ရာမဲ့ သူရူးတစ်ယောက်ဖြစ်ခဲ့သည်။

အတွေးပေါင်းစုံဖြင့် ချောက်ချားခဲ့ရပြီးနောက် သူ့ကို ချစ်စကားပြောရန် ကျွန်ုပ်ဆုံးဖြတ်ခဲ့သည်။ ဘယ်တော့မှ ပြန်တွေ့ရတော့မည်မဟုတ်သည့်ချစ်သူအား မိမိ၏အချစ်ကို ထုတ်ဖော်ပြောလိုက်ရန် ကြိုးစားခဲ့သည်။

သို့သော် ကျွန်ုပ်ပြောဖို့အခွင့်မသာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မပိုးဖြူသည်လည်း ဆင်ဖြူမရှင်နှင့်အတူ လိုက်ပါမသွားခဲ့။

ချစ်သူသည် ရတနာဂီရိမှာပင် ဆက်လက်ရှိမြဲရှိနေဆဲ။

အချစ်ဆိုသော အရာသည် မာယာကြွယ်လွန်းလေစွ။

သူနှင့်အပြီးတိုင် ခွဲခွာရတော့မည်ဟု သိလိုက်စဉ်က သွေးရူးသွေးတမ်းဖြင့် ရင်ထဲမှ အချစ်ကို ထုတ်ဖော်ရန် ကြိုးစားခဲ့သည်။ သို့သော် သူ့ကို ဆက်လက်တွေ့မြင်နေနိုင်ခွင့်ရလာခဲ့သောအခါတွင်ကား နှုတ်ပြတင်းတို့သည် ပြန်ပိတ်သွားကြလေသည်။

သို့သော်လည်း ပိတ်ဆို့ဆွံ့အသွားခဲ့သော အနေအထားတွင်ရင်ထဲမှ အချစ်တို့ကား ပို၍သာ ကြီးမားပြန့်ကျယ်လာနေကြသည်။

မပိုးဖြူကို ချစ်ခွင့်ပန်မည်လား။

မပိုးဖြူကို လက်ထပ်ယူမည်လား။

မပိုးဖြူ၏ဘဝနှင့် ကျွန်ုပ်၏ဘဝတို့ကို တစ်သားတည်းဖြစ်စေမည်လား။

လူမျိုး၊ ဘာသာအယူဝါဒ၊ ဘဝအခြေအနေ။

မြန်မာမိန်းကလေးတစ်ယောက်၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်၊ ပြီးတော့ အရှင်သခင်များအတွက် လုံးလုံးရှင်သန်နေရသောဘဝ၊ မိမိ၏ ဆန္ဒဆုံးဖြတ်ချက်၊ ရွေးချယ်ချက်အားလုံးကို မိမိ၏အရှင်သခင်များထံ အကြွင်းမဲ့ ပုံအပ်ထားရလေသော မပိုးဖြူ။

ထိုမပိုးဖြူကို ချစ်သော ဂူးလက်ချန်း။

အင်္ဂလိပ်လူမျိုးရှေ့နေတစ်ဦး။ များမြောင်လှစွာသော စည်းစိမ်ချမ်းသာတို့ကို အမွေဆက်ခံထားသော သူဌေးတစ်ယောက်။ ပြီးတော့ သီပေါဘုရင်ဘက်မှ လိုက်ပါဆောင်ရွက်သူတစ်ဦး။

ပကတိအခြေအနေအားလုံးကို ကျယ်ပြန့်စွာ၊စူးစိုက်စွာသုံးသပ်ဆင်ခြင်ကြည့်လိုက်သည်။ ဂူးလက်ချန်းဆိုသော လူတစ်ယောက်၏ တည်နေရာ၊ ကျွန်ုပ်၏ တည်နေရာ။

မီးတောင်ကြီးတစ်ခု ပေါက်ကွဲလာသည့်နှယ်ပင်။

တုန်လှုပ်စရာအကောင်းဆုံး အခြေအနေတစ်ခုကို တွေ့လိုက်ရချေသည်။ ပြိုးပြက်သော လျှပ်စီးများသည် ကျွန်ုပ်၏ဦးနှောက်အတွင်း၊ရင်တွင်း တစ်ကိုယ်လုံးအနှံ့ ထစ်ချုန်းမြည်ဟည်းသွားကြသည်။

မိုးကြိုးလျှပ်စီးတို့၏ အလင်းရောင်တို့ဖြင့် တစ်ခဲနက် အမှောင်ထုကြီးသည် တဖျတ်ဖျတ် လင်းလက်သွားလေသည်။ ဝင်းခနဲဖြာသွားသောထို အလင်းရောင်အောက်တွင် ကျွန်ုပ်သည် လောကကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးလျှပ်စီးတို့သည် လင်းထိန်တောက်ပသော အလင်းရောင်နှင့် အတူ ပစ်ခွင်းလောင်မြိုက်ခြင်းတည်းဟူသော စွမ်းအားကိုပါသယ်ဆောင်လာကြတော့သည်။

ရင်တွင်း၌ဖြစ်ပေါ်သော ဆင့်ကဲဆင့်ကဲ လျှောက်တော်လဲသံ၊ မိုးကြိုးထစ်ချုန်းသံ၊ လျှပ်စီးလက်ဖြာသံတို့အကြားတွင် ကျွန်ုပ်၏ ဆင်ခြင်တုံတရားနှင့် အသိဉာဏ်တို့သည်လည်း ဆင့်ကဲဆင့်ကဲ ပေါက်ကွဲလာကြချေသည်။

ပကတိဖြစ်ရပ်တို့ကို ကျွန်ုပ်တွေ့ရှိ ဆုပ်ကိုင်မိပေပြီ။

ကျွန်ုပ်သည် မစ္စတာဖရက်ဒရစ်အက်ဂျလောင်း၏ လက်ထောက်အဖြစ် ဆက်လက်လှုပ်ရှားရဦးမည်သာ ဖြစ်သည်။

ထိုအခါ သီပေါဘုရင်ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေတစ်ဦး၏ ဘဝကို ဆုံးခန်းတိုင်အထိ ကျွန်ုပ်ဆက်လက်သယ်ဆောင်သွားရမည်။

ကျွန်ုပ်သည် သီပေါဘုရင်၏ ရှေ့နေ၊ သီပေါဘုရင်၏ အကျိုးကျေးဇူး၊ ဘုရင့်မိသားစု၏ အကျိုးကျေးဇူးကို ကာကွယ်ရပ်တည်သွားမည့်သူ။ ထိုသို့ ကာကွယ်ရပ်တည်သွားဖို့ကိုလည်း ကိုယ်တိုင်ကပင် လေးနက်စွာခံယူထားပြီးသူ။

အခြားသော ဆန့်ကျင်ဘက်မှကြည့်လျှင် ကျွန်ုပ်သည်ဘုရင့်ရှေ့နေသို့မဟုတ် ဘုရင့်ဘက်သား။

ဂူးလက်ချန်းဆိုသော ထိုအင်္ဂလိပ်ရှေ့နေသည် စုဖုရားလတ်၏ရုံရွှေတော်တစ်ဦးကို ချစ်ခင်စွဲလမ်းနေသည်။ သူ့အချစ်ကို ထုတ်ဖော်ပြအံ့ဆဲဆဲ အခြေသို့ ရောက်ခဲ့သူ။

တစ်နေ့နေ့တွင် သူသည် မပိုးဖြူအားဖွင့်ဟပြောကြားလိမ့်မည်။ မပိုးဖြူ၏အချစ်ကို တောင်းခံလိမ့်မည်။သို့မဟုတ်တစ်နည်းနည်းဖြင့်ရအောင် ကြိုးစားလိမ့်မည်။ ယုတ်စွအဆုံး သူမပိုးဖြူအပေါ် စွဲလမ်းချစ်ခင်နေသည်ဆိုသည့် အကြောင်းသည် ကျဉ်းမြောင်းသေးငယ်သော ရတနာဂီရိဝန်းကျင်တွင် တစ်နေ့သောအခါ ပေါ်ပေါက်ပျံ့နှံ့သွားလိမ့်မည်။

အကယ်၍ ဂူးလက်ချန်းသည် မိုက်မဲစွာ စွန့်စားသူဖြစ်လာပါကလည်း သူသည် မပိုးဖြူ၏ မြန်မာမိန်းကလေးဖြစ်ခြင်း၊ ဗုဒ္ဓဘာသာကိုးကွယ်ခြင်း၊ အရှင်သခင်တို့၏ အစေအပါးဖြစ်ခြင်း စသည့်အဟန့်အတားများကို ချစ်ခြင်းမေတ္တာဖြင့် ဖြတ်ကျော်ကောင်း ဖြတ်ကျော်ပစ်နိုင်မည်။

ထိုအခါ. . .

မြန်မာရုံရွှေတော်တစ်ဦးနှင့် ပတ်သက်ရှုပ်ထွေးနေသော ရှေ့နေဂူးလက်ချန်းကို 'တစ်ဘက်အုပ်စုကြီး'က မည်သို့မြင်ကြမည်နည်း။ မည်သို့သုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကြမည်နည်း။ အခြေအနေမည်သို့ ဖြစ်သွားမည်နည်း . . .။

မပိုးဖြူနှင့်ပတ်သက်နေသောဂူးလက်ချန်းသည်သီပေါဘုရင်အုပ်စုဝင်ဖြစ်သွားမည်။ သူတွေးသမျှ၊ သူကြံသမျှ၊သူပြောဆိုသမျှ၊သူလုပ်ကိုင်သမျှတို့သည် မြန်မာဘုရင်အုပ်စုကိုသာ ကိုယ်စားပြုတော့မည်။သူသည်မပိုးဖြူနှင့်ဆက်နွယ်ကာ သီပေါဘုရင်နှင့် မိသားစုဘက်မှ လုံးလုံးလျားလျားရပ်တည်သူသာ ဖြစ်လိမ့်မည်။

ထိုအခါ သူ၏လုပ်ရှားဆောင်ရွက်မှုမှန်သမျှသည် မည်သို့မျှ ခမ္မခိဋ္ဌာန်မကျနိုင်။ သူ့မှာ ချစ်သူအစွဲ၊ နန်းကျဘုရင်မိသားစုအစွဲများပူးကပ်သွားပြီ။ သူ၏ဆောင်ရွက်ချက်များသည် တရားဥပဒေနည်းလမ်းနှင့်လုံးဝမဆိုင်၊ သူသည်နန်းကျဘုရင်ဘက်မှတရားဥပဒေနည်းလမ်းဖြင့်လိုက်ပါဆောင်ရွက်သည့် ရှေ့နေတစ်ယောက်မဖြစ်နိုင်တော့။ နန်းကျဘုရင်၏ ဘက်တော်သား။

သည့်ထက်ပို၍ ဖြစ်လာနိုင်သေးသည်။

ယခင်က ဆင်ဖြူမရှင်မိဖုရားကြီး၏ ကိုယ်လုပ်တော်၊ ယခုစုဖုရားလတ်၏ လူယုံတော်၊သစ္စာရှိကျေးကျွန်တစ်ဦးကိုအကြောင်းပြု၍တစ်ဘက်သို့ကူးပြောင်းပူးပေါင်းသွားသော အင်္ဂလိပ်လူမျိုး၊ စိတ်မချရသော ဂူးလက်ချန်း၊ ထို့နောက် စိတ်မချရသောသီပေါဘုရင်။

လူမျိုး၊ အသားအရောင်၊ ဘာသာအယူဝါဒ၊ ဘဝ ..လွန်စွာကြီးမားလှသော ခြားနားမှုများအပေါ်တွင် အကြီးကျယ်ဆုံးဖြစ်သော'ထိုအချက်'သည် မီးတောင်ကြီးတစ်ခုပေါက်ကွဲသလို ထွက်ပေါ်လာသည်။ ဆတ်ဆတ်တုန်အောင် နာကျင်ရသော ဝေဒနာသည် ခံနိုင်ရည်အတိုင်းအတာ၏ ဟိုမှာဘက်သို့ လွန်မြောက်သွားပေပြီ။

တစ်စစီ၊ တစ်ဖွဲ့စီ၊ အစိတ်စိတ်အမွှာမွှာပြိုအက်ကွဲပျက်သွားသော မိမိ၏နှလုံးသားများကို အတိုင်းသားမြင်လိုက်ရသည်။

ပွင့်အာခွင့်မရလိုက်သော ပန်းကလေးသည် အဖူးအငုံဘဝဖြင့်ပင် ညှိုးချုံးသွေ့ခြောက်သွားသည်။ ထို့နောက် ကြွေကျပျက်စီးသွားလေသည်။

ပကတိဟင်းလင်းပြင်အဖြစ်သည် ရင်၌အပြည့်။

◆

www.burmeseclassic.com

www.burmeseclassic.com

[၅၀]

အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းတို့သည် တစ်ခု၏ဝမ်းကြောတိုက်အတွင်း အခြားတစ်ခုက အပြန်အလှန် သန္ဓေတည်ကြလေသည်။

ပါးလွှာလွန်းသော ကန့်လန့်ကာ၏ တစ်ဘက်တစ်ချက်ရှိ အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းတို့သည် ထိုကန့်လန့်ကာကို ဖြတ်သန်းထိုးဖောက်ကာ တစ်ခုမှတစ်ခုဆီသို့ စီးဝင်ကြလေသည်။

မစ္စတာအောလ်ဘွန်းအား ရာထူးမှ နုတ်ပယ်အနားပေးတော့မည်ဟူသော သတင်းကို ဆရာ၏အဆက်အသွယ်ဖြင့် ကာယကံရှင် မစ္စတာအောလ်ဘွန်းအပါအဝင်ရတနာဂီရိမှလူအားလုံးထက်နှစ်ရက်ကြို၍ကျွန်ုပ်သိခဲ့သည်။

ဘုရင်ခံချုပ်၏ အမိန့်စာရောက်မလာမချင်း မည်သူမျှမသိစေရဟူသော ဆရာ၏ သတိပေးချက်ကို ကျွန်ုပ်ကတိပြုကာ'ဒိုင်းမွန်း'၏ကျောပေါ်သို့ လွှားခနဲတက်ပြီး ညြလ်ထရန်ဟောစံအိမ်တော်မြောက်ဘက်ရှိ ကျောက်ချပ်ကျောက်တောင် ချောက်ကမ်းပါးကြီးများရှိရာ အရပ်သို့ ထွက်လာခဲ့သည်။

ကမ်းပါးအောက်ခြေ ဤမှာဘက်ရှိ တောတန်းကလေးတွင် ဘုရင့်သမီးတော်ကလေးများသည် လိပ်ပြာများကို ဖမ်းယူဆော့ကစားလျက်ရှိကြသည်။ သူတို့နှင့်မနီးမဝေး စမ်းချောင်းတစ်ခုဘေးမှ ကျောက်တုံးတစ်တုံးပေါ်တွင် မားဂရက်ထိုင်နေသည်။

စမ်းရေတို့ ရစ်ခွေစီးဆင်းနေသည့် ကျောက်တုံးများကို နင်းဖြတ်ကာ မားဂရက်ဆီသို့ကျွန်ုပ်ရောက်သွားလိုက်သည်။အဝေးဆီသို့ငေးကြည့်နေသော မားဂရက်သည် ခြေသံကြားသဖြင့် ကျွန်ုပ်မှန်းသိသောအခါ ပြုံး၍ နှုတ်ဆက်လေသည်။ သူ့အပြုံးမှာ ခွန်အားကင်းမဲ့လှလေသည်။

သူ့ဆီရောက်အောင် ကျွန်ုပ်နင်းဖြတ်ခဲ့သော ကျောက်တုံးလေးများသည် စင်စစ်အပိုင်းပိုင်းအစစ ကြွေလွင့်နေသော ကျွန်ုပ်၏ နှလုံးသားများပင်ဖြစ်ကြချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂူးလက်. . ."

ထိုင်ရာမှထ၍ ကျွန်ုပ်ရှိရာသို့ လျှောက်လာရန်လှုပ်ရှားလိုက်စဉ်တွင် မားဂရက်သည် ရေညှိတက်နေသောကျောက်တုံးတစ်ခုနင်းမိပြီးလဲပြိုလုနီးပါး ဖြစ်သွားသည်။

သို့သော် သူ့ကို ကျွန်ုပ် လှမ်းဆွဲထားလိုက်နိုင်သည်။

မားဂရက်၏ ကိုယ်ခန္ဓာသည် ယိမ်းယိုင်သွားပြီး ကျွန်ုပ်၏ ရင်ခွင်ထဲသို့ အလိုအလျောက်ရောက်လာသည်။

ထိုအချိန်မှာပင် နှလုံးသားကို ကြိတ်ချေ၍ ဖြစ်ပေါ်လာသည့် နှလုံးသွေးများဖြင့် အတိပြီးသော စကားတစ်ခွန်းကို ကျွန်ုပ်ပြောလိုက်သည်။

"မားဂရက်. . .မင်းကို ကိုယ်လက်ထပ်ပါရစေ"

သူ့တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားသည်ကို သိလိုက်သည်။

ကျွန်ုပ်ကို သူမော့ကြည့်သည်။ နှုတ်ခမ်းမြွာတို့ ဆတ်ဆတ်တုန်နေသည်။

"ရှင်. . .ရှင် ဘာပြောလိုက်တယ် ဂူးလက်"

"ကိုယ့်ရဲ့ဇနီးအဖြစ် ခံယူပါလို့ မင်းကို ပြောနေတာပါ မားဂရက်"

မျက်လုံးပြာများသည် ကြယ်ပွင့်များလိုဖျတ်ဖျတ်တောက်ပလာကြသည်။ မျက်ဝန်းအိမ်များ ချက်ချင်းရွှန်းလဲ့လာကာ. . .

ကျွန်ုပ်၏ ရင်ခွင်ထဲသို့ မျက်နှာကို တင်းကျပ်စွာအပ်ရင်းမားဂရက်သည် သည်းထန်စွာ ငိုချလိုက်လေသည်။ ငိုရှိုက်သံ ဗလုံးဗထွေးဖြင့်မားဂရက်သည် ရေရွတ်နေသည်။

"ရှင်. . .တကယ်ပြောတာလား၊ အို. . .ဒါဟာ တကယ်ပဲလားဟင်၊ ဒါဟာ အိပ်မက်မဟုတ်ဘူးနော်၊ ဒါဟာ ဂူးလက်လား၊အခုပြောတာဟာကျွန်မရဲ့ဂူးလက်လား. . ."

အလိုက်သင့်ပွေ့ဖက်ထားရင်း ကျွန်ုပ်သည်လည်း မားဂရက်နှင့်အတူ လိုက်ပါတုန်လှုပ်နေတော့သည်။

ကြည်လင်အေးမြသော စမ်းရေတို့သည် ကျွန်ုပ်၏ ခြေအစုံကိုတိုးဝေ့တွန်းတိုက်လျက်ဆက်လက်စီးဆင်းသွားကြသည်။ထိုစမ်းရေအလျဉ်ထဲသို့ တစ်စုံတစ်ခုကို ကျွန်ုပ်မျှောချလိုက်ပေပြီ။ စမ်းရေအလျဉ်တို့သည် ထိုအရာကို ဝေးသထက်ဝေးသည်အထိ အဝေးဆုံးအထိ နောက်ဆုံးတွင် လုံးဝပျောက်ကွယ်သွားသည်အထိ သယ်ဆောင်သွားပေတော့မည်။

"ဂူးလက်ရယ်. . .ရှင် ကျွန်မကို ချစ်တယ်လို့ဘယ်တုန်းကမှမပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါလား၊ ကျွန်မကလေ ရှင်ဟာ . . .ဟို . . . ဟို နက်မှောင်တဲ့ ဆံပင်ရှည်ကြီးတွေနဲ့၊ ဟို. . .လှပတဲ့ မိန်းကလေးကိုပဲ”

သူဆက်ပြောခွင့်မရအောင် သူတိုးဝင်မှီခိုထားသောလက်ဝဲဘက်ရင်အုံဖြင့် သူ့နှုတ်ခမ်းများကို ဖိကပ်ထားလိုက်ရလေသည်။

ထိုစဉ်မှာပင် သမီးတော်လေးတစ်ပါးသည်လှပသောပိုက်ကွန်လေးတစ်ခုကို ကိုင်လျက် စမ်းချောင်းကမ်းစပ်ဆီမှ အော်ပြောလိုက်လေသည်။

“တီချာ. . .သမီးလေ သိပ်လှတဲ့ လိပ်ပြာလေးတစ်ကောင်ကို မိထားပြီ၊ တစ်ကောင်တော့ လွတ်သွားတယ်၊ အဲဒီကောင်လေးက သိပ်လှတာပဲ၊ ဒါပေမဲ့ ဒီပိုက်ကွန်ထဲက လိပ်ပြာလေးကလည်း လှတာပါပဲ၊ လာကြည့်ပါဦး တီချာ”

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၅၁ ]

နောက်နှစ်ရက်ကြာသောအခါ ဩလ်ထရန်ဟောရုံးခန်းထဲတွင် ကျွန်ုပ်နှင့် မားဂရက်တို့သည် မစ္စတာအောလ်ဘွန်း၏ စားပွဲရှေ့တွင် ထိုင်မိကြသည်။ စားပွဲစွန်းပေါ်တွင်တင်ထားသောမားဂရက်၏လက်တွင်ကျွန်ုပ်ဝတ်ပေးခဲ့သော လက်စွပ်ကလေးရှိသည်။မစ္စတာအောလ်ဘွန်း၏လက်ထဲတွင်ကားဘုရင်ခံ ချုပ်၏ အမိန့်စာကို ကိုင်ထားလေသည်။

စာရွက်သည် အလိုလို လွတ်ကျသွားသည်။

မစ္စတာအောလ်ဘွန်းသည် စားပွဲမျက်နှာပြင်ပေါ်တွင် သူ၏လက်များကို ဖြန့်ကားလျက် တင်ထားသည်။ ထို့နောက် လက်သီးဆုပ်ပြန်သည်။ ထို့နောက် လွှင့်ပစ်လိုက်သော အဝတ်စများပမာ သူ့လက်ချောင်းများ ပြန့်သွားကြပြန်သည်။

"ဒီလောက်အထိ ကျုပ်မမျှော်လင့်ဘူး၊ တစ်ခုခုတော့ ကျုပ်အထိနာလိမ့်မယ်လို့ပဲ တွက်ထားခဲ့တယ်၊ ဒါပေမဲ့ ကျုပ်အခု လုံးဝရှုံးနိမ့်သွားပြီပေါ့၊ မောင်တို့ ဆရာတပည့်နှစ်ယောက်ကကျုပ်အပေါ်အပြတ်အသတ်အနိုင်ရသွားပါပြီ၊ဒီအရှုံးကိုလက်ခံနိုင်အောင် ကျုပ်ကြိုးစားရတော့မှာပေါ့လေ. . ."

မားဂရက်၏ လက်ဖဝါးကို ကျွန်ုပ်ဆုပ်ကိုင်ထားသည်။ ရုံးခန်းထဲ မဝင်မီလေးမှာပင် ဘုရင်ခံချုပ်၏အမိန့်စာအကြောင်းကိုမားဂရက်အားကျွန်ုပ် ပြောပြထားပြီးဖြစ်သည်။

မစ္စတာအောလ်ဘွန်းသည် ကျွန်ုပ်တို့ရှေ့တွင် အမူအရာမပျက် အောင် ကြိုးစားထိန်းချုပ်ထားမှန်း ကျွန်ုပ်တွေ့နေသည်။ မိမိလိုက်ပါဆောင် ရွက်သော အမှုတစ်ခု အောင်မြင်သည့်အတွက် ဝမ်းသာဂုဏ်ယူသော စိတ်မျိုး ကား လုံးဝဖြစ်ပေါ်မလာခဲ့ချေ။

"အင်း . . . ကျုပ်လုံးဝရှုံးသွားပြီကိုး၊ ဒါပေမဲ့ မစ္စတာဂူးလက်"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟာ ရှေ့နေပီသတဲ့ ရှေ့နေတစ်ယောက်မဟုတ်ဘူးဆိုတာကို ကျုပ်အစောကြီးကတည်းက သိခဲ့ပါတယ်၊ ဒီ့အပြင်မှာ မောင်နဲ့ပတ်သက်ပြီး ကျုပ်သိထားတာတွေလည်း ရှိပါသေးတယ်၊ သမီး. . .နေကောင်းရဲ့လားဟင်၊ ဒီမှာ ထိုင်နေလို့ ဖြစ်ပါ့မလား . . ."

မားဂရက်ထံမှ ရှိုက်သံတစ်ချက်ပေါ်လာသောကြောင့် ဖြစ်သည်။

"ကိစ္စမရှိပါဘူး ဖေဖေ၊ သမီး ဒီမှာပဲ နေပါရစေ"

"မစ္စတာဂူလက်ချန်း၊ မောင်နဲ့ပတ်သက်ပြီး ကျုပ်သိထားပါတယ်၊ ဥပမာ. . .ဖရန့်သစ်လုပ်ငန်းကုမ္ပဏီရဲ့ အမွေခံသူဌေး၊ အလွန်ချမ်းသာကြွယ်ဝသူဆိုတဲ့အချက်မျိုး"

ကျွန်ုပ်ဆုပ်ကိုင်ထားသော မားဂရက်၏လက်ချောင်းများ တောင့်တင်းတင်း ဖြစ်သွားသည်။

"ဒါပေမဲ့ ကျုပ်သိထားတဲ့အချက်ကို သမီးမသိပါဘူး၊ ကျုပ် သူ့ကို ဘယ်တုန်းကမှ မပြောခဲ့ဘူး၊ ကျုပ်ပြောတာကို ယုံပါ၊ အိမ်တော်ဝန် အရာရှိတစ်ယောက်မှာ ရိုးသားမှုတစ်ခုရှိနိုင်တယ်လို့ လက်ခံပါ၊ကျုပ်သမီးဟာမောင့်ကို သူဌေးတစ်ယောက်မှန်း လုံးဝမသိခဲ့ပါဘူး၊ခုနကစက္ကန့်ပိုင်းအထိပေါ့လေ"

"ဖေဖေ. . .သမီး"

မားဂရက်ထိုင်ရာမှ ထမည်ပြင်ကာ ကုလားထိုင်ကို နောက်သို့ တွန်း ဖယ်ပစ်သည်။

"သမီး ပြန်ထိုင်ပါ၊ သမီးဖေဖေအနေနဲ့ အမိန့်ပေးနေတယ်"

အတန်ကြာရပ်နေပြီးမှ မားဂရက်ပြန်ထိုင်သည်။

"ဖေဖေ စကားဆက်ပြောလို့ရပြီလား"

"ပြောပါ ဖေဖေ"

မားဂရက်၏ အသံသည် တုန်ယင်အက်ကွဲနေလေသည်။

"မစ္စတာဂူးလက်ချန်း၊ ကျုပ်ဟာ အိမ်တော်ဝန်နိုင်ငံရေးအရာရှိတစ်ယောက်အဖြစ် အရှုံးကြီးရှုံးပြီး အထိအနာကြီးနာသွားပြီဖြစ်ပေမဲ့ မားဂရက်အောလ်ဘွန်းရဲ့ ဖခင်တစ်ယောက်အနေနဲ့တော့ကျုပ်လုံးဝမရှုံးနိမ့်ရဘူးလို့ပြောချင်တယ်၊ မောင့်လိုလူတစ်ယောက်ကို ကျုပ်က ဘာဖြစ်လို့ လက်မခံနိုင်ရမှာလဲ၊ သမီးအတွက် ကျုပ်ကျေနပ်ပျော်ရွှင်မိပါတယ်၊ ဒါပေမဲ့. . ."

မစ္စတာအောလ်ဘွန်း၏ မျက်လုံးစိမ်းများ အရောင်ထွက်လာသည်။

သို့သော် ပူလောင်သော အရောင်မျိုးမဟုတ်။

"ကျုပ်တို့ကိစ္စအတွက် လျော်ကြေးပေးတဲ့အနေမျိုးနဲ့ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်လိုက်တာမျိုးတော့ မဟုတ်ပါဘူးနော်၊ အဲဒီလို မဟုတ်ဘူးလို့ ကျုပ်ယုံကြည်ပါရစေ”

တိုက်ရိုက်ထိမှန်ကာ ထိုးခွင်းမွှေနှောက်လိုက်သော လက်နက်သွားတစ်ခုပင် ဖြစ်တော့သည်။ ထိုခဏမှာပင် မိမိ၏ ရိုးသားမှုမရှိသောအဖြစ်ကို သိလိုက်ပြီး ထိုခဏမှာပင် ထိုနိမ့်ကျသောအဖြစ်ကို အစွမ်းကုန် ချေဖျက်ရန် သန္နိဋ္ဌာန်ချဖြစ်သွားလေသည်။

“အဲဒီလိုမဖြစ်စေရဘူးလို့ ယုံကြည်ပါ မစ္စတာအောလ်ဘွန်းခင်ဗျား၊ ယောကျာ်းတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအပေါ်မှာ ကျွန်တော်ဒီစကားကို ပြောပါတယ်”

“ကျေးဇူးတင်ပါတယ် မစ္စတာဂူးလက်ချန်း”

မစ္စတာအောလ်ဘွန်း ဆန့်ကမ်းပေးသော လက်ကို ဆွဲယူဆုပ်နယ်လိုက်ရသည်။ ကျွန်ုပ်တို့၏လက်များသည် သွေးမရှိတော့သလို အေးစက်နေကြလေသည်။

“မားဂရက်ရဲ့ လုပသော အနာဂတ်အတွက် ကျုပ်ရဲ့ ရာထူးဂုဏ်သိက္ခာတွေ ဆုံးရှုံးရကျိုးနပ်ပါစေ မစ္စတာဂူးလက်ချန်း”

ရာထူးအာဏာနှင့် အခြားဂုဏ်ဒြပ်များ ကွာကျသွားသော မစ္စတာအောလ်ဘွန်း၏ ပကတိရုပ်ပုံသည် ရှင်းသန့်စွာ ထွက်ပေါ်လာလေသည်။ မာန်မာန ဒေါသမီးလျှံများ တရှိန်ရှိန်ဟပ်ခဲ့သဖြင့် ပူပြင်းနီရဲနေသော သူ့မျက်လုံးများတွင် တစ်ဦးတည်းသော သမီးဖြစ်သူအတွက် ကြည်နူး စိတ်ချနေသည့် ဖခင်တစ်ဦး၏ ရုပ်ပုံလွှာကို တွေ့နေရသည်။

“မောင့်ဆရာ မစ္စတာ ဖရက်ဒရစ်အက်ဂျလောင်းကိုလည်း ပြောလိုက်ပါ၊ သူဟာ အင်မတန်ထက်မြက်တဲ့ ရှေ့နေကြီးတစ်ယောက်ပါပဲ၊ သူ့ကြောင့် ရှုံးနိမ့်ပျက်စီးသွားရတဲ့ ကျုပ်ဘဝကို ကျုပ်ဟာ ခါးသီးစွာနဲ့ တစ်သက်လုံး တမြို့မြို့သတိရနေမယ့်အကြောင်း၊ ပြီးတော့ သူ့ကို ကျုပ်မုန်းတီးလေးစားစွာနဲ့ အမြဲသတိရနေမယ်ဆိုတဲ့အကြောင်း. . .”

မားဂရက်သည် တသိမ့်သိမ့်ငိုကြွေးနေပေပြီ။

“အားရပါးရငိုချလိုက် သမီး၊ အကုန်အစင်ငိုချလိုက်၊ ပြီးရင်မျက်ရည်တွေ သုတ်ပစ်၊ ဘုရားသခင်ဟာ အောလ်ဘွန်းသားအဖ နှစ်ယောက်အပေါ်မှာ ထိုက်တန်တူမျှတဲ့ အောင်မြင်မှုနဲ့ ရှုံးနိမ့်မှုကို တစ်ပြိုင်တည်း ပေးအပ်လိုက်တာပဲ”

ရင်ထဲမှာ ဆို့နစ်ရခြင်းများ အားကြီးလွန်းသဖြင့် ထုံကျင်နေပြီထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုလည်း၊ မစ္စတာဂူးလက်ချန်းရဲ့ ဇနီးကောင်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ ဖေဖေယုံကြည်ပါရစေ. . ."

"သမီး ကတိပေးပါတယ် ဖေဖေ"

မစ္စတာ အောလ်ဘွန်းသည် နောက်သုံးရက်အကြာတွင် ရတနာဂီရိ အနောက်မြောက်ဘက်ကမ်းခြေအရပ်မှ ပင်လယ်ခရီးဖြင့် ကာလကတ္တားသို့ ပြန်သွားသည်။ ကာလကတ္တားတွင် ရက်အနည်းငယ်နေပြီးမှ ဘုံဘေသို့သွားကာ ဘုံဘေမှ အင်္ဂလန်သို့ အပြီးတိုင် ပြန်တော့မည် ဖြစ်လေသည်။

မစ္စတာအောလ်ဘွန်း စီးနင်းလိုက်ပါသွားသော ပင်လယ်ကူး သင်္ဘောဆီမှ လှိုင်းများသည် ရတနာဂီရိကမ်းခြေရှိ ကျောက်ဆောင်များဆီသို့ ပြေးဝင် တိုးဆောင့်ကြကာ ရေစက်ရေမှုန်များအဖြစ် ပြောင်းလဲပျောက်ကွယ်သွားကြလေသည်။

◆

www.burmeseclassic.com

[ ၁၂ ]

မစ္စတာအောလ်ဘွန်းနေရာသို့ အာရ်အီးဘာဘာအမည်ရှိ အရာရှိ တစ်ဦးရောက်လာသည်။ မစ္စတာဘာဘာသည် အေးဆေးတည်ငြိမ်သော ပုဂ္ဂိုလ်ဖြစ်သည်။ ရတနာဂီရိတွင် တာဝန်ယူသွားကြသော မစ္စတာကောစ့်၊ မစ္စတာဖန်ရှဝေးနှင့် မစ္စတာအောလ်ဘွန်းတို့သုံးယောက်၏သင်ခန်းစာများကို လည်းကောင်းစွာ လေ့လာဆည်းပူးခဲ့ဟန်တူသည်။ သို့မဟုတ် ဘုံဘေအစိုးရ အဖွဲ့ အလေးအနက်သတိပေး သွန်သင်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။

သီပေါဘုရင်အနေဖြင့်လည်း အရာရှိအသစ် မစ္စတာဘာဘာကို လို လားလက်ခံပုံရသည်။ စံအိမ်တော် စီမံအုပ်ချုပ်ရေးနှင့် ကွပ်ကဲရေးအခွင့် အာဏာ အတော်များများကိုလည်း သီပေါဘုရင်သည် ကိုင်တွယ်ခွင့်ရလာပြီ ဖြစ်သောကြောင့် ကျေနပ်ပျော်ရွှင်ဟန်ရှိလေသည်။

အရာရှိသုံးယောက်ပြောင်းခဲ့ရသောကြောင့် ရတနာဂီရိသည် သီပေါ ဘုရင်နှင့်မသင့်လျော်။ ဤရေမြေဒေသသည် တစ်စုံတစ်ရာမှားယွင်းနေ သလားဟူသော သံသယဖြင့် အာဏာပိုင်အဖွဲ့က ဘုရင့်မိသားစုအား အခြား နေရာသို့ ပြောင်းရွှေ့ရန် စဉ်းစားခဲ့ကြသေးသည်။ ကျွန်ုပ်သိရသလောက်မှာ မဒရပ်၊ ဘာလာရီ၊ ဗဲလ်လိုး၊ ဥတာတမန်း၊ မလ္လဝါ၊ ပန်ဂျပ်နှင့် အနောက် မြောက်ဘက် နယ်ခြားဒေသများပင် စာရင်းထဲပါသည်။ သို့သော် မစ္စတာ ဘာဘာက ရတနာဂီရိသာလျှင် အသင့်တော်ဆုံးဖြစ်သည်ဟု အခိုင်အမာ အကြောင်းပြရှင်းလင်းသဖြင့် သီပေါဘုရင်အား ရတနာဂီရိမှာပင် ဆက်ထား ရန် ဆုံးဖြတ်ခဲ့ကြလေသည်။

ကျွန်ုပ်နှင့်မားဂရက်တို့၏ လက်ထပ်ပွဲကို မစ္စတာအောလ်ဘွန်း ဘုံဘေတွင် ရှိနေခိုက် ကျင်းပလိုက်ကြသည်။ လက်ထပ်ပွဲကို အတတ်နိုင်ဆုံး အကျဉ်းချုံး၍ ကျွန်ုပ်စီစဉ်ခဲ့သည်။

လက်ထပ်ပွဲသို့ ဗိုလ်မှူးကြီးကောက်စ်၊ ကပ္ပတိန်ပေါလ်ဝဲ၊ မစ္စစ်ဒရား

www.burmeseclassic.com

www.burmeseclassic.com



ကတ်၊ ရှေ့နေကြီး မစ္စတာပရဲယားနှင့် ဒီဗားတို့ တက်ရောက်ကြသည်။ ဘုရင်ခံချုပ်၊ ဘုရင်ခံနှင့် မဟာဝန်ရှင်တော်မင်းကြီးစသော ပုဂ္ဂိုလ်များအား ဖိတ်ကြားရန်စကားကို မစ္စတာအောလ်ဘွန်းအတွက် ကိုယ်ချင်းစာနာစွာဖြင့် မည်သူမျှ လေသံမဟကြချေ။

စိတ်မကောင်းစရာတစ်ချက်မှာ ကျွန်ုပ်၏ ဆရာအက်ဂျလောင်းသည် ဘုရားရှိခိုးကျောင်းသို့ တက်ရောက်ခဲ့သော်လည်း တပ်ဂျ်မဟာဟိုတယ်တွင် ပြုလုပ်သော ညစာစားပွဲသို့ မလာနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုသို့မလာနိုင်ခဲ့ခြင်းမှာ မစ္စတာအောလ်ဘွန်းနှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးခြင်းကြောင့်ဟုဆိုလျှင် ကျွန်ုပ်လက်ခံနိုင်သေးသည်။ ယခု ဆရာမလာခဲ့ခြင်းမှာ မပြီးပြတ်သေးသော အမှုကိစ္စနှင့် ရှေ့နေခကျန်ငွေများကို သီပေါဘုရင်ထံ ဘီလ်တောင်းခံဖို့ စီစဉ်ရန်ဖြစ်ကြောင်း သိရလေသည်။

တပ်ဂျ်မဟာဟိုတယ် ညစာစားပွဲတွင် ကပ္ပတိန်ပေါလ်ဝဲက

"ဘယ်နဲ့လဲ သူငယ်ချင်း၊ မားဂရက်လို သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ ဆုံးဖြတ်ချက်ဟာ သူငယ်ချင်းရဲ့ တစ်ကိုယ်တော်ဆုံးဖြတ်ချက် မဟုတ်လား"

ဟု ပြောလေသည်။

"ဗိုလ်မှူးကြီးကောက်စ်ကမူ အရက်ခွက်ကို မြှောက်လျက်။

"မစ္စတာအောလ်ဘွန်းရဲ့ သမီး မားဂရက်အောလ်ဘွန်းဟာ အလွန်လှပပြီး အလွန်လိမ္မာရေးခြားရှိတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ကျုပ်က ဦးဆုံး သတင်းပေးခဲ့တာပဲ၊ ဒါကြောင့် သတို့သားနဲ့ သတို့သမီးကို တွေ့ဆုံစေခဲ့တဲ့ ကျုပ်ကိုယ်ကျုပ်ပဲ ဂုဏ်ပြုပြီး တစ်ခွက်သောက်မယ်ဗျာ"

ဟု ဆိုလေသည်။ ရှေ့နေအဘိုးကြီး မစ္စတာပရဲယားက

"မစ္စတာဂျိုနသန်ဖရန့်ရဲ့ သေတမ်းစာကို ကျုပ်နှစ်ပေါင်းများစွာ ထမ်းရွက်ခဲ့ရတာ၊ အခုမှပဲ လုံးလုံးလျားလျား တာဝန်ပေါ့သွားတော့တယ်၊ ဒါ့အတွက် သတို့သမီးမားဂရက်ကို ကျေးဇူးတင်ကြောင်း ပြောပါရစေ"

ဟု ပြောသည်။

သူနာပြုဆရာမကြီးဖြစ်နေသော မစ္စစ်ဒရားကတ်က . . .

"ရတနာဂီရိဆိပ်ကမ်းမှာ ဒီနှစ်ယောက်ကို မိတ်ဆက်ပေးခဲ့တာ ကျွန်မပေါ့ ဗိုလ်မှူးကြီးကောက်စ်ရယ်၊ ရှင့်လိုသာဆိုရင် ကျွန်မကိုယ်ကျွန်မ ရှန်ပိန်တစ်ပုလင်းလုံး ကုန်အောင်ပက်ပစ်ရတော့မှာပေါ့"

ဟု ဆိုလေသည်။

ဒီဗားအလှည့်တွင်ကား ဘဏ္ဍာစိုးအဘိုးကြီးသည် မတ်တတ်ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘာမှမပြောဘဲ ကျွန်ုပ်ကို စိုက်ကြည့်နေသည်။ သူ့မျက်လုံးများမှာ မျက်ရည်များဝိုင်းနေသည်။ အတော်ကြီးကြာမှ. . .

"ဒီဗား ဘာပြောရမှာလဲ၊ ဒီဗားဘာပြောရပါ့မလဲ"

ဟု ရေရွတ်သည်။ ကပ္ပတိန်ပေါလ်ဝဲက . . .

"ဘာမှ မပြောနဲ့တော့ အဘိုးကြီး၊ ဂုဏ်ပြုအရက်ခွက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်ပေတော့"

ဟု ပြောသည်။

ထိုအခါ ဒီဗားသည် ကျွန်ုပ်ကို ညှို့ခနဲ လှမ်းကြည့်ကာ . . .

"ဒီဗား. . .အရက်မသောက်တတ်ပါဘူး၊ ဒါပေမဲ့ လူကလေးအတွက် ရှန်ပိန်နည်းနည်းသောက်ပါ့မယ်၊ အဲ. . .မိန်းကလေးအတွက်ရောပေါ့၊ ဒါပေမဲ့ လူကလေး ဂူးလက်ကလည်း ဒီည အရက်တွေ သိပ်မသောက်ပါနဲ့လို့ ဒီဗား တောင်းပန်ပါရစေ"

အဘိုးကြီး၏စကားနှင့် မျက်လုံးများ၏ အဓိပ္ပာယ်ကို ကျွန်ုပ် နားလည်လိုက်ပေသည်။

ရတနာဂီရိမှပြန်လာခဲ့စဉ် ဝစ္စဒမ်ဗီလာတွင် ဒီဗားနှင့်အတူ ကျွန်ုပ် ဝီစကီအသောက်လွန်သွားခဲ့စဉ်က အဖြစ်အပျက်. . .။ မူးမူးနှင့် ကျွန်ုပ်ပြောခဲ့သောစကားများ. . .။ စားပွဲပေါ် မျက်နှာမှောက်ကျအသွားတွင် ကျွန်ုပ် ရေရွတ်ခဲ့သော . . . ။

"မားဂရက်. . .သတို့သမီး တစ်ခုခုပြောပါ၊ သတို့သားနဲ့သတို့သမီးတို့ တွေ့ဆုံကြစေဖို့ အက်စ်အက်စ်ကလိုက်ဗ်နဲ့ အခေါက်ခေါက်အခါခါ ပို့ဆောင်ပေးခဲ့တဲ့ကျုပ်က အားလုံးကိုယ်စား တောင်းဆိုပါတယ်ခင်ဗျား. . ."

ကပ္ပတိန်ပေါလ်ဝဲကား အပျော်ကြီး ပျော်နေရှာလေသည်။

"မားဂရက်သည် ထိုင်ရာမှထကာ. . .

"ကျွန်မ ဂူးလက်ကို သိပ်ချစ်ပါတယ်ရှင်၊ ဒါပါပဲ" ဟု ပြော၍ပြန်ထိုင်သည်။ အားလုံးက 'ဟူးရား' ဟု ဝိုင်းအော်ကြချိန်တွင် ဒီဗားက ကျွန်ုပ်ကို စူးစူးရဲရဲကြီး ကြည့်နေသည်။ သူ့ကို မသိကျိုးကျွံပြုလိုက်ရသည်။

"ယောကျ်ားတစ်ယောက်၏ ဂုဏ်သိက္ခာအပေါ်မှာ ကျွန်တော် ဒီစကားကို ပြောပါတယ်"

ဟု မစ္စတာအောလ်ဘွန်းအား ကျွန်ုပ်ပြောခဲ့ပေသည်။

ရင်တွင်းတစ်နေရာမှ သဲ့သဲ့ရှိုက်သံတစ်ခုကို ကြားလိုက်ရသလိုလို။

သို့သော် ထိုအသံကို တသီးတခြားကန့်၍ မိမိဘာသာမိမိ ပိတ်ဆို့ထားလိုက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

အလွန်ကြီးမားသော ငါးမန်းကြီးတစ်ကောင်ဖြစ်သော်လည်းသူနှင့် လိုက်ဖက်စွာပင် အလွန်ကြီးမားသော ငါးမျှားချိတ်ကို ဟပ်မိသွားသောအဖြစ်မျိုး ကျွန်ုပ်၏ ဆရာသည် ရင်ဆိုင်နေရပေပြီ။

ကျွန်ုပ်တို့၏ ဟန်းနီးမွန်းခရီးကို မားဂရက်အား ရွေးချယ်စေရာ မားဂရက်က 'ကိုလာပူရ်မြို့' ကို ရွေးချယ်ခဲ့သည်။

"ကိုလာပူရ်လိုနေရာလေးကို ဘာကြောင့် ကျွန်မ ရွေးလိုက်သလဲ သိလား မောင်၊ အမှန်တော့ မောင့်ငွေနဲ့ဆိုရင် တစ်ကမ္ဘာလုံးအနှံ့လျှောက်သွားလို့ရတယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါပေမဲ့ သီပေါဘုရင်အတွက် မောင်ရတနာဂီရိကို ပြန်ရဦးမယ်လေ၊ ကျွန်မကလည်း သမီးတော်လေးကို ကြာရှည်ပစ်ထားလို့ မဖြစ်ဘူးလေ၊ ပြီးတော့ . . ."

ရှက်စနိုးပြုံးလျက်. . .

"အင်ဘာဂတ်လမ်းမကြီးအတိုင်း မောင်နဲ့ကျွန်မ မြင်းကိုယ်စီ စီးပြီး ကိုလာပူရ်အထိ အရောက်သွားလိုက်ချင်တယ်၊ ဟိုတုန်းကကျွန်မတို့ဟာလမ်းတစ်ဝက်ကနေ ပြန်လှည့်ခဲ့ကြတာ မဟုတ်လား၊ ဒီတစ်ခါတော့ မောင်ကလည်း ပြန်မလှည့်နဲ့၊ ကျွန်မကလည်း ပြန်မလှည့်ဘူး၊ ကိုလာပူရ်အထိ အရောက်သွားကြရအောင်နော်"

အဓိပ္ပာယ်များစွာပါသော ထိုစကားကို ကျွန်ုပ်က ခေါင်းကို နောက်သို့လှန်၍ ရယ်မောပစ်ရင်း 'ကောင်းပါပြီ မားဂရက်ရယ်' ဟု ပြောလိုက်ရလေသည်။

ကျွန်ုပ်တို့၏ ဟန်းနီးမွန်းခရီးမှာ ရိုးရိုးကလေးပင် ဖြစ်သည်။

ကိုလာပူရ်သို့ မြင်းကိုယ်စီဖြင့် သွားကြသည်။ ကျွန်ုပ်က ဒိုင်းမွန်း၊ မားဂရက်က ရိစ့်မာရီ။ ကိုလာပူရ်တွင် နှစ်ရက်နေကာ ရတနာဂီရိသို့ ပြန်ခဲ့ကြသည်။ ကျွန်ုပ်တို့ မရှိသော ထိုနှစ်ရက်အတွင်းတွင်ကြီးမားသောအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလဲတစ်ခု ဖြစ်ပေါ်နှင့်သည်။ အိမ်တော်ဝန် မစ္စတာအာရ်အီးဘာဘာနေရာတွင် အိမ်တော်ဝန်သစ် မစ္စတာအိပ်ချ်ဒေတန် ရောက်နေသည်။ မစ္စတာဘာဘာသည် ပျော့ပျောင်းပြီး သဘောကောင်းလွန်းသူဖြစ်သည်ဟုဆိုကာ ဘုံဘေအစိုးရက လူပြောင်းလိုက်ခြင်းဖြစ်သည်။

ရတနာဂီရီ၏ ပဋ္ဌမမြောက်အိမ်တော်ဝန်နိုင်ငံရေးအရာရှိ မစ္စတာဒေတန်သည် မည်သည့်လူစားမျိုးဖြစ်မည်ကို မသိရသော်လည်း သူနှင့်အတူပါလာသော အစိုးရ၏ ညွှန်ကြားချက်ကား ဆရာ့ကို တိုက်ရိုက် ထိမှန်သွားလေသည်။

ထိုညွှန်ကြားချက်အရ သီပေါဘုရင်သည် စံအိမ်တော် ကိစ္စများကို စိတ်တိုင်းကျ ဆောင်ရွက်ပိုင်ခွင့်ရှိရမည် ဖြစ်သည်။ ထို့အပြင် ဘုရင်အား ထောက်ပံ့သော ရိက္ခာတော်ငွေ တစ်လရူပီးသုံးထောင်ကိုလည်း ကိုယ်တိုင်လက်ဝယ်ကိုင်စွဲ သုံးပိုင်ခွင့်ရသည်။ အမှုထမ်းများနှင့်ပတ်သက်၍လည်း သီပေါဘုရင်ကြိုက်သလို ခန့်ထားခွင့် ထုတ်ပယ်ခွင့် ရသွားသည်။

ထိုအခွင့်အရေးများနှင့်အတူ အစိုးရသည် ဥပဒေတစ်ရပ်ကိုလည်း ထုတ်ပြန်လိုက်သည်။

ထိုဥပဒေအရ သီပေါဘုရင်သည် ငွေကြေးဆိုင်ရာ အပေးအယူ စာချုပ်စာတမ်းများကို မိမိသဘောဖြင့် တရားဝင်ချုပ်ဆိုပိုင်ခွင့်မရှိစေရ။ အကယ်၍ ဥပဒေထုတ်ပြန်သည့်အချိန်မတိုင်မီ လွန်ထားခဲ့သော စာချုပ်စာတမ်းများရှိခဲ့လျှင်လည်း ယင်းတို့၏ အပေးအယူကိစ္စများကို ဆိုင်းငံ့ထားရမည်။ ထိုဆိုင်းငံ့ထားသော ငွေကြေးဆိုင်ရာအပေးအယူစာချုပ်များကို ဝန်ရှင်တော်မင်းကြီးများပါဝင်သော ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ထိုကော်မတီက တိုက်ရိုက်စိစစ်သုံးသပ်ကာ စစ်ဆေးဆုံးဖြတ်ရမည်။ ကော်မရှင်၏ ဆုံးဖြတ်ချက်ကို မည်သည့်တရားရုံး၊ မည်သည့်အာဏာပိုင်အဖွဲ့အစည်းထံကိုမျှ အယူခံခွင့်မရှိစေရ။ ကော်မရှင်၏ ဆုံးဖြတ်ချက်များကို ဘုရင်ခံချုပ်ကိုပင် ဝင်ရောက်စွက်ဖက်ခွင့်မပြု။ သက်ညှာစွာ ပြန်လည်စဉ်းစားပေးပါရန် အကြံပြုခွင့်သာ ဘုရင်ခံချုပ်မှာရှိသည်ဟူသော ဥပဒေပင်တည်း။

ထိုဥပဒေသည် ဆရာ့အတွက် အလွန်ကြီးမားသော ငါးမျှားချိတ်ကြီးပင်ဖြစ်သည်။ ငါးစာကား ပျောက်သွားပြီ။ သံချွန်ချိတ်ကြီးသာလျှင် ငါးမန်းကြီး၏ အာခေါင်၌ စူးနစ်ဝင်သွားခဲ့လေသည်။

ရူပီးငွေ တစ်သောင်းခုနစ်ထောင်ကျော်တန်သော ကျောက်မျက်ရတနာများကို ဆရာသည်စရံအဖြစ် ရရှိခဲ့ပြီးဖြစ်သည်။သို့သော်ဆရာ့တောင်းဆိုချက်အတိုင်း သီပေါဘုရင်က ကတိပြုခဲ့သော အမှုလိုက်ခငွေအရဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် နောက်ထပ် ရူပီးငွေ ရှစ်သောင်းသုံးထောင်သို့မဟုတ် ယင်းနှင့် တန်ဖိုးညီမျှသော ကျောက်မျက်ရတနာများကို ရရှိရန်ရှိပေသေးသည်။ ဆရာသည် ထိုအရေအတွက်ကို စောင့်စားနေခဲ့သည်။

သီပေါဘုရင်ကလည်း ကတိအတိုင်း ထပ်ပေးမည်ဟု ဆိုသည်။

စုဖုရားလတ် မိဖုရားကလည်း . . .

"ကျုပ်တို့ မြန်မာစကားမှာ ရှိတယ်၊ မင်းမှာသစ္စာ လူမှာကတိတဲ့၊ လူတွေအပေါ် အုပ်ချုပ်နေတဲ့ ဘုရင်တွေအဖို့ကတိပိုရှိရတယ်၊သူဟာသစ္စာကို တောင်မှ စောင့်ထိန်းရသေးတာပဲ၊ ဘာပဲဖြစ်နေနေ သင့်အမှုလိုက်ခအတွက် တစ်သိန်းပြည့်အောင် ကျွန်ုပ်တို့ အစွမ်းကုန်ရှာဖွေပြီးပေးမယ်၊ ရတနာဂီရိမှာ နန်းကျဘုရင်နဲ့ မိဖုရားဟာ သစ္စာကတိကို မစောင့်ထိန်းနိုင်ကြတော့ဘူးဆိုတဲ့ အဖြစ်မျိုး ကျွန်ုပ်လက်မခံနိုင်ဘူး" ဟု ပြတ်သားစွာပြောခဲ့သည်။

သို့သော် ပြဿနာနှစ်ရပ် ပေါ်လာသည်။

တစ်ရပ်မှာ ဆရာ့အနေဖြင့် မစ္စတာအောလ်ဘွန်းကို ဖယ်ရှားပစ်နိုင်ခဲ့သည်မှာ မှန်သည်။ စံအိမ်တော် ကိစ္စအဝဝကို သီပေါဘုရင်ကိုယ်တိုင် စီမံခွင့်ရလာသည်မှာလည်း မှန်သည်။ သို့သော် ငွေကြေးဆိုင်ရာ ကန့်သတ်ချက်ဥပဒေကြောင့် သီပေါဘုရင်သည် စံအိမ်တော်ကို တိုက်ရိုက်စီမံခန့်ခွဲရာတွင် ရာနှုန်းပြည့်အခွင့်အာဏာမရ ဖြစ်သွားသည်။

ထိုအခါ ဆရာ၏ လုပ်ဆောင်ကြိုးပမ်းချက်မှာ အပြည့်အဝအောင်မြင်မှုမရ။ အမှုသည်၏ ရရှိခံစားပိုင်ခွင့် အကုန်စင်ရအောင် ဆရာသည် လုပ်မပေးနိုင်ခဲ့ဟူသော ရလဒ်ထွက်လာသည်။

ဒုတိယပြဿနာကား မည်သူမျှ မည်သို့မျှမတတ်နိုင်သော ပြဿနာကြီးဖြစ်လေသည်။ ယင်းကား အခြားမဟုတ်၊ သီပေါဘုရင်ထံတွင် အဖိုးတန် ရတနာပစ္စည်းများ မရှိတော့သလောက် ဖြစ်နေခြင်းပင်တည်း။

အိမ်တော်ဝန်ငါးဆက် အပြောင်းအလဲကာလတစ်လျှောက်တွင် နည်းအမျိုးမျိုးဖြင့် အဖိုးတန်ရတနာများ ကုန်ဆုံးပွန်းပဲ့ခဲ့ရာ ကုန်သည်ပွဲစားများ လက်ထဲသို့ ရောက်ရှိသွားခြင်း။ ထိုသို့ ရောင်းချထုခွဲခဲ့ရာတွင် အိမ်တော်ဝန်များ အပါအဝင် အခြားအရာရှိများက ဝင်ရောက်ခြယ်လှယ်သွားကြခြင်းသည် အဓိကအချက်ပင် ဖြစ်လေသည်။

ထိုသို့ အဖိုးတန်ရတနာများ မရှိတော့ခြင်းကြောင့် သီပေါဘုရင်နှင့် စုဖုရားလတ်တို့သည် စိတ်မချမ်းမသာဖြစ်နေကြသော်လည်းစိုးရိမ်ကြောင့်ကြကြီးစွာတော့ ဖြစ်မနေကြချေ။ အကြောင်းမူ မန္တလေးနန်းတော်မှ ထွက်ခွာခဲ့စဉ်က အသိမ်းခံလိုက်ရသောသို့မဟုတ်တစ်နည်းနည်းဖြင့်တိမ်မြုပ်ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသော အဖိုးမဖြတ်နိုင်သည့် ကျောက်မျက်ရတနာများကို ကြီးစွာသော မျှော်လင့်ချက်ဖြင့် မျှော်လင့်ထားကြသောကြောင့် ဖြစ်လေသည်။

ထိုပြဿနာမှာလည်းကျွန်ုပ်သိသလောက်မန္တလေးနန်းတော်မှသိမ်းယူသော ပစ္စည်းများကိုတာဝန်ယူရသည့်တန်ဖိုးဖြတ်ကော်မတီ၊ကာနယ်စလေဒင်နှင့် အခြားထိပ်တန်း ပုဂ္ဂိုလ်များအကြားတွင် ရှုပ်ထွေးနေဆဲဖြစ်လေသည်။

"ဒါကြောင့် ကျွန်မပြောသားပဲ မောင်၊ သီပေါဘုရင်အတွက် မောင်ရတနာဂီရိမှာ ရှိနေရဦးမယ်လို့၊ ကျွန်မတို့ရဲ့ ဟန်းနီးမွန်းကို ကိုလာပူရ်မှာပဲ လုပ်လိုက်ကြလို့သာပေါ့နော်"

ဟု မားဂရက်က ပြောသည်။

"ဆရာသိပ်ထိခိုက်သွားမှာပဲ၊ ဆရာဘာလုပ်မလဲ စောင့်ကြည့်ရမယ်ကွာ၊ ဒီအချိန်မှာ ဆရာ့ကို ကိုယ်သိပ်တွေ့ချင်နေတယ်"

ကျွန်ုပ်၏ ဆန္ဒမှာလည်း ဖြစ်နိုင်ချေ နည်းပါးလှသည်။

အမှုလိုက်ခ ရူပီးငွေ ကျန်ရှစ်သောင်းသုံးထောင်ကို ရရန်မှာ ဆရာ့အတွက် မျှော်လင့်ချက် မရှိတော့သလောက် ဖြစ်နေပေသည်။

အဆိုးဆုံးကား ကျွန်ုပ်၏ လက်ထပ်ပွဲရက်က ဘုံဘေနှင့် ကာလကတ္တားသို့ ကူးသန်းသွားရင်း ဆရာသည် ကျွန်ုပ်တို့၏ ဂုဏ်ပြုညစာစားပွဲကိုပင် မတက်နိုင်လောက်အောင် အမှုကိစ္စ၊ ကြွေးကျန်ငွေကိစ္စများအတွက် ဘုံဘေတွင် ကျန်ရစ်ခဲ့သည်။

အမှုမှာလည်း ပြီးပြတ်သွားပြီဖြစ်လေရာ ဆရာ့အဖို့ အမှုလိုက်ခကျန်ငွေကို တောင်းရန်အတွက် ရတနာဂီရိသို့ သွားခွင့်မရှိ။ ငွေကြေးအပေးအယူ စာချုပ်စာတမ်းများဆိုင်ရာ ဥပဒေသစ်အရ ဆရာသည် သီပေါဘုရင်နှင့် တွေ့ဆုံခွင့်မရှိဟု အစိုးရက အမိန့်ထုတ်လိုက်လေသည်။

ဆရာ့ကို အားပေးကူညီရန် ကျွန်ုပ် ဘုံဘေသို့ သွားမည်ဟု စီစဉ်ခဲ့သော်လည်း သက်ဆိုင်ရာက ကျွန်ုပ်ကို မစ္စတာ ဖရက်ဒရစ်အက်ဂျလောင်းနှင့် တွေ့ဆုံဖို့ အကြောင်းမရှိတော့ကြောင်း၊ အမှုလည်း ပြီးပြတ်သွားပြီဖြစ်သောကြောင့် ကျွန်ုပ်သည်လည်း လက်ထောက်ရှေ့နေ မဟုတ်တော့ကြောင်း။

သီပေါဘုရင်၏ သမီးတော်လေးများကို စာသင်ကြားပို့ချသော ဆရာမ မားဂရက်၏ ခင်ပွန်းသာ ဖြစ်တော့ကြောင်း၊ ထို့ကြောင့် ရတနာဂီရိရှိ ဥရောပရပ်ကွက်တွင် သာမန်အရပ်သားတစ်ဦးအဖြစ်သာ နေထိုင်နိုင်ကြောင်း အကြောင်းပြ တားမြစ်လိုက်လေသည်။

ကပ္ပတိန်ပေါလ်ဝဲသည် သင်္ဘောတစ်ပတ်အရောက်တွင် ဆရာနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းကို ပြောပြခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရေ. . .ဆရာအက်ဂျလောင်းတစ်ယောက်တော့ ကမ္ဘာကြီးတစ်ခုလုံးကို ရန်သူအဖြစ်မြင်နေပြီနဲ့တူတယ်၊ သီပေါဘုရင်နဲ့တွေ့ခွင့်ရဖို့ ဘုရင်ခံချုပ်ဆီကို သူက စာတင်သေးတယ်၊ ဘုံဘေက စားသောက်ဆိုင်တစ်ဆိုင်မှာ ကျုပ်နဲ့တွေ့ခဲ့တယ်။

"ကိုယ့်ဆရာက ဘီယာတွေ အရမ်းမူးနေတာပဲကလား၊မူးမူးနဲ့ကျုပ်ကို သူပြောပြတယ်၊ သီပေါဘုရင်ရဲ့ အမှုကိစ္စဟာ မပြီးပြတ်သေးဘူးတဲ့၊ဘုရင်ဟာ သူ့အကူအညီ လိုအပ်နေသေးတယ်တဲ့၊ ပြီးတော့သူ့ကိုပေးစရာငွေတွေလဲကျန်သေးတယ်တဲ့။

"အဲဒါအတွက် ရတနာဂီရိကို သွားခွင့်ပြုဖို့ ဘုရင်ခံချုပ်ဆီ သူစာတင်တယ်၊ ဘုရင်ခံချုပ်က ရတနာဂီရိကို သွားချင်သွားနိုင်တယ်၊ ဘုရင်နဲ့တွေ့ချင်တွေ့နိုင်တယ်၊ ဒါပေမဲ့ အစိုးရက ခွင့်ပြုမထားတဲ့ ငွေကြေးအပေးအယူကိစ္စတွေ ရှုပ်ထွေးလာရင် ဘုရင်ကပေးလို့ လက်ခံခဲ့ရင် လက်ခံသူကိုလိမ်ညာမှုနဲ့ အရေးယူရမှာပဲလို့ အမိန့်ထုတ်လိုက်သတဲ့"

"ဒီတော့ ဆရာဘာဆက်လုပ်သေးသလဲ ဟင်. . ."

"သူငယ်ချင်းဆရာက အင်မတန်ပါးနပ်တဲ့ ပုဂ္ဂိုလ်ပဲ၊ ဒီအမိန့်လည်းထုတ်လိုက်ကော သီပေါဘုရင်နဲ့တွေ့လို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးဆိုတာသိတယ်လေ၊ ဒီတော့ သူကဘာလုပ်တယ်ထင်သလဲ၊ သူ့ရဲ့ငွေတောင်းခံလွှာကို ဝန်ရှင်တော်မင်းကြီးများ ကော်မတီကို တိုက်ရိုက်ပို့လိုက်တယ်လေ"

"သြော်. . .သြော်"

"အံမယ်လေး. . .သူငယ်ချင်းရေ၊ ကိုယ့်လူရဲ့ ဆရာကစောစောပိုင်းက ကျုပ်ကိုပြောသေးတယ်ဗျား၊ ဘယ်သူမှ မသိအောင် ကျုပ်ရဲ့ အက်စ်အက်စ်ကလိုက်ဗ်နဲ့ သူ့ကို ရတနာဂီရိခေါ်သွားပေးရင် ရူပီးတစ်ထောင်ပေးမယ်တဲ့၊ ကျုပ်ကပြန်ပြောလိုက်ရတယ်၊ ဆရာရယ် မလုပ်ပါရစေနဲ့၊ ကျွန်တော့်အဖြစ်ဟာ မစ္စတာအောလ်ဘွန်းထက် ဆိုးသွားပါလိမ့်မယ်လို့ ဟား . . . ဟား . . . ဟား . . ."

"ကျွန်တော့်ကိုကော ဆရာဘာပြောသေးလဲဟင်. . ."

"ပြောတာပေါ့ဗျာ၊ ဆရာ့တပည့်ကို ဘာမှာဦးမလဲလို့ မေးတော့ ဘီယာဖန်ခွက်ကိုနံရံပစ်ပေါက်ပြီးပြောတာ၊ဒီကောင်ဟာသားရဲတိရစ္ဆာန်တွေရဲ့ အသွေးအသားကို သတ်ဖြတ်စားသောက်တဲ့ ခြင်္သေ့မဟုတ်ဘူးတဲ့။ လှောင်အိမ်ထဲက ကြာပွတ်အောက်က ခြင်္သေ့တဲ့ဗျား . . ."

"သြော် . . . ဖြစ်မှ ဖြစ်ရလေ ဆရာရယ်၊ ဒီလောက်တောင်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြန်ခါနီးမှာ ပြောသေးတယ်၊ ဝိတိုရိယဘုရင်မကြီးအထိ တက်တွေ့မယ်တဲ့၊ လန်ဒန်အစိုးရအဖွဲ့ထဲမှာ ငါ့တပည့်တွေရှိပါတယ်တဲ့"

ဆရာ့အကြောင်းကို ကျွန်ုပ် ဆက်လက်နားမထောင်နိုင်တော့ပေ။

သို့သော် နောက်ဆုံးတွင် ဝန်ရှင်တော်မင်းကြီးများကော်မတီကအမှုလိုက်ခငွေကြေးကို ဆုံးဖြတ်ပေးခဲ့သဖြင့် တော်သေးသည်ဟုအောက်မေ့ရတော့သည်။

ရူပီးငွေတစ်သိန်းဆိုသည်မှာ မည်သည့်ရှုထောင့်ကကြည့်ကြည့်များလွန်းသည်ဟု ကော်မတီက ဆုံးဖြတ်ပြီး သီပေါဘုရင်၏ ဂုဏ်သိက္ခာ၊မစ္စတာအက်ဂျလောင်း၏ ပညာနှင့် ကြိုးပမ်းမှု၊ အစိုးရ၏ တရားမျှတမှုတို့အပေါ်အခြေခံပြီး ရူပီးငွေ ခုနစ်သောင်းနှစ်ထောင် သတ်မှတ်ပေးလိုက်သည်။

ထိုခုနစ်သောင်းနှစ်ထောင်အတွက် သီပေါဘုရင်ထံမှ တစ်သောင်းခုနစ်ထောင်ရရှိပြီးဖြစ်သောကြောင့် ကျန်ငွေမှာ ငါးသောင်းငါးထောင်ဖြစ်သည်။

ရှေ့နေနှင့် လက်ထောက်ရှေ့နေတို့၏ တစ်နေ့အမှုလိုက်ခငွေနှင့်အမှုကိစ္စရက်များအလိုက် အချိုးကျတွက်လိုက်သောအခါ ထိုငွေငါးသောင်းငါးထောင်အနက်မှ ဆရာရရှိရန် ငွေမှာ သုံးသောင်းရှစ်ထောင်ဖြစ်ပြီး ကျွန်ုပ်အတွက် အမှုလိုက်ခငွေမှာ တစ်သောင်းခုနစ်ထောင်ဖြစ်လေသည်။

သို့သော် ကျွန်ုပ်ရရှိရန် အမှုလိုက်ခငွေ တစ်သောင်းခုနစ်ထောင်ကို ဆရာ့အားလွှဲပြောင်းပေးပါရန် သက်ဆိုင်ရာသို့ ကျွန်ုပ်စာတင်လိုက်သည်။ သက်ဆိုင်ရာခွင့်ပြုခဲ့သဖြင့် ဆရာသည် ကျန်ငွေအားလုံးကိုရသွားခဲ့ပေသည်။

သို့ဖြင့် သီပေါဘုရင်ထံမှ ဆရာရယူလက်ခံခဲ့သော ကျောက်မျက်ရတနာများ အပါအဝင်ဆိုလျှင် ဆရာသည် ကော်မတီမှ ဆုံးဖြတ်ပေးသောငွေခုနစ်သောင်းနှစ်ထောင် အားလုံးကို ပိုင်ဆိုင်သွားခဲ့သဖြင့် ကျွန်ုပ်မှာ ဆရာ့အတွက် ဖြေသာမိလေသည်။

ကျွန်ုပ်ရရန်ရှိသည့် အမှုလိုက်ခငွေများအားလုံးကို ဆရာ့အား လွှဲပြောင်းပေးမည့် ဆုံးဖြတ်ချက်ကို မားဂရက်အားပြောပြခဲ့ရာ မားဂရက်သည် အနူးအညွတ် သဘောတူအားပေးရုံသာမက. . .

"အဲဒီငွေတွေကို မောင့်ဆရာအားလုံးရထိုက်ပါတယ်၊ဘာကြောင့်လဲဆိုတော့ မောင့်ကို လက်ထောက်အဖြစ် သူကရွေးချယ်ခဲ့တာ၊ လွတ်လိုက်တာမဟုတ်လား၊ဒါကြောင့်သာ မောင်ရတနာဂီရိကို ရောက်လာခဲ့တာပေါ့. . ."

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာဖြင့် လောကကြီးကို ကြည့်မြင်ကာကျေးဇူးတရားကို သိမှတ်ဖို့သာ စိတ်ဝင်စားသော ဤမိန်းကလေးကား ငြိမ်းချမ်းလှပါဘိသည် ဟု ကျွန်ုပ်တွေးမိလေသည်။

ထိုအခါမှပင် ကျွန်ုပ်သည် မစ္စတာဂျိုနသန်ဖရန့်၏ သေတမ်းစာပါ 'တတိယအချက်'ကိုမားဂရက်အား ဖွင့်ပြောပြလိုက်တော့သည်။ထူးဆန်းသော သေတမ်းစာနှင့်တကွ ကျွန်ုပ်၏ဘဝဖြစ်ရပ်များကိုပါ သိခွင့်ရသွားသော မားဂရက်သည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်လျက်။

"အို. . .ကြည့်စမ်း၊ ဒီအတိုင်းဆိုရင် မစ္စတာဂျိုနသန်ဖရန့်၊ မစ္စတာဟောင်းဝပ်ဖရန့်၊ ပြီးတော့ မစ္စတာဟောင်းဝပ်ကြီးနဲ့ တွေ့ဆုံဖို့အတွက် မောင့်ကို ဘုံရိပ်သာဂေဟာမှာ မိဘမဲ့ကလေးအဖြစ် ထားပစ်ခဲ့ရရှာတဲ့ ဘယ်သူမှန်း မသိတဲ့ မောင့်မိဘနှစ်ပါး . . . အို . . . ဒါလင်ရယ် . . . ၊ လူသားတွေရဲ့ ကျေးဇူးတရားတွေဟာ ကျွန်မကိုယ်ထဲက သွေးလည်ပတ်မှုတွေနဲ့အမျှ ရှိနေကြတာပါပဲလားနော်"

ဟု ပြောလေသည်။

မားဂရက်၏ ရွှေရောင်ဆံပင်များကို မြတ်နိုးစွာ နမ်းရှိုက်ရင်း စကား မပြောနိုင်ဘဲ နွေးထွေးစွာ ပွေ့ပိုက်ထားမိလေသည်။

မားဂရက်က ရင်ခွင်ထဲမှာ ငြိမ်နေရင်းဖြင့် . . .

"အခု ဆရာအက်ဂျလောင်းကောဟင် . . ."

"အင်္ဂလန်ကို ပြန်သွားပြီ၊ အပြီးအပိုင်ပြန်သွားပြီလို့ ကပ္ပတိန်ပေါလ်ဝဲက ပြောတယ်"

"အင်္ဂလန်မှာ သူနဲ့ဖေဖေနဲ့များ တွေ့နေကြဦးမလား မသိဘူး မောင်"

ခိုင်မာသော ယုံကြည်ချက်တစ်ခုဖြင့် ကျွန်ုပ်ပြောပြလိုက်လေသည်။

"သူတို့နှစ်ယောက် ဘယ်တော့မှ မတွေ့နိုင်ကြတော့ပါဘူးမားဂရက်ရယ်၊ ဘယ်တော့မှ တွေ့ကြတော့မှာ မဟုတ်ပါဘူး. . ."

◆

www.burmeseclassic.com

[ ၁၄ ]

မားဂရက်က ရတနာဂီရိတွင် အခြေချနေရသော်လည်း ကျွန်ုပ်မှာမူ သစ်လုပ်ငန်းကုမ္ပဏီကိစ္စများအတွက် မကြာခဏခရီးထွက်ရလေသည်။ သို့ဖြင့်ပင် နှစ်ကာလများ တရွေ့ရွေ့ကုန်ဆုံးသွားကြလေသည်။

သီပေါဘုရင်၏ သမီးတော်လေးများသည်အရွယ်ရောက်လာကြပေပြီ။

ကျွန်ုပ်နှင့်အသက်ချင်း မတိမ်းမယိမ်းဖြစ်သော သီပေါဘုရင် အသက် (၅၂)နှစ်ပြည့်သည့် (၁၉၁၀)ခုနှစ်တွင် ဩထရန်ဟောလ်စံအိမ်တော်မှ 'တိုက်နန်းတော်သစ်' သို့ ပြောင်းရွှေ့တက်ရောက်သည့် အခမ်းအနားကို ကျင်းပလေသည်။

ထိုအချိန်တွင် ပထမသမီးတော်သည် အသက်နှစ်ဆယ့်ရှစ်နှစ်၊ ဒုတိယသမီးတော်သည် အသက်နှစ်ဆယ့်ခြောက်နှစ်၊ တတိယသမီးတော်သည် အသက်နှစ်ဆယ့်လေးနှစ်နှင့် စတုတ္ထသမီးတော်သည် နှစ်ဆယ့်သုံးနှစ်ဖြင့်အသီးသီးအသက အပြိုင်းအရိုင်းရှိလာကြပြီ ဖြစ်လေသည်။

မားဂရက်သည်လည်း ကျွန်ုပ်အတွက် သမီးလေး'စတယ်လာ' ကို မွေးပေးခဲ့ရာ သမီးလေးသည်ပင် ဆယ့်ငါးနှစ်ပြည့်ပေတော့မည်။

တိုက်နန်းတော်သစ်ကြီးမှာ ရတနာဂီရိ၏ အမြင့်ဆုံး ဂဝံကျောက်ကုန်းမြင့်ပေါ်တွင် တည်ဆောက်ထားပြီး ပင်လယ်ပြင်ကို တစ်မျှော်တစ်ခေါ်ကြီး မြင်နိုင်သည့်နေရာ ဖြစ်လေသည်။

သီပေါဘုရင်သည် နန်းတော်သစ် တိုက်သစ်ပွဲကျင်းပရန် စီစဉ်နေချိန်များအတွင်း ကျွန်ုပ်ကို ခေါ်ယူကာ နန်းတော်သစ်၏ အဆင်အပြင်များနှင့်ပတ်သက်၍ အကြံဉာဏ်တောင်းတတ်လေသည်။

ညနေအချိန်များတွင် နန်းတော်သစ်၏ အပေါ်ထပ် ဆင်ဝင်မှနေ၍ အနောက်ဘက်ပင်လယ်ဆီသို့ တစ်မျှော်တစ်ခေါ်ကြီးငေးကြည့်ရင်း သီပေါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်သည် သူ၏ ခံစားချက်များကို ကျွန်ုပ်အားပြောပြတတ်သည်။

သူပြောသမျှကိုစိတ်ရှည်စွာလက်ခံနားထောင်ပေးခြင်းအားဖြင့်သာလျှင် သူ့အား ကျွန်ုပ်ကူညီနိုင်တော့သည်။ သီပေါဘုရင်၏ စကားများတွင်

"ကျွန်ုပ်ဘယ်တော့မှ မြန်မာပြည်ကို ပြန်ရောက်တော့မှာမဟုတ်ဘူး ဆိုတာ သေချာသွားပြီ"

ဟူသောစကားမကြာခဏပါဝင်တတ်လေသည်။သူ၏အသား အရေမှာပို၍ ဖျော့တော့လာကာ စကားသံမှာလည်း ပို၍ တိုးညှင်းသွားသည်။ ရှေး ဟောင်းနှောင်းဖြစ်များကို ပြန်ပြောကြရင်း သီပေါဘုရင်သည် ကျွန်ုပ်နှင့် မားဂရက်တို့၏ အိမ်ထောင်ရေးဘဝကို အလွန်သဘောကျကြောင်း ထုတ်ဖော် ပြောတတ်သည်။

အိမ်ထောင်ရေးဘဝတစ်ခု၏ သာယာမှုကို အားကျကြောင်း အဘယ်ကြောင့် သူထုတ်ဖော်ပြောသည်ကို ကျွန်ုပ်စာနာ နားလည်မိပေသည်။ အကြောင်းမူကား ထိုအချိန်တွင် ပထမသမီးတော် ထိပ်စုမြတ်ဖုရားကြီးမှာ အိမ်တော် တံခါးစောင့် ဂိုပယ်လ်နှင့် အကြောင်းပါကာ တုတုအမည်ရှိ သမီး တော်လေးတစ်ပါးကိုပင် ရရှိခဲ့ပြီ ဖြစ်လေသည်။

သီပေါဘုရင်သည် ထိပ်စုမြတ်ဖုရားကြီး၏ အိမ်ထောင်ရေးအတွက် စိတ်ထိခိုက်ရှာပေမည်။ သို့သော် စုဖုရားလတ်မိဖုရားကြီးကိုယ်တိုင်ကပင် မြေးတော်လေး 'တုတု' ကို 'ဘိုင်စု' ဟု ချစ်စနိုးခေါ်၍ အချစ်ပိုခဲ့သောကြောင့် အားလုံးအတွက် ဖြေသိမ့်စရာတစ်ခု ရလာပေသည်။

ဘုရင့်မိသားစုအတွက် ဖိုဒ့်ကားတစ်စီးနှင့် အယ်ဒီလွန်ကားတစ်စီး ပေးထားရာ သမီးတော်များသည် ကားဖြင့် ရတနာဂီရိတစ်ခွင်သို့ စိတ်ပြေ လက်ပျောက် အလည်အပတ် ထွက်ကြသည်။ ထိုအခါများတွင် မားဂရက် သည်လည်း စတယ်လာနှင့်အတူ အဖော်အဖြစ် လိုက်ပါတတ်ရလေသည်။

ယခုအခါ သမီးတော်များသည် စာသင်ကြားရမည့် အရွယ်မဟုတ် တော့သော်လည်း မားဂရက်နှင့်အပြန်အလှန် သံယောဇဉ်ဖြစ်နေကြကာ မား ဂရက်လည်း ရတနာဂီရိမှ မခွဲခွာနိုင် ဖြစ်နေလေသည်။

မားဂရက်က ထိုသို့ အမျိုးသမီးများနှင့်အတူ ရှိနေစဉ် ကျွန်ုပ်မှာ လည်း သီပေါဘုရင်၏ ခေါ်ယူချက်ဖြင့် ညနေခင်းအချိန်များတွင် စံနန်းတော် သစ်သို့ အလည်သွားရလေသည်။

"ဆောင်းမကုန်ခင်မှာ စံနန်းတော်တိုက်သစ်တက်ပွဲကို ကျင်းပဖို့ စီစဉ်နေတယ်၊ အခိုင်းအစေခြောက်ဆယ်အတွက် အရန်အဆောင်တွေလည်း ရှိတယ်၊ မြင်းခြောက်ကောင်နဲ့လှည်းတွေထားဖို့မြင်းဇောင်းတွေလည်းရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အနေနဲ့ စံနန်းတော်သစ်ကို စိတ်တိုင်းကျမိပါတယ်၊ ဒါပေမဲ့ အခိုင်းအစေတွေရဲ့ လစာမှာပဲ တစ်လကို ရှုပီးငွေတစ်ထောင့်ရှစ်ရာလောက် ရှိနေတယ်”

သီပေါဘုရင်သည် ကျွန်ုပ်ကို အနားမှာရှိစေပြီး သူ့ဘာသာသူတစ်ကိုယ်တည်း ရေရွတ်ဟန်ဖြင့် ပြောနေလေသည်။

စရိတ်စက မည်မျှကြီးမားကြောင်း ကျွန်ုပ်သိပြီး ဖြစ်ပေသည်။ သီ ပေါဘုရင်မှာ ယခုအခါ လစာရိက္ခာတော်ငွေ တစ်နှစ်လျှင် တစ်သိန်းအထိ ရရှိနေပြီဖြစ်သော်လည်း လောက်ငခြင်းကား မရှိပေ။

ထို့ကြောင့် ဘုရင့်သီးသန့်ရန်ပုံငွေအဖြစ်ထားရှိကာထိုစုငွေများထဲမှ ဘာသာရေးဆိုင်ရာ အလှူအတန်းများ၊ အခမ်းအနားပွဲသဘင်များအတွက် အ သုံးပြုရန် သက်ဆိုင်ရာက စီမံထားလေသည်။

ယခု စံနန်းတော်တိုက်သစ်တက်ပွဲကိုလည်းထိုနည်းဖြင့်ကျင်းပမည် ဖြစ်လေသည်။ လောလောဆယ် ဘုရင်ခံချုပ်ဖြစ်နေသော လောဒ့်မင်တန်တို့ သည် ဘုရင်နှင့်မိသားစုအား ပြီးခဲ့သော ဘုရင်ခံချုပ်များထက် ပိုပြီးနားလည် နိုင်သော သဘောထားရှိနေခြင်းကို ဘုရင်ကလည်း သိထားသည်။

ထို့ကြောင့် တိုက်သစ်တက်ပွဲကို ခမ်းနားစွာ ကျင်းပရန် စီစဉ်ခြင်း ဖြစ်မည်။

“ဘုရင်ခံ လောဒ့်မင်တန်တုန်းကတော့ စံအိမ်တော်ဟောင်းကို အ လည်လာသွားသေးတယ်၊ အခု နန်းတော်သစ်ဖွင့်ပွဲမှာ အခုဘုရင်ခံဖြစ်နေတဲ့ ဆာဂျော့ကလပ်ကို လာစေချင်တယ်၊ ကျွန်ုပ်အနေနဲ့ ဘုရင်ခံနဲ့တွေ့ပြီး ပြော စရာ စကားတွေရှိနေတယ်”

ထိုစကားကိုလည်း ကျွန်ုပ်သဘောပေါက်သည်။ ငမောက်နန်းစဉ် ပတ္တမြားကြီးအပါအဝင် အဖိုးတန်နန်းတွင်းရတနာများကိစ္စသည် ဘုရင်နှင့် တကွ မိသားစုအားလုံး၏ ရင်ထဲတွင် အခိုင်အမြဲ ရှိနေကြဆဲပင်။

သာမန်အရပ်သားတစ်ဦးမျှသာ ဖြစ်နေသောကျွန်ုပ်အဖို့ရာမှာလည်း ထိုမျှကြီးကျယ်သောအရေးကို မည်သို့မျှ ဝင်ရောက်ပတ်သက်နိုင်ခြင်း မရှိ ချေ။ ကျွန်ုပ်တတ်နိုင်သည်မှာ တစ်ခုသာရှိသည်။

ယင်းမှာ သီပေါဘုရင်အား ဘယ်တော့မှ ပြန်တောင်းလိမ့်မည် မဟုတ်သည့် ငွေကြေးအတိုင်းအတာတစ်ခုကို ထုတ်ပေးလိုက်ခြင်းဖြစ်သည်။

သို့သော် ထိုစကားကို ကျွန်ုပ်၏ နှုတ်မှ ထုတ်ဖော်ပြောကြားရန်မှာ ဝန်လေးလွန်းလှသည်။ မိန်းမသားဖြစ်သော စုဖုရားလတ်မိဖုရားကြီးအား ဇနီးဖြစ်သူမားဂရက်မှတစ်ဆင့်ဆက်သွယ်ဆောင်ရွက်ဖို့စိတ်ကူးမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုတိုင် ထက်မြက်တက်ကြွဆဲဖြစ်သော မိဖုရားကြီးကို မားဂရက်ကလည်း နှုတ်ဟရဲလိမ့်မည်မဟုတ်ချေ။

"မစ္စတာဂူးလက်ချန်း . . ."

သီပေါဘုရင်၏ ခေါ်လိုက်သံမှာ ထွေပြားနေသောကျွန်ုပ်၏အတွေးများကို တုံ့ဆွဲလိုက်သလို ဖြစ်သွားသည်။

"မကြာမီ ကျင်းပတော့မယ့် တိုက်သစ်တက်ပွဲမှာ သင့်ကို ကျွန်ုပ်အမှတ်တရ လက်ဆောင်တစ်ခုပေးဖို့ ရည်ရွယ်ထားတယ်၊ ဒါက ကျွန်ုပ်နဲ့စုစုတို့နှစ်ဦး တိုင်ပင်ထားကြတဲ့ ကိစ္စပဲ၊ ဘာဖြစ်လိမ့်မယ်လို့ သင်ထင်သလဲ"

ကျွန်ုပ်မည်သို့မျှ မတွေးတတ်။

သီပေါဘုရင်သည် အနည်းငယ်ပြုံးလျက်။

"မစ္စတာဂူးလက်ချန်း . . .ပိုးဖြူကို သင်သတိရသေးသလား"

လှည့်ပတ်နေသော သွေးများ ရပ်ဆိုင်းသွားသည်။

"ပိုးဖြူဟာ သစ္စာအရှိဆုံးကျေးကျွန်တစ်ယောက်ပဲ၊ဒါကြောင့်လည်း သူ့ကို မယ်တော်ဘုရားဆီကနေ စုစုဟာ အရတောင်းယူခဲ့တာပေါ့၊ ပိုးဖြူက သင့်အကြောင်း စုစုကို ပြောပြခဲ့တယ်၊ စုစုက ကျွန်ုပ်ကို ပြန်ပြောတယ်၊မယ်တော်ဘုရား မပြန်ခင်တစ်ည ကျွန်ုပ်တို့ မိသားစု တံခါးပိတ် ဆွေးနွေးခဲ့ချိန်တုန်းကလေ ပိုးဖြူဟာ အဲဒီညက သင်သူ့ဆီသွားပြီးပြောခဲ့တာတွေကို ပြန်ပြောပြတယ်၊ တိုင်ကြားတာမဟုတ်ဘူး"

အို. . .ဘုရားသခင် ဆယ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သော အကြောင်းဟောင်းတွေကို ဘာကြောင့် သီပေါဘုရင် ယခုမှ ပြောနေပါသလဲ။

မပြောပါနဲ့ ဘုရင်မင်းမြတ်၊ အားလုံးဟာ ချုပ်ငြိမ်းသွားကြပါပြီဟု ကျွန်ုပ်အသံမထွက်ဘဲ တောင်းပန်နေမိလေသည်။

"စုစုက ပြောတယ်၊ သူဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်နန်းတော်နဲ့ထီးနန်းစံနေရတဲ့ဘဝသာဆိုရင် သူရဲ့ သစ္စာရှိကျွန်ယုံတော် ပိုးဖြူကို သင့်လက်ထဲ လက်ဆောင်ပေးသနားလိုက်မှာပဲတဲ့၊ အဲဒီစကားကို သမီးတော်ကြီး ဂိုပယ်လ်နဲ့အိမ်ထောင်ကျခဲ့တဲ့ လွန်ခဲ့တဲ့ငါးနှစ်က စုစုပြောခဲ့တာပဲ"

တစ်ခုခုပြောရန် ကျွန်ုပ်ကြိုးစားသော်လည်း မအောင်မြင်ချေ။

"မိမိနှစ်သက်ယုံကြည်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကိုမိမိပိုင်ဆိုင်တဲ့အထဲက မြတ်နိုးတဲ့ ပစ္စည်းတစ်ခုခု ပေးသနားတာဟာ ကျွန်ုပ်တို့ရဲ့ ရိုးရာဓလေ့တစ်ခုပဲ၊ စုစုဟာ အဲဒီသဘောထားနဲ့ ပြောခဲ့တာ ဖြစ်တယ်။

"ဒါပေမဲ့ မယ်မယ်ဘုရားပြန်သွားပြီး နောက်များမကြာခင်မှာပဲ သင်က မားဂရက်နဲ့ အိမ်ထောင်ပြုလိုက်တယ်၊ ဒီနောက် အားလုံးကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



မေ့ပျောက်သွားကြတယ်”

“ဒါပေမဲ့ ဒီအဖြစ်တွေဖြစ်ခဲ့ပြီး ဆယ်နှစ်ကျော်ကြာတဲ့ ခုအချိန်မှာမှ ဘုရင်မင်းမြတ်ကဘာကြောင့်ပြောနေသလဲဆိုတာကျွန်တော်နားမလည်နိုင်ဖြစ်နေပါတယ်”

သီပေါဘုရင်၏ မျက်နှာ၌ ပိုမိုနှစ်လိုဖွယ် အပြုံးတစ်ခု ပေါ်လာပြန်သည်။

“နန်းတော်သစ်တက်ပွဲအခမ်းအနားမှာ မြန်မာပြည်က ကျွန်ုပ်ရဲ့ဝန်ကြီးတွေ တက်ရောက်ကြလိမ့်မယ်၊ ဆရာတော်ကြီးတွေလည်းကြွလာကြလိမ့်မယ်၊ ဒီပွဲဟာ ရတနာဂီရိမှာ အကြီးကျယ်ဆုံး ဖြစ်လိမ့်မယ်။

“ဒီပွဲမှာ ကျွန်ုပ်အမှတ်တရတွေ လုပ်ချင်တယ်၊ ဒီအထဲမှာ သင့်အတွက်လည်း ကျွန်ုပ်အမှတ်တရ တစ်ခုခု လုပ်ချင်တယ်၊ ဒါကိုတွေးလိုက်တော့ ပိုးဖြူအကြောင်း သတိရလာတယ်”

“ဘုရင်မင်းမြတ် ကျွန်တော်ဟာ . . . ”

“မစ္စတာဂူးလက်ချန်း၊ သင့်ကို ကျွန်ုပ်နားလည်ပါတယ်၊ ကျွန်ုပ်ကလည်း မလျော်ကန်တာတွေ စီမံပါ့မလား၊ ကျွန်ုပ် လုပ်ပေးချင်ရာက ဒီလို၊ သင်ဟာ အဲဒီညကပဲ ပိုးဖြူကိုစကားတစ်ချို့တစ်ဝက်ပြောခဲ့ပြီးနောက်အခုချိန်ထိ လုံးဝ မျက်နှာချင်းမဆိုင်တော့ဘူး မဟုတ်လား၊ နန်းတော်သစ်တက်ပွဲမှာ သင်ပိုးဖြူကို စကားပြောနိုင်တယ်၊ ကျွန်ုပ်နဲ့ စုစုက ခွင့်ပြုတယ်၊ ပိုးဖြူကိုလဲ သင်က တစ်ခုခုပြောချင်တယ်ဆိုရင် လက်ခံနားထောင်ဖို့ ကျွန်ုပ်ခွင့်ပေးလိုက်မယ်၊ ကျွန်ုပ်နဲ့စုစု စဉ်းစားကြည့်ကြတယ်၊ မစ္စတာဂူးလက်ချန်းအတွက်တို့ အကောင်းဆုံး ဘာများလုပ်ပေးနိုင်ကြမလဲလို့၊ နောက်ဆုံးတော့ ဒီအဖြေထွက်လာတယ်”

သီပေါဘုရင်၏ ကြည်နူးနေဟန် မျက်လုံးများပြန်၍လေးနက်သွားကြသည်။ ကျွန်ုပ်ကား ယခုအထိ ဆွံ့အနေဆဲပင်။

“ကလေးကလားနိုင်တယ်လို့ သင်မထင်လေနဲ့၊ အသက်အရွယ်ကြောင့်လား၊ အတွေ့အကြုံကြောင့်လား မသိဘူး၊ ကျွန်ုပ်ဟာလူတွေအပေါ်မှာ နားလည်ပြီး အများကြီးခွင့်လွှတ်လာနိုင်တယ်၊ ကျွန်ုပ်တို့ အခုလို စဉ်းစားကြခြင်းဟာ မားဂရက်ကိုလည်း မထိခိုက်နိုင်ဘူးလို့ယူဆတယ်၊ဘာကြောင့်လဲဆိုတော့ သင့်ကိုလည်းယုံကြည်တယ်၊ ပိုးဖြူကိုလည်းယုံကြည်တယ်။မားဂရက်ကိုလည်း ယုံကြည်တယ်။ ဒီလိုလူတွေမှာ ကျိတ်မှိတ်ထားရတဲ့ ဝေဒနာမျိုး မရှိအပ်ဘူး မစ္စတာဂူးလက်ချန်း”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းများဖြင့်ဖွဲ့စည်းရိုက်ခတ်သောကြည်နူးမှုဖြင့် ကျွန်ုပ်မှာ ကတုန်ကယင် ဖြစ်လာလေသည်။

"ဘယ်လို စဉ်းစားသလဲ မစ္စတာဂူးလက်ချန်း"

သီပေါဘုရင်အား လေးစားစွာဖြင့် ကျွန်ုပ်ပွင့်ပွင့်လင်းလင်းပင်အဖြေပေးလိုက်သည်။ သီပေါဘုရင်သည် ကျွန်ုပ်ပြောသည်များကို ခေါင်းတဆတ်ဆတ်ငြိမ့်ရင်း နားထောင်ပြီးနောက်

"ကောင်းပြီလေ၊ သင်ပြောတာတွေကို စုစုကို ပြန်ပြောပြလိုက်မယ်၊ ကိုင်း . . .ကျွန်ုပ် ဘုရားကျောင်းဆောင် ဝင်တော့မယ်"

အနောက်ဘက်ပင်လယ်ဆီမှလာသော လတ်ဆတ်ရှင်းသန့်သည့်လေကို ကျွန်ုပ်တစ်ဝကြီး ရှူရှိုက်လိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

အသာယာဆုံးသော ဆောင်းတစ်နေ့၏ နံနက်ခင်းတွင် စံနန်းတော်တိုက်သစ်တက် အခမ်းအနားကြီးကို ကျင်းပသည်။

စံနန်းတော် ရှေ့ရှိ ကျယ်ပြန့်လှသော ကွက်လပ်ပြင်ကြီးထဲတွင် မဏ္ဍပ်တဲများထိုးထားပြီး ဖိတ်ဖိတ်တောက်သော ရောင်စုံပန်းစက္ကူများ၊ ရွှေခြည်ငွေခြည်ကြိုးများဖြင့် တင့်တယ်စွာ အဆိုင်းဆိုင်းဆွဲထားသည်။

ဂဝံကျောက်အတိပြီးသော ကုန်းပြင်မြင့်ဖြစ်သောကြောင့် ပန်းပင်များ အချိန်မီ စိုက်နိုင်စေရန် ခဲယဉ်းလေရာ ပန်းအိုးများကိုပင် ဥယျာဉ်ခြံတစ်ခုသဖွယ် ခင်းကျင်းနေရာချထားသည်။

နန်းတော်သစ်၏ ဆင်ဝင်ကို ကျောပေးလျက် ပင်လယ်ပြင်ကို မျက် နှာဗဟိုပြုလျက် ထိုးထားသောစင်မှာ အခြားနေရာအားလုံးထက်မြင့်ပြီး စင်ပေါ် တွင် အဖိုးတန် ရောင်စုံကော်ဇောများကို ခင်းထားသည်။

မျက်နှာကြက်ဗိမာန်တွင် ပုလဲကြိုးကုန်းများတွဲရရွဲလှုပ်လျက် ရှိသော ထိုစင်မြင့်ထက်၌ ဘုန်းတော်ကြီးများက နေရာယူသည်။

မြန်မာပြည်မှ ခေါင်းဆောင်လိုက်လာသော အပါးတော်မြဲဦးစံရွှေ၏ ရှင်းပြချက်အရ ထိုဘုန်းတော်ကြီးများမှာ မိုးကောင်းဆရာတော်ကြီး၊ ဘေးမဲ့ဆရာတော်ကြီး၊ တိုက်အုပ်ဆရာတော်ကြီး၊ မောက်ကျိုးဆရာတော်ကြီးများ ဖြစ် ကြောင်း ကျွန်ုပ်သိထားသည်။

မြန်မာဘုန်းတော်ကြီးများ၏ ဝါရွှေရောင်သင်္ကန်းနှင့် နက်ရှိုင်းသော ဣန္ဒြေတို့မှာ လိုက်ဖက်လှပေသည်။

ဘုန်းတော်ကြီးများထိုင်သည့် စင်မြင့်အောက် အနည်းငယ်နိမ့်သော နေရာတွင် ချောမွေ့သန့်ရှင်းသော သင်ဖြူးဖျာများကို ခင်းထားပြီး ထိုနေရာတွင် သီပေါဘုရင်နှင့် မိသားစုတို့က နေရာယူကြလေသည်။

အပါးတော်မြဲ ဦးစံရွှေသည် မအားလပ်နိုင်လောက်အောင် စီမံခန့်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



နေရင်း ကျွန်ုပ်တို့ မိသားစုထိုင်နေသည့် မဏ္ဍပ်ထောင့်သို့ ရောက်လာသည်။ သူသည် စံနန်းတော်တိုက်သစ်ဖွင့်ပွဲ အခမ်းအနားအတွက် မြန်မာပြည်မှအဖွဲ့ ပေါင်းရှစ်ဆယ်ကျော်ပါဝင်သော အဖွဲ့ကို ဦးဆောင်ခေါ်ယူလာခဲ့သူ ဖြစ်ပေသည်။ ဦးစံရွှေက ကျွန်ုပ်တို့သမီး စတယ်လာကို ပွေ့ချီရင်း ကျွန်ုပ်တို့ကို နှုတ်ဆက်သည်။

"မစ္စတာဂူးလက်ချန်းတို့က ချောင်ထဲရောက်နေကြပါလား၊ အလယ်ခေါင်ကို လာကြလေ"

သီပေါဘုရင် အထူးယုံကြည်စိတ်ချရသော၏အပါးတော်မြဲဦးစံရွှေသည် မျက်နှာဝိုင်းဝိုင်း ပြည့်ပြည့်ဖြိုးဖြိုးဖြင့် သဘောကောင်းသူ ဖြစ်လေသည်။ သမီးစတယ်လာက သူ့အမေသင်ပေးထားသည့်အတိုင်း . . .

"ကိစ္စမရှိပါဘူး ဦးရီးတော်ရှင့်"

ဟု မြန်မာလို ပြန်ပြောလိုက်လေရာ ဦးစံရွှေမှာ မျက်ပေါက်များ ပိတ်သွားမတတ် ရယ်လေသည်။

"မစ္စတာဂူးလက်ချန်း၊ ဟိုရှေ့ဆုံးမှာ ထိုင်နေတာက ဝက်မစွပ်ဝန်ထောက်မင်း၊ သူ့ဒီဘက်က လှေသင်းအတွင်းဝန်၊ ဒီဘက်ရွှေစလွယ်နဲ့က ရွှေတိုက်အတွင်းဝန်"

ရွှေရောင်၊ မြရောင်၊ ပတ္တမြားရောင် ဖိတ်ဖိတ်တောက်နေသော မြင်ကွင်းသည် ကြက်သီးမွေးညှင်းထစရာပေပင်။ နှုတ်ခမ်းမွေးဖြူဖြူကြီးဖြင့် အသားခပ်လတ်လတ်ရှိသော ဝက်မစွပ်ဝန်ထောက်မင်း၏ ဥပဓိရုပ်ကား အများကြားတွင် ထင်းခနဲ ဖြစ်နေလေသည်။

"ဦးစံရွှေ၊ ခင်ဗျားတို့ရဲ့ မန္တလေးရတနာပုံနေပြည်တော်ကြီးကို အသေးစားလုပ်ပြီး ရတနာဂီရိကို ရွှေ့လာကြတာလား"

ဦးစံရွှေကပြုံးလျက် ကျွန်ုပ်၏အမေးကို ဖြေသည်။

"ဘုရင်မင်းမြတ်နဲ့ ခေါင်ဘုရားကြီးတို့က အဲဒီလို ဖြစ်စေချင်ကြတယ်လေ၊ ဒါကြောင့် ကျုပ်တို့လည်း အစွမ်းရှိသမျှ လုပ်ကြရတာပေါ့"

မဏ္ဍပ်၏ အပြင်ဘက်နိမ့်ဆင်းသွားသော ကုန်းမြင့်ဆင်ခြေလျှောတွင် ရိုးရာတိုင်းရင်းသားတို့က ဘင်ဆိုင်းဝိုင်းကို တီးမှုတ်နေကြသည်။

မဏ္ဍပ်ကြီးအတွင်းမှာကား ဘုရင့်မိသားစုများ၊ လာရောက်ကြည့်ရှုသူ ဥရောပတိုက်သားများ၊ ရတနာဂီရိနှင့်ကိုလာပူရ်မှ ဒေသခံများဖြင့် ကြိတ်ကြိတ်တိုးနေလေသည်။

ခဏကြာသောအခါ အောက်ဖက်မှ ဘင်ဝိုင်းအသံတိတ်သွားသည်။ တစ်ဆက်တည်းမှာပင် မဏ္ဍပ်၏ လက်ဝဲဘက် ကျွန်ုပ်တို့ထိုင်သောနေရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ထောင့်တွင် ချိတ်ဆွဲပိတ်ကာထားသော ရေညှိရောင် ကတ္တီပါ ကန့်လန့်ကာကြီး ပွင့်သွားသည်။

"အိုး . . .မောင်ရေ ဟိုမှာကြည့်စမ်းပါဦး"

"ဖေဖေရေ . . . ဟိုမှာဘာကြီးတွေလဲ၊ လှလိုက်တာ"

မားဂရက်နှင့် စတယ်လာတို့ ပြိုင်တူအော်ကြသည်။ သို့သော် သူတို့ အော်သံမှာ မဏ္ဍပ်တွင်းရှိ ပရိသတ်အားလုံး၏ တစ်ခဲနက်သော အာမေဋိတ် သံကြီးနှင့် ရောထွေးသွားလေသည်။

ကျွန်ုပ်တို့အနီးတွင် ရပ်နေဆဲဖြစ်သော ဦးစံရွှေက ရွှေရောင်ဝင်း လျက်ရှိသော ပစ္စည်းများနှင့် ထိုပစ္စည်းများအကြားတွင် နေရာယူထားကြ သော လူများကို ညွှန်ပြလျက် . . .

"အဲဒါ မြန်မာ့ဆိုင်းဝိုင်းပဲ မစ္စက်ဂူးလက်ချန်း၊ အကြီးဆုံးရွှေရောင် အဝိုင်းကြီးထဲမှာ ထိုင်နေတဲ့သူက ခေါင်းဆောင်ပေါ့၊ သူ့နာမည်က စိန်ဗေဒါ . . .တဲ့၊ သူဟာ မြန်မာပြည်ရဲ့ အကျော်ကြားဆုံး တူရိယာပညာရှင်ကြီးပဲ"

"စိန်ဗေဒါ. . . ဟုတ်လား"

သမီးက ထိုအမည်ကို လိုက်၍ ရေရွတ်သည်။

"လူကြီးက အသားမည်းလိုက်တာနော် မေမေ၊ ပြီးတော့ ဝလည်း အဝကြီးပဲ၊ ဟော. . .သမီးကို ရယ်ပြနေတယ်၊ သူ့မျက်နှာအဝကြီးကို သမီး သဘောကျလိုက်တာ. . ."

ထူးဆန်းသော အသံတစ်ချက်ပေါ်လာသည်။ တူရိယာသံပင် ဖြစ် သည်။ သို့သော် စန္ဒရားသံနှင့်လည်းမတူ၊ စပဲနစ်ရှ်ဂစ်တာသံမျိုးလည်း မဟုတ်၊ ကြိုးကို တီးခတ်သံလား၊ အခြားတစ်ခုခုလား ကျွန်ုပ်ခွဲခြားမသိ။

နောက်တစ်ကြိမ် အသံများထွက်လာသည်။ စိန်ဗေဒါဆိုသော လူ ကြီးထိုင်နေသည့် ရွှေရောင်အဝိုင်းကြီးထဲမှ ဖြစ်သည်။

"အဲဒါ. . .မြန်မာဆိုင်းဝိုင်းပဲ၊ ကျုပ်ဟိုဘက်သွားလိုက်ဦးမယ်"

ဦးစံရွှေပရိသတ်ကြားထဲ တိုးသွားသည်။

ပရိသတ်ကြီးကား စိန်ဗေဒါထံမှ ပေါ်လာသော ထူးဆန်းသည့် ဂီတသံကြောင့် ပကတိ တိတ်ဆိတ်သွားသည်။ နားထောင်ရင်းဖြင့်ပင် ဤ အသံကား သားရေမျက်နှာပြင်တပ်တူရိယာမှ ထွက်လာသော အသံဖြစ် ကြောင်း ကျွန်ုပ်သိလာသည်။ သို့သော် ထိုဗုံသံသည် ဇူးလူးတို့၏ ဗုံသံမျိုး မဟုတ်၊ အင်္ဂလိပ် ဘင်ခရာအဖွဲ့မှ ဘင်သံမျိုးလည်းမဟုတ်။ စိုပြည်ချိုသာပြီး ဆွဲဆောင်မှုရှိသော ဂီတသံ ဖြစ်လေသည်။

"ဖေဖေ. . .သမီး အဲဒီလူကြီးနား သွားကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်သွားလိုက်ပါ မောင်ရယ်"

"မားဂရက်ပါ လိုက်ခဲ့ကွာ"

မဏ္ဍပ်အပြင်ရောက်အောင် ထွက်ပြီးမှ ထိုဆိုင်းဝိုင်းဘက်သို့ ကျွန်ုပ်တို့ လှည့်ထွက်လာခဲ့ကြသည်။ မဏ္ဍပ်အတွင်းပရိသတ်ကို ထိုးဖောက်ဖို့ မလွယ်လှ။

ဗုံသံသည် ပို၍ပီသပြည့်ပြည်ဟည်းလာသည်။ သမီးကို ပွေ့ချီလျက် ဆိုင်းဝိုင်းအနီးတွင် ကပ်၍ရပ်ကြည့်သည်။

ကျွန်ုပ်အံ့သြသွားသည်။ သားရေမျက်နှာပြင်ရှိသော ဗုံများမှာ အရွယ်ရွယ် အစားစား။ ယင်းတို့၏ မည်းနက်သော စက်ဝိုင်းအလယ်တွင် မီးခိုးရောင်ရှိ တစ်စုံတစ်ခုကို တပ်ဆင်ထားပြီး စိန်ဗေဒါသည် သူ၏ ကြီးမားတုတ်ခိုင်သော လက်ချောင်းများဖြင့် တီးနေခြင်းပါကလား။

ကျွန်ုပ်၏ လက်မောင်းကို ဆုပ်ကိုင်ထားသော မားဂရက်၏လက်မောင်းများမှာလည်း ထိုဗုံသံများကို နားထောင်ရင်း တင်းကျပ်လာကြသည်။

ဗုံသံနှင့်အတူ ပြောင်လက်တောက်ပသော ကြေးဝိုင်းလေးများမှ အသံ၊ မည်းနက်သော အဝိုင်းများဆီမှအသံ၊ ဟိုမှာဘက်ရှိ ထူးဆန်းသော ပုံသဏ္ဍာန်ရှိသည့် နဂါးလို အကောင်ကြီးတစ်ကောင် ရုပ်တုအောက်တွင် ချိတ်ဆွဲထားသော ဇရာမဗုံကြီးတစ်ခု၏ ပြည်ဟည်းသံ၊ ထို့နောက် မှန်စီရွှေချအော်လံ အသေးစားရှိသော လေမှုတ်ကိရိယာအသံ၊ စိန်ဗေဒါနောက်တွင် မတ်တတ်ရပ်လျက် အခေါင်းပေါက်ထွင်းထားသော ဝါးလုံးရှည်များကို စည်းချက်ရိုက်ခတ် နေသူများ၏အသံ။

ဆိုင်းဝိုင်းသည် အမြင့်ဆုံး၊ အသွက်လက်ဆုံးအဆင့်သို့ရောက်ပြီးနောက် တိခနဲရပ်သွားလေသည်။

ခဏကြာမှ ကျွန်ုပ်ပွေ့ချီထားသော သမီး၏အော်သံက တိတ်ဆိတ်ခြင်းကို ဖောက်ထွင်းလျက် စူးစူးရှရှထွက်ပေါ်လာသည်။

"ဟူးရား. . .ဟူးရား. . .ဝမ့်စ်မိုး. . .ဝမ့်စ်မိုး"

ထိုအခါကျမှ ပရိသတ်ကြီးတစ်ခုလုံး တစ်ခဲနက် ဆူညံသွားကာ လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံများဖြင့် မဏ္ဍပ်ကြီးသည် သောသောအုတ်အုတ်ဖြစ်သွားလေတော့သည်။

စိန်ဗေဒါသည် ဖြူဖွေးသော သွားများပေါ်သည်အထိ ပြုံးရယ်ကာ ဘုန်းတော်ကြီးများနှင့် သီပေါဘုရင်တို့ဘက်သို့ လက်အုပ်ချီပြီးနောက်၊ နောက်တစ်ခါ ထပ်တီးလေသည်။

သည်မျှ ပြုံးပြက်တောက်ပသော ရောင်စုံမဏ္ဍပ်ကြီးအတွင်း၌ပင်



www.burmeseclassic.com

www.burmeseclassic.com



သည်မျှ ထူးခြားဆွဲငင်အားကြီးသော ဂီတသံတို့ကို နားထောင်ရ၊ မြင်ရ၊ ကြားရသောအခါ ကျွန်ုပ်သည် ကောင်းကင်ဘုံကို အိပ်မက်မက်နေသလို ခံစားလာရလေသည်။

ထိုအတွေးနှင့်အတူ သီပေါဘုရင်နှင့် စုဖုရားလတ်တို့ ထိုင်နေရာဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဘုရင်နှင့်မိဖုရားတို့ကလည်း ကျွန်ုပ်ကို လှမ်းကြည့်နေသည်ကို တွေ့လိုက်ရသည်။ အထူးသဖြင့် စုဖုရားလတ် မိဖုရားကြီးသည် ကျွန်ုပ်ကို ကြည့်ရင်း မဏ္ဍပ်အတွင်းဘက်နေရာဆီသို့ မျက်လုံးများဖြင့် ပြလိုက်သည်ကို တွေ့ရလေသည်။

ထိုနေရာတွင် ဘယ်သူရှိသည်ကို ကျွန်ုပ်သိလိုက်သည်။

သို့သော် ကျွန်ုပ် ဝေ့ဝိုက်၍မကြည့်။

ဤအချိန်ကာလသည် အကောင်းဆုံးဖြစ်သည်ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။

"သမီးလေး၊ ဖေဖေနဲ့မေမေ ဟိုဘက်နားခဏသွားမလို့၊ သမီးဒီမှာ နေရစ်ခဲ့မလား"

"သမီးနေရစ်ခဲ့မယ်၊ ဒီလူကြီးရဲ့ ဂီတကို သမီးကြည့်ပြီး နားထောင်ချင်တယ်"

ငေးမောနေသော မားဂရက်ကို ဆွဲခေါ်ကာ ကျွန်ုပ်သည် မဏ္ဍပ်နှင့်ဝေးရာသို့ ထွက်လာခဲ့သည်။

"ဘာဖြစ်လို့လဲ မောင်. . ."

"ပြောစရာရှိလို့ပေါ့ကွာ"

► ► ►

ဆိုင်းသံသဲ့သဲ့ကြားရသော နေရာအထိသွားပြီးမှ စံနန်းတော်တိုက်သစ်၏ ဘေးကွက်လပ်ရှိ ခုံတန်းရှည်တစ်ခုပေါ်သို့ ထိုင်လိုက်သည်။

"ထိုင်ပါဦး မားဂရက်ရယ်၊ ကိုယ်ပြောစရာစကားရှိလို့"

မားဂရက်က အံ့အားသင့်စွာကြည့်ရင်းဝင်ထိုင်သည်။ထူးဆန်းသော ဂီတသံဖြင့် ထုံမွှမ်းညှို့သက်နေကြသော နှလုံးသားများသည် လှုပနေကြမည်မှာ မလွဲဟု ကျွန်ုပ်တွက်သည်။

"မားဂရက်. . ."

"ဘာလဲဟင်. . ."

"မိန်းမသားတို့ရဲ့ နှလုံးသားနဲ့ စိတ်ဓာတ်ကို လေးစားမြတ်နိုးတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ မောင်ဒီစကားကိုပြောပါမယ်၊ ဒါလင် . . နားထောင်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မပိုးဖြူအကြောင်း အစအဆုံး ကျွန်ုပ်ပြောပြလိုက်သည်။နောက်ဆုံး နန်းတော်သစ်၏ ဆင်ဝင်ပေါ် တစ်ခုသော ညနေချမ်း၌ သီပေါဘုရင်နှင့်ပြော ခဲ့သော စကားများအထိ မခြွင်းမချန် ပြောပြလိုက်သည်။

"အဲဒီလိုနက်ရှိုင်းတဲ့ သဘောထားတွေနဲ့သီပေါဘုရင်နဲ့စုဖုရားလတ် တို့က မောင့်ကို ခွင့်ပြုခဲ့ကြတယ်၊ မပိုးဖြူကို ပြောစရာစကားကျန်သေးရင် ပြောပါတဲ့"

"အဲဒီတော့ မောင်က. . ."

မျက်လုံးပြာများသည် ကောင်းကင်ဆန်နေကြလေသည်။

"မောင်ပြန်ပြောလိုက်တယ်၊ အားလုံးဟာ ဟိုတစ်ချိန်တုန်းက ပူ လောင်ပြင်းထန်စွာ ဖြစ်ပေါ်ခဲ့ကြပေမဲ့ အခုအချိန်မှာတော့ လေးနက်အေး ချမ်းစွာ ပြီးဆုံးသွားကြပါပြီ။

"မပိုးဖြူဟာ စုဖုရားလတ်မိဖုရားကြီးကို ပြန်ပြောပြခဲ့တာကို ထောက်ပြီး ကျွန်တော်သူ့ကို မေတ္တာရှိခဲ့ကြောင်း သူသိသွားခဲ့ပြီး ဖြစ်ပါ တယ်၊ ဒါဆို ရင်ပြီးသွားပါပြီ။

"ဒါပေမဲ့ ကျွန်တော်ဟာ မားဂရက်ရဲ့ ခင်ပွန်း၊ စတယ်လာရဲ့ဖခင်၊ သီပေါဘုရင်ရဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ပြီးတော့ယောကျ်ားတစ်ယောက် ဆိုတဲ့ ကျွန်တော့်အနေနဲ့ မပိုးဖြူကို ကျွန်တော်နောက်ထပ်ပြောစရာ စကား ဘာမှမရှိတော့ပါဘူး၊ ဆုံတွေ့စရာလည်း မရှိတော့ပါဘူး၊ အရာရာဟာ လုပ သိမ်မွေ့စွာနဲ့ နေသားတကျရှိသွားကြပါပြီ။

"ဒီအကြောင်းတွေအားလုံးကို စံနန်းတော်တိုက်သစ်တက်ပွဲသဘင် မှာ ကျွန်တော်မားဂရက်ကို ပြောပြလိုက်ပါမယ်လို့ သီပေါဘုရင်ကို မောင် ပြောပြခဲ့ပါတယ်၊ အခု. . .မားဂရက်ကို မောင်အားလုံးပြောပြီးပါပြီ. . ."

မျက်လုံးပြာများထဲမှ မျက်ရည်နှစ်ပေါက်စိမ့်ယိုလာကာ ပါးပြင်နှစ် ဖက်ပေါ်သို့ ဖြည်းညင်းစွာ လိမ့်ဆင်းလာကြသည်။ သို့သော် မားဂရက်သည် မငိုဘဲ ပြုံးနေလေသည်တကား . . . ။

"မောင်. . ."

နှလုံးသည်းပွတ်မှ အသံဖြစ်ကြောင်း ရင်ဖြင့်ကြားရသည်။

"မပိုးဖြူကလေးအပေါ် မောင်စိတ်ဝင်စားခဲ့တာကို သူ ရေနစ်လို့ မောင်ဆယ်ခဲ့ပြီး ဆိပ်ကမ်းရုံးခန်းကို ခေါ်လာကြကတည်းက မားဂရက်သိခဲ့ တယ်ဆိုရင် မောင်ယုံမလားဟင်. . ."

"ဟင်. . ."

"ကျွန်မ ဟိုး . . .အစကတည်းက သိခဲ့ပါတယ် မောင်ရယ်၊ ဒုံ. . .

www.burmeseclassic.com

www.burmeseclassic.com



အစရော၊ အလယ်ရော၊ အဆုံးထိပါ ကျွန်မသိထားပါတယ်၊ မိန်းမသားတို့ရဲ့ သဘာဝအသိနဲ့ ဒါကို မားဂရက်သိခဲ့တာပါ၊ ပြီးတော့ ဆင်ဖြူမရှင်မိဖုရားကြီးတို့ တံခါးပိတ်အစည်းအဝေးလုပ်တဲ့ညက ဒီဘက်စကြံ့ထောင့်မှာ ကျွန်မရှိနေတယ်လေ၊ ဒါပေမဲ့ ဒီအကြောင်းအရာတွေကို မောင့်နှုတ်က မောင့်ဆုံးဖြတ်ချက်နဲ့ ပြောလာမယ့်တစ်နေ့ကို ကျွန်မစောင့်ခဲ့ပါတယ်၊ တစ်နေ့မှာ မောင်အားလုံးကို ဖွင့်ဟလာလိမ့်မယ်လို့ပဲ ကျွန်မယုံကြည်ခဲ့ပါတယ်၊ အခုတော့လေ ကျွန်မယုံကြည်တာထက်တောင် ကျွန်မပိုပြီး နားထောင်လိုက်ရတာပါလား၊ မောင်နဲ့ပတ်သက်ပြီး ကျွန်မမျှော်လင့်တာထက် အဆပေါင်းများစွာ မောင့်ဆီက ကျွန်မရလိုက်ပါပြီ၊ မားဂရက်သိပြီး၊ ခွင့်လွှတ်ပြီး နားလည်ပြီးသားပါ အချစ်ရယ်၊ ပြီးတော့ မောင့်ကို ပိုပြီး ယုံကြည်လာမိပါတယ်"

"မားဂရက် အချစ်ရယ်. . .မင်းကို မောင်ချစ်တယ်. . ."

"အိုး . . .မောင် ကျွန်မကို ချစ်တဲ့အကြောင်း ပြောပါပကောလား"

"ရင်ထဲမှာ မောင်ပြောနေခဲ့ပါတယ် မားဂရက်ရယ်. . ."

"ကျွန်မ ကြားခဲ့ပါတယ် မောင်. . .ဂူးလက်ရယ်"

သဲ့သဲ့ဝင်လာသော ဆိုင်းသံက ပင်လယ်လေနှင့်အတူ ကျွန်ုပ်တို့ရှိရာသို့ တိုးဝင်လာသည်။ မားဂရက်၏ ပါးပြင်ပေါ်မှ မျက်ရည်များကို ကျွန်ုပ်အသာအယာဖယ်ရှားပေးလိုက်လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲထိခိုက်စရာ၊ သို့သော်လေးစားမြတ်နိုးဖွယ်ရာအဖြစ်အပျက်များက တိုတောင်းသောနှစ်ကာလများအတွင်း ဖြစ်ပျက်ခဲ့ကြလေသည်။

နန်းတော်တိုက်သစ်တက်ပွဲကျင်းပပြီး နှစ်နှစ်အကြာ (၁၉၁၂) ခုနှစ်တွင် စုဖုရားလတ်မိဖုရားကြီး၏ ညီမတော်အငယ်ဆုံးဖြစ်သော စုဖုရားငယ်မိဖုရားကွယ်လွန်အနိစ္စရောက်ခဲ့သည်။

တတိယသမီးတော်သည် ဆိုးဆိုးရွားရွားမကျန်းမမာဖြစ်ခဲ့ပြီး စိတ်ဓာတ်အရပါ အားငယ်ချောက်ချားသွားလေရာ စုဖုရားလတ်မိဖုရားကြီးနှင့် အတူဆုံး၊ အထက်မြက်ဆုံး၊ အသိပညာအကြွယ်ဆုံးဖြစ်သော စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားလေးသည် သူမ၏အစ်မတော်ကို မိခင်လို၊ နှမလို၊ ဆရာဝန် တစ်ယောက်လို စောင့်ရှောက်ပြုစုခဲ့လေသည်။

ဒုတိယသမီးတော် ထိပ်စုမြတ်ဖုရားလတ်သည် (၁၉၁၆) ခုနှစ်ဆောင်းဥတုရာသီ၏ တစ်နေ့သော ညနေခင်းတွင် အမှုတော်ထမ်း ခင်မောင်လတ်နှင့် ထွက်ပြေးသွားပြီး နိုင်ငံရေးအရာရှိထံတွင် ခိုလှုံကြသည်။

ထိုအဖြစ်သည် သီပေါဘုရင်ကို များစွာ စိတ်ထိခိုက်စေခဲ့သည်ဟုဆိုလေသည်။ ကျွန်ုပ်တို့မိသားစုမှာကား ထိုနှစ်မိုးရာသီကုန်စကပင် သမီး၏ ပညာသင်ကြားရေးနှင့် အခြားလုပ်ငန်းကိစ္စများအတွက် ကာလကတ္တားသို့ ရောက်နေခဲ့ကြလေသည်။

ပင်လယ်ကူးသင်္ဘောပေါ်မတက်မီ ကျွန်ုပ်တို့သည် သီပေါဘုရင်ထံသို့ ဝင်ရောက်နှုတ်ဆက်ခဲ့ရာ ဘုရင်၏အသားအရေမှာ လွန်စွာဖျော့တော့အားနည်းနေသောကြောင့် ကျန်းမာရေးဂရုစိုက်ပါရန်နှင့် ခရစ္စမတ်အမီ ရတနာဂီရိသို့ ပြန်လာမည်ဖြစ်ကြောင်း၊ နှစ်ကူးပွဲကို ဘုရင်မင်းမြတ်၊ စုဖုရားလတ်မိဖုရားကြီးနှင့် မိသားစုတို့ ကြွရောက်ချီးမြှင့်စေလိုကြောင်း၊ ကျွန်ုပ်တို့က ဖိတ်ကြားပြောဆိုခဲ့ပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုနှစ်နာတာလူးပွဲကို ကျွန်ုပ်တို့ မကျင်းပဖြစ်လိုက်တော့ပေ။ သီပေါဘုရင်သည် ကျွန်ုပ်တို့ ဖိတ်ကြားခဲ့သော ခရစ္စမတ်ပွဲတော်ကို မစောင့်တော့ပေ။

(၁၉၁၆)ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် သီပေါဘုရင်မင်းမြတ်သည် ရတနာဂီရိစံနန်းတော်ကြီး၌ အနိစ္စရောက်သွားခဲ့ချေပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

[ ၁၇ ]

နောက်ဆုံးအချိန်များအထိ ဘုံဘေနှင့်ရတနာဂီရိကို သူ၏အက်အက်စ်ကလိုက်ဖ်ဖြင့် အခေါက်အခေါက်အခါခါ မောင်းနှင်ပေးခဲ့သော မိတ်ဆွေကြီးကပ္ပတိန်ပေါလ်ဝဲကသီပေါဘုရင်အနိစ္စရောက်ခြင်းနှင့်ပတ်သက်သော ဖြစ်ရပ်များကို ပြောပြသည်။

အလောင်းကို သံဖြူခေါင်းထဲထည့်၍ မီးသွေးပရပ်တို့သိပ်ကာအလုံပိတ်ပုံ၊ ထို့နောက် သစ်သားခေါင်းထဲသို့ ထပ်မံထည့်သွင်းပုံ စသည့်အသေးစိတ်အချက်များမှအစ ဘုရင့်အလောင်းကိုအကြောင်းပြု၍စုဖုရားလတ်မိဖုရားကြီး၊ စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားလေးတို့က အုပ်ချုပ်ရေးအဖွဲ့ကိုတင်းမာပြတ်သားစွာ ရင်ဆိုင်ပုံ၊ အလောင်းကို မြန်မာပြည်သို့ သယ်ယူခွင့်အတွက် အရေးဆိုတိုက်ပွဲဝင်ကြပုံများကို ကပ္ပတိန်ပေါလ်ဝဲက တနင့်တပိုးပြောပြရှာလေသည်။

"မြန်မာဘုရင်မင်းမြတ်တို့ရဲ့ ထုံးတမ်းအစဉ်အလာအရ အလောင်းကို မြေကြီးထဲ မမြှုပ်ရဘူးတဲ့၊ ပြီးတော့ ဗုဒ္ဓဘာသာအရ သရဏဂုံတင်ရသေးတယ်၊ အဲဒီကိစ္စတွေမှာလည်း သူငယ်ချင်းရဲ့ သီပေါဘုရင်အဖြစ်ဟာ ကြေကွဲစရာပါဗျာ. . ."

ကပ္ပတိန်ပေါလ်ဝဲကို ဆက်မပြောတော့ရန် ကျွန်ုပ်တားမြစ်ခဲ့ရပေသည်။ မားဂရက်ခများလည်း သူ့ဖခင်နှင့်ခွဲခွာရစဉ်က ဖခင်ကြီးစိတ်မထိခိုက်စေရန် သူ့ကိုယ်သူ ကြိုးစားအားတင်းကာ ဣန္ဒြေမပျက်နေနိုင်ခဲ့သော်လည်း သီပေါဘုရင်၏နောက်ဆုံးအချိန်များအကြောင်းကိုကြားရသည်တွင်ချုံးပွဲချ၍ ငိုကြွေးလေသည်။

၁၉၁၇ ခုနှစ်တွင် ဒုတိယသမီးတော် ထိပ်စုမြတ်ဖုရားလတ်တို့ ဇနီး မောင်နှံ ဘုံဘေသို့ ရောက်လာကြရာ ကျွန်ုပ်တို့ သွားရောက်တွေ့ဆုံခဲ့လေသည်။ ထိုအခါတွင် မားဂရက်နှင့် သူ၏ချစ်လှစွာသော တပည့်မလေးင်း



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယသမီးတော်တို့သည် တစ်ယောက်ကို တစ်ယောက် ဖက်လျက်ငိုကြွေးခဲ့ကြလေသည်။

ကျွန်ုပ်တို့က ထိုသို့ ထိခိုက်ကြေကွဲနေကြချိန်တွင် စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားကလေးသည် ရတနာဂီရိ၌ ထိုအချိန်က နိုင်ငံရေးအရာရှိ မစ္စတာဟက်ဒ်အား ဓားလွတ်ကိုင်စွဲလျက် တိုက်ခိုက်ရန် စိန်ခေါ်ခဲ့ချိန်ဖြစ်ပေမည်။

ဤကာလများအတွင်း ကမ္ဘာစစ်ကြီးဖြစ်ပွားလာသောကြောင့် ကျွန်ုပ်တို့လည်း ရတနာဂီရိနှင့် အဆက်အသွယ်ကင်းပြတ်နေခဲ့ရာ၁၉၁၈ခုနှစ် ကမ္ဘာစစ်ကြီးပြီးသွားမှပင် ရတနာဂီရိသို့ ကျွန်ုပ်တို့ သွားနိုင်ခဲ့ကြပေသည်။

ကြေကွဲဆို့နင့်ဖွယ်ရာဒေသများသို့ ကျွန်ုပ်တို့ အလွမ်းပြေပင် သွားမကြည့်နိုင်တော့ပေ။ မားဂရက်ကော ကျွန်ုပ်ပါ ထိုမျှအထိသော အလွမ်းဒဏ်ကို ခံနိုင်ရည်မရှိကြပေ။

သို့ဖြင့်ပင် ၁၉၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် မြန်မာပြည်အပြီးပြန်ရန် ရတနာဂီရိကို အပြီးစွန့်ခွာ၍ ထွက်လာကြသော ကြွင်းကျန်သူမိသားစုစုဖုရားလတ်မိဖုရားကြီး၊ ပထမသမီးတော်၊ တတိယသမီးတော်၊ စတုတ္ထသမီးတော်၊ မြေးတော်လေး ဘိုင်စုခေါ် တုတုအပါအဝင် အခြွေအရံများ၊ အမှုထမ်းများနှင့်အတူ ကျွန်ုပ်တို့ဇနီးမောင်နှံလည်း အက်စ်အက်စ်ကလိုက်ဗ်ဖြင့်ပင် ဘုံ ဘေသို့ ထွက်ခွာခဲ့ကြလေသည်။

သီပေါဘုရင်၏ မိသားစုမှာ မိန်းမသားများချည်းလည်း ဖြစ်ပြန်၊ သောကပရိဒေဝနှင့်အတူ အခက်အခဲပေါင်းစုံတို့ကိုလည်း ဖြတ်ကျော်ထားရပြန်သောကြောင့် လုံးဝညှိုးချုံးနွမ်းနယ်နေကြရှာပေသည်။

သို့သော် ဤအခြေအနေတွင် ကျွန်ုပ်သည် ဘုရင့်မိသားစုအတွက် အကောင်းဆုံး၊ အလိုအပ်ဆုံး အကူအညီများကို အားပါးတရကြီး ပေးခွင့်ရခဲ့လေသည်။

ကာလကတ္တားရှိ ဂရန်းဟိုတယ်တွင် သူတို့တည်းခိုနေကြစဉ်ဝစ္စဒမ်ဗီလာတွင် ညစာစားပွဲဖြင့် ဧည့်ခံခဲ့ပြီး၊ ဘုံဘေတပ်ဂျ်မဟာလ်ဟိုတယ်တွင်လည်း တစ်ထပ်လုံးငှားလျက် ဘုရင့်မိသားစုအား သက်သောင့်သက်သာဖြစ်နိုင်သမျှဖြစ်အောင် ကျွန်ုပ်တို့ ဇနီးမောင်နှံမိသားစုသည် အကူအညီပေးနိုင်ခဲ့ကြလေသည်။

၁၉၁၉ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့သို့ ရောက်လာသည်။

အာရှုန်တိုလာ ပင်လယ်ကူးသင်္ဘောကြီးသည် ကာလကတ္တား...ပ်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းတွင် ကျောက်ဆူးနုတ်ရန် ပြင်ဆင်ရင်း ရှည်လျားသော ဥသြသံများကို အော်မြည်လျက်ရှိလေသည်။

ဆိပ်ခံဘောတံတား၏တစ်ဘက်သတ်မှတ်ထားသောနေရာအတွင်းတွင် ကျွန်ပ်၊ မားဂရက်၊ စတယ်လာတို့ နေရာယူထားကြသည်။ ရုံးခန်းအဆောက်အအုံထဲမှ ဘုရင်ခံချုပ် လောဒ်ချမ်းစ်ဖို့ဒ်နှင့် ဝန်ရှင်တော်မင်းကြီးအယ်ဂျေမောင့်ဖို့ဒ်တို့ ထွက်လာကြသည်။

ပုလိပ်များ၊ သဘော်အရာရှိများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ ခြံရံထားသော အလယ်လမ်းအတွင်းသို့ ဘုရင်ခံနှင့် ဝန်ရှင်တော်မင်းကြီးတို့ ဝင်ရောက်လာကြသည်။

သူတို့နောက်တွင်ကား . . .

စုဖုရားလတ်မိဖုရားကြီး၊ သူမနောက်မှ စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားလေး၊ ထို့နောက် အစီအစဉ်အလိုက်ပင် တတိယသမီးတော် ထိပ်စုမြတ်ဖုရားငယ်၊ ပထမသမီးတော် ထိပ်စုမြတ်ဖုရားကြီးတို့သည် ဆိပ်ခံဘောတံတားဆီသို့ လျှောက်လာကြသည်။ ထို့နောက် မိသားစုအဖွဲ့ဝင်များ၊ ရံရွေတော်များ၊ အခိုင်းအစေများ တစ်စုတစ်ဝေးကြီး ဆင်းလာကြသည်။ ထိုအထဲတွင် မပိုးဖြူလည်း ပါလေသည်။

စုဖုရားလတ်မိဖုရားကြီးသည် မည်သူ့ကိုမျှ နှုတ်ဆက်ခြင်းလည်း မပြု၊ ကြည့်ရှုပြုံးရယ်ခြင်းလည်း မရှိဘဲ ရှေ့တူရူသို့သာ စူးရှစွာကြည့်လျက် တည်ငြိမ်သောခြေလှမ်းများနှင့် လျှောက်လာသည်။ ထိုအချိန်၌ သူမ၏ နှလုံးသားသည် မန္တလေးရတနာပုံနေပြည်တော်သို့ ရောက်ရှိနေသလား၊ သို့တည်းမဟုတ် ရတနာဂီရိတွင် ကျန်ရစ်ခဲ့လေမည်လားဆိုခြင်းကိုမူ ဘုရားသခင်နှင့် သူမကိုယ်တိုင်သာ သိပေလိမ့်မည်။

စတုတ္ထသမီးတော်သည် ဘောတံတားအတိုင်း လျှောက်လာရင်း ကျွန်ပ်တို့ မိသားစုရှေ့ရောက်လာသောအခါ မားဂရက်ကို မြင်သွားပြီး ခြေလှမ်း များကို စုံရပ်လိုက်လေသည်။

ထို့နောက် စတုတ္ထသမီးတော်သည် သူမ၏ထွင်းဖောက်တတ်သော မျက်လုံးများဖြင့် မားဂရက်ကို စိုက်ကြည့်ကာ. . .

"တီချာ. . .သမီးတို့ ပြန်သွားကြပါပြီ၊ အစစအရာရာအတွက် တီချာ ကို သမီးကျေးဇူးတင်ကြောင်း ပြောပါရစေ၊ တီချာတို့မိသားစု ကျန်းမာပျော်ရွှင် ရေးအတွက် သမီးတို့အားလုံး ဘုရားရှင်ထံမှာ ဆုတောင်းမေတ္တာ ပို့သနေပါ့ မယ်"

ဟု ပြောလျက် လျင်မြန်စွာ မျက်နှာကို ရှေ့သို့ ပြန်လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆစ်ရုပ်တစ်ခုနှယ် ဆက်လျှောက်သွားလေသည်။

သူတို့ပြန်သွားကြပြီ။

"အန်တီထိပ်စုမြတ်ဖုရား . . ."

သမီးစတယ်လာ၏ စူးစူးနစ်နစ် အော်လိုက်သံသည် ရှိုက်သံ ဗလုံးဗထွေးနှင့် ပေါ်လာသည်။

"မငိုနဲ့လေ သမီးရယ်. . ."

မားဂရက်၏ အသံမှာ တစ်စစီ ကြဲပြန့်နေသည်။

သူတို့သားအမိ၏ အသံကိုသာ ကျွန်ုပ်ကြားနေရသည်။ သူတို့သားအမိကို ကျွန်ုပ်မမြင်ရ။ အို. . .ဘယ်သူ့ကိုမှ မမြင်ရတော့။ ဘာကိုမှ မမြင်ရတော့။

မျက်ရည်တို့ အိုင်ဖွဲ့ဝေ့ဝိုက်နေကြသော မျက်လုံးအစုံရှေ့တွင် အရာခပ်သိမ်းသည် ဝိုးတဝါး မထင်ရှား။

'အာရွန်တိုလာ' ဆီမှ အရှည်လျားဆုံး ဥဩသံထွက်ပေါ်လာသည်။ ကျောက်ဆူးတင်သံကြီးက တဂျိမ်းဂျိမ်းမြည်ဟည်းသွားသည်။

ထိုအသံတို့ကို ထွင်းဖောက်ကျော်လွှားလျက် သမီး၏ အော်သံက ပဲ့တင်ညံနေသည်။

"အန်တီထိပ်စုမြတ်ဖုရား . . ."

"အန်တီထိပ်စုမြတ်ဖုရား . . ."

"အန်တီ. . .အန်တီ"

◆

www.burmeseclassic.com

www.burmeseclassic.com

**ပစ္စုပ္ပန် . . . ။ ထို့နောက်**

www.burmeseclassic.com

www.burmeseclassic.com

[ ၅၈ ]

ပထမဆုံးသတိထားမိသည်မှာ လှိုင်းပုတ်သံ။

ထို့နောက် ကျောက်ဆောင်နှင့်တိုက်ကာ ရေစက်ရေမှုန်တို့ ဖြောဖြောလွင့်စင်သွားကြသံ။

အတိတ်ခရီးရှည်ကြီး ကုန်ဆုံးသည်။ ပစ္စုပ္ပန်သို့ ပြန်ရောက်သည်။

တဟူးဟူးတိုက်နေသောလေထဲတွင်အသံသဲ့သဲ့လွင့်မျောလာသည်။

"မောင်ရေ. . .ဂူးလက်"

"ဖေဖေ. . .ဖေဖေ"

ပင်လယ်ပြင်ကို ကျောခိုင်း၍ ကုန်းဘက်သို့ မျက်နှာမူလိုက်သည်။

ကျောက်ဆောင်အတိုင်း ပြေးဆင်းလာကြသော. . .

မားဂရက်နှင့် သမီးစတယ်လာ. . .။

မားဂရက်၏ ရွှေရောင်ဆံပင်များသည် လေထဲတွင် ဖွားဖွားလွင့်ဝဲလျက်။ သမီး၏ ခေါင်းစီးပဝါစသည်လည်း တဖျတ်ဖျတ်လှုပ်ခါလျက်။

သမီးက ဦးစွာရောက်လာသည်။

"ဖေဖေ. . .ပြန်ကြစို့လေ၊ နက်ဖြန်ကျရင် သမီးတို့ ကိုလာပူရ်ကို သွားလည်ကြမယ်နော်၊ လိုက်ပို့နော် ဖေဖေ၊ ဟင်. . .ဖေဖေ့မျက်လုံးတွေမှာ"

မားဂရက်ရောက်လာသည်။

"သမီးရေ. . .သမီးဖေဖေ. . .အဲဒါ ငိုနေတာ မဟုတ်ဘူးကွယ့်၊ မေမေသိတယ်၊ သမီးဖေဖေဟာ ကာလကတ္တားသင်္ဘောဆိပ်မှာ အာရှုန်တိုလာ သင်္ဘောကြီးထွက်သွားခဲ့စဉ်က ငိုခဲ့ပြီးပြီ၊ အဲဒီကတည်းက သူငိုကြွေးခဲ့ပြီးပြီ သမီး၊ အခုဟာ သူ့အတိတ်ကို ခရီးရှည်ကြီးထွက်ခဲ့ရလို့ မောပန်းပြီး မျက်လုံးတွေ အားနည်းရီဝေသွားတာ မဟုတ်လား မောင်. . ."

ကျွန်ုပ် ခေါင်းကိုသာ အသာအယာ ညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်. . .ခရီးပန်းလှပါတယ်၊ နောက်ထပ်အတိတ်ကို ခရီးမထွက်ပါနဲ့တော့နော်. . ."

"အတိတ်မဟုတ်ပေမဲ့ ခရီးတော့ထွက်ရဦးမယ် မားဂရက်ရေ"

"ဟင်. . . ဘာပြောတာလဲ မောင်. . ."

ရတနာဂီရိအမည်ရှိသော ပင်လယ်ကမ်းခြေမြို့ကလေးတစ်မြို့တွင် အကြောင်းအမျိုးမျိုးဖြင့် 'အကျဉ်းသား' ဖြစ်ခဲ့သူများ၏ ရုပ်ပုံလွှာများက တစ်ခုပြီးတစ်ခု ပေါ်လာသည်။

တန်ခိုးအာဏာ၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ၊ မာန်မာန၊ အဝိဇ္ဇာ၊ လောဘ၊ ဒေါသ. . .အမျိုးမျိုးသော အကြောင်းများဖြင့် 'အကျဉ်းသား' ဖြစ်ခဲ့သူတွေ. . .ထိုအထဲတွင် ချစ်ခြင်းမေတ္တာကြောင့် အကျဉ်းသားဖြစ်ခဲ့သူ တစ်ယောက်လည်း အပါအဝင်။

သမီး၏ နူးညံ့သော ပျားရည်ရောင်ဆံပင်များကို ပွတ်သပ်လျက် သမီးကို ရင်ခွင်ထဲသို့ ပွေ့လျက် ပင်လယ်ပြင်ဘက်သို့ ပြန်လှည့်လျက်ကျွန်ုပ် ဖြေသည်။

"အနာဂတ်ကိုလေ. . .မားဂရက်၊ သမီးတို့တစ်တွေ လက်ထက်မှာ မောင်တို့တစ်တွေ ကြုံခဲ့ရတဲ့အဖြစ်တွေထဲက အရုပ်ဆိုးအကျည်းတန်တာတွေ မတွေ့ရအောင် လှပငြိမ်းချမ်းတာတွေနဲ့ တွေ့ရအောင်၊ မောင်တို့ အနာဂတ် ခရီးကိုထွက်ကြရဦးမယ် . . . မားဂရက်ရေ . . . "

ချစ်ဦးညို

(၂၅-၇-၈၉)

www.burmeseclassic.com

www.burmeseclassic.com

## ရတနာဂီရိ အကျဉ်းသား

အတွက်

**အောက်ပါတို့ကို ကိုးကားမှီငြမ်းပါသည်။**

၁။ **ဂီရိရတနာဆောင်းပါးမဟာ (သီပေါမင်း၏အတွင်းရေးများ)**
**(အပါးတော်မြဲ ဦးစံရွှေ၏ မှတ်တမ်းအရ)**
သတင်းစာဆရာဦးသိမ်းမောင်ပြုစု

၂။ **သီပေါမင်းပါတော်မူအရေးတော်ပုံ**
အမျိုးသားပညာဝန် ဦးဖိုးကျား

၃။ **သီပေါ၏သုံ့ပန်းဘဝနေ့ရက်များ**
မောင်နေညွန့်(ဘာသာပြန်)

၄။ **အကျဉ်းခံသီပေါ**
တက္ကသိုလ်စိန်တင်(ဘာသာပြန်)

၅။ **သီပေါမင်း၏ မဟေသီ**
ပါရဂူ

၆။ **သီပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင်**
ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ)–မြန်မာပြန်

၇။ **ရတနာသိမ်ကုန်းဘောင်ရာဇဝင်အကျဉ်း**
နဂါးဗိုလ်ထိပ်တင်ထွေး

၈။ **စတုတ္ထသမီးတော်၏အတွင်းရေးများ (စာမူ)**
မောင်ပေါ်ထွန်း

၉။ **စိန်ဗေဒါ**
ဦးဝင်းမြင့်(စာနိုင်ငံ)

၁၀။ **Deposed King Thibaw of Burma in India**
W.S.Dasai

www.burmeseclassic.com

**Quality Publishing House**

www.burmeseclassic.com

# ချစ်ဦးညို

# ရတနာဂိုဒိအောက်မေ့သွား



www.burmeseclassic.com